# နိုင်ငံရေး

အယူအဆများ၊
နိုင်ငံရေးအဆောက်အအုံယန္တရားများနှင့်
လုပ်ရှားဆောင်ရွက်သူများ

မြန်မာပြည်အတွက် နိုင်ငံသားဆိုင်ရာ ပညာရေးသင်ရိုး

ကျောင်းသားလက်စွဲ

**ပုံနှိပ်တိုက်အမည်**

ရွှေပုံနှိပ်တိုက် (မြ – ၀၀၂၁၀)
အမှတ် ၁၅၃/၁၅၅၊ သစ်တောအောက်လမ်း၊
မောင်လေးဝင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့

**ထုတ်ဝေသူ**

ဦးအောင်မြတ်စိုး

**စာပေတိုက်အမည်**

မုခ်ဦးစာပေ

အမှတ် (105-A)၊ ရတနာမြိုင်လမ်း၊ ရတနာမြိုင်အိမ်ယာ၊
အမှတ် (၁) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း – ၀၉ ၇၈၀ ၃၀၃ ၈၂၃၊ ၀၉ ၂၆၂ ၆၅၆ ၉၄၉

**ပုံနှိပ်မှတ်တမ်း**

ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြု လက်မှတ်အမှတ် – ၀၁၉၄၇

**ပုံနှိပ်ခြင်း**

ပထမကြိမ်၊ အုပ်ရေ ၁၀၀၀
မတ်လ၊ ၂၀၁၈ ခုနှစ်

၃၂၀.၉၅၉၁

မက်လော့ချ်လင်း၊ ရိုရီ
နိုင်ငံရေး၊ အယူအဆများ၊ နိုင်ငံရေးအဆောက်အအုံယန္တရားများနှင့် လုပ်ရှားဆောင်ရွက်သူများ
ကျောင်းသားလက်စွဲ။ ရိုရီ မက်လော့ချ်လင်း၊ ဘာသာပြန်သူ ထက်ဖြိုးဝေ။
ရန်ကုန်၊ မုခ်ဦးစာအုပ်တိုက်၊ ၂၀၁၈။
၂၁၆ စာ၊ ၃၀ စင်တီ။
မူရင်းအမည် – Politics: Ideas, Institutions and Actors (Student Book), by Rory Mclaughlin
(၁) မက်လော့ချ်လင်း၊ ရိုရီ
(၂) ထက်ဖြိုးဝေ၊ ဘာသာပြန်သူ
(၃) နိုင်ငံရေး၊ အယူအဆများ၊ နိုင်ငံရေးအဆောက်အအုံယန္တရားများနှင့် လုပ်ရှားဆောင်ရွက်သူများ

This work is licensed under the Creative Commons Attribution-ShareAlike 4.0 International License. To view a copy of this license, visit: http://creativecommons.org/licenses/by-sa/4.0/deed.en_US.

Notes about usage: Organisations wishing to use the body text of this work to create a derivative work are requested to include a Mote Oo Education logo on the back cover of the derivative work if it is a printed work, on the home page of a web site if it is reproduced online, or on screen if it is in an app or software.

For license types of individual pictures used in this work, please refer to Picture Acknowledgments at the back of the book.

# မာတိကာ


အပိုင်း (၁) အယူအဆများ (Ideas)

အခန်း (၁) နိုင်ငံရေး ဆိုသည်မှာ (Politics)

၁.၁ နိုင်ငံရေး – အဓိပ္ပာယ် ၆

၁.၂ နိုင်ငံရေးဆိုင်ရာ အဓိကကျသော အယူအဆများ ၁၃

၁.၃ ဖြစ်ရပ်လေ့လာချက် ၂၅

အခန်း (၂) အာဏာ၊ လုပ်ပိုင်ခွင့်နှင့် တရားဝင်အသိအမှတ်ပြုမှု (Power, Authority & Legitimacy)

၂.၁ အာဏာနှင့် လုပ်ပိုင်ခွင့် ၂၈

၂.၂ တရားဝင်အသိအမှတ်ပြုမှု ၃၈

အခန်း (၃) ဝါဒအမျိုးမျိုး (Ideologies)

၃.၁ အခြေခံ ဝါဒများ ၅၀

၃.၂ ဝါဒများအား ဆန်းစစ် အကဲဖြတ်ခြင်း ၆၀

အပိုင်း (၂) နိုင်ငံရေးအဆောက်အအုံယန္တရားများ (Institutions)

အခန်း (၄) နိုင်ငံများနှင့် လူမျိုးများ (States and Nations)

၄.၁ နိုင်ငံများ ၇၄

၄.၂ လူမျိုးနှင့် အမျိုးသားရေးဝါဒ ၈၀

၄.၃ ဖြစ်ရပ်လေ့လာချက်များ ၉၂

အခန်း (၅) အစိုးရ (Government)

၅.၁ အစိုးရ ၉၄

၅.၂ တစ်ပြည်ထောင်အစိုးရနှင့် ပြည်ထောင်စုအစိုးရများ ၁၁၁

အခန်း (၆) ဖွဲ့စည်းပုံအခြေခံဥပဒေများ (Constitutions)

၆.၁ ဖွဲ့စည်းပုံအခြေခံဥပဒေများကို နားလည် သဘောပေါက်ခြင်း ၁၁၈

၆.၂ ဖွဲ့စည်းပုံအခြေခံဥပဒေများက အဘယ်အကြောင်းကြောင့် အရေးပါရသနည်း ၁၂၉

၆.၃ ဖြစ်ရပ်လေ့လာချက် ၁၃၉

အပိုင်း (၃) လှုပ်ရှားဆောင်ရွက်သူများ (Actors)

အခန်း (၇) သတင်းမီဒီယာ (The Media)

၇.၁ သတင်းမီဒီယာနှင့် နိုင်ငံရေး ၁၄၆

၇.၂ မီဒီယာနှင့် အစိုးရ ၁၅၅

အခန်း (၈) အရပ်ဘက်လူ့အဖွဲ့အစည်း (Civil Society)

၈.၁ အရပ်ဘက်လူ့အဖွဲ့အစည်းနှင့် လူမှုရေးလှုပ်ရှားမှုများ ၁၆၂

၈.၂ အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) တို့၏ လုပ်ငန်းဆောင်တာများ ၁၇၃

အခန်း (၉) နိုင်ငံရေးပါတီများ (Political Parties)

၉.၁ နိုင်ငံရေးပါတီများ ၁၈၄

၉.၂ ပါတီအမျိုးအစားများ ၁၉၃

ဖြစ်စဉ်ပြဇယား ၂၀၂

လှုပ်ရှားဆောင်ရွက်သူများစာရင်း ၂၀၆

ရုပ်ပုံများအတွက် အသိအမှတ်ပြုလွှာ ၂၁၄



This work is licensed under the Creative Commons Attribution-ShareAlike 4.0 International License. To view a copy of this license, visit: http://creativecommons.org/licenses/by-sa/4.0/deed.en_US.

Notes about useage: Organisations wishing to use the body text of this work to create a derivative work are requested to include a *Mote Oo Education* logo on the back cover of the derivative work if it is a printed work or on the home page of a web site if it is reproduced online.

For license types of individual pictures used in this work, please refer to Picture Acknowledgements at the back of the book.

# 'နိုင်ငံရေး' စာအုပ် အသုံးပြုနည်း

စာအုပ်အသုံးမပြုမီတွင် အောက်ဖော်ပြပါ နည်းစနစ်များကို လေ့လာခြင်းဖြင့် စာအုပ်အသုံးပြုရာတွင် အထောက်အကူ ပြုနိုင်မည်ဖြစ်ပြီး လေ့လာသင်ကြားမှုဆိုင်ရာ ရည်မှန်းချက်များနှင့် နည်းဗျူဟာတို့ကိုလည်း သိရှိစေမည်ဖြစ်သည်။ ဤစာအုပ်၏ ရည်မှန်းချက်မှာ နိုင်ငံရေးတွင် တက်ကြွစွာ ပါဝင်ရေးအတွက် လိုအပ်သည့် ဗဟုသုတများ၊ ကျွမ်းကျင်မှုများနှင့် တန်ဖိုးများကို မြှင့်တင်ပေးနိုင်ရန် ရည်ရွယ်သည်။ ထိုအရည်အသွေးများအား လေ့ကျင့်ပျိုးထောင်ပေးရန် အောက်ပါတို့ ပါဝင်ကြပေသည်။

လေ့ကျင့်ခန်းများ – အယူအဆများ၊ နိုင်ငံရေးအဆောက်အအုံယန္တရားများနှင့် လုပ်ဆောင်သူများအစရှိသော ဗဟုသုတများ စသည်တို့ကို မြှင့်တင်ပေးရန်။

လုပ်ဆောင်ချက်များ – အရေးပါသည့် ကျွမ်းကျင်မှုများဖြစ်သည့် ဆန်းစစ်မှု၊ အချက်အလက်များကို စစ်ဆေးတိုင်းတာမှုနှင့် ကောက်ချက်ချမှု အစရှိသည်ကို ဖွံ့ဖြိုးစေရန်နှင့် လေ့ကျင့်ပေးရန်။

ပြန်လည်သုံးသပ်ချက်များ – မိမိတို့၏ ကိုယ်ပိုင်တန်ဖိုးများကို ပြန်လည်သုံးသပ်စစ်ဆေးပြီး မိမိတို့တိုင်းပြည်ရှိ နိုင်ငံရေးနှင့် ဆက်နွှယ်ရန် စသည်တို့ ပါဝင်ကြပေသည်။

**စာအုပ်ဖွဲ့စည်းပုံ**

ဤစာအုပ်ကို အပိုင်း (၃) ပိုင်း ပိုင်းခြားထားပြီး အပိုင်း (၁) တွင် 'အိုင်ဒီယာ – အယူအဆများ'၊ အပိုင်း (၂) တွင် 'အင်စတီကျူးရှင်း – နိုင်ငံရေးအဆောက်အအုံယန္တရားများ' နှင့် အပိုင်း (၃) တွင် 'အက်တာ – လှုပ်ရှားဆောင်ရွက်သူများ' တို့ ပါဝင်ကြသည်။ အပိုင်း (၁) ပိုင်း စီတွင် သက်ဆိုင်ရာ အကြောင်းအရာများ အတွက် အခန်း (၃) ခန်းစီ ပါရှိသည်။ ဥပမာအားဖြင့် အပိုင်း (၁)၊ အယူအဆများတွင် 'နိုင်ငံရေးဆိုသည်မှာ'၊ 'အာဏာ၊ လုပ်ပိုင်ခွင့်နှင့် တရားဝင်အသိအမှတ်ပြုမှု' နှင့် 'ဝါဒများ' အစရှိသော အခန်းများ ပါရှိပေသည်။

'လုပ်ငန်းများ' သည် နိုင်ငံရေးတွင် လှုပ်ရှားလုပ်ဆောင်ရာတွင် လိုအပ်သော အရည်အသွေးများကို ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်သည်။ ဤအပိုင်းတွင် အဖွဲ့လိုက် လုပ်ဆောင်မှုများ၊ ပြဿနာအဖြေရှာခြင်းများ၊ ဆွေးနွေးအဖြေရှာခြင်းများ စသည်တို့ ပါဝင်သည်။

'မြန်မာ့ရေးရာ' တွင် ဖြစ်ရပ်လေ့လာချက်တို့ ဖော်ပြပါ ရှိမည် ဖြစ်သည်။ ၎င်းတို့တွင် အယူအဆများ၊ နိုင်ငံရေးအဆောက်အအုံယန္တရားများနှင့် လှုပ်ရှားဆောင်ရွက်သူများဆိုင်ရာ မြန်မာပြည်တွင်းမှ အတိတ်နှင့် လတ်တလော ဥပမာများ ပါဝင်ပေသည်။



'လေ့ကျင့်ခန်းများ' စာအုပ်ပါ အချက်အလက်များ မှတစ်ဆင့် သင်ယူနိုင်စွမ်းကို တိုးမြှင့်ပေးမည်ဖြစ်သည်။ စာပိုဒ်ပါ အကြောင်းအရာများအား နားလည်/မလည်ကို မေးခွန်းများမှတစ်ဆင့် စစ်ဆေးပေးနိုင်မည်။

'ပြန်လည်သုံးသပ်ချက်' များက မိမိတို့၏ အယူအဆ၊ ခံယူချက်များကို ပြန်လည် သုံးသပ်စေပြီး မည်သည့် အတွေးအခေါ် အယူအဆများက သာယာ လှပသော လောကလူ့ဘောင် တည်ဆောက်ရေးတွင် အရေးပါသည်ကို ပြန်လည်ဆန်းစစ် စေမည်။

အခန်းတိုင်းနှင့် အခန်းခွဲတိုင်းတွင် 'အကြိုသင်ခန်းစာ' များ ပါဝင်သည်။ ထို 'အကြိုသင်ခန်းစာ' ပါ မေးခွန်းများမှတစ်ဆင့် အကြောင်းအရာတစ်ရပ်ကို မသင်ကြားမီ စဉ်းစားဝေဖန်စေပြီး တင်ပြချက်များ၊ ဆွေးနွေးအဖြေရှာခြင်းတို့ကိုလည်း လုပ်ဆောင်စေမည်။

'ဆွေးနွေးချက်' များတွင် မိမိတို့အသိုင်းအဝိုင်းကို သက်ရောက်လျက်ရှိသည့် အရေးပါပြီး အငြင်းပွားဖွယ် အရေးအရာများကို ဆွေးနွေးစေမည်ဖြစ်သည်။

**ထိုလုပ်ဆောင်ချက်များအပြင် စာအုပ်ပါအကြောင်းအရာတို့နှင့် သက်ဆိုင်သည့် လက်တွေ့ကျကျ ဖြစ်ရပ်လေ့လာချက်များလည်း ပါဝင်ပေသည်။**

ဤစာအုပ်ပါ သင်ခန်းစာအချို့တွင် 'ဖြစ်စဉ်ပြဇယား' နှင့် 'လှုပ်ရှားဆောင်ရွက်သူများ' စာရင်းကို အသုံးပြုဖြေဆိုရသည့် လေ့ကျင့်ခန်းများ၊ လုပ်ငန်းများ ပါရှိသည်။ စာမျက်နှာ (၂၀၂) ပါ ဖြစ်စဉ်ပြဇယားတွင် (၁၈၈၅) ခုနှစ်မှ (၂၀၁၃) ခုနှစ် အကြား မြန်မာ့သမိုင်းဖြစ်ရပ်များကို ဖော်ပြပေးထားသည်။ 'လှုပ်ရှားဆောင်ရွက်သူများ' စာရင်း (စာမျက်နှာ ၂၀၆) တွင်မူ မြန်မာ့သမိုင်းမှ အရေးပါသည့် လူပုဂ္ဂိုလ်များ၊ နိုင်ငံရေးလုပ်ဆောင်သူများ ပါရှိပေသည်။

ထိုဇယား (၂) ရပ်ကို လေ့လာခြင်းဖြင့် မိမိတို့၏ မြန်မာ့နိုင်ငံရေးဆိုင်ရာ ဗဟုသုတများ တိုးပွားလာပြီး ထိုဗဟုသုတများနှင့် စာအုပ်ပါ အကြောင်းအရာတို့ကို ယှဉ်တွဲလေ့လာနိုင်စေမည်ဖြစ်သည်။

# အပိုင်း (၁) ပိုင်းစီ၏ ဖွဲ့စည်းပုံနှင့် အခန်းတွင်



'သင်ကြားမှုဆိုင်ရာ ရည်မှန်းချက်များ' တွင် ပါရှိသည့် 'ဗဟုသုတများ'၊ 'ကျွမ်းကျင်မှုများ' နှင့် 'တန်ဖိုးများ' ကိုလည်း လေ့လာ သုံးသပ်ပေးပါ။ ၎င်းတို့က သင်ကြားမှုနှင့် သက်ဆိုင်သော အရေးပေးလေ့လာအပ်သည်တို့ကို သိမြင်စေပြီး မိမိဖတ်ရှုနားလည်ထားသည်တို့နှင့် စာအုပ်ပါ အကြောင်းအရာတို့ကို ချိန်ထိုးတိုင်းတာစေမည် ဖြစ်သည်။

ရှေးဦးစွာ အပိုင်းတစ်ခုစီ၏ 'အကြောင်းအရာ' တွင် ပါရှိသည်တို့ကို လေ့လာပြီး သင်ခန်းစာဆိုင်ရာ အဓိကအယူအဆများကို မှတ်သားကြည့်ရှုပေးပါ။




'ပြန်လည်လေ့ကျင့်ခန်းများ' က အခန်းတစ်ခန်းလုံးတွင် သင်ယူခဲ့သည်တို့ကို အခြေခံပြီး ပြန်လည်လေ့ကျင့်နိုင်ရန် ရည်ရွယ်သည်။ ထိုသို့ လေ့ကျင့်ရာတွင် မိမိတို့ ဖတ်ရှုခဲ့သည်တို့ကို ပြန်မကြည့်ဘဲ မိမိမှတ်မိသမျှ ဖြေဆိုနိုင်ရန် ကြိုးစားသင့်သည်။

နားလည်မှုစစ်ဆေးသည့် မေးခွန်းများက စာဖတ်သူ၏ သင်ခန်းစာပါ သဘောတရားများကို နားလည်/မလည် ဆန်းစစ်ပေးသည်။ ထိုမေးခွန်းများကို ဖြေဆိုရာတွင် မိမိဘာသာ ဦးစွာဖြေဆိုပါ။ ပြီးမှ စာအုပ်ပါ သင်ခန်းစာများနှင့် ပြန်လည်တိုက်ဆိုင်စစ်ဆေးပါ။




# အခန်း (၁) အယူအဆများ (Ideas)

## အကြောင်းအရာ

အပိုင်း (၁) တွင် နိုင်ငံရေးဆိုင်ရာ အရေးပါဆုံးသော အယူအဆများကို မိတ်ဆက် ဖော်ပြပေးထားသည်။ ထိုအယူအဆများကို လေ့လာခြင်းဖြင့် စာအုပ်ပါ အကြောင်းအရာများဖတ်ရှုရာတွင် နားလည်သဘောပေါက်စေမည်ဖြစ်သည်။ ထိုအယူအဆများတွင် နိုင်ငံရေးအပေါ် နားလည်သိမြင်ပုံအမျိုးမျိုး၊ အာဏာ၊ လုပ်ပိုင်ခွင့်၊ တရားဝင်အသိအမှတ်ပြုမှုနှင့် နိုင်ငံရေးဝါဒများဆိုင်ရာ အဓိကကျလှသည့် အယူအဆများ ဖော်ပြပါရှိပေသည်။ ဤအပိုင်းတွင် နိုင်ငံရေးအဆောက်အအုံယန္တရားများ ဖန်တီးရာတွင်နှင့် နိုင်ငံရေးလုပ်ဆောင်သူများအား လှုံ့ဆော်ရာတွင် ဝါဒတို့၏အခန်းကဏ္ဍကိုလည်း နားလည်သဘောပေါက်စေမည်ဖြစ်သည်။




## သင်ကြားမှုဆိုင်ရာ ရည်မှန်းချက်များ

### ဗဟုသုတများ

(လေ့ကျင့်ခန်းများ)

**ဤအခန်းအပြီးတွင် အောက်ပါ ဗဟုသုတများ တိုးပွားလာမည် ဖြစ်သည်။**

- နိုင်ငံရေးတွင် ပါဝင်သည့် ပဋိပက္ခများ၊ ပူးပေါင်းမှုနှင့် တရားမျှတမှုတို့၏ အခန်းကဏ္ဍ။
- နိုင်ငံရေးတွင် ပါဝင်သည့် အခွင့်အရေး၊ ညီမျှမှုနှင့် လွတ်လပ်မှုတို့၏ အခန်းကဏ္ဍ။
- အာဏာနှင့် လုပ်ပိုင်ခွင့်။
- တရားဝင်အသိအမှတ်ပြုမှု။
- ဒီမိုကရေစီနှင့် အာဏာရှင်စနစ်။
- လွတ်လပ်မှုဗဟိုပြု လစ်ဘရယ်ဝါဒ၊ ရှေးရိုးစွဲ ကွန်ဆာဗေးတစ်ဝါဒနှင့် ဆိုရှယ်လစ်ဝါဒ။
- စီးပွားရေးစနစ်များ။
- နိုင်ငံရေးသဘောထား။

### ကျွမ်းကျင်မှုများ

(လုပ်ဆောင်ချက်များ)

**ဤအခန်းအပြီးတွင် အောက်ပါ စွမ်းရည်များ တိုးပွားလာမည် ဖြစ်သည်။**

- စက်ဝိုင်းဇယား အသုံးပြုပြီး နိုင်ငံရေးကို ခွဲခြမ်းစိတ်ဖြာ တတ်ရန်။
- အာဏာပိရမစ် အသုံးပြုပြီး နိုင်ငံရေးကို ခွဲခြမ်းစိတ်ဖြာရန်။
- ကိန်းဂဏန်း အချက်အလက်များ အသုံးပြုပြီး နိုင်ငံရေးကို ခွဲခြမ်းစိတ်ဖြာရန်။
- ဒီမိုကရေစီ – အာဏာရှင် ရောင်စဉ်မျဉ်းကို အသုံးပြုပြီး နိုင်ငံရေး လှုပ်ရှားဆောင်ရွက်သူများကို ဆန်းစစ်ရန်။
- နိုင်ငံရေး ကာတွန်းများနှင့် အဆိုအမိန့်တို့ကို ဖွင့်ဆိုရန်။
- ဇယားအသုံးပြုပြီး ကိုယ်ပိုင်ဝါဒ တစ်ခု တည်ဆောက်ရန်။

### တန်ဖိုးများ

(ပြန်လည်သုံးသပ်ခြင်းများ)

**ဤအခန်းအပြီးတွင် အောက်ပါ တို့အား ပြန်လည်သုံးသပ်စေမည် ဖြစ်သည်။**

- တရားမျှတမှုအပေါ် မိမိတို့၏ အမြင်။
- အခွင့်အရေးတို့အပေါ် မိမိတို့၏ အမြင်။
- ညီမျှမှုအပေါ် မိမိတို့၏အမြင်။
- လူ့အဖွဲ့အစည်း ရင်ဆိုင်နေရသည့် အကြီးမားဆုံးသော ပြဿနာရပ်များ။
- ‘စံ’ လူ့အဖွဲ့အစည်းနှင့် ထိုသို့ ဖြစ်ပေါ်ရန်အတွက် လုပ်ဆောင်ရမည့် အချက်များ၊
- မိမိတို့၏ ဝါဒရေးရာ အယူအဆများနှင့် ၎င်းတို့ကို ပံ့ပိုးပေးသည့် တန်ဖိုးများ။
- အပြောင်းအလဲအပေါ် သဘောထား။

# အခန်း (၁) နိုင်ငံရေး ဆိုသည်မှာ (Politics)

**အကြိုသင်ခန်းစာ**

၁။ 'နိုင်ငံရေး' ဟုသည့် ဝေါဟာရကို မည်သို့ နားလည်ထားသနည်း။

၂။ တစ်ဖက်ပါပုံတို့ကို လေ့လာကြည့်ရှုပေးပါ။ မည်သည့်ပုံများက 'နိုင်ငံရေး' ဟူသည့် ဝေါဟာရကို ထင်ဟပ်လျက် ရှိကြသနည်း။ အဘယ်ကြောင့်နည်း။

၃။ 'နိုင်ငံရေး' သည် ကျွန်ုပ်တို့၏ အမူအကျင့်များအပေါ် မည်သို့ သက်ရောက်နေကြသနည်း။




## ၁.၁ နိုင်ငံရေး – အဓိပ္ပာယ်

နိုင်ငံရေးကို အဓိပ္ပာယ်ဖွင့်ဆို သတ်မှတ်ကြရာ၌ အယူအဆအမျိုးမျိုး ကွဲပြားခြားနားလျက် ရှိသည်။ အခြေခံအားဖြင့် နိုင်ငံရေးဟူသည် လူသားတို့အနေဖြင့် သက်ဆိုင်ရာ လူ့အဖွဲ့အစည်းအတွင်း ဆုံးဖြတ်ချက်များ ချမှတ်ဖော်ဆောင်သည့် လုပ်ငန်းဖြစ်စဉ်နှင့် ဆက်စပ်သက်ဆိုင်ပါသည်။ နိုင်ငံရေးသိပ္ပံပညာရှင် ဟာရိုး လက်(စ်)ဝဲလ် (Harold Lasswell) က 'နိုင်ငံရေးဟူသည် မည်သူတို့က မည်သည့်အရာကို၊ မည်သည့်အချိန်တွင်၊ မည်သို့ မည်ပုံ ပိုင်ဆိုင်သင့်သည်' (who gets what, when and how) ဟူသော သဘောတရားကို အခြေခံသည့်ဖြစ်စဉ်ဟု ဆိုထားပါသည်။ သို့ရာတွင် လူ့အဖွဲ့အစည်း အတွင်း အဖွဲ့ဝင်များ၏ ဆုံးဖြတ်ချက် ချမှတ်ပုံ နည်းစနစ်များနှင့် ထိုဆုံးဖြတ်ချက်များ၏ နောက်ကွယ်အကြောင်းရင်းများနှင့် စပ်လျဉ်းပြီး သဘောထားအမြင်များ ကွဲပြားလျက် ရှိကြသည်။

**အကြိုသင်ခန်းစာ**

၁။ 'ပဋိပက္ခ' များသည် နိုင်ငံရေးတွင် မည်သည့်အခန်းကဏ္ဍမှ ပါဝင်လျက် ရှိသနည်း။

၂။ 'ပဋိပက္ခ' တိုင်းသည် အဆိုးတရား တို့ကိုသာ ဖန်တီးပေးနိုင်ကြပါသလား။

### ၁.၁.၁ နိုင်ငံရေးသည် ပဋိပက္ခ တစ်ရပ်လော

ဤအယူအဆအရဆိုလျှင် 'မည်သူက မည်သည့်အရာကို၊ မည်သည့်အချိန်တွင်၊ မည်သို့ မည်ပုံ ရရှိ ပိုင်ဆိုင်သင့်သည်' ဆိုသည်နှင့် ပတ်သက်၍ လူသားတို့ ဆုံးဖြတ်ချက်များ ချမှတ်သည့်အခါတိုင်း ပဋိပက္ခများ ပေါ်ပေါက်လာရစမြဲ ဖြစ်သည်ဟုဆိုနိုင်သည်။ ထို 'ပဋိပက္ခ' များသည် ပြဿနာများကိုချည်း ဖန်တီးပေးနေကြသည် မဟုတ်၊ တစ်ခါတစ်ရံတွင် ထိရောက်အသုံးဝင်ပြီး အပြုသဘောဆောင်သည့် ရလဒ်များလည်း ရရှိနိုင်သည်။ ဥပမာ ဆိုရသော် ပဋိပက္ခများသည် အပြုသဘောဆောင်သည့် လူမှုအပြောင်းအလဲများ ပေါ်ထွန်းလာစေသည်။ ထို့အတူ ယှဉ်ပြိုင်မှုများကလည်း ရည်မှန်းချက်များ ပြည့်မီလာ စေရေးအတွက် ဝီရိယပိုစိုက်လာစေသည်။

ကျယ်ပြန့်သော လူ့အဖွဲ့အစည်းများတွင် ဆုံးဖြတ်ချက်ချမှတ်ိုင်း၌ လူများအားလုံး ပါဝင်နိုင်စေရန်မှာ လက်တွေ့မဖြစ်နိုင်။ ထို့အတွက်ကြောင့် လူမှုအဖွဲ့ဝင်အားလုံးအပေါ် သက်ရောက်နိုင်မည့် ဥပဒေစည်းမျဉ်းများကို ချမှတ်ထားရသည်။ ထိုစည်းမျဉ်းများ ရေးဆွဲ ပြဋ္ဌာန်းခြင်း၊ ချိုးဖောက်ခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်းစသည့် ဖြစ်စဉ်များနှင့် ဆက်နွယ်၍ ကျယ်ပြန့်သော လူ့အဖွဲ့အစည်းများ၌ နိုင်ငံရေးပဋိပက္ခများ ပေါ်ပေါက်လာရသည်။

လူ့အဖွဲ့အစည်းတစ်ခုတွင် ပဋိပက္ခ အဖြစ်နိုင်ဆုံး နယ်ပယ်များထဲမှ အချို့ကို အောက်တွင် ဖော်ပြထားပါသည်။

- **အရင်းအမြစ်ကြောင့် ပဋိပက္ခဖြစ်ပွားရခြင်း** – လိုအပ်ချက်ကွဲပြားမှုနှင့် အရင်းအမြစ် မလုံလောက်မှုတို့အပေါ် မူတည်၍ မတူခြားနားသော လူမှုအုပ်စုများကြား ဝေစုပိုမိုရရှိရန် ယှဉ်ပြိုင်ကြခြင်းဖြင့်လည်း ပဋိပက္ခများ ပေါ်ပေါက်လာတတ်ပါသည်။ ထိုအရင်းအမြစ် များတွင် ငွေကြေးဥစ္စာ၊ မြေယာ၊ ကုန်ပစ္စည်း အစရှိသည့် ရုပ်ဝတ္ထုပစ္စည်းများ ပါဝင် သကဲ့သို့ ဂုဏ်သိက္ခာ၊ လွတ်လပ်မှု၊ လုံခြုံမှုစသည့် ရုပ်ဝတ္ထုမဟုတ်သည့် သတ်မှတ်ချက် များလည်း ဖြစ်နိုင်ကြသည်။
- **အခွင့်အလမ်းကြောင့် ပဋိပက္ခဖြစ်ပွားရခြင်း** – ပညာသင်ကြားနိုင်ခွင့်၊ အလုပ်အကိုင် ရရှိခွင့်၊ ဆုံးဖြတ်ချက်များတွင် ပါဝင်နိုင်ခွင့် အစရှိသည့် အခွင့်အလမ်းတို့ကြောင့်လည်း ပဋိပက္ခတို့ ဖြစ်ပွားပေါ်ပေါက်နိုင်သည်။ နိုင်ငံရေးဆိုင်ရာ ပဋိပက္ခများသည် အစုအဖွဲ့ တစ်ရပ်ရပ်က နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများကို အခြားသူများ ကဲ့သို့ မရရှိသည့် အခါမျိုးတွင် တွေ့ရတတ်ပေသည်။
- **အယူအဆကြောင့် ပဋိပက္ခဖြစ်ပွားရခြင်း** – 'ငါမှန်သည်၊ သူများသည်' ဟူသော အယူအဆ ကွဲပြားခြင်းများအပေါ် မူတည်၍လည်း လူ့အဖွဲ့အစည်းတစ်ခုအတွင်း ပဋိပက္ခများ ပေါ်ပေါက်လာစေတတ်ပါသည်။ နိုင်ငံရေးအမြင် ကွဲပြားမှု၊ ဘာသာရေး ယုံကြည်ချက်ကွဲပြားမှုနှင့် စံတန်ဖိုးကွဲပြားမှုများသည် ပဋိပက္ခ ဖြစ်စေနိုင်သည့် အကြောင်းအရင်းခံများပင်ဖြစ်သည်။



▲ဦးနု (၁၉၆၁)။



## မြန်မာ့ရေးရာ

## မြန်မာ့နိုင်ငံရေးတွင် တွေ့ရှိရသည့် ပဋိပက္ခများ

### ၁။ အရင်းအမြစ်ကြောင့် ပဋိပက္ခဖြစ်ပွားရခြင်း

တရုတ်ပိုင် ဝမ်ပေါင်ကုမ္ပဏီနှင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်တို့ သဘောတူညီထားသည့် လက်ပံတောင်းဒေသရှိ ကြေးနီ စီမံကိန်းအတွက် လယ်မြေဧကပေါင်း ၇၈၀၀ ကျော်ခန့် အသိမ်းခံခဲ့ရသည်။ ထိုဖြစ်ရပ်ကြောင့် ဒေသခံရွာသားများမှ ထုတ်ဖော် ဆန္ဒပြခဲ့ကြသော်လည်း ရဲတပ်ဖွဲ့က အကြမ်းဖက်ဖြိုခွင်းခဲ့သည်။

### ၂။ အခွင့်အလမ်းကြောင့် ပဋိပက္ခဖြစ်ပွားရခြင်း

ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲတွင် မဲပေါင်း ၆၀ ရာခိုင်နှုန်းခန့်ဖြင့် အနိုင်ရရှိခဲ့သည်။ သို့ရာတွင်လည်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးကောင်စီ (နဝတ) က ရွေးကောက်ပွဲ ရလဒ်ကို ဖျက်သိမ်းပြီး၊ ရွေးချယ်တင်မြှောက်ခံရသည့် ကိုယ်စားလှယ်လောင်းများကိုလည်း အစိုးရအတွင်း ပါဝင်ရန် ခွင့်မပြုခဲ့ချေ။ ထိုဖြစ်ရပ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ထောက်ခံသူ ပြည်သူများကို ကိုယ်စားပြုခွင့်၊ လူမှုအဖွဲ့အစည်းအကျိုးအတွက် ဆုံးဖြတ်ချက်ချ ပါဝင်ခွင့်တို့ လက်လွှတ်ခဲ့ရသည်။

### ၃။ အယူအဆကြောင့် ပဋိပက္ခဖြစ်ပွားရခြင်း

၁၉၆၁ ခုနှစ်တွင် ဦးနု၏ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် သတ်မှတ်ရန် ဖွဲ့စည်းပုံတွင် ဖြည့်စွက်ပြဌာန်းချက်က ခရစ်ယာန်နှင့် အစ္စလာမ်ဘာသာဝင်များအကြား ဂယက်ရိုက်စေခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် ခရစ်ယာန်အများစု ပါဝင်သည့် ကချင်လွတ်မြောက်ရေးအဖွဲ့ (ကေအိုင်အို) မှ ပုန်ကန်မှုကို အစပြုခဲ့သည်။

## လေ့ကျင့်ခန်း

၁။ မိမိတို့နိုင်ငံအတွင်း တွေ့ရှိရသည့် အပြုသဘောဆောင်သည့် ပဋိပက္ခများကို ဖော်ပြပေးပါ။ ထိုပဋိပက္ခများကြောင့် မည်သို့သော အကျိုးတရားများ ရရှိစေခဲ့သနည်း။

၂။ မိမိတို့နိုင်ငံအတွင်း တွေ့ရှိရသည့် အပျက်သဘောဆောင်သည့် ပဋိပက္ခများကို ဖော်ပြပေးပါ။ မည်သို့သော ပြဿနာများ ဖြစ်ပွား ပေါ်ပေါက်စေခဲ့သနည်း။

## ဆွေးနွေးချက်

၁။ ဖြစ်ရပ်ပါ ပဋိပက္ခများသည် မည်သို့သော အကျိုးဆက်များကို ဖြစ်ထွန်း ပေါ်ပေါက်စေခဲ့သနည်း။

၂။ ထိုပဋိပက္ခများသည် အပြုသဘော ဆောင်သည်ဟု ဆိုနိုင်ပါသလား၊ သို့မဟုတ် အပျက်သဘော ဆောင်နေပါသလား။ အဘယ်ကြောင့်နည်း။

## လုပ်ငန်းများ

၁။ ဖြစ်စဉ်ပြဇယားကိုလေ့လာ သုံးသပ်ပါ။ ထိုဇယားမှ ပဋိပက္ခ ၆ ခုကို စက်ဝိုင်းဇယား၏ သင့်လျော်သော နေရာတွင် ဖြည့်စွက်ပေးပါ။

၂။ မိမိတို့ နိုင်ငံအတွင်း တွေ့မြင်ကြားသိဖူးသည့် ပဋိပက္ခများကို စဉ်းစား ဖော်ထုတ်ပြီး စက်ဝိုင်းဇယား၏ သင့်လျော်သော နေရာတွင် ဖြည့်စွက်ပေးပါ။

၃။ ထိုပြုစုထားသည့် စက်ဝိုင်းဇယားမှ မည်သည်တို့ကို သတိပြုမိသနည်း။




## အကြံပြုသင်ခန်းစာ

၁။ မည်သို့သော အကြောင်းရင်းတို့ကြောင့် တစ်ဦးနှင့်တစ်ဦး လက်တွဲပူးပေါင်း လုပ်ဆောင်ကြသနည်း။

၂။ 'ပူးပေါင်းဆောင်ရွက်ခြင်း' သည် နိုင်ငံရေးတွင် မည်သည့်ကဏ္ဍမှ ပါဝင်လျက်ရှိသနည်း။

## ၁.၁.၂ နိုင်ငံရေးသည် ပူးပေါင်းဆောင်ရွက်ခြင်းလော

'ပူးပေါင်းဆောင်ရွက်ခြင်းသည် အခြေခံအကျဆုံးသော နိုင်ငံရေးလက္ခဏာရပ်ဖြစ်သည်' ဟုလည်း ဖွင့်ဆိုထားကြသည်။ လူ့အသိုင်းအဝိုင်းအတွင်းရှိ ဥပဒေစည်းမျဉ်းများကို ပြောင်းလဲပြင်ဆင်ရန်၊ ပြဋ္ဌာန်းလိုက်နာစေရန်မှာ အများနှင့် လက်တွဲဆောင်ရွက်မှုသာ ဖော်ဆောင်နိုင်ကြမည်ဖြစ်ကြောင်း နားလည်ထားကြသည်။

သို့ရာတွင် မတူကွဲပြားသည့် အမြင်များ၊ အကျိုးစီးပွား မတိုက်ဆိုင်မှုများ၊ ပြိုင်ဆိုင်မှုများကလည်း သဘောထားကွဲလွဲမှုများကို ဖြစ်ပေါ်စေသည်။ အပြန်အလှန် ညှိနှိုင်းသဘောတူမှုတို့ မပြုနိုင်ပါက 'ပူးပေါင်းဆောင်ရွက်မှု' များသည် အောင်မြင်နိုင်တော့မည် မဟုတ်ချေ။ ထိုအကြောင်းတို့ကြောင့်လည်း နိုင်ငံရေးတွင် ပူးပေါင်းဆောင်ရွက်ခြင်းသည် မရှိမဖြစ် အရေးပါသည် မှန်သော်လည်း လက်တွေ့ဖော်ဆောင်ရန် ခက်ခဲလှသည်ကို တွေ့မြင်နိုင်ပေသည်။

လူမှုအသိုင်းအဝိုင်းအတွင်း 'ပူးပေါင်းဆောင်ရွက်ရန်' လိုအပ်ရသည့် အဓိက အကြောင်းရင်း (၃) ရပ် မှာ အောက်ပါအတိုင်း ဖြစ်ကြသည်။

- **ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး** – လူ့အသိုင်းအဝိုင်းတစ်ရပ်အတွင်း ငြိမ်းချမ်းရေးရရှိရန်မှာ ထိုလူမှုအဖွဲ့ဝင်များအနေဖြင့် ပဋိပက္ခများကို ရင်ဆိုင်ဖြေရှင်းနိုင်စွမ်း ရှိရန်လိုပါသည်။ သို့မဟုတ်ပါက သဘောထား မညီညွတ်မှုများမှတစ်ဆင့် တင်းမာမှုများ၊ ရန်ပွဲများအထိ ဖြစ်ပွား ပေါ်ပေါက်လာစေနိုင်ပြီး ထိုလူ့အဖွဲ့အစည်း၏ သာယာဝပြောရေးကို ထိပါး လာနိုင်သည်။ ငြိမ်းချမ်းရေးအတွက် ရေးရှု၍ ပူးပေါင်းဆောင်ရွက်ခြင်းသည် အကြမ်းဖက် ပဋိပက္ခများကို ရှောင်လွှဲနိုင်သည့် နည်းလမ်းတစ်ရပ်လည်း ဖြစ်သည်။ ထိုသို့ ရှောင်လွှဲနိုင်မှသာ လူမှုပတ်ဝန်းကျင်တစ်ရပ်သည် ပိုမိုတည်ငြိမ် အေးချမ်းလာမည် ဖြစ်သည်။
- **ဖွံ့ဖြိုးရေးနှင့် သာယာဝပြောရေး** – တစ်ဦးတစ်ယောက်တည်းအားဖြင့် မဖော်ဆောင် နိုင်သော ရည်းမှန်းချက်များ၊ မဖြေရှင်းနိုင်သော ပြဿနာများကို အများနှင့် လက်တွဲ ပူးပေါင်းခြင်းအားဖြင့် ဖြေရှင်းနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ပူးပေါင်းဆောင်ရွက်ခြင်း သည် လူသားတို့အတွက် မရှိမဖြစ် လိုအပ်ပါသည်။ မြင်သာသည့် ဥပမာရပ်များတွင် နိုင်ငံတော်အဆင့် စီမံကိန်းများဖြစ်သည့် လမ်းတံတားများ ဖောက်လုပ်ခြင်း၊ ခိုင်မာသော ငွေကြေးစနစ်ထားရှိခြင်းတို့ ပါဝင်ကြသည်။ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လူမှုအသိုင်းအဝိုင်းကို ချမ်းသာကြွယ်ဝလာစေမည်ဖြစ်ပြီး ဆင်းရဲမှုကို လျှော့ချပေး နိုင်မည်ဖြစ်သည်။
- **လုံခြုံရေးနှင့် ကာကွယ်ရေး** – စနစ်တကျ စုစည်း တည်ဆောက်ထားသော ပြည်သူ့ လုံခြုံရေးအစီအမံများသာ မရှိလျှင် တစ်ဦးအနေဖြင့်လည်းကောင်း၊ အုပ်စုလိုက် အနေဖြင့်လည်းကောင်း လုံခြုံမှုရှိကြလိမ့်မည် မဟုတ်ပေ။ ဥပမာ – ပြင်ပ ကျူးကျော် တိုက်ခိုက်မှုရန်များမှ ကာကွယ်ထားသည့် အစီအမံမျိုးဖြစ်သည်။ အခြားဥပမာတစ်ရပ်မှာ မသမာသူများ၏ ရန်လိုမှု၊ ခေါင်းပုံဖြတ်မှုတို့ကို ပြည်သူ့ရဲဝန်ထမ်းလုပ်သားများနှင့် ပူးပေါင်းဆောင်ရွက်၍သာ ကာကွယ်နိုင်မည်ဖြစ်သည်။

### ဆွေးနွေးချက်

၁။ မိမိတို့ပတ်ဝန်းကျင်တွင် 'ပူးပေါင်းဆောင်ရွက်မှု' ကြောင့် ကောင်းကျိုးခံစားခဲ့ရသည့် ဥပမာဖြစ်ရပ်များကို ဖော်ပြပါ။ မည်သည့် အကြောင်းကြောင့် အောင်မြင်ခဲ့ကြသနည်း။

၂။ မိမိတို့ပတ်ဝန်းကျင်တွင် အောင်မြင်မှု၊ ထိရောက်မှုများ မဆောင်ကြဉ်းပေးနိုင်ခဲ့သည့် 'ပူးပေါင်း ဆောင်ရွက်မှု' ဆိုင်ရာ ဥပမာဖြစ်ရပ်များကို ဖော်ပြပေးပါ။ မအောင်မြင်ရသည့် အကြောင်းရင်းကိုပါ ဖော်ပြပါ။

၃။ ထိုဖြစ်ရပ်များတွင် 'ပူးပေါင်းဆောင်ရွက်မှု' ၏ အရေးပါပုံကို သုံးသပ်ပေးပါ။

၄။ ထိုဥပမာ ဖြစ်ရပ်များတွင် တွေ့ရှိရသည့် 'ပူးပေါင်းဆောင်ရွက်' ရာတွင် ကြုံတွေ့ရသော အခက်အခဲများကို သုံးသပ်ပေးပါ။



## မြန်မာ့ရေးရာ

### မြန်မာ့နိုင်ငံရေးတွင် တွေ့ရှိရသည့် 'ပူးပေါင်းဆောင်ရွက်မှု' များ

'ပင်လုံစာချုပ်' ကို ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ချုပ်ဆိုလက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ရှမ်း၊ ကချင်၊ ချင်း တိုင်းရင်းသား ခေါင်းဆောင်များနှင့် ဗိုလ်ချုပ်အောင်ဆန်း၏ ယာယီအစိုးရအဖွဲ့တို့ တွေ့ဆုံခဲ့ပြီး မြန်မာပြည် အင်္ဂလိပ်လက်အောက်မှ လွတ်မြောက်ရေးအတွက် ဆွေးနွေးခဲ့ကြသည်။ ထိုဆွေးနွေးပွဲတွင် အောက်ပါအချက်များကို သဘောတူညီခဲ့ကြသည်။

- လက်တွဲစည်းလုံး ကြိုးပမ်းကြခြင်းဖြင့် ဗြိတိသျှကိုလိုနီလက်အောက်မှ လွတ်လပ်ရေးရရန်။
- တောင်တန်းဒေသများအနေဖြင့် ဒေသဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်များ ခံစားနိုင်ရေး။
- တောင်တန်းဒေသရှိ ပြည်သူများအနေဖြင့် ဒီမိုကရေစီ အခွင့်အရေးများ ရရှိခံစားနိုင်ရေး။
- ဘဏ္ဍာငွေအထောက်အပံ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ရေး အာဏာတို့ကို လိုအပ်ချက်အရ ရရှိနိုင်ရေး။



ပင်လုံစာချုပ်သည် ၁၉၄၈ ခုနှစ်၊ မြန်မာပြည်လွတ်လပ်ရေးအတွက် အဓိကကျသည့် မှတ်တိုင်တစ်ခု ဖြစ်ခဲ့ပေသည်။

**လေ့ကျင့်ခန်း**

ရှေ့တွင် ဖော်ပြခဲ့သည့် ပူးပေါင်းဆောင်ရွက်မှုရှိရန် လိုအပ်သည့် အကြောင်းရင်း (၃) ရပ် အနက်မှ မည်သည်တို့ကို ပင်လုံစာချုပ်တွင် တွေ့ရှိနိုင်သနည်း။

**လုပ်ငန်းများ**

၁။ ဖြစ်စဉ်ပြဇယားကို လေ့လာသုံးသပ်ပါ။ ထိုဇယားမှ ပူးပေါင်းဆောင်ရွက်မှုပါသော ဖြစ်စဉ် (၆) ရပ်ကို စက်ဝိုင်းဇယား၏ သင့်လျော်သော နေရာတွင် ဖြည့်စွက်ပေးပါ။

၂။ မိမိတို့နိုင်ငံအတွင်း တွေ့မြင်ကြားသိဖူးသည့် ပူးပေါင်းဆောင်ရွက်မှုများကို စဉ်းစား ဖော်ထုတ်ပြီး စက်ဝိုင်းဇယား၏ သင့်လျော်သော နေရာတွင် ဖြည့်စွက်ပေးပါ။

၃။ ထိုပြုစုထားသည့် စက်ဝိုင်းဇယားမှ မည်သည်တို့ သတိမူမိသနည်း။





▲ ပီရူးနိုင်ငံ၊ ကတ်စ်ကိုရှိ "Justice"(တရားမျှတမှု) အမည်ရ နံရံဆေးရေး ပန်းချီ။

## ၁.၁.၃ နိုင်ငံရေးသည် တရားမျှတမှု တည်ဆောက်ခြင်းလော

နိုင်ငံရေးသည် မရှောင်လွှဲနိုင်သည့် ယှဉ်ပြိုင်မှုများမဟုတ်၊ မရှိမဖြစ်လိုအပ်သည့် ပူးပေါင်းဆောင်ရွက်ခြင်းလည်း မဟုတ်၊ ‘တရားမျှတသော လူ့ဘောင်အဖွဲ့အစည်းတစ်ရပ် တည်ထောင်ခြင်း’ပင် ဖြစ်သည်ဟုလည်း အချို့က ခံယူထားကြသည်။ ဤအဆိုအရဆိုလျှင် နိုင်ငံရေးဟူသည် လူသားတိုင်းအား ထိုက်တန်သည့် ဂုဏ်အဆင့်အတန်းနှင့်အညီ ပြုမူဆက်ဆံရမည်ဟူသော ‘တရားမျှတမှု’သဘောထားနှင့် ဆက်နွယ်နေသည်ဟု နားလည်ထားကြသည်။

ထိုအယူအဆအပေါ် အခြေခံလျက် လူ့အသိုင်းအဝိုင်းအတွင်း ပါဝင်ပတ်သက်သူတိုင်းကို မျှမျှတတ၊ တရားနည်းလမ်းတကျ ဆက်ဆံစေရေးအတွက် စည်းမျဉ်းစည်းကမ်းများထားရှိကြသည်။ နိုင်ငံရေးနှင့် တရားမျှတမှုတို့အကြား ဆက်နွယ်ပတ်သက်နေသည့် အရေးကြီးသည့် ကဏ္ဍအချို့တို့မှာ အောက်ပါအတိုင်းဖြစ်ကြသည်။

- မည်သည်တို့ကို ရရှိပိုင်ဆိုင်နိုင်သည် (အရင်းအမြစ်နှင့် အခွင့်အလမ်းများ ခွဲဝေချထားပုံ)။
- မည်သို့သော ဆောင်ရန်၊ ရှောင်ရန်အချက်များထားရှိသည် (အခွင့်အရေးများနှင့် တာဝန်များ)။
- အသိုင်းအဝိုင်းတစ်ရပ်အပေါ် ထိပါးနှောင့်ယှက်သူများ (သို့မဟုတ်) အဖျက်သမားများကို မည်သို့ အရေးယူဆောင်ရွက်မည် (စည်းမျဉ်းနှင့် ဥပဒေများ)။

### အကြိုသင်ခန်းစာ

၁။ ‘တရားမျှတမှု’ ဟူသော ဝေါဟာရကို မည်သို့နားလည်ထားသနည်း။

၂။ မိမိတို့ပါဝင်ပတ်သက်လျက်ရှိသည့် လူမှုအသိုင်းအဝိုင်းကို တရားသော လူ့ဘောင်အဖွဲ့အစည်း ဖြစ်သည်ဟု အမည်တပ်နိုင်ပါသလား။

‘တရားမျှတမှု’ ဟူသော သဘောတရားသည် ရှုပ်ထွေး၍ အငြင်းပွားဖွယ်များသော သဘောတရားတစ်ခုဖြစ်သည်။ ‘တရားမျှတမှု’ အပေါ်တွင် လူအများအနေဖြင့် သဘောထားအမြင်အမျိုးမျိုး ကွဲပြားလျက်ရှိသည်။ ၎င်းတို့၏ အမြင်များသည် သက်ဆိုင်ရာ လူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှု၊ သဘောတရား၊ လူမှုရေး၊ ကျား/ မ ကွဲပြားမှု၊ ပညာရေးနှင့် အခြားသော အကြောင်းအရင်းခံများက လွှမ်းမိုးပြဋ္ဌာန်းထားသော အမြင်များဖြစ်သည်။

‘တရားမျှတမှု’ ကို ဖော်ဆောင်ရာတွင် အလေးထားစဉ်းစားသင့်သည့် မေးခွန်းအချို့တို့မှာ အောက်ပါအတိုင်း ဖြစ်ကြသည်။

- ‘တရားမျှတမှု’ ကို အဓိပ္ပာယ်ဖွင့်ဆိုရာ၌ လူသားတိုင်းအပေါ် တစ်ပြေးညီ တန်းတူ ဆက်ဆံခြင်းဟု ဖွင့်ဆိုရန်သင့်၊ မသင့်။
- မတရားသော လုပ်ရပ်များဖြင့် တရားသော အခြေအနေတစ်ရပ်ဆီသို့ ဦးတည်လုပ်ကိုင်သောအခါ ထိုမတရားသော လုပ်ရပ်မျိုးကို လက်ခံသင့်၊ မသင့်။
- အများကောင်းစားရေးအတွက် လူနည်းစုကို ထိခိုက်နစ်နာစေသည့် လုပ်ရပ်များကို ခွင့်ပြုရန်သင့်၊ မသင့်။

## ပြန်လည်သုံးသပ်ချက်

၁။ အထက်ဖော်ပြပါ မေးမြန်းချက် တစ်ခုစီအတွက် လက်တွေ့ဥပမာများကို ဖော်ထုတ်တင်ပြပါ။

၂။ အဖွဲ့များဖွဲ့ပြီး ထိုမေးခွန်း (၃) ရပ် အပေါ်တစ်ဦးချင်း အမြင်များကို မျှဝေဆွေးနွေးပေးပါ။

၃။ ထိုဆွေးနွေးချက်များကို အခြားအဖွဲ့များနှင့် မျှဝေပြီး တစ်တန်းလုံး အနေဖြင့် သဘောတူညီချက် တစ်ရပ်ရရှိသည်အထိ ဆွေးနွေး ဆောင်ရွက်ပါ။

၄။ ထိုသို့ လုပ်ဆောင်ရာတွင် မည်သို့သော အခက်အခဲများ ရင်ဆိုင် ကြုံတွေ့ခဲ့ရသနည်း။

## ဆွေးနွေးချက်



၁။ အထက်ပါ မေးခွန်းများသည် မိမိတို့ပတ်ဝန်းကျင်တွင် တွေ့ရှိရသည့် နိုင်ငံရေးဆိုင်ရာ ဖြစ်ရပ်များနှင့် မည်သို့ ဆက်နွယ်နေကြသနည်း။

၂။ ‘တရားမျှတမှု’ ဟူသည့် အယူအဆကို ကွဲပြားသည့် လူမှုအသိုင်းအဝိုင်းတစ်ရပ်အတွင်း တစ်သားတည်း သဘောတူနိုင်မည်ဟု ထင်ပါသလား။ မည်သို့သော ပြဿနာများ ဖြစ်ပွားလာနိုင်မည်နည်း။ လက်တွေ့ဥပမာ ဖြစ်ရပ်များနှင့် နှိုင်းယှဉ်၍ ဆွေးနွေး ဖြေဆိုပါ။

၃။ နိုင်ငံရေးအပေါ်လက်ခံ နားလည်ထားသည့် အယူအဆ (၃) ရပ် (ပဋိပက္ခ၊ ပူးပေါင်း လုပ်ဆောင်ခြင်းနှင့် တရားမျှတမှု တည်ဆောက်ခြင်း) တို့ အနက်မှ မည်သည်က မိမိတို့ အသိုင်းအဝိုင်းအတွင်းရှိ နိုင်ငံရေး အခြေအနေများကို အထင်ဟပ်ဆုံး ဖြစ်သနည်း။




▲ ၁၉၆၃၊ အမေရိကန်ပြည်ထောင်စုရှိနိုင်ငံသား အခွင့်အရေးလှုပ်ရှားသူများ ဖြစ်သည်။ အလုပ်အကိုင် အခွင့်အလမ်း၊ လွတ်လပ်ခွင့်နှင့် အဖြူအမည်း ခွဲခြားမှု တိုက်ဖျက်ရေးတို့အတွက် ဆန္ဒ ထုတ်ဖော်နေကြခြင်း ဖြစ်သည်။ လှုပ်ရှားမှု၏ ရှေ့မျက်နှာစာတွင် လူမည်းနိုင်ငံသားအခွင့်အရေး လှုပ်ရှားမှုခေါင်းဆောင် 'မာတင်လူသာကင်း'၏ ရုပ်ပုံကို တွေ့မြင်နိုင်သည်။

## ၁.၂ နိုင်ငံရေးဆိုင်ရာ အဓိကကျသော အယူအဆများ

နိုင်ငံရေးတွင် ဝါဒနှင့် အယူအဆ အချို့တို့ကို တန်ဖိုးပိုင်းဖြတ်ရာ၌ လူပုဂ္ဂိုလ်ကိုလိုက်၍ တန်ဖိုးသတ်မှတ်ချက်များ၊ ပိုင်းဖြတ်မှုပုံစံများ ကွဲပြားနိုင်သည်။ ထိုနိုင်ငံရေးဆိုင်ရာ အယူအဆများအနက်မှ အရေးပါသည့် အယူအဆ (၃) ရပ်တို့မှာ အခွင့်အရေး (rights)၊ တန်းတူညီမျှမှု (equality) နှင့် လွတ်လပ်ခွင့် (liberty) တို့ ဖြစ်ကြသည်။

### အကြိုသင်ခန်းစာ

၁။ 'အခွင့်အရေး' များသည် နိုင်ငံရေးတွင် အဘယ့်ကြောင့် အရေးပါရသနည်း။

၂။ မည်သည့် အခွင့်အရေးများက နိုင်ငံရေးတွင် အရေးပါဆုံး ဖြစ်သနည်း။

### ၁.၂.၁ နိုင်ငံရေးနှင့် အခွင့်အရေးများ (Rights)

'အခွင့်အရေး' သည် စည်းကမ်းသတ်မှတ်ချက်များနှင့် အသွင်တူကြသည်။ ထို့အပြင် 'အခွင့်အရေး' များသည် အောက်ပါတို့ကို ဆောင်ကြဉ်းပေးနိုင်ကြသည်။

- လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် (သို့မဟုတ်)
- တစ်စုံတစ်ဦး (သို့မဟုတ်) တစ်စုံတစ်ရာ၏ ထိပါးနှောင့်ယှက်မှုမှ အကာအကွယ် ရရှိခွင့် (သို့မဟုတ်)
- တစ်စုံတစ်ရာကို တရားဝင် ရရှိနိုင်ခွင့်၊ လုပ်ဆောင်နိုင်ခွင့် စသည်တို့ ဖြစ်ကြသည်။

ဤအပိုင်းတွင် 'နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာအခွင့်အရေးများ' နှင့် 'လူမှုရေး၊ ယဉ်ကျေးမှုနှင့် စီးပွားရေးဆိုင်ရာ အခွင့်အရေးများ' ဟူသော အခွင့်အရေး (၂) ရပ်တို့ကို တင်ပြပေးထားသည်။

## (က) နိုင်ငံသားအခွင့်အရေးနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများ (First Generation Rights - ပထမမျိုးဆက် အခွင့်အရေးများ)

နိုင်ငံသားအခွင့်အရေးနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးဟူသည် တစ်ဦးချင်းလွတ်လပ်ခွင့်နှင့် သဘာဝအရ ရရှိပိုင်ဆိုင်အပ်သည့် ရပိုင်ခွင့်ဟူသော အယူအဆများအပေါ် အခြေခံထားသည်။ ထို့အပြင် အုပ်ချုပ်သူများအနေဖြင့် လုပ်ခွင့်မရှိသော ကိစ္စရပ်များရှိကြောင်း၊ ပြည်သူများအနေဖြင့် မိမိတို့အပေါ် သက်ရောက်နေသည့် နိုင်ငံရေးရာ ဆုံးဖြတ်မှုများ၌ ပါဝင်ကြရမည်ဖြစ်ကြောင်း ထောက်ပြထားကြသည်။

နိုင်ငံသားအခွင့်အရေးနှင့် နိုင်ငံရေးအခွင့်အရေးသဘောအရ လူတိုင်းသည် သက်ဆိုင်ရာ လူ့အဖွဲ့အစည်း၏ နိုင်ငံရေးဖြစ်စဉ်တွင် တန်းတူပါဝင်ဆောင်ရွက်ခွင့်ရှိရမည်။ လူတိုင်းသည် နိုင်ငံရေး ရာထူးနေရာများအတွက် မဲပေးရွေးချယ်ခွင့်ရှိသလို၊ မိမိကိုယ်တိုင်လည်း ရွေးချယ်ခံပိုင်ခွင့် ရှိရမည်။ လူတိုင်းသည် နိုင်ငံရေး ခွဲခြားဆက်ဆံရခြင်းမျိုးမှ ကင်းလွတ်ရမည်ဖြစ်သည်။ နိုင်ငံသားအခွင့်အရေးနှင့် နိုင်ငံရေးအခွင့်အရေးဟုဆိုရာတွင် အစိုးရယန္တရားတွင် ပါဝင်ဆောင်ရွက်ခွင့်၊ နိုင်ငံရေးအဖွဲ့အစည်းများ ဖွဲ့စည်းထူထောင်ခွင့်၊ ပါဝင်ခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်တို့ အကျုံးဝင်ပါသည်။

'နိုင်ငံသားအခွင့်အရေးနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများ' တွင် လူပုဂ္ဂိုလ်၊ အစုအဖွဲ့တစ်စု (အများအားဖြင့် အစိုးရတစ်ရပ်) က လူတစ်ဦးချင်းစီအပေါ် ခြိမ်းခြောက်ခြင်း၊ ဖမ်းဆီးထောင်ချခြင်း၊ ခွဲခြားဖိနှိပ်ခြင်း အစရှိသော လုပ်ရပ်များ မပြုမူနိုင်ကြောင်း ဖော်ပြထားသည်။ ထိုအခွင့်အရေးများကို ဖော်ဆောင်ပေးရာတွင် မည်သည့်အရင်းအနှီး အထောက်အပံ့မှ မလိုအပ်ကြောင်းကို တွေ့ရှိရသည်။ တစ်ခုတည်းသော လိုအပ်ချက်မှာ တစ်ဦးတစ်ယောက်၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို တစ်ပါးသူတစ်ဦးက မထိပါး မနှောင့်ယှက်ရန်သာ လိုအပ်သည်။

## (ခ) လူမှုရေး၊ ယဉ်ကျေးမှုနှင့် စီးပွားရေးဆိုင်ရာ အခွင့်အရေးများ (Second Generation Rights - ဒုတိယမျိုးဆက် အခွင့်အရေးများ)

ဤအခွင့်အရေးတို့သည် နိုင်ငံသားတစ်ဦး၏ လူ့အဖွဲ့အစည်းအတွင်း မည်သို့ ရပ်တည်နေထိုင်သည်၊ လုပ်ကိုင်စားသောက်သည်၊ အခြေခံလိုအပ်ချက်များကို မည်သို့ ဖြည့်ဆည်းရာဖွေသည် အစရှိသည်တို့နှင့် ဆက်နွယ်နေကြသည်။ ထိုအခွင့်အရေးများ စတင်ရေပန်းစားလာခဲ့သည်မှာ ၁၉ ရာစုနှစ်ရှိ စက်မှုခေတ်ပြောင်းကာလနှင့် အလုပ်သမားလူတန်းစားတို့ ပေါ်ပေါက်လာချိန်တွင်ဖြစ်သည်။ ထိုသူတို့၏ အဆိုအရ လူသားတို့ ဂုဏ်သိက္ခာကို ဖော်ညွှန်းရာတွင် နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများလောက်နှင့် မလုံလောက်။ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အခြေခံလိုအပ်ချက်များဖြစ်သည့် အိမ်ယာ၊ ပညာရေး၊ အလုပ်အကိုင် အစရှိသည်တို့ကိုပါ ရရှိခံစားနိုင်ခွင့်ရှိရမည်ဖြစ်ကြောင်း ထောက်ပြထားကြသည်။

'လူမှုရေး၊ ယဉ်ကျေးမှုနှင့် စီးပွားရေးဆိုင်ရာ အခွင့်အရေး ဆိုသည်မှာ' သည် နိုင်ငံသားတိုင်း တူမျှသည့် အရင်းအမြစ်များ၊ ဝန်ဆောင်မှုများ၊ အခွင့်အလမ်းများ ရရှိပိုင်ဆိုင်နိုင်ရေးအတွက် အာမခံချက်ပင် ဖြစ်သည်။ ထိုအခွင့်အရေးများ၏ ရည်ရွယ်ရင်းမှာ လူမှုရေး၊ စီးပွားရေးအရ တန်းတူညီမျှမှုများ ဖော်ဆောင်ပေးနိုင်ရန်ပင်ဖြစ်သည်။ ထိုအခွင့်အရေးများတွင် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခွင့်အရေးများ၊ သင့်တင့်မျှတသည့် နေရာအဆောက်အအုံ ပိုင်ဆိုင်ခွင့် အစရှိသည်တို့ ပါဝင်ပြီး အလုပ်လုပ်ခွင့်၊ အိုမင်းသူများနှင့် မသန်စွမ်းသူတို့အတွက် ထောက်ပံ့ပေးမှုများ ပါဝင်ကြသည်။

‘နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများ’ နှင့် မတူညီသည့်အချက်မှာ ‘လူမှုရေး၊ ယဉ်ကျေးမှုနှင့် စီးပွားရေးဆိုင်ရာ အခွင့်အရေးများ’ သည် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း တစ်ရပ်ရပ်က ဖော်ဆောင်ပေးရန်လိုသည်။ ဥပမာအားဖြင့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခွင့်အရေးများကို အကောင်အထည်ဖော်ရာတွင် အစိုးရအဖွဲ့အစည်းတို့၏ ထောက်ပံ့ပေးမှုများ (ကျောင်း/ဆေးရုံတို့ ဆောက်လုပ်ပေးခြင်း)၊ ဝန်ဆောင်မှုများ (ကျောင်းဆရာများ/ဆရာဝန်များထားရှိ ခန့်အပ်ခြင်း) အစရှိသည်တို့ကို လိုအပ်ပေသည်။




▲ စင်္ကာပူနိုင်ငံအပါအဝင် နိုင်ငံအများစုတွင် လွတ်လပ်စွာ ပြောဆိုနိုင်ခွင့်နှင့် အခြားသော အခွင့်အရေးများကို ပေးနိုင်ရန် ကြိုးစားလျက် ရှိကြသည်။

**ပြန်လည်သုံးသပ်ချက်**

ထိုအခွင့်အရေး (၂) ရပ် တို့တွင် မည်သည့် အခွင့်အရေးတို့က ပိုမို အရေးပါသည်ဟု သုံးသပ်မိသနည်း။ အဘယ်ကြောင့်နည်း။



## မြန်မာ့ရေးရာ

## ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများ

နိုင်ငံသားဆိုင်ရာ အခွင့်အရေးများနှင့် ပတ်သက်၍ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အောက်ပါအချက်များ ဖော်ပြပါရှိသည်ကို တွေ့ရှိရသည်။

၁။ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာတို့ကို အကြောင်းပြု၍ ခွဲခြားမှု မရှိစေရ။

၂။ ပြည်သူ့ဝန်ထမ်း တာဝန်ထမ်းဆောင်မှု၊ အလုပ်လုပ်ကိုင်မှု၊ ကုန်သွယ်ရောင်းဝယ်ဖောက်ကားမှုနှင့် စီးပွားရေး အစရှိသည့် လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် တူညီသော အခွင့်အလမ်းများ ရရှိစေရမည်။

၃။ မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေး ရရှိစေရမည်။

၄။ မိခင်များ၊ ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင် အမျိုးသမီးများအနေဖြင့် သက်ဆိုင်ရာ အခွင့်အရေးများကို အညီအမျှ ခံစားခွင့် ရှိစေရမည်။

၅။ အလုပ်အကိုင်ခန့်ထားခြင်းနှင့် နိုင်ငံ့ဝန်ထမ်း ရွေးချယ်တာဝန်ပေးရာတွင် မည်သည့်အကြောင်းကြောင့်မျှ ခွဲခြားမှုများမရှိစေရ၊ (သို့ရာတွင် အမျိုးသားများနှင့်သာ လျော်ကန်သင့်မြတ်သည့် ရာထူးတာဝန်များအတွက် အမျိုးသားများအား ရွေးချယ်ခန့်ထားခြင်းကို ဤပုဒ်မအရ အဟန့်အတား မဖြစ်စေရ။)

၆။ မည်သူ့ကိုမျှ တည်ဆဲဥပဒေနှင့်အညီမှတစ်ပါး အသက်ကိုဖြစ်စေ၊ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုကိုဖြစ်စေ နစ်နာဆုံးရှုံးမှု မရှိစေရ။

၇။ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး (သို့မဟုတ်) ပြည်သူတို့၏ ကိုယ်ကျင့်တရား အကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်၊ စီတန်းလှည့်လည်ခွင့်၊ အစည်းအရုံး၊ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်များ ဆောင်ရွက်ခွင့်ရှိသည်။

၈။ နိုင်ငံသားများ၏ တရားဝင် ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ကို ကာကွယ်ပေးရမည်။

၉။ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် နိုင်ငံသားများ၏ နေအိမ်ဥပစာ လုံခြုံမှု၊ ပစ္စည်းလုံခြုံမှု၊ စာပေးစာယူနှင့် အခြားဆက်သွယ်ရေးဆိုင်ရာ လုံခြုံမှုများအတွက် ဥပဒေအရ ကာကွယ်ပေးရမည်။

၁၀။ ကျေးကျွန်ပြုမှုနှင့် လူကုန်ကူးမှုတို့ကို တားမြစ်သည်။

**လေ့ကျင့်ခန်း**

၁။ အထက်ပါ အခွင့်အရေးများကို ဖော်ပြပါ ဇယား၏ သင့်လျော်သော နေရာတွင် ဖြည့်စွက်ပေးပါ။

၂။ မည်သည့် နိုင်ငံသားဆိုင်ရာ အခွင့်အရေးများက ပိုမို အတွေ့ရ များသနည်း။ ထိုအခွင့်အရေးများက ဖွဲ့စည်းပုံ အခြေခံဥပဒေကို မည်သို့ ထင်ဟပ်လျက် ရှိသနည်း။

၁၁။ ဥပဒေကျူးလွန်၍ ပြစ်ဒဏ်ပေးခြင်းကိုခံရသဖြင့် အလုပ်ဒဏ် ထမ်းဆောင်ခိုင်းခြင်းနှင့် အများပြည်သူအကျိုးအတွက် ဆောင်ရွက်ရန် နိုင်ငံတော်က ဥပဒေနှင့်အညီ တာဝန်ချထားခြင်းမှတစ်ပါး အဓမ္မစေခိုင်းခြင်းကို တားမြစ်သည်။

၁၂။ ငြိမ်ဝပ်ပိပြားရေးနှင့်သော်လည်းကောင်း၊ ပြည်သူ့ကိုယ်ကျင့်တရားနှင့်သော်လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးနှင့်သော် လည်းကောင်း မဆန့်ကျင်လျှင် ဘာသာသာသနာရေးတွင် လွတ်လပ်စွာယူဆနိုင်သော အခွင့်အရေး၊ လွတ်လပ်စွာ ကိုးကွယ် ဆောက်တည်နိုင်သော အခွင့်အရေးတို့ကို အညီအမျှ ရရှိစေရမည်။ နိုင်ငံရေးကိစ္စအလို့ငှာ ဘာသာသာသနာကို အလွဲသုံးစား မပြုရ။

၁၃။ ပညာသင်ကြားပိုင်ခွင့်နှင့် မသင်မနေရ အခြေခံပညာများကို သင်ကြားရေး။

၁၄။ နိုင်ငံတော်က ချမှတ်ထားသော ကျန်းမာရေးဆိုင်ရာ မူဝါဒများနှင့်အညီ ကျန်းမာရေး စောင့်ရှောက်မှုကို ခံယူခွင့်ရှိသည်။

၁၅။ သက်ဆိုင်ရာ ဥပဒေများနှင့်အညီ လွှတ်တော်အသီးသီးတွင် ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်။

၁၆။ စီးပွားရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။ ကိုယ်ပိုင်တီထွင်ခွင့်၊ မူပိုင်ခွင့်တို့ကို နိုင်ငံတော်က အာမခံသည်။

၁၇။ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသူတစ်ဦးဦးသည် ဥပဒေနှင့်အညီ ခုခံချေပခွင့် ရှိစေရမည်။

၁၈။ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူ အေးချမ်းသာယာရေးနှင့် အများပြည်သူအကျိုးငှာ ဥပဒေနှင့်အညီ ကြိုတင်ကာကွယ်ထားရှိရန် လိုအပ်သောကိစ္စ (သို့) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ခွင့်ပြုသည့်ကိစ္စမှတစ်ပါး စီရင်ပိုင်ခွင့်မရှိသော တရားသူကြီး ချုပ်မိန့်မရရှိဘဲ မည်သူ့ကိုမျှ ၂၄ နာရီ ထက်ပို၍ ချုပ်နှောင်ခြင်း မပြုရ။

၁၉။ နိုင်ငံခြားတိုင်းတစ်ပါးနှင့် ဆက်ဆံသော နိုင်ငံသားတိုင်းသည် ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ နိုင်ငံတော်၏ ကာကွယ် စောင့်ရှောက်မှုကို တောင်းခံခွင့်ရှိသည်။

၂၀။ နိုင်ငံသားများအနေဖြင့် မျှတသော တရားစီရင်မှုများကို ခံစားပိုင်ခွင့် ရှိသည်။ (တိုင်းတပါးမှ ကျူးကျော်ဝင်ရောက်တိုက်ခိုက်ချိန်၊ ဆူပူသောင်းကျန်းမှုများ ဖြစ်ပေါ်နေချိန်၊ အရေးပေါ်အခြေအနေ ဖြစ်ပေါ်နေချိန်များတွင်မှ သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။)

၂၁။ အမျိုးသမီးများသည် တူညီသော အလုပ်အတွက် အမျိုးသားများ ခံစားခွင့်ရှိသော အခွင့်အရေးနှင့် လစာတို့ကို ခံစားခွင့် ရှိသည်။

| နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများ | လူမှုရေး ယဉ်ကျေးမှုနှင့် စီးပွားရေးဆိုင်ရာ အခွင့်အရေးများ |
|---|---|
| | |

## ပြန်လည်သုံးသပ်ချက်

### နိုင်ငံသား အခွင့်အရေးများပြ ပိရမစ်

၁။ အတန်းဖော်တစ်ဦးနှင့် တွဲဖက်ပါ။ စာမျက်နှာ (၁၆၊ ၁၇) တွင် ပါရှိသည့် နိုင်ငံသားဆိုင်ရာ အခွင့်အရေး (၆) ခု ၏ အရေးပါမှု အစီအစဉ်အလိုက် အောက်ပါ ပိရမစ်ပုံတွင် ၂ ဦးတွဲ ဖြည့်စွက်ပေးပါ။

၂။ အခြား တစ်တွဲနှင့် ဆက်လက် ပူးပေါင်း၍ အဖွဲ့ဝင် (၄) ဦး စလုံး သဘောတူသည့် နိုင်ငံသားဆိုင်ရာ အခွင့်အရေးများပြ ပိရမစ်တစ်ခု ထပ်မံ ရေးဆွဲပေးပါ။

၃။ ထိုနည်းအတိုင်း အဖွဲ့များ အဆင့်ဆင့် ပူးတွဲ လုပ်ဆောင်ကြပြီး အဆုံးတွင် တစ်တန်းလုံး သဘောတူ လက်ခံသည့် နိုင်ငံသားဆိုင်ရာ အခွင့်အရေးများပြ ပိရမစ်တစ်ရပ် ပြုစုပေးပါ။

၄။ ထိုပိရမစ်က စာသင်ခန်းတွင်းရှိ ကျောင်းသားတိုင်း၏ တန်ဖိုးထားမှုများကို မည်သို့ ထင်ဟပ်နေသနည်း။

၅။ အထက်ပါ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် မည်သည့် အခက်အခဲများ ကြုံတွေ့ခဲ့ရ သနည်း။ ထိုအခက်အခဲများတွင် ‘ပဋိပက္ခများ’ နှင့် ‘လက်တွဲလုပ်ဆောင်မှုများ’ က မည်သို့ ပါဝင်ပတ်သက်နေသနည်း။

၆။ ထိုအခက်အခဲများကို မည်သို့ ရင်ဆိုင် ကျော်လွှားနိုင်ခဲ့သနည်း။

၇။ ထိုအခက်အခဲမျိုး ဆက်လက် မကြုံတွေ့အောင် မည်သည့် စည်းမျဉ်းစည်းကမ်းမျိုး ထားရှိ ကျင့်သုံး မည်နည်း။



## ၁.၂.၂ တန်းတူညီမျှမှု (Equality)

'တန်းတူညီမျှမှု' ဆိုသည်မှာ တစ်နည်းနည်းအရ တူညီမှုရှိခြင်းကို ဆိုလိုသည်။ နိုင်ငံရေးဆိုင်ရာ ညီမျှမှုများမှာ လူတိုင်းအနေဖြင့် တန်ဖိုး၊ လွတ်လပ်မှုများနှင့် အခွင့်အရေးတို့အရ တန်းတူ ပိုင်ဆိုင်နိုင်ခြင်းကို ဆိုလိုသည်။ ထိုသဘောတရားကို ဒီမိုကရေစီစနစ်၏ အခြေခံသဘော ဖြစ်သည့် နိုင်ငံသားတစ်ဦးလျှင် မဲတစ်မဲ ပေးခွင့်ရှိခြင်းကဲ့သို့ လက်တွေ့အသုံးချမှု ပုံစံများ တွင် တွေ့ရှိနိုင်သည်။ သို့ရာတွင် 'တန်းတူညီမျှမှု' ကို တိကျစွာ အဓိပ္ပာယ် ဖွင့်ဆိုသည့်အခါနှင့် မည်သို့သော တန်းတူညီမျှမှုက အရေးပါဆုံး ဖြစ်သည်ကို ဆုံးဖြတ်ရာမျိုး၌ အမြင်သဘောထား ကွဲလွဲနိုင်ကြသည်။ ထိုကွဲလွဲမှုများသည် အခွင့်အရေး တူညီစွာရရှိမှု (ဝါ) ခွင့်တူညီမျှမှု (equality of opportunity) နှင့် အကျိုးတူညီစွာ ခံစားရရှိမှု (ဝါ) သာတူညီမျှမှု (equality of outcome) ဟူသည့် အယူအဆ (၂) ရပ် အပေါ် အခြေခံပြီး ပေါ်ပေါက်လာခြင်း ဖြစ်သည်။

### (က) ခွင့်တူညီမျှမှု (Equality of Opportunity)

'ခွင့်တူညီမျှမှု' သဘောအရ နိုင်ငံသားတိုင်းအပေါ် စည်းမျဉ်းများ၊ ဥပဒေများနှင့်အညီ တန်းတူဆက်ဆံရန် လိုအပ်သည်။ မည်သူ တစ်ဦးတစ်ယောက်ကိုမျှ ခွဲခြားဖိနှိပ်ခြင်းမျိုး၊ အထူးအလေးပေးခြင်းမျိုး မထားရှိရချေ။

'ခွင့်တူညီမျှမှု' သည် နိုင်ငံသားတိုင်း နိုင်ငံရေးဆိုင်ရာ အခွင့်အလမ်းများ တန်းတူ ပိုင်ဆိုင် ရရှိခြင်းဟုလည်း ဖွင့်ဆိုနိုင်သည်။ နိုင်ငံသားတိုင်းအနေဖြင့် တန်းတူအခွင့်အလမ်းများ ဖြစ်သည့် လွတ်လပ်စွာ ထုတ်ဖော်ဝေဖန်ခွင့်၊ မဲပေးခွင့်၊ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင် နိုင်ခွင့်တို့ကို ရရှိကြရမည်ဖြစ်သည်။

သို့ရာတွင်လည်း ဆင်းရဲချမ်းသာ ကွာဟမှုများ၊ ပညာအရည်အချင်း မတူညီမှုများက ညီမျှမှုကို ဖော်ဆောင်ပေးရာတွင် အဟန့်အတား ဖြစ်စေနိုင်ပေသည်။ ဥပမာဆိုရသော် ဆင်းရဲပြီး ပညာမဲ့သူတစ်ဦးနှင့် ချမ်းသာ၍ ပညာနောက်ခံကောင်းမွန်သူနှစ်ဦးတို့ မဲပေးခွင့်ရရှိပုံခြင်း တူညီမည် ဖြစ်သော်လည်း ထိုပုဂ္ဂိုလ်နှစ်ဦးတို့ ရွေးကောက်ပွဲအတွက် ဝင်ရောက် အရွေးခံမည် ဆိုပါက ချမ်းသာသော ပုဂ္ဂိုလ်သာလျှင် အထောက်အပံ့ကောင်းမှု၊ နောက်ခံအသိုင်းအဝိုင်း တောင့်တင်းမှုတို့ကြောင့် အနိုင်ရရှိနိုင်ပေမည်။

### (ခ) သာတူညီမျှမှု (Equality of Outcome)

'သာတူညီမျှမှု' ဆိုသည်မှာ နိုင်ငံသားတိုင်းသည် ပဓာန လိုအပ်ချက်များ ဖြစ်သည့် စားဝတ်နေရေး၊ အလုပ်အကိုင်၊ ပညာရေး အစရှိသည်တို့အတွက် တန်းတူရပိုင်ခွင့် ရှိသည်ကို ဆိုလိုပေသည်။

'သာတူညီမျှမှု' ကို ထောက်ခံကြသူတို့က တရားဥပဒေသည် လူတိုင်းအပေါ် တန်းတူ သက်ရောက်မှု ရရုံမျှဖြင့် နိုင်ငံရေးအရ ညီမျှမှု ရှိနိုင်မည်ဟူသော အဆိုကို ကန့်ကွက်ထား ကြသည်။ 'နိုင်ငံရေးနှင့် နိုင်ငံသားဆိုင်ရာ အခွင့်အရေးများ' သတ်မှတ်ကျင့်သုံးကာမျှဖြင့် နိုင်ငံရေးဆိုင်ရာ ညီမျှမှုများကို ဖော်ဆောင်ပေးနိုင်မည် မဟုတ်ကြောင်း ဝေဖန်ထောက်ပြ ထားသည်။ ထိုအခွင့်အရေးများအပြင် နိုင်ငံသားတို့၏ လူမှုရေး၊ စီးပွားရေးဆိုင်ရာ အခြေအနေများကို လေ့လာအကဲခတ်သင့်ကြောင်းလည်း ဆိုထားသည်။ ဥပမာဆိုရသော် အရွယ်ရောက်ပြီးသူတိုင်း မဲပေးခွင့်ရှိကြောင်း သတ်မှတ်ထားသည်မှာ မှန်သော်လည်း မဲစာရွက်တွင် ရေးသားထားသည်တို့ကို ဖတ်ရှုနားလည်နိုင်ခြင်း မရှိသည့်သူများ ပါဝင်နေ ပါက ထိုဖြစ်ရပ်ကို 'ညီမျှမှု' ရှိသည်ဟု ခေါ်ဆိုနိုင်မည် မဟုတ်ချေ။

**အကြိုသင်ခန်းစာ**

၁။ 'ညီမျှမှု' ကို မည်သို့နားလည် လက်ခံထားသနည်း။

၂။ မိမိတို့ သက်ဆိုင် ပါဝင်လျက်ရှိသည့် အသိုင်းအဝိုင်းသည် တန်းတူညီမျှမှု ရှိသည့် အသိုင်းအဝိုင်း ဖြစ်ပါသလား။



နိုင်ငံရေး၌ 'သာတူညီမျှမှု' ဆိုသည်မှာ လူတိုင်းသည် နိုင်ငံရေးတွင် တန်းတူ ပါဝင်ဆောင်ရွက်ခွင့်ရှိပြီး ထိုသို့ ပါဝင်ဆောင်ရွက်နိုင်ရန် လိုအပ်သည့် အခြေခံအရင်းအမြစ်များကို ရရှိ ခံစားနိုင်ခွင့် ရှိရမည်ဟု ဆိုလိုပါသည်။ 'သာတူညီမျှရေး' ကို ထောက်ခံသူများက ပြည်သူတို့အနေနှင့် နိုင်ငံရေးတွင် ပါဝင် ဆောင်ရွက်နိုင်ရန် ပိုင်ဆိုင်ခွင့်ရှိသည့် နေရာထိုင်ခင်း၊ ဥစ္စာဓန၊ ပညာရေး၊ အလုပ်အကိုင် စသည့် အခွင့်အလမ်းများ ရပိုင်ခွင့်များကို အစိုးရက စီမံဖန်တီးပေးရန် တာဝန်ရှိသည်ဟု ဆိုကြသည်။

'သာတူညီမျှမှု' ကို လူ့အဖွဲ့အစည်းတစ်ရပ်အတွင်း ဖော်ဆောင်ပေးရာတွင် အရင်းအမြစ်များကို (အစိုးရမှ) ပြန်လည်ချထားသတ်မှတ်ပေးရန် လိုအပ်သည်။ ဤသည်က အငြင်းပွားဖွယ် အခြေအနေမျိုး ပေါ်ပေါက်လာစေနိုင်သည်။ သာတူညီမျှမှု ရရှိပိုင်ဆိုင်နိုင်ရေး ဆိုရာ၌ ဆင်းရဲနွမ်းပါးသူများကို အရင်းအမြစ်များ ပိုမို ပေးအပ်ရန်ဟု ဖွင့်ဆိုနိုင်ပြီး ထိုအရင်းအမြစ်များကို ချမ်းသာကြွယ်ဝသူတို့ထံမှ ရယူရန်ဟူ၍လည်း အနက်ရပေသည်။

## ဆွေးနွေးချက်

သင်ခန်းစာ (၁.၂.၂) ကို လေ့လာ ဖတ်ရှုပြီးပါက

၁။ မိမိတို့၏ လူမှုပတ်ဝန်းကျင်တွင် တွေ့ရှိရသည့် ညီမျှမှု မရှိသည့် အခြေအနေများ (ဥပမာ – ကျား / မ ကွဲပြားမှု၊ ဆင်းရဲချမ်းသာ ကွာဟမှုတို့အပေါ် အခြေခံ ဖြစ်ပွားသည့် မညီမျှမှုများ) ကို ဖော်ထုတ်ပေးပါ။

၂။ 'ခွင့်တူညီမျှမှု' တို့ကို ဖော်ဆောင်ပေးခြင်းဖြင့် လူသားအချင်းချင်းကြား ညီမျှမှုများကို ဖော်ဆောင်ပေးနိုင်မည်ဟု ထင်ပါသလား။ အဘယ်ကြောင့်နည်း။

## လေ့ကျင့်ခန်း

၁။ 'နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများ' သတ်မှတ် ကျင့်သုံးခြင်းဖြင့် မည်သို့သော တန်းတူညီမျှမှုများ ဆောင်ကြဉ်း ပေးနိုင်မည်နည်း။

၂။ 'လူမှုရေး၊ ယဉ်ကျေးမှုနှင့် စီးပွားရေးဆိုင်ရာ အခွင့်အရေးများ' သတ်မှတ် ကျင့်သုံးခြင်းဖြင့် မည်သို့သော တန်းတူညီမျှမှုများ ဆောင်ကြဉ်း ပေးနိုင်မည်နည်း။

## ဆွေးနွေးချက်

၁။ 'သာတူညီမျှမှု' များ ဖော်ဆောင်ပေးခြင်း၏ အကျိုး၊ အပြစ်တို့ကို ဖော်ပြပေးပါ။

၂။ အစိုးရအဖွဲ့အစည်းများအနေဖြင့် 'သာတူညီမျှမှု' များကို ဖော်ဆောင် ပေးသင့်သည်ဟု ထင်ပါသလား။ အဘယ်ကြောင့်နည်း။

## လက်တွေ့ အသုံးချ အယူအဆများ

### ခွဲခြားဆက်ဆံမှုနှင့် အနိမ့်ခံဘ၀ လွတ်မြောက်ရေး ပံ့ပိုးမှု (Discrimination and Affirmative Action)

ခွဲခြားဆက်ဆံမှု ဆိုသည်မှာ တူညီသော အခြေအနေတစ်ခုတည်းအောက်တွင် တစ်ဦးတစ်ယောက်၊ လူမှုအစုအဖွဲ့တစ်ခုသည် အခြားသော လူမှုအစုအဖွဲ့များနှင့် ကွဲပြားစွာ ဆက်ဆံခံရခြင်းကို ဆိုလိုပါသည်။ လူတို့သည် မိမိတို့၏ အသက်အရွယ်၊ လိင်၊ ကိုယ်အင်္ဂါချို့တဲ့မှု၊ လူမျိုး၊ ဇာတ်၊ နိုင်ငံရေးယုံကြည်ချက်၊ ဘာသာတရား၊ ဘာသာစကား၊ လိင်စိတ်ထူးခြားမှု၊ ယဉ်ကျေးမှုနှင့် အခြားသော အကြောင်းအရာများစွာတို့ကို အကြောင်းပြု၍ ခွဲခြားဆက်ဆံမှုခံရနိုင်ပါသည်။ တရားမဲ့ ခွဲခြားဆက်ဆံမှု ဆိုသည်မှာ လူ့အဖွဲ့အစည်းတစ်ခုသည် အခြားသော လူများထက်ပို၍ ဆိုးရွားစွာ ပြုမူဆက်ဆံခံရခြင်းကို ဆိုလိုပါသည်။

အတိတ်ကာလက အစုအဖွဲ့တစ်ရပ်ရပ်အပေါ် ခွဲခြားမှုများ ကျင့်သုံးခဲ့သည့် တိုင်းပြည်များတွင် အစိုးရအနေဖြင့် 'အနိမ့်ခံဘ၀ လွတ်မြောက်ရေး ပံ့ပိုးမှု' (affirmative action) များ ဖော်ဆောင်ပေးတတ်ကြသည်။ ထိုဖြစ်စဉ်ကို 'ကောင်းကျိုးဦးတည် ခွဲခြားမှု' (positive discrimination) ဟုလည်း သုံးနှုန်းတတ်ကြသည်။ ထိုခွဲခြားမှုတွင် ခွဲခြားဆက်ဆံခံခဲ့ရသည့် အစုအဖွဲ့တစ်ရပ်လုံး အကျိုးခံစားနိုင်စေမည့် မူဝါဒများ၊ စည်းမျဉ်းစည်းကမ်းများ ချမှတ်ကျင့်သုံးပေးခြင်းတို့ ပါဝင်ကြသည်။ အထူးသဖြင့် ပညာရေး၊ အလုပ်အကိုင်နှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများ ခံစားခွင့်ရရှိနိုင်စေရန် ဖော်ဆောင်ပေးတတ်ကြပေသည်။

အတိတ်ကာလအတွင်းက ခွဲခြားဖိနှိပ်မှုကြောင့် ဖြစ်ပေါ်ခဲ့သည့် အကျိုးဆက်များကို သင်ပုန်းချေနိုင်ရန်အတွက် ထိုကူညီထောက်ပံ့ပေးမှုများမှာ လိုအပ်လှကြောင်း ထောက်ခံသူတို့က ဆိုထားသည်။ သို့မှလည်း တန်းတူညီမျှမှုများကို အသက်ဝင်စေမည် ဖြစ်သည်။ ထိုလုပ်ငန်းစဉ်များသည် ကာလကြာမြင့်စွာ ဖိနှိပ်ခံထားရသူများ အားကြီးသူအဖွဲ့များနှင့် ရင်ဘောင်တန်းလာနိုင်ကြပြီး ညီညွတ်မျှတမှု ပေါ်ထွန်းစေရေးတွင် အခရာကျလှကြောင်း ထောက်ခံ ပြောဆိုထားကြသည်။

'အနိမ့်ခံဘ၀ လွတ်မြောက်ရေး ပံ့ပိုးမှု' (affirmative action) ကို ကန့်ကွက်သူတို့က ထိုလုပ်ငန်းစဉ်များသည် ခွဲခြားမှုတစ်မျိုးသာဖြစ်ပြီး လူတစ်ဦးချင်းစီ၏ လွတ်လပ်မှုကို ထိပါးရာရောက်ကြောင်း ဝေဖန်ကြသည်။ လူ့အဖွဲ့အစည်းအတွင်း အခွင့်အရေးများ သတ်မှတ်ကျင့်သုံးကြရာတွင် အသားအရောင်၊ ဘာသာစကား၊ ကျား/မ၊ ကိုးကွယ်မှု အစရှိသည်တို့ကို အခြေခံအချက်များအဖြစ် ထည့်သွင်းမစဉ်းစားသင့်ကြောင်း ဝေဖန်ထားသည်။ ထိုလူ့အဖွဲ့အစည်းတွင် တန်းတူအခွင့်အရေးများ ရရှိပိုင်ဆိုင်နေကြပါက 'အနိမ့်ခံဘ၀ လွတ်မြောက်ရေး ပံ့ပိုးမှု' များပင် မလိုအပ်ကြောင်း ကန့်ကွက် ဝေဖန်ထားပေသည်။

ပုံ (၁) ပုံ (၂)




### လေ့ကျင့်ခန်း

ဖော်ပြပါ ကာတွန်းရုပ်ပုံကို ကြည့်ရှု သုံးသပ်ပါ။ သင်ခန်းစာ (၁.၂.၂) တွင် လေ့လာခဲ့သည်တို့နှင့် မည်သို့ ဆက်နွယ်နေကြသနည်း။

### ပြန်လည်သုံးသပ်ချက်

လုပ်ငန်းခွင်အသီးသီးတွင် ဝင်ရောက်လုပ်ကိုင်သူ ကျား/ မ အချိုးအစား တူညီပြီး၊ တိုင်းရင်းသား လူနည်းစု ၁၀ ရာခိုင်နှုန်းခန့် ပါဝင်ဖွဲ့စည်းရမည်ဟု သတ်မှတ်မည် ဆိုပါက ထိုသတ်မှတ်ချက်အပေါ် မည်သို့ ခံစားမိမည်နည်း။

## အကြိုသင်ခန်းစာ

‘လွတ်လပ်ခွင့်’ ဟူသော ဝေါဟာရကို မည်သို့ နားလည်ထားသနည်း။



▲ ‘မီးရှူးတန်ဆောင်’ ကို လွတ်လပ်ခွင့်၏ အမှတ်သင်္ကေတအဖြစ် အသုံးပြုလေ့ရှိသည်။

## ၁.၂.၃ လွတ်လပ်ခွင့် (Liberty)

‘လွတ်လပ်ခွင့်’ ဆိုသည်မှာ လူသားတစ်ဦးအနေဖြင့် မိမိတို့ စိတ်ဆန္ဒရှိသည့်အတိုင်း လုပ်ငန်းတစ်ရပ်ရပ်ကို အနှောင့်အယှက်ကင်းကင်း၊ အချုပ်အခြယ်ကင်းကင်းဖြင့် ဖော်ဆောင်ခွင့်ရခြင်းကို ဆိုလိုသည်။ ထိုယူဆချက်တွင် လွတ်လပ်စွာ ဝေဖန်ပြောဆိုခွင့်၊ လွတ်လပ်စွာ စည်းရုံးခွင့်၊ လွတ်လပ်စွာ ကိုးကွယ်ခွင့်နှင့် အခြားနိုင်ငံသားဆိုင်ရာ လွတ်လပ်ခွင့်များ ပါဝင်သည်။

‘ခွင့်တူညီမျှရေး’ ကို ထောက်ခံကြသူများက နိုင်ငံသားတို့၏ ပုဂ္ဂလိက လွတ်လပ်ခွင့်ကို ကာကွယ်ပေးရန်မှာ အစိုးရ၏ အဓိက တာဝန်ဖြစ်သည်ဟု ဆိုထားသည်။ အစိုးရအနေဖြင့် သက်ဆိုင်ရာ ‘လူ့အဖွဲ့အစည်းနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများ’ ရရှိခံစားနိုင်ရန် ဖော်ဆောင်ပေးနိုင်လျှင် အစိုးရအခန်းကဏ္ဍ ပြည့်စုံပြီးမြောက်သည်ဟုဆိုသည်။ ထို့အပြင် အခွန်ဆောင်စေခြင်း၊ အစိုးရကျောင်းများတွင်သာ တက်ရောက် သင်ကြားရမည်ဟု သတ်မှတ်ခြင်း၊ အတင်းအကြပ် စစ်မှုထမ်းစေခြင်း အစရှိသော လုပ်ရပ်တို့ကို အစိုးရဘက်က လုပ်ဆောင်ခြင်းသည် နိုင်ငံသားတို့၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ကန့်သတ်ရာရောက်ကြောင်းလည်း ထောက်ပြထားသည်။

နိုင်ငံရေး လွတ်လပ်ခွင့်ကို အဆုံးစွန် ထောက်ခံသည့် အမာခံပုဂ္ဂိုလ်များကို ‘လွတ်လပ်ခွင့်ဗဟိုပြုဝါဒီ’ (libertarians) ဟုလည်း ခေါ်ဝေါ်သတ်မှတ်ကြသည်။ ထိုသူတို့၏ အဆိုအရ လူသားတိုင်း ကိုယ့်ဘဝကိုယ် စီမံပိုင်ခွင့်ရှိရမည် ဖြစ်ကြောင်း၊ တစ်ပါးသူ၏ လွတ်လပ်မှုကို မထိပါးပါက ကိုယ်ပိုင်လွတ်လပ်ခွင့်ကို အပြည့်အဝ ခံစားနိုင်ကြောင်း ဆိုထားကြသည်။ ထို့အတူ အစိုးရ၏ ထိန်းမတ်မှု မလိုအပ်ကြောင်းနှင့် ထိုထိန်းမတ်မှုသည် အန္တရာယ်ပင် ဖြစ်စေနိုင်သည်ဟုလည်း ဆိုထားပေသည်။ နိုင်ငံသားများအနေဖြင့် လွတ်လပ်စွာ ရွေးချယ်မှုများ ပြုလုပ်နိုင်ရမည်ဖြစ်ပြီး ထိုရွေးချယ်မှုကြောင့် ဖြစ်ပေါ်လာသည့် အကျိုးဆက်များကိုလည်း တာဝန်ယူရဲရမည်ဟု ယုံကြည်ထားကြသည်။




▲ တူနီးရှားအမျိုးသမီးများ အစိုးရ၏ ဝင်ရောက်စွက်ဖက်မှုများအတွက် ထုတ်ဖော် ဆန္ဒပြနေစဉ်။

'သာတူညီမျှမှု' ဝါဒီသမားများကမူ အဆိုပါ လွတ်လပ်ခွင့်ဆိုင်ရာ အယူအဆများကို ဝေဖန် ကန့်ကွက်ထားသည်ကို တွေ့ရသည်။ နိုင်ငံသားများအနေဖြင့် အလုပ်အကိုင်၊ ဥစ္စာနေ၊ ပညာရေး အစရှိသည့် အရင်းအမြစ်များကို မရရှိနိုင်ပါက လွတ်လပ်ခွင့် ဆိုသည်မှာလည်း အဓိပ္ပာယ် ကင်းမဲ့လုကြောင်း ထောက်ပြထားသည်။ ဆင်းရဲချမ်းသာ ကွာဟမှုများ ရှိနေသေးပါက ထိုလူမှုအသိုင်းအဝိုင်းသည် ညီညွတ်မျှတမှုရှိသည့် လွတ်လပ်ခွင့်များကို ရရှိနိုင်မည် မဟုတ်ကြောင်း ဆိုထားသည်။ အစိုးရအဖွဲ့အနေဖြင့်လည်း အပယ်ခံ အစုအဖွဲ့တို့၏ အကျိုးအတွက် ပိုမို အားစိုက် လုပ်ဆောင်ပေးရမည် ဖြစ်ကြောင်း၊ သို့မှလည်း ထိုသူတို့အတွက် တန်းတူလွတ်လပ်ခွင့်နှင့် ရွေးချယ်ခွင့်များ ဖန်တီးပေးနိုင်မည် ဖြစ်ကြောင်း တိုက်တွန်းထားပေသည်။ တစ်နည်းအားဖြင့် တောင့်တင်းသည့် အစုအဖွဲ့များ၊ ပုဂ္ဂိုလ်များထံမှ အရင်းအမြစ်နှင့် အခွင့်အလမ်းများကို ဝေမျှပေးရန် လိုအပ်သည်ဟု အဓိပ္ပာယ် ကောက်နိုင်ပေသည်။

## လေ့ကျင့်ခန်း

ဖော်ပြပါ ဇယားကို ကြည့်ရှု သုံးသပ်ပြီး အောက်ပါ မေးခွန်းတို့ကို ဖြေဆိုပေးပါ။

၁။ အမေရိကန်ပြည်ထောင်စုတွင် 'တန်းတူညီမျှမှု' နှင့် 'လွတ်လပ်ခွင့်' တို့အနက် မည်သည်က ပိုမို လူကြိုက်များ သနည်း။

၂။ စပိန်နိုင်ငံတွင် 'တန်းတူညီမျှမှု' နှင့် 'လွတ်လပ်ခွင့်' တို့အနက် မည်သည်က ပိုမို လူကြိုက်များသနည်း။

၃။ မိမိတို့၏ နိုင်ငံတွင်းရှိ ပြည်သူများအနေဖြင့် အဆိုပါ မေးခွန်းတို့ကို မည်သို့ တုံ့ပြန် ဖြေဆိုမည်ဟု ထင်မြင်မိသနည်း။




Source : http://www.pewglobal.org/2011/11/17/the-american-western-european-values-gap/?src=prc-number

## ဆွေးနွေးချက်

၁။ မိမိတို့၏ လူမှုအသိုင်းအဝိုင်းအတွင်းတွင် 'လွတ်လပ်ခွင့်' ကို တန်းတူ ပိုင်ဆိုင်ထားနိုင်ကြပါသလား။ အဘယ့်ကြောင့်နည်း။

၂။ 'လွတ်လပ်ခွင့်' နှင့် 'တန်းတူညီမျှရေး' တို့အကြား ပဋိပက္ခဖြစ်သည့် အခြေအနေမျိုး ရှိနိုင်သည်ဟု ထင်ပါသလား။

၃။ 'လွတ်လပ်ခွင့်' နှင့် 'ညီမျှမှု' အနက် မည်သည်က ပိုမို အရေးပါသည်ဟု လက်ခံထားသနည်း။



## မြန်မာ့ရေးရာ

# မြန်မာ့သမိုင်းတွင် တွေ့ရှိရသည့် 'တရားမျှတခြင်း၊ တန်းတူညီမျှခြင်း၊ လွတ်လပ်ခြင်း' ဆိုင်ရာ ဖော်ပြပါရှိချက်များ

**စာတမ်း (၁) - ၁၉၄၇ ဖွဲ့စည်းပုံ အခြေခံဥပဒေ**

ဥပဒေနိဒါန်း

နယ်စပ်ဒေသများနှင့် ကရင်နီနယ်များ အပါအဝင် ဗမာနိုင်ငံ၏ နိုင်ငံသားများ ဖြစ်ကြသော ကျွန်ုပ်တို့သည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သော ဗမာနိုင်ငံကို အခိုင်အခံ့အညီအညွတ်တည်ထောင်ရန် သန္နိဋ္ဌာန်ချ၍လည်းကောင်း၊ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားတို့ကို အခြေပြုကာ လူသတ္တဝါခပ်သိမ်းတို့၏ ငြိမ်းချမ်းသာယာရေးကို ခိုင်မြဲတည်တံ့အောင် ထိန်းသိမ်းရန် သန္နိဋ္ဌာန်ချ၍လည်းကောင်း၊ လူမှုဆက်ဆံရေး တရားမျှတမှု၊ စီးပွားရေး တရားမျှတမှု၊ နိုင်ငံရေး တရားမျှတမှု၊ လွတ်လပ်စွာ တွေးကြံနိုင်မှု၊ လွတ်လပ်စွာ ဖွင့်ဟရေးသား ဖော်ပြနိုင်မှု၊ လွတ်လပ်စွာ ယုံကြည်နိုင်မှု၊ လွတ်လပ်စွာ ကိုးကွယ်နိုင်မှု၊ လွတ်လပ်စွာ ဘုရားကျောင်းကန်တို့ကို သွားလာဝတ်ပြုနိုင်မှု၊ လွတ်လပ်စွာ ပရိယေသန ရှာမှီးနိုင်မှု၊ လွတ်လပ်စွာစည်းရုံးနိုင်မှု၊ လွတ်လပ်စွာ ပြုမူဆောင်ရွက်နိုင်မှု၊ အဆင့်အတန်း ညီမျှမှု၊ အခွင့်အလမ်းညီမျှမှု၊ တရားဥပဒေအရာတွင် ညီမျှမှုတို့ကို နိုင်ငံသားအားလုံး ရရှိခံစားနိုင်စေခြင်းငှာ အခိုင်အမာ သန္နိဋ္ဌာန်ချ၍လည်းကောင်း၊ ဗမာသက္ကရာဇ် ၁၃၀၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်နေ့ (ခရစ်သက္ကရာဇ် ၁၉၄၇ ခုနှစ်၊ စက်တင်ဘာ နှစ်ဆယ့်လေးရက်နေ့) တွင် ဤဖွဲ့စည်းပုံအခြေခံဥပဒေကို ကျွန်ုပ်တို့၏ တိုင်းပြည်လွှတ်တော်၌ ကျွန်ုပ်တို့သည် လက်ခံ၍ ဥပဒေအဖြစ် အတည်ပြုပြီးလျှင်၊ ကျွန်ုပ်တို့အား နှင်းအပ်လိုက်သည်။

**စာတမ်း (၂) - ပြည်ထောင်စု ဗမာနိုင်ငံတော် တော်လှန်ရေးကောင်စီ၊ "ကျွန်ုပ်တို့၏ ယုံကြည်ချက်"**

ဤလောက၌ လူလူချင်း ခေါင်းပုံဖြတ်၍ မတရားအမြတ်ရှာစားသော စီးပွားရေးစနစ်ဆိုးများ တည်ရှိနေသရွေ့ ကာလပတ်လုံး လူအပေါင်းကို လူမှုဒုက္ခများမှ လွတ်မြောက်စေလိမ့်မည်ဟု မယုံကြည်။

ဤပြည်ထောင်စု ဗမာနိုင်ငံတွင် လူလူချင်း ခေါင်းပုံဖြတ်ခြင်း ကင်း၍ တရားမျှတမှုရှိသော ဆိုရှယ်လစ်စီးပွားရေးစနစ်ကို တည်ဆောက်နိုင်မှ သာလျှင် လူမျိုးမရွေး၊ ဘာသာမရွေး ပြည်သူလူထုအပေါင်းသည် အစားဆင်းရဲခြင်း ဒုက္ခ၊ အဝတ်ဆင်းရဲခြင်းဒုက္ခ၊ အနေဆင်းရဲခြင်း ဒုက္ခ၊ အမှု မတောင့်သဖြင့် သီလမစောင့်နိုင်သောဒုက္ခ အစရှိသည့် လူမှုဒုက္ခ အပေါင်းမှ လွတ်မြောက်ကြလျက် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြမည့် သာယာဝပြောသော လောကသစ်ကြီးဆီသို့ ရောက်ရှိနိုင်မည်ဟု ယုံကြည်သည်။

## လေ့ကျင့်ခန်း

အောက်ပါ မေးခွန်းတို့ကို ဖြေဆိုပါ။

၁။ အထက်ပါစာပိုဒ် (၂) ရပ်တွင် 'ညီမျှမှု' နှင့် ပတ်သက်၍ မည်သို့ ဖော်ပြပါရှိသနည်း။ ထိုစာတမ်း (၂) ရပ်သည် 'ညီမျှမှု' ကို ဖွင့်ဆိုပုံ မည်သို့ ကွဲပြားလျက်ရှိသနည်း။

၂။ မည်သည့် စာတမ်းက 'လွတ်လပ်ခွင့်' အကြောင်း ပိုမို ဖော်ပြထားသနည်း။ မည်သို့သော အခွင့်အရေးများကို ရည်ညွှန်းထားသနည်း။

၃။ မည်သည့် စာတမ်းကို ပိုမို သဘောကျ ထောက်ခံသနည်း။ အဘယ်ကြောင့်နည်း။

# ၁.၃ အခန်း (၁) ဖြစ်ရပ်လေ့လာချက်

### ဖြစ်ရပ်လေ့လာချက်



### အိန္ဒိယ

ဇာတိပုည၊ အလုပ်အကိုင်အဆင့်အတန်း၊ လူမှုတာဝန်အစရှိသည်တို့ကို အခြေခံသည့် ဇာတ်ခွဲခြားမှုစနစ်သည် အိန္ဒိယလူ့အဖွဲ့အစည်းတွင် နှစ်ပေါင်းထောင်ချီ အမြစ်တွယ်လျက် ရှိသည်။ ထိုစနစ်တွင် လူ့အဖွဲ့အစည်းတစ်ရပ်ကို (၄) မျိုး (၄) စား ခွဲခြားထားပြီး ဖြဟ္မဏ (ခ) သူတော်စင်များ (Brahmans)၊ မင်းစိုးရာဇာများ (Kshatriyas)၊ ကုန်သည် သူဌေးသူကြွယ်များ (Vaishyas) နှင့် အရပ်သားများ (Sudras) ဟူ၍ ပါဝင်သည်။ ဇာတ်စနစ်၏ အောက်ခြေတွင်မူ သာမန်အရပ်သား အပယ်ခံ နင်းပြားများ ဖြစ်ကြပေသည်။

အိန္ဒိယနိုင်ငံ၏ လွတ်လပ်ရေး ကြိုးပမ်းမှုခေါင်းဆောင် 'ဂန္ဒီ' အနေဖြင့် အဆိုပါ ဇာတ်စနစ်၏ မမျှတသော အခြေအနေများကို စက်ဆုပ်ခဲ့သည်။ ဇာတ်စနစ် အတွင်းရှိ အောက်ခြေလူတန်းစားတို့၏ အခွင့်အရေးများအတွက်လည်း မားမားမတ်မတ် ရပ်တည်ပေးခဲ့သည်။ ထိုကြိုးပမ်းမှု၏ အကျိုးဆက်အနေဖြင့် ၁၉၅၀ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အပယ်ခံဟူသော သတ်မှတ်ချက်တို့အား ပယ်ဖျက်ပေးခဲ့သည်။ ထို့အပြင် ဇာတ်နိမ့်လူတန်းစားတို့၏ ဘဝတိုးတက်ကောင်းမွန်လာစေရေး အတွက် 'အနိမ့်ခံဘဝ လွတ်မြောက်ရေး ပံ့ပိုးမှု' အစီအစဉ်တို့ကိုလည်း ထည့်သွင်း ပါဝင်စေခဲ့သည်။ ထိုအစီအမံတို့ကို 'နေရာချန်လှပ်ထားပေးမှု' (reservations) အစီအစဉ်ဟူ၍လည်း ခေါ်ဝေါ်သတ်မှတ်ကြသည်။

ထိုအစီအစဉ်တို့၏ အဦးအစတွင် အိန္ဒိယနိုင်ငံသားတို့၏ တုံ့ပြန်မှုအမျိုးမျိုး နှင့် ကြုံတွေ့ခဲ့ရသည်။ မျိုးနွယ်ဇာတ်တို့အပေါ် အခြေခံသည့် ခွဲခြားမှုများမှာလည်း ဆက်လက်တည်ရှိနေကြပြီး သက်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေများမှာလည်း အငြင်းပွားဖွယ် အနေအထားတွင် ရှိနေဆဲဖြစ်သည်။

သို့ရာတွင်လည်း နေရာချန်လှပ်ထားပေးမှု စနစ်ကြောင့် ဇာတ်နိမ့်ဇာတ်မြင့် ကွာဟမှုကို လျှော့ချပေးနိုင်ခဲ့သည်။ ထိုသို့ အောင်မြင်မှုရရှိခဲ့ခြင်းမှာ အောက်ခြေ လူတန်းစားများ၏ အလုပ်အကိုင်၊ ပညာရေး၊ အစိုးရလုပ်ငန်းပိုင်းဆိုင်ရာ အခွင့်အလမ်း နေရာတို့အတွက် သီးသန့်ဖန်တီးပေးနိုင်ခဲ့ခြင်းကြောင့် ဖြစ်ပေသည်။

### လေ့ကျင့်ခန်း

၁။ အိန္ဒိယနိုင်ငံတွင် နေရာချန်လှပ်ထားပေးမှု (reservations) အစီအစဉ် ဖန်တီးပေးခဲ့ကြရခြင်း၏ အကြောင်းရင်းတို့ကို ဖော်ပြပေးပါ။ မည်သို့သော လူမှုပြဿနာများကို အဖြေရှာ ဆောင်ရွက်ရန် ရည်ရွယ်ခဲ့ သနည်း။

၂။ ဇာတ်နိမ့်လူတန်းစားများအတွက် အိန္ဒိယ အစိုးရမှ ထိုသို့သော အခွင့်အလမ်းများ ဖန်တီးပေးခြင်းသည် တရားမျှတသည်ဟု ထင်ပါသလား။

## ဖြစ်ရပ်လေ့လာချက်



### သီရိလင်္ကာ

၁၉၄၈ ခုနှစ်၊ သီရိလင်္ကာနိုင်ငံ လွတ်လပ်ရေး ရရှိသည့်အချိန်တွင် နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်မှာ ဆင်ဟာလီ (Sinhalese) လူမျိုးများ ဖြစ်ကြပြီး ကျန် ၂၃ ရာခိုင်နှုန်းခန့်မှာ တမီးလ် (Tamils) လူမျိုးများ ဖြစ်ကြသည်။ လူများစုဖြစ်သည့် ဆင်ဟာလီလူမျိုး ၉၂ ရာခိုင်နှုန်းခန့်မှာ ဗုဒ္ဓဘာသာဝင်များဖြစ်ပြီး ဆင်ဟာလီဘာသာစကားကို အဓိက သုံးနှုန်း ပြောဆိုကြသည်။ တမီးလ်လူမျိုးများ၏ ၈၆ ရာခိုင်နှုန်းခန့်မှာ ဟိန္ဒူဘာသာဝင်များ ဖြစ်ကြပြီး တမီးလ်ဘာသာစကားကို အများဆုံး ပြောဆိုကြသည်။ လွတ်လပ်ရေးမရခင် နှစ်ပေါင်းရာချီ၍ ထိုလူမျိုးစုနှစ်စုအကြား မည်သို့သော ပုန်ကန်မှု၊ လူမျိုးရေးဆိုင်ရာ အကြမ်းဖက်မှုများမှ မပေါ်ထွန်းခဲ့ချေ။

ထိုငြိမ်းချမ်းသည့် ကာလအတွင်း သီရိလင်္ကာနိုင်ငံ၏ စည်းစိမ်၊ အာဏာနှင့် ရာထူးတို့ကို ပညာတတ်၊ အင်္ဂလိပ်စာတတ် (ခရစ်ယာန်ဘာသာဝင်များဖြစ်သည့်) တမီးလ်နှင့် ဆင်ဟာလီလူကုံထံ အသိုင်းအဝိုင်းတို့က ခြယ်လှယ် ကြီးစိုးထားကြသည်။

၁၉၅၆ ခုနှစ်၊ ဝန်ကြီးချုပ် ဆော်လမွန် ဘန်ဒရာနိုက် (Solomon Bandaranaike) လက်ထက်ရောက်သည့်အခါတွင် ဝန်ကြီးချုပ်မှ အဆိုပါ အင်္ဂလိပ်စာတတ် လူကုံထံများ၏ လက်ထဲတွင်သာ အာဏာထားရှိခြင်းက မျှတမှု မရှိကြောင်း ဝေဖန်ပြောဆိုလာသည်။ ထိုအခြေအနေကို ပြောင်းလဲပစ်ရန်အတွက် ဆင်ဟာလီဘာသာစကားကို ပြည်သူများအကြား ပိုမိုအသုံးပြုစေမည့် ဥပဒေရပ်များကို ဖော်ဆောင်ခဲ့သည်။ ထိုဖော်ဆောင်မှုတွင် ဆင်ဟာလီမျိုးနွယ်စုများအတွက် အလုပ်အကိုင်နှင့် ပညာရေးဆိုင်ရာ အခွင့်အလမ်းများ ပိုမိုရရှိစေမှုတို့ပါ ပါဝင်ခဲ့ပေသည်။

သို့ရာတွင်လည်း ထိုကဲ့သို့သော လုပ်ဆောင်မှုများက တမီးလ်မျိုးနွယ်စုတို့အပေါ် ဆိုးကျိုးများ သက်ရောက်စေခဲ့သည်။ ၁၉၅၅ ခုနှစ်အတွင်း အစိုးရအဖွဲ့၏ ၂၆ ရာခိုင်နှုန်းခန့်ကို တာဝန်ယူခဲ့သည့် တမီးလ်လူမျိုးများသည် ၁၉၇၉ ခုနှစ်တွင် ထိုရာခိုင်နှုန်း၏ တစ်ဝက်ခန့်သာ ကိုယ်စားပြုပါဝင်နိုင်တော့သည်။ ထိုကဲ့သို့သော ပညာရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းဆိုင်ရာ ကန့်သတ်မှုများကြောင့် တမီးလ်တို့၏ ဆန္ဒပြမှု၊ လူမျိုးရေးဆိုင်ရာ အကြမ်းဖက်မှုများအထိ ပေါ်ထွန်းစေခဲ့ပြီး နောက်ဆုံးတွင် ပြည်တွင်းစစ်အထိပင် ဖြစ်ပွားပေါ်ပေါက်လာခဲ့ရပေသည်။

### လေ့ကျင့်ခန်း

သီရိလင်္ကာအစိုးရအဖွဲ့၏ ဖြစ်ရပ်ပါ မူဝါဒ ဖော်ဆောင်မှုသည် တရားမျှတမှု ရှိသည်ဟု ထင်ပါသလား။ အဘယ်ကြောင့်နည်း။

### လေ့ကျင့်ခန်း

အောက်ဖော်ပြပါ ဇယားကို ကြည့်ရှု သုံးသပ်ပေးပါ။ လူမျိုးစု ၂ စု အကြား တန်းတူညီမျှမှုများနှင့် ပတ်သက်၍ မည်သည်တို့ကို လေ့လာအကဲခတ်မိသနည်း။

သီရိလင်္ကာနိုင်ငံ ပြည်သူများ၏ ခွဲခြားဆက်ဆံခံရမှုအပေါ် အမြင်များ (၂၀၀၅)

| အောက်ပါအဆိုကို ဆန့်ကျင်ကန့်ကွက်သည့် အချိုးအစားပမာဏ | ဆင်ဟာလီ | တမီးလ် |
|---|---|---|
| 'နိုင်ငံသားတိုင်း တန်းတူအခွင့်အရေးများ ရရှိ ပိုင်ဆိုင်လျက် ရှိသည်။' | ၉ % | ၃၂ % |
| 'နိုင်ငံသားများအနေဖြင့် သတ္တိရှိရှိ လွတ်လွတ်လပ်လပ် ထုတ်ဖော် ပြောဆိုခွင့် ရရှိကြသည်။' | ၆ % | ၂၅ % |

## ဖြစ်ရပ်လေ့လာချက်



### တောင်အာဖရိက

၁၉၉၄ မတိုင်ခင်နှစ်များအထိ တောင်အာဖရိကနိုင်ငံ၏ အပ်ပါတိုက်အစိုးရ (သို့) လူမျိုးရေး ခွဲခြားသော အစိုးရ (apartheid government) သည် လူဖြူမဟုတ်သည့် ပြည်သူတို့အပေါ် ခွဲခြားဆက်ဆံသည့် ဥပဒေများ ပြဋ္ဌာန်း ချမှတ်ခဲ့သည်။ ထိုဥပဒေတို့ကြောင့် တောင်အာဖရိက လူမည်းပြည်သူများမှာ အလုပ်အကိုင် အခွင့်အလမ်းနှင့် မြေယာ၊ ဉစ္စာနေပိုင်ဆိုင်ရေးတို့တွင် အတားအဆီး အဟန့်အတားများ ရင်ဆိုင်ကြုံတွေ့ခဲ့ကြရသည်။

လူမျိုးရေးခွဲခြားသော အပ်ပါတိုက်အစိုးရပြုတ်ပြီး အာဖရိကန် အမျိုးသားကွန်ဂရက် (African National Congress) အာဏာရရှိလာချိန်တွင် 'အနိမ့်ခံဘဝ လွတ်မြောက်ရေး ပံ့ပိုးမှု' (affimative action) အစီအစဉ်များ ဆောင်ကြဉ်းပေးနိုင်မည့် ဥပဒေများကို ပြဋ္ဌာန်းပေးနိုင်ခဲ့သည်။ ထိုဥပဒေတို့အရ အပယ်ခံ အစုအဖွဲ့များဖြစ်သည့် လူမည်းများ၊ အိန္ဒိယလူမျိုးများ၊ အခြားသော အသားအရောင်ကွဲ ပြည်သူများအတွက် အလုပ်ခန့်အပ်ရန် အလုပ်ရှင်များကို တွန်းအားပေးခဲ့သည်။ ထိုကဲ့သို့ ခွဲခြားဖိနှိပ်မှုဒဏ်ကို ခါးဆီးခံခဲ့ကြရသည့် အသိုင်းအဝိုင်းများအတွက် အခွင့်အလမ်းများ ပေးအပ်ခြင်းဖြင့် အလုပ်ခွင်ဆိုင်ရာ တန်းတူညီမျှမှုများ ဆောင်ကြဉ်းပေးနိုင်ရန် ရည်ရွယ်သည်။

လူမျိုးရေးခွဲခြားမှု (အပ်ပါတိုက်) စနစ်တွင် လူမည်းပြည်သူတို့၏ မြေယာပိုင်ဆိုင်ခွင့်မှာ လူမည်း အသိုင်းအဝိုင်းများ အတွက်ဟု အစိုးရက သတ်မှတ်ပေးထားသည့် နိုင်ငံမြေ၏ ၁၃ ရာခိုင်နှုန်းခန့်သာ ပိုင်ဆိုင်ခွင့်ရရှိကြသည်။ ၁၉၆၀ နှင့် ၁၉၈၀ နှစ်များအတွင်း လူမည်းပြည်သူ ၃ သန်းခွဲခန့်ကို ကျပ်တည်းနိုင်ချာပြီး၊ အန္တရာယ်ထူပြောလှသည့် ဖုန်းဆိုးမြေများသို့ အစိုးရက အတင်းအဓမ္မ ရွှေ့ပြောင်းစေခဲ့သည်။ လူမည်းပြည်သူများထံမှ သိမ်းယူရရှိသည့် မြေများကို လူဖြူတောင် အာဖရိကနိုင်ငံသားများထံ အပ်နှင်းခဲ့သည်။

လူမျိုးရေးခွဲခြားမှု (အပ်ပါတိုက်) အစိုးရစနစ် ကုန်ဆုံးပြီးနောက် လူမည်းပြည်သူများ အနေဖြင့် ဆုံးရှုံးခဲ့ရသည့် မြေယာများရရှိရေးအတွက် တောင်းဆိုလာခဲ့ပြီး လူဖြူမြေပိုင်ရှင် သစ်များကလည်း အဆိုပါ မြေများကို လက်လွှတ်လိုစိတ် မရှိကြချေ။ ထိုပဋိပက္ခကို ဖြေရှင်းပေးရန်အတွက် အာဖရိကန် အမျိုးသားကွန်ဂရက်မှ ဥပဒေများ၊ စီမံကိန်းများဖြင့် အဖြေရှာဆောင်ရွက်ခဲ့ရသည်။ မူလမြေပိုင်ရှင်များထံ မြေယာများ ပြန်လည်အပ်နှံရန်၊ မြေယာ မပိုင်ဆိုင်သေးသူများအတွက်လည်း ပိုင်ဆိုင်ခွင့်များရရှိနိုင်ရန် ကတိကဝတ်ပြုခဲ့သည်။ တစ်ချိန်တည်းမှာပင် လူဖြူမြေပိုင်ရှင်တို့၏ အခွင့်အရေးများအတွက် အကာအကွယ်ပြုနိုင်မည့် ဥပဒေများကိုလည်း ချမှတ်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါရှိသည့် နိုင်ငံသားဆိုင်ရာ အခြေခံ အခွင့်အရေးများအရ တစ်သီးပုဂ္ဂလ မြေယာပိုင်ဆိုင်ခွင့်ကို အကာအကွယ်ပြုပေးထားပြီး၊ မူရင်းမြေပိုင်ရှင်ထံ ပြန်လည်အပ်နံရာတွင် 'လျော်ကန်မျှတသည့်ပေးလျော်မှု' များ အကောင်အထည်ဖော်နိုင်ရေးအတွက်လည်း အာမခံချက်ပေးထားသည်။

## လေ့ကျင့်ခန်း

၁။ အာဖရိကန်အမျိုးသားကွန်ဂရက် (ANC) အနေဖြင့် မြေယာ ပြန်လည်ချထားရေးနှင့် တစ်သီးပုဂ္ဂလ ပိုင်ဆိုင်ခွင့်အား အသိအမှတ်ပြုပေးသည့် ဥပဒေတို့အကြား ထိန်းညှိဆောင်ရွက်ရာတွင် မည်သို့သော ပဋိပက္ခမျိုးတို့နှင့် ကြုံတွေ့ခဲ့ရသနည်း။

၂။ ဖြစ်ရပ်ပါ မူဝါဒများသည် မျှတသည်ဟု ထင်ပါသလား။ အဘယ်ကြောင့်နည်း။

၃။ ထိုစီမံကိန်းများသည် 'တရားမျှတမှု' ကို ဖော်ဆောင်ပေးရာတွင် အထောက်အကူပြုပေးနိုင်ပါသလား (သို့မဟုတ်) အဟန့်အတားဖြစ်စေနိုင်ပါသလား။ ရှင်းလင်းဖြေဆိုပေးပါ။

## ဆွေးနွေးချက်

၁။ အထက်ပါဖြစ်ရပ်များတွင် မည်သည်တို့က 'ခွဲခြားဖိနှိပ်မှုများနှင့် အနိမ့်ခံဘဝ လွတ်မြောက်ရေး ပံ့ပိုးမှု' တို့ကို ဖော်ပြနေသနည်း။ အဘယ်ကြောင့်နည်း။

၂။ အထက်ပါဖြစ်ရပ်များနှင့် သင်ခန်းစာပါ အယူအဆသဘောတရားတို့ မည်သို့ ဆက်နွယ်နေကြသည်ဟု သုံးသပ်မိသနည်း။

၃။ ဖြစ်ရပ်ပါ အယူအဆများ၊ အဖြစ်အပျက်များ၊ လုပ်ဆောင်သူများကို လေ့လာ အကဲဖြတ်ပြီး မိမိတို့၏ နိုင်ငံတွင်း ဖြစ်ရပ်များနှင့် နှိုင်းယှဉ် သုံးသပ်ပေးပါ။ မည်သို့သော တူညီမှုများကို သတိထားမိသနည်း။

# အခန်း (၂) အာဏာ၊ လုပ်ပိုင်ခွင့်နှင့် တရားဝင် အသိအမှတ်ပြုမှု Power, Authority & Legitimacy)

**အကြိုသင်ခန်းစာ**

'အာဏာ' ဟူသော ဝေါဟာရကို ကြားရသည့်အခါတွင် မည်သည်ကို ပုံဖော် တွေးမြင်မိသနည်း။ အဘယ်ကြောင့်နည်း။

## ၂.၁ အာဏာနှင့် လုပ်ပိုင်ခွင့် (Power and Authority)

### ၂.၁.၁ 'အာဏာ' ဆိုသည်မှာ အဘယ်နည်း

အာဏာဟူသည် 'မိမိတို့အလိုရှိသော အရာကို ရယူနိုင်စွမ်း' ဟူ၍ ဖွင့်ဆိုနိုင်သည်။ ထိုဖွင့်ဆိုချက်တွင် ဝတ္ထုပစ္စည်းတစ်စုံတရာ (မြေယာ၊ ဥစ္စာ စသည်) ကို ရယူခြင်း၊ တစ်စုံတစ်ရာကို ပြုလုပ်နိုင်ခြင်း (မည်သည့်အရပ်တွင် ရှင်သန် ရပ်တည်မည်၊ မည်သည့် လုပ်ငန်းဆောင်ရွက်မည် စသည်တို့အတွက် ဆုံးဖြတ်ချက် ချနိုင်ခြင်း)၊ တစ်ပါးသူတို့အား မိမိတို့အလိုရှိသည့် အရာအတွက် ဆောင်ရွက်စေခြင်း (မိမိအကျိုးအတွက် တစ်ပါးသူကို လုပ်ဆောင်စေခြင်း၊ ပြောဆိုစေခိုင်းခြင်း) အစရှိသည်ဖြင့် အနက်ဖွင့်ဆိုနိုင်သည်။

'အာဏာရှိခြင်းသည် မိမိတို့ အလိုရှိသောအရာကို ရယူနိုင်ခြင်း' ဟု အဓိပ္ပာယ်ဖွင့်ဆိုထားချက်အရ တစ်ပါးသူတို့၏ အကျိုးစီးပွား ထိပါးသော်ငြား ၎င်းတို့အား မိမိအလိုကျ ဆောင်ရွက်စေခြင်းဟု ထည့်သွင်းဖွင့်ဆိုနိုင်သေးသည်။ ဆိုလိုသည်မှာ အာဏာပိုမို ပိုင်ဆိုင်ထားသူ အစုအဖွဲ့တို့က အာဏာနည်းပါးသူများအပေါ် ဖိနှိပ်နိုင်ခြင်း၊ ခေါင်းပုံဖြတ်နိုင်ခြင်း ဟူ၍လည်း အဓိပ္ပာယ်ရသည်။

**အကြိုသင်ခန်းစာ**

၁။ 'အထက်မှ အောက်' သို့စီးဆင်းသော အာဏာဆိုသည်မှာ အဘယ်နည်း။

၂။ 'အောက်မှ အထက်' သို့စီးဆင်းသော အာဏာဆိုသည်မှာ အဘယ်နည်း။

၃။ ထိုအာဏာ (၂) ရပ်တို့ မည်သို့ခြားနားကြသနည်း။



▲နိုင်ငံရေးသည် အာဏာပိုင်ဆိုင်ထားသူတို့နှင့် အာဏာ လိုလားသူတို့အကြားရှိ အာဏာလွန်ဆွဲပွဲဟု အချို့က ရှုမြင်ထားကြသည်။

### ၂.၁.၂ 'အထက်မှ အောက်' သို့ စီးဆင်းသည့် အာဏာ (Top – down Power) နှင့် 'အောက်မှ အထက်' သို့ စီးဆင်းသည့် အာဏာ (Bottom – up Power)

လူ့အသိုင်းအဝိုင်းအတွင်း အာဏာခွဲဝေပုံများသည် ခေတ်ကာလတို့နှင့်အတူ ရွေ့လျား ပြောင်းလဲလျက်ရှိသည်။ သြဇာအာဏာ ကြီးမားသည့် အစုအဖွဲ့များအနေဖြင့် မိမိတို့ ရရှိထားသော အာဏာကို လက်လွှတ်ဆုံးရှုံးနိုင်သကဲ့သို့၊ အာဏာနည်းပါးသော အစုအဖွဲ့များသည်လည်း အာဏာ ပိုမို ရရှိလာနိုင်ကြသည်။ သို့ဖြစ်၍လည်း 'အာဏာ' ကို (၂) မျိုး (၂) စား ခွဲခြား၍ ပြောဆို ဆွေးနွေးနိုင်သည်။

'အာဏာ' ဟူ၍ ပြောဆိုသုံးနှုန်းကြသည့်အခါ လူအများစု ပုံဖော်တွေးမြင်မိသည်မှာ 'အထက်မှ အောက်' သို့ စီးဆင်းသည့် အာဏာ (power over) ပင် ဖြစ်သည်။ ထိုအခါမျိုးတွင် အင်အားသုံးစေခိုင်းခြင်း၊ အတင်းအဓမ္မပြုမှုခြင်း၊ ခွဲခြားဆက်ဆံခြင်း၊ ခြစားမှု၊ မတရားပြုမှု အစရှိသည့် အနုတ်သဘောဆောင်သည့် အယူအဆများနှင့်သာ တွဲဖက်ရှုမြင်တတ်ကြသည်။ 'အထက်မှ အောက်' စီးဆင်းသည့် အာဏာကို ဖွင့်ဆိုရာတွင် အောက်ပါအချက် (၂) ရပ်တို့ ပါရှိသည်။

၁။ **'အာဏာ' ရရှိပိုင်ဆိုင်နိုင်ရန်အတွက် ထိုအာဏာကို တစ်စုံတစ်ဦးထံမှ သိမ်းပိုက်ရယူရမည်။**

၂။ **တစ်ပါးသူတို့၏ အာဏာကြီးထွားမှုမှ ရပ်တန့်သွားအောင် ထိုအာဏာမျိုးကို အသုံးချရသည်။**

ဥပမာဆိုရသော် စက်ရုံပိုင်ရှင်တစ်ဦးအနေဖြင့် သူ၏အလုပ်သမားများ လုပ်ငန်းခွင် အခြေအနေတစ်ရပ်ရပ်အပေါ် ဝေဖန်အထွန့်တက်ပါက ထိုသူတို့ကို အလုပ်မှ ထုတ်ပယ်နိုင်သည်။ ဤအခြေအနေကို စက်ရုံပိုင်ရှင်မှ အလုပ်သမားများအပေါ် ဩဇာအာဏာ သက်ရောက်သည်ဟု ခေါ်ဆိုနိုင်ပြီး 'အထက်မှ အောက်' စီးဆင်းသည့် အာဏာကို ထင်ဟပ်နေသည့် ဥပမာတစ်ရပ်လည်း ဖြစ်သည်။ စက်ရုံပိုင်ရှင်၏အမြင်တွင် ထိုဝေဖန်ဆန့်ကျင်သူများသည် ထိုကဲ့သို့သော အတိုက်အခံလုပ်ရပ်များ ဖန်တီးခြင်းဖြင့် အာဏာကို ခိုးယူရန် ကြံစည်နေကြသည်ဟု တွေးထင်နိုင်သည်။ ထိုအကြောင်းကြောင့်ပင်လျှင် ဝေဖန်ဆန့်ကျင်သူတို့၏ အာဏာကြီးထွားလာမှုမှ ရပ်တန့်သွားစေရေးအတွက် ထိုသူတို့ကို အလုပ်မှ ထုတ်ပယ်ခြင်းဖြင့် ဖြေရှင်းရသည်။

'အောက်မှ အထက်' သို့ စီးဆင်းသည့် အာဏာ (power to) သည် မိမိတို့ ရရှိအပ်သည့် အကျိုးတရားတို့ကို စောင့်ရှောက်ရန်အတွက် စည်းလုံးကြရာမှ ပေါက်ဖွားလာရသည်။ ထိုသူတို့တွင် တစ်ဦးချင်းအနေဖြင့် အာဏာအကန့်အသတ်ရှိနေနိုင်ပြီး၊ အတူတကွ လက်တွဲလုပ်ဆောင်ကြခြင်းဖြင့်သာလျှင် အာဏာတိုးပွားလာနိုင်သည်။ 'အောက်မှ အထက်' စီးဆင်းသည့် အာဏာကို လူထုအာဏာဟု ခိုင်းနှိုင်းကြပြီး လူထုအနေဖြင့် အစိုးရ (သို့မဟုတ်) စီးပွားရေးလုပ်ငန်းကဲ့သို့ အထက် – အောက် စီးဆင်းသည့် အာဏာမျိုးနှင့် ပဋိပက္ခ ဖြစ်ပွားသည့်အခါတွင် သုံးလေ့သုံးထရှိသည်။

'အောက်မှ အထက်' သို့ စီးဆင်းသည့် အာဏာသည် အကန့်အသတ်မဲ့ သဘောရှိပြီး ရှင်သန်ကြီးထွားနိုင်မှုအားလည်း ကြီးမားပါသည်။ 'ပညာရေး' သည် အဆိုပါ အာဏာမျိုး၏ အကောင်းဆုံး ဥပမာတစ်ရပ်လည်းဖြစ်သည်။ ဥပမာဆိုရသော် တစ်ဦးတစ်ယောက်က ကျေးရွာတစ်ရွာရှိ လူအများအား ၎င်းတို့ခံစားအပ်သည့် အခွင့်အရေးများ ကာကွယ်ရန် သင်ကြားသိမြင်စေနိုင်မည်။ ထိုကဲ့သို့ လူအများကို အသိပညာများပေးခြင်း (စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း) နည်းလမ်းဖြင့် ထိုသူတွင်ရှိသည့် အာဏာသည်လည်း လက်လွတ်ဆုံးရှုံးစရာအကြောင်း မရှိတော့ချေ။

'အောက်မှ အထက်' သို့ စီးဆင်းသည့် အာဏာဆိုင်ရာ ဥပမာတစ်ရပ်မှာ စက်ရုံတစ်ရုံရှိ အလုပ်သမားများက အသိပညာ မြှင့်တင်ရန်အတွက် ကိုယ်ထူကိုယ်ထ အားထုတ်ကြခြင်း ဖြစ်သည်။ ထိုသို့ အားထုတ်ကြခြင်းဖြင့် ရသင့်ရထိုက်သော အခွင့်အရေးများ၊ မိမိတို့ ကြုံတွေ့နေသည့် အခြေအနေတို့ကို ပြောင်းလဲနိုင်သည့် နည်းလမ်းများ စသည်တို့ကို သိရှိလုပ်ဆောင်နိုင်ကြမည်ဖြစ်သည်။ (ဥပမာ – လုပ်ခလစာ ပိုမိုရရှိရေး တောင်းဆိုရန်အတွက် အလုပ်ခွင်ရပ်တန့်ခြင်း)

'အထက်မှ အောက်' သို့ စီးဆင်းသည့် အာဏာနှင့် 'အောက်မှ အထက်' သို့ စီးဆင်းသည့် အာဏာ (၂) ရပ်တို့ကို ပုံဖော်နိုင်ရန်အတွက် 'အာဏာ ပိရမစ်' ကို အသုံးပြုလေ့လာနိုင်သည်။ အောက်ဖော်ပြပါ ပိရမစ်တွင် လူ့အဖွဲ့အစည်း တစ်ရပ်အတွင်း အာဏာ မည်သို့ ပျံ့နှံ့နေပုံကို တွေ့ရှိနိုင်ပေသည်။ (အာဏာအများဆုံး ပိုင်ဆိုင်ထားသည့် အစုအဖွဲ့တို့မှာ ပိရမစ်၏ ထိပ်ဆုံးတွင်ရှိပြီး၊ အနည်းဆုံး ရရှိသူတို့မှာ ပိရမစ်ပုံ၏ အောက်ခြေတွင်ရှိသည်။) အစုအဖွဲ့တစ်ဖွဲ့က ၎င်း၏အောက်တွင်ရှိသည့် အခြားသောအစုအဖွဲ့ တစ်ရပ်ရပ်ကို အာဏာအသုံးချ ထိပါးသည့်အခါတိုင်း ထိုဖြစ်ရပ်တို့ကို 'အထက်မှ အောက်' သို့ စီးဆင်းသည့် အာဏာ၏ ဥပမာတစ်ရပ်အဖြစ် သတ်မှတ်နိုင်သည်။ အစုအဖွဲ့ တစ်ဖွဲ့ဖွဲ့က ၎င်း၏အထက်တွင်ရှိသည့် အခြားသော အစုအဖွဲ့အား အာဏာအသုံးချ ဆန့်ကျင်မှုမျိုးကိုမူ 'အောက်မှ အထက်' စီးဆင်းသည့် အာဏာ၏ ဥပမာတစ်ရပ်ဟူ၍ ခေါ်ဆိုနိုင်ပေမည်။

**လေ့ကျင့်ခန်း**

<u>သင်ခန်းစာ (၂.၁.၂) ကို လေ့လာ ဖတ်ရှုပြီးပါက</u>

၁။ မိမိတို့အသိုင်းအဝိုင်းတွင် တွေ့ရှိရသည့် 'အထက်မှ အောက်' သို့ စီးဆင်းသည့် အာဏာနှင့် ပတ်သက်နေသည့် ဥပမာ တစ်ရပ်ကို စဉ်းစား ဖော်ထုတ်ပေးပါ။

၂။ မိမိတို့အသိုင်းအဝိုင်းတွင် တွေ့ရှိရသည့် 'အောက်မှ အထက်' စီးဆင်းသည့် အာဏာနှင့်ပတ်သက်နေသည့် ဥပမာ တစ်ရပ်ကိုစဉ်းစား ဖော်ထုတ်ပေးပါ။

## လုပ်ငန်းများ

၁။ အောက်ပါစာရင်းရှိ အုပ်စုအသီးသီး၏ အမည်များကို 'အာဏာပိရမစ်' ၏ သင့်တော်သော နေရာတွင် ဖြည့်စွက်ပေးပါ။

- စက်ရုံအလုပ်သမားများ၊
- ~~ဒေသန္တရ အစိုးရအဖွဲ့၊~~
- စစ်တပ်၊
- မသန်စွမ်းသူများ၊
- အသေးစားစီးပွားရေး လုပ်ငန်းရှင်များ၊
- လယ်သမားများ၊
- ဘာသာရေး ခေါင်းဆောင်များ၊
- ပြည်ထောင်စု အစိုးရအဖွဲ့၊
- ပြည်သူ့ရဲ၊
- နိုင်ငံမဲ့များ။

၂။ အခြားသော လူမှုအုပ်စုများ ကိုလည်း စဉ်းစား ဖော်ထုတ်ပေးပြီး 'အာဏာ ပိရမစ်' တွင် ဖြည့်စွက်ပေးပါ။




## ဆွေးနွေးချက်

၁။ မိမိတို့အသိုင်းအဝိုင်းအတွင်း 'အထက်မှ အောက်' သို့ စီးဆင်းသည့် အာဏာကို မည်သည့် နည်းလမ်းများဖြင့် အသုံးချတတ်ကြသနည်း။

၂။ မိမိတို့ အသိုင်းအဝိုင်းအတွင်း 'အောက်မှ အထက်' သို့ စီးဆင်းသည့် အာဏာကို မည်သည့် နည်းလမ်းများဖြင့် အသုံးချတတ်ကြသနည်း။

၃။ မိမိတို့အသိုင်းအဝိုင်းရှိ နိုင်ငံရေးဆိုင်ရာ ကိစ္စရပ်တို့တွင် 'အထက်မှ အောက်' စီးဆင်းသည့် အာဏာနှင့် 'အောက်မှ အထက်' စီးဆင်းသည့် အာဏာတို့အနက် မည်သည်က ပိုမို အားကောင်းသည့် အင်အားတစ်ရပ်အဖြစ် တည်ရှိနေသနည်း။ အဘယ်ကြောင့်နည်း။



◀ မက်ဆီကန် နိုက်ကလပ်တစ်ခုအပြင်ရှိ လူသေလောင်းတစ်လောင်း။ မက်ဆီကို မြောက်ပိုင်း၏ နယ်မြေ တော်တော်များများကို ခြိမ်းခြောက်မှု၊ အကျပ်ကိုင်မှုတို့ဖြင့် မက်ဆီကန် အကြမ်းဖက် မူးယစ်ဂိုဏ်းကြီးမှ ထိန်းချုပ်ထားသည်။ ထိုသူတို့၏ လုပ်ရပ်များအား သတင်းစာများတွင် ရေးသားဖော်ပြခြင်းမပြုရန် အတွက်လည်း အကြမ်းဖက်ခြင်း၊ ထိပါး နှောင့်ယှက်ခြင်း အစရှိသည်တို့ကို အသုံးချလျက် ဟန့်တား ထားသည်။ ထိုဂိုဏ်း၏ စစ်ပွဲများတွင် အသုံးချရန် ငယ်ရွယ်သော စစ်သားသစ်များ စုဆောင်းရေးအတွက် မက်လုံးပေးခြင်းနှင့် ဝါဒဖြန့်ခြင်းတို့ကိုပါ အသုံးပြုသည်။

## ၂.၁.၃ မြင်သာသည့် အာဏာနှင့် ဖုံးကွယ်ကိန်းအောင်းနေသည့် အာဏာ (Visible Power vs Hidden Power)

### (က) မြင်သာသည့် အာဏာ

ဩဇာအာဏာကြီးမားသည့် လူပုဂ္ဂိုလ် (သို့မဟုတ်) အစုအဖွဲ့တစ်ရပ်ရပ်သည် အာဏာနည်းပါးသူတို့အပေါ် မိမိအလိုကျ ပြုမူစေရေးအတွက် မြင်သာသည့် လုပ်ရပ်များဖြင့် အဆိုပါ အာဏာမျိုးကို အသုံးချကြသည်။ ထိုမြင်သာသည့် အာဏာတို့အနက်မှ အတွေ့ရအများဆုံးဖြစ်သည့် အမျိုးအစားအချို့မှာ –

- **အတင်းအကြပ် ခိုင်းစေခြင်း** (coercion) – တစ်စုံတစ်ဦးအား မိမိတို့အလိုရှိသည့် အရာကို ဆောင်ရွက်စေရေးအတွက် အကြမ်းဖက်ခြင်း၊ အကျဉ်းချခြင်းကဲ့သို့သော လုပ်ရပ်များဖြင့် အင်အားသုံး စေခိုင်းခြင်း။
- **ခြိမ်းခြောက်ခြင်း** (intimidation) – တစ်စုံတစ်ဦးအား မိမိတို့ အလိုရှိသည့်အရာကို လုပ်ဆောင်စေရေးအတွက် အကျပ်ကိုင် ထိပါးနှောင့်ယှက်မှုမျိုးတို့ဖြင့် ဆောင်ရွက်စေခြင်း။
- **ဆွဲဆောင်သိမ်းသွင်းခြင်း** (persuasion) – မိမိတို့ဆန္ဒကို လက်ခံလာသည်အထိ ညှိနှိုင်း ဆောင်ရွက်ခြင်းဖြင့် တစ်စုံတစ်ဦးအား မိမိတို့အလိုရှိသည့်အရာကို ဆောင်ရွက်စေခြင်း။
- **မက်လုံးပေးခြင်း** (creating incentives) – တစ်စုံတစ်ဦးအား မိမိတို့အလိုရှိသည့် အရာကို ဆောင်ရွက်စေရေးအတွက် ဆုလာဘ်များ ချီးမြှင့်ပေးကမ်းခြင်း (ဥပမာ – ငွေကြေး၊ အလုပ်အကိုင် (သို့မဟုတ်) အခြားသော အရင်းအမြစ်များ)။ ထိုကဲ့သို့ ပေးအပ်ရာတွင် မမှန်မကန်၊ တရားဥပဒေနှင့် မညီသည်ကို လုပ်ဆောင်စေပါက ထိုအဖြစ်ကို လာဘ်ထိုးမှုဟု အမည်တပ်နိုင်သည်။ 'မက်လုံးပေးခြင်း' သည် အခြေအနေ အကြောင်းအရပ်ရပ်ကို လိုက်၍ မြင်သာသည့် အာဏာအဖြစ်သော်လည်းကောင်း၊ ဖုံးကွယ်ကိန်းအောင်းနေသည့် အာဏာအဖြစ်သော်လည်းကောင်း သတ်မှတ်နိုင်သည်။

### အကြိုသင်ခန်းစာ

၁။ 'မြင်သာသည့်အာဏာ' ဆိုသည်မှာ အဘယ်နည်း။

၂။ 'ဖုံးကွယ်ကိန်းအောင်းနေသည့်အာဏာ' ဆိုသည်မှာ အဘယ်နည်း။

၃။ ထိုအာဏာ(၂)ရပ်တို့မည်သို့ကွဲပြားကြသနည်း။

### (ခ) ဖုံးကွယ်ကိန်းအောင်းနေသည့် အာဏာ

ဩဇာအာဏာကြီးမားသည့် လူပုဂ္ဂိုလ် (သို့မဟုတ်) အစုအဖွဲ့တစ်ရပ်ရပ်သည် မိမိတို့၏ အတွေးအခေါ် ယုံကြည်ချက်များကို အသုံးပြုပြီး အာဏာနည်းပါးသူ အစုအဖွဲ့များအား မိမိအလိုကျ ပြုမူလာစေရေးအတွက် အဆိုပါ အာဏာမျိုးကို အသုံးပြုကြသည်။ ထိုဖုံးကွယ်ကိန်းအောင်းနေသည့် အာဏာတို့အနက်မှ အတွေ့ရအများဆုံး ဖြစ်သည့် အမျိုးအစား အချို့မှာ –

- **ကြောက်ရွံ့ခြင်း** (fear) – မိမိတို့ကို ထိတ်လန့်သည့်အတွက် လူအများအနေဖြင့် မိမိတို့ အလိုရှိသည့်အတိုင်း ပြုမူတတ်ကြသည်။
- **ဖယ်ထုတ်ခြင်း** (exclusion) – လူအများအား ဆုံးဖြတ်ချက် ချမှတ်ခြင်းတွင် မပါဝင်နိုင်အောင် ဟန့်တား ပစ်ပယ်ထားခြင်း။
- **လုပ်ငန်းစဉ်များ ချမှတ်ခြင်း** (setting the agenda) – မည်သို့သော ဆုံးဖြတ်ချက်များ ချမှတ် ခွင့်ပြုမည်ကို စိစစ်ရွေးချယ်ခြင်း။ ဆိုလိုသည်မှာ ဩဇာအာဏာကြီး လူပုဂ္ဂိုလ်၊ အစုအဖွဲ့များကသာ အစည်းအဝေးတစ်ရပ်တွင် မည်သို့သော အကြောင်းအရာ ဆွေးနွေးမည်ကို ခြယ်လှယ် ဆုံးဖြတ်နိုင်မည်။ ၎င်းတို့အနေဖြင့် အပယ်ခံ အစုအဖွဲ့များအတွက် အရေးပါသည့် အကြောင်းအရာတို့ကို ထည့်သွင်းထားရှိခြင်း မရှိပါက မည်သူကမျှ ထိုကိစ္စရပ်တို့ကို ဖော်ဆောင်ပေးနိုင်လိမ့်မည် မဟုတ်ချေ။
- **ကြိုးကိုင်ချယ်လှယ်ခြင်း** (manipulation) – ပြည်သူတို့၏ အယူအဆများကို ထိန်းချုပ်ထားခြင်းဖြင့် ၎င်းတို့ပင် မသိလိုက်ဘဲ မိမိတို့အလိုကျ ဆောင်ရွက်စေနိုင်မည်။ ဥပမာဆိုရသော် လူမှုပြဿနာတစ်ရပ် (ရာဇဝတ်မှု၊ မူးယစ်ဆေးသုံးစွဲမှု စသည်ဖြင့်) သည် နိုင်ငံခြားသားများကြောင့် ဖြစ်ရသည်ဟု လူအများအား သတင်းမီဒီယာ၊ ဝါဒဖြန့်မှု (သို့မဟုတ်) အခြားသော နည်းလမ်းများဖြင့် အထင်အမြင်ရောက်အောင် ပြုလုပ်ထားခြင်းဖြင့် ထိုလူမှုပြဿနာရပ်အတွက် အစိုးရ၏ တာဝန်ရှိမှုကို မေးခွန်းထုတ်ကြလိမ့်မည် မဟုတ်ချေ။

### ဆွေးနွေးချက်



၁။ မိမိတို့အသိုင်းအဝိုင်းအတွင်း 'မြင်သာသည့် အာဏာ' ကို မည်သည့် နည်းလမ်းများဖြင့် အသုံးချတတ်ကြသနည်း။

၂။ မိမိတို့အသိုင်းအဝိုင်းအတွင်း 'ဖုံးကွယ် ကိန်းအောင်းနေသည့် အာဏာ' ကို မည်သည့် နည်းလမ်းများဖြင့် အသုံးချတတ်ကြသနည်း။

၃။ မိမိတို့အသိုင်းအဝိုင်းရှိ နိုင်ငံရေးဆိုင်ရာ ကိစ္စရပ်တို့တွင် 'မြင်သာသည့် အာဏာ' နှင့် 'ဖုံးကွယ် ကိန်းအောင်းနေသည့် အာဏာ' တို့အနက် မည်သည်က ပိုမို အားကောင်းသည့် တွန်းအားတစ်ရပ်အဖြစ် တည်ရှိနေသနည်း။ အဘယ်ကြောင့်နည်း။

## လုပ်ငန်းများ

၁။ ဖြစ်စဉ်ပြဇယားကိုလေ့လာသုံးသပ်ပေးပါ။ ထိုဇယားပါဖြစ်ရပ်များအနက်ဖြစ်ရပ်၆ခုကိုရွေးပြီး အောက်ပါဇယား၏ သင့်တော်သောနေရာတွင် ဖြည့်စွက်ပေးပါ။

၂။ သင်ခန်းစာ (၂.၁.၂) တွင် ပြုလုပ်ခဲ့သည့် အာဏာ အသုံးပြုမှုများကို အခြေခံပြီး အထက်တွင် လုပ်ဆောင်ခဲ့သော ဇယားအတိုင်း ဇယားအသစ်တစ်ခုပြုစုပေးပါ။

၃။ အထက်ပါဇယားများအရ အာဏာ အသုံးချမှု နည်းလမ်းများနှင့် ပတ်သက်၍ မည်သည်တို့ လေ့လာသိရှိရသနည်း။

| မြင်သာသည့် 'အထက်မှ အောက်' သို့ စီးဆင်းသည့် အာဏာ | ဖုံးကွယ်ကိန်းအောင်းနေသည့် 'အထက်မှ အောက်' သို့ စီးဆင်းသည့် အာဏာ | မြင်သာသည့် 'အောက်မှ အထက်' သို့ စီးဆင်းသည့် အာဏာ | ဖုံးကွယ်ကိန်းအောင်းနေသည့် 'အောက်မှ အထက်' သို့ စီးဆင်းသည့် အာဏာ |
|---|---|---|---|
| ၂၀၁၁ မြစ်ဆုံဆည်<br>၁၉၆၂ စစ်တပ်မှ အာဏာသိမ်းခြင်း | | ၂၀၁၁ မြစ်ဆုံဆည် | ၂၀၁၁ မြစ်ဆုံဆည် |

## ၂.၁.၄ အာဏာ၏ အရင်းအမြစ်များ

### အကြံပြုသင်ခန်းစာ

'အာဏာ' ကို မည်သည်တို့မှ ရရှိနိုင်သနည်း။

လူပုဂ္ဂိုလ် (သို့မဟုတ်) အစုအဖွဲ့တစ်ဖွဲ့ 'အာဏာ' မည်မျှ ပိုင်ဆိုင်ထားသည်ကို အကဲခတ်ခြင်းသည် နိုင်ငံရေးဆိုင်ရာ လေ့လာ ဆန်းစစ်မှုများ၏ အရေးပါသော အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ သို့ရာတွင် ထိုသူတို့အနေဖြင့် အာဏာကို မည်သည့်နေရာမှ ရရှိပိုင်ဆိုင်ထားကြသည်ကို သိရှိထားရန်မှာလည်း အရေးပါလှပေသည်။ အာဏာ ပေါက်ဖွားရာ အချက်အချာကျလှသည့် အရင်းအမြစ်များအနက်မှ အချို့တို့မှာ –

၁။ **အင်အား** (strength) – လက်နက်ခဲယမ်း၊ နောက်လိုက် အသိုင်းအဝိုင်း၊ ကာယစွမ်းပကား အစရှိသော အရာအားလုံးတို့သည် လူပုဂ္ဂိုလ်၊ အစုအဖွဲ့တစ်ရပ် အာဏာပိုမို ပိုင်စိုးရေးကို ပေးစွမ်းနိုင်သည်။ ထိုအချက်ကြောင့်ပင် အစိုးရများ၊ စစ်တပ်များ၊ ရာဇဝတ်ဂိုဏ်းများနှင့် အကြမ်းဖက်အဖွဲ့အစည်းများ အာဏာကြီးကြီးမားမား ပိုင်ဆိုင်ထားကြခြင်းဖြစ်သည်။

၂။ **ဥစ္စာဓန** (wealth) – ငွေကြေး၊ မြေယာနှင့် အလုပ်သမားများ စသည်တို့မှာလည်း အာဏာပိုင်ဆိုင်မှု၏ အရင်းအမြစ်များ ဖြစ်ကြသည်။ ထိုအရင်းအမြစ်များကို အသုံးချခြင်းအားဖြင့် တစ်စုံတစ်ဦး (သို့မဟုတ်) အစုအဖွဲ့တစ်ဖွဲ့သည် မိမိတို့ အလိုရှိသည့်အရာကို ရယူနိုင်ကြမည်၊ ရည်မှန်းချက်များလည်း ပြည့်ဝကြမည်။ အခြားသူတို့၏ ရည်မှန်းချက်များ၊ အခွင့်အရေးများထက် မိမိတို့ အကျိုးစီးပွားအတွက်ကို အကာအကွယ် ပြုပေးနိုင်မည်လည်းဖြစ်သည်။

၃။ **အဆင့်အတန်း** (status) – ဤအာဏာမျိုးသည် လူ့အဖွဲ့အစည်းအတွင်းရှိ လူအချို့တို့၏ အခန်းကဏ္ဍ (သို့မဟုတ်) အရေးပါမှုတို့အပေါ် အခြေခံလျက်ရှိသည်။ ဥပမာအားဖြင့် လူ့အသိုင်းအဝိုင်းတစ်ရပ်အတွင်း ဘာသာရေးခေါင်းဆောင်များသည် 'လမ်းညွှန် သွန်သင်ပြသပေးသူများ' ဖြစ်သည်ဟု လူအများက သတ်မှတ်ထားရှိနိုင်သည်။ (အခန်းကဏ္ဍ) ထို့အတူပင် ဆရာဝန်များ အပေါ်တွင်လည်း အများအသက်ကို ကယ်ဆယ်နိုင်စွမ်းရှိကြသည့် အတွက်ကြောင့် လူအများက လေးစားတန်ဖိုးထားနိုင်ကြသည်။ (အရေးပါမှု)

၄။ **အသိပညာ** (knowledge) – အသိပညာနှင့် ဗဟုသုတသည်လည်း အာဏာ၏ အရင်းအမြစ်များဖြစ်ပြီး ပညာဗဟုသုတ ကြွယ်ဝသူတို့သည် အာဏာ၏ အရင်းအမြစ်ကို ပိုင်ဆိုင်ထားသူများဟု ဆိုနိုင်ပေသည်။ လူ့အဖွဲ့အစည်းတစ်ရပ် မည်သို့ မည်ပုံ လှုပ်ရှားလည်ပတ်လျက် ရှိသည်ကို သိရှိခြင်းသည် ထိုလူ့အဖွဲ့အစည်းကို ပြောင်းလဲလိုသူတိုင်း သိရှိရမည့် ပထမဆုံးသော ခြေလှမ်းတစ်ရပ်လည်း ဖြစ်သည်။

## လေ့ကျင့်ခန်း

၁။ မိမိတို့၏အသိုင်းအဝိုင်းအတွင်း တစ်စုံတစ်ဦး၊ အစုအဖွဲ့အနေဖြင့် အာဏာ အများဆုံး ပိုင်ဆိုင်စေရန် မည်သည့် အရင်းအမြစ်က ဆောင်ကြဉ်းပေးနိုင်သည်ဟု ထင်သနည်း။ အဘယ်ကြောင့်နည်း။

၂။ သင်ခန်းစာ (၂.၁.၄) ပါ အရင်းအမြစ်များအနက်မှ မည်သည်တို့က အောက်ပါ ပုဂ္ဂိုလ်တို့အား အာဏာ ပေးစွမ်းထားသနည်း။

| | |
|---|---|
| က။ ဦးသန့် | စ။ သခင်ကိုယ်တော်မှိုင်း |
| ခ။ ဦးခွန်ဆာ | ဆ။ ပြည်ထောင်စုမြန်မာနိုင်ငံတော်သမ္မတ |
| ဂ။ သီတဂူဆရာတော် | ဇ။ ဒေါ်အောင်ဆန်းစုကြည် |
| ဃ။ ဦးတေဇ | ဈ။ ၈၈ မျိုးဆက်ကျောင်းသား |
| င။ တပ်မတော် | ည။ မိမိ၏ ဆရာသမား |

▼ တပ်မတော်သည် မြန်မာပြည်၏ အရေးပါဆုံးနှင့် အာဏာအရှိဆုံး အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။ တပ်မတော်အနေဖြင့် အင်အား၊ ဥစ္စာဓန၊ အဆင့်အတန်း၊ အသိပညာတို့အနက် မည်သည်တို့ကြောင့် အဆိုပါ အာဏာတို့ကို ရရှိပိုင်ဆိုင်ထားရသနည်း။



## လုပ်ငန်းများ

မိမိတို့ အသိုင်းအဝိုင်းအတွင်းရှိ ပုဂ္ဂိုလ်များ၏ အာဏာအသုံးချမှုဆိုင်ရာ ဥပမာများကို အခြေခံလျက် အောက်ပါ ဇယားကို ဖြည့်စွက်ပေးပါ။ မည်သို့သော အာဏာ အရင်းအမြစ်များ ပါဝင်သည်နှင့် ထိုအာဏာတို့သည် 'အထက်မှ အောက်' (သို့မဟုတ်) 'အောက်မှ အထက်' သို့ စီးဆင်းသည့် အာဏာ ဖြစ်သည်ကိုပါ ရှင်းလင်း ဆွေးနွေးပေးပါ။

| အင်အားကြောင့် ရရှိသည့် အာဏာ | ဥစ္စာဓနကြောင့် ရရှိသည့် အာဏာ | အဆင့်အတန်းကြောင့် ရရှိသည့် အာဏာ | အသိပညာကြောင့် ရရှိသည့် အာဏာ |
|---|---|---|---|
| 'အထက်မှ အောက်' သို့ စီးဆင်းသည့် အာဏာ<br>ဥပမာ –<br>ဆန္ဒထုတ်ဖော်သူများအား တိုက်ခိုက်ခြင်း။ | 'အထက်မှ အောက်' သို့ စီးဆင်းသည့် အာဏာ | 'အထက်မှ အောက်' သို့ စီးဆင်းသည့် အာဏာ | 'အထက်မှ အောက်' သို့ စီးဆင်းသည့် အာဏာ |
| 'အောက်မှ အထက်' သို့ စီးဆင်းသည့် အာဏာ<br>ဥပမာ – ထုတ်ဖော် ဆန္ဒပြခြင်း။ | 'အောက်မှ အထက်' သို့ စီးဆင်းသည့် အာဏာ | 'အောက်မှ အထက်' သို့ စီးဆင်းသည့် အာဏာ | 'အောက်မှ အထက်' သို့ စီးဆင်းသည့် အာဏာ |

## လုပ်ငန်းများ

### အာဏာပိုင်ဆိုင်ထားသည့် ပုဂ္ဂိုလ်များ

အဖွဲ့များ ဖွဲ့ပါ။ ပြီးနောက် အာဏာ ပိုင်ဆိုင်ထားသူတစ်ဦးအကြောင်း စဉ်းစား ဖော်ထုတ်ပေးပါ။ ပိုစတာ စာရွက်တစ်ရွက်ပေါ်တွင် အောက်ဖော်ပြပါ စာကြောင်းများကို ပြည့်စုံအောင် ရေးသား ပေးပြီး စာသင်ခန်းနံရံတွင် ချိတ်ဆွဲဖော်ပြပေးပါ။ အခြားသော အဖွဲ့များ ပြုစုထားသည့် ပိုစတာ စာရွက်များကိုလည်း လှည့်လည်ကြည့်ရှု သုံးသပ်ပေးပါ။

၁။ ကျွန်တော်တို့ လေ့လာတင်ပြမည့် ပုဂ္ဂိုလ်မှာ ×××× ဖြစ်သည်။
၂။ ထိုသူပိုင်ဆိုင်ထားသော အာဏာမှာ ×××× ဖြစ်သည်။
၃။ ထိုအာဏာ ပိုင်ဆိုင်ထားရသည့် အကြောင်းရင်းမှာ ×××× တို့ကြောင့် ဖြစ်သည်။
၄။ ထိုအာဏာတို့သည် ×××× အကြောင်းရပ်တို့ကြောင့် လက်လွှတ်ဆုံးရှုံးနိုင်သည်။




## အကြံပြုသင်ခန်းစာ

မိမိတို့၏ အသိုင်းအဝိုင်းအတွင်း အာဏာ ရရှိနိုင်မှု အခွင့်အရေးကို မည်သူတို့က ပိုင်ဆိုင်ထားကြသနည်း။

### ၂.၁.၅ အာဏာနှင့် လုပ်ပိုင်ခွင့်

'အာဏာသည် မိမိတို့အလိုရှိသော အရာကို တစ်စုံတစ်ဦးအား လုပ်ဆောင်စေနိုင်မှုအစွမ်း' ဟူသည့် အနက်အရ 'လုပ်ပိုင်ခွင့်' ဟူသည် ထိုသို့လုပ်ဆောင်စေနိုင်သည့် အခွင့်အရေး ပိုင်ဆိုင်ထားခြင်းဟု ဖွင့်ဆိုနိုင်သည်။ ဥပမာဆိုရသော် ရာဇဝတ်သားတစ်ဦးအနေဖြင့် သေနတ်တစ်လက်ရှိခြင်းက ထိုသူထံတွင် အာဏာ ရရှိလာစေသည်။ ထိုသေနတ်ဖြင့် အပစ်ခံရမည် စိုးသောကြောင့် လူအများမှာ ထိုသူအလိုကျ စေခိုင်းခံရမည် ဖြစ်သည်။ သေနတ်သာ မရှိပါက ထိုရာဇဝတ်သားထံတွင်လည်း အာဏာ ရှိနိုင်လိမ့်မည် မဟုတ်ချေ။ တစ်ဖက်က ကြည့်လျှင်လည်း စံပြရဲအရာရှိတစ်ဦးသည် သေနတ် ရှိသည်ဖြစ်စေ၊ မရှိသည် ဖြစ်စေ လူအများအပေါ် ဩဇာညောင်းနိုင်သည်။ သေနတ် ပိုင်ဆိုင်ထားပါက အဆိုပါ စံပြရဲအရာရှိရော၊ ရာဇဝတ်သားလူဆိုးပါ အာဏာရှိမည်ဖြစ်သော်လည်း၊ သေနတ် မရှိပါက ရဲအရာရှိ တစ်ဦးတည်းသာလျှင် အာဏာ ပိုင်ဆိုင်ထားကြောင်း တွေ့ရပေမည်။ ထိုသို့ ဖြစ်ရခြင်းမှာ တရားဥပဒေစိုးမိုးလျက်ရှိသည့် တိုင်းပြည်များတွင် လူမှုအသိုင်းအဝိုင်း တို့အား ကာကွယ်ပေးရန်မှာ ရဲဝန်ထမ်းတို့၏ တာဝန်ဖြစ်သည်ဟု လူအများက လက်ခံ ထားကြသောကြောင့်ဖြစ်သည်။

အကျိုးဆက်အနေဖြင့် အများပြည်သူအပေါင်းတို့ လုပ်ဆောင်အပ်သည်တို့ကို ညွှန်ကြား ပြောဆိုနိုင်မှု အခွင့်အရေးအား ရဲအရာရှိများမှ အလုပ်တာဝန်အရ ပိုင်ဆိုင်ထားကြ သောကြောင့် လူအများမှာ ၎င်းတို့ကို လေးစားလိုက်နာကြရမည် ဖြစ်ပေသည်။ ဤသည်မှာ 'လုပ်ပိုင်ခွင့်' ဟူသော ဝေါဟာရ၏ အဓိပ္ပာယ်ဖွင့်ဆိုချက် ဖြစ်ပေသည်။

အထက်ပါ ဥပမာရပ်တွင် အရေးပါသည့် အယူအဆ (၂) ရပ် ပါဝင်လျက်ရှိသည်။ ၎င်းတို့မှာ –

၁။ **မှန်ကန်မှု** (rightness) – တရားဥပဒေစိုးမိုးမှုရှိသော အခြေအနေတွင် ရဲဝန်ထမ်းများသည် ပြည်သူ့အကျိုးရှေးရှု ဆောင်ရွက်လိမ့်မည်ဟု လူအများက ယုံကြည်ထားသည်။ ထိုယုံကြည်ချက်ကြောင့်လည်း ရဲအရာရှိတို့မှာ လုပ်ပိုင်ခွင့် အာဏာကို ပိုင်ဆိုင်ထားကြသည်။ ပြည်သူ့ရဲများသည် လူ့အသိုင်းအဝိုင်းတစ်ရပ် ငြိမ်ဝပ်ပိပြားအောင် ထိန်းသိမ်းရမည့် တာဝန်ရှိသည့်အလျောက် ရဲအရာရှိတို့၏ ညွှန်ကြားချက်များကို လိုက်နာခြင်းသည် မှန်ကန်သော လုပ်ရပ် ဖြစ်သည်ဟုလည်း လူအများက တွေးထင်ထားကြသည်။ ထိုညွှန်ကြားချက်များ ချမှတ်သည့် အခါတွင်လည်း ခြစားမှုမရှိသည့် ရဲအရာရှိများမှာ ကိုယ်ကျိုးမဖက် အများအကျိုး အတွက်သာ ရှေးရှုဆောင်ရွက်တတ်ကြသည်။ လုပ်ပိုင်ခွင့် ရရှိထားသူတစ်ဦးသည် အာဏာပိုမို ပိုင်ဆိုင်ထားသင့်သည်ဟု လူအများက လက်ခံထားသည်။ ထိုကဲ့သို့ အာဏာ ပိုင်ဆိုင်ထားခြင်းသည် မျှတမှုရှိပြီး နားလည်လက်ခံနိုင်သော လုပ်ရပ် ဖြစ်သည်သာမက မိမိတို့အကျိုးအတွက်ပါ စောင့်ရှောက် ကာကွယ်ပေးနိုင်၍ ဖြစ်ပေသည်။

၂။ **သဘောတူခွင့်ပြုမှု** (consent) – ခေါင်းဆောင်တစ်ဦး (သို့မဟုတ်) အစိုးရတစ်ရပ် လုပ်ပိုင်ခွင့် ရရှိစေမည့် အရေးပါလှသည့် အရင်းအမြစ်တစ်ရပ်မှာ သဘောတူ ခွင့်ပြုမှုဆိုင်ရာ အယူအဆပင်ဖြစ်သည်။ သဘောတူခွင့်ပြုမှု ဟူသည်မှာ ခေါင်းဆောင်တစ်ဦး (သို့မဟုတ်) အဖွဲ့အစည်းတစ်ရပ် (ရှေ့ဥပမာအရ ပြည်သူ့ ရဲတပ်ဖွဲ့) သည် ပြည်သူအများပေါ်တွင် လုပ်ပိုင်ခွင့်ရှိသင့်ကြောင်း အများက လက်ခံသဘောတူထားခြင်းကို ဆိုလိုသည်။ တစ်စုံတစ်ဦး၏ လုပ်ပိုင်ခွင့်သည် လူအများ၏ လက်ခံမှုအပေါ် အခြေပြုထားပါက ထိုလူ၏ အမိန့် ညွှန်ကြားချက်ကို လူအများ လိုက်နာကြလိမ့်မည်ဖြစ်သည်။ ထိုကဲ့သို့သော ခေါင်းဆောင်များ၊ အဖွဲ့အစည်းများ (သို့မဟုတ်) အစိုးရများသည် လူအများအတွက် အလျော်ကန်ဆုံး၊ အကောင်းမွန်ဆုံးဖြစ်သည်ဟု ဆုံးဖြတ်ချက်ချ ရွေးချယ်ခံထားကြရသဖြင့် ၎င်းတို့အနေဖြင့် လူအများကို အမိန့်ပေးညွှန်ကြားနိုင်မည့် အခွင့်အရေးကို ရရှိထားကြပေသည်။

### ဆွေးနွေးချက်

'အာဏာ ပိုင်ဆိုင်ထားသည့် ပုဂ္ဂိုလ်များ' လုပ်ငန်းတွင် ပြုစုခဲ့သည့် ပိုစတာများကို ပြန်လည်ကြည့်ရှု သုံးသပ်ပေးပါ။

၁။ ထိုပုဂ္ဂိုလ်များ အနေဖြင့် 'အာဏာ' ချည်း သီးသန့် ပိုင်ဆိုင်ထားကြပါသလား။ (သို့မဟုတ်) အာဏာရော လုပ်ပိုင်ခွင့်ပါ ပိုင်ဆိုင်ထားကြပါသလား။

၂။ ထိုပုဂ္ဂိုလ်တို့ အနေဖြင့် လုပ်ပိုင်ခွင့်ကိုပါ ပိုင်ဆိုင်ထားကြပါက မှန်ကန်မှုရှိသည့် လုပ်ပိုင်ခွင့် ဖြစ်အောင် မည်သည်တို့က ပံ့ပိုးပေးထားသနည်း။ မည်သူတို့၏ သဘောတူ ခွင့်ပြုမှုကို ရရှိထားကြသနည်း။

**အကြံပြုသင်ခန်းစာ**

လုပ်ပိုင်ခွင့်တို့နှင့် တွဲဖက်လျက်ရှိသည့် တာဝန်များကို ဖော်ပြပေးပါ။



## ၂.၁.၆ လုပ်ပိုင်ခွင့်နှင့် တာဝန်

အမိန့်ပေး ညွှန်ကြားနိုင်သည့် အခွင့်အရေး (လုပ်ပိုင်ခွင့်) တို့သည် တာဝန်တို့နှင့် အစဉ်ဒွန်တွဲလျက်ရှိသည်။ လုပ်ပိုင်ခွင့်ရထားသူ အနေနှင့်လည်း မိမိ၏ လုပ်ဆောင်ချက်၊ ဆုံးဖြတ်ချက်နှင့် ညွှန်ကြားချက်များ အားလုံးသည် မိမိကိုယ်ကျိုးစီးပွားအတွက် ရှေးရှုနေခြင်းမျိုး မဟုတ်ဘဲ အများပြည်သူ အကျိုးစီးပွားအတွက်သာ အမြဲရှေးရှုဆောင်ရွက်နေခြင်းမျိုး ဖြစ်စေရန် တာဝန်ရှိပေသည်။

ထိုသို့ ဆုံးရှုံးရခြင်းသည် ခေါင်းဆောင်ဖြစ်သူ၏လုပ်ပိုင်ခွင့်ကို အားလျော့သွားစေပြီး အာဏာလက်လွှတ်လိုက်ရသည်အထိ ဦးတည်သွားနိုင်ပေသည်။ ထိုဖြစ်ရပ်တို့သည် အကြမ်းမဖက်သည့် လှုပ်ရှားမှုများ (ဥပမာ – ရွေးကောက်ပွဲ ဆုံးဖြတ်ချက်များ) အနေဖြင့်ရော၊ တော်လှန်မှု ကဲ့သို့သော အကြမ်းဖက်လှုပ်ရှားမှုများအရပါ ဖြစ်ပွားပေါ်ပေါက်လာနိုင်သည်။ ထိုအခြေအနေ (၂) ရပ်လုံးသည် ခေါင်းဆောင်များ စိုးရိမ်ပူပန်ရသည့် 'အောက်မှ အထက်' စီးဆင်းသည့် အာဏာ၏ ဥပမာကောင်းတစ်ရပ်လည်း ဖြစ်ပေသည်။

**လေ့ကျင့်ခန်း**

ဖြစ်စဉ်ပြဇယားကို လေ့လာ ဖတ်ရှုပေးပါ။ အဖွဲ့များ ဖွဲ့ပြီး ထိုဇယားပါ ဖြစ်ရပ်တစ်ရပ်ကို အနည်းဆုံး အခြေခံလျက် အောက်ပါ မေးခွန်းတို့ကို ဖြေဆိုပါ။

၁။ မိမိတို့ ရွေးချယ်ထားသည့် ဖြစ်ရပ်တွင် အာဏာချည်း သီးသန့် (သို့မဟုတ်) အာဏာရော လုပ်ပိုင်ခွင့်ပါ အသုံးချထားပါသလား။

၂။ မည်သို့သော တာဝန်များ လျစ်လျူရှုထားသည်ကို တွေ့ရှိရသနည်း။

၃။ ထိုဖြစ်ရပ်တို့တွင် လူအများ၏ တုံ့ပြန်မှုများသည် အကြမ်းဖက်မှု ရှိပါသလား၊ (သို့မဟုတ်) အကြမ်းမဖက်ဘဲ ဖြေရှင်းကြပါသလား။

**အကြံပြုသင်ခန်းစာ**

လုပ်ပိုင်ခွင့်ကို ပြည်သူတို့ အဘယ့်ကြောင့် လက်ခံရသနည်း။

# ၂.၂ တရားဝင်အသိအမှတ်ပြုမှု

## ၂.၂.၁ တရားဝင်အသိအမှတ်ပြုမှု

အချို့သော အစိုးရများကို ပြည်သူများက လက်ခံကြပြီး အချို့သော အစိုးရများကို ပြည်သူများ လက်မခံကြခြင်း၏ နောက်ခံပင်မ အကြောင်းအရင်းများကို နိုင်ငံရေးသိပ္ပံပညာရှင်များက ရှာဖွေဖော်ထုတ်ဖို့ ကြိုးစားရင်း 'တရားဝင်အသိအမှတ်ပြုမှု' သဘောတရားကို လေ့လာဆန်းစစ်လာကြခြင်းဖြစ်သည်။ တရားဝင်အသိအမှတ်ပြုမှုနှင့် ပတ်သက်၍ နိုင်ငံရေးသိပ္ပံပညာရှင်များ မေးမြန်းလေ့ရှိသည့် အခြေခံ မေးခွန်းတစ်ရပ်မှာ 'ပြည်သူတို့အနေဖြင့် အစိုးရတစ်ရပ်ကို အဘယ်အကြောင်းကြောင့် နာခံလိုက်နာသနည်း' ဟူ၍ ဖြစ်သည်။ တရားဝင်အသိအမှတ်ပြုမှု ဆိုသည်မှာ ခေါင်းဆောင်တစ်ဦး၊ အစိုးရတစ်ရပ် (သို့မဟုတ်) အဖွဲ့အစည်းတစ်ရပ်၏လုပ်ပိုင်ခွင့်အား လူအများက မည်ရွေ့မည်မျှ လက်ခံထားသည် ဆိုသည့်အချက်တွင် မူတည်သည်။

'တရားဝင်အသိအမှတ်ပြုမှု' သည် နိုင်ငံအုပ်ချုပ်ရာတွင် အေးအေးချမ်းချမ်း၊ ထိရောက်မှုရှိရှိ ဖြစ်အောင် ပံ့ပိုးပေးနိုင်သည့် အတွက်ကြောင့် အစိုးရတစ်ရပ်အတွက် အလွန်အရေးပါလှသည်။ နိုင်ငံရေးသိပ္ပံပညာရှင်တစ်ဦးဖြစ်သူ မူသီးယားအလဂပ္ပါ (muthiah alagappa) ဆိုသူက အစိုးရများအနေဖြင့် ပြည်သူတို့၏ တရားဝင်လက်ခံမှု ပိုမိုရရှိစေရန် အောက်ပါ လက္ခဏာရပ် (၄) ချက်က ဖန်တီးပေးနိုင်ကြောင်း တင်ပြထားသည်။

က။ အစိုးရများသည် ၎င်းတို့၏အာဏာကို ပြည်သူတို့ လက်ခံသဘောတူသည့် နည်းလမ်းများဖြင့် ရရှိရမည်။ (ဥပမာ – ရွေးကောက်ပွဲများ။)

ခ။ အစိုးရများသည် ၎င်းတို့ရရှိထားသည့် အာဏာကို ပြည်သူတို့၏ သဘောဆန္ဒနှင့် ကိုက်ညီသည့် နည်းလမ်းများဖြင့် အသုံးပြုရမည်။ (ဥပမာ – ပေါ်လစီများ ချမှတ်ရာတွင် ပြည်သူအားလုံး၏ အကျိုးနှင့် ကိုက်ညီရမည်၊ အစိုးရဝန်ထမ်းများ အနေဖြင့် လာဘ်ပေးလာဘ်ယူမှုများ မပြုအပ်၊ ဥပဒေများတွင် မမျှတမှုများ မရှိစေအပ်။)

ဂ။ အစိုးရများသည် ပြည်သူတို့၏ လိုအပ်ချက်များနှင့်အညီ အရင်းအမြစ်များ၊ ဝန်ဆောင်မှုများကို ဖြည့်ဆည်းပေးရမည်။ (ဥပမာ – စားနပ်ရိက္ခာ၊ အလုပ်အကိုင် အခွင့်အလမ်းနှင့် ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုများ လုံလောက်မှု ရှိစေရမည်။)

ဃ။ အစိုးရများသည် ပြည်သူတို့၏ သဘောတူခွင့်ပြုမှုကို ရရှိရမည်။ (သို့မှသာလျှင် ပြည်သူတို့က အစိုးရ၏ လုပ်ပိုင်ခွင့်ကို လက်ခံကြမည် ဖြစ်ပြီး လိုလိုလားလား နာခံကြလိမ့်မည်ဖြစ်သည်။)

**ဆွေးနွေးချက်**



သင်ခန်းစာ (၂.၂.၁) တွင် ပါရှိသည့် တရားဝင်အသိအမှတ်ပြုမှုဆိုင်ရာ လက္ခဏာရပ် (၄) ချက်ကို လေ့လာ သုံးသပ်ပြီး အောက်ပါ မေးခွန်းတို့ကို ဖြေဆိုပေးပါ။

၁။ မိမိတို့နိုင်ငံရှိ ခေါင်းဆောင်များ အနေဖြင့် မည်သို့သော နည်းလမ်းများဖြင့် အာဏာကို ရရှိပိုင်ဆိုင်ထားကြသနည်း။ အဆိုပါ အာဏာရရှိမှုများသည် တရားဝင်အသိအမှတ်ပြုမှုရှိသည့် နည်းလမ်းများအဖြစ် ပြည်သူတို့က လက်ခံထားကြပါသလား။

၂။ မိမိတို့နိုင်ငံရှိ အစိုးရများအနေဖြင့် အာဏာကို မည်သည့် နည်းလမ်းများဖြင့် အသုံးပြုကြသနည်း။

၃။ အစိုးရအနေဖြင့် မည်သို့သော အရင်းအမြစ်များ၊ ဝန်ဆောင်မှုများကို မိမိတို့နိုင်ငံတွင်းရှိ ပြည်သူတို့၏ လိုအပ်ချက်များနှင့်အညီ ဖြည့်ဆည်းပေးရန် လိုအပ်သနည်း။

၄။ အစိုးရအနေဖြင့် ပြည်သူတို့၏ သဘောတူ ခွင့်ပြုမှုကို ရရှိထားပါသလား။

## လုပ်ငန်းများ

အဖွဲ့များဖွဲ့ပြီး ဇော်ပြပါဇယားရှိ နိုင်ငံတစ်နိုင်ငံကို ရွေးချယ်ပေးပါ။ အောက်ပါ အချက်များကို အခြေခံလျက် ဆွေးနွေး တင်ပြမှုတစ်ရပ် ပြုလုပ်ပေးပါ။

- ထိုနိုင်ငံ၏ အစိုးရအနေဖြင့် တရားဝင်အသိအမှတ်ပြုမှု အခြေအနေ မည်မျှ ရှိသနည်း။
- မည်သို့သော တရားဝင်အသိအမှတ်ပြုမှုဆိုင်ရာ လက္ခဏာရပ်များ ချို့ယွင်းလျက် ရှိသနည်း။
- မည်သို့သော တရားဝင်အသိအမှတ်ပြုမှုဆိုင်ရာ လက္ခဏာရပ်များ ချို့ယွင်းမှု မရှိသနည်း။
- ထိုနိုင်ငံတွင်းရှိ အခြေအနေများနှင့် ပတ်သက်၍ မည်သည်တို့ကို လေ့လာ သုံးသပ်မိသနည်း။

နိုင်ငံအသီးသီး၏ တရားဝင်အသိအမှတ်ပြုမှု အခြေအနေ (၂၀၁၃)

| နိုင်ငံ | ၁။ လူမှုအုပ်စုအသီးသီး၏ မကျေနပ်မှု | ၂။ အစိုးရ၏ တရားဝင်အသိအမှတ်ပြုမှု | ၃။ ပြည်သူ့ဝန်ဆောင်မှုများ | ၄။ လူ့အခွင့်အရေး | ပျမ်းမျှ |
|---|---|---|---|---|---|
| အီရတ် | ၁၀.၀ | ၈.၆ | ၇.၆ | ၈.၆ | ၈.၇ |
| မြောက်ကိုရီးယား | ၆.၆ | ၇.၈ | ၉.၅ | ၉.၇ | ၈.၉ |
| တောင်အာဖရိက | ၅.၇ | ၅.၃ | ၆.၃ | ၄.၂ | ၅.၄ |
| အီရန် | ၈.၈ | ၈.၉ | ၅.၀ | ၉.၄ | ၈.၀ |
| တရုတ်ပြည်သူ့သမ္မတနိုင်ငံ | ၈.၃ | ၈.၁ | ၆.၈ | ၉.၄ | ၈.၂ |
| အစ္စရေး၊ အနောက်ဘက်ကမ်း | ၉.၈ | ၆.၇ | ၅.၉ | ၇.၆ | ၇.၅ |
| အိန္ဒိယ | ၈.၂ | ၅.၂ | ၆.၇ | ၅.၉ | ၆.၅ |
| ကျူးဘား | ၄.၈ | ၆.၅ | ၄.၇ | ၇.၅ | ၅.၉ |
| ဆော်ဒီအာရေးဗီးယား | ၇.၄ | ၇.၈ | ၄.၀ | ၈.၉ | ၇.၀ |
| မလေးရှား | ၆.၁ | ၆.၂ | ၄.၅ | ၇.၁ | ၆.၀ |
| သီရိလင်္ကာ | ၉.၅ | ၈.၂ | ၅.၅ | ၉.၀ | ၈.၀ |
| တောင်ကိုရီးယား | ၃.၁ | ၂.၉ | ၁.၉ | ၂.၆ | ၂.၆ |

၁ = အလွန်ကောင်းမွန်၊ ၁၀ = အလွန်ဆိုးရွား။

Adapted from : The Failed States Index 2013.

## အကြံပြုသင်ခန်းစာ

တရားဝင်အသိအမှတ်ပြုမှုသည် အစိုးရများအတွက် အဘယ်ကြောင့် အရေးပါရသနည်း။

## ၂.၂.၂ တရားဝင်အသိအမှတ်ပြုမှု၊ ထိရောက်မှုနှင့် တည်ငြိမ်မှု

အစိုးရတစ်ရပ်သည် ပြည်သူအပေါင်း၏ လက်ခံမှုနှင့် လေးစားမှုတို့ကို ရရှိထားပြီး၊ ၎င်းတို့ ရေးဆွဲ ချမှတ်ထားသည့် ဥပဒေများကိုလည်း မျှတမှုရှိသည်ဟု ရှုမြင်ခံရမှသာလျှင် တရားဝင်အသိအမှတ်ပြုမှုရှိသည့် လုပ်ပိုင်ခွင့်ကို ပိုင်ဆိုင်နိုင်မည် ဖြစ်သည်။ တရားဝင် အသိအမှတ်ပြုမှု မရှိသည့် အစိုးရများအနေဖြင့်မူ ထိုကဲ့သို့သော အများထောက်ခံမှုကို မရရှိ၊ မခံစားနိုင်ကြချေ။ အစိုးရတစ်ရပ်၏ လုပ်ပိုင်ခွင့်ကို နိုင်ငံသားအများစုက အသိအမှတ်ပြုခြင်း၊ လက်ခံခြင်းတို့ မရှိပါက အဆိုပါ အစိုးရကို တရားဝင်အသိအမှတ်ပြုမှု မရှိသည့် အစိုးရဟူ၍ သတ်မှတ်နိုင်ပေသည်။

တရားဝင်အသိအမှတ်ပြုမှုသာ မရှိပါက အစိုးရတစ်ရပ်သည် ပြည်သူတို့၏ ထောက်ခံမှုကို လွယ်လွယ်ကူကူပင် ဆုံးရှုံးလက်လွတ်ရနိုင်သည်။ ပြည်သူများအနေဖြင့် တရားဝင်အသိအမှတ်ပြုမှု မရှိသည့် အစိုးရ၏ ဥပဒေများ၊ လုပ်ရပ်များကို အုံကြွမှုများ၊ ဆန္ဒပြမှု၊ အာဏာဖီဆန်မှု စသည်တို့ဖြင့် ဆန့်ကျင် စိန်ခေါ်တတ်ကြသည်။ ထိုစိန်ခေါ်မှု များသည် အလွန်တရာမှပင် အန္တရာယ်ကြီးမားလှသည်။ ဤသည်ကို ကြည့်ခြင်းဖြင့် အစိုးရတစ်ရပ် ထိရောက်မှုရှိရှိ၊ တည်တည်ငြိမ်ငြိမ် ရပ်တည်နိုင်ရေးအတွက် တရားဝင်အသိအမှတ်ပြုမှု၏ အရေးပါပုံကို တွေ့မြင်နိုင်သည်။

## (က) တရားဝင်အသိအမှတ်ပြုမှုနှင့် ထိရောက်မှု

နိုင်ငံသားများသည် တရားဝင်အသိအမှတ်ပြုမှုရှိသည်ဟု လက်ခံထားသည့် အစိုးရတစ်ရပ်နှင့် ပူးပေါင်းဆောင်ရွက်နိုင်ခြေ ပိုများသည်။ အခွန်ဆောင်ခြင်း၊ ရဲဝန်ထမ်းတို့၏ ညွှန်ကြားချက် များအား နာခံခြင်း၊ တရားဥပဒေတို့ကို လိုက်နာကျင့်သုံးခြင်း အစရှိသည့် လုပ်ငန်းများကို နိုင်ငံသားတစ်ဦး စောင့်ထိန်းရမည့် တာဝန်များအဖြစ် ရှုမြင်လက်ခံကြမည် ဖြစ်သည်။ ထိုကဲ့သို့ အစိုးရအား လိုက်နာခြင်းသည် လုပ်သင့်၊ လုပ်ထိုက်သောအရာ ဖြစ်သည်ဟု ပြည်သူများက ယူဆထားကြသည့် အတွက်ကြောင့် တရားဝင်သော အစိုးရများမှာ ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုများပေါ် ယုံကြည်စိတ်ချစွာ အားကိုးနိုင်ကြသည်။ ထိုပူးပေါင်းဆောင်ရွက်မှုများကြောင့် အစိုးရအနေဖြင့် နိုင်ငံတစ်နိုင်ငံလည်ပတ်ရာတွင် လိုအပ်သည့် ရှုပ်ထွေးပွေလီသော လုပ်ငန်းများကို လွယ်ကူအဆင်ပြေစွာဖြင့် ဖော်ဆောင်ပေးနိုင်ကြသည်။

တစ်ဖက်တွင်မူ ပြည်သူတို့၏ ပူးပေါင်းမှုများအပေါ် တရားမဝင်သော အစိုးရများမှာ မှီခိုနိုင်ခြင်း မရှိကြချေ။ ၎င်းတို့၏ နိုင်ငံသားများအနေဖြင့် အစိုးရ၏ ခြစားမှု၊ ပြည်သူ့လိုအင်များကို လျစ်လျူရှုထားမှုတို့ကြောင့် အခွန်ဆောင်ခြင်း၊ တရားဥပဒေလိုက်နာခြင်းတို့ကိုလည်း ဆောင်ရွက်ကြလိမ့်မည် မဟုတ်တော့ချေ။ ပြည်သူများ အခွန်ဆောင်ကြရန်၊ ဥပဒေလိုက်နာကြရန်အတွက် အဆိုပါ အစိုးရတို့မှာ အကျပ်ကိုင်မှုများကို အလွန်အမင်း လုပ်ဆောင်ကြရပေတော့သည်။ ထိုသို့ အကျပ်ကိုင် လုပ်ဆောင်စေခြင်းက အရင်းအမြစ်များကို ဖြုန်းတီးပစ်ရာလည်း ရောက်ပေသည်။ (ဥပမာ – ရဲအင်အား ပိုမိုတိုးချဲ့ခြင်း) ထိုကဲ့သို့ ဖြုန်းတီးကုန်သည့်အတွက် အရင်းအမြစ်များ လုံလောက်မှု မရှိတော့ဘဲ အစိုးရ၏ အရေးပါသည့် လုပ်ငန်းတာဝန်များ (ဥပမာ – လူမှုစောင့်ရှောက်မှုများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ) အတွက် အလေးပေးနိုင်မည် မဟုတ်တော့ချေ။

## (ခ) တရားဝင်အသိအမှတ်ပြုမှုနှင့် တည်ငြိမ်မှု

အစိုးရတစ်ရပ်သည် တရားဝင်အသိအမှတ်ပြုမှုရှိသည်ဟု နိုင်ငံသားများက ရှုမြင်ထားပါက တစ်တိုင်းပြည်လုံး၏ အကျိုးအတွက် ရှေးရှုဆောင်ရွက်ပေးနေသည့် အစိုးရအဖြစ်ပါ လက်ခံထားကြမည်ဖြစ်သည်။ ထိုအချက်ကြောင့်ပင်လျှင် နိုင်ငံသားများအနေဖြင့် မိမိအကျိုး၊ အများအကျိုးတို့အကြား ပဋိပက္ခဖြစ်ပွားရသည့်အခါတိုင်း စေ့စပ်ညှိနှိုင်းမှုဖြင့်သာ အဖြေရှာကြလိမ့်မည်ဖြစ်သည်။ အစိုးရသည် တစ်တိုင်းပြည်လုံး ကောင်းကျိုးအတွက် ကြံဆောင်ကြိုးပမ်းနေသည်ဟု ယုံကြည်ထားကြသည့်အတွက် နိုင်ငံသားများဘက်က ကိုယ်ကျိုးစွန့်ရန် ဝန်မလေးကြချေ။ ထို့အပြင် တရားဝင်သော အစိုးရသည် ပြဿနာပဋိပက္ခ ဖြေရှင်းမှုဆိုင်ရာ ဖြစ်စဉ်များကို မျှမျှတတ ဆောင်ရွက်ပေးနိုင်ချေပိုများသည်။ ထိုအကြောင်းကြောင့်လည်း တရားဝင်အသိအမှတ်ပြုမှုရှိသည့် အစိုးရများမှာ လူမှုပဋိပက္ခဖြေရှင်းမှုများကို ပိုမိုကောင်းမွန်စွာ ကိုင်တွယ်တတ်ကြပြီး ငြိမ်းချမ်းမှုနှင့် တည်ငြိမ်မှုတို့ကို ပိုမိုဆောင်ကြဉ်းပေးနိုင်ကြမည် ဖြစ်ပေသည်။

### လေ့ကျင့်ခန်း

<u>သင်ခန်းစာ (၂.၂.၂) ကို လေ့လာ ဖတ်ရှုပြီးပါက</u>

၁။ တရားဝင်အသိအမှတ်ပြုမှုရှိခြင်းက အဖျက်သဘောဆောင်သည့် ပဋိပက္ခများကို လျော့ချပေးပါသလား၊ တိုးပွားလာစေပါသလား။ အဘယ်ကြောင့်နည်း။

၂။ တရားဝင်အသိအမှတ်ပြုမှုရှိခြင်းက ပူးပေါင်းဆောင်ရွက်မှုများကို လျော့ချပေးပါသလား၊ တိုးပွားလာစေပါသလား။ အဘယ်ကြောင့်နည်း။

တစ်ဖက်တွင်မူ တရားဝင်အသိအမှတ်ပြုမှု မရှိသည့် အစိုးရများမှာ ၎င်းတို့ နိုင်ငံသားများ၏ ပဋိပက္ခ ညှိနှိုင်းအဖြေရှာမှုများအပေါ် မှီခိုနိုင်ကြလိမ့်မည် မဟုတ်ချေ။ အစိုးရတစ်ရပ်သည် ကိုယ့်ဖို့သာ ကြည့်တတ်သည်ဟု နိုင်ငံသားများ ရှုမြင်ထားပါက မည်သို့သော အဖြေရှာမှုမျိုးကိုမျှ ပူးပေါင်းပါဝင်လိုမည် မဟုတ်တော့ချေ။ အဆိုပါ အစိုးရများအနေဖြင့် ထင်သာမြင်သာရှိပြီး၊ မျှတသည့် ပဋိပက္ခ ဖြေရှင်းမှုဖြစ်စဉ်များကိုလည်း ဆောင်ကြဉ်းပေးနိုင်ကြလိမ့်မည် မဟုတ်။ တရားဝင်အသိအမှတ်ပြုမှုရှိသည့် အစိုးရများမှာ စည်းမျဉ်းသတ်မှတ်ချက်များအပေါ် အားကိုးအားထားပြုနိုင်ကြသော်လည်း၊ တရားဝင်အသိအမှတ်ပြုမှု မရှိသည့် အစိုးရများမှာမူ ထိုကဲ့သို့ မပြုမူနိုင်ကြ၊ နိုင်ငံသားများက ထိုစည်းကမ်း သတ်မှတ်ချက်များသည် တရားဝင်အသိအမှတ်ပြုမှုမရှိဟု ရှုမြင်ထားကြ၍ဖြစ်သည်။ အကျိုးဆက်အနေဖြင့် နိုင်ငံသားများမှာ ထိုအစိုးရကို လျစ်လျူရှုလျှင်ရှု၊ လျစ်လျူ မရှုလျှင်လည်း တက်တက်ကြွကြွ တိုက်ခိုက် ဆန့်ကျင်ကြလိမ့်မည်။ ထိုကဲ့သို့သော ပဋိပက္ခများက အစိုးရတို့၏ တည်ငြိမ်မှုကို ပျက်ပြားစေပြီး အကွက်ချ ပြစ်မှုကျူးလွန်ခြင်းများ၊ ပြည်တွင်းစစ်ပွဲများ အစရှိသည့် လူမှုပြဿနာများအထိ ဖြစ်ပွားပေါ်ပေါက်လာစေနိုင်သည်။

### အကြိုသင်ခန်းစာ

၁။ ဒီမိုကရေစီစနစ်ဆိုသည်မှာ အဘယ်နည်း။

၂။ အာဏာရှင်စနစ် (authoritarianism) ဆိုသည်မှာ အဘယ်နည်း။

## ၂.၂.၃ အစိုးရစနစ်တစ်ရပ် ဆိုသည်မှာ အဘယ်နည်း

အစိုးရစနစ်တစ်ရပ် ဆိုသည်မှာ တိုင်းပြည်နယ်မြေအတွင်းရှိ နိုင်ငံရေးရာ လည်ပတ်မှုတို့၏ အခြေခံ စည်းမျဉ်းများနှင့် တန်ဖိုးများကို ဆိုလိုသည်။ ထိုစည်းမျဉ်းများ၊ တန်ဖိုးများမှာ အောက်ဖော်ပြပါ မေးခွန်းများနှင့် ဆက်နွှယ်လျက်ရှိသည်။

- လူ့အဖွဲ့အစည်းတွင် မည်သူက အာဏာကို ပိုင်ဆိုင်ထားသင့်သနည်း။
- အာဏာကို မည်မျှအထိ ညီညီမျှမျှ မျှဝေထားနိုင်သနည်း။
- ထိုအာဏာကို မည်သို့ အသုံးချအပ်သနည်း။
- ခေါင်းဆောင်တစ်ဦး၏ အာဏာကို မည်သို့သော အကန့်အသတ်များ ထားရှိအပ်သနည်း။

အစိုးရစနစ်များအနက်မှ အခြေခံအကျဆုံး ကွဲပြားခြားနားလျက်ရှိသည့် စနစ် (၂) ရပ်မှာ အာဏာရှင်စနစ်နှင့် ဒီမိုကရေစီစနစ်တို့ ဖြစ်သည်။ သို့ရာတွင်လည်း ဒီမိုကရေစီစနစ် စစ်စစ်ဟူ၍ မရှိသကဲ့သို့ ဒီမိုကရေစီလက္ခဏာရပ်အချို့ မပါဝင်သည့် အာဏာရှင်စနစ် ဆိုသည်မှာလည်း အနည်းအကျဉ်းသာရှိသည်။ ထိုစနစ် (၂) ရပ် တို့အား ရှင်းလင်းတင်ပြထားရသည့် အကြောင်းမှာ အစွန်း (၂) ရပ် တို့အကြား ကွဲကွဲပြားပြားသိရှိနိုင်ရန် အလို့ငှာ တင်ပြထားရခြင်း ဖြစ်သည်။ နိုင်ငံအများစုတို့တွင် အာဏာရှင်စနစ်ဆိုင်ရာ လက္ခဏာရပ်အချို့နှင့် ဒီမိုကရေစီစရိုက်လက္ခဏာတို့ကိုပါ ကျင့်သုံးတတ်ကြပြီး ထိုအစွန်းနှစ်ဘက်၏ အကြားတွင် တည်ရှိနေကြပေသည်။

### (က) အာဏာရှင်စနစ် (Authoritarianism)

အာဏာရှင်စနစ်ဆိုသည်မှာ အာဏာကို အစိုးရတစ်ရပ်က အဓိက ချုပ်ကိုင်ထားသည့် နိုင်ငံရေးစနစ်ဖြစ်သည်။ လူ့အဖွဲ့အစည်းတစ်ရပ်၏ ပြည်တွင်းပြည်ပ ရန်စွယ်များကို အကာအကွယ်ပေးနိုင်သည့် တစ်ခုတည်းသော အားကိုးရာမှာ အစိုးရသာ ဖြစ်သည်ဟု အာဏာရှင်စနစ်၏ ခေါင်းဆောင်များက ထောက်ပြထားသည်။ ငြိမ်းချမ်းမှုနှင့် လုံခြုံမှုတို့ကို ထိန်းသိမ်းရန်အတွက် နိုင်ငံ၏ အစိုးရကို လိုက်နာကြရန် လိုအပ်လှကြောင်း ဝေဖန်ထောက်ပြထားသည်။ ထိုအကြောင်းအချက်များကြောင့်ပင်လျှင် အာဏာရှင်အစိုးရများသည် မိမိတို့၏ အာဏာကို ပြည်သူတို့က မဖြုတ်ချနိုင်အောင် ဖန်တီးထားရှိကြပေသည်။

တိုင်းပြည် ငြိမ်ဝပ်ပိပြားရန်နှင့် တည်ငြိမ်ရေးတို့အတွက် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်ခွင့်များကို အကန့်အသတ်ထား၍သာ ခွင့်ပြုသင့်ကြောင်း အာဏာရှင်စနစ်၏ ခေါင်းဆောင်များက ဆိုထားကြသည်။ အများအားဖြင့် ထိုအစိုးရများသည် နိုင်ငံသားတို့၏ သဘောတူခွင့်ပြုမှု မပါဘဲ ဒီမိုကရေစီမဆန်စွာ အုပ်ချုပ်ရေးအာဏာကို ရယူထားကြသည်။ သတင်းမီဒီယာများ၊ နိုင်ငံရေးပါတီများနှင့် လူမှုအဖွဲ့အစည်းများအပေါ် နိုင်ငံတော်၏ ထိန်းချုပ်မှုများသည် အာဏာရှင်စနစ်၏ ပြည်သူအများအပေါ် ထိန်းချုပ်လေ့ရှိသည့် ပုံစံများ ဖြစ်ကြပေသည်။





◀▲ နာဇီ (ဂျာမနီ) ၁၉၃၃ – ၄၅၊ ကမ္ဘာပေါ်တွင် လူသိအများဆုံး ဖြစ်သည့် အာဏာရှင် အုပ်ချုပ်မှုစနစ်တစ်ရပ် ဖြစ်ပြီး လူများကို ထိန်းချုပ်ရန်အတွက် ညှင်းပန်းခြင်း၊ အကြမ်းဖက် အလုပ်ခိုင်းစေခြင်း၊ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်းစသည့် နည်းလမ်းများကို အသုံးပြုသည်။ ၎င်းတို့စကြာတံဆိပ်ကို တရားမဝင် တံဆိပ်အဖြစ် နိုင်ငံတော်တော်များများတွင် သတ်မှတ်ထားသည်။

## (ခ) ဒီမိုကရေစီ (Democracy)

ဒီမိုကရေစီစနစ် ဆိုသည်မှာ ပြည်သူက ပြည်သူကို အုပ်ချုပ်သည့် နိုင်ငံရေးစနစ် ဖြစ်သည်။ ဒီမိုကရေစီစနစ် အားလုံးလိုလိုတွင် ပြည်သူ့ကိုယ်စားပြု အစိုးရဟူသော အယူအဆကို အခြေခံထားကြောင်းတွေ့ရသည်။ ဆိုလိုသည်မှာ ပြည်သူလူထုအထဲမှ ရွေးချယ်ခံထားရသူများအနေဖြင့် ၎င်းတို့ကိုရွေးချယ်ထားသည့် ပြည်သူတို့၏အကျိုးကို (အချိန်အတိုင်းအတာတစ်ခုအထိ) ကိုယ်စားပြု ဖော်ဆောင်ပေးခြင်းပင်ဖြစ်သည်။ ဒီမိုကရေစီစနစ်တွင် ခေါင်းဆောင်ဖြစ်သူများအနေဖြင့် ပြည်သူတို့၏ ထောက်ခံမှုကို မရရှိတော့ပါက ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အာဏာမှ ဖယ်ရှားခံရမည်ဖြစ်သည်။

ဒီမိုကရေစီစနစ်အရ နိုင်ငံသားများသည် မဲပေးခြင်း၊ ရွေးကောက်ပွဲတွင် ကိုယ်စားပြုပါဝင်ခြင်းနှင့် အခြားသော လုပ်ဆောင်ချက်များမှတစ်ဆင့် အစိုးရအတွင်း တက်တက်ကြွကြွ ပါဝင်နိုင်ကြမည်ဖြစ်သည်။ အကျိုးဆက်အနေဖြင့် ဒီမိုကရေစီစနစ်ကို 'မတူကွဲပြားသည့် လူပုဂ္ဂိုလ်များ၊ အစုအဖွဲ့တို့အကြား နိုင်ငံရေးအာဏာအတွက် လွတ်လပ်စွာ ယှဉ်ပြိုင်နိုင်မှု' ဟူ၍ သရုပ်ဖော်ကြသည်။ ထိုကဲ့သို့သော လွတ်လပ်စွာ ယှဉ်ပြိုင်နိုင်မှုကို ပံ့ပိုးပေးရန်အတွက် လွတ်လပ်စွာ ပြောဆိုခွင့်၊ စည်းရုံးခွင့်၊ သတင်းထုတ်ဝေခွင့် အစရှိသည့် ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်ခွင့်နှင့် အခွင့်အရေးများကို ဒီမိုကရေစီစနစ်က တန်ဖိုးထား အကာအကွယ်ပေးထားသည်။




▲ ခေါင်းဆောင် ရွေးချယ်ရာတွင် မဲစနစ်ကျင့်သုံးခြင်းသည် ဒီမိုကရေစီ၏အရေးပါသော အယူအဆများတွင် ပါဝင်သည်။

## လေ့ကျင့်ခန်း

၁။ ဒီမိုကရေစီအစိုးရနှင့် အာဏာရှင်စနစ် ကျင့်သုံးသော အစိုးရများသည် အခွင့်အရေးများအပေါ်တွင် မည်သို့ အမြင်သဘောထား ကွဲလွဲကြသနည်း။

၂။ ဒီမိုကရေစီအစိုးရနှင့် အာဏာရှင်စနစ် ကျင့်သုံးသော အစိုးရများသည် လွတ်လပ်ခွင့်အပေါ်တွင် မည်သို့ အမြင် သဘောထား ကွဲလွဲကြသနည်း။

၃။ ဒီမိုကရေစီအစိုးရတွင် အာဏာနှင့် လုပ်ပိုင်ခွင့်တို့အနက် မည်သည်က ပိုမို အရေးပါသနည်း။

၄။ အာဏာရှင်စနစ် ကျင့်သုံးသော အစိုးရများတွင် အာဏာနှင့် လုပ်ပိုင်ခွင့်တို့အနက် မည်သည်က ပိုမို အရေးပါသနည်း။

## လုပ်ငန်းများ

ဖြစ်စဉ်ပြ ဇယားကို ကြည့်ရှုပြီး အစိုးရစနစ်ဆိုင်ရာ အပြောင်းအလဲများကို အခြေခံလျက် အောက်ပါ ဇယားတွင် ဖြည့်စွက်ပေးပါ။

| အစိုးရစနစ်ဟောင်း | အစိုးရစနစ်သစ် | အထက်မှ အောက်သို့ (သို့မဟုတ်) အောက်မှ အထက်သို့ စီးဆင်းသည့်အာဏာ | အကြမ်းဖက်မှု ကျင့်သုံး/ မကျင့်သုံး |
|---|---|---|---|
| | | | |
| | | | |
| | | | |

## ဆွေးနွေးချက်

ဖြစ်စဉ်ပြ ဇယားတွင်ရှိသော အစိုးရစနစ်ဆိုင်ရာ အပြောင်းအလဲများနှင့် ပတ်သက်၍ မည်သည်တို့ကို သတိမူမိသနည်း။

## လုပ်ငန်းများ

စာအုပ်၏ နောက်ဆုံးစာမျက်နှာတွင် ပါရှိသည့် လူပ်ရှားဆောင်ရွက်သူများစာရင်းကို ကြည့်ရှု သုံးသပ်ပြီး အောက်ပါ အညွှန်းပြမျဉ်း၏ သင့်လျော်သည့် နေရာတွင် သတ်မှတ်ပေးပါ။



## လုပ်ငန်းများ

### ဝိရောဓိများ (Contrasting Statements)

အောက်ပါ အဆိုတို့ကို ဒီမိုကရေစီစနစ်တွင် တွေ့ရှိရပါသလား၊ သို့မဟုတ် အာဏာရှင်စနစ်တွင် တွေ့ရှိနိုင်ပါသလား။ အဆို တစ်ခုချင်းစီအတွက် ဖော်ပြပါ ပုံများဖြစ်သည့် (က။ ဒီမိုကရေစီ) သို့မဟုတ် (ခ။ အာဏာရှင်) စသည်တို့နှင့် တွဲဖက်ပေးပါ။

၁။ ကျွန်တော် အပါအဝင် လူနည်းစုတို့၏ အကျိုးစီးပွားများ၊ ဘာသာစကားနှင့် ယဉ်ကျေးမှုတွေကို ဖော်ထုတ်ခွင့်ရှိတဲ့ နိုင်ငံမှာ နေထိုင်ရတဲ့အတွက် ဂုဏ်ယူမိပါတယ်။

၂။ အစိုးရဆန့်ကျင်ရေး လှုံ့ဆော်ထားသည့် လက်ကမ်းစာစောင်များ ထုတ်ဝေခြင်းက မငြိမ်မသက်မှုများ၊ ပဋိပက္ခများကို ဖြစ်ပွားပေါ် ပေါက်စေခဲ့တယ်။

၃။ လူ့အဖွဲ့အစည်းအတွင်း သာယာတည်ငြိမ်ရေးအတွက် နိုင်ငံရေး ပါတီများကို တားမြစ်ပိတ်ပင်ရန် လိုအပ်တယ်။

၄။ အခုရက်ပိုင်း အစိုးရအကြောင်း သတင်းစာတွေမှာ ရေးသားဖော်ပြနေကြတာ မယုံနိုင်လောက်အောင်ပါပဲ။ မီဒီယာတွေပေါ် မှာ နိုင်ငံရေးအမြင်မှန်သမျှ ဖတ်ရှုခွင့်ရပြီလို့တောင် ထင်ရတယ်။

၅။ လွတ်လပ်စွာ ပြောဆိုခွင့်ကို လွန်ကဲစွာ ပေးအပ်ထားပါက နိုင်ငံလုံခြုံရေးကို ထိပါးလာနိုင်သည်။

၆။ ကျွန်တော်တို့ရဲ့ အရပ်ဘက် လူမှုအဖွဲ့အစည်းမှာ ခိုင်မာအားကောင်းသည့် အဖွဲ့အစည်းတွေ၊ လှုပ်ရှားမှုတွေ၊ သမဂ္ဂတွေ ပါဝင်ကြပြီး ဘယ်သူမဆို လွတ်လွတ်လပ်လပ် ဖွဲ့စည်းခွင့်၊ ပါဝင်ခွင့် ရှိပါတယ်။

၇။ လူစုလူဝေးဖြင့် ချီတက်လမ်းလျှောက်ခြင်း၊ ဆန္ဒပြခြင်းများကို စီစဉ်ဖန်တီးသောမည်သူမဆို ဥပဒေအရ အရေးယူခံရလိမ့်မည်။

၈။ အစိုးရအနေနဲ့ သာမန်အရပ်သားများကို နိုင်ငံရေးအရ အရေးပါတဲ့ ဆုံးဖြတ်ချက်များမှာ ထည့်သွင်းထား ရှိစရာ မလို။

၉။ နောင်လာမယ့် ရွေးကောက်ပွဲမှာ ဘယ်သူနိုင်မလဲဆိုတာ မခန့်မှန်းတတ်လောက်အောင်ပဲ၊ ကြည့်ရတာတော့ အားလုံးမှာ နိုင်မယ့် အလားအလာတွေ ရှိနေတယ်။

၁၀။ စစ်မှန်သော နိုင်ငံရေးအာဏာကို တပ်မတော်သားများ၊ ပြည်သူ့ရဲ့များထက် ရွေးကောက်ခံ ကိုယ်စားလှယ်များကသာ ပိုင်ဆိုင်နိုင်ရမယ်။



**အကြံပြုသင်ခန်းစာ**

ဒီမိုကရေစီအစိုးရတစ်ရပ်တရားဝင် အသိအမှတ်ပြုမှုရှိအောင်မည်သည်တို့က ဖန်တီးပေးသနည်း။

## ၂.၂.၄ ဒီမိုကရေစီနည်းကျ တရားဝင်အသိအမှတ်ပြုမှု (Democratic Legitimacy)

ဒီမိုကရေစီစနစ်တွင် တရားဝင်အသိအမှတ်ပြုမှု ရရှိစေမည့် အရေးပါဆုံးသော အခြေခံအချက်မှာ ခေါင်းဆောင်ကို ပြည်သူတို့ကိုယ်တိုင် ရွေးချယ်ခြင်းနှင့် အုပ်ချုပ်ရာတွင် ပြည်သူတို့၏ သဘောတူခွင့်ပြုမှု ရရှိခြင်းတို့ပင်ဖြစ်သည်။ သို့ရာတွင်လည်း အစိုးရအနေဖြင့် အာဏာလက်မလွှတ်ရစေရန် ပြည်သူတို့၏ သဘောတူခွင့်ပြုချက်ကို ထိန်းသိမ်းထားနိုင်ရန် လိုအပ်လှသည်။ ထိုသို့ ဒီမိုကရေစီစနစ်အတွင်း ပြည်သူတို့၏ သဘောတူခွင့်ပြုမှုကို ထိန်းသိမ်းထားနိုင်ရာတွင် လိုအပ်သည့် အယူအဆ (၅) ရပ်မှာ အောက်ပါအတိုင်း ဖြစ်ကြသည်။

### (က) ပူးပေါင်းပါဝင်မှု (Participation)

ပြည်သူများ၏ ပူးပေါင်းပါဝင်မှုကို အခြေခံထားသည့် နိုင်ငံရေးစနစ်များတွင် လူထုကိုယ်တိုင် နိုင်ငံလည်ပတ်မှုတွင် တက်တက်ကြွကြွ ပါဝင်စေသည့်အတွက် တရားဝင်အသိအမှတ်ပြုမှုရှိသည့်စနစ်အဖြစ် သတ်မှတ်နိုင်သည်။ ထိုစနစ်များတွင် ပြည်သူလူထုအနေဖြင့် နိုင်ငံရေးသမားတို့ကို ထောက်ပြဝေဖန်နိုင်မည်၊ ဥပဒေပြုရေးကိစ္စရပ်များအတွက် အကြံဉာဏ်များ ပေးနိုင်မည်၊ ရွေးကောက်ပွဲတွင် မဲပေးနိုင်မည်၊ မိမိတို့၏ အကျိုးခံစားခွင့်များကို ကာကွယ်စောင့်ရှောက်နိုင်ကြမည်ဖြစ်သည်။ အစိုးရမှ လုပ်သင့် လုပ်ထိုက်သည်တို့ကို ကောင်းကောင်းမွန်မွန် လုပ်ဆောင်လည်ပတ်စေရန် တွန်းအားပေးရေးတာဝန်ကို နိုင်ငံသားများက ထိုပူးပေါင်းပါဝင်မှုများမှတစ်ဆင့် လုပ်ဆောင်ကြသည်။ ထိုကဲ့သို့ နိုင်ငံသားများကိုယ်တိုင် မိမိတို့အလိုရှိ တောင့်တသော အစိုးရပုံစံကို ပုံဖော် ဖန်တီးရန် တာဝန်ရှိကြသည့်အတွက်ကြောင့် နိုင်ငံသားတို့၏ ပါဝင်ဆောင်ရွက်မှုသည် တရားဝင်အသိအမှတ်ပြုမှုကို တည်ဆောက်ပေးသည်။

### (ခ) တာဝန်ခံမှု (Accountability)

ဒီမိုကရေစီ၏ အရေးပါသည့် လက္ခဏာတစ်ရပ်မှာ ခေါင်းဆောင်များသည် ပြည်သူလူထုအတွက် တာဝန်ခံခြင်း ဖြစ်သည်။ ခေါင်းဆောင်တစ်ဦးသည် အကျင့်ပျက်ခြစားသော (သို့မဟုတ်) ထိရောက်မှု မရှိသော နည်းလမ်းများဖြင့် အုပ်ချုပ်ပါက နောင်ရွေးကောက်ပွဲများတွင် ထိုခေါင်းဆောင်ကို မဲပေးကြတော့မည် မဟုတ်။ ရွေးကောက်ပွဲများအပြင် အချို့နိုင်ငံရေးစနစ်များ၌ ခေါင်းဆောင်တစ်ဦးအား သတ်မှတ်စည်းမျဉ်း ဥပဒေကို ချိုးဖောက်လျှင်သော်လည်းကောင်း၊ လူထုထောက်ခံယုံကြည်မှု မရှိတော့လျှင်သော်လည်းကောင်း အာဏာမှ ဖယ်ရှားနိုင်သည့် ဥပဒေ လုပ်ထုံးလုပ်နည်း (တရားစွဲဆို အရေးယူခြင်း) များ ထားရှိကျင့်သုံးတတ်ကြသည်။ ထိုသို့သော ဥပဒေစနစ်များသည် ‘တရားဝင်အသိအမှတ်ပြုမှု’ ကို အားကောင်းစေတတ်ပါသည်။ အကြောင်းမှာ အစိုးရတစ်ရပ်သည် အာဏာဆက်လက် တည်မြဲလိုပါက ရိုးရိုးသားသားနှင့် ကြိုးကြိုးစားစား အလုပ်လုပ်ပြရလိမ့်မည်ဆိုသည်ကို ပြည်သူလူထုက သိနားလည်ထားသောကြောင့်ဖြစ်သည်။

### (ဂ) ပွင့်လင်းမြင်သာမှု (Transperancy)

ပွင့်လင်းမြင်သာမှု ဆိုသည်မှာ အစိုးရ၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ သတင်းအချက်အလက်များကို ပြည်သူများ လွတ်လွတ်လပ်လပ် ရယူ သိရှိနိုင်ခြင်းကို ဆိုလိုသည်။ အစိုးရတစ်ရပ်သည် ပွင့်လင်း မြင်သာမှုသာ မရှိပါက အစိုးရ၏ အမှားများ၊ အကျင့်ပျက်ခြစားမှုများကို ဖုံးဖိထားနိုင်သဖြင့် တာဝန်ခံမှုကို မျက်နှာလွှဲ ရှောင်တိမ်းနိုင်မည် ဖြစ်သည်။

ပြည်သူ့အကျိုး ထမ်းရွက်လျက်ရှိကြောင်း သက်သေ အထောက်အထား ပြသနိုင်သည့် စာရွက်စာတမ်းများ ထုတ်ပြန်စေရေးအတွက် ခေါင်းဆောင်များနှင့် အစိုးရများကို တွန်းအားပေးခြင်းသည် အစိုးရစနစ်တစ်ရပ်၏ တရားဝင်အသိအမှတ်ပြုမှုကို မြှင့်တင်ပေးနိုင်သည့် နည်းလမ်းကောင်းတစ်ရပ်လည်းဖြစ်သည်။ ပွင့်လင်းမြင်သာမှု ရှိခြင်းဖြင့် အစိုးရများသည် ပြည်သူလူထုအပေါ် လိမ်ညာလှည့်ပတ်နိုင်တော့မည် မဟုတ်ချေ။ ဤသည်က အစိုးရအပေါ် ယုံကြည်မှုကို တည်ဆောက်ပေးရာရောက်ပြီး ပြည်သူတို့၏ သဘောတူခွင့်ပြုမှုကို ထိန်းသိမ်းထားနိုင်ပေသည်။

## (ဃ) တရားဥပဒေစိုးမိုးမှု (The Rule of Law)

ဒီမိုကရေစီစနစ်တွင် အစိုးရအာဏာသည် တရားဥပဒေအရ သတ်မှတ်ထားသည့် အကန့်အသတ်ဘောင်အတွင်းသာ တည်ရှိရမည်။ တရားဥပဒေစိုးမိုးမှုဆိုင်ရာ အခြေခံသဘောတရားမှာ ဥပဒေ၏ အထက်တွင် မည်သူမျှ မရှိရေးပင် ဖြစ်သည်။ ထိုအထဲတွင် ခေါင်းဆောင်များ၊ ဝန်ကြီးများ၊ အစိုးရနှင့် အခြားသော အရာရှိအရာခံများ အားလုံးတို့ အကျုံးဝင်သည်။ တရားဥပဒေစိုးမိုးမှု အခြေခံသဘောတရားအရ လူသားအားလုံးသည် တရားဥပဒေ၏အောက်တွင် တူမျှမှုရှိသည်ဟူ၍လည်း အနက်ဖွင့်ဆိုနိုင်သည်။ စည်းကမ်းချက်များ၊ ဥပဒေများကို ချိုးဖောက်ပါက မည်သူမဆို တန်းတူ အပြစ်ပေးခံရမည်။ ဆင်းရဲသူဖြစ်သည်၊ (လာဘ်ထိုးနိုင်သည့်) ချမ်းသာသူဖြစ်သည်ဟု ခွဲခြားမထားချေ။

## (င) ကောင်းမွန်သော အုပ်ချုပ်မှု (Good Governance)

ကောင်းမွန်သော အုပ်ချုပ်မှုဆိုသည်မှာ နိုင်ငံရေးအဆောက်အအုံယန္တရား (အင်စတီကျူးရှင်း) များ ထိရောက်စွာ လည်ပတ်လုပ်ဆောင်ကြခြင်းပင်ဖြစ်သည်။ သို့ဖြစ်၍ အင်စတီကျူးရှင်းတို့၏ အချိန်မှန်၊ နည်းလမ်းမှန်ဖြင့် ပေးစွမ်းသည့် ဝန်ဆောင်မှုများ၊ အထောက်အပံ့များကို ပြည်သူများက ရယူနိုင်ကြပေမည်။ အင်စတီကျူးရှင်းများသည် ငွေကြေးတောင့်တင်းသူ၊ အာဏာရှိသူတို့၏ အကျိုးစီးပွားထက် တိုင်းပြည်၏ အကျိုးစီးပွားကိုသာ ရှေးရှုကြသည်။ ကောင်းမွန်သော အုပ်ချုပ်မှုတွင် အကျုံးဝင်သည့် အင်စတီကျူးရှင်းများအနက် အစိုးရဆိုင်ရာ၊ နိုင်ငံတော်ဆိုင်ရာ အင်စတီကျူးရှင်းများ (အစိုးရဌာနများ၊ တရားရေး၊ ရဲဌာန၊ အခြေခံအဆောက်အဦးများ၊ ပညာရေးစနစ်၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် လူမှုရေး ဝန်ဆောင်ပေးမှုစနစ်များ စသည်တို့) ပါဝင်ကြသကဲ့သို့ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းများလည်း ပါဝင်လည်ပတ်လုပ်ဆောင်ကြပေသည်။

### ဆွေးနွေးချက်

အောက်ပါ မေးခွန်းတို့ကို ဆွေးနွေး သုံးသပ်ပြီး အယူအဆ တစ်ရပ်စီအတွက် သင့်တော်သည့် ဥပမာဖြစ်ရပ်များကို ဖော်ထုတ်ပေးပါ။

၁။ မိမိတို့နိုင်ငံ အစိုးရအတွင်း နိုင်ငံသားများ ပူးပေါင်း ပါဝင်ရန် မည်မျှ လွယ်ကူမှု ရှိသနည်း။

၂။ အစိုးရဝန်ထမ်းများ အနေဖြင့် တာဝန်ခံမှု ရှိကြပါသလား။

၃။ မိမိတို့နိုင်ငံအစိုးရ၏ လုပ်ငန်းများနှင့် ပတ်သက်၍ မည်မျှ ပွင့်လင်း မြင်သာမှု ရှိသနည်း။

၄။ မိမိတို့နိုင်ငံအတွင်း တရားဥပဒေစိုးမိုးမှုမှာ မည်မျှ ထိရောက်မှု ရှိသနည်း။

၅။ မိမိတို့နိုင်ငံအတွင်းရှိ နိုင်ငံရေးအဆောက်အအုံယန္တရားများသည် မည်မျှ ထိရောက်မှု ရှိကြသနည်း။

၆။ မိမိတို့နိုင်ငံအစိုးရအနေဖြင့် ၎င်းတို့၏ တရားဝင်အသိအမှတ်ပြုမှု တိုးတက်လာစေရန် မည်သည်တို့ကို ဆောင်ရွက်ခဲ့သနည်း။

### အကြိုသင်ခန်းစာ

အာဏာရှင် အစိုးရများအနေဖြင့် မိမိတို့ အုပ်ချုပ်မှု တရားကြောင်း မည်သို့ ရှင်းလင်း အကြောင်းပြတတ်ကြသနည်း။

## ၂.၂.၅ အာဏာရှင် အစိုးရများ၏ အကြောင်းပြချက်များ

အာဏာရှင်စနစ် ကျင့်သုံးသော အစိုးရများသည် မိမိတို့၏ လုပ်ပိုင်ခွင့် (authority) အတွက် လူထုပါဝင်ဆောင်ရွက်မှု၊ တာဝန်ခံမှု၊ မြင်သာမှု၊ တရားဥပဒေစိုးမိုးမှုနှင့် ကောင်းမွန်သော အုပ်ချုပ်မှုတို့အပေါ် အခြေခံလေ့ မရှိကြချေ။ ထို့ကြောင့်လည်း အာဏာရှင် အစိုးရများသည် ၎င်းတို့၏ အုပ်ချုပ်မှုတရားကြောင်း ချေပရန်အတွက် 'အထက်မှ အောက်' စီးဆင်းသည့်အာဏာကို အသုံးပြုတတ်ကြသည်။ ထိုသို့ ချေပရာတွင်လည်း အာဏာရှင် စနစ်ကျင့်သုံးသော အစိုးရအသီးသီးအနေဖြင့် နည်းလမ်းအဖုံဖုံကို အသုံးပြုတတ်ကြ ပြန်သည်။ 'မုန်လာဥ' (နာခံသူ၊ ထောက်ပံ့သူများအတွက် ဆုလာဘ် ချီးမြှင့်ခြင်း) နှင့် 'တုတ်ချောင်း'(ခြိမ်းခြောက်မှု၊ အပြစ်ပေးမှု) နည်းစနစ် (သို့မဟုတ်) ဆုပေး၊ ဒဏ်ပေးစနစ် ကိုလည်း ရံဖန်ရံခါ ရောစပ်အသုံးချတတ်ကြပေသည်။ ပြည်သူအများတို့မှာ မတည်ငြိမ်မှု များနှင့် အပြောင်းအလဲတို့ကို ကြောက်ရွံ့ ထိတ်လန့်ကြသည့်အလျောက် အာဏာရှင်စနစ်ကို ထောက်ခံကြရသည်။

အာဏာရှင်စနစ် ကျင့်သုံးသော အစိုးရများသည် အာဏာ တည်မြဲရေးအတွက် 'အထက်မှ အောက်' စီးဆင်းသည့် အာဏာမျိုးကို လက်ကိုင်ပြုထားကြသကဲ့သို့ အာဏာရှင်စနစ် အရေးပါသည်ဟုလည်း သက်သေရှာ အကြောင်းပြတတ်ကြသည်။ ထိုသို့ အကြောင်းပြရာ တွင်လည်း နည်းလမ်းအမျိုးမျိုးကို အသုံးပြုတတ်ကြသည်။ အများအားဖြင့် စီးပွားရေး ဖွံ့ဖြိုးမှု၊ လုံခြုံမှု၊ အမျိုးသားရေးနှင့် ဘာသာရေးဆိုင်ရာ ကိစ္စရပ်တို့ကို အခြေခံ အကြောင်းပြ တတ်ကြပေသည်။

## လုပ်ငန်းများ

အောက်ပါ အကြောင်းပြချက် (၄) ရပ် ကို ဖော်ပြပါ ဥပမာများနှင့် တွဲစပ်ပေးပါ။




၁။ အထင်ကရ ဘာသာရေး အဆောက်အအုံတိုင်းတွင် အစိုးရခေါင်းဆောင်တို့၏ အမည်များကို ကမ္ပည်းထိုး မှတ်တမ်းတင်ထားခြင်း။

၂။ အကြီးစား ဆောက်လုပ်ရေး စီမံကိန်းများအတွက် တိုင်းသိပြည်သိ ဖွင့်ပွဲများ ကျင်းပခြင်း။

၃။ ပြည်ပရန်စွယ်များကို တွန်းလှန်ရန်အတွက် အမျိုးသားစည်းလုံးမှုကို အားပေး မြှင့်တင်ခြင်း။

၄။ စစ်ဆေးရေးဂိတ်များ တိုးချဲ့ဆောက်လုပ်ခြင်း။

၅။ ဘာသာရေး စာပေများကို အသုံးချလျက် ဖိနှိပ်သော ဥပဒေများကို ထောက်ခံ အားပေးခြင်း။

၆။ လမ်း၊ ကျောင်း၊ စိုက်ခင်း (သို့မဟုတ်) တံတားဖွင့်ပွဲများအတွက် အစိုးရအရာရှိများကိုယ်တိုင် အခမ်းအနားအား ကြီးမှူး ဖွင့်လှစ် ကျင်းပခြင်း။

၇။ အမျိုးသားရေးအတွက် ထောက်ခံပါဝင်ကြရန် အများပြည်သူအား အသိပေးသည့် ကြော်ငြာဆိုင်းဘုတ်များ ထားရှိခြင်း။

၈။ ညမထွက်ရ အမိန့်များ ထုတ်ပြန်ခြင်းဖြင့် လွတ်လပ်စွာ လှုပ်ရှား သွားလာမှုကို ကန့်သတ်ခြင်း။

၉။ ဘာသာရေးဆိုင်ရာ နေရာများတွင် အစိုးရအရာရှိများ၏ အလှူဒါန ပေးလှူခြင်းတို့ကို အခမ်းအနားများဖြင့် ကြီးမှူး ကျင်းပခြင်း။

၁၀။ နိုင်ငံတော်၏ လျာထားချက် ပြည့်မီစေရေးအတွက် စပါးသီးနှံများ အထွက်တိုးရန် လယ်သမားများအား ဖိအားပေးခြင်း။

၁၁။ စစ်ရေးဆိုင်ရာ အသုံးစရိတ် တိုးမြှင့်ခြင်း။

၁၂။ သမိုင်းတွင် အထင်ကရဖြစ်ခဲ့သည့် ကာလများ (ဥပမာ – လွတ်လပ်ရေး ရရှိခြင်း၊ တော်လှန်ရေး စသည်) ကို မိန့်ခွန်းများတွင် မကြာခဏ ထည့်သွင်း ဖော်ပြခြင်း။

# အခန်း (၃) ဝါဒအမျိုးမျိုး (Ideologies)

## ၃.၁ အခြေခံ ဝါဒများ (Basic Ideologies)

**အကြိုသင်ခန်းစာ**

၁။ 'ဝါဒ' ဆိုသည်မှာ အဘယ်နည်း။

၂။ 'ဝါဒ' မည်မျှကို သိရှိထားသနည်း။

### ၃.၁.၁ 'ဝါဒ' တစ်ရပ်ဆိုသည်မှာ အဘယ်နည်း

နိုင်ငံရေးတွင် တွေ့ရှိရသော အရေးပါဆုံးဖြစ်သည့် အယူအဆများအနက်မှ အချို့တို့ကို ရှေ့အခန်း ၂ ခန်းတွင် အဓိကထား လေ့လာခဲ့ပြီးဖြစ်သည်။ ထိုအယူအဆဆိုင်ရာ လက်ခံယုံကြည်ထားချက်များ ပေါင်းစုထားခြင်းနှင့် ထိုယုံကြည်ချက်များက လက်တွေ့လောကအတွင်းရှိ နိုင်ငံရေးနှင့် ဆက်နွယ်မှုရှိနေပုံကို တစ်စုတစ်စည်းတည်း တည်ဆောက်တင်ပြထားသော သဘောတရား အစုအဝေးတစ်ရပ်ကို ဝါဒတစ်ရပ်ဟုခေါ်သည်။ လူ့အသိုင်းအဝိုင်းတိုင်းလိုလိုတွင် နိုင်ငံရေးအမြင် တူမျှသူအချင်းချင်း မိမိတို့၏ အယူအဆများနှင့် ထင်မြင်ချက်များကို ဖော်ပြရန်အတွက် အတူတကွ စုဝေး ရပ်တည်တတ်ကြသည်။ ထိုသူတို့ တွေ့ကြုံရသည့် ပြဿနာများကို ရင်ဆိုင်ဖြေရှင်းရန်အတွက် ထိုသူတို့၏ အတွေးအမြင်များ ပုံပေါ်လာခြင်း၊ နည်းလမ်းများ ပေါ်ပေါက်လာခြင်း၊ အတူတကွ လုပ်ဆောင်ခြင်းတို့ ဖြစ်လာအောင် ဝါဒများက ကူညီပေးသည်။

'ဝါဒ' များသည် အောက်ပါအယူအဆများအပေါ် အခြေခံတည်ဆောက်ထားသည်။

- လူ့အဖွဲ့အစည်းအတွင်း အရေးပါဆုံးသော တန်ဖိုးများအပေါ် သတ်မှတ်ချက်။
- 'တရားမျှတမှု' အပေါ် အမြင်။
- 'လွတ်လပ်ခွင့်'၊ 'လုံခြုံမှု' နှင့် 'တန်းတူညီမျှမှု' တို့၏ အရေးပါမှုအပေါ်အမြင်။
- 'ပူးပေါင်းဆောင်ရွက်မှု' နှင့် 'ယှဉ်ပြိုင်မှု' တို့အနက် မည်သည်က လူသားတို့အတွက် ပိုမိုသဘာဝကျသည့် အပြုအမူတစ်ရပ်ဖြစ်ကြောင်း။
- 'အပြောင်းအလဲ' အပေါ် အကောင်းအဆိုး သတ်မှတ်ချက်။

'ဝါဒ' တစ်ရပ်တွင် အစိတ်အပိုင်း ၃ ပိုင်း ပါဝင်သည်။ ၎င်းတို့မှာ –

၁။ လက်ရှိ နိုင်ငံရေးအခြေအနေ၏ အရှိတရားအပေါ် ရှင်းလင်းချက်။

၂။ ဖြစ်သင့်သော နိုင်ငံရေးအခြေအနေတစ်ရပ်နှင့် ပတ်သက်၍ ယုံကြည်ချက် သဘောတရား အစုအဝေးများ။

၃။ လက်ရှိ နိုင်ငံရေးအခြေအနေတွင် ထိုယုံကြည်ချက်သဘောတရားများ ထင်ဟပ်စေရန် လုပ်ဆောင်ရမည့် လုပ်ငန်းအစီအစဉ်တစ်ရပ်။



▲ USA နှင့် USSR (အမေရိကန်ပြည်ထောင်စု နှင့် ရုရှား) တို့၏ အလံများဖြစ်သည်။ ၁၉၄၅ ခုနှစ်နှင့် ၁၉၉၁ ခုနှစ် အကြားတည်ရှိခဲ့သည့် အဓိက ဝါဒကြီး (၂) ရပ်ကို ကိုယ်စားပြုထားသည်။

'ဝါဒ' များစွာရှိသော်လည်း 'အခြေခံဝါဒ' များဟု လူပြောများသည့် လွတ်လပ်မှုဗဟိုပြုလစ်ဘရယ်ဝါဒ၊ ရှေးရိုးစွဲကွန်ဆာဗေးတစ်ဝါဒနှင့် လူမှုဘဝညီမျှမှုဗဟိုပြု ဆိုရှယ်လစ်ဝါဒ ဟူသော ဝါဒ (၃) ရပ် ကို ဤအခန်းတွင် အဓိကထား လေ့လာမည်ဖြစ်သည်။

**ပြန်လည်သုံးသပ်ချက်**

၁။ အောက်ပါတို့အနက်မှ မည်သည်က မိမိအတွက် အရေးပါဆုံး ဖြစ်သနည်း။ အဘယ်ကြောင့်နည်း။

**(က) လွတ်လပ်ခြင်းနှင့် သဘောထားကြီးမှု၊**

**(ခ) ရိုးရာဓလေ့နှင့် တည်ငြိမ်မှု၊**

**(ဂ) စည်းလုံးမှုနှင့် တန်းတူညီမျှမှု။**

၂။ မိမိနှင့် တန်ဖိုး ရွေးချယ်ချက် တူညီသူအချင်းချင်း အဖွဲ့ဖွဲ့ပေးပါ။

၃။ အဘယ်ကြောင့် ထိုတန်ဖိုးများအား ရွေးချယ်ရသည်ကို ဆွေးနွေးပါ။ ထိုသို့ ရွေးချယ်ရသည့် အကြောင်းအရင်းများ တူညီကြပါသလား။

## ကျွန်ုပ်တို့၏ ဝါဒ - အပိုင်း (၁)

**ပြန်လည်သုံးသပ်ချက်**

၁။ လူမှုအသိုင်းအဝိုင်းတစ်ရပ်အတွင်း မျှဝေကျင့်သုံးအပ်သည်ဟု ထင်မြင်မိသည့် အရေးပါဆုံးသော တန်ဖိုး (၃) ရပ်ကို ရေးသား ပြုစုပေးပါ။

၂။ မိမိတို့ပြုစုထားသည့် တန်ဖိုးအချက်များနှင့် တူညီသည့် အခြားအတန်းဖော်များကို ရှာဖွေပါ။ ပြီးနောက် ထိုတန်ဖိုးများကို အခြေခံလျက် အနည်းဆုံး အဖွဲ့ (၃) ဖွဲ့ ဖွဲ့ပေးပါ။

၃။ အဖွဲ့နှင့်အတူ အောက်ပါမေးခွန်းတို့ကို ဖြေဆိုပေးပါ။

### (က) လက်ရှိအနေအထား၏ ပြဿနာရပ်များ

၁။ လက်ရှိအချိန်တွင် အကြီးကျယ်ဆုံးသော နိုင်ငံရေးပြဿနာရပ်မှာ --- ဖြစ်သည်။

၂။ လက်ရှိအချိန်တွင် အကြီးကျယ်ဆုံးသော လူမှုရေးပြဿနာရပ်မှာ --- ဖြစ်သည်။

၃။ လက်ရှိအချိန်တွင် အကြီးကျယ်ဆုံးသော စီးပွားရေးပြဿနာရပ်မှာ --- ဖြစ်သည်။

### (ခ) အကောင်းမွန်ဆုံးသော အနေအထား

၁။ အကောင်းမွန်ဆုံးသော နိုင်ငံရေးအခြေအနေမှာ --- ဖြစ်ပေမည်။

၂။ အကောင်းမွန်ဆုံးသော လူမှုရေးအခြေအနေမှာ --- ဖြစ်ပေမည်။

၃။ အကောင်းမွန်ဆုံးသော စီးပွားရေးအခြေအနေမှာ --- ဖြစ်ပေမည်။

### (ဂ) ထိုအကောင်းမွန်ဆုံးသော အနေအထားတစ်ရပ် ရောက်ရှိနိုင်စေရေးအတွက် လုပ်ဆောင်ရန် လိုအပ်သည်တို့မှာ

၁။ ကျွန်ုပ်တို့အနေဖြင့် --- တို့ကို ရပ်တန့်ပစ်ရမည်။

၂။ ကျွန်ုပ်တို့အနေဖြင့် --- တို့ကို တိုးပွားစေရမည်။

၃။ ကျွန်ုပ်တို့အနေဖြင့် --- တို့ကို ဖန်တီးရမည်။

## လုပ်ငန်းများ

၁။ အဖွဲ့များဖွဲ့ပါ။ ဖော်ပြပါရှိသည့်ပုံစံကို အခြေခံလျက် ပိုစတာတစ်ခု ရေးဆွဲပါ။

၂။ ထိုရေးဆွဲထားသည့်ပိုစတာကို အတန်းဖော်များထံ ရှင်းလင်းတင်ဆက်ပေးပြီး အတန်းဖော်တို့၏ မေးမြန်းချက်များကို ဆွေးနွေးဖြေဆိုပေးပါ။

လက်ရှိအနေအထား | အနေအထားတိုးတက်စေရန် အလို့ငှာ | အကောင်းမွန်ဆုံးသော အနေအထား

အကြီးကျယ်ဆုံးသော နိုင်ငံရေးပြဿနာရပ်မှာ ---

- ကျွန်ုပ်တို့အနေဖြင့် --- တို့ကို ရပ်တန့်ပစ်သင့်သည်။
- ကျွန်ုပ်တို့အနေဖြင့် --- တို့ကို တိုးပွားစေသင့်သည်။
- ကျွန်ုပ်တို့အနေဖြင့် --- တို့ကို ဖန်တီးသင့်သည်။

အကောင်းမွန်ဆုံးသော နိုင်ငံရေးအခြေအနေမှာ ---

အကြီးကျယ်ဆုံးသော လူမှုရေးပြဿနာရပ်မှာ ---

- ကျွန်ုပ်တို့အနေဖြင့် --- တို့ကို ရပ်တန့်ပစ်သင့်သည်။
- ကျွန်ုပ်တို့အနေဖြင့် --- တို့ကို တိုးပွားစေသင့်သည်။
- ကျွန်ုပ်တို့အနေဖြင့် --- တို့ကို ဖန်တီးသင့်သည်။

အကောင်းမွန်ဆုံးသော လူမှုရေးအခြေအနေမှာ ---

အကြီးကျယ်ဆုံးသော စီးပွားရေးပြဿနာရပ်မှာ ---

- ကျွန်ုပ်တို့အနေဖြင့် --- တို့ကို ရပ်တန့်ပစ်သင့်သည်။
- ကျွန်ုပ်တို့အနေဖြင့် --- တို့ကို တိုးပွားစေသင့်သည်။
- ကျွန်ုပ်တို့အနေဖြင့် --- တို့ကို ဖန်တီးသင့်သည်။

အကောင်းမွန်ဆုံးသော စီးပွားရေးအခြေအနေမှာ ---

### အကြံပြုသင်ခန်းစာ

အာဏာရှင်စနစ်အောက်တွင် နေထိုင်ခြင်းနှင့် အစိုးရဟူ၍ပင် မရှိသည့် လူ့အဖွဲ့အစည်းတစ်ရပ်တွင် ရှင်သန်နေထိုင်ခြင်း တို့အနက် တစ်ခုကို ရွေးရမည်ဆိုပါက မည်သည်ကို ရွေးချယ်မည်နည်း။ အဘယ်ကြောင့်နည်း။

## ၃.၁.၂ လွတ်လပ်မှုဗဟိုပြု လစ်ဘရယ်ဝါဒ (Liberalism)

လွတ်လပ်မှုဗဟိုပြု လစ်ဘရယ်ဝါဒတွင် နိုင်ငံသားတစ်ဦးချင်းစီ၏ လွတ်လပ်ခွင့်ကို ၎င်းဝါဒ၏ အခြေခံအကျဆုံးအဖြစ် သတ်မှတ်ထားသည်။ နိုင်ငံရေးအသိုင်းအဝိုင်းတစ်ရပ်အတွင်းရှိ အဖွဲ့ဝင်များသည် နိုင်ငံရေး၊ စီးပွားရေးနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များ ရနိုင်သမျှ ရရှိပိုင်ဆိုင်ထားသင့်သည်ဟု ထိုလစ်ဘရယ်ဝါဒီတို့က လက်ခံယုံကြည်ထားကြသည်။

ထို့အပြင် အစိုးရတစ်ရပ်သည် ထိန်းချုပ်မှု အနည်းငယ်သာ ကျင့်သုံးသင့်သည်ဟု လစ်ဘရယ်ဝါဒီတို့က ယုံကြည်ကြသည်။ လူပုဂ္ဂိုလ်များအနေဖြင့် လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ လုပ်ငန်းဆောင်တာများတွင် အစိုးရ၏အနှောင့်အယှက်ကင်းကင်းဖြင့် ပါဝင်ဆောင်ရွက်ခွင့် ရရှိသင့်သည်ဟူ၍လည်း ယုံကြည်ထားကြသည်။

- နိုင်ငံရေးလွတ်လပ်ခွင့်များသည် ခိုင်မာအောင်မြင်သည့် ဒီမိုကရေစီစနစ်ကို ဖန်တီးနိုင်သည်ဟု လစ်ဘရယ်ဝါဒီတို့ ယုံကြည်သည်။ အကြောင်းမှာ လူတိုင်း မိမိတို့အမြင်ကို ထုတ်ဖော်ပြသနိုင်ကြပြီး အကောင်းမွန်ဆုံးသော အယူအဆကသာလျှင် ဆွေးနွေးငြင်းခုံမှုတိုင်းတွင် အနိုင်ရမည်ဟု ယုံကြည်ကြသောကြောင့်ဖြစ်သည်။
- ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်ခွင့်များသည် အစိုးရအာဏာ မတန်တဆ ကြီးထွားလာခြင်းကို ဟန့်တားနိုင်ပြီး နိုင်လိုမင်းထက် ပြုကျင့်ခြင်းတို့မှ ရှောင်ရှားစေနိုင်မည်ဟူ၍ လစ်ဘရယ်များက ယုံကြည်ထားကြသည်။
- အစိုးရတစ်ရပ်တစ်အနေဖြင့် မည်သည့် ကိစ္စကိုမဆို ဆောင်ရွက်ရာတွင်ဖြစ်စေ (သို့မဟုတ် ဆောင်ရွက်ခွင့်ပြုရာတွင်ဖြစ်စေ) အများပြည်သူလက်ခံမှုကို အခြေခံ၍သာလျှင် ဆောင်ရွက်အပ်သည်ဟူ၍လည်း လက်ခံထားကြသည်။



▲ နယူးယောက်မြို့ရှိ လေဘာတီရုပ်ထုကြီးသည် လွတ်လပ်မှုဗဟိုပြု လစ်ဘရယ်အယူအဆ၏ ကမ္ဘာ့အထင်ရှားဆုံး အမှတ်သင်္ကေတ ဖြစ်သည်။

လွတ်လပ်မှုဗဟိုပြု လစ်ဘရယ်ဝါဒသည် အရင်းရှင်စနစ် (capitalism) ဟူသော အယူအဆနှင့် နီးနွယ်ပတ်သက်လျက်ရှိသည်။ အရင်းရှင်စနစ်ဆိုသည်မှာ လူ့အဖွဲ့အစည်းတစ်ရပ်အတွင်းရှိ အရင်းအမြစ်များနှင့် အခွင့်အလမ်းများကို အစိုးရက မဟုတ်ဘဲ တစ်သီးပုဂ္ဂလစီးပွားရေးဆိုင်ရာ ဆက်နွယ်မှုများနှင့် ဝေငှဖြန့်ကြက်ပေးသည့် စီးပွားရေးစနစ်တစ်ရပ်ဖြစ်သည်။ ပုဂ္ဂလိက ပိုင်ဆိုင်မှုသည် အရင်းရှင်စနစ်၏ အရေးကြီးသည့် အစိတ်အပိုင်းဖြစ်သည့်အတွက်ကြောင့် လစ်ဘရယ်ဝါဒီတို့သည် ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့် အခွင့်အရေးများကို တန်ဖိုးထားကြသည်။

လွတ်လပ်မှုဗဟိုပြု လစ်ဘရယ်ဝါဒီတို့သည် စီးပွားရေးဆိုင်ရာ ညီမျှမှုရရှိရေး ရေးရှုကြိုးပမ်းခြင်း မရှိသည့် အခွန်အခမူဝါဒများကိုလည်း ထောက်ခံတတ်ကြသည်။ ထိုသူတို့၏ အဆိုအရ မည်မျှ ချမ်းသာနေကြပါစေ လူတိုင်းကို အခွန်တူမျှစွာ ကောက်အပ်သည်ဟူ၍ ဖြစ်သည်။ ချမ်းသာသူတို့ကို အခွန်တိုးကောက်ခြင်းသည် စီးပွားရေး အောင်မြင်မှုများအတွက် အပြစ်ဒဏ် ချမှတ်သကဲ့သို့ ဖြစ်စေသည်ဟူ၍လည်း လစ်ဘရယ်သမားများက ဆိုထားကြသည်။

## (က) လွတ်လပ်မှုဗဟိုပြု လစ်ဘရယ်ဝါဒ၏ အရေးပါသော တန်ဖိုးများ

- **လွတ်လပ်ခွင့်** (liberty) – တစ်ဦးချင်းလွတ်လပ်ခွင့်သည် လစ်ဘရယ်ဝါဒ၏ အရေးပါဆုံးသော အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ လစ်ဘရယ်များ ယုံကြည်ထားသည်မှာ နိုင်ငံရေး၊ စီးပွားရေးနှင့် တစ်ဦးချင်းဆိုင်ရာ ကန့်သတ် ချုပ်ခြယ်မှုများမှ ကင်းလွတ်ခြင်းသည် အကောင်းမွန်ဆုံးသော လူ့အဖွဲ့အစည်းတစ်ရပ်ဆီသို့ ဦးတည်လျက်ရှိသည်ဟူ၍ ဖြစ်သည်။ အစိုးရအာဏာသည် အကန့်အသတ်ဖြင့် ထားရှိသင့်ပြီး မတူညီသည့် အင်စတီကျူးရှင်းများ (စစ်တပ်၊ တရားရုံး၊ သမ္မတ စသည်) တို့အကြား ပိုင်းခြားအပ်နှင်းထားသင့်သည်ဟူ၍လည်း လစ်ဘရယ်များက ထောက်ပြကြသည်။ သို့မှသာလျှင် ခေါင်းဆောင်များ အာဏာ မတရားကြီးထွားလာမှုနှင့် ပြည်သူတို့၏ အခွင့်အရေးများ အလွဲသုံးစားပြုခံရမှုတို့ကို ရပ်တန့်နိုင်ပေလိမ့်မည်ဟု ဆိုထားကြသည်။
- **ခွင့်တူညီမျှမှု** (equality of opportunity) – ခွင့်တူညီမျှမှုသည် အလွန်အရေးပါလှသည်ဟု လစ်ဘရယ်များက ယုံကြည်ကြသည်။ အကြောင်းမှာ ကိုယ်ပိုင် လွတ်လပ်ခွင့်အပေါ် ထားရှိသည့် ၎င်းတို့၏ ခိုင်မာသော ယုံကြည်ချက်ကြောင့်ဖြစ်သည်။ လူမှုအဖွဲ့အစည်း တစ်ရပ်အတွင်း လူတိုင်း၏ နိုင်ငံရေး၊ စီးပွားရေးနှင့် တစ်ဦးချင်း အခွင့်အရေးများ လေးစားမှုထားခြင်းသည် လူတိုင်းအောင်မြင်ရန် အခွင့်အလမ်းညီမျှစွာရရှိသည့် လူမှုအဖွဲ့အစည်းတစ်ရပ်ဆီသို့ ဦးတည်နိုင်လိမ့်မည်ဟု ယူဆထားကြသည်။

## လေ့ကျင့်ခန်း

<u>သင်ခန်းစာ (၃.၁.၂) ကို လေ့လာ ဖတ်ရှုပြီးပါက</u>

၁။ လွတ်လပ်မှုဗဟိုပြု လစ်ဘရယ် ဝါဒီများအနေဖြင့် ‘သာတူညီမျှမှု’ ဟူသော အယူအဆကို မည်သို့ရှုမြင် သုံးသပ်မည်ဟု ထင်သနည်း။

၂။ လွတ်လပ်မှုဗဟိုပြု လစ်ဘရယ်ဝါဒီများ အနေဖြင့် ‘အနိမ့်ခံဘဝ လွတ်မြောက်ရေး ပံ့ပိုးမှု’ (affimative action) ဟူသော အယူအဆကို မည်သို့ရှုမြင် သုံးသပ်မည်ဟု ထင်သနည်း။

၃။ လစ်ဘရယ်လ်ဝါဒီတစ်ဦး၏ အမြင်တွင် မည်သည်က အစိုးရတစ်ရပ်တရားဝင် အသိအမှတ်ပြုမှုရရှိအောင်ပြုလုပ် ဖန်တီးပေးသနည်း။

- **သဘောထားကြီးမှု** (tolerance) – သဘောထားကြီးမှုဆိုသည်မှာ မိမိတို့၏ကိုယ်ပိုင် တန်ဖိုးများ၊ ယုံကြည်မှုများ၊ ဘဝနေထိုင်ပုံများနှင့် မတူညီသည်တို့ကို လက်သင့်ခံခြင်းဟု အဓိပ္ပာယ်ရသည်။ လစ်ဘရယ်ဝါဒီများသည် လူတိုင်းအနေဖြင့် နိုင်ငံရေးနှင့် တစ်ဦးချင်း လွတ်လပ်မှုများကို ရနိုင်သမျှ ရအပ်သည်ဟု ယုံကြည်ထားကြသည်။ သို့သော်ငြားလည်း မတူကွဲပြားသည့် အယူအဆများနှင့် တန်ဖိုးများကို လွတ်လွတ်လပ်လပ်ကြီး ပြသနိုင်ခြင်းက ပဋိပက္ခများကို ပေါ်ပေါက်လာစေနိုင်သည်။ ထို့ကြောင့် စည်ပင်သော လူ့အဖွဲ့အစည်းတစ်ရပ် ဖန်တီးရန်အတွက် မတူကွဲပြားသည့် ယုံကြည်မှုများကို လူတိုင်းအနေဖြင့် လေးစားကြ၊ နားထောင်ကြရမည်ဖြစ်သည်။
- **စီးပွားရေးဆိုင်ရာ လွတ်လပ်ခွင့်** (economic freedom) – နိုင်ငံသားတိုင်းသည် လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားခွင့်၊ စီးပွားရေး လုပ်ကိုင်ခွင့်များ ရှိရမည်ဖြစ်ပြီး ၎င်းအပေါ် အစိုးရအနေဖြင့် တစ်စုံတစ်ရာ စွက်ဖက်ခြင်းမျိုး မရှိသင့်ဟု လစ်ဘရယ်များက ယုံကြည်သည်။ လူတိုင်းသာ မိမိတို့၏ စီးပွားရေး အကျိုးအမြတ်ကို အစိုးရစွက်ဖက်မှု ကင်းကင်းဖြင့် ရှာဖွေ အားထုတ်နိုင်ကြမည်ဆိုလျှင် လူ့အဖွဲ့အစည်းတစ်ရပ်လုံးသည်လည်း ပို၍ ချမ်းသာကြွယ်ဝလာပြီး ပို၍လည်း လွတ်လပ်လာလိမ့်မည်ဟု ၎င်းတို့က ဆိုပါသည်။




## ဆွေးနွေးချက်

၁။ မြန်မာနိုင်ငံအတွင်းရှိ လွတ်လပ်မှုဗဟိုပြု လစ်ဘရယ် ဝါဒ၏ အရေးပါသော လက္ခဏာရပ်အချို့တို့မှာ အဘယ်နည်း။

၂။ မြန်မာ့နိုင်ငံရေးအပေါ်တွင် လွတ်လပ်မှုဗဟိုပြု လစ်ဘရယ် အယူအဆများက မည်သည့် သက်ရောက်မှုများရှိသနည်း။

၃။ သည်းမခံအပ်၊ ခွင့်မပြုအပ်သည့် အယူအဆများနှင့် အထင်အမြင်များ ဟူ၍ တည်ရှိ သည်ဟု တွေးမိပါသလား။ မည်သည်တို့ဖြစ်ကြသနည်း။ အဘယ်ကြောင့်နည်း။

## ၃.၁.၃ ရှေးရိုးစွဲ ကွန်ဆာဗေးတစ်ဝါဒ (Conservatism)

ခေတ်သစ် ရှေးရိုးစွဲကွန်ဆာဗေးတစ်ဝါဒသည် ၁၈ ရာစုနှောင်းပိုင်းမှစတင်၍ ပေါ်ပေါက်လာခဲ့သည်။ ထိုအချိန်မှာ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ ပြောင်းလဲမှုကြီးများ ဖြစ်ပွားနေသည့် အချိန်လည်းဖြစ်သည်။ (ဥပမာ – အမေရိကန်နှင့် ပြင်သစ်တော်လှန်ရေးများ)။ ထို့အပြင် လွတ်လပ်မှုဗဟိုပြု လစ်ဘရယ်ဝါဒနှင့် ဆင်းရဲသားဗဟိုပြု ဆိုရှယ်လစ်ဝါဒ ကဲ့သို့သော အယူအဆအသစ်များ လူကြိုက်များလာသည့် အချိန်ကာလလည်း ဖြစ်သည်။ 'ရှေးရိုးစွဲ ကွန်ဆာဗေးတစ်ဝါဒ' သည် 'ထိန်းသိမ်းစောင့်ရှောက်ရန်' (to conserve) ဟူသည့် ဝေါဟာရမှ ဆင်းသက်လာပြီး အရာရာကို ရှိရင်းစွဲအတိုင်း စောင့်ထိန်းရန်ဟူ၍လည်း အနက်ရပေသည်။ အစောပိုင်း ရှေးဦးစွဲ ကွန်ဆာဗေးတစ်ဝါဒီများမှာ အဆိုပါ အပြောင်းအလဲအသစ်တိုင်းသည် လူ့အဖွဲ့အစည်းအတွက် အလွန်အန္တရာယ်များလှသည်ဟု တွေးထင်သူများ ဖြစ်ကြပြီး လူ့အဖွဲ့အစည်းကို နဂိုမူလအတိုင်း ထိန်းသိမ်းလိုသူများ ဖြစ်ကြသည်။ ထိုသူတို့၏အမြင်တွင် အပြောင်းအလဲတို့မှာ တားဆီး ရပ်တန့်နိုင်မည် မဟုတ်သော်လည်း လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ပြဿနာများ မပေါ်ပေါက်လာအောင် စီမံ ကိုင်တွယ်နိုင်မည်ဟု ယူဆထားကြသည်။ ထိုကဲ့သို့ ကြပ်ကြပ်မတ်မတ် စီမံကိုင်တွယ်ခြင်း မရှိပါက အဆိုပါ ပြဿနာရပ်များမှာ တော်လှန်ရေး သို့မဟုတ် စစ်ပွဲများအထိ ပေါ်ပေါက်လာစေနိုင်သည်ဟုလည်း ကွန်ဆာဗေးတစ်ဝါဒီများက စိုးရိမ်ခဲ့ကြသည်။ အစွန်းရောက် အယူအဆများပေါ် အခြေခံသည့် ဝါဒများသည် လူ့အသိုင်းအဝိုင်းကို ဖျက်ဆီးလိမ့်မည်ဖြစ်ပြီး ထိန်းမနိုင်သိမ်းမရ ပရမ်းပတာ အခြေအနေများကို ဦးတည်လိမ့်မည် ဖြစ်ကြောင်းလည်း ကွန်ဆာဗေးတစ်သမားများက ဆိုကြသည်။ ထို့အပြင် လူတိုင်း အပြည့်အဝညီမျှမှု ရှိစေရန် ကြိုးပမ်းသည့် ဝါဒများသည် နိုင်လိုမင်းထက်ပြုမှုများသို့ ဦးတည်နေကြောင်းလည်း တွေးထင်ထားကြသည်။ ထိုအကြောက်တရား ပေါက်ပွားရခြင်းသည် အပြောင်းအလဲများ ရရှိရေးအတွက် အင်အားသုံးဖြေရှင်းသည့် တော်လှန်ရေးအစိုးရများ၏ ဥပမာဖြစ်ရပ်များကြောင့်ပင်ဖြစ်သည်။ ထိုကဲ့သို့သော အကြောင်းတရားများကြောင့်လည်း ကွန်ဆာဗေးတစ်ဝါဒီများအနေဖြင့် လူ့အဖွဲ့အစည်း ကြီးကြီးမားမား ပြောင်းလဲရေးအတွက် ကြိုးပမ်းခြင်း မရှိသည့် အစိုးရစနစ်များကို ထောက်ခံကြပေသည်။

### (က) ရှေးရိုးစွဲ ကွန်ဆာဗေးတစ်ဝါဒ၏ အရေးပါသော တန်ဖိုးများ

- **ရိုးရာအစဉ်အလာ** (tradition) – ရိုးရာအစဉ်အလာနှင့် ဓလေ့ထုံးတမ်းများသည် အစဉ်အဆက် ကောင်းကျိုးပြု၍ ရှင်သန်လည်ပတ်နိုင်ခဲ့ကြသည်ဆိုလျှင် ၎င်းတို့ကို အစားထိုးဖယ်ရှားခြင်း၊ စွန့်ပယ်ခြင်းများ မပြုအပ်ဟု ရှေးရိုးစွဲ ကွန်ဆာဗေးတစ်များက ဆိုပါသည်။ ၎င်းတို့က 'အတိတ်' သည် ဉာဏ်ပညာ (wisdom) နှင့် လုံခြုံမှု (security) တို့၏ အရင်းအမြစ်သဖွယ် ရှုမြင်ထားကြသည်။ ရိုးရာဓလေ့တစ်ရပ်ရပ်သည် နှစ်ကာလကြာမြင့်စွာ အရေးပါလျက် ရှိနေပါက လူ့အဖွဲ့အစည်းဆိုင်ရာ တန်ဖိုးတို့၏ အရေးပါသော အစိတ်အပိုင်းတစ်ရပ်အဖြစ် တည်ရှိသင့်ကြောင်းလည်း ထောက်ပြထားသည်။ ရိုးရာအစဉ်အလာများသည် လူသားတို့အား ကိုယ်ပိုင်အမှတ်အသား လက္ခဏာကိုပေး၍ လူ့အဖွဲ့အစည်းအတွင်းရှိ ၎င်းတို့၏ နေရာကဏ္ဍကိုလည်း သိမြင်နားလည်စေသည်ဟု ကွန်ဆာဗေးတစ်တို့က ဆိုပါသည်။
- **ငြိမ်ဝပ်ပိပြားရေး** (law and order) – ရှေးရိုးစွဲ ကွန်ဆာဗေးတစ်ဝါဒီများ ယုံကြည်ထားသည်မှာ လူအများသည် ယေဘုယျအားဖြင့် ပျော့ညံ့ကြပြီး ယုံကြည်စိတ်ချရမှုလည်း မရှိ၊ ရာဇဝတ်မှုများ၊ အကြမ်းဖက်မှုများနှင့် ပျင်းရိမှုတို့ကိုလည်း လွယ်လွယ်ကူကူ ပြုကျင့်တတ်ကြသည်။ ထိုအကြောင်းကြောင့်လည်း လူအများကို အကာအကွယ်ပြုပေး၊

အကြိုသင်ခန်းစာ

လက်ရှိအခြေအနေတို့ကို ထာဝရ မပြောင်းလဲအောင် ထားရှိနိုင်မည် ဆိုပါက ထားရှိမည်လော။ အဘယ်ကြောင့်နည်း။




▲ အမေရိကန်ပြည်ထောင်စုရှိ ရှေးရိုးစွဲ ကွန်ဆာဗေးတစ်ဝါဒကို ဆန့်ကျင်သော၊ လွတ်လပ်မှုဗဟိုပြု လစ်ဘရယ်ဝါဒီများ၏ စည်းရုံးရေး ပိုစတာတစ်ခုဖြစ်သည်။

အသိပညာပေး၊ ထိန်းချုပ်ပေးပြီး ပြဿနာများ မဖြစ်ပွားစေရန် ကွပ်ကဲပေးသည့် အစိုးရများကိုသာ ထောက်ခံတတ်ကြပေသည်။ သို့ဖြစ်၍ အမိန့်အာဏာ ပြဋ္ဌာန်းခြင်းနှင့် တည်ငြိမ်စေရေးတို့သည် အစိုးရတစ်ရပ်၏ အရေးပါဆုံးသော တာဝန် (၂) ရပ် ဖြစ်သည်ဟု ကွန်ဆာဗေးတစ်ဝါဒီတို့က ယူဆထားသည်။ ထို့ကြောင့်လည်း တင်းကြပ်သော ဥပဒေများနှင့် တောင့်တင်းသည့် ရဲအင်အား၊ စစ်တပ်တို့ ထားရှိရေးကို ကွန်ဆာဗေးတစ်တို့ ထောက်ခံ ပံ့ပိုးတတ်ကြသည်။

- **အထက် အောက် ပိုင်းခြားမှု** (hierarchy) – လူအသီးသီးတို့အတွက် ကွဲပြားသည့် အခန်းကဏ္ဍများ ပိုင်းခြားထားသည့် (အထက် – အောက် ပိုင်းခြားထားသည့်) လူ့အဖွဲ့အစည်းတစ်ရပ်သည် ဖြစ်သင့်ဖြစ်ထိုက်ပြီး သဘာဝကျသော လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်စေနိုင်လိမ့်မည်ဟုလည်း ရှေးရိုးစွဲ ကွန်ဆာဗေးတစ်တို့က ယူဆကြသည်။ မိဘနှင့် သားသမီးအကြား၊ ဆရာနှင့် ကျောင်းသားအကြား၊ အလုပ်ရှင်နှင့် အလုပ်သမားအကြား အာဏာ ဆက်ဆံမှုများသည် ထိရောက်မှုရှိ၍ သဘာဝကျသည်ဟုလည်း ရှုမြင်ကြသည်။ အဆိုပါ ဆက်ဆံမှုများသည် မျှတခြင်းမရှိဟု မမြင်ကြ၊ မတူကွဲပြားသည့် လူအများ အနေဖြင့် မတူကွဲပြားသည့် အခွင့်အရေးနှင့် တာဝန်များ ထားရှိအပ်သည်ဟု ယူဆထားကြသည်။ ဥပမာဆိုရသော် ဆရာများအနေဖြင့် တာဝန်ပိုကြီးမားသည့်အတွက် အခွင့်အရေးများ ပိုမိုရရှိကြသည်။ တစ်ဖက်တွင် ကျောင်းသားတို့မှာ တာဝန်နည်းပါးသည် နှင့်အမျှ အခွင့်အရေး နည်းပါးစွာရရှိသည်မှာ မျှတမှုရှိကြောင်း ကွန်ဆာဗေးတစ်တို့က ဆိုကြသည်။ ကွန်ဆာဗေးတစ်ဝါဒီတို့ ယူဆကြသည်မှာ လူ့အဖွဲ့အစည်းအတွင်း အဆင့်အတန်း မြင့်မားခြင်းသည် လိုအပ်လှပြီး ထိုပုဂ္ဂိုလ်များအနေဖြင့် အဆင့်အတန်း နိမ့်ပါးသူများကို စောင့်ရှောက်ရမည့် တာဝန်ရှိသည်ဟူ၍ဖြစ်သည်။
- **လုပ်ပိုင်ခွင့်အာဏာ** (authority) – ရှေးရိုးစွဲ ကွန်ဆာဗေးတစ်တို့ ယုံကြည်သည်မှာ လုပ်ပိုင်ခွင့် အာဏာသည် မရှိမဖြစ် လိုအပ်သည်။ အဘယ်ကြောင့်ဆိုသော် ခေါင်းဆောင်မှု မရှိပါက လူ့အဖွဲ့အစည်းအတွင်း တည်ငြိမ်အေးချမ်းမှု မရှိနိုင်တော့၍ ဖြစ်သည်။ လူအများ အတွက် ထိန်းကျောင်းပေးမည့် အသိပညာပေး၊ ထောက်ပံ့ပေးမည့် ခေါင်းဆောင်သာ မရှိပါက ဖွံ့ဖြိုးမှုဟူ၍ မဖြစ်နိုင်တော့။ ထို့အပြင် လူ့အဖွဲ့အစည်းအတွင်း အာဏာ ရရှိထားကြသူများသည်လည်း အသိပညာအားနည်းပြီး အန္တရာယ်လည်း ကြီးမားလိမ့်မည်ဖြစ်သည်။

**လေ့ကျင့်ခန်း**

၁။ မည်သည့်လစ်ဘရယ်အယူအဆကို ရှေးရိုးစွဲ ကွန်ဆာဗေးတစ်ဝါဒက တန်ပြန်လျက်ရှိသည်ဟု ထင်သနည်း။ အဆိုပါ အယူအဆများက အန္တရာယ်များလွန်းသည်ဟု ၎င်းတို့က အဘယ်ကြောင့် ယူဆကြသနည်း။

၂။ ရှေးရိုးစွဲ ကွန်ဆာဗေးတစ်ဝါဒီသမားများအနေဖြင့် 'လွတ်လပ်ခွင့်အခြေပြုဝါဒ' (libertarianism) (သင်ခန်းစာ ၁.၂.၃ ကိုကြည့်ပါ။) ဟူသော အယူအဆကို မည်သို့ရှုမြင် သုံးသပ်မည်ဟု ထင်သနည်း။

၃။ ရှေးရိုးစွဲ ကွန်ဆာဗေးတစ်ဝါဒီတစ်ဦး၏အမြင်တွင် အစိုးရတစ်ရပ် တရားဝင်အသိအမှတ်ပြုမှု ရရှိအောင် မည်သည်က ပြုလုပ်ဖန်တီးပေးသနည်း။




## ဆွေးနွေးချက်

၁။ မြန်မာနိုင်ငံအတွင်းရှိ ရှေးရိုးစွဲ ကွန်ဆာဗေးတစ်ဝါဒ၏ အရေးပါသော လက္ခဏာရပ်အချို့တို့မှာ အဘယ်နည်း။

၂။ မြန်မာ့နိုင်ငံရေးအပေါ်တွင် ရှေးရိုးစွဲ ကွန်ဆာဗေးတစ်အယူအဆများက မည်သည့် သက်ရောက်မှုများ ရှိသနည်း။

၃။ မညီမျှသည့် အာဏာသုံး ဆက်ဆံရေးသည်သဘာဝကျသည် ဟူသော ရှေးရိုးစွဲကွန်ဆာဗေးတစ် အယူအဆကိုလက်ခံပါသလား။

## ၃.၁.၄ လူမှုဘဝညီမျှမှုဗဟိုပြု ဆိုရှယ်လစ်ဝါဒ (Socialism)

ရှေးရိုးစွဲ ကွန်ဆာဗေးတစ်ဝါဒက လွတ်လပ်မှုဗဟိုပြု လစ်ဘရယ်ဝါဒအတွက် တုံ့ပြန်မှုတစ်ရပ် ဖြစ်သကဲ့သို့ ဆိုရှယ်လစ်ဝါဒသည်လည်း စက်မှုအရင်းရှင်စနစ်ကြောင့် ဖြစ်ပွားရသည့် ပြဿနာများကို တန်ပြန်လျက်ရှိသည်။ ဆိုရှယ်လစ်ဝါဒီတို့အနေဖြင့် လူ့အဖွဲ့အစည်းကို အရင်းအမြစ်နှင့် အခွင့်အလမ်း မညီမျှရှိသည်၊ မည်သို့သော လုပ်ငန်းများ လုပ်ကိုင်လျက် ရှိသည်တို့ကို အခြေခံလျက် လူတန်းစားများ ခွဲခြားထားသည်။ ရှေးဦး ဆိုရှယ်လစ်ဝါဒီ များအနေဖြင့် စက်ရုံကြီးများနှင့် ၎င်းတို့ကို ပိုင်ဆိုင်ထားသူများ (အရင်းရှင်လူတန်းစား) ကို အလုပ်သမား လူတန်းစားတို့၏ အန္တရာယ်တစ်ရပ်အသွင် ရှုမြင်ကြသည်။

အရင်းရှင်ဆိုသည်မှာ တစ်စုံတစ်ရာ (ဥပမာ – ငွေ၊ ပိုင်ဆိုင်မှု သို့မဟုတ် မြေ) ကို ပိုင်ဆိုင်ပြီး ငွေကြေးရရှိရန်အတွက် ထိုပိုင်ဆိုင်မှုကို ရင်းနှီးအသုံးပြုသူများဖြစ်သည်။ ဥပမာ တစ်စုံတစ်ဦးသည် အဆောက်အအုံတစ်ခု ပိုင်ဆိုင်ထားပါက အခန်းအငှားချခြင်းဖြင့် ငွေရှာနိုင်သည်။ ထိုကဲ့သို့သော ပိုင်ဆိုင်မှုကို 'အရင်းအနှီး'(capital) ဟု ခေါ်ဆိုနိုင်သည်။ အလုပ်သမားလူတန်းစားဆိုသည်မှာ လူ့အဖွဲ့အစည်းအတွင်းတွင် မည်သို့သော အရင်းအနှီးမှ ပိုင်ဆိုင်ထားခြင်း မရှိသူများကို ဆိုလိုသည်။ ထိုသူတို့အတွက် ငွေရှာရန် တစ်ခုတည်းသော နည်းလမ်းမှာ အခြားသူများထံတွင် အလုပ်လုပ်ခြင်းသာ ဖြစ်ပေသည်။ ရှေးဦး ဆိုရှယ်လစ်များအနေဖြင့် လူတိုင်း စက်ရုံ၊ လယ်ယာနှင့် ဈေးဆိုင်များ ပိုင်ဆိုင်နိုင်မည့် စနစ်တစ်ရပ်ကို အဆိုပြုခဲ့ကြသည်။ သို့မှလည်း ပိုမို ညီမျှမှုရှိသည့် လူမှုအဖွဲ့အစည်းတစ်ရပ် ဖန်တီးနိုင်လိမ့်မည်ဟု ဆိုထားသည်။

၁၉ ရာစု အကုန်တွင် ဆိုရှယ်လစ်များသည် မတူညီသော အဖွဲ့ ၂ ဖွဲ့ ကွဲထွက်သွားသည်။ စီးပွားရေးစနစ် တစ်ရပ်လုံးကို ပြောင်းလဲပစ်ရန်မှာ အလွန်ခက်ခဲမည်ဖြစ်ကြောင်း အချို့ ဆိုရှယ်လစ်တို့က ဆုံးဖြတ်ကြသည်။ ထိုသူတို့၏ အဆိုအရ ဆိုရှယ်လစ်များအနေဖြင့်

## အကြံသင်ခန်းစာ

အစိုးရက ကြွယ်ဝသူတို့ထံမှ သိမ်းယူပြီး ဆင်းရဲသူများထံ ပေးဝေကြခြင်းမှာ မျှတသည်ဟု ထင်ပါသလား။



▲ကြယ်နီ (ဝဲဘက်) နှင့် တူနှင့် တံစဉ်ပုံ (ယာဘက်) တို့သည် ဆိုရှယ်လစ်ဝါဒ သို့မဟုတ် ကွန်မြူနစ်ဝါဒ၏ အမှတ်လက္ခဏာများအဖြစ် အသုံးပြုတတ်ကြသည်။ ချဲကွေဗားရား (အောက်တွင် ပါရှိသည့်ပုံ) သည် ထင်ရှားသည့် ဆိုရှယ်လစ်ဝါဒီ ကိုယ်စားပြုများ ထဲမှ တစ်ဦးဖြစ်သည်။



## လေ့ကျင့်ခန်း

သင်ခန်းစာ (၃.၁.၄) ကို လေ့လာ ဖတ်ရှုပြီးပါက

၁။ 'စီးပွားရေးဆိုင်ရာ လွတ်လပ်ခွင့်' ဟူသော လွတ်လပ်မှုဗဟိုပြု လစ်ဘရယ် အယူအဆနှင့် 'လူမှုလိုအပ်ချက်' ဟူသည့် လူမှုဘဝညီမျှမှုဗဟိုပြု ဆိုရှယ်လစ် အယူအဆတို့အကြား မည်သို့ခြားနားမှု ရှိသနည်း။

၂။ မည်သည့် လစ်ဘရယ်အယူအဆကို ဆိုရှယ်လစ်ဝါဒက တန်ပြန်လျက်ရှိသည်ဟု ထင်မြင်သနည်း။ အဆိုပါ အယူအဆများက အန္တရာယ်များလွန်းသည်ဟု ၎င်းတို့က အဘယ်ကြောင့် ယူဆကြသနည်း။

၃။ ဆိုရှယ်လစ်ဝါဒီသမားတစ်ဦး၏ အမြင်တွင် အစိုးရတစ်ရပ် တရားဝင် အသိအမှတ်ပြုမှု ရရှိအောင် မည်သည်က ပြုလုပ်ဖန်တီးပေး သနည်း။

လုပ်သားတို့၏ လုပ်ခလစာနှင့် လုပ်ငန်းခွင် အခြေအနေများကို မြှင့်တင်ရန် ကြိုးပမ်းသင့်ပြီး ထိုလုပ်သားတို့ အရင်းရှင် လူ့အဖွဲ့အစည်းတွင် ပိုမို ကောင်းမွန်သောနေရာသို့ ရောက်ရှိနိုင်လိမ့်မည်ဟု ဆိုထားသည်။ ထိုသို့ ဆောင်ကြဉ်း ပေးနိုင်ရန်အတွက် အလုပ်သမား အခွင့်အရေး အကာအကွယ်ပြု ဥပဒေများ အစိုးရမှပြဋ္ဌာန်းစေရန် ကြိုးပမ်းခြင်းကသာလျှင် အကောင်းမွန်ဆုံးသော နည်းလမ်းဖြစ်သည်ဟု ဆုံးဖြတ်ခဲ့ကြသည်။ ထိုသူတို့ကို ပြုပြင်ပြောင်းလဲရေး ဆိုရှယ်လစ်များ (reformist socialists) ဟု ခေါ်ဆိုကြသည်။ အခြားသော အဖွဲ့များအနေဖြင့် ကုန်ထုတ်လုပ်မှုတိုင်း (စက်ရုံ၊ လယ်ယာ၊ စက်ပြင်ရုံ စသည်) တို့ကို လုပ်သားထုဖြင့် ဖွဲ့စည်းထားသော အစိုးရက ပိုင်ဆိုင်ထိန်းကွပ်နိုင်သည့် စီးပွားရေးစနစ်တစ်ရပ်ကို ဆက်လက် တောင်းဆိုခဲ့ကြသည်။ ၎င်းတို့ကို ကွန်မြူနစ်များ (communists) ဟု ခေါ်ဆိုကြသည်။

### (က) လူမှုဘဝညီမျှမှုဗဟိုပြု ဆိုရှယ်လစ်ဝါဒ၏ အရေးပါသော တန်ဖိုးများ

- **သွေးစည်းညီညွတ်မှု** (solidarity) – ဆိုရှယ်လစ်ဝါဒီများက ယူဆထားကြသည်မှာ လူအများအနေဖြင့် တစ်ဦးပေါ်တစ်ဦး စောင့်ရှောက်ကြ၊ ပေးဆပ်ကြခြင်းသည် သဘာဝကျလှသည်ဟူ၍ဖြစ်သည်။ ကျား၊ မ၊ အမျိုးအနွယ်၊ အတန်းအစား စသည်ဖြင့် အမျိုးမျိုး ကွဲပြားခြားနားကြသော်လည်း နေရာတိုင်းရှိ အဖိနှိပ်ခံ၊ အခွဲခြားခံပုဂ္ဂိုလ်တို့မှာ ဆက်နွယ်လျက်ရှိကြသည်။ ထိုသို့ ဆက်နွယ်ရခြင်းမှာလည်း အားလုံးအနေဖြင့် ဖိနှိပ်မှုဒဏ်ကို ခံစားနေကြရသောကြောင့်ဖြစ်သည်။ ထို့ကဲ့သို့ အကူအညီ လိုအပ်နေသည့်၊ အဖိနှိပ်ခံနေရသည့်သူများကို ထောက်ပံ့ပေးခြင်းက 'သွေးစည်းညီညွတ်မှု' ၏ အရေးပါသော အစိတ်အပိုင်းဖြစ်သည်ဟု ဆိုရှယ်လစ်များက ဆိုထားသည်။
- **သာတူညီမျှမှု** (equality of outcome) – 'လွတ်လပ်ခွင့်' သည် နိုင်ငံရေးတွင် အရေးပါဆုံးသော တန်ဖိုးတစ်ရပ်ဖြစ်သည်ဟု လစ်ဘရယ်များက တွေးထင်ကြသကဲ့သို့၊ 'ညီမျှမှု' သည် အရေးပါဆုံးသော တန်ဖိုးဟု ဆိုရှယ်လစ်များက ယုံကြည်ထားကြသည်။ ထိုသူတို့အနေဖြင့် လူ့အဖွဲ့အစည်းကို 'ခွင့်တူညီမျှမှု' အရ သာမက လူမှုရေးအရညီမျှမှု (သာတူညီမျှမှု) ကိုပါ အခြေခံလျက် တည်ဆောက်လိုကြသည်။ ထိုအချက်အရ ဆိုရှယ်လစ်အစိုးရများက ဆင်းရဲသည့် အစုအဖွဲ့များထံ ပေးဝေရန်အတွက် ချမ်းသာသူလူပုဂ္ဂိုလ်များထံမှ အရင်းအမြစ်များ ရယူရန် လိုအပ်သည့်အတွက် အငြင်းပွားစရာအဖြစ် တည်ရှိနေသည်။ ထိုအချက်သည် တစ်သီးပုဂ္ဂလအခွင့်အရေးကို ထိပါးရာရောက်သည်ဟုလည်း ဆိုရှယ်လစ်မဟုတ်သူ အများက ထောက်ပြထားကြသည်။
- **လူမှုလိုအပ်ချက်** (social need) – ဆိုရှယ်လစ်များအနေဖြင့် 'ညီမျှမှု' အခြေပြု လူ့အဖွဲ့အစည်းကို အလိုရှိကြသည့်အလျောက် အရင်းအမြစ်များကိုလည်း မည်မျှလိုအပ်သည်အပေါ် မူတည်လျက် ပေးအပ်သင့်ကြောင်း ဆိုထားကြသည်။ အားနည်းသူ၊ ကျန်းမာရေးနံချာသူများ (ဘဝရပ်တည်ရေးအတွက် အလုပ် မလုပ်ကိုင်နိုင်သူများ) ကို စောင့်ရှောက်ရန်မှာ တောင့်တင်း ကျန်းမာသည့်သူများ၏ တာဝန် ဖြစ်သည်ဟူ၍လည်း ဆိုထားသေးသည်။
- **ဘုံပိုင်ဆိုင်မှု** (common ownership) – ပုဂ္ဂလိကပစ္စည်းပိုင်ဆိုင်မှုကို ထောက်ခံသည့် လစ်ဘရယ်ဝါဒီများ၊ ကွန်ဆာဗေးတစ်ဝါဒီများနှင့် မတူညီသည့်အချက်မှာ ဆိုရှယ်လစ်များက ဘုံပိုင်ဆိုင်မှုကို ထောက်ခံကြခြင်းဖြစ်သည်။ ထိုသူတို့၏ အဆိုအရ ကုန်ထုတ်လုပ်မှုသည် အများနှင့် သက်ဆိုင်သည့် အရာဖြစ်သင့်ပြီး အကျိုးအမြတ်များကိုလည်း လူ့အဖွဲ့အစည်းတွင် ညီမျှစွာ မျှဝေသင့်သည်ဟူ၍ ဆိုထားသည်။ သို့သော်ငြားလည်း မည်မျှ မျှဝေသင့်သည်နှင့် စပ်လျဉ်းပြီး ဆိုရှယ်လစ်များအကြား သဘောကွဲလွဲလျက်ရှိသည်။




## ဆွေးနွေးချက်

၁။ မြန်မာနိုင်ငံအတွင်းရှိ ဆိုရှယ်လစ်ဝါဒ၏ အရေးပါသော လက္ခဏာရပ်အချို့တို့မှာ အဘယ်နည်း။

၂။ မြန်မာ့နိုင်ငံရေးအပေါ်တွင် ဆိုရှယ်လစ် အယူအဆများက မည်သည့် သက်ရောက်မှုများ ရှိသနည်း။

၃။ လူအများအနေဖြင့် ဆာလောင်မွတ်သိပ်မှုများ ခံစားနေချိန်တွင် ကြွယ်ဝသူတို့က ပိုင်ဆိုင်မှုကို မမျှဝေဘဲ နေခွင့်ရှိသည်ဟု ထင်ပါသလား။

## ၃.၁.၅ အခြေခံဝါဒ (၃) ရပ် အပေါ် ပြန်လည်သုံးသပ်ခြင်း

**ပြန်လည်သုံးသပ်ချက်**

သင်ခန်းစာ (၃.၁.၁) တွင် ပြုလုပ်ခဲ့သည့် ပိုစတာကို ပြန်လည် ကြည့်ရှု သုံးသပ်ပေးပါ။

၁။ ဤအခန်းတွင်လေ့လာခဲ့သည့် ဝါဒ (၃) ရပ် အနက် မည်သည်က မိမိတို့အဖွဲ့၏ ဝါဒနှင့် အနီးစပ်ဆုံး ဖြစ်သနည်း။ မည်သည်တို့က နီးစပ်စေသနည်း။

၂။ ဤအခန်းကို လေ့လာပြီး မိမိတို့ပြုစုခဲ့သည့် ပိုစတာတွင် ပြင်ဆင်လိုသည်တို့ကို ပြင်ဆင်နိုင်သည် ဆိုပါက မည်သည်တို့ကို ပြင်ဆင်မည်နည်း။ အဘယ်ကြောင့်နည်း။

**လုပ်ငန်းများ**

စာအုပ်၏ နောက်ကျောတွင် ပါရှိသည့် ‘လှုပ်ရှားဆောင်ရွက်သူများ စာရင်း’ ကို ကြည့်ရှု သုံးသပ်ပေးပါ။ ဝါဒ (၃) ရပ် အတွက် စာမျက်နှာ (၁၁) တွင် ပါရှိသည့်အတိုင်း အညွှန်းပြဇယား (venn diagram) တစ်ရပ် ဖန်တီးပေးပြီး လုပ်ဆောင်သူ (၆) ဦးကို အဆိုပါ ဇယားတွင် ဖြည့်စွက်ပေးပါ။

### အကြိုသင်ခန်းစာ

သင်ခန်းစာ (၃.၁) ကိုလေ့လာပြီးနောက် ဝါဒ (၃) ရပ် အနက် မည်သည်က မိမိတို့၏ ကိုယ်ပိုင်အမြင်များကို အထင်ဟပ်ဆုံး ဖြစ်သည်ဟု ထင်သနည်း။ အဘယ်ကြောင့်နည်း။

# ၃.၂ ဝါဒများအား ဆန်းစစ်အကဲဖြတ်ခြင်း

## ၃.၂.၁ ဝါဒများအား ဆန်းစစ်အကဲဖြတ်ခြင်း

ဝါဒအမျိုးမျိုးက တန်ဖိုး၊ ဦးတည်ချက်၊ အယူအဆအမျိုးမျိုးကို ထင်ဟပ်လျက်ရှိကြောင်း ရှေ့အပိုင်းတို့တွင် တင်ပြခဲ့ပြီးဖြစ်သည်။ ဝါဒများသည် တန်ဖိုးနှင့် ယုံကြည်ချက်မျှသာ မဟုတ်ဘဲ လူ့အဖွဲ့အစည်းတိုးတက်စေရန် လိုအပ်လှသည့် လုပ်ငန်း အစီအစဉ်များလည်း ပါဝင်ကြသည်။

ထိုအချက်အရ ဝါဒများအား ဆန်းစစ်အကဲဖြတ်ခြင်း၏ အစိတ်အပိုင်းတစ်ရပ်မှာ ထိုဝါဒများအပေါ် အခြေခံသည့် နိုင်ငံရေးစနစ်အား အကဲဖြတ်သုံးသပ်ခြင်းဟုလည်း အဓိပ္ပာယ်ရပေသည်။ နိုင်ငံရေးစနစ်ဆိုသည်မှာ ဝါဒတစ်ရပ်၏တန်ဖိုးများ ထင်ဟပ်လျက်ရှိသည့် လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာ အင်စတီကျူးရှင်းများကို ဆိုလိုသည်။ ဝါဒအမျိုးမျိုးတို့က အလေးထားသည့် တန်ဖိုးတို့မှာလည်း လွတ်လပ်မှု၊ လုံခြုံမှု သို့မဟုတ် ညီမျှမှုဟူ၍ အမျိုးမျိုးကွဲပြားနိုင်သည်။ ထိုကွဲပြားသော တန်ဖိုးထားမှုများက ထိုဝါဒများ ကျင့်သုံးလိုသည့် နိုင်ငံရေးစနစ်ကို ပုံဖော်ပေးလျက် ရှိပေသည်။

နိုင်ငံရေးစနစ်တစ်ရပ်တွင် အဆိုပါ တန်ဖိုးတို့က လူအများ၏ ဘဝများအပေါ် လက်တွေ့ သက်ရောက်မှုရှိနေသည့် ဥပဒေများ၊ မူဝါဒများနှင့် အင်စတီကျူးရှင်းများ ပေါ်ပေါက်လာစေသည်။ ထို့ကြောင့်လည်း ဝါဒများအား ဆန်းစစ်အကဲဖြတ်ခြင်း၏ အရေးပါသော အစိတ်အပိုင်းတစ်ရပ်မှာ လူ့အဖွဲ့အစည်းအပေါ် ထိုဝါဒတို့၏ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ သက်ရောက်မှုများအား သုံးသပ်ရခြင်းဖြစ်သည်။ ထို့အပြင် အခွင့်အရေး၊ ညီမျှမှုနှင့် လွတ်လပ်မှုတို့အပေါ် အဆိုပါ နိုင်ငံရေးစနစ်၏ သက်ရောက်မှုများကိုလည်း ထည့်သွင်း စဉ်းစားရသည်။ ထို့အတူ ကျွန်ုပ်တို့၏ ကိုယ်ပိုင်တန်ဖိုးများ၊ ယုံကြည်ချက်များ၊ အမြင်များအား ဆန်းစစ်ရာတွင်လည်း အဆိုပါ သက်ရောက်မှုများကို ထည့်သွင်းစဉ်းစားရန် အရေးပါလှသည်။

### လုပ်ငန်းများ

၁။ ဝါဒ (၃) ရပ် အပေါ် ရှုမြင် သုံးသပ် ရာတွင် ကွဲပြား ခြားနားပြီး ဖြစ်နိုင်ချေရှိသည့် အမြင် (၆) ချက် တို့ကို အောက်တွင် ဖော်ပြ ပေးထားသည်။ အဆိုပါ ပုံတို့အား သက်ဆိုင်ရာ အညွှန်းစာသားနှင့် တွဲစပ်ပေးပါ။

၂။ အဘယ့်ကြောင့်ထိုသို့ ရွေးချယ်ခဲ့သနည်း။ မိမိတို့၏ ရွေးချယ်မှုများအကြောင်း အတန်းဖော် တစ်ဦးနှင့် တွဲဖက် ဆွေးနွေးပေးပါ။




၁။ လူမှုဘဝညီမျှမှုဗဟိုပြု ဆိုရှယ်လစ် တစ်ဦး၏ ဆိုရှယ်လစ်ဝါဒအပေါ် အမြင်

၂။ အခြားသူများက ဆိုရှယ်လစ်ဝါဒအပေါ် အမြင်

၃။ လွတ်လပ်မှုဗဟိုပြု လစ်ဘရယ်လ်ဝါဒီ တစ်ဦး၏ လစ်ဗရယ်လ်ဝါဒအပေါ် အမြင်

၄။ အခြားသူများက လစ်ဘရယ်လ်ဝါဒ အပေါ် အမြင်

၅။ ရှေးရိုးစွဲ ကွန်ဆာဗေးတစ်ဝါဒီ တစ်ဦး၏ ကွန်ဆာဗေးတစ်ဝါဒ အပေါ် အမြင်

၆။ အခြားသူများက ရှေးရိုးစွဲ ကွန်ဆာဗေးတစ်ဝါဒ အပေါ် အမြင်

### လုပ်ငန်းများ

## နိုင်ငံရေးအဆိုအမိန့်များ

အောက်ပါ အဆိုများကို ကြည့်ရှု သုံးသပ်ပြီး ၎င်းတို့ကို ဤအခန်းတွင် ဆွေးနွေးခဲ့သည့် ဝါဒ (၃) ရပ်နှင့် တွဲစပ်ပေးပါ။

က။ လွတ်လပ်မှုဗဟိုပြု လစ်ဘရယ်ဝါဒ

ခ။ ရှေးရိုးစွဲ ကွန်ဆာဗေးတစ်ဝါဒ

ဂ။ ဆိုရှယ်လစ်ဝါဒ




### ပြန်လည်သုံးသပ်ချက်

၁။ မည်သည့်အဆိုများကို သဘောတူသနည်း။ အဘယ်ကြောင့်နည်း။

၂။ မည်သည့်အဆိုများနှင့် သဘောကွဲလွဲသနည်း။ အဘယ်ကြောင့်နည်း။

## လက်တွေ့အသုံးချ အယူအဆများ

### "လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်"

လွတ်လပ်မှုအခြေပြုဝါဒီများနှင့် အဆုံးစွန်လွတ်လပ်မှုဝါဒီများတို့ ယုံကြည်ထားကြသည်မှာ အစိုးရ၏တစ်ခုတည်းသော အခန်းကဏ္ဍသည် ထိုအစိုးရမှလွဲ၍ အခြားသူများ မပေးနိုင်သည့် (နိုင်ငံတော်လုံခြုံရေး သို့မဟုတ် လမ်းမီးများရရှိရေး ကဲ့သို့သော) အခြေခံဝန်ဆောင်မှုများသာ ပေးစွမ်းကြရမည်ဟူ၍ ဖြစ်သည်။ 'လွတ်လပ်သော ဈေးကွက်' ကို ထောက်ခံကြသူများက သာတူညီမျှမှု ရရှိစေရန် ကြွယ်ဝမှုများကို အစိုးရများက ပြန်လည်မျှဝေသင့်သည်ဟူသည့် အယူအဆကို ဆန့်ကျင်ကြသည်။ အခွန်များ၊ စည်းမျဉ်းသတ်မှတ်ချက်များကဲ့သို့ စီးပွားရေးဆိုင်ရာ ကန့်သတ်ပိတ်ပင်မှုများက လူအများကို အောင်မြင်မှုရရှိခြင်းမှ ကန့်သတ်ထားပြီး စီးပွားရေးနှင့် လူ့အဖွဲ့အစည်းတို့အတွက် ထိခိုက်စေကြောင်း ဆိုထားသည်။

### "လွတ်လပ်သော ဈေးကွက်စနစ်က လူအများကို အလုပ် ပိုမို ကြိုးစားလာစေသည်" ဟု လွတ်လပ်မှုဗဟိုပြု လစ်ဘရယ်များက ဆိုကြသည်။

အစိုးရများသည် စီးပွားရေး သို့မဟုတ် လူ့အဖွဲ့အစည်းကို ထိန်းချုပ်ခြင်းသာ မရှိပါက လူအများအနေဖြင့် စီးပွားရေးလုပ်ငန်း သို့မဟုတ် လူထုအခြေပြု အဖွဲ့အစည်းများကို လုပ်ကိုင် တည်ထောင်ကြလိမ့်မည်ဟု လစ်ဘရယ်များက ယုံကြည်ကြသည်။ ထိုကဲ့သို့ လုပ်ဆောင်သူများအနေဖြင့် အောင်မြင်မှုများမှတစ်ဆင့် တိုက်ရိုက် အကျိုးခံစားနိုင်ကြမည် ဖြစ်သည့်အတွက်ကြောင့် ပိုမို ကြိုးစားအားထုတ်နိုင်သည်ဟုလည်း လစ်ဘရယ်များက ဆိုထားသည်။ အစိုးရအနေဖြင့် စီးပွားရေးကို ချုပ်ကိုင်ထားပါက ကုန်ထုတ်စွမ်းအား ကောင်းမွန်မည် မဟုတ်တော့၊ (အစိုးရထိန်းချုပ်ထားသည့်) ပြည်သူ့ရေးရာကဏ္ဍရှိ အလုပ်အကိုင်များကို ဆောင်ရွက်နေသူ အလုပ်သမားများအနေဖြင့် မည်မျှ အလုပ်ကြိုးစားသည်ဖြစ်စေ၊ မကြိုးစားသည်ဖြစ်စေ လခတူမျှစွာ ခံစားကြရမည် ဖြစ်သောကြောင့် ဖြစ်သည်။ ထိုအလုပ်သမားများအနေဖြင့် မည်မျှ ကြိုးစားသည် ဖြစ်ပါစေ (အကျိုးအမြတ်များ ဖန်တီးခြင်းဖြင့်) ဆုလာဘ်များ ခံစားကြရမည် မဟုတ်သည့်အတွက်ကြောင့် ပျင်းရိပြီး စိတ်ဓာတ်တက်ကြွမှုတို့ ရှိမည် မဟုတ်တော့ချေ။ လစ်ဘရယ်များက ထပ်လောင်း ထောက်ပြထားသည်မှာ အစိုးရများအနေဖြင့် ကုန်ပစ္စည်းတန်ဖိုးများကို ထိန်းချုပ်ထားခြင်း (ဥပမာ – အနည်းဆုံး လုပ်ခလစာ၊ ဆန်ဈေးနှုန်း ထိန်းချုပ် လျှော့ချခြင်း၊ စသည်တို့) က လိုလားချက် ပြည့်မီခြင်းနှင့် ကုန်ထုတ်မှုစွမ်းအားတို့တွင် ကြီးစွာလျော့ကျစေနိုင်သည်ဟူ၍လည်း ဆိုထားပေသည်။

'လူမှုဘဝဖူလုံရေးကို နိုင်ငံတော်က တာဝန်ယူစောင့်ရှောက်ပေးသည့်စနစ်' ကြီးတစ်ရပ်သည် လူအများကို အလုပ်လုပ်ကိုင်မှု လျော့ကျစေနိုင်မည်ဟုလည်း လစ်ဘရယ်များက ဆိုထားသည်။ ၎င်းတို့၏အဆိုအရ အစိုးရများက အဆိုပါ ဝန်ဆောင်မှုတိုင်းကို ထောက်ပံ့ထားပါက လူတို့အနေဖြင့် အလုပ်လုပ်ရမည့်အကြောင်းပင် မရှိတော့ပေ။ ထိုဝန်ဆောင်မှုများ ပေးရန်အတွက် ကုန်းရုန်းကြိုးစားသူများထံမှ အခွန်ကောက်ခြင်းက မမျှတလှကြောင်းလည်း ဝေဖန်ထားပေသည်။

**လေ့ကျင့်ခန်း**

လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်၏ အကျိုး၊ အပြစ်များမှာ အဘယ်တို့နည်း။

‘လူမှုဘဝဖူလုံရေးကို နိုင်ငံတော်က တာဝန်ယူစောင့်ရှောက်ပေးသည့် စနစ်’ (welfare state) ဆိုသည်မှာ အဘယ်နည်း။

‘လူမှုဘဝဖူလုံရေးကို နိုင်ငံတော်က တာဝန်ယူစောင့်ရှောက်ပေးသည့်စနစ်’ ဆိုသည်မှာ အစိုးရတစ်ရပ်အနေဖြင့် ပြည်သူများ၏ လူမှုဖူလုံရေးကို ထောက်ပံ့ပေးရန်အတွက် လူမှုရေးဆိုင်ရာ အကျိုးခံစားခွင့်များနှင့် ဝန်ဆောင်မှုများအားလုံး ပေးစွမ်းသည်ကို ဆိုလိုသည်။ ထိုဝန်ဆောင်မှုများတွင် အခမဲ့ ပညာရေး၊ အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အိုမင်းသူ၊ မသန်စွမ်းသူနှင့် အလုပ်လက်မဲ့များအတွက် ငွေကြေးအထောက်အပံ့ပေးခြင်းတို့ ပါဝင်ပေသည်။

## “လွတ်လပ်သော ဈေးကွက်စနစ်က လူ့အဖွဲ့အစည်းအတွင်း ကြွယ်ဝမှုကို တိုးပွားစေသည်” ဟု လွတ်လပ်မှုဇာတ်ပြု လစ်ဘရယ်များက ဆိုကြသည်။

လူ့အဖွဲ့အစည်းအတွင်း ကြွယ်ဝမှုကို ပြန်လည် မျှဝေရန် ကြိုးပမ်းလျက်ရှိသော ‘လူမှုဘဝဖူလုံရေးကို နိုင်ငံတော်က တာဝန်ယူစောင့်ရှောက်ပေးသည့်စနစ်’ ကြီးတစ်ရပ်သည် ကုန်ကျစရိတ်ကြီးလွန်းပြီး၊ ထိရောက်မှုလည်းမရှိဟု လစ်ဘရယ်များက ဆိုထားသည်။ သူတို့၏ အဆိုအရ အစိုးရများအနေဖြင့် ကြွယ်ဝမှုကိုပြန်လည်မျှဝေသည့်အခါ လူ့အဖွဲ့အစည်းတစ်ခုလုံးအနေဖြင့် ပိုမိုဆင်းရဲမွဲတေသွားစေသည်။ အခွန်များနှင့် လုပ်ထုံးလုပ်နည်းများကိုလည်း လျှော့ချထားခြင်းဖြင့် စီးပွားရေးလုပ်ငန်းများသည် ငွေကြေးလုံလောက်စွာ ရှာဖွေလာနိုင်ပြီး ဆင်းရဲခြင်းသည်လည်း ပြဿနာတစ်ရပ်ဖြစ်မည် မဟုတ်တော့ချေ။ ထိုစီးပွားရေးအမြင်ကို ‘laissez faire’ (‘allow to do’ – လုပ်ခွင့်ပြုသည်) ဟုလည်း ခေါ်ဆိုကြပြီး လွတ်လပ်မှုဇာတ်ပြု လစ်ဘရယ်အရင်းရှင်ဝါဒီတို့၏ အရေးပါလှသည့် အယူအဆ အစိတ်အပိုင်းတစ်ရပ်လည်း ဖြစ်သည်။ လစ်ဘရယ်အရင်းရှင်ဝါဒီများက ဆိုကြသည်မှာ စီးပွားရေးလုပ်ငန်းများမှတစ်ဆင့် ငွေကြေးရှာဖွေရန်အတွက် မိမိတို့၏ ကိုယ်ပိုင်ဆန္ဒများအတိုင်း လွတ်လွတ်လပ်လပ် လုပ်ကိုင်နိုင်ကြမည် ဆိုပါက လူ့အဖွဲ့အစည်းတစ်ရပ်လုံးသည်လည်း ပိုမိုကြွယ်ဝလာနိုင်သည်ဟု ဆိုထားသည်။

‘ထိန်းချုပ်ရေးဥပဒေများ’ (regulations) ဆိုသည်မှာ အဘယ်နည်း။

ထိန်းချုပ်ရေးဥပဒေများဆိုသည်မှာ စီးပွားရေးလုပ်ငန်းများအတွက် ကန့်သတ်ထားသော သို့မဟုတ် ထိန်းချုပ်ထားသော ဥပဒေများနှင့် ပေါ်လစီများကို ဆိုလိုသည်။ စည်းမျဉ်း သတ်မှတ်ချက်များအနေဖြင့် အစားအသောက်နှင့် စွမ်းအင်ကဲ့သို့ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ထိန်းချုပ်နိုင်သည်။ ထို့အပြင် မည်သည့် ကုမ္ပဏီကို မည်သည့် လုပ်ငန်းတွင် ဆောင်ရွက်ခွင့်ပြုသည်၊ မပြုသည်ကိုပါ ထိန်းချုပ်နိုင်ကြသည်။

လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်က မိမိတို့တိုင်းပြည်အတွက် ကောင်းမွန်လိမ့်မည်ဟု ထင်ပါသလား။ အဘယ်ကြောင့်နည်း။

ဆွေးနွေးချက်

## လက်တွေ့အသုံးချ အယူအဆများ

### " လူမှုဘဝညီမျှမှုဗဟိုပြု ဆိုရှယ်လစ်စီးပွားရေးစနစ်"

ဆိုရှယ်လစ်တို့ ဆိုကြသည်မှာ လွတ်လပ်သော ဈေးကွက်စနစ်က မျှတခြင်းမရှိ၊ အကြောင်းမှာ လစ်ဘရယ်အရင်းရှင်စနစ်ကို အခြေခံသည့် စနစ်များသည် နွမ်းပါးသူများအပေါ် ချမ်းသာသူများက ခေါင်းပုံဖြတ်မှုများ အစဉ်ဖြစ်ပွားစေနိုင်သောကြောင့် ဖြစ်သည်။ တိုင်းပြည်အများစု (အထူးသဖြင့် ဖွံ့ဖြိုးဆဲတိုင်းပြည်များ) တွင် အလုပ်ရှင်များသည် ၎င်းတို့ပေးလိုသလောက်သာ အလုပ်သမားများကို ပေးကမ်းတတ်ကြသည်။ အဘယ်ကြောင့်ဆိုသော် အလုပ်ရှင်က အလုပ်သမားတစ်ဦးကို လိုအပ်သည်ထက် အလုပ်သမားအများက အလုပ်တစ်ခုကိုရရှိရန် ပိုမိုလိုအပ်နေသောကြောင့်ဖြစ်သည်။ ထိုအခြေအနေမျိုးတွင် ချမ်းသာသူ အလုပ်ရှင်များက ချမ်းသာမြဲ ပိုမိုချမ်းသာလာကြပြီး ဆင်းရဲသူ အလုပ်သမားတို့မှာမူ ဆင်းရဲမြဲ ဆင်းရဲနေကြပေသည်။ လူမှုရေးဆိုင်ရာ မျှတမှုများ ဆောင်ကြဉ်းပေးနိုင်ရန်အတွက် လွတ်လပ်သည့် ဈေးကွက်စနစ်ကို ကန့်သတ်ရန် လိုအပ်ကြောင်း ဆိုရှယ်လစ်များက ထောက်ပြထားပေသည်။

### "ကြွယ်ဝမှုကို ပြန်လည် မျှဝေရန်အတွက် အခွန်များကို အသုံးပြုကြရမည်" ဟု ဆိုရှယ်လစ်များက ဆိုကြသည်။

လူမှုဘဝညီမျှမှုဗဟိုပြု ဆိုရှယ်လစ်စီးပွားရေးစနစ်များသည် အထက်ပါခေါင်းပုံဖြတ်မှုများကို ရပ်တန့်နိုင်ရန်အတွက် အရင်းအမြစ်များနှင့် အခွင့်အလမ်းများကို လူ့အဖွဲ့အစည်း၏ အဆင်းရဲဆုံး အဖွဲ့ဝင်များထံ ပြန်လည်မျှဝေခြင်းဖြင့် ညီမျှမှု ပိုမို ရရှိလာစေရန် ကြိုးပမ်းကြသည်။ ထိုကဲ့သို့ ဖော်ဆောင်ပေးရန်အတွက် မည်မျှ ချမ်းသာသည်ကို မူတည်ပြီး အခွန်ပေးရမည့် ပမာဏတိုးမြှင့်သည့် 'ထပ်တိုးခွန် စည်းကြပ်သည့်စနစ်' (progressive taxation) ကို အသုံးချကြသည်။ ဆိုလိုသည်မှာ ပညာရေး၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် အခြားသောဝန်ဆောင်မှုများကို တတ်နိုင်သူများမှာ ၎င်းတို့ကို မတတ်နိုင် လောက်အောင် ဆင်းရဲလှသည့် လူအများအား ထောက်ပံ့ရန်အတွက် အခွန်ပိုမိုပေးဆောင်ကြရသည်။ အစိုးရအနေဖြင့် ထိုအခွန်မှရရှိသည့် ငွေကြေးများကို မတတ်နိုင်သည့် လူအများ၏ လူမှုဝန်ဆောင်မှုများအတွက် အသုံးပြုကြသည်။ 'ထပ်တိုး အခွန်ပေးမှု' သည် ဆိုရှယ်လစ်စီးပွားရေးစနစ်တွင် တွေ့နိုင်သည်သာ မဟုတ်၊ ချမ်းသာသူများပေးရသည့် အခွန်ပမာဏကလည်း အစိုးရတစ်ရပ် ဆိုရှယ်လစ်မည်မျှဆန်သည်ကို ဖော်ပြနေပေသည်။

### "စီမံကိန်းစီးပွားရေးစနစ်များသည် လုပ်ငန်းလိုအပ်ချက်ထက် လူထု၏လိုအပ်ချက်ကို ဖြည့်ဆည်းရမည်" ဟု ဆိုရှယ်လစ်များက ဆိုကြသည်။

'စီမံကိန်းစီးပွားရေးစနစ်' များ ဆိုသည်မှာ မည်သည့် ကုန်ပစ္စည်းများ ထုတ်လုပ်ရမည်၊ မည်သို့ ထုတ်လုပ်မည်၊ မည်သူတို့အတွက်

**လေ့ကျင့်ခန်း**

လူမှုဘဝညီမျှမှုဗဟိုပြု ဆိုရှယ်လစ်စီးပွားရေးစနစ်၏ အကျိုး၊ အပြစ်များမှာ အဘယ်တို့နည်း။

ထုတ်လုပ်ရမည်နှင့် စပ်လျဉ်း၍ အစိုးရတစ်ရပ်၏ အစီအစဉ်များ ပြုလုပ်ခြင်းဖြစ်သည်။ ထိုအစီအမံများသည် ပြည်သူလူထု လိုအပ်ချက်နှင့် တိုင်းပြည်ဖွံ့ဖြိုးမှုကို ဦးတည်ပြီး စီးပွားရေးဆိုင်ရာ ရည်မှန်းချက်များကိုပါ အခြေခံထားသော စီးပွားရေးတစ်ရပ်ကို စီမံကိုင်တွယ်ရန် ဖြစ်သည်။ 'စီမံကိန်းစီးပွားရေးစနစ်' များသည် အင်မတန် ရှုပ်ထွေးသည့် ဖြစ်စဉ်တစ်ခုလည်းဖြစ်သည်။ ၎င်းတွင် စီးပွားရေးတစ်ရပ်ကို စီစဉ်ရန်နှင့် ကိုင်တွယ်စီမံရန် လိုအပ်သည့် တွက်ချက်မှုပေါင်း များစွာတို့အတွက် အစိုးရလုပ်သား ထောင်ပေါင်းများစွာ လိုအပ်ပေသည်။

နိုင်ငံပိုင်ပြုခြင်းသည် စီမံကိန်းစီးပွားရေးစနစ်များ၏ အရေးကြီးသည့် အစိတ်အပိုင်း ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် အစိုးရများသည် တိုင်းပြည်၏ ကြွယ်ဝမှုများကို နိုင်ငံခြားကုမ္ပဏီများ၊ ပြည်တွင်းနေ ချမ်းသာပြီးသား နိုင်ငံသားများထက် တိုင်းပြည်နေ လူအများထံသို့ ရောက်ရှိစေရန် ကြိုးပမ်းကြသည်။ ထို့အပြင် အစိုးရများသည် ထိန်းချုပ်ရေးဥပဒေ အသုံးပြုလျက် အရေးပါသော စက်မှုလုပ်ငန်းများအား ပြည်သူ့လိုအပ်ချက်ကို အလေးမထားသော အင်အားကြီးကုမ္ပဏီ လက်တစ်ဆုပ်က လွှမ်းမိုးမှု မရှိစေရန်လည်း ဆောင်ရွက်တတ်ကြပေသည်။



▲'၅ နှစ် စီမံကိန်း' ဆိုင်ရာ ဆိုဗီယက်ပိုစတာတစ်ခု ဖြစ်သည်။ အဆိုပါ စီမံကိန်းများမှာ ဒုတိယကမ္ဘာစစ်အပြီး ဆိုရှယ်လစ် တိုင်းပြည်များတွင် တွေ့ရလေ့ရှိသည်။

'နိုင်ငံပိုင်ပြုခြင်း'

စီမံကိန်းစီးပွားရေးစနစ်၏ အရေးပါသော အစိတ်အပိုင်းတစ်ရပ်မှာ 'နိုင်ငံပိုင်ပြုခြင်း' ပင်ဖြစ်သည်။ ဆိုလိုသည်မှာ စီးပွားရေး လုပ်ငန်းများနှင့် စက်ရုံများကို တစ်သီးပုဂ္ဂလိကလုပ်ငန်းရှင်များက မဟုတ်ဘဲ အစိုးရက ချုပ်ကိုင်ထားခြင်းဖြစ်သည်။

**ဆွေးနွေးချက်**

လူမှုဘဝညီမျှမှုဗဟိုပြု ဆိုရှယ်လစ်စီးပွားရေးစနစ်က မိမိတို့ တိုင်းပြည်အတွက် ကောင်းမွန်လိမ့်မည်ဟု ထင်ပါသလား။ အဘယ်ကြောင့်နည်း။

## လုပ်ငန်းများ

### နိုင်ငံရေး အဆိုအမိန့်များ

အောက်ပါ အဆိုများကို ကြည့်ရှု သုံးသပ်ပြီး ၎င်းတို့ကို ဤအခန်းတွင် ဆွေးနွေးခဲ့သည့် ဝါဒ (၃) ရပ်နှင့် တွဲစပ်ပေးပါ။

က။ လွတ်လပ်မှုဗဟိုပြု လစ်ဘရယ်ဝါဒ

ခ။ ရှေးရိုးစွဲ ကွန်ဆာဗေးတစ်ဝါဒ

ဂ။ ဆိုရှယ်လစ်ဝါဒ




## ပြန်လည်သုံးသပ်ချက်

၁။ မည်သည့် အဆိုများကို သဘောတူသနည်း။ အဘယ်ကြောင့်နည်း။

၂။ မည်သည့် အဆိုများနှင့် သဘောကွဲလွဲသနည်း။ အဘယ်ကြောင့်နည်း။

## ကျွန်ုပ်တို့၏ဝါဒ - အပိုင်း (၂)

**လုပ်ငန်းများ**

၁။ 'ကျွန်ုပ်တို့၏ ဝါဒ – အပိုင်း (၁)' တွင် လုပ်ဆောင်ခဲ့သည့် အဖွဲ့နှင့်အတူ ဆောင်ရွက်ပေးပါ။ စာမျက်နှာ (၁၈) တွင် ပြုစုခဲ့သည့် အခွင့်အရေး ပိရမစ်အတိုင်း 'တန်ဖိုး ပိရမစ်' တစ်ခု ပြုလုပ် ပေးပါ။

၂။ အောက်ပါ အချက်အလက်များ ပါဝင်သည့် ပိုစတာတစ်ရပ် ပြုလုပ်ပေးပါ။

က။ ဝါဒ အမည်၊

ခ။ အဓိက တန်ဖိုးများ၊

ဂ။ အခြားသော တန်ဖိုးများ၊

ဃ။ လွတ်လပ်မှုအပေါ် အမြင်၊

င။ ညီမျှမှုအပေါ် အမြင်၊

စ။ ပထမမျိုးဆက် အခွင့်အရေးများ (နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများ) အပေါ် အမြင်၊

ဆ။ ဒုတိယမျိုးဆက် အခွင့်အရေးများ (လူမှုရေး၊ ယဉ်ကျေးမှုနှင့် စီးပွားရေးဆိုင်ရာ အခွင့်အရေးများ) အပေါ် အမြင်၊

ဇ။ လူ့အဖွဲ့အစည်းအနေဖြင့် ယနေ့အခြေအနေ ရောက်ရှိနေရခြင်း အကြောင်း၊

ဈ။ အကောင်းဆုံးဖြစ်သည့် လူ့အဖွဲ့အစည်းပုံစံ၊

ည။ ထိုလူ့အဖွဲ့အစည်းပုံစံဖြစ်အောင် မည်သည်တို့ကို ဆောင်ရွက်ရမည်၊

ဋ။ မည်သူတို့က ဆောင်ရွက်ရမည်၊

**လုပ်ငန်းများ**

၁။ 'ကျွန်ုပ်တို့၏ ဝါဒ – အပိုင်း (၂)' တွင် ပြုလုပ်ခဲ့သည့် ပိုစတာကို ပြန်လည် သုံးသပ်ပါ။ မိမိတို့၏ ဝါဒကို ဖော်ပြပါပုံ၏ မည်သည့် နေရာတွင် ချထား သတ်မှတ်မည်နည်း။

၂။ စာအုပ်၏နောက်ဆုံးတွင် ပါရှိသည့် လှုပ်ရှားဆောင်ရွက်သူများစာရင်းကို ကြည့်ရှု ပေးပါ။ ထိုစာရင်းမှ လုပ်ဆောင်သူ ၆ ဦး တို့အား ထိုသူတို့၏ဝါဒများအရ ဖော်ပြပါပုံ၏ သင့်လျော်ရာနေရာတွင် ချထား သတ်မှတ်ပေးပါ။

၃။ ပြီးနောက် တိုင်းပြည်ရှိ အခြားသော ပုဂ္ဂိုလ်များ (သို့) အစုအဖွဲ့များကိုလည်း ချထား သတ်မှတ်ပေးပါ။



## ၃.၂.၂ နိုင်ငံရေးဆိုင်ရာ သဘောထား

နိုင်ငံရေးဆိုင်ရာ သဘောထားများက နိုင်ငံရေးအပြောင်းအလဲများ၏ လိုအပ်သော အရှိန်အဟုန်နှင့် နိုင်ငံရေးသဘာဝဆိုင်ရာ အမြင်များကို ဖော်ပြနေသည်။ ထိုသဘောထားများကို ပြုပြင်ပြောင်းလဲရေး ရယ်ဒီကယ်များ (radicals)၊ အလယ်အလတ်လမ်းစဉ် မော်ဒရိတ်များ (moderates) နှင့် ရှေးရိုးစွဲ ကွန်ဆာဗေးတစ်များ (conservatives) ဟူ၍ အမျိုးအစား ၃ မျိုး ခွဲခြားနိုင်သည်။ 'ရှေးရိုးစွဲ ကွန်ဆာဗေးတစ်' ဟူသော ဝေါဟာရကို နိုင်ငံရေး ဝါဒတစ်ရပ် အနေဖြင့်ရော၊ နိုင်ငံရေး သဘောထားတစ်ခု အနေဖြင့်ပါ သုံးနှုန်းနိုင်သည်။

### (က) ပြုပြင်ပြောင်းလဲရေး ရယ်ဒီကယ်များ (Radicals)

ပြုပြင်ပြောင်းလဲရေး ရယ်ဒီကယ်များသည် လက်ရှိ နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အဆုံးစွန် ပြောင်းလဲမှုအပေါ်တွင် ယုံကြည်ကြပေသည်။ ပြုပြင်ပြောင်းလဲရေး ရယ်ဒီကယ်များ ယုံကြည်ကြသည်မှာ လက်ရှိစနစ်ကြီးသည် ယိုယွင်းနေပြီဖြစ်ပြီး မြှင့်တင်ရုံ၊ ပြန်လည်ပြင်ဆင်ရုံနှင့် မရဘဲ အစားထိုးမှသာရမည်ဟူ၍ဖြစ်သည်။ နိုင်ငံရေးစနစ် အသစ်တစ်ရပ် အစားမထိုးပါက နိုင်ငံရေးသည် တိုးတက်လာလိမ့်မည် မဟုတ်ဟုလည်း ဆိုထားသည်။

### (ခ) အလယ်အလတ်လမ်းစဉ် မော်ဒရိတ်များ (Moderates)

လက်ရှိစနစ်ကြီးသည် ပြောင်းလဲရမည်ဖြစ်သည်ဟု အလယ်အလတ်လမ်းစဉ် မော်ဒရိတ်များကလည်း ယုံကြည်ထားသည်။ သို့ရာတွင် ရယ်ဒီကယ်သမားများနှင့် မတူသည့်အချက်မှာ ဖြည်းဖြည်းမှန်မှန်နှင့် စနစ်ကျသည့် အပြောင်းအလဲမျိုးကိုသာ ၎င်းတို့က ထောက်ခံကြသည်။ မော်ဒရိတ်များ၏အဆိုအရ အပြောင်းအလဲတို့သည် လက်ရှိစနစ်၏ 'နိုင်ငံရေးအဆောက်အအုံယန္တရား' များမှတစ်ဆင့် အောင်အောင်မြင်မြင် ဖြစ်ပွား ပေါ်ပေါက်လာစေနိုင်သည်၊ စနစ်ကိုယ်တိုင် ပြောင်းလဲစရာ လိုအပ်မည် မဟုတ်ချေ။ ထိုသူတို့ ယုံကြည်ထားသည်မှာ တိုးတက်ပြောင်းလဲမှုများသည် အချိန်ကာလကြာမြင့်လာသည်နှင့်အမျှ ဖြစ်ပွားပေါ်ပေါက်လာနိုင်သည်၊ ဖြစ်ပွားပေါ်ပေါက်လာရမည်ဟူ၍ဖြစ်သည်။

### (ဂ) ရှေးရိုးစွဲ ကွန်ဆာဗေးတစ် (Conservatives)

ပြုပြင်ပြောင်းလဲရေး ရယ်ဒီကယ်များ၊ အလယ်အလတ်လမ်းစဉ် မော်ဒရိတ်များနှင့် မတူသည်မှာ ရှေးရိုးစွဲ ကွန်ဆာဗေးတစ်များက အပြောင်းအလဲ ကြီးကြီးမားမား လိုအပ်ကြောင်း လက်မခံကြခြင်းဖြစ်သည်။ ကွန်ဆာဗေးတစ်တို့၏ အဆိုအရ နိုင်ငံရေးနှင့် လူမှုရေးဆိုင်ရာ အဖွဲ့အစည်းများက အခြေခံကျသည့် ငြိမ်ဝပ်ပိပြားမှုနှင့် တည်ငြိမ်မှုကို ပေးစွမ်းနိုင်သည်ဟူ၍ ဖြစ်သည်။ အပြောင်းအလဲများသာ မြန်မြန်ဆန်ဆန်ကြီး ဖြစ်ပွားပါက အဆိုပါ စနစ်၏ တရားဝင် အသိအမှတ်ပြုမှုမှာ အားလျော့နိုင်ကြောင်း ဆိုထားပေသေးသည်။ ထိုအကြောင်းတို့ကြောင့် ကွန်ဆာဗေးတစ်များသည် မရှောင်လွှဲနိုင်သည့် အခြေအနေမျိုးမှလွဲ၍ အပြောင်းအလဲတို့ကို ဆန့်ကျင်ကြပေသည်။




### အကြံပြုသင်ခန်းစာ

'အပြောင်းအလဲ' သည် အခွင့်အလမ်းများကို ပိုမို ဆောင်ကြဉ်းပေးတတ်သလော။ သို့မဟုတ် အခက်အခဲများကို ဆောင်ကြဉ်းပေးတတ်သလော။

### လုပ်ငန်းများ

**"သဘောထား" ရောင်စဉ်မျဉ်း**

၁။ စာအုပ်နောက်ကျောတွင် ပါရှိသည့် လှုပ်ရှားဆောင်ရွက်သူများစာရင်းကို ကြည့်ရှုပြီး ထိုစာရင်းမှ လုပ်ဆောင်သူ ၆ ဦး ကို ရောင်စဉ်မျဉ်း၏ သင့်လျော်သော နေရာတွင် ချထား ပေးပါ။

၂။ ထို့နောက် ရောင်စဉ်မျဉ်း၏ ဘယ်ဘက်ကျသော လုပ်ဆောင်သူများကို ကြည့်ရှု သုံးသပ်ပေးပါ။ ထိုလုပ်ဆောင်သူများအနေဖြင့် မည်သည့် (ဖြစ်စဉ်ပြဇယားပါ) အဖြစ်အပျက်များတွင် ပါဝင်ခဲ့ကြသနည်း။ ထိုသူတို့၏ သဘောထား၊ ဝါဒနှင့် ပါဝင်ခဲ့သည့် အဖြစ်အပျက်တို့ကြား မည်သို့ ဆက်နွယ်နေလျက် ရှိကြသနည်း။

### လုပ်ငန်းများ

ဤအခန်းတွင် ပါရှိသည့် နိုင်ငံရေးအဆိုအမိန့်များ လုပ်ငန်းများ (၂) ရပ် တို့ကို ပြန်လည် ကြည့်ရှုပေးပါ။ မည်သည့် အဆိုများက ရယ်ဒီကယ်သဘောထားရှိသူများအကြား ပြောဆိုကြပြီး၊ မည်သည်တို့က မော်ဒရိတ် သဘောထားရှိသူတို့အကြား ပြောဆိုကြသနည်း။

## ပြန်လည်သုံးသပ်ချက်

အောက်ပါ မေးခွန်းတို့ကို ဖြေဆိုပါ။ အပြောင်းအလဲအပေါ်ထားသည့် မိမိတို့ကိုယ်ပိုင် သဘောထားများကို မိမိတို့အဖြေများက မည်သို့ ဖော်ပြနေသနည်း။

| **အပြောင်းအလဲနှင့်ပတ်သက်သော သဘောထားများ** | ဖြစ်သင့် / မဖြစ်သင့် |
|---|---|
| ၁။ အမျိုးသမီးများအနေဖြင့် လင်ယောကျာ်း၏ ခွင့်ပြုချက်မပါရှိဘဲ ကွာရှင်းခွင့်ရှိသည်။ | ________ |
| ၂။ သားဆက်ခြားခြင်း၊ ကိုယ်ဝန်တားခြင်း၊ အကာအကွယ်သုံးခြင်း စသော မျိုးဆက်ပွား ဗဟုသုတများကို အသက် (၁၄) နှစ်နှင့် အထက် အမျိုးသမီးငယ်တိုင်း သိရှိစေသင့်သည်။ | ________ |
| ၃။ မူးယစ်ဆေးများကို တရားဝင် ခွင့်ပြုသင့်သည်။ | ________ |
| ၄။ ဒီမိုကရေစီတစ်ရပ်တွင် လူအများ အလိုရှိသည့် အချိန်တိုင်း ရွေးကောက်ပွဲ ကျင်းပ တောင်းဆိုနိုင်ခွင့် ရသင့်သည်။ | ________ |
| ၅။ အပြစ်ကျူးလွန်သူများကို ပြစ်ဒဏ်ပေးခြင်းထက် စိတ်ပိုင်းဆိုင်ရာ စောင့်ရှောက်မှု ပေးသင့်သည်။ | ________ |
| ၆။ သေဒဏ်ချမှတ်ခြင်းကို လုံးဝ အပြီးအပိုင် ဖျက်သိမ်းသင့်သည်။ | ________ |
| ၇။ ကုမ္ပဏီကြီးများကို နိုင်ငံပိုင် သိမ်းသင့်သည်။ | ________ |
| ၈။ လိင်တူချင်း လက်ထပ်မှုများကို တရားဝင် ဖြစ်စေသင့်သည်။ | ________ |
| ၉။ ဘာသာရေးမုန်းတီးမှုများကို လှုံ့ဆော်ပေးသည့် ဟောပြောမှုများ ပြုလုပ်ပါက ဘာသာရေးခေါင်းဆောင်များကို ထောင်ချ အပြစ်ပေးသင့်သည်။ | ________ |
| ၁၀။ လူမှုရေးအသင်းအဖွဲ့များကို ပိတ်ပင်ရမည်။ နွမ်းပါးနိမ့်ကျသူများကို စောင့်ရှောက်ကူညီပေးရန်မှာ အစိုးရ၏ တာဝန်သာ ဖြစ်သည်။ | ________ |
| ၁၁။ သာမန်လူပုဂ္ဂိုလ်တစ်ဦးအား စီမံရန်၊ ထိန်းချုပ်ရန် မလိုအပ်ချေ။ | ________ |
| ၁၂။ ကျောင်းသားများအနေဖြင့် ကျောင်းစီမံခန့်ခွဲရေးတွင် တစ်ထောင့် တစ်နေရာမှ ပါဝင်သင့်သည်။ | ________ |
| ၁၃။ ကျောင်းများ၊ တက္ကသိုလ်များတွင် အဆင့်သတ်မှတ်ချက်များနှင့် အောင်လက်မှတ်များကို မကျင့်သုံးသင့်ချေ။ | ________ |
| ၁၄။ ကျား/ မ၊ အသက်အရွယ်၊ လုပ်ငန်းကိုင်ငန်း မခွဲဘဲ အလုပ်မလုပ်သူပင် မကျန် အနိမ့်ဆုံး လစာခံစားနိုင်ရန် အာမခံချက် ရသင့်သည်။ | ________ |
| ၁၅။ ကလေးငယ်များကို ဘာသာတရားပေါင်းစုံနှင့် ရင်းနှီးကျွမ်းဝင်စေသင့်ပြီး အရွယ်ရောက်သည့်အခါ၌ မည်သည့် ဘာသာ ကိုးကွယ်မည်ကို မိမိဘာသာ ဆုံးဖြတ်ခွင့် ရှိရမည်။ | ________ |
| ၁၆။ အစိုးရများအနေဖြင့် သဘာဝအရင်းအမြစ် မည်သို့ အသုံးချရမည်ကို ဆုံးဖြတ်ပိုင်ခွင့် မပြုသင့်၊ ဒေသခံ အသိုင်းအဝိုင်းများသာ အဆိုပါ အခွင့်အရေးကို ရရှိသင့်သည်။ | ________ |
| ၁၇။ ကိုယ်ပိုင်ကားများကို မြို့လယ်ခေါင်နေရာများတွင် သုံးခွင့် မပြုသင့်။ | ________ |
| ၁၈။ ပုဂ္ဂလိကပိုင်ဆိုင်မှုများကို တားမြစ်သင့်သည်။ | ________ |
| ၁၉။ အမျိုးသမီးများ အပါအဝင် လူတိုင်း အသက် (၁၈) နှစ် ပြည့်ပြီးပါက စစ်မှု တစ်နှစ်ထမ်းရမည်။ | ________ |
| ၂၀။ လေထုညစ်ညမ်းစေသည့် ကုန်ပစ္စည်းများ ထုတ်လုပ်မှုတိုင်းကို လက်ငင်းစီးပွားရေးပြဿနာ မည်မျှရှိပါစေ ပိတ်ပင်သင့်သည်။ | ________ |

# အပိုင်း (၁) ပြန်လည်သုံးသပ်ခြင်း

**အပိုင်း (၁) စိတ်ကူးပုံဖော်ခြင်း**

ဤအပိုင်းတွင်လေ့လာမှတ်သားခဲ့သည်တို့ကိုအခြေခံလျက် ဖြည့်စွက်ပေးပါ။




**နားလည်မှုစစ်ဆေးခြင်း**

၁။ ‘ပဋိပက္ခ’ များသည် နိုင်ငံရေးတွင် မည်သည့် အခန်းကဏ္ဍမှ ပါဝင်လျက် ရှိသနည်း။

၂။ ‘ပူးပေါင်းဆောင်ရွက်ခြင်း’ သည် နိုင်ငံရေးတွင် မည်သည့် ကဏ္ဍမှပါဝင်လျက် ရှိသနည်း။

၃။ ‘သာတူညီမျှမှု’ ဆိုင်ရာ အခွင့်အရေးများကို ဖော်ပြ ပေးပါ။

၄။ ‘အနိမ့်ခံဘဝ လွတ်မြောက်ရေး ပံ့ပိုးမှု’ ဆိုသည်မှာ အဘယ်နည်း။

၅။ လစ်ဘာတေးရီးယန်း ဆိုသည်မှာ မည်သူတို့နည်း။ မည်သည်ကိုယုံကြည်ကြသနည်း။

၆။ ‘အထက်မှ အောက်’ သို့ စီးဆင်းသော အာဏာနှင့် ‘အောက်မှ အထက်’ သို့ စီးဆင်းသည့် အာဏာတို့အကြား မည်သို့ ကွဲပြား ခြားနား ကြသနည်း။ အဆိုပါ အာဏာတစ်ရပ်စီကို ဥပမာဖြင့် ဖော်ပြပေးပါ။

၇။ ‘မြင်သာသော အာဏာ’ နှင့် ‘ဖုံးကွယ်ကိန်းအောင်းသော အာဏာ’ တို့အကြား မည်သို့ ကွဲပြား ကြသနည်း။ ဥပမာပေး ဖြေဆိုပါ။

၈။ အာဏာနှင့် လုပ်ပိုင်ခွင့်အကြား မည်သို့ ခြားနား သနည်း။

၉။ တရားဝင်အသိအမှတ်ပြုမှု ဆိုသည်မှာ အဘယ်နည်း။

၁၀။ ဒီမိုကရေစီအရ တရားဝင်အသိအမှတ်ပြုမှုဆိုင်ရာ အရင်းအမြစ် (၄) ရပ်မှာ မည်သည်တို့ ဖြစ်သနည်း။

၁၁။ ‘ဝါဒ’ ဆိုသည်မှာ အဘယ်နည်း။

၁၂။ ‘လွတ်လပ်မှုဗဟိုပြု လစ်ဘရယ်ဝါဒ’ တွင် မည်သည့် လက္ခဏာရပ်များ ရှိသနည်း။

၁၃။ ‘ကွန်မြူနစ်ဝါဒ’ တွင် မည်သည့် လက္ခဏာရပ်များ ရှိသနည်း။

၁၄။ ‘လူမှုဘဝညီမျှမှုဗဟိုပြု ဆိုရှယ်လစ်ဝါဒ’ တွင် မည်သည့် လက္ခဏာရပ်များ ရှိသနည်း။

၁၅။ နိုင်ငံရေးသဘောထားတစ်ရပ်သည် ဝါဒတစ်ရပ်နှင့် မည်သို့ ခြားနားမှု ရှိသနည်း။

မှတ်စု



# အခန်း (၂) နိုင်ငံရေးအဆောက်အအုံ ယန္တရားများ (Institutions)

## အကြောင်းအရာများ

အပိုင်း (၂) တွင် နိုင်ငံရေးအဆောက်အအုံယန္တရား (အင်စတီကျူးရှင်း) များအကြောင်း ပိုမိုသိရှိစေမည်ဖြစ်ပြီး နိုင်ငံတော်၊ တိုင်းပြည်နှင့် အစိုးရတို့အကြောင်း အလေးပေးဖော်ပြထားပေသည်။ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အင်စတီကျူးရှင်းများ မည်သို့ ဖွဲ့တည်လျက်ရှိသည်ကိုပါ သိရှိစေမည်။ ထိုအင်စတီကျူးရှင်းများကို လှုပ်ရှားဆောင်ရွက်သူများနှင့် နိုင်ငံရေးအယူအဆများ ကျက်စားတည်ရှိရာ အခင်းအကျင်းအဖြစ် တင်ပြထားပြီး ၎င်းတို့နှင့် ဆက်နွယ်သော အငြင်းပွားဖွယ်ရာများကိုလည်း တင်ပြဆွေးနွေးထားသည်။



## သင်ကြားမှုဆိုင်ရာ ရည်မှန်းချက်များ

### ဗဟုသုတများ

(လေ့ကျင့်ခန်းများ)

**ဤအခန်းအပြီးတွင် အောက်ပါ ဗဟုသုတများ တိုးပွားလာမည် ဖြစ်သည်။**

- နိုင်ငံတော်၊ တိုင်းပြည်နှင့် တိုင်းရင်းသား လူမျိုးစုများ။
- လူမျိုးစုအခြေပြု အမျိုးသားရေး နှင့် နိုင်ငံသားအခြေပြု အမျိုးသားရေး။
- ပြည်သူ့ရေးရာ မူဝါဒနှင့် ဥပဒေများ။
- အာဏာခွဲဝေမှုနှင့် ထိန်းကျောင်းမှု၊
- အစိုးရ၏ မဏ္ဍိုင် (၃) ရပ်။
- တစ်ပြည်ထောင်နှင့် ပြည်ထောင်စု နိုင်ငံတော်များ၊
- ဖွဲ့စည်းပုံ အခြေခံဥပဒေ။
- လူများစု အုပ်ချုပ်ရေးနှင့် လူနည်းစု အခွင့်အရေးများ။
- ရွေးကောက်ပုံ စနစ်များ။

### ကျွမ်းကျင်မှုများ

(လုပ်ဆောင်ချက်များ)

**ဤအခန်းအပြီးတွင် အောက်ပါ စွမ်းရည်များ တိုးပွားလာမည် ဖြစ်သည်။**

- ဖြစ်စဉ်ပြဇယားကို အသုံးပြုပြီး မြန်မာ့နိုင်ငံရေးသမိုင်းကို သုံးသပ်ခြင်း။
- အမျိုးသားရေးကို ကဏ္ဍစုံမှ ကိုယ်တိုင် ခံစားသိမြင်လာစေရန် လေ့ကျင့်ခြင်း။
- နိုင်ငံရေး ဦးစားပေး အစီအစဉ်များအရ ဘတ်ဂျက် (လျာထားငွေ) တစ်ရပ် ပြုလုပ်ခြင်း။
- ပိရမစ်အသုံးပြုပြီး နိုင်ငံရေးအရ ဦးစားပေးမှုတို့ကို ဆွေးနွေးခြင်း။
- အချက်အလက် အမျိုးအစား စုံလင်စွာ အသုံးပြုပြီး နိုင်ငံရေး ဆိုင်ရာ ဆက်နွယ်ချက်ပြ ဇယားကို ဖြည့်စွက်ခြင်း။
- ပြည်ထောင်စုစနစ်အကြောင်း အကောင်း၊ အဆိုး သုံးသပ်ခြင်း။
- ဆုံးဖြတ်ချက် ချမှတ်ခြင်းဖြစ်စဉ် တစ်ရပ် လုပ်ဆောင်ခြင်း။
- ဖွဲ့စည်းပုံ အခြေခံဥပဒေပုံစံ တစ်ရပ် ရေးဆွဲချမှတ် သုံးသပ်ခြင်း။

### တန်ဖိုးများ

(ပြန်လည်သုံးသပ်ခြင်းများ)

**ဤအခန်းအပြီးတွင် အောက်ပါ တို့အား ပြန်လည်သုံးသပ်စေမည် ဖြစ်သည်။**

- နိုင်ငံတော်၏ အခန်းကဏ္ဍ၊
- အမျိုးသားရေးလက္ခဏာ၏ အရင်းအမြစ်များ။
- ကွဲပြားသည့် လူ့အဖွဲ့အစည်းများ အကြား ငြိမ်းချမ်းရေးနှင့် စည်းလုံးညီညွတ်မှုတို့ကို ဆောင်ကြဉ်းပေးမှု။
- သဘောထားကြီးမှုနှင့် မတူ ကွဲပြားမှုများ အပေါ် ကိုယ်ပိုင် အမြင်များ။
- လူ့အဖွဲ့အစည်းတွင်း မျှဝေသင့် သည့် အရေးပါဆုံးသော တန်ဖိုးများ။
- လူနည်းစုအခွင့်အရေး တို့အပေါ် အမြင်များ။
- ဆုံးဖြတ်ချက်များကို မျှမျှတတ ချမှတ်ရာတွင် တွေ့ကြုံရသော အတားအဆီးများ။

# အခန်း (၄) နိုင်ငံများနှင့် လူမျိုးများ (States and Nations)

**အကြိုသင်ခန်းစာ**

နိုင်ငံတော်ဆိုသည်မှာ အဘယ်နည်း။

## ၄.၁ နိုင်ငံများ (States)

### ၄.၁.၁ နိုင်ငံတော်

နိုင်ငံတော်တိုင်းတွင် အစိတ်အပိုင်း (၃) ရပ် ပါဝင်သည်။

၁။ ပြည်သူလူထု (နိုင်ငံတော်အတွင်းရှိ တရားဝင်နိုင်ငံသား အသိုင်းအဝိုင်းများ)

၂။ နိုင်ငံတော်၏ နယ်နမိတ် (ပြည်သူများ နေထိုင်လျက်ရှိသည့် နယ်မြေ)

၃။ နိုင်ငံရေးအဆောက်အအုံယန္တရားများ (ဆေးရုံများ၊ အစိုးရများနှင့် စစ်တပ် စသည့် ပြည်သူ့ဝန် ထမ်းလျက်ရှိသည့် အဖွဲ့အစည်းများ)

နိုင်ငံတော်များသည် နိုင်ငံသားများအတွက် 'လူမှုပဋိညာဉ်' တစ်ရပ်ကို ပေးစွမ်းကြသည်။ ထိုလူမှုပဋိညာဉ်တွင် နိုင်ငံသားများက လွတ်လပ်မှုအချို့တို့ကို စွန့်လွှတ်ပေးအပ်ခြင်း (နိုင်ငံ၏ ဥပဒေကို လိုက်နာခြင်း၊ အခွန်ပေးဆောင်ခြင်း စသည်) ဖြင့် အလဲအလှယ်သဘော အရ နိုင်ငံတော်၏ ကာကွယ်မှုကို ရရှိကြမည်။ ထိုအခြေအနေမျိုးသည် နိုင်ငံတော်နှင့် နိုင်ငံသားတို့အကြားတွင် တည်ရှိနေသည့် အခွင့်အရေးနှင့် တာဝန်ဟူသော ဆက်နွယ်ချက် ကို ဖော်ပြနေသည်။ ထိုလူမှုပဋိညာဉ်၏ အရေးပါဆုံးသော အစိတ်အပိုင်းမှာ အစိုးရများသည် ကာကွယ်မှုပေးရန် (သို့မဟုတ်) ပြည်သူ့လိုအပ်ချက်များ ပြည့်မီရန် ပျက်ကွက်ခဲ့သော် ထိုအစိုးရကို ပြည်သူများက အာဏာမှ ဖယ်ရှားနိုင်ကြခြင်း ဖြစ်သည်။



▲ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နယ်နမိတ်မျဉ်းပြ မြေပုံ

#### (က) ပြည်နယ်များနှင့် နိုင်ငံတော် (States vs the State)

(state) ဟူသော ဝေါဟာရသည် နိုင်ငံရေး အသိုင်းအဝိုင်းကြီးတစ်ရပ် (ဥပမာ – တိုင်းပြည်) တို့၏ အစိတ်အပိုင်းဖြစ်သည့် နယ်ပယ်ဒေသတစ်ခုကို ရည်ညွှန်းသည်။ ဥပမာဆိုရသော် မြန်မာနိုင်ငံတွင် ပြည်နယ်ပေါင်း (states) ၇ ခု ရှိပြီး အားလုံးမှာ ပြည်ထောင်စုမြန်မာနိုင်ငံ၏ အစိတ်အပိုင်းများ ဖြစ်ကြသည်။ နိုင်ငံရေးပညာရှင်များအနေဖြင့် 'state' ဟူသည့် ဝေါဟာရကို သုံးနှုန်းသည့် အခါတွင်မူ ထို့ထက် ကြီးမားကျယ်ပြန့်သည့် နိုင်ငံရေးအသိုင်းအဝိုင်းကြီးများ (တိုင်းပြည် သို့မဟုတ် ပြည်ထောင်စု) တို့ကို ရည်ညွှန်းသုံးနှုန်းကြသည်။

#### (ခ) နိုင်ငံတော်များနှင့် အစိုးရများ (States and Governments)

အစိုးရ (government) ဟူသည့် ဝေါဟာရသည် နိုင်ငံတော်ကို ဦးဆောင် စီမံခန့်ခွဲနေသည့် လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများ၊ စနစ်များစသည့် နိုင်ငံရေးအဆောက်အအုံယန္တရား (အင်စတီကျူးရှင်း) များကို ဆိုလိုခြင်း ဖြစ်သည်။ အစိုးရများသည် နိုင်ငံတော်အဆင့် အင်စတီကျူးရှင်းများကို စီမံကိုင်တွယ်နိုင်ရန်အတွက် ဥပဒေများနှင့် မူဝါဒများကို ရေးဆွဲရသည်။ ထိုဥပဒေများ၊ စီမံကိန်းများ သက်ရောက်စေရန်လည်း လုပ်ဆောင်ကြရသည်။

ဒီမိုကရေစီစနစ်တွင် နိုင်ငံရေးပါတီများအနေဖြင့် အာဏာရ ပါတီဖြစ်အောင် ယှဉ်ပြိုင်ကြိုးပမ်းကြရသည်။ အစိုးရအသစ်တစ်ရပ်အဖြစ် အာဏာရရှိလာသည့်အခါတွင် အင်စတီကျူးရှင်းများကို ယာယီအားဖြင့် စီမံကိုင်တွယ်ရသည်။ သို့ရာတွင် ရဲ၊ အခွန်နှင့် ပညာရေးစနစ်ကဲ့သို့သော အင်စတီကျူးရှင်းများမှာမူ အစိုးရအပြောင်းအလဲနှင့် မသက်ဆိုင်။ မည်သည့် အာဏာရပါတီ၏ လက်ထက်တွင်ဖြစ်စေ အထက်ပါအင်စတီကျူးရှင်းတို့မှာ နိုင်ငံတော်၏ အစိတ်အပိုင်းတစ်ရပ် အနေဖြင့်သာ ရေရှည်ရပ်တည်လျက် ရှိကြသည်။

## (ဂ) နိုင်ငံတော်တစ်ရပ်၏ လုပ်ငန်းဆောင်တာများ (Functions of the State)

၁။ နိုင်ငံတော်သည် ဥပဒေများကို ရေးဆွဲသည်၊ သက်ရောက်စေသည်။

၂။ နိုင်ငံတော်သည် နိုင်ငံသားတို့၏ လိုအပ်ချက်များနှင့် ပြည့်မီအောင် စီမံကိန်းများကို ရေးဆွဲသည်၊ အကောင်အထည် ဖော်သည်။

၃။ နိုင်ငံတော်သည် နိုင်ငံသားများထံသို့ အရင်းအမြစ်များနှင့် အခွင့်အလမ်းများ ဖြန့်ဝေပေးသည်။

၄။ နိုင်ငံတော်သည် လူ့အဖွဲ့အစည်းအတွင်းရှိ ပဋိပက္ခများကို ဖြေရှင်းပေးရန် တာဝန်ရှိသည်။

၅။ နိုင်ငံတော်သည် အခြားနိုင်ငံများနှင့် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးဆိုင်ရာ ဆက်ဆံမှုများကို တာဝန်ယူရသည်။

၆။ နိုင်ငံတော်သည် တည်ငြိမ်မှုနှင့် လုံခြုံမှုတို့အတွက် ထိန်းသိမ်းပေးရန် တာဝန်ရှိသည်။

▼ ရဲတပ်ဖွဲ့နှင့် စစ်တပ်တို့သည် နိုင်ငံတော်၏ လုံခြုံရေးကို ထိန်းသိမ်းတာဝန်ယူပေးရသည့် နိုင်ငံရေးအဆောက်အအုံယန္တရား (အင်စတီကျူးရှင်း) များ ဖြစ်ကြသည်။



## လုပ်ငန်းများ

တစ်ဖက်ပါစာကြောင်းများကို အထက်တွင် ဖော်ပြထားသည့်နိုင်ငံတော်၏ လုပ်ငန်းဆောင်တာ (၆) ရပ်နှင့် တွဲစပ်ပေးပါ။

က။ အရက်ရောင်းချသည့် စားသောက်ဆိုင်တိုင်းကို နံနက် ၂ နာရီကျော်ပါက ရဲများက ပိတ်သိမ်းစေသည်။

ခ။ အိမ်နီးချင်းတိုင်းပြည်တစ်ပြည်နှင့် ကုန်သွယ်ရေး သဘောတူညီချက်တစ်ရပ် ချုပ်ဆိုနိုင်ခဲ့သည်။

ဂ။ အသက် ၇၀ ကျော်သူ မည်သူမဆို အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ခံစားရရှိစေမည့် ပေါ်လစီတစ်ရပ်ကို အစိုးရက ချမှတ်ခဲ့သည်။

ဃ။ လူမျိုးရေးခွဲခြားသော အကြမ်းဖက် အဖွဲ့တစ်ဖွဲ့ မြို့တော်အနှံ့ ချီတက် ဆန္ဒပြခြင်းကို ရဲတပ်ဖွဲ့က ထိန်းသိမ်းခဲ့သည်။

င။ အိမ်နီးနားချင်း အချင်းချင်း အငြင်းပွားမှုကို တရားရုံးက ငြိမ်သက်စေခဲ့သည်။

စ။ သဘာဝအရင်းအမြစ်မှ ရရှိသည့် ဘဏ္ဍာတို့ကို စာသင်ကျောင်းများနှင့် ဆေးရုံများတွင် ရင်းနှီး အသုံးပြုသည်။

## ပြန်လည်သုံးသပ်ချက်

နိုင်ငံတော်၏ အရေးအပါဆုံးသော တာဝန်မှာ အဘယ်နည်း။ အဖွဲ့များ ဖွဲ့ပေးပြီး အောက်ပါတို့ကို အရေးပါမှုအလိုက် စီစဉ်သတ်မှတ်ပေးပါ။ အခြားသော အဖွဲ့များနှင့် ပူးပေါင်းပြီး အားလုံးသဘောတူမည့် စာရင်းတစ်ရပ်ကို ဆုံးဖြတ်ပေးပါ။ ထို့နောက် တစ်တန်းလုံး သဘောတူညီမည့် စာရင်းတစ်ရပ် ရရှိသည် အထိ ပြုစုပေးပါ။

| | |
|---|---|
| လူမှုဖူလုံရေး | ဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး |
| အမျိုးသားလုံခြုံရေး | လူ့အခွင့်အရေးများ |
| တရားရှိ လူနေမှု | ဖွံ့ဖြိုးတိုးတက်မှု |

## အကြံပြုသင်ခန်းစာ

'နိုင်ငံတော်' နှင့် အခြားနိုင်ငံရေးဆိုင်ရာ အသိုင်းအဝိုင်းတို့မှာ မည်သည့် အကြောင်းရပ်တို့ကြောင့် ကွဲပြားရသနည်း။

## ၄.၁.၂ နိုင်ငံတော်တစ်ရပ်၏ အရေးပါသော လက္ခဏာရပ်များ

### (က) နိုင်ငံတော်တွင် အချုပ်အခြာအာဏာရှိသည်

အချုပ်အခြာအာဏာ ဆိုသည်မှာ ပိုင်နက်ဧရိယာတစ်ခုအတွင်း အခြားသောနိုင်ငံများ၊ နိုင်ငံရေးအဖွဲ့အစည်းများ၏ ဝင်ရောက်စွက်ဖက်ခွင့် မရှိဘဲ ကိုယ်ပိုင်ပြဌာန်း ဆုံးဖြတ်ပိုင်ခွင့်ကို ဆိုလိုပါသည်။ အချုပ်အခြာအာဏာသည် 'တရားဝင်အသိအမှတ်ပြုမှု' (legitimacy) ဟူသည့် အယူအဆနှင့် ဆက်နွယ်နေသည်။ အချုပ်အခြာအာဏာရှိခြင်းသည် နယ်မြေပိုင်နက် တစ်ရပ်အတွင်းတွင် အသိအမှတ်ပြုခံရသည့် (နာခံရမည့်) တစ်ဦးတည်းသော အာဏာပိုင် ဖြစ်သည်ဟုလည်း အနက်အဓိပ္ပာယ်ရသည်။

'တရားဝင်အသိအမှတ်ပြုမှု' အရ ပေါ်ပေါက်လာသော နိုင်ငံတော်များသည် သက်ဆိုင်ရာ နယ်မြေပိုင်နက်၏ အဆင့်မြင့်ဆုံးသော အာဏာပိုင်များ ဖြစ်ကြပြီး အချုပ်အခြာအာဏာ ပိုင်စိုးသည်။ ဥပမာဆိုရသော် ထိုနယ်မြေပိုင်နက်အတွက် ဥပဒေပြုခြင်း၊ အရင်းအမြစ်များ ဝေမျှခြင်းနှင့် ပဋိပက္ခများ ငြိမ်သက်စေရေးတို့ကို နိုင်ငံတော်တစ်ခုတည်းသာလျှင် ဆောင်ရွက်ခွင့်ရှိသည်။ အချုပ်အခြာအာဏာရှိသည့် နိုင်ငံတော်များသာလျှင် သက်ဆိုင်ရာ နယ်မြေပိုင်နက်နှင့် ထိုနယ်မြေအတွင်း နေထိုင်လျက်ရှိကြသည့် ပြည်သူများကို ထိန်းချုပ်နိုင်ခွင့် ရှိသူများ ဖြစ်ကြသည်။ ထိုနယ်မြေဒေသ၏ အတွင်းရှိ သို့မဟုတ် ပြင်ပရှိ မည်သို့သော အဖွဲ့ကမျှ ထိုနယ်မြေ၏ မည်သည့် အစိတ်အပိုင်းကိုမျှ မထိပါးနိုင်ချေ။ (နယ်မြေဒေသအတွင်းရှိ အဖွဲ့များဆိုသည်မှာ ရာဇဝတ်ဂိုဏ်းကဲ့သို့သော အဖွဲ့များဖြစ်ပြီး၊ ပြင်ပရှိ အဖွဲ့များတွင်မူ အခြားသောနိုင်ငံများ အကြုံးဝင်သည်။)



▲ မြန်မာနိုင်ငံ နိုင်ငံတော်တံဆိပ်

## (ခ) နိုင်ငံတော်သည် နယ်မြေပိုင်နက်တစ်ရပ်တွင် တရားဝင် အင်အားသုံးခြင်း (Legitimate Violence) ကို တစ်ဦးတည်း ချုပ်ကိုင်ထားသည်

ဂျာမန်လူမှုဗေဒပညာရှင် မက်ခ်စ်ဗေဗါ (Max Weber) ဖွင့်ဆိုခဲ့သည့် 'နိုင်ငံတော်သည် သက်ဆိုင်ရာ နယ်မြေပိုင်နက်အတွင်းတွင် ရုပ်ပိုင်းအရ အင်အားသုံးခြင်းကို တရားဝင် အသုံးပြုနိုင်ခွင့် (အောင်မြင်မှု ရှိရှိ) ရရှိပိုင်စိုးထားသည့် အသိုင်းအဝိုင်း ဖြစ်သည်' ဟူသော အဆိုသည် လူသိများသည့် ဖွင့်ဆိုချက်တစ်ရပ်လည်း ဖြစ်သည်။ ထိုဖွင့်ဆိုချက်အရ နိုင်ငံတော်သည် (ပြည်သူများကိုယ်တိုင်) အသိအမှတ်ပြုထားပြီး နယ်မြေအတွင်းရှိ ပြည်သူများကို ထိန်းချုပ်ရန်အတွက် အင်အားအသုံးပြုနိုင်သည့် တစ်ဦးတည်းသော အဖွဲ့ဖြစ်သည်ဟု အနက်ရပေသည်။ 'တရားဝင်အသိအမှတ်ပြုမှု' ရှိသည့် နိုင်ငံတော်၏ အကျပ်ကိုင်မှု (legitimate state coercion) သည် လူမှုပဋိညာဉ်ကို အခြေခံထားသည်။ ထိုအကျပ်ကိုင်ခြင်း တရားဝင်ရသည်မှာ နိုင်ငံတော်များအနေဖြင့် ပြည်သူ့အကျိုး ရှေးရှုလျက် အသုံးပြုရန် တာဝန်ရှိသည် ဖြစ်သောကြောင့်ဖြစ်သည်။

သို့ရာတွင် နိုင်ငံတော်များမှ တရားဝင်အသိအမှတ်ပြုမှုကို ဆုံးရှုံးရသည့်အခါ (သို့မဟုတ်) လူမှုပဋိညာဉ်ကို ဖောက်ဖျက်သည့်အခါတွင် နိုင်ငံတော်တို့၏ အင်အားသုံးခြင်းဆိုင်ရာ တစ်ဦးတည်းချုပ်ကိုင်ထားမှုကို အောင်မြင်မှုရှိရှိ တောင်းဆိုရယူနိုင်မည် မဟုတ်တော့ချေ။

## (ဂ) နိုင်ငံတော်သည် နိုင်ငံရေးအဆောက်အအုံယန္တရား (အင်စတီကျူးရှင်း) များ ပေါင်းစုထားခြင်း ဖြစ်သည်

နိုင်ငံတော်များသည် ပြည်သူအများကို အကာအကွယ် ပြုပေးရန်၊ အပြစ်ပေးရန် တို့အတွက် အင်အားသုံးခြင်းကိုသာ လုပ်ဆောင်ကြရသည်မဟုတ်။ အစိုးရမူဝါဒများ ချမှတ်လုပ်ဆောင်ရန် အတွက်လည်း တာဝန်ရှိသည်။ ထိုသို့ ဆောင်ရွက်နိုင်ရန် အတွက်လည်း အင်စတီကျူးရှင်းများဖြင့် ပေါင်းစု ဖွဲ့စည်းထားသည်။ ထို့ပြင်သာမက တိုင်းပြည်၏ သယ်ယူပို့ဆောင်ရေး၊ လူမှုရေးနှင့် စက်မှုလုပ်ငန်းဆိုင်ရာ အခြေခံ အဆောက်အအုံများသည်လည်း နိုင်ငံတော်အတွင်း ပါဝင်လျက်ရှိသည်။ ထိုအခြေခံအဆောက်အအုံတို့ကို တည်ဆောက်ပေးရန်၊ ကိုင်တွယ်ပေးရန်နှင့် ထိန်းသိမ်းပေးရန်တို့မှာ ဝန်ထမ်းပေါင်း ထောင်နှင့်ချီ၍ လိုအပ်ပေမည်။ ထိုဝန်ဆောင်မှုများကို အောင်အောင်မြင်မြင် ပေးစွမ်းစေနိုင်ရန်အတွက်လည်း ဝန်ကြီးရုံးနှင့် ဌာနများကို နိုင်ငံတော်များမှ ဖြည့်စွမ်းတည်ဆောက်ပေးရသည်။

### ဆွေးနွေးချက်

၁။ မိမိတို့တိုင်းပြည်ရှိ မည်သည့် အဖွဲ့များက နယ်မြေနှင့် ပြည်သူများအပေါ်ထိန်းချုပ်ထားကြသနည်း။ ထိုအဖွဲ့များအနေဖြင့် အချုပ်အခြာ အာဏာ ရှိကြပါသလား။ အဘယ်ကြောင့်နည်း။

၂။ မက်ခ်စ် ဗေဗါ၏ 'နိုင်ငံတော်' ဆိုင်ရာ အဓိပ္ပာယ် ဖွင့်ဆိုချက်ကို လက်ခံ သဘောတူပါသလား။ အဘယ်ကြောင့်နည်း။

၃။ မိမိတို့၏ တိုင်းပြည်တွင် မည်သည့် အဖွဲ့များက အင်အားသုံးခြင်းတို့ကို ကျင့်သုံးကြသနည်း။

၄။ ထိုသို့ ကျင့်သုံးသည့် အဖွဲ့များအနက် မည်သူတို့က အင်အားသုံးခြင်းကို တရားဝင်အသိအမှတ်ပြုမှုဖြင့် အသုံးပြုသနည်း။ မည်သည့် အစုအဖွဲ့များက တရားဝင် အသိအမှတ်ပြုမှုမရှိဘဲ ကျင့်သုံးသနည်း။

၅။ နိုင်ငံတော်၏ အရေးပါဆုံးသော အခန်းကဏ္ဍမှာ အဘယ်နည်း။ အဘယ်ကြောင့်နည်း။

**လေ့ကျင့်ခန်း**

အောက်ပါ အင်စတီကျူးရှင်းများစာရင်းကို သင်ခန်းစာ (၄.၁.၂) ပါ အကြောင်းအရာများကို အခြေခံပြီး ဖော်ပြပါ ဇယား၏ သင့်လျော်သော နေရာတွင် ဖြည့်စွက်ပေးပါ။

- အစိုးရ၊
- ရဲ၊
- ဆေးရုံများ၊
- စစ်တပ်၊
- စာကြည့်တိုက်များ၊
- တရားရုံးများ၊
- ကျောင်းများနှင့် တက္ကသိုလ်များ၊

| နိုင်ငံတော်၏ လက္ခဏာရပ်များ | သက်ဆိုင်ရာ အဖွဲ့အစည်းများ |
|---|---|
| အချုပ်အခြာအာဏာ (ဆုံးဖြတ်ချက် ချမှတ်ခြင်းများ) | |
| တရားဝင် အင်အားသုံးခြင်းကို တစ်ဦးတည်း ချုပ်ကိုင်ထားခြင်း (monopoly of legitimate violence) (အင်အားသုံးမှုများ) | |
| နိုင်ငံရေးအဆောက်အအုံယန္တရား (အင်စတီကျူးရှင်း) များ အပေါင်းအစု (ဝန်ဆောင်မှုများ ပေးစွမ်းခြင်း) | |

**အကြိုသင်ခန်းစာ**

မင်းမဲ့ဝါဒ (anarchism) ဆိုသည်မှာ အဘယ်နည်း။

## ၄.၁.၃ မင်းမဲ့ဝါဒ (Anarchism)၊ နိုင်ငံတော်ဟူ၍ လိုအပ်သလော

မင်းမဲ့ဝါဒ (anarchism) ဟူသည် နိုင်ငံတော်ရှိခြင်းကို ဆန့်ကျင်သည့် ဝါဒတစ်ရပ် ဖြစ်သည်။ မင်းမဲ့ဝါဒီသမား အများစုက လူ့သဘာဝအပေါ် အကောင်းဘက်က ရှုမြင်ကြသည်။ ထိုသူတို့အမြင်တွင် လူအများအနေဖြင့် ပူးပေါင်းဆောင်ရွက်ကြခြင်း၊ တစ်ဦးပေါ် တစ်ဦး ရိုင်းပင်းကူညီခြင်းတို့သည် သဘာဝပင်လျှင်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံရေးနှင့် လူမှုရေးဆိုင်ရာ ပြဿနာရပ်များ ဖြစ်ရခြင်းမှာ အစိုးရအာဏာနှင့် အရင်းရှင်စနစ်တို့ကြောင့် ဖြစ်ရသည်ဟုလည်း ဝေဖန်ထားကြသည်။ ခေတ်ဟောင်း ဆိုရှယ်လစ်သမားများ ကဲ့သို့ပင်လျှင် မင်းမဲ့ဝါဒီတို့သည် ကုန်ထုတ်စွမ်းအားစုမှန်သမျှကို လူတိုင်း ပိုင်ဆိုင်နိုင်ကြပြီး၊ ဆုံးဖြတ်ချက်တိုင်းကို ပြည်သူများက တိုက်ရိုက်ပြုလုပ်သင့်ကြောင်း ခံယူထားသည်။ 'နိုင်ငံတော်' များအစား အဖွဲ့ငယ်လေးများ တည်ရှိခြင်းက ထိရောက်မှုရှိရှိ စီမံဆုံးဖြတ်စေမည် ဖြစ်သည်ဟုလည်း မင်းမဲ့ဝါဒီများက အကြံပြုထားကြသည်။ ထိုသို့သော အုပ်စုငယ်လေးများတွင် ဆုံးဖြတ်ချက် ချမှတ်မှုတိုင်းအတွက် လူတိုင်း ညီညီမျှမျှ ပါဝင်နိုင်ကြပြီး ဒီမိုကရေစီအရသာကို ပိုမိုခံစားနိုင်မည်ဟုလည်း ယူဆထားကြသည်။ ထိုနိုင်ငံရေးစနစ်မျိုးကို 'တိုက်ရိုက် ဒီမိုကရေစီ' (direct democracy) ဟုလည်း ခေါ်ဆိုပေသည်။

နိုင်ငံတော်အာဏာတိုင်း၊ အစိုးရတိုင်းသည် ပြည်သူတို့၏ အဝေးတစ်နေရာ၊ ပြည်သူတို့၏အထက်တွင်သာ ရှိပေလိမ့်မည်။ နိုင်ငံတော်၏ ပန်းတိုင်များနှင့် လိုအင်တို့မှာ ပြည်သူတို့၏ ပန်းတိုင်များ၊ လိုအင်များနှင့် တစ်ထပ်တည်း မကျနိုင်ကြ။ ထို့ကြောင့် အစိုးရများသည် ပြည်သူတို့ကို အစဉ်အမြဲ လွှမ်းမိုးကြ၊ ခေါင်းပုံဖြတ်ကြလိမ့်မည်သာဖြစ်သည်။

မီခိန်းဘာကူနင် (မင်းမဲ့ဝါဒီတွေးခေါ်ပညာရှင်)



## ဆွေးနွေးချက်

၁။ နိုင်ငံတော်ဟူ၍ မရှိပါက လူ့အဖွဲ့အစည်းသည် မည်သို့ဖြစ်မည်နည်း။

၂။ ဤသင်ခန်းစာကို လေ့လာ ဖတ်ရှုပြီးနောက် 'မင်းမဲ့ဝါဒ' ဟူသည့် အမြင်ကို လက်ခံသဘောတူမိပါသလား။ အဘယ်ကြောင့်နည်း။

၃။ ဘာကူနင်၏ အဆိုကို လက်ခံပါသလား။ အဘယ်ကြောင့်နည်း။

## လုပ်ငန်းများ

အုပ်စုများ ဖွဲ့ပေးပြီး စက်ဝိုင်းဇယား (Venn diagram) တစ်ခု ပြုလုပ်ပေးပါ။ ထိုစက်ဝိုင်းဇယား၏ စက်ဝိုင်းတစ်ဘက်အတွင်းတွင် ပြည်သူတို့၏ လိုအပ်ချက်များ ဖြည့်စွက်ပြီး အခြားစက်ဝိုင်းတစ်ဘက်တွင် နိုင်ငံတော်၏ လိုအပ်ချက်များကို ဖြည့်စွက်ပေးပါ။ ထို့နောက် ပြည်သူတို့နှင့် နိုင်ငံတော်တို့၏ ပန်းတိုင်များ အတွက် နောက်ထပ် စက်ဝိုင်းဇယားတစ်ခု ထပ်မံ ပြုလုပ်ပေးပါ။

အကြိုသင်ခန်းစာ

လူမျိုးတစ်ခု ဆိုသည်မှာ အဘယ်နည်း။

# ၄.၂ လူမျိုးနှင့် အမျိုးသားရေးဝါဒ (Nations and Nationalism)

## ၄.၂.၁ လူမျိုးများ (Nations)

လူမျိုး (nation) တစ်ရပ်သည် တူညီသည့် ယဉ်ကျေးမှု၊ ဘာသာစကား၊ သမိုင်းနောက်ခံတို့ မျှဝေ ကျင့်သုံးသော အသိုင်းအဝိုင်းကို ကိုယ်စားပြုသည်။ ထိုနည်းအရ လူမျိုးဆိုသည်မှာ အမျိုးသားအစုအဖွဲ့တစ်ရပ်ကဲ့သို့ လူမျိုးစုတစ်စုနှင့် သဏ္ဌာန်တူပေသည်။ သို့ရာတွင် ထိုအမျိုးသားလူမျိုးတစ်ရပ်သည် အတူတကွ ရပ်တည်ရှင်သန်လျက်ရှိသည့် လူမှု အသိုင်းအဝိုင်းကိုသာ ရည်ညွှန်းပြီး လူမျိုးစုတို့မှာမူ ကမ္ဘာအနှံ့ ပျံ့နှံ့နေနိုင်သည်။ ထို့ပြင်သာမက 'လူမျိုးများ' (nations) တို့သည် နိုင်ငံရေး ပန်းတိုင်များနှင့် အကျိုးစီးပွားများတို့ကိုလည်း မျှဝေထားကြသည်။ ထိုပန်းတိုင်တို့အနက်မှ အချုပ်အခြာအာဏာ ပိုင်စိုးမှုဟူသော ရည်မှန်းချက်မှာ အရေးပါဆုံးသော ပန်းတိုင်တစ်ရပ်ပင်ဖြစ်သည်။

လူမျိုးစုများသည် နိုင်ငံရေးနှင့် မသက်ဆိုင်သည့် အသိုင်းအဝိုင်းများအဖြစ် တည်ရှိနေနိုင်သည်။ ဥပမာဆိုရသော် နယူးယောက်သို့ ပြောင်းရွှေ့နေထိုင်သည့် မုံ (Hmong) မျိုးနွယ် မိသားစုတစ်စုနှင့် ထိုင်းနိုင်ငံရှိ မုံ (Hmong) အသိုင်းအဝိုင်းအခြေပြု အဖွဲ့အစည်း တစ်ရပ်တို့သည် တူညီသည့် နိုင်ငံရေးပန်းတိုင်များနှင့် အကျိုးစီးပွားများတို့ မျှဝေကြသည့် တိုင်အောင် တူညီသော လူမျိုးစုတစ်စု၏ အစိတ်အပိုင်းများအနေဖြင့် တည်ရှိနေနိုင်သည်။ အမေရိကတွင် ရွှေ့ပြောင်းနေထိုင်သူတို့အပေါ် သက်ရောက်စေမည့် ဥပဒေတစ်ခု ထုတ်ပြန်သည့် အခါမျိုး၌ ထိုမိသားစုအပေါ်တွင်သာ အကျိုးသက်ရောက်မည် ဖြစ်ပြီး ထိုင်းနိုင်ငံရှိ Hmong အသိုင်းအဝိုင်းအခြေပြု အဖွဲ့အစည်းအပေါ်တွင် သက်ရောက်လိမ့်မည် မဟုတ်ချေ။ ထို့အပြင် Hmong အသိုင်းအဝိုင်းအခြေပြု အဖွဲ့အစည်းသည် မိမိတို့၏ ဘာသာစကားကို ထိုင်းနိုင်ငံ၏ တရားဝင်ဘာသာစကားအဖြစ် အသိအမှတ်ပြုခံရစေရန် ရည်မှန်းချက် ထားရှိနိုင်သော်လည်း နယူးယောက်ရှိ မိသားစုအတွက်မူ ထိုရည်မှန်းချက်နှင့် မသက်ဆိုင်နိုင်ချေ။

ထို့အပြင် လူမျိုးတစ်ရပ်တွင် လူမျိုးစုအများအပြား ပါဝင်နိုင်သည်။ ဥပမာဆိုရသော် ရာနှင့်ချီရှိသည့် မတူညီသည့် လူမျိုးစုများ အိန္ဒိယနိုင်ငံတွင် နေထိုင်လျက်ရှိသည်။ ထိုလူမျိုးစု အားလုံးတို့ကို အိန္ဒိယလူမျိုး အမျိုးသားထု၏ အစိတ်အပိုင်းအနေဖြင့် သတ်မှတ်နိုင်သည်။ မည်မျှ မတူကွဲပြားကြပါစေ လူမျိုးစုအားလုံးတို့သည် မိမိတို့ သက်ဆိုင်ပါဝင်လျက်ရှိသည့် အမျိုးသားရပ်ကြီး၏ အောင်မြင်မှုများ (သို့မဟုတ် ပြဿနာများ) ကို သက်ရောက်ခံစား ကြရသည်။ ထို့ကြောင့် အိန္ဒိယနိုင်ငံသားများက မိမိတို့၏ အမျိုးသားထုကြီးကို ကြွယ်ဝစေလို၊ အောင်မြင်စေလို၊ အာဏာကြီးထွားလာစေလိုကြသည်။ ထိုပန်းတိုင်များကို ၎င်းတို့အနေဖြင့် လူမျိုးတစ်ရပ်လုံး၏ ပန်းတိုင်အဖြစ် တူညီစွာ လက်ခံကြလိမ့်မည်။ အကြောင်းမှာ ထိုပန်းတိုင်များသည် ၎င်းတို့နိုင်ငံသားအားလုံး၏ဖွံ့ဖြိုးတိုးတက်ရေး၊ လူနေမှုအဆင့်အတန်း မြင့်မားရေးနှင့် လုံခြုံမှုရှိရေးဆီသို့ ဦးတည်နေသောကြောင့်ဖြစ်သည်။



▲ တောင်အာဖရိကနိုင်ငံကဲ့သို့ မတူညီသော လူမျိုးစုများစွာ စုပေါင်းနေထိုင်သော နိုင်ငံကို လူမျိုးစုံနိုင်ငံများ (rainbow nations) ဟု ခေါ်ဆိုနိုင်သည်။

| | လူမျိုးစု (Ethnic Group) | လူမျိုး (Nation) |
|---|---|---|
| ယဉ်ကျေးမှု၊ ဘာသာစကားနှင့် သမိုင်းတို့ကို မျှဝေခြင်း ရှိ/ မရှိ | | |
| နိုင်ငံရေးဆိုင်ရာ ပန်းတိုင်များနှင့် အကျိုးတရားတို့ကို မျှဝေခြင်း ရှိ/ မရှိ | | |

## လေ့ကျင့်ခန်း

အောက်ပါစကားစုတို့ကို အသုံးပြုလျက် ဇယားကို ဖြည့်စွက်ပေးပါ။

- 'အမြဲတမ်း'
- 'အမြဲတမ်း မဟုတ်'

## ဆွေးနွေးချက်

၁။ မိမိ၏ လူမျိုးစု (များ) အကြောင်း သုံးသပ်ပေးပါ။ ထိုအုပ်စုများအနေဖြင့် မည်သို့သော နိုင်ငံရေးဆိုင်ရာ ပန်းတိုင်များနှင့် အကျိုးတရားတို့ကို မျှဝေကြသနည်း။

၂။ မိမိတို့တိုင်းပြည်ရှိ မတူညီသည့် လူမျိုးစုများအနက်မှ အချို့တို့အကြောင်း သုံးသပ်ပေးပါ။ ထိုအုပ်စုတို့သည် လူမျိုးစုမျှသာလော၊ သို့မဟုတ် လူမျိုးတစ်ရပ်ပေလော။ အဘယ်ကြောင့်နည်း။

## ၄.၂.၂ လူမျိုးစုဆိုင်ရာ လက္ခဏာနှင့် နိုင်ငံသားဆိုင်ရာ လက္ခဏာ

## အကြံပြုသင်ခန်းစာ

မိမိ၏ လူမျိုးစုဖြစ်ခြင်းနှင့် နိုင်ငံသားဖြစ်ခြင်းတို့အနက် မည်သည်က ပိုမိုအရေးပါသနည်း။

နိုင်ငံသားများအနေဖြင့် မိမိကိုယ်ကို လူမျိုးတစ်ရပ်တွင် ပါဝင်လျက်ရှိကြောင်း လက်ခံရှုမြင်ပုံကို အမျိုးသားရေးလက္ခဏာရပ် (national identity) ဟု ခေါ်ဝေါ်သတ်မှတ်သည်။ အမျိုးသားရေးလက္ခဏာရပ်တွင် လူမျိုးစုဆိုင်ရာ လက္ခဏာရပ် (ethnic identity) နှင့် နိုင်ငံသားဆိုင်ရာ လက္ခဏာရပ် (civic identity) ဟူ၍ အပိုင်း (၂) ပိုင်း ပါရှိလေ့ရှိသည်။ လူမျိုးစုဆိုင်ရာ လက္ခဏာရပ်သည် လူမျိုးစုတစ်စုနှင့် သက်ဆိုင်ပါဝင်မှုရှိခြင်းဟူသည့် ခံစားချက်ကို အခြေခံသည်။ နိုင်ငံသားဆိုင်ရာ လက္ခဏာရပ်မှာ နိုင်ငံတော်တစ်နိုင်ငံ၏ နိုင်ငံသားဖြစ်ခြင်းနှင့် ဆက်နွယ်နေသည်။ နိုင်ငံသားအသီးသီးတွင် လူမျိုးစုနှင့် နိုင်ငံသားဆိုင်ရာ လက္ခဏာရပ်တို့ကြား ပေါင်းစပ်ခံယူမှုပုံစံသည် အမျိုးမျိုးကွဲပြားကြသည့်အလျောက် လူမှုအသိုင်းအဝိုင်း အချို့တွင် လူမျိုးစုဆိုင်ရာ လက္ခဏာရပ်ကို ပိုမိုတန်ဖိုးထားကြပြီး အချို့တို့မှာမူ နိုင်ငံသားဆိုင်ရာ လက္ခဏာရပ်ကို ပိုမိုတန်ဖိုးထားတတ်ကြသည်။

### (က) လူမျိုးစုဆိုင်ရာ လက္ခဏာ

လူမျိုးစုဆိုင်ရာ လက္ခဏာသည် မိမိတို့ မွေးဖွားကြီးပြင်းရာ လူမျိုးစု အသိုင်းအဝိုင်းအပေါ်တွင် အခြေခံသည်။ လူမှုအသိုင်းအဝိုင်း၏ ရိုးရာဓလေ့၊ ယဉ်ကျေးမှုနှင့် ဘာသာတရားတို့သည် ထိုအသိုင်းအဝိုင်းအတွင်း မွေးဖွားကြီးပြင်းခဲ့သူတို့အပေါ်တွင် လွှမ်းမိုးလျက်ရှိသည်။ ထိုလွှမ်းမိုးမှုတို့က စိတ်ခံစားမှုကို အရင်းတည်သည့် ဆက်နွယ်မှုများကို ဖြစ်ပေါ်လာစေပြီး စည်းလုံးမှုနှင့် သစ္စာရှိမှုစသော ခံစားချက်တို့ကိုပါ အသိုင်းအဝိုင်းအတွင်း ပေါ်ပေါက်လာစေသည်။ သို့ရာတွင်လည်း လူမျိုးစုဆိုင်ရာ လက္ခဏာရပ်များသည် မတူညီသည့် လူမျိုးစုများအကြား 'သူတို့' နှင့် 'ကျုပ်တို့' ဟူသော ခံစားချက် (us and them) ကိုလည်း ဖြစ်ပေါ်တတ်စေသေးသည်။ အထူးသဖြင့် ကိုယ်ပိုင် ဆုံးဖြတ်ချက် ချနိုင်ခွင့်ကဲ့သို့ တောင်းဆိုမှုများ ပေါ်ပေါက်လာသည့်အခါတွင် ထိုခံစားချက်များက ဖုန်ဖြေရန် ခက်ခဲလှသည့် လူမျိုးရေး ပဋိပက္ခများကို ပေါ်ပေါက်လာစေနိုင်သည်။



▲ မွန်ကလေးငယ်များ။ လူမျိုးစုအသီးသီးသည် ကိုယ်ပိုင် ဘာသာစကားနှင့် ရိုးရာ ဆင်ယင်ထုံးဖွဲ့မှုများ ပိုင်ဆိုင် ကျင့်သုံးကြသည်။

### (ခ) နိုင်ငံသားဆိုင်ရာ လက္ခဏာ

နိုင်ငံသားဆိုင်ရာ လက္ခဏာသည် နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံသားဖြစ်ခြင်းကို အကြောင်းပြု၍ ရရှိလာသည့် လက္ခဏာရပ်ဖြစ်သည်။ ထိုလက္ခဏာတို့သည် လူမျိုးစုတစ်စုစု၏ ယဉ်ကျေးမှု (သို့) တန်ဖိုးများကို အခြေခံလေ့မရှိကြ၊ နိုင်ငံသားဆိုင်ရာ အခွင့်အရေးနှင့် တာဝန်များ၊ နိုင်ငံတော်၏ အုတ်မြစ်သဖွယ်ဖြစ်သည့် မျှဝေကျင့်သုံးရာ 'နိုင်ငံသားဆိုင်ရာ တန်ဖိုးများ' အပေါ်တွင်သာ အခြေခံထားသည်။ ထိုတန်ဖိုးများတွင် တရားမျှတသော၊ ပါဝင်လှုပ်ရှားခွင့် ရရှိစေသော၊ ငြိမ်းချမ်းသာယာသော လူ့အဖွဲ့အစည်းတစ်ရပ် တည်ဆောက်ရာတွင် ကျင့်သုံးလိုက်နာကြရမည့် သဘောထားများ၊ ယုံကြည်မှုများ ပါဝင်ကြသည်။ ထိုကဲ့သို့ မျှဝေကျင့်သုံးသည့် တန်ဖိုးများက မတူကွဲပြားမှုများဖြင့် ဖွဲ့တည်လျက်ရှိသော နိုင်ငံတော်များအတွက် စည်းလုံးမှုအားအင်များပင် ဖြစ်သည်။ ထိုတန်ဖိုးများထဲတွင် သဘောထားကြီးမှု၊ ဂါရဝတရားနှင့် ညီမျှမှုအစရှိသည်တို့လည်း ပါဝင်ကြပေသည်။

**လေ့ကျင့်ခန်း**

အောက်ပါစကားစုတို့ကို အသုံးပြုပြီး ဇယား ဖြည့်စွက်ပေးပါ။

- ရိုးရာဓလေ့၊ ယဉ်ကျေးမှု၊ ဘာသာတရား၊
- နိုင်ငံသားဖြစ်ခြင်းပေါ်တွင် အခြေခံသည်၊
- နိုင်ငံသားဆိုင်ရာ တန်ဖိုးများ၊
- မွေးဖွားခဲ့သည့် လူမှုအသိုင်းအဝိုင်းအပေါ် အခြေခံသည်။

| | လူမျိုးစုဆိုင်ရာ လက္ခဏာ | နိုင်ငံသားဆိုင်ရာ လက္ခဏာ |
|---|---|---|
| အခြေခံ အကြောင်းရပ်များ | | |
| တန်ဖိုးများ ရရှိ ပိုင်ဆိုင်ပုံ | | |

**ပြန်လည်သုံးသပ်ချက်**

၁။ မိမိတို့ လူမျိုးစုဆိုင်ရာ လက္ခဏာ၏ စရိုက်သဘာဝအချို့တို့မှာ အဘယ်နည်း။

၂။ မိမိတို့ နိုင်ငံသားဆိုင်ရာ လက္ခဏာ၏ စရိုက်သဘာဝအချို့တို့မှာ အဘယ်နည်း။

၃။ ထိုလက္ခဏာ (၂) ရပ် ၏ စရိုက်သဘာဝတို့မှာ တူညီကြပါသလား၊ ကွဲပြားကြပါသလား။

၄။ မိမိကိုယ်မိမိ အောက်ပါ ရောင်စဉ်မျဉ်း၏ မည်သည့် နေရာတွင် သတ်မှတ် ချထားမည်နည်း။

'လူမျိုးစုဆိုင်ရာ လက္ခဏာ' 'နိုင်ငံသားဆိုင်ရာ လက္ခဏာ'



## ၄.၂.၃ အမျိုးသားရေးဝါဒ (Nationalism)

အမျိုးသားရေးဝါဒသည် ခေတ်ပေါ်သမိုင်းနှင့် နိုင်ငံရေးတို့တွင် အလွန်အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ခေတ်သစ် အမျိုးသားရေးဝါဒသည် ၁၉ ရာစုခန့်မှ စတင်ခဲ့သည်။ ထိုကာလများတွင် အင်ပါယာများထံမှ လွတ်မြောက်လာကြပြီး ကိုယ်ပိုင် လွတ်လပ်ရေးအတွက် တောင်းဆို တိုက်ပွဲဝင် ဆင်နွှဲခဲ့ကြသည်။ အမျိုးသားဝေါဒီတို့၏ အန္တိမပန်းတိုင်မှာ မိမိတို့၏ မိမိတို့လူမျိုးထုကြီးအတွက် ကိုယ်ပိုင် အုပ်ချုပ်ခွင့် ရရှိသည့် နိုင်ငံတော်တစ်ရပ် တည်ဆောက်ကြရန် ဖြစ်သည်။ သို့ရာတွင် အမျိုးသားရေးဝါဒသည် မကြာသေးမီနှစ်များအတွင်းတွင် များစွာပြောင်းလဲလာခဲ့ပြီး အမျိုးသားရေးဝါဒီတို့၏ ပန်းတိုင်များမှာလည်း အမျိုးမျိုးအထွေထွေ ကွဲပြားလာကြသည်။

အမျိုးသားရေးဝါဒသည် ကမ္ဘာ့နိုင်ငံတိုင်းလိုလိုတွင် တည်ရှိသည်။ သို့သော်လည်း မတူညီသည့် နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အခြေအနေများက အမျိုးသားရေးဝါဒ အမျိုးအစား အမျိုးမျိုးတို့ကို ဖြစ်ပေါ်လာစေသည်။ လူ့အသိုင်းအဝိုင်းအတွင်း ဖြစ်ပေါ်လာသည့် အမျိုးသားရေးဝါဒအမျိုးအစားတစ်ရပ်သည် နိုင်ငံသားများ၏ နိုင်ငံတော်အပေါ် ရှုမြင်ကြပုံနှင့် နိုင်ငံတော်နှင့် နိုင်ငံသားများအကြား ဆက်သွယ်ချက်တို့အပေါ် အခြေခံနေသည်။ နိုင်ငံရေး သိပ္ပံပညာရှင် ဘယ်ရီ ဘူဇန် (Barry Buzan) ၏ အဆိုအရ အမျိုးသားရေးဝါဒကို အခြေခံ ထားသည့် နိုင်ငံတော်ဆိုင်ရာ အယူအဆ (၂) ရပ်ရှိသည်။ ၎င်းတို့မှာ 'အမျိုးသား နိုင်ငံတော်' (nation-state) နှင့် 'နိုင်ငံတော်ဗဟိုပြု အမျိုးသားနိုင်ငံ' (state-nation) တို့ ဖြစ်ကြသည်။

ထိုအယူအဆ (၂) ရပ်၏ ကွဲပြားခြားနားချက်ကို အရိုးရှင်းဆုံး ဖွင့်ဆိုရမည်ဆိုပါက 'အမျိုးသားနိုင်ငံတော်' (nation-state) သည် လူများစုဖြစ်သည့် လူမျိုးစုကြီးအပေါ်တွင် သစ္စာ ကြီးမားသည်။ (ဥပမာ – ကမ္ဘောဒီးယားရှိ ခမာလူမျိုးများ၊ ထိုင်းနိုင်ငံရှိ ထိုင်းလူမျိုးများ)။ ထိုနိုင်ငံတော်၏ နိုင်ငံရေးအဆောက်အအုံယန္တရား (အင်စတီကျူးရှင်း) များသည် ထိုလူမျိုးစုကြီး၏ အကျိုးအတွက် ဖွဲ့စည်းတည်ဆောက်ထားသည်။ 'နိုင်ငံတော် ဗဟိုပြု အမျိုးသားနိုင်ငံ' (state-nation) များတွင်မူ နိုင်ငံတော် အင်စတီကျူးရှင်းများ သည်သာ ပဓာနဖြစ်သည်။ ထိုအင်စတီကျူးရှင်းများသည် မည်သည့် လူမျိုးစုကိုမျှ မျက်နှာသာမပေး လူမျိုးစုတိုင်းကို တပြေးတည်း ဆက်ဆံတတ်ကြပေသည်။

သို့ရာတွင်လည်း 'အမျိုးသားနိုင်ငံတော်' (nation-state) သို့မဟုတ် 'နိုင်ငံတော်ဗဟိုပြု အမျိုးသားနိုင်ငံ' (state-nation) ဟူ၍ ရာနှုန်းပြည့် ကျင့်သုံးသောတိုင်းပြည် မရှိချေ။ ကမ္ဘာပေါ်ရှိ နိုင်ငံတော်များသည် ထိုအယူအဆ (၂) ရပ် တို့၏ လက္ခဏာရပ်အချို့တို့ကို ပိုင်ဆိုင် ထားကြသည်။ ရေးသားရှင်းလင်းခဲ့သည့် ဖွင့်ဆိုချက်တို့မှာလည်း ထိုအယူအဆ (၂) ရပ်အကြား ကွဲလွဲချက်များကို သိသာစေရန်အတွက် အစွန်းနှစ်ဖက်အနေဖြင့် ဖော်ပြထားခြင်းသာ ဖြစ်ပေသည်။

### အကြိုသင်ခန်းစာ

အမျိုးသားရေးဝါဒဆိုသည်မှာ အဘယ်နည်း။



▲ ကရင်အမျိုးသားနေ့ အခမ်းအနား




▲ အမျိုးသားရေးပါတီတစ်ခုဖြစ်သည့် ဗြိတိသျှ အမျိုးသားရေးပါတီ (British Naional Party) ၏ ပိုစတာ

## လုပ်ငန်းများ

သင်ခန်းစာ (၄.၂.၃) က အခြေခံလျက် အောက်ပါဇယားကို ဖြည့်စွက်ပေးပါ။

| | 'အမျိုးသား နိုင်ငံတော်' (nation-state) | 'နိုင်ငံတော်ဗဟိုပြု အမျိုးသားနိုင်ငံ' (state-nation) |
|---|---|---|
| နိုင်ငံတော်ဆိုင်ရာ စရိုက်လက္ခဏာ | | |
| ယဉ်ကျေးမှု | | |
| ခွဲထွက်ရေးပါတီများ (secessionist parties) | | |
| နိုင်ငံသားဆိုင်ရာ စရိုက်လက္ခဏာ | | |
| သစ္စာ စောင့်ထိန်းမှု | | |

၁။ အဓိက လူမျိုးစု (သို့) ယဉ်ကျေးမှုဆိုင်ရာ ဓလေ့စရိုက် တစ်ခုတည်းကိုသာ ဆုပ်ကိုင်ထားခြင်း။

၂။ စရိုက်လက္ခဏာ အမျိုးမျိုး ပိုင်ဆိုင်ထားသည်။ (နိုင်ငံသားများ၊ လူမျိုးဆိုင်ရာ၊ လူမျိုးစုဆိုင်ရာ စသည်ဖြင့်)။

၃။ ခွဲထွက်ရေးပါတီများသည် တရားဝင်ခြင်း မရှိ (သို့) ဘေးထုတ်ခံထားရသည်၊

၄။ တစ်ခုထက်ပိုသည့် ယဉ်ကျေးမှုဆိုင်ရာ စရိုက်လက္ခဏာ များကို ထောက်ခံပံ့ပိုးခြင်း။ ဥပမာ – တစ်ခုထက်ပိုသည့် ရုံးသုံးဘာသာစကားများ။

၅။ အမျိုးသားရေးအပေါ်တွင် သစ္စာ စောင့်ထိန်းသည်။

၆။ တစ်ခုထက်ပိုသည့် လူမျိုးစု (သို့) ယဉ်ကျေးမှုဆိုင်ရာ ဓလေ့စရိုက်တို့ကို ဆုပ်ကိုင်ထားခြင်း။

၇။ ခွဲထွက်ရေးပါတီများအနေဖြင့် ဒီမိုကရေတ်တစ်နိုင်ငံရေးဖြစ်စဉ်တွင် ပါဝင်နိုင်သည်။

၈။ ယဉ်ကျေးမှုတူညီသည့် အမျိုးသားတစ်ရပ်တွင် ရှင်သန်နေသူများ ဖြစ်ကြပြီး တစ်ခုတည်းသော စရိုက်လက္ခဏာကို ပိုင်ဆိုင်ထားသည်။

၉။ ယဉ်ကျေးမှုဆိုင်ရာ စရိုက်လက္ခဏာ တစ်ခုတည်းကိုသာ ဖန်တီးရန် ကြိုးပမ်းခြင်း။ ဥပမာ – တစ်ခုတည်းသော ရုံးသုံးဘာသာစကား။

၁၀။ နိုင်ငံတော်အပေါ်တွင် သစ္စာစောင့်ထိန်းသည်။

## လုပ်ငန်းများ

စာအုပ်အနောက်ဘက်တွင်ပါရှိသည့် ဖြစ်စဉ်ပြဇယားကို ကြည့်ရှု သုံးသပ်ပေးပါ။ မည်သည့် ဖြစ်စဉ်များက အမျိုးသားရေးဝါဒ၏ လှုံ့ဆော်မှုကြောင့် ဖြစ်ပေါ်လာရသနည်း။

## လုပ်ငန်းများ

ဤစာအုပ်တွင် လေ့လာမှတ်သားခဲ့သည်တို့အရ အောက်ပါ နိုင်ငံများကို ရောင်စဉ်ပြမျဉ်း၏ မည်သည့် နေရာတွင် ချထား သတ်မှတ်မည်နည်း။

၁။ ၁၉၉၄ ခုနှစ်အတွင်းက တောင်အာဖရိက

၂။ ၁၉၇၉ ခုနှစ်က သီရိလင်္ကာ

၃။ ၁၉၉၃ ခုနှစ်က တောင်အာဖရိက

၄။ ယနေ့ခေတ် မြန်မာနိုင်ငံ

'အမျိုးသားနိုင်ငံတော်' (nation-state) 'နိုင်ငံတော်ဗဟိုပြု အမျိုးသားနိုင်ငံ' (state-nation)



## ၄.၂.၄ အမျိုးသားရေးဝါဒ အမျိုးအစားများ

**အကြိုသင်ခန်းစာ**

မိမိတို့နိုင်ငံတွင် မည်သို့သော အမျိုးသားရေးဝါဒ အမျိုးအစားများ ရှိကြသနည်း။

နိုင်ငံရေးအသိုင်းအဝိုင်းတစ်ရပ်အတွင်း မည်သည့် အမျိုးသားရေးဝါဒ (သို့မဟုတ်) လူမျိုးရေးဝါဒ အမျိုးအစားများက လွှမ်းမိုးလာမည်ကို ရှေ့တွင် တင်ပြခဲ့သည့် နိုင်ငံတော်ဆိုင်ရာ အယူအဆ (၂) ရပ်က ပုံဖော်ပေးသည်။ 'အမျိုးသား နိုင်ငံတော်' (nation-state) ကို အခြေခံထားသည့် အမျိုးသားရေးဝါဒသည် လူမျိုးစုဆိုင်ရာ စရိုက်လက္ခဏာအပေါ်တွင် အခြေခံ နေနိုင်သည်။ အမျိုးသားရေးဝါဒီတို့အနေဖြင့် ထောက်ခံမှု ရရှိရေးအတွက် လူမျိုးစုတစ်စု၏ သင်္ကေတများ၊ သမိုင်းနောက်ခံနှင့် ရိုးရာဓလေ့တို့ကို အသုံးပြုကောင်း ပြုနိုင်သည်။ ထိုအကြောင်းရပ်များကြောင့် ထိုအမျိုးသားရေးဝါဒကို 'လူမျိုးစုအခြေပြု အမျိုးသားရေးဝါဒ' ဟု ရည်ညွှန်းသတ်မှတ်တတ်သည်။

တစ်ဖက်တွင်မူ 'နိုင်ငံတော်ဗဟိုပြု အမျိုးသားနိုင်ငံ' (state-nation) တို့၏ နိုင်ငံသားများသည် မိမိတို့၏ နိုင်ငံသားစရိုက်လက္ခဏာကို အခြေခံသည့် အမျိုးသားရေးဝါဒမျိုးကို ထောက်ခံတတ်ကြသည်။ 'နိုင်ငံသားအခြေပြု အမျိုးသားရေးဝါဒ' သည် ဂါရဝတရား၊ မတူကွဲပြားမှုနှင့် သဘောထားကြီးမှု အစရှိသော နိုင်ငံသားဆိုင်ရာ တန်ဖိုးများကို မျှဝေကျင့်သုံးသည်။ ထို့အပြင် ပူးပေါင်း ဆောင်ရွက်ခြင်း၊ ညှိနှိုင်း အဖြေရှာခြင်းနှင့် ညီညွတ်ခြင်း စသည်တို့ကို ဆောင်ကြဉ်းပေးနိုင်ရန်အတွက်လည်း နိုင်ငံသားဆိုင်ရာ သင်္ကေတများနှင့် တန်ဖိုးများကို အသုံးပြုဖော်ဆောင်တတ်ကြသည်။

ထိုအမျိုးသားရေးဝါဒ ပုံစံ (၂) မျိုးတို့သည် အစွန်းတစ်ဖက်စီတွင် တည်ရှိကြသည်။ အမျိုးသားရေးသမားများသည် လူမျိုးစုအခြေပြု အမျိုးသားရေးဝါဒနှင့် နိုင်ငံသားအခြေပြု အမျိုးသားရေးဝါဒ (၂) ရပ်လုံး၏ လက္ခဏာရပ်အချို့တို့ကို ပိုင်ဆိုင်ထားနိုင်ပေသည်။



### မြန်မာ့ရေးရာ

### ဗိုလ်ချုပ်အောင်ဆန်း၏ အမျိုးသားရေးဝါဒအပေါ် အမြင်

*(၁၉၄၆ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်၊ ရန်ကုန်မြို့၊ မြို့တော်ခန်းမတွင် ကျင်းပသည့် အင်္ဂလိပ် - ဗားမင်း ကောင်စီအစည်းအဝေးတစ်ခုတွင် မြွက်ကြားသော မိန့်ခွန်းပါ ကောက်နုတ် ဘာသာပြန်ချက် အချို့)*

အမျိုးသားရေးဝါဒမှာ ကောင်းကျိုးရော ဆိုးကျိုးရောရှိတယ်ဆိုတာကို ကျွန်တော်လက်ခံတယ်။ အမျိုးသားရေးဝါဒရဲ့ ကောင်းကျိုးတွေကို သဘောကျပေမယ့်၊ ဆိုးကျိုးတွေကိုလည်း သတိမူလျက်ပါပဲ။ ဒါပေမယ့် ဘယ်နိုင်ငံမှာရှိတဲ့ ဘယ်လူမျိုးကြီးမဆို ဒီဆိုးကျိုးတွေကို ကျော်လွှားဖို့ဆိုတာ မလွယ်ဘူးဆိုတာကိုလည်း ကျွန်တော်နားလည်ထားတယ်။

အမျိုးသားရေးလို့ဆိုတဲ့အခါ ကိုယ့်အမျိုးကို ချစ်ရုံသာမက အခြားသူတွေကိုလည်း မေတ္တာထားတဲ့၊ အနည်းဆုံး ဒေါသစိတ် မပွားစေတဲ့ အမျိုးသားရေးမျိုးကို ကျုပ်ထောက်ခံတယ်။ အမျိုးသားထုကြီးအတွင်း၊ လူ့အဖွဲ့အစည်းအတွင်း 'ဓမ္မ' ကို စောင့်ထိန်းစေပြီး 'အဓမ္မ' ကို ဆန့်ကျင်တွန်းလှန်စေတဲ့ အမျိုးသားရေးမျိုးကိုသာ လက်ခံနိုင်မယ်။ နယ်ချဲ့စိုးမိုးတာကိုတော့ ကျုပ်မျက်မုန်းကျိုးတယ်။ ဗြိတိသျှပဲဖြစ်ဖြစ်၊ ဂျပန်ပဲဖြစ်ဖြစ်၊ ဗမာပဲဖြစ်ဖြစ် နယ်ချဲ့စိုးမိုးတာကိုတော့ တွန်းလှန်ရမှာပဲ။

**ဆွေးနွေးချက်**

အမျိုးသားရေးဝါဒ၏ အားသာချက်၊ အားနည်းချက် တို့မှာ မည်သည်တို့ဖြစ်ကြသနည်း။

## ၄.၂.၅ လူမျိုးစုအခြေပြု အမျိုးသားရေးဝါဒ

### (က) ရှေးရိုးစွဲ အမျိုးသားရေးဝါဒ (Conservative Nationalism)

ရိုးရာဓလေ့၊ လုပ်ပိုင်ခွင့်နှင့် ခိုင်မာသော ယဉ်ကျေးမှုတို့သည် စည်းလုံးညီညွတ်ရေးအတွက် အခြေခံကောင်းများဖြစ်သည်ဟု ရှေးရိုးစွဲ အမျိုးသားရေးဝါဒီများက ဆိုထားကြသည်။ ထိုသူတို့၏အဆိုအရ အပြောင်းအလဲများနှင့် မတူကွဲပြားမှုများသည် ဘေးအန္တရာယ် သက်ရောက်စေနိုင်၏။ ထို့အပြင် ရိုးရာတန်ဖိုးများကို အားလျော့သွားစေပြီး လူမှုရေး ပဋိပက္ခများကို ဖြစ်ပွားစေနိုင်သည်။ ရှေးရိုးစွဲ အမျိုးသားရေးဝါဒသည် နိုင်ငံခြားသား ကြောက်ရွံ့ မုန်းတီးခြင်း (xenophobia) တို့အထိ ဖြစ်ပွားလာစေနိုင်သည်။ ဤသည်က လူမျိုးရေးကွဲပြားမှု မြင့်မားသည့် နိုင်ငံများတွင် ပြဿနာတက်စေနိုင်သည်။

ရှေးရိုးစွဲအမျိုးသားရေးဝါဒီများသည် ပေါင်းစည်းခြင်း (integration) ဟူသည့် အယူအဆကို ယုံကြည်ကြသည်။ ထိုသူတို့က လူမျိုးစုအရ၊ ဘာသာရေးအရ၊ သို့မဟုတ် ယဉ်ကျေးမှုအရ တည်ရှိနေသည့် လူနည်းစုများသည် 'အမျိုးသား နိုင်ငံတော်' (nation - state) တွင် ရပ်တည်လိုပါက လူများစုတို့နှင့် လိုက်ဖက်ညီစွာ နေထိုင်ကြရမည် ဖြစ်ကြောင်း၊ ထိုသို့ နေထိုင်ရန်အတွက် လူနည်းစုတို့၏ အကျင့်စရိုက်များကို ပြောင်းလဲပစ်ရမည် ဖြစ်ကြောင်း ဆိုထားသည်။ ထိုကဲ့သို့ 'အမျိုးသားနိုင်ငံတော်' တွင် နေထိုင် ရပ်တည်လိုပါက လူများစု၏ ယဉ်ကျေးမှုနှင့် လိုက်လျောညီထွေ နေနိုင်ရန် လိုအပ်ကြောင်း သတိပေးနေခြင်းကြောင့် 'ပေါင်းစည်းခြင်း' ဟူသော အယူအဆကို 'အမျိုးသား နိုင်ငံတော်' (nation - state) ကို ထောက်ခံသူတို့အကြား အသုံးများပေသည်။

### (ခ) အစွန်းရောက် အမျိုးသားရေးဝါဒ (Radical Nationalism)

အစွန်းရောက် အမျိုးသားရေးဝါဒီတို့သည် အမျိုးသားရေးအရ အချုပ်အခြာအာဏာ ပိုင်စိုးမှု ဟူသည့် အယူအဆကို အစွန်းရောက်စွာလက်ခံသူများ ဖြစ်ကြသည်။ မိမိတို့အမျိုးသားရပ် အနေဖြင့် အခြားသူတို့ထက် အာဏာပိုမို ပိုင်ဆိုင်ထားရမည်ဟု ယုံကြည်ထားကြပြီး အခြားသော နိုင်ငံရေးဆိုင်ရာ အသိုင်းအဝိုင်းများအပေါ်တွင်လည်း ချုပ်ကိုင်စိုးမိုးနိုင်ခွင့် ရရှိရမည် ဟုလည်း ခံယူထားသည်။ ထိုခံယူချက်တို့မှာ သမိုင်းနောက်ခံတို့ကြောင့်လည်း ဖြစ်နိုင်သည်။ ထိုသူတို့အနေဖြင့် နယ်မြေပိုင်နက် ကြီးကြီးမားမားကို ထိန်းချုပ်ခဲ့ဖူးပြီး ယခု လက်ရှိအခါတွင်မူ ထိုနယ်မြေက နိုင်ငံရေးအသိုင်းအဝိုင်း အသီးသီးနှင့် သက်ဆိုင်လျက် ရှိနေသည့် အခြေအနေမျိုးတွင် တွေ့ရှိရတတ်သည်။

အစွန်းရောက် အမျိုးသားရေးဝါဒီတို့သည် အခြားသူတို့၏ အချုပ်အခြာအာဏာ ပိုင်စိုးမှုကို လက်သင့်မခံနိုင်တတ်ကြဘဲ မိမိတို့၏ အာဏာပိုင်စိုးမှုအတွက် နယ်မြေချဲ့ထွင် တတ်ကြပေ သေးသည်။ ထိုအချက်က စိုးရိမ်ဖွယ် အယူအဆတစ်ရပ်ဖြစ်ပြီး သမိုင်းတစ်လျှောက်တွင် ဖြစ်ပွားခဲ့ရသည့် စစ်ပွဲများ၊ အကြမ်းဖက်မှုများနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုတို့သည်လည်း ထိုဝါဒကြောင့် ပေါ်ပေါက်ခဲ့ရခြင်း ဖြစ်သည်။ ထို့ထက် ဆိုးရွားသည့် အခြေအနေမျိုးမှာ နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ဒေသအတွင်းရှိ လူမျိုးတစ်မျိုး၊ မျိုးနွယ်စု တစ်စုတို့ကို လူမျိုးသုဉ်း သတ်ဖြတ်သည်အထိ ဖြစ်ပွားလာစေနိုင်သည်။

အစွန်းရောက်အမျိုးသားရေးဝါဒီတို့က မိမိတို့၏ ပြဿနာများသည် ပြင်ပတိုင်းပြည်များကြောင့် ဖြစ်ရသည်ဟုလည်း အပြစ်ပုံချတတ်ကြသည်။ ထို့အတူပင် ပြည်တွင်းနေ 'ရန်သူ' များကိုလည်း ပုံချတတ်ကြသေးသည်။ ထို 'ရန်သူ' တို့မှာ လူမှုရေးအရ၊ လူမျိုးရေးအရ၊ ဘာသာရေးအရ လူနည်းစုများ ဖြစ်ကြသည်။ ထိုလူနည်းစုများသည် မတူကွဲပြားမှုများ ပိုင်ဆိုင် ထားကြခြင်းကြောင့် ရန်သူအဖြစ် စွပ်စွဲခံထားရခြင်းဖြစ်သည်။

**အကြိုသင်ခန်းစာ**

၁။ လူမျိုးစုအခြေပြု အမျိုးသားရေးဝါဒ ဆိုသည်မှာ အဘယ်နည်း။

၂။ မိမိတို့အသိုင်းအဝိုင်းတွင် လူမျိုးစု အခြေပြု အမျိုးသားရေးဝါဒကို မည်သို့ တွေ့မြင်ရသနည်း။

**ဆွေးနွေးချက်**

(၄.၂.၅ – က) ကိုလေ့လာ ဖတ်ရှုပြီးပါက

ပေါင်းစည်းခြင်းသည် မတူကွဲပြားသည့် အသိုင်းအဝိုင်းတစ်ခုရှိ ပဋိပက္ခများကို ဖြေရှင်းရန်အတွက် ထိရောက်သည့် နည်းလမ်းတစ်ရပ် ဖြစ်သည်ဟု ထင်ပါသလား။ အဘယ်ကြောင့်နည်း။

**ဆွေးနွေးချက်**

သင်ခန်းစာ (၄.၂.၅ – ခ) ကို လေ့လာ ဖတ်ရှုပြီးပါက –

၁။ အစွန်းရောက် အမျိုးသားရေးဝါဒက လူ့အဖွဲ့အစည်းအတွင်း ပဋိပက္ခများကို မည်သို့ ပေါ်ပေါက်လာစေနိုင်သနည်း

၂။ ထိုပဋိပက္ခတို့က နိုင်ငံရေး တည်ငြိမ်မှုကို မည်သို့ သက်ရောက်စေနိုင်သနည်း။

အစွန်းရောက် အမျိုးသားရေးဝါဒီသမားတို့သည် ၎င်းတို့ကို ထောက်ခံရန်နှင့် ၎င်းတို့၏ အစွန်းရောက်အယူအဆများကို ထောက်ခံလာစေရန်အတွက် ထိုရန်သူတို့ကို အသုံးချ၍ လူထုကို စည်းရုံးတတ်ကြသည်။ မိမိတို့ကိုယ်တိုင်နှင့် အစွန်းရောက် အယူအဆများအတွက် ထောက်ခံမှု ရယူတတ်ကြသည်။ ထိုနည်းလမ်းကို အာဏာရှင်အစိုးရများက အသုံးပြု တတ်သည်။ ထိုအစိုးရတို့၏ အုပ်ချုပ်မှုတရားကြောင်း သက်သေထူစေမည့် နည်းဗျူဟာ တစ်ရပ်လည်းဖြစ်သည်။ ထို့အပြင် ပြည်တွင်းရေး ပြဿနာများနှင့် အစိုးရ၏ ခြစားမှုများ၊ စီမံခန့်ခွဲမှုအမှားတို့ကို ပြည်သူများ အာရုံ မစိုက်စေရန်အတွက်လည်း အဆိုပါ 'ရန်သူ' တို့ကို အသုံးချတတ်ကြပေသည်။

## ၄.၂.၆ နိုင်ငံသားအခြေပြု အမျိုးသားရေးဝါဒ

### အကြံသင်ခန်းစာ

နိုင်ငံသားအခြေပြု အမျိုးသားရေးဝါဒ ဆိုသည်မှာ အဘယ်နည်း။ လူမျိုးစု အခြေပြု အမျိုးသားရေးဝါဒနှင့် မည်သို့ ခြားနားနိုင်သနည်း။

လူမျိုးစုအခြေပြု အမျိုးသားရေးဝါဒနှင့် မတူညီသည့်အချက်မှာ နိုင်ငံသားအခြေပြု အမျိုးသားရေးဝါဒသည် မိမိတို့ မွေးဖွားခဲ့သည့် အသိုင်းအဝိုင်းမှရရှိသော စရိုက်လက္ခဏာ အပေါ်တွင် အခြေခံခြင်း၏မဟုတ်၊ နိုင်ငံသားနှင့် နိုင်ငံတော်အကြားရှိ တရားဝင် ဆက်နွယ်မှု အပေါ်တွင်သာ အခြေခံနေပေသည်။ နိုင်ငံသားအခြေပြု အမျိုးသားရေးဝါဒတွင် လူမျိုးစု တစ်ရပ်တည်း၏ ရိုးရာဓလေ့၊ ယဉ်ကျေးမှု သို့မဟုတ် ဘာသာစကားတို့အပေါ်တွင် အခြေခံမထားချေ။ နိုင်ငံတိုင်းလိုလိုတွင် လူမျိုးစုနှင့် နိုင်ငံသားဆိုင်ရာ နောက်ခံတို့သည် မည်သို့ဖြစ်နေပါစေ နိုင်ငံသားအဖြစ်သို့ အပ်နှင်းခံရနိုင်သည်။ သို့ဖြစ်၍ နိုင်ငံသားဆိုင်ရာ စရိုက်လက္ခဏာတို့သည် နိုင်ငံတော်တွင်း မျှဝေကျင့်သုံးသည့် တန်ဖိုးများအပေါ် အခြေခံနေပြီး မူမတူယှဉ်တွဲမှုနှင့် ယဉ်ကျေးမှုပေါင်းစုံဝါဒတို့အပေါ်တွင်လည်း အခြေခံထားနိုင်သည်။

### (က) မူမတူ ယှဉ်တွဲမှု (Plurism) ဆိုသည်မှာ အဘယ်နည်း

မူမတူယှဉ်တွဲမှုဆိုသည်မှာ လူ၊ မူ နှင့် အယူအဆရေးရာအရ အမျိုးစုံလင်မှုသည် နိုင်ငံရေး စနစ်ကောင်းတစ်ရပ်ကို ပေါ်ပေါက်လာစေနိုင်သည်ဟူသည့် ယုံကြည်လက်ခံချက် တစ်ရပ်ပင် ဖြစ်သည်။ မတူကွဲပြားမှုများသည် လူ့အဖွဲ့အစည်းကို သာယာစည်ပင်စေကြောင်း မူမတူ ယှဉ်တွဲမှုကို ထောက်ခံကြသူတို့က ဆိုထားကြသည်။ မတူကွဲပြားမှုသည် လူမှုအသိုင်းအဝိုင်း အတွင်းသို့ အယူအဆပေါင်းစုံ၊ အရည်အသွေး၊ အမြင်မျိုးစုံ သွတ်သွင်းပေးပြီး ထိုအသိုင်းအဝိုင်းကို ပိုမိုခိုင်မာအားကောင်းလာစေသည်။

မူမတူယှဉ်တွဲမှုသည် လွတ်လပ်မှုဗဟိုပြု လစ်ဘရယ်အယူအဆ (liberal) အပေါ်တွင် အခြေခံထားသည်။ ထိုလစ်ဘရယ်အယူအဆအရ မတူကွဲပြားမှုရှိသည့် လူ့အသိုင်းအဝိုင်း အတွင်း အကောင်းမွန်ဆုံးသော အယူအဆတို့ကိုသာလျှင် လူအများက နှစ်ခြိုက် သဘောကျ ကြပေလိမ့်မည်။ ထိုအခြေအနေမျိုးကို နိုင်ငံသားတိုင်း တန်းတူပါဝင်ခွင့်ရကြပြီး၊ နိုင်ငံသား တို့၏ အယူအဆများကိုလည်း တပြေးညီ လက်ခံရှုမြင်မှသာ ဖော်ဆောင်နိုင်ပေမည်။ ထို့ကြောင့်လည်း မူမတူ ယှဉ်တွဲမှုကို ထောက်ခံကြသူတို့သည် နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများကို အင်တိုက်အားတိုက် ထောက်ခံပံ့ပိုးတတ်ကြသည်။

မူမတူယှဉ်တွဲမှုသည် မတူကွဲပြားသည့် အသံများ၊ အယူအဆများနှင့် တန်ဖိုးများကို လူ့အသိုင်းအဝိုင်းတစ်ရပ်အတွင်း ရင့်သန်ခိုင်မာလာစေသည့်အတွက်ကြောင့် နိုင်ငံသားအခြေပြု အမျိုးသားရေးဝါဒ၏ အရေးပါဆုံးသော အစိတ်အပိုင်းတစ်ရပ်လည်း ဖြစ်ပေသည်။ လွတ်လပ်စွာ ထုတ်ဖော်တင်ပြခြင်းကို ကန့်သတ်ထိန်းချုပ်ထားပါက လူနည်းစုတို့မှာ နိုင်ငံရေးအရရော၊ ယဉ်ကျေးမှုအရပါ ဘေးဖယ်ပထုတ်ခံထားရသည်ဟု ရှုမြင်လာနိုင်သည်။ ဤသည်က နာကျည်းစရာများ၊ ပဋိပက္ခများအထိ ပေါ်ပေါက်လာစေသည်။ သို့ဖြစ်၍ မူမတူယှဉ်တွဲမှုသည် ပဋိပက္ခများကို တားဆီးရန်အတွက်ရော၊ တီထွင်ဖန်တီးမှုနှင့် အယူအဆ အသစ်များ ထွန်းကားလာစေရန်အတွက်ပါ နည်းဗျူဟာတစ်ရပ်ပင်ဖြစ်သည်။

### ဆွေးနွေးချက်

သင်ခန်းစာ (၄.၂.၆ – က) ကို လေ့လာဖတ်ရှုပြီးပါက –

မူမတူ ယှဉ်တွဲမှုကို ကျင့်သုံးရန်အတွက် မည်သို့သော နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများ လိုအပ်သနည်း။

### ဆွေးနွေးချက်

သင်ခန်းစာ (၄.၂.၆ – ခ) ကို လေ့လာဖတ်ရှုပြီးပါက –

ပဋိပက္ခများကို ရှောင်ရှားနိုင်စေရန် နိုင်ငံသားအခြေပြု အမျိုးသားရေးဝါဒက မည်သို့ ကူညီ ပံ့ပိုးပေးနိုင်သနည်း။

## (ခ) ယဉ်ကျေးမှုပေါင်းစုဝါဒ/ ဗဟုယဉ်ကျေးမှုဝါဒ (Multiculturalism) ခိုသည်မှာ အဘယ်နည်း

ယဉ်ကျေးမှုပေါင်းစုဝါဒီတို့သည် လူမှုရေး၊ လူမျိုးရေးနှင့် ဘာသာရေးအရ မတူ ကွဲပြားမှုများကို ထောက်ခံကြသည်။ ထိုသူတို့၏ ပန်းတိုင်မှာ လူမျိုးရေး၊ မျိုးနွယ်၊ ဘာသာရေး စသည်တို့ကို အခြေခံသည့် ခွဲခြားဖိနှိပ်မှုများ ကင်းရှင်းသည့် လူ့အဖွဲ့အစည်းတစ်ရပ် တည်ထောင်ရန် ဖြစ်သည်။ တရားရှိလူနေမှု (social justice) ဆိုင်ရာ ယဉ်ကျေးမှုပေါင်းစုဝါဒတို့၏ လူမှုရေးဆိုင်ရာ တရားမျှတမှုနှင့် ပတ်သက်သည့် အယူအဆတစ်ခုမှာ မည်သူတစ်ဦးတစ်ယောက် တစ်စုတစ်ဖွဲ့မှ ဝိုင်းပယ်ခံရခြင်း၊ ခေါင်းပုံဖြတ်ခံရခြင်း မရှိသော နိုင်ငံတော်တစ်ခု ပေါ်ထွန်းရေးပင်ဖြစ်သည်။ လူ့အဖွဲ့အစည်းတစ်ရပ်လုံးသည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ကြခြင်းဖြင့် မတူကွဲပြားသော အဖွဲ့အသီးသီးတို့၏ အတွေ့အကြုံများကို မျှဝေသိရှိကြကာ အကျိုးတရား ခံစားနိုင်မည်ဟုလည်း ဆိုထားကြပေသည်။

ယဉ်ကျေးမှုပေါင်းစုဝါဒဆိုင်ရာ မူဝါဒများသည် လူမှုအသိုင်းအဝိုင်းဝင်များအား အခြားသော မျိုးနွယ်စုများ၊ လူမျိုးများနှင့် ဘာသာရေးအစုအဖွဲ့တို့အကြောင်း နားလည် သဘောပေါက်လာအောင် ဖော်ဆောင်ပေးကြသည်။ လူမှုရေးပဋိပက္ခများသည် မိမိနှင့် မတူသူတို့အပေါ် ကြောက်ရွံ့ခြင်းများ၊ မသိနားမလည်မှုများကြောင့် ဖြစ်ပေါ်ရကြောင်းလည်း ထောက်ပြထားကြသည်။

ထိုပဋိပက္ခတို့ကို ကာကွယ်တားဆီးရန်အတွက် လူမျိုးစုများအကြား နားလည်မှု တည်ဆောက်ကြရမည်ဖြစ်သည်။ သို့ဖြစ်၍ ယဉ်ကျေးမှုပေါင်းစုဝါဒကို အခြေခံသည့် မူဝါဒများတွင် လူမှုရေး၊ ပညာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ပွဲအစီအစဉ်များ ထည့်သွင်းထားကြသည်။ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် မတူကွဲပြားသော အဖွဲ့အသီးသီးတို့မှာ မိမိတို့၏ မတူညီမှုများကို နားလည် သဘောပေါက်လာကြသကဲ့သို့၊ အတူတကွ မျှဝေ ကျင့်သုံးထားသည့် တန်ဖိုးများ၊ ယုံကြည်မှုများကိုလည်း သတိမူလာကြမည် ဖြစ်ပေသည်။

### လုပ်ငန်းများ

၁။ စာအုပ်၏ အနောက်ဘက်တွင်ရှိသည့် လုပ်ရှားဆောင်ရွက်သူများစာရင်းကို ကြည့်ရှု သုံးသပ်ပြီး လုပ်ဆောင်သူ (၆) ဦး ကို အောက်ပါ ရောင်စဉ်ပြမျဉ်း၏ သင့်တော်သော နေရာတွင် ချထား သတ်မှတ်ပေးပါ။

၂။ ထိုစာရင်းတွင် မပါရှိသည့် အခြားသော နိုင်ငံရေးခေါင်းဆောင်များကိုလည်း ဖြည့်စွက် ချထား သတ်မှတ်ပေးပါ။

၃။ ‘ဖြစ်စဉ်ပြဇယား’ ကို ကြည့်ရှု သုံးသပ်ပေးပါ။ မည်သည့် သမိုင်းအဖြစ်အပျက်တို့က (ရှေ့လုပ်ငန်းများတွင် ရွေးချယ်ခဲ့သည့်) လှုပ်ရှားဆောင်ရွက်သူများနှင့် ဆက်နွယ်ပတ်သက်နေကြသနည်း။



၁။ ငြိမ်းချမ်းရေးဆိုတာ တူညီမှုတွေအကြားက စည်းလုံးမှု မဟုတ်၊ မတူကွဲပြားမှုတွေအကြားက စည်းလုံးမှုသာလျှင် ဖြစ်တယ်။ – မီးခိုင် ဂေါ်ဘာချော့ (ဆိုဗီယက်ပြည်ထောင်စု သမ္မတ)

၂။ ဒီနိုင်ငံကို ရောက်ရှိလာတဲ့ ရွှေ့ပြောင်းအခြေချသူတိုင်းအနေနဲ့ ၅ နှစ် အတွင်း အင်္ဂလိပ်စာကို သင်ဖို့လိုအပ်ပါတယ်၊ မဟုတ်လို့ကတော့ တိုင်းပြည်က ထွက်ခွာသွားရပါလိမ့်မယ်။ – သီအိုဒို ရုစဗဲ့ (အမေရိကန် သမ္မတ)

၃။ သီရိလင်္ကာနိုင်ငံဟာ ဆင်ဟာလီလူမျိုးတွေရဲ့နိုင်ငံလို့ ခိုင်ခိုင်မာမာပဲ ယုံကြည်ထားပါတယ်။ ဒါပေမဲ့လည်း ဒီနိုင်ငံမှာ လူနည်းစု အသိုင်းအဝိုင်းတွေ ရှိပါတယ်၊ သူတို့ကိုလည်း ကျွန်တော်တို့ ပြည်သူများအတိုင်းပဲ ဆက်ဆံပါတယ်။ သူတို့အနေနဲ့ ဒီနိုင်ငံမှာ ကျွန်တော်တို့နဲ့ အတူ နေထိုင်နိုင်ပါတယ်။ ဒါပေမယ့်လည်း လူနည်းစုတွေ ဖြစ်နေကြတဲ့အတွက်ကြောင့်မို့ လိုတာထက်ပိုတဲ့ တောင်းဆိုတာတွေကိုတော့ မလုပ်သင့်ပါဘူး။ – ဆာရည် ဖွန်ဆီကာ (သီရိလင်္ကာ ဗိုလ်ချုပ်)

၄။ ကျွန်ုပ်တို့ရဲ့ အင်ဒိုနီးရှားပြည်သူ့သမ္မတနိုင်ငံတော်ဟာ အုပ်စုတစ်စု၊ သို့မဟုတ် ဘာသာကိုးကွယ်မှုတစ်ခု၊ သို့မဟုတ် မျိုးနွယ်စုတစ်စု၊ သို့မဟုတ် အစဉ်အလာ ရိုးရာရှိတဲ့ အစုအဖွဲ့တစ်ဖွဲ့အတွက်ဆိုပြီး သီးခြား သက်ဆိုင်တယ်လို့ မရှိပါဘူး၊ ဒီနိုင်ငံဟာ ကျွန်ုပ်တို့အားလုံးနဲ့ သက်ဆိုင်ပါတယ်။ – ဆူကာနို (အင်ဒိုနီးရှားနိုင်ငံ၏ ပထမဦးဆုံးသော သမ္မတ)

၅။ အာရပ်တွေအနေနဲ့ ဒီနိုင်ငံဟာ ဂျူးလူမျိုးတွေရဲ့နိုင်ငံဆိုတာ နားလည်ထားရပါမယ်၊ ဒီနိုင်ငံကလည်း ထွက်သွားကြရပါမယ်။ သူတို့ ဆန္ဒရှိမယ်ဆိုရင်တော့ ငြိမ်းငြိမ်းချမ်းချမ်းပဲ ထွက်သွားနိုင်မှာပါ၊ မဟုတ်ရင်တော့ မထွက်ထွက်အောင် ကျွန်တော်တို့ လုပ်ရပါလိမ့်မယ်။ ကျွန်တော်တို့အတွက် တစ်ခုတည်းသော နည်းလမ်းကတော့ သူတို့တွေထက် ပိုပြီး အင်အား တောင့်တင်းနေဖို့ပါပဲ။ – အစ္စရေး အခြေချ နေထိုင်သူ တစ်ဦး

၆။ ကျွန်တော်တို့ရဲ့ အိန္ဒိယနိုင်ငံသားအဖြစ် သစ္စာစောင့်သိမှုတွေကို တစ်ခြားသော ဘာသာရေး၊ ယဉ်ကျေးမှုနဲ့ ဘာသာစကား စသည်တို့အပေါ်ထားရှိတဲ့ သစ္စာတရားတွေနဲ့ မရောယှက်စေချင်ဘူး။ ကျွန်တော့်အနေနဲ့တော့ ပြည်သူတွေကို ဦးစွာပထမ အိန္ဒိယသားအဖြစ်သာ ခံယူထားစေချင်တယ်၊ နောက်ဆုံးအနေနဲ့လည်း အိန္ဒိယသားတွေလို့သာ ခံယူကြစေချင်တယ်၊ အိန္ဒိယသားကလွဲပြီး အခြားဘာကိုမှ မဖြစ်စေချင်ပါဘူး။ – ဘီ အာ အမ်ဘဒ်ကာ (အိန္ဒိယ လွတ်လပ်ရေးခေါင်းဆောင်နှင့် နိုင်ငံသားအခွင့်အရေး လှုပ်ရှားသူ)

၇။ ကျွန်တော်ကတော့ သူတို့တွေကို နိမ့်ကျတယ်လို့ တစ်ခါမှ မသတ်မှတ်ထားပါဘူး။ လူမည်းတွေနဲ့ အခြားအသားရောင်ရှိ သူတွေက အစိုးရရဲ့မူဝါဒတွေမှာ ပူးပေါင်း ထမ်းရွက်လျက်ရှိပါတယ်။ – ဟန်ဒရစ် ဗာဝိုးဒ် (အပ်ပါတိုက်အစိုးရ– Apartheid Government လက်ထက် တောင်အာဖရိက သမ္မတ)

၈။ တိုင်းပြည်တည်ဆောက်ရေးနှင့် ဒီမိုကရေစီအသွင် ကူးပြောင်းရေးဆိုတဲ့ ရှေ့ရှည် ကျယ်ပြန့်တဲ့ ပန်းတိုင်တွေအတွက် နိုင်ငံရေးပါတီတွေအနေနဲ့ လူမျိုးရေး၊ ဘာသာရေးအခြေခံ နိုင်ငံရေးတွေကို ဆက်လက် လုပ်ဆောင်နေကြမယ်ဆိုရင် မလေးရှားနိုင်ငံဟာ ဘယ်ကိုမှ ရှေ့ဆက် ချီတက်နိုင်မှာ မဟုတ်ပါဘူး။ – ဒေါက်တာ ဖာရစ် အေ နိုး (မလေးရှားနိုင်ငံရေး သိပ္ပံပညာရှင်)

## လုပ်ငန်းများ

တစ်ဖက်ပါ အဆိုအမိန့်တို့ကို လူမျိုးစု အခြေပြု အမျိုးသားရေးဝါဒနှင့် နိုင်ငံသား အခြေပြု အမျိုးသားရေးဝါဒဟူ၍ အမျိုးအစား ခွဲခြားပေးပါ။ ၄.၂.၅ နှင့် ၄.၂.၆ ပါ သင်ခန်းစာများကို ပြန်လည် ကြည့်ရှုနိုင်သည်။)



▲ မီခိန်း ဂေါ်ဘာချော့ (Mikhail Gorbachev)၊ USSR ၏ နောက်ဆုံးမြောက် သမ္မတ ဖြစ်သည်။ USA နှင့် USSR တို့အကြားရှိ စစ်အေးတိုက်ပွဲကို အဆုံးသတ်ရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။

## ဆွေးနွေးချက်

၁။ အတိတ်ကာလ မြန်မာနိုင်ငံတွင် အမျိုးသားရေးဝါဒက အပေါင်းလက္ခဏာဆောင်သည့် အင်အားတစ်ရပ် ဖြစ်ခဲ့သလော၊ သို့မဟုတ် အနုတ်လက္ခဏာဆောင်သည့် အင်အားတစ်ရပ် ဖြစ်ခဲ့သလော။

၂။ ယနေ့ခေတ် မြန်မာပြည်တွင် အမျိုးသားရေးဝါဒက မည်သည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသနည်း။

၃။ ထိုဝါဒသည် အပေါင်းလက္ခဏာဆောင်သည့် အင်အားတစ်ရပ်အဖြစ် တည်ရှိနေသလော၊ သို့မဟုတ် အနုတ်လက္ခဏာဆောင်သည့် အင်အားတစ်ရပ်အဖြစ် တည်ရှိနေသလော။

## ပြန်လည်သုံးသပ်ချက်



### ငြိမ်းချမ်းရေး ဖော်ဆောင်ရန် ဥပဒေများ -

၁။ အောက်ပါဥပဒေများကိုဖတ်ရှုပြီး မည်သည်က လူမျိုးစုအခြေပြု အမျိုးသားရေးဖြစ်သည်၊ မည်သည်က နိုင်ငံသားအခြေပြု အမျိုးသားရေးဖြစ်သည်ကို ဆုံးဖြတ်ပေးပါ။

၂။ ထိုဥပဒေတို့ကို လူမျိုးရေးရာ ပဋိပက္ခ ဖြေရှင်းရာတွင် အသုံးတည့်မှုကို အခြေခံပြီး အဆင့် သတ်မှတ်ပေးပါ။

၃။ အဖွဲ့များ ဖွဲ့ပေးပါ။ ထို့နောက် အမျိုးသားစည်းလုံးမှု ဆောင်ကြဉ်းပေးနိုင်မည့် ဥပဒေ (၃) ရပ် တို့ကို ရွေးချယ် စာရင်း ပြုစုပေးပြီး ထိုဥပဒေများ အရေးပါရသည့် အကြောင်းရင်းတို့ကိုပါ ဖော်ပြပေးပါ။ ထိုသို့ပြုစုရာတွင် တစ်ဖက်ပါ ဥပဒေများရော၊ မိမိတို့ ကိုယ်ပိုင်ဥပဒေများပါ အသုံးပြုနိုင်သည်။

## နိုင်ငံတော်အတွက် ငြိမ်းချမ်းမှု ဖန်တီးနိုင်ရန်နှင့် အမျိုးသားစည်းလုံးမှု ဆောင်ကြဉ်းပေးနိုင်ရန် ဥပဒေများ

၁။ ကျောင်းများနှင့် တက္ကသိုလ်များအားလုံးတွင် လူများစု၏ ဘာသာစကားဖြင့်သာ အသုံးပြုသင်ကြားရမည်။

၂။ ကျောင်းတိုင်းတွင် 'အနိမ့်ခံဘဝ လွတ်မြောက်ရေး ပံ့ပိုးမှု' (affirmative action) ဆိုင်ရာ မူဝါဒများ ကျင့်သုံးခြင်းဖြင့် ဘာသာရေး၊ လူမျိုးစုဆိုင်ရာ လူနည်းစုတို့မှ ဆရာ၊ ဆရာမများ မွေးထုတ်ပေးရမည်။

၃။ ဘာသာမတူသူ၊ လူမျိုးမတူသူအချင်းချင်း လက်ထပ် ထိမ်းမြားခြင်းသည် တရားမဝင်ချေ။

၄။ လူမျိုးရေး ခွဲခြား ကျူးလွန်သည့် ပြစ်မှုတစ်ခုခု သော်လည်းကောင်း၊ လူမျိုးရေးမုန်းတီးမှု ဟောပြောခြင်းကို သော်လည်းကောင်း တိုးမြှင့် အရေးယူရမည်။

၅။ ပြစ်မှုတစ်ခုခုကျူးလွန်သော ပြောင်းရွှေ့အခြေချသူ တစ်ဦးကို မူရင်း တိုင်းပြည်သို့ ပြန်ပို့ရမည်။

၆။ ယဉ်ကျေးမှု ဖလှယ်ရေးဆိုင်ရာ ပညာရေးသည် ကျောင်းတိုင်း၏ သင်ရိုးတွင် ပါဝင်ရမည်။

၇။ အစိုးရအနေဖြင့် အများစုဖြစ်သည့် လူမျိုးစုကြီးကိုသာလျှင် နိုင်ငံသား စိစစ်ရေးကတ်ပြားများ ပေးအပ်မည်။

၈။ လူနည်းစု ခေါင်းဆောင်များနှင့် အစိုးရအကြား ပုံမှန် အစည်းအဝေးများ ထားရှိပြီး လူနည်းစုအရေးများကို ဆွေးနွေးသင့်သည်။

၉။ လူများစုဖြစ်သည့် ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့အစည်းများသည် အခွန်ပေးဆောင်ရန် မလိုအပ်ချေ။

၁၀။ အစိုးရဝန်ထမ်း၏ ၂၅ ရာနှုန်းမှာ လူနည်းစု မျိုးနွယ်စုများမှ ဖြစ်ရမည်။

၁၁။ လူနည်းစုတို့၏ ဘာသာစကားများဖြင့် သတင်းစာ ထုတ်ဝေခြင်းသည် တရားမဝင်ချေ။

၁၂။ ရဲတပ်ဖွဲ့အင်အားအတွင်းတွင် လူမျိုးရေးနှင့် ဘာသာရေးအရ လူနည်းစုတို့ကို တိုးမြှင့် ခန့်ထားရမည်။

## ချာ့ချ်လမ်းမှ စေတီပုထိုး (The Temple on Church Street)

### လုပ်ငန်းများ

အောက်ပါ စာပိုဒ်ကို ဖတ်ရှုပြီး ညွှန်ကြားချက်အတိုင်း လုပ်ဆောင်ပေးပါ။



အိုးလ်တောင်းမြို့ရှိ ချာ့ချ်လမ်းတွင် အဆောက်အအုံအလွတ်တစ်လုံးရှိသည်။ ထိုအဆောက်အအုံသည် မြို့နယ်ကောင်စီပိုင်သည့် မြေပေါ်တွင်ဖြစ်သည်။ ထိုလမ်းသည် အေးဆေးငြိမ်သက်သည့် လမ်းကလေး ဖြစ်ခဲ့သော်ငြားလည်း မကြာသေးမီအခါက ထိုအဆောက်အအုံဟောင်းတစ်ဝိုက်တွင် မူးယစ်ဆေးဝါး ရောင်းဝယ်ခြင်း၊ လူငယ်ဂိုဏ်းများရန်ဖြစ်ခြင်း၊ အရက်သေစာ သောက်စားကြခြင်းကဲ့သို့သော ပြဿနာများရှိနေသည်။ ထိုအဆောက်အအုံမှာ မြို့အင်္ဂါရပ်နှင့်မညီအောင် အကျည်းတန်ပြီး အန္တရာယ်လည်းများကြောင်း လူအများက မြို့တော်ကောင်စီနှင့် ရဲများထံသို့ တိုင်ကြားထားကြသည်။

ထိုနယ်အတွင်းမှ ချမ်းသာသော အာရှသား ဗုဒ္ဓဘာသာတစ်ဦးသည် မကြာမီက ထိုအဆောက်အအုံဟောင်းကို ဝယ်ယူခဲ့ပြီး ထိုနေရာတွင် ဗုဒ္ဓဘာသာဘုရားကျောင်းနှင့် လူမှုရေးစင်တာတစ်ခု တည်ဆောက်ရန် ဆန္ဒရှိနေသည်။ ကုန်ကျစရိတ်၏ ၅၀% ခန့်ကို ထိုသူကပေးမည်ဟု သဘောတူထားပြီး ကျန် ၂၅% ကို ဒေသခံ ဗုဒ္ဓဘာသာများထံမှ ရရှိမည်ဖြစ်သည်။ မြို့နယ်ကောင်စီအနေဖြင့် အဆိုပါမြေကို စီးပွားရေးသမားများထံ အငှားချထားပြီး ကုန်ကျငွေ၏ နောက်ဆုံးလက်ကျန် ၂၅% ပေးဆောင်မည်ဖြစ်သည်။

စီမံကိန်းမှာ နောက်တစ်ပတ်အတွင်း စတင်မည်ဖြစ်သော်လည်း ထိုပရောဂျက်အပေါ် ခါးခါးသီးသီး ကန့်ကွက်ကြသည့် အိမ်မေးလ်များ၊ ပေးစာများကို မြို့နယ်ကောင်စီထံ ပေးပို့ထားကြသည်။ ကောင်စီအနေဖြင့် မြို့နယ်အဆင့် အထူးအစည်းအဝေးတစ်ရပ်ကျင်းပရန် ဆုံးဖြတ်ထားပြီး၊ ပြဿနာ၏အဖြေကို အစည်းအဝေးအပြီးရရှိရန် မျှော်လင့်ထားသည်။

၁။ မိမိတို့သည် အိုးလ်တောင်းမြို့ နယ်ခံတစ်ဦးဖြစ်သည်ဆိုပါက ထိုအစီအစဉ်ကို လက်ခံသဘောတူမည်လော။ အဘယ်ကြောင့်နည်း။ မိမိတို့၏ တွေးမြင်ချက်များကို ရေးချထားပြီး နောင်ပြန်လည်အသုံးပြုရန်အတွက် သိမ်းထားပေးပါ။

၂။ အောက်ပါ အဖွဲ့(၄)ဖွဲ့အနက်မှ တစ်ဖွဲ့တွင် ပါဝင်ပေးပါ။

(က) ဂါရဝတရားပါတီ (ယဉ်ကျေးမှုပေါင်းစုဝါဒီ)

(ခ) အင်္ဂလိပ်ကာကွယ်ရေး အင်အားစု (အစွန်းရောက် အမျိုးသားရေးဝါဒီ)

(ဂ) အိုးလ်တောင်း လူမှုအသင်းအဖွဲ့ (နိုင်ငံသားအခြေပြု အမျိုးသားရေးဝါဒီ)

(ဃ) ရိုးရာဗြိတိသျှ (ရှေးရိုးစွဲ အမျိုးသားရေးဝါဒီ)




၃။ အဖွဲ့တစ်ဖွဲ့စီအနေဖြင့် မိမိတို့လေ့လာခဲ့သည်တို့ကို အခြေခံပြီး ထိုအစီအစဉ်အပေါ်မည်သို့တုံ့ပြန်မည်ကို ဆုံးဖြတ်ပေးပါ။ ထိုသို့တုံ့ပြန်ရာတွင် မည်သို့ဖြစ်သင့်သည်၊ မည်သည့် အကြောင်းကြောင့် ဖြစ်ရမည်တို့ကို ဖော်ပြပေးပါ။ မိမိတို့အဆို ပိုမို ခိုင်မာစေနိုင်မည့် အကြောင်းရင်းများနှင့် ဥပမာဖြစ်ရပ်များကိုပါ ထည့်သွင်းဖော်ပြပါ။

၄။ ဗုဒ္ဓဘာသာ ပုထိုးကျောင်းနှင့် လူမှုရေးစင်တာတို့ ဆောက်လုပ်သင့်၊ မသင့်ကို ဆုံးဖြတ်ရန်အတွက် ဆွေးနွေးငြင်းခုံပွဲတစ်ရပ် ပြုလုပ်ပေးပါ။ အဖွဲ့တစ်ဖွဲ့စီ အနေဖြင့် မိမိတို့ အဆိုကိုတင်ပြရန်နှင့် မေးခွန်းများ မေးမြန်းရန်တို့အတွက် အချိန်ပမာဏ တူညီစွာရရှိမည် ဖြစ်သည်။

### ပြန်လည်သုံးသပ်ချက်

၁။ အထက်ပါ ဆွေးနွေးငြင်းခုံမှုအပြီးတွင် ထိုအစီအစဉ်အပေါ်ထားရှိသည့် မိမိတို့၏မူလထင်မြင်ချက်များ ပြောင်းလဲမှုရှိပါသလား။ အဘယ်ကြောင့် (မ) ပြောင်းလဲရသနည်း၊

၂။ အခန်း (၃) တွင် ပါရှိသည့် ‘ကျွန်ုပ်တို့၏ ဝါဒ’ ကို ပြန်လည်ကြည့်ရှုပေးပါ။ အထက်ပါ ဆွေးနွေးငြင်းခုံမှုက မိမိတို့၏ ယုံကြည်မှုများကို ပြောင်းလဲသွားစေခဲ့သည်ဟု ထင်မြင်မိပါသလား။

# ၄.၃ အခန်း (၄) ဖြစ်ရပ်လေ့လာချက်များ

## ဖြစ်ရပ်လေ့လာချက် (၁)












▲ အပ်ပါတိုက်စနစ် (Apartheid) ၏ ရုပ်ပုံများ ဖြစ်ကြသည်။ အပ်ပါတိုက်စနစ်ကြောင့် တောင်အာဖရိကနိုင်ငံတွင် ခွဲခြားမှုများ ပေါ်ပေါက်ခဲ့သည်။

► ၁၉၈၀ ခုနှစ်အတွင်း တောင်အာဖရိက လူမည်းနိုင်ငံသားများ အပ်ပါတိုက်စနစ်ကို ဆန့်ကျင် တိုက်ပွဲဝင်စဉ်

### တောင်အာဖရိကရှိ လူမျိုးစုနိုင်ငံရေး

၁၉၈၃ ခုနှစ်အတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ရေးဆွဲပြီး တြိုင်ကာမီရယ် ပါလီမန် (tricameral parliment) ဖန်တီးနိုင်ခဲ့သည်။ တြိုင်ကာမီရယ် ပါလီမန် (tricameral parliament) တွင် လွှတ်တော် (၃) ရပ်ပါရှိပြီး လူဖြူများ၊ အသားအရောင်ရှိ လူမျိုးများနှင့် အိန္ဒိယလူမျိုးတို့အား မဲပေးခွင့်နှင့် လွှတ်တော်တွင် ကိုယ်စားပြုပါဝင်ခွင့်တို့ ပေးအပ်ထားသည်။ လူမည်းတို့ကိုမူ နိုင်ငံလူဦးရေ၏ လူများစုဖြစ်ကြသော်လည်း နိုင်ငံတော်အဆင့် ကိုယ်စားပြုပါဝင်ခွင့် မပေးအပ်ထားချေ။ လူဖြူများက (house of assembly) တွင် ၁၇၈ နေရာ၊ အသားအရောင်ရှိ လူမျိုးများက (house of representatives) တွင် ၈၅ နေရာနှင့် အိန္ဒိယလူမျိုးတို့က (house of delegates) တွင် ၄၅ နေရာစီ အသီးသီးရရှိထားကြသည်။ လွှတ်တော်တစ်ရပ်စီတွင် မိမိတို့ လူမျိုးစုဆိုင်ရာ ကိစ္စရပ်များနှင့်သက်ဆိုင်သည့် ဥပဒေများကို ပြဋ္ဌာန်းသည်။ ထိုဥပဒေများတွင် ကျန်းမာရေး၊ ပညာရေးနှင့် အခြားသော လူမှုရေးဆိုင်ရာ ကိစ္စရပ်များလည်း ပါဝင်ပေသည်။ လွှတ်တော် (၃) ရပ်လုံးမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် အစိုးရအဖွဲ့သည် ကာကွယ်ရေး၊ စက်မှုလုပ်ငန်း၊ အခွန်ကောက်ခံခြင်းနှင့် လူမည်းရေးရာတို့နှင့်သက်ဆိုင်သောဥပဒေအားလုံးတို့ကိုကိုင်တွယ်ဆောင်ရွက်သည်။ မည်သို့ပင်ဆိုစေကာမူ ထိုအစိုးရအဖွဲ့တွင် လူဖြူကိုယ်စားပြု လွှတ်တော်မှ အများစု ပါဝင်နေပြီး နိုင်ငံကို လူဖြူများကသာ ချုပ်ကိုင်ထားစေသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်သည် အသားအရောင်ရှိ လူမျိုးများနှင့် အိန္ဒိယလူမျိုးတို့ကို ကိုယ်စားပြုပါဝင်ခွင့်အချို့ ပေးအပ်ထားသော်လည်း တြိုင်ကာမီရယ် ပါလီမန်အတွက် ပထမဆုံးသော ရွေးကောက်ပွဲကို အသားအရောင်ရှိ လူမျိုးများ၊ အိန္ဒိယ မဲပေးသူများက သပိတ်မှောက်ခဲ့ကြသည်။ ထိုအချက်က (အပ်ပါတိုက်) လူမျိုးရေးခွဲခြားမှုကို ဆန့်ကျင်သည့်စည်းလုံးမှုသည် လူဖြူမဟုတ်သူတို့၏ နှလုံးသားတွင် ကိန်းအောင်းလျက်ရှိသည်ကို ဖော်ပြနေသည်။ တြိုင်ကာမီရယ် ပါလီမန်ဖွင့်လှစ်လိုက်ခြင်းက မြို့ပြနယ်မြေတစ်ဝိုက်ရှိ မြို့နယ်အသီးသီးတွင် ဆန့်ကျင်ဆန္ဒပြပွဲများနှင့် အဓိကရုဏ်းများ ဖြစ်ပွားစေခဲ့သည်။ ဤသည်ပင်လျှင် (အပ်ပါတိုက်) လူမျိုးရေးခွဲခြားသည့် အစိုးရအပေါ် လူမည်းခုခံရေး လှုပ်ရှားမှု၏ အကြာမြင့်ဆုံးကာလ 'အစ' ဖြစ်ခဲ့ပေသည်။



## ဖြစ်ရပ်လေ့လာချက် (၂)







တမီးလ်ကျား ခေါ် LTTE အဖွဲ့သည် တမီးလ်လက်နက်ကိုင် သူပုန်တပ်ဖွဲ့ကြီး ဖြစ်ပြီး ၁၉၇၆ ခုနှစ်မှ ၂၀၀၉ ခုနှစ် တွင် မကျဆုံးမီအထိ သီရိလင်္ကာအစိုးရကို တိုက်ခိုက်ခဲ့သည်။

### သီရိလင်္ကာရှိ လူမျိုးစုနိုင်ငံရေး

၁၉၅၀ ပြည့်နှစ်များ အလယ်ကာလအတွင်းက ဘာသာရေး၊ ယဉ်ကျေးမှုနှင့် ဘာသာစကားဆိုင်ရာ ပြဿနာရပ်များသည် သီရိလင်္ကာနိုင်ငံရေး၏ အရေးပါဆုံးသော ပြဿနာများ ဖြစ်ခဲ့သည်။ SLFP ပါတီသည် လူမျိုးစုနိုင်ငံရေးကို အလေးပေးထားရှိပြီး (၁၉၅၆) အထွေထွေရွေးကောက်ပွဲတွင် အောင်မြင်မှု အကြီးအကျယ်ရရှိခဲ့သည်။

SLFP ပါတီအာဏာ ရရှိလာသည့်အခါတွင် ရုံးသုံးဘာသာစကားဆိုင်ရာ အက်ဥပဒေကို အစိုးရသစ်ကချမှတ်ခဲ့သည်။ ထိုဥပဒေတွင် ဆင်ဟာလာ (sinhala) ဘာသာစကားကို ရုံးသုံးဘာသာစကားအဖြစ် သတ်မှတ်ထားသည်။ ထိုအက်ဥပဒေက တမီးလ်လူမျိုးတို့အတွက် ဘာသာစကား၊ ယဉ်ကျေးမှုနှင့် စီးပွားရေးအခြေအနေတို့ကို ထိပါးနိုင်သည်ဟု ရှုမြင်လာကြပြီး တုံ့ပြန်မှုများ လုပ်ဆောင်ခဲ့ကြသည်။ ပြည်ထောင်စုပါတီက ဆက်ရဂရာဟ (satyagraha) - အကြမ်းမဖက်ဆန္ဒပြပွဲ) တစ်ပွဲကို ကျင်းပခဲ့ပြီး အစိုးရနှင့် တမီးလ်မျိုးနွယ်လူနည်းစုတို့အကြား သဘောတူညီချက်တစ်ရပ် ရရှိနိုင်ခဲ့သည်။

ထိုသဘောတူညီချက်အရ တမီးလ်နယ်မြေတို့၌ တမီးလ်တို့ ကိုယ်ပိုင်ထိန်းချုပ်နိုင်ကြမည်ဖြစ်ပြီး အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များအတွက် တမီးလ်ဘာသာစကားကို အသုံးပြုခွင့် ရရှိကြမည်ဖြစ်သည်။ သို့သော်လည်း ဗုဒ္ဓဘာသာဘုန်းကြီးတို့က ထိုသဘောတူညီမှုစာချုပ်မှာ 'ဆင်ဟာလီလူမျိုး ဗုဒ္ဓဘာသာတို့အပေါ် သစ္စာဖောက်ဖျက်ရာရောက်သည်' ဟု ဆိုထားပြီး ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ပွဲတစ်ရပ်ဆင်နွှဲခဲ့ကြသည့်အတွက်ကြောင့် ထိုစာချုပ်မှာ လက်တွေ့အကောင်အထည်မဖော်နိုင်ခဲ့ချေ။ ထိုသို့သော ဆင်ဟာလီနှင့် တမီးလ်တို့အကြား ပြင်းထန်သည့် အကွဲအပြဲများသည် အဆုံးတွင် လူမျိုးရေးအဓိကရုဏ်းများ ဖြစ်ပွားပေါ်ပေါက်စေခဲ့ပြီး ပြည်တွင်းစစ်ကြီး ဖြစ်ပွားစေရသည့် အကြောင်းရင်းတစ်ချက်လည်းဖြစ်သည်။

ထိုအချိန်မှစပြီး မဲပေးမှုများသည် မျိုးနွယ်စုကိုသာ အခြေခံကျင့်သုံးတော့သည်။ ဥပမာဆိုရသော် ပါတီ (၄) ပါတီ ပါဝင်သည့် တမီးလ်အမျိုးသားရေးညွန့်ပေါင်း (TLA) သည် တမီးလ်လူများစုရှိသည့် မြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသများတွင် အနိုင်ပိုင်းနိုင်ခဲ့သည်။ တစ်ဖက်တွင်လည်း ဗုဒ္ဓဘာသာဘုန်းတော်ကြီးများ ဦးဆောင်သော ဇာတိက ဟိလ ဥရုမရ (Jathika Hela Urumaya-JHU) ပါတီသည် ပါလီမန်အတွက် ကိုယ်စားလှယ် (၉) ဦးစာ အနိုင်ရရှိခဲ့သည်။ ထို့အတူပင် သီရိလင်္ကာမွတ်ဆလင်ကွန်ဂရက် (Sri Lanka Muslim Congress - SLMC) သည် မွတ်ဆလင်များ နေထိုင်သည့်ဒေသများတွင် နေရာ ၅ နေရာ အနိုင်ရရှိခဲ့ပေသည်။

### လေ့ကျင့်ခန်း

၁။ ထိုဖြစ်ရပ်လေ့လာချက်တို့တွင် ပဋိပက္ခများ နှင့် ပူးပေါင်းဆောင်ရွက်မှုတို့က မည်သည့် အခန်းကဏ္ဍမှ ပါဝင်ခဲ့ကြသနည်း။

၂။ ထိုဖြစ်ရပ်လေ့လာချက်များသည် လူမျိုးစုအခြေပြု အမျိုးသားရေးဝါဒ သို့မဟုတ် နိုင်ငံသားအခြေပြု အမျိုးသားရေးဝါဒတို့၏ ဥပမာများလော။ အဘယ်ကြောင့်နည်း။

၃။ ဖြစ်ရပ်တို့တွင် ပါရှိသည့် အစိုးရ၏မူဝါဒများသည် မျှတသည်ဟု ထင်ပါသလား။ အဘယ်ကြောင့်နည်း။

၄။ ထိုဖြစ်ရပ်လေ့လာချက်တို့က မိမိတို့နိုင်ငံရှိ နိုင်ငံရေးနှင့် မည်သို့ ဆက်စပ်နေသနည်း။

# အခန်း (၅) – အစိုးရ (Government)

## အကြိုသင်ခန်းစာ

အစိုးရတစ်ရပ် ဆိုသည်မှာ အဘယ်နည်း။

## ၅.၁ အစိုးရ

### ၅.၁.၁ အစိုးရ

'အစိုးရ' ဟူသည့် ဝေါဟာရကို အရိုးရှင်းဆုံး ဖွင့်ဆိုပြရမည်ဆိုပါက 'နိုင်ငံတော်၏ ခေါင်းဆောင်မှု' ဟူ၍ ဖွင့်ဆိုနိုင်သည်။ အစိုးရသည် 'ပြည်သူ့ရေးရာ မူဝါဒများ' ကို ဆုံးဖြတ်ချက်ချမှတ်နိုင်၊ အကောင်အထည်ဖော်နိုင်သည့် လုပ်ပိုင်ခွင့်ရရှိထားသော နိုင်ငံရေး အဆောက်အအုံယန္တရား (အင်စတီကျူးရှင်း) များ ဖြစ်ကြသည်။ ထိုဆုံးဖြတ်ချက် များသည် ပြည်သူတို့အတွက် အရင်းအမြစ်များ၊ အခွင့်အရေးများ မျှဝေချထားခြင်းနှင့် သက်ဆိုင်သည်။ ပြည်သူ့ရေးရာ အရင်းအမြစ်များတွင် အခွန်၊ သဘာဝအရင်းအမြစ်များနှင့် အခြားသော ပြည်သူပိုင် ပစ္စည်းတို့မှရရှိသည့် အစိုးရ၏ အခွန်ဘဏ္ဍာများ ပါဝင်သည်။ ပြည်သူ့ရေးရာ အခွင့်အရေးတို့တွင် ပညာရေး၊ ကျန်းမာရေးနှင့် အခြားသော လူမှုဝန်ဆောင်မှုများ ရရှိအသုံးပြုနိုင်ခြင်းတို့ ပါဝင်သည်။ ထိုဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်တို့ကို ဖြေရှင်းဆောင်ရွက်ရန်နှင့် လူ့အဖွဲ့အစည်းအတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးတို့ကို စောင့်ထိန်းပေးရန်တို့အတွက် အစိုးရများတွင် တာဝန်ရှိကြပေသည်။



▲ နေပြည်တော်ရှိ မြန်မာနိုင်ငံအစိုးရရုံး တစ်ရုံး

## လုပ်ငန်းများ

ကျွန်ုပ်တို့အနေဖြင့် အစိုးရတစ်ရပ်ဖြစ်ပါက –

၁။ အဖွဲ့များ ဖွဲ့ပြီး ဘေးတစ်ဖက်ပါ စာရင်းကို ကြည့်ရှု သုံးသပ်ပေးပါ။ အဖွဲ့တစ်ဖွဲ့စီအနေဖြင့် ဒေါ်လာ သန်းပေါင်း (၁၀၀) ခန့် ဘတ်ဂျက် (လျာထားငွေ) ရှိမည်ဆိုပါက မည်သို့ သုံးစွဲမည်နည်း။

၂။ မိမိတို့၏ ဘတ်ဂျက် (လျာထားငွေ) အစီအစဉ်ကို အတန်းသို့ရှင်းလင်းတင်ပြပေးပြီး မည်သို့ ဆုံးဖြတ်ချက် ချမှတ်သည်ကိုပါ ဖော်ပြပေးပါ။

၃။ တစ်တန်းလုံးအနေဖြင့် အားလုံးသဘောတူညီမည့် ဘတ်ဂျက် (လျာထားငွေ) အစီအစဉ် တစ်ရပ်ကို ဆုံးဖြတ်ပေးပါ။

- လူမှုဖူလုံရေး
- အမျိုးသားလုံခြုံရေး
- တရားရုံးလုပ်ငန်း
- ဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး
- လူ့အခွင့်အရေးများ
- ဖွံ့ဖြိုးတိုးတက်မှု

## ၅.၁.၂ ပြည်သူ့ရေးရာ မူဝါဒများနှင့် ဥပဒေများ

ပြည်သူ့ရေး ရာမူဝါဒဆိုသည်မှာ အစိုးရ၏ ရည်မှန်းချက်များ ပြည့်မီရန်အတွက် စီစဉ်ဆောင်ရွက်မှုတို့ပင်ဖြစ်သည်။ ထိုရည်မှန်းချက်များသည် ပြည်သူတို့၏ လိုအပ်ချက်များ ပြည့်မီရန်နှင့် လူ့အဖွဲ့အစည်း၏ ပြဿနာများကို ဖြေရှင်းပေးရန် ဦးတည်ထားတတ်ကြသည်။ အစိုးရများသည် အာဏာ ပိုင်ဆိုင်ထားသည့် အတောအတွင်း ထိုမူဝါဒများချမှတ်ခြင်း၊ အကောင်အထည်ဖော်ခြင်း၊ ကြပ်မတ်ဆောင်ရွက်ခြင်းတို့အတွက် အများပြည်သူဆိုင်ရာ နိုင်ငံရေးအဆောက်အအုံယန္တရားများကို အသုံးပြုလျက် ဖော်ဆောင်ပေးတတ်ကြသည်။

ပြည်သူ့မူဝါဒဆိုင်ရာ ဆုံးဖြတ်ချက်များသည် အများပြည်သူတို့၏ အရင်းအမြစ်များနှင့် အခွင့်အရေးများအား မည်သို့ မျှဝေခံစားနိုင်မည်ကို သတ်မှတ်ပေးသည်။ ဒီမိုကရေစီစနစ်တွင် အစိုးရများသည် ရွေးကောက်တင်မြှောက်ခံထားရခြင်း ဖြစ်သည်။ မဲပေးသူအများစုက မိမိတို့ ကိုယ်တိုင် ရွေးကောက်ထားသည့် အစိုးရ၏ အကြံပြုထားသော မူဝါဒများသည် တိုင်းပြည်အတွက် အကောင်းဆုံးဖြစ်စေလိမ့်မည်ဟု လက်ခံထားကြသည်။ ထို့ကြောင့်လည်း ပြည်သူ့ရေးရာမူဝါဒနှင့် သက်ဆိုင်သည့် ဆွေးနွေးပြောဆိုမှုများသည် ဒီမိုကရက်တစ်နိုင်ငံရေးတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

အစိုးရတစ်ရပ်၏ လုပ်ပိုင်ခွင့်သည် ဥပဒေမှတစ်ဆင့်သာ သက်ရောက်နိုင်သည်။ ဥပဒေများသည် ဒီမိုကရက်တစ်အစိုးရတို့၏ မူဝါဒပန်းတိုင်များ ပြည့်မီစေရေးတွင်လည်း အရေးပါလှသည်။ ပြည်သူတို့၏ အကျင့်စရိုက်များ၊ လူနေမှုအဆင့်အတန်းနှင့် အရင်းအမြစ်၊ အခွင့်အရေးတို့ကို ရယူ သုံးစွဲနိုင်မှုတို့အား ဥပဒေဖြင့်သာ ကိုင်တွယ်ရသည်။ ထိုအခွင့်အာဏာကို အသုံးပြုခြင်းဖြင့် ဒီမိုကရက်တစ်အစိုးရများသည် လူမှုပြဿနာများ ဖြေရှင်းရန်နှင့် ပြည်သူ့လိုအပ်ချက်များ ပြည့်မီစေရန်တို့အတွက် လုပ်ဆောင်ကြရပေသည်။

အစိုးရများသည် ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းရသည်၊ အကောင်အထည်ဖော်ပေးရသည်၊ ပြီးနောက် သက်ရောက်စေရသည်။ ဥပမာအားဖြင့် –

၁။ စက်တပ်ယာဉ် မောင်းနှင်သူတိုင်း လိုင်စင်ကိုင်ဆောင်ရမည်ဟူသော ဥပဒေကို အစိုးရက ဦးစွာချမှတ်ရသည်။

၂။ ထိုဥပဒေကို ပြည်သူလူထုအတွင်း အကောင်အထည်ဖော်ခြင်းဖြင့် နိုင်ငံသားများ သိရှိဂရုပြုလာစေရသည်။

၃။ လိုင်စင်မဲ့ယာဉ် မောင်းနှင်သူ မည်သူမဆို ဖမ်းဆီးမိလျှင် ရဲများက ထောင်ဒဏ်ချမှတ်ခြင်း (သို့) ဒဏ်ငွေတပ်ခြင်းတို့ဖြင့် အရေးယူရမည်။

### (က) ဥပဒေများနှင့် မူဝါဒတို့အကြား ခြားနားချက်

မူဝါဒများဆိုသည်မှာ အစိုးရတစ်ရပ်က ပြီးမြောက်အောင်မြင်လိုသည့် ရည်မှန်းချက်ပန်းတိုင်များ ဖြစ်ပြီး ဥပဒေဆိုသည်မှာ ထိုရည်မှန်းချက် ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်ရာတွင် အသုံးချရသည့် အကူပစ္စည်းများသာဖြစ်သည်။

- ဥပဒေတစ်ခု ချမှတ်လိုက်သည့်အခါတွင် နိုင်ငံသားတိုင်းအပေါ် သက်ရောက်မှုရှိသည်။ မူဝါဒတို့မှာမူ ရေးဆွဲသူ အစိုးရတို့နှင့်သာ သက်ဆိုင်သည်။ ထိုမူဝါဒတို့အပေါ်တွင် ကန့်ကွက်သူလည်း ရှိနိုင်သည်၊ နောင်တက်လာသည့် အစိုးရကလည်း မျက်ကွယ်ပြုထားနိုင်သည်။
- ဥပဒေများသည် ရေရှည် တည်တံ့သည်။ ဥပဒေတစ်ရပ်ကို ပြင်ဆင်ရန်၊ ဖြုတ်ပယ်ရန်အတွက် လုပ်ထုံးလုပ်နည်းအရ ဆောင်ရွက်ရသည်။ ထို့အပြင် အစိုးရ အသစ်တက်သည့် အခါတိုင်း မူဝါဒများ ကွဲပြားနိုင်သည်။

### အကြိုသင်ခန်းစာ

၁။ 'ပြည်သူ့ရေးရာ မူဝါဒ' ဆိုသည်မှာ အဘယ်နည်း။

၂။ 'ဥပဒေ' တစ်ရပ်ဆိုသည်မှာ အဘယ်နည်း။

၃။ ထိုပြည်သူ့ရေးရာ မူဝါဒနှင့် ဥပဒေများ သည် မည်သည့်အတွက် ဖြစ်သည်ဟု သုံးသပ်မိသနည်း။




▲နိုင်ငံတိုင်းတွင် ဥပဒေရှိသည်။ အစိုးရသည် ဥပဒေများကို ချမှတ်သည်၊ အကောင်အထည် ဖော်ရသည်၊ သက်ရောက်စေရသည်။



## လုပ်ငန်းများ

### လူဦးရေ တိုးပွားမှုဆိုင်ရာ မူဝါဒများ

၁။ အောက်ပါဖြစ်ရပ်ကို လေ့လာ ဖတ်ရှုပေးပါ။ အဖွဲ့နှင့်အတူ မူဝါဒ (၆) ရပ် အတွက် ပိုရမစ်ပုံသတ်မှတ်ချက် တစ်ရပ် ဖန်တီးပေးပါ။

၂။ အဖွဲ့တိုင်း ပိရမစ်ပုံကို ရေးဆွဲပြီးပါက မိမိတို့၏ပုံများကို မျှဝေ ကြည့်ရှုစေပြီး တစ်တန်းလုံး သဘောတူ လက်ခံနိုင်သည့် ပိရမစ်ပုံရရှိသည်အထိ ကြိုးပမ်းပေးပါ။

၃။ ထိုမူဝါဒများအနက် မည်သည်တို့က လွတ်လပ်မှုဗဟိုပြု လစ်ဘရယ်ဝါဒီ ပိုကျသည်၊ မည်သည်တို့က ရှေးရိုးစွဲ ကွန်ဆာဗေးတစ်ပိုဆန်သည်၊ မည်သည်က လူမှုဘဝညီမျှမှုဗဟိုပြု ဆိုရှယ်လစ်အယူအဆ ပိုကျသည်နှင့် ၎င်းတို့၏ အကြောင်းရင်းတို့ကိုပါ ဆွေးနွေး သုံးသပ်ပေးပါ။

ဖြစ်ရပ်

မိမိတို့တိုင်းပြည်တွင် ပြဿနာရပ်ကြီးတစ်ရပ်နှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။ နိုင်ငံ၏လူဦးရေသည် ပြည်သူများကို ပေးစွမ်းနိုင်သည့် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှု စွမ်းရည်ထက် ကျော်လွန်ပြီး တိုးပွားလာလျက် ရှိနေသည်။ မိမိတို့ အစိုးရအဖွဲ့အနေဖြင့် ထိုပြဿနာရပ်ကို ဖြေရှင်း ဆောင်ရွက်စေမည့် မူဝါဒတစ်ရပ်ကို ဆုံးဖြတ်ပေးပါ။

**(က) အခွန်အခဆိုင်ရာ မူဝါဒ**

ပြည်သူများကို စီးပွားရေး မက်လုံးများပေးခြင်းက လူမှုပြောင်းလဲရေးအတွက် ထိရောက်သည့် နည်းလမ်းတစ်ရပ် ဖြစ်စေနိုင်သည်။ ထိုမူဝါဒများမှတစ်ဆင့် ပြည်သူတစ်ဦးချင်းစီအတွက် အခွန်အခ လျှော့ချကောက်ခံစေပြီး မိသားစုငယ်လေးများအား ရင်သွေးများစွာ မယူစေမည့် ဥပဒေများကို ဖန်တီးပေးနိုင်ကြမည်။

**(ခ) အမျိုးသမီး စွမ်းဆောင်ရည် မြှင့်တင်ရေး မူဝါဒများ**

အမျိုးသမီးများသည် မိမိတို့၏ စွမ်းဆောင်ရည် မြှင့်တင်ရေး အကူအညီများဖြင့် လုပ်ငန်းခွင်တွင် အောင်မြင်လိမ့်မည်ဟု ယူဆထားပါက ရင်သွေး အနည်းငယ်သာယူရန် ဆုံးဖြတ်တတ်ကြသည်။ ထိုမူဝါဒများသည် အမျိုးသမီးများအတွက် ပညာရေးနှင့် အလုပ်အကိုင်များ ဖန်တီးပေးနိုင်မည့် ဥပဒေများ ပေါ်ပေါက်လာစေနိုင်ပေသည်။

**(ဂ) နာမကျန်းသူများနှင့် ဘိုးဘွားတို့အား စောင့်ရှောက်ပေးရေး မူဝါဒ**

လူအများအနေဖြင့် အိုမင်းရင့်ရော်သည့်အခါနှင့် နာမကျန်းသည့်အခါတွင် ၎င်းတို့အား စောင့်ရှောက်ပေးရန်အလို့ငှာ ကလေးအများအပြား ယူတတ်ကြသည်။ အသက်အရွယ်ကြီးမြင့်ချိန်တွင် အစောင့်အရှောက်ခံရမည်ဟု စိတ်အေးရပါက ကလေးများစွာ မယူတတ်ကြကြောင်း လေ့လာ သိရှိထားသည်။ ထိုမူဝါဒများသည် လူမှုလုံခြုံရေးစနစ်များ ဖွံ့ဖြိုးစေပြီး သက်ကြီးရွယ်အိုများ ပင်စင်လစာနှင့် စောင့်ရှောက်မှုများ ခံစားရရှိစေမည့် ဥပဒေများအထိ ပေါ်ထွန်းလာစေမည် ဖြစ်သည်။

**(ဃ) ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒ**

ကျေးလက်နေပြည်သူများသည် မိမိတို့၏ လယ်ယာလုပ်ငန်းခွင်တွင် ကူညီ လုပ်ကိုင်စေရန်အလို့ငှာ မိသားစု ကြီးကြီးမားမား ထားရှိတတ်ကြသည်။ လယ်ယာ လုပ်ငန်းခွင်အတွက် ချေးချယ်စရာများ ပေးစွမ်းထားမည်ဆိုပါက ထိုဒေသများတွင် မွေးဖွားမှုနှုန်းများ လျော့ကျလာနိုင်သည်။ ထိုမူဝါဒများသည် ကျေးလက် ဒေသများတွင် စီးပွားရေးနှင့် ပြည်သူ့ရေးရာအလုပ်အကိုင်များ ဖန်တီးပေးမည့် ဥပဒေများ ဖြစ်ထွန်းလာစေမည် ဖြစ်သည်။

**(င) ပညာရေး မူဝါဒ**

ပညာ ကောင်းမွန်စွာ ရယူသင်ကြားနိုင်သည့် လူငယ်လူရွယ်များသည် ကလေးရယူမှု လျော့နည်းတတ်ကြသည်။ ထို့အပြင် ကျန်းမာရေးဆိုင်ရာနှင့် မိသားစု အစီအစဉ်ချခြင်းတို့ကို ပိုမို နားလည်ထားကြသည်။ ထိုမူဝါဒများသည် မိသားစုအစီအစဉ်ချခြင်းဆိုင်ရာ အချက်အလက်များနှင့် ဝန်ဆောင်မှုများကို လူငယ်များ သိရှိ ခံစားလာစေမည့် ဥပဒေများ ပေါ်ပေါက်လာစေမည်။

**(စ) ရွှေ့ပြောင်းအခြေချမှု မူဝါဒ**

နိုင်ငံအတွင်းသို့ ရွှေ့ပြောင်းအခြေချမှုကို အကန့်အသတ်ထားလိုက်ခြင်းက လူဦးရေတိုးပွားမှုကို လျော့ကျစေသည်။ ထိုမူဝါဒများသည် တိုင်းပြည်အတွင်းသို့ ပြောင်းရွှေ့အခြေချ ဝင်ရောက်နေထိုင်ခြင်းတို့မှ တားဆီး ကာကွယ်ပေးမည့် ဥပဒေများ ပေါ်ပေါက်လာနိုင်သည်။

## ၅.၁.၃ အစိုးရ၏ မဏ္ဍိုင် (၃) ရပ်

အစိုးရ၏ အဓိက လုပ်ငန်းတာဝန် (၃) ရပ်ရှိသည်။ ၎င်းတို့မှာ ဥပဒေများကို ရေးဆွဲခြင်း၊ ဥပဒေများကို အကောင်အထည်ဖော်ခြင်းနှင့် ဥပဒေများ သက်ရောက်စေခြင်းတို့ပင် ဖြစ်ကြသည်။ ထိုလုပ်ငန်းတာဝန် (၃) ရပ်ကို အောက်ဖော်ပြပါ အစိုးရမဏ္ဍိုင် (၃) ရပ်မှ ဆောင်ရွက်သည်။

- ဥပဒေပြုရေး မဏ္ဍိုင် (ဥပဒေများ ရေးဆွဲခြင်း)
- အုပ်ချုပ်ရေး မဏ္ဍိုင် (ဥပဒေများ အကောင်အထည်ဖော်ခြင်း)
- တရားစီရင်ရေး မဏ္ဍိုင် (ဥပဒေများ သက်ရောက်စေခြင်း)

ဒီမိုကရက်တစ်အစိုးရ၏ အရေးပါလှသည့် လက္ခဏာရပ်တစ်ရပ်မှာ ထိုအစိုးရမဏ္ဍိုင် (၃) ရပ်သည် သီးသန့်စီ လွတ်လွတ်လပ်လပ် ရပ်တည်ကြခြင်းပင် ဖြစ်သည်။ ထိုမဏ္ဍိုင် (၃) ရပ်တို့၏ လုပ်ငန်းတာဝန်များမှာ နီးကပ်စွာ ဆက်နွယ်နေကြသော်လည်း မဏ္ဍိုင်တစ်ရပ်စီအနေဖြင့် အခြားမည်သည့် မဏ္ဍိုင်ကမှ မစွက်ဖက်စေနိုင်မည့် ကိုယ်ပိုင်အခွင့်အရေးများ၊ တာဝန်များနှင့် အာဏာတို့ကို အပ်နှင်းခံထားကြရသည်။ ထိုအယူအဆကို 'အာဏာခွဲဝေကျင့်သုံးမှု' ဟုခေါ်တွင်ပြီး နိုင်ငံတော်တို့၏ အခြေခံဥပဒေများတွင် ထည့်သွင်းပြဋ္ဌာန်းထားသည်။

### (က) အာဏာခွဲဝေကျင့်သုံးမှု (Separation of Powers)

အာဏာခွဲဝေကျင့်သုံးမှု၏ အဓိကရည်ရွယ်ချက်မှာ နိုင်ငံရေးအဆောက်အအုံယန္တရားတစ်ခုမှ အခြားသော နိုင်ငံရေးအဆောက်အအုံယန္တရားများအပေါ် ယေဘုယျအားဖြင့် နိုင်ငံတော်တစ်ရပ်လုံး၌ တရားမဲ့ စိုးမိုးအုပ်ချုပ်မှုမျိုးမှ ကာကွယ်တားဆီးရန်ဖြစ်သည်။ နိုင်ငံတော်အာဏာရှင်စနစ်ကျင့်သုံးသည့် အစိုးရများတွင် အာဏာ အစစ်အမှန်ကို အစိုးရမဏ္ဍိုင်တစ်ရပ်တည်းကသာ ချုပ်ကိုင်ထားကြသည် (အများအားဖြင့် အုပ်ချုပ်ရေးမဏ္ဍိုင်မှ ဖြစ်သည်)။ ကျန်မဏ္ဍိုင်တို့မှာမူ အုပ်ချုပ်ရေးမဏ္ဍိုင်၏ ချယ်လှယ်လွှမ်းမိုးမှုကို ခံကြရသည်။ ထိုအချက်က တရားဥပဒေစိုးမိုးမှုကို ယိုင်နဲ့စေပြီး အဂတိလိုက်စားမှုများ၊ ပရမ်းပတာ အခြေအနေများသို့ ပေါ်ပေါက်လာစေသည်။ ထိုအခြေအနေမျိုးကို အာဏာ ပိုင်းခြားခြင်းဖြင့်သာ ရှောင်ရှားနိုင်မည်ဖြစ်သည်။ ထိုသို့ ရှောင်ရှားနိုင်ရန်အတွက် အစိုးရမဏ္ဍိုင်တို့အကြားတွင် အာဏာမျှဝေထားရပြီး၊ မည်သည့် မဏ္ဍိုင်ကမှ အာဏာအလွန်အကျွံ မရရှိစေရချေ။

အာဏာခွဲဝေကျင့်သုံးမှုသည် မည်သည့် အစိုးရမဏ္ဍိုင်ကမျှ သီးခြားရပ်တည်၍မရ၊ အခြားမဏ္ဍိုင်တို့နှင့် ပူးပေါင်းရပ်တည်ရန် လိုအပ်သည်ဟုလည်း ဖွင့်ဆိုနိုင်သည်။ ထိုမဏ္ဍိုင် အသီးသီးအနေဖြင့် နိုင်ငံတော်၏ အရေးပါသည့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အတူတကွ သဘောတူ လက်ခံလာစေခြင်းဖြင့် ပွင့်လင်း မြင်သာမှုနှင့် ပါဝင်မှုတို့ကို ပေးစွမ်းနိုင်ကြပေသည်။

### (ခ) အပြန်အလှန် ထိန်းကျောင်းမှုစနစ် (Checks and Balances)

အာဏာခွဲဝေကျင့်သုံးမှု၏ အကျိုးဆက်အနေဖြင့် အပြန်အလှန် ထိန်းကျောင်းမှု (check and balance) စနစ်ကို ပေါ်ပေါက်လာစေသည်။ ထိုစနစ်သည် အစိုးရမဏ္ဍိုင် အချင်းချင်းအကြား အာဏာ ကန့်သတ်စေပြီး မဏ္ဍိုင် (၃) ရပ် စလုံး၏ အာဏာကို မျှတစေသည်။ ဥပမာအားဖြင့် ဆိုရသော် အမေရိကန်ပြည်ထောင်စုတွင် ဥပဒေပြုရေးမဏ္ဍိုင်သာလျှင် ဥပဒေတစ်ရပ်ကို ပြုစုနိုင်သည့် အာဏာရှိထားပြီး သမ္မတအနေဖြင့် ထိုဥပဒေပြုရေးမဏ္ဍိုင်၏ ပြဋ္ဌာန်းလိုသည့် ဥပဒေများကို ဗီတိုအာဏာဖြင့် ပယ်ချနိုင်သည့် အခွင့်အရေးရှိသည်။

**အကြိုသင်ခန်းစာ**

၁။ အစိုးရ၏ 'မဏ္ဍိုင်' (၃) ရပ်မှာ အဘယ်နည်း။

၂။ ထိုမဏ္ဍိုင်တို့၏ ရည်ရွယ်ချက်များမှာ မည်သည်တို့ဖြစ်သနည်း။



▲ နေပြည်တော်ရှိ မြန်မာနိုင်ငံ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ အမှတ်တံဆိပ်ပုံ

ထိန်းကျောင်းမှုစနစ်သည် မတူညီသည့် မဏ္ဍိုင်များအား အတူတကွ လုပ်ဆောင်လာစေသည်။ ထိုမဏ္ဍိုင်တို့မှာ အချင်းချင်း အမှီသဟဲပြုနေရလျက် ရှိသည်။ ဥပမာအားဖြင့် အမေရိကန်ပြည်ထောင်စုတွင် အုပ်ချုပ်ရေးမဏ္ဍိုင်သည် စစ်တပ်၏ ကာကွယ်ရေးဦးစီးချုပ် (ဦးဆောင်သူ) ဖြစ်သော်လည်း ဥပဒေပြုရေးမဏ္ဍိုင်ကသာလျှင် စစ်ကြေညာခွင့် ရှိသည်။ ထိုဥပမာအရ စစ်တပ်ကို အမိန့်ပေးနိုင်မှု အာဏာနှင့် စစ်ကြေညာနိုင်သည့် အာဏာတို့သည် တူညီစွာ အရေးပါကြသည်ကို တွေ့ရှိနိုင်သည်။ သို့ရာတွင် ထိုအာဏာတို့ကို မတူညီသော မဏ္ဍိုင် (၂) ရပ်က ချုပ်ကိုင်ထားကြသည့်အတွက်ကြောင့် ထိုမဏ္ဍိုင်တို့မှာ မိမိတို့ သဘောအတိုင်း စစ်ဆင်နွှဲနိုင်ခြင်း မရှိကြချေ။

**လေ့ကျင့်ခန်း**

၁။ 'အာဏာခွဲဝေကျင့်သုံးမှု' ၏ကောင်းကျိုးများမှာ အဘယ်နည်း။

၂။ ထိုသို့ အာဏာခွဲဝေကျင့်သုံးမှုထားခြင်း၏ ဆိုးကျိုးများကို သုံးသပ်မိပါသလား။

**အကြိုသင်ခန်းစာ**

၁။ ဥပဒေပြုရေး ဆိုသည်မှာ အဘယ်နည်း။

၂။ ဥပဒေများကိုမည်သို့ရေးဆွဲချမှတ်သနည်း

၃။ မိမိတို့တိုင်းပြည်တွင် မည်သည့် ဥပဒေများ လိုအပ်သနည်း။

## ၅.၁.၄ ဥပဒေပြုရေး

ဥပဒေပြုရေးဆိုသည်မှာ မတူကွဲပြားသော လူမှုအစုအဖွဲ့အသီးသီးမှ ရွေးကောက် တင်မြှောက်ခံထားရသည့် ကိုယ်စားလှယ်များမှ စုဝေး၍ ဆုံးဖြတ်ချက် ချမှတ်ခြင်းတို့ကို အတူတကွ ဆောင်ရွက်ရာ နိုင်ငံရေးအဆောက်အအုံယန္တရား (အင်စတီကျူးရှင်း) တစ်ခုဖြစ်သည်။ ဥပဒေပြုရေး၏ အဖွဲ့ဝင်များသည် မိမိတို့ကို ရွေးကောက်ထားကြသူ မဲဆန္ဒရှင်တို့၏ ရပိုင်ခွင့်များ၊ လုပ်ငန်းရပ်များကို ကိုယ်စားပြုနေကြသည်။ ထိုမဲဆန္ဒရှင် လူမှုအသိုင်းအဝိုင်းတို့သည် အကျိုးစီးပွားအမျိုးမျိုးကို ထားရှိကြသည်။ ထိုသူတို့၏ လိုအပ်ချက်များနှင့် လိုလားချက်များကို ဖြည့်ဆည်းပေးနိုင်ရန်မှာ ဥပဒေပြုသူများက ဥပဒေများကို မျှမျှတတ ရေးဆွဲကြရန် လိုအပ်ပေသည်။






▲U.S ကွန်ဂရက်သည် အမေရိကန်အစိုးရ၏ ဥပဒေပြုရေး မဏ္ဍိုင် ဖြစ်သည်။

ထိုသို့ ဖော်ဆောင်ပေးနိုင်ရန် ဥပဒေပြုသူတို့သည် ချမှတ် ပြဋ္ဌာန်းမည့် ဥပဒေများ (မူကြမ်းများ) ကို သုတေသနပြုရ၊ ဆွေးနွေးငြင်းခုံကြရပေသည်။ သို့ရာတွင် တိုင်းပြည်တစ်ပြည်တွင် လိုအပ်ချက် အမျိုးမျိုးရှိကြသည့်အလျောက် ထိုဆွေးနွေးပြောဆိုမှုများသည် အချိန်ကြာမြင့်တတ်ပြီး အခက်အခဲ အမျိုးမျိုးတို့ကို ရင်ဆိုင် ကျော်လွှားကြရသည်။

ဥပဒေပြုသူတိုင်းသည် မိမိတို့ မဲဆန္ဒရှင်တို့၏ လိုအပ်ချက်ကို ထုတ်ဖော် ပြောဆိုနိုင်ကြသည်။ ထို့အပြင် ဥပဒေတစ်ရပ်က မိမိတို့ အသိုင်းအဝိုင်းအပေါ် မည်သို့ သက်ရောက်မှု ရှိနိုင်သည့် အကြောင်းလည်း သိရှိစေနိုင်မည်။ ဥပဒေတစ်ရပ်အပေါ် ထောက်ခံရန်၊ ကန့်ကွက်ရန် အတွက်လည်း အခြားဥပဒေပြုသူတို့ကို လှုံ့ဆော်စည်းရုံးနိုင်ကြမည်။ ထိုမှသာမက မူကြမ်းတစ်ရပ်အပေါ် လွှတ်တော်အတွင်းရှိ ကိုယ်စားလှယ်အများစု ထောက်ခံသည်အထိ ဆွေးနွေး၍ ပြောင်းလဲမှုများ ပြုလုပ်နိုင်ကြသည်။ ထိုအဆင့်တွင် ထိုမူကြမ်းသည် လက်ခံအတည်ပြုပြီး (သို့) ပြဋ္ဌာန်းပြီး ဖြစ်သည်။ ထိုမူကြမ်းကို အုပ်ချုပ်ရေး (သို့မဟုတ်) တရားစီရင်ရေးမှ ကန့်ကွက်မှုမရှိပါက ဥပဒေတစ်ရပ်အဖြစ် အသက်ဝင်ပေမည်။

### (က) လွှတ်တော်ရုံးတစ်ရပ်ဖြင့် ဖွဲ့စည်းထားသော ဥပဒေပြုရေးနှင့် လွှတ်တော်ရုံး (၂) ရပ်ဖြင့် ဖွဲ့စည်းထားသည့် ဥပဒေပြုရေး (Unicameral and Bicameral Legislatures)

ဥပဒေပြုရေးစနစ်များအနက် အဓိက အမျိုးအစား (၂) ရပ် ရှိသည်။ လွှတ်တော်တစ်ရပ်ဖြင့် ဖွဲ့စည်းထားသော ဥပဒေပြုရေးနှင့် လွှတ်တော် (၂) ရပ် ဖြင့် ဖွဲ့စည်းထားသည့် ဥပဒေပြုရေးတို့ ဖြစ်ကြသည်။ လွှတ်တော်တစ်ရပ်ဖြင့် ဖွဲ့စည်းထားသော စနစ်တွင် လွှတ်တော်ရုံး (house) တစ်ရပ် (သို့မဟုတ် အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသည့် အဖွဲ့တစ်ဖွဲ့) သာ ပါဝင်သည်။

ကမ္ဘာ့နိုင်ငံ တစ်ဝက်ခန့်မှာ လွှတ်တော်တစ်ရပ်ဖြင့် ဖွဲ့စည်းထားသော ဥပဒေပြုရေးဖြစ်သည်။ (ဥပမာ ။ ။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နီပေါနိုင်ငံနှင့် လာအိုနိုင်ငံ)

လွှတ်တော် (၂) ရပ် ဖြင့် ဖွဲ့စည်းထားသည့် ဥပဒေပြုရေးတွင် လွှတ်တော်ပေါင်း (၂) ရပ်တို့ ပါဝင်ပြီး အထက်လွှတ်တော် (upper house) နှင့် အောက်လွှတ်တော် (lower house) တို့ ဟူ၍ဖြစ်သည်။ အထက်လွှတ်တော်၏ အဖွဲ့ဝင်များသည် ကာလကြာ ထမ်းဆောင်ရန် ရွေးကောက်တင်မြှောက်ခံထားရတတ်သည်။ (မြန်မာပြည်တွင် ထိုစနစ်မကျင့်သုံးချေ။) ထိုသူတို့မှာ နောက်ခံအင်အား၊ အတွေ့အကြုံနှင့် အရည်အချင်းတို့ကြောင့် အရွေးချယ် ခံထားကြရခြင်း ဖြစ်သည်။ အောက်လွှတ်တော်တွင်မူ ပြည်သူတို့မှ တိုက်ရိုက် ရွေးချယ်ထားကြခြင်း ဖြစ်ပြီး ကာလတို ထမ်းဆောင်ရန်အတွက် ဖြစ်သည်။ ထို့ကြောင့်လည်း အောက်လွှတ်တော်တွင် ပြည်သူတို့၏ လက်တလော ဆန္ဒသဘောထားများ တိုက်ရိုက်ကိုယ်စားပြုနေကြသည်။ ထိုသဘောထားများကြောင့် အန္တရာယ် မကျရောက်ရစေရန် (အခွင့်အရေး အလွဲသုံးစားပြုခံရမှု၊ အကြမ်းဖက် ပဋိပက္ခများသို့ ဦးတည် မသွားကြစေရန်) အထက်လွှတ်တော်က ကိုင်တွယ်ပေးရသည်။ ဤသည်ပင်လျှင် အထက်လွှတ်တော်သည် အောက်လွှတ်တော်၏ ဆုံးဖြတ်ချက်များကို ဗီတိုအာဏာဖြင့် ပယ်ချနိုင်၊ ပြင်ဆင်နိုင်ခွင့် ရှိရခြင်း အကြောင်းရင်း ဖြစ်သည်။

အထက်လွှတ်တော်၏ အဖွဲ့ဝင်များသည် အောက်လွှတ်တော်ကဲ့သို့ ရွေးကောက်ပွဲများ မှတစ်ဆင့် ရွေးချယ်ခံထားရခြင်း မဟုတ်ကြ။ အထက်လွှတ်တော်များသည် နိုင်ငံအသီးသီး တွင် ကွဲပြားခြားနားကြသည် မှန်သော်လည်း ထိုအထက်လွှတ်တော် များအတွက် အဖွဲ့ဝင် ရွေးချယ်သည့် နည်းလမ်းအချို့တို့မှာ အောက်ပါအတိုင်း ဖြစ်ကြသည်။

- အဖွဲ့ဝင်ဖြစ်ခြင်းသည် မျိုးရိုးအစဉ်အဆက် (မိသားစုတွင်း အဆင့်ဆင့်) လွှဲပြောင်း ရယူသည်လည်း ဖြစ်နိုင်၏၊ အပ်နှင်းခံရခြင်းလည်း ဖြစ်နိုင်၏။
- အထက်လွှတ်တော်အများစုသည် တိုက်ရိုက် ရွေးကောက်ခံထားရခြင်း မဟုတ်၊ အုပ်ချုပ်ရေး (သို့) အခြားသော နည်းလမ်းတို့အရ ခန့်အပ်တာဝန်ပေးထားကြခြင်းဖြစ်သည်။ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသူများ မဟုတ်ကြသည့် ပညာရှင်များ၊ ဩဇာရှိ နိုင်ငံသားများဖြင့် ဖွဲ့စည်းထားသည့် လွှတ်တော်တစ်ရပ်ဖန်တီးရာတွင် ကျင့်သုံးသည်။
- နယ်မြေဒေသအရ ကိုယ်စားပြုခြင်းက အောက်လွှတ်တော်ထက် အထက်လွှတ်တော်တွင် ပိုမို သင့်တော်ပေမည်။ ဥပမာအားဖြင့် ဩစတြေးလျနှင့် အမေရိကန်ပြည်ထောင်စု တို့တွင် ပြည်နယ်တိုင်းမှ ရွေးကောက်ခံထားရသူ အဖွဲ့ဝင်များသည် သတ်မှတ်ထားသည့် အရေအတွက်အတိုင်း အထက်လွှတ်တော်၌ ပါရှိကြသည်။ ထိုသို့ ရွေးကောက်ရာတွင် လည်း ပြည်နယ်တို့၏ လူဦးရေပမာဏအပေါ် အခြေခံခြင်း မရှိချေ။ ဤသည်က လူနည်းစုတို့၏ အခွင့်အရေးများ၊ ရပိုင်ခွင့်များကို အောက်လွှတ်တော်တွင် ရှိသည့် လူများစုကို ကိုယ်စားပြုသည့် ကိုယ်စားလှယ်များက လျစ်လျူရှုမှု မရှိရအောင် ဖန်တီးပေးသည်။

## လေ့ကျင့်ခန်း

စာမျက်နှာ (၉၈) နှင့် (၉၉) တို့ရှိ သင်ခန်းစာ (၅.၁.၄) ကို လေ့လာ ဖတ်ရှုပြီးပါက –

၁။ သင်ခန်းစာ (၅.၁.၄) တွင် မည်သို့သော အာဏာခွဲဝေကျင့်သုံးမှုဆိုင်ရာ ဥပမာမျိုးကို တွေ့မြင်နိုင်သနည်း။

၂။ သင်ခန်းစာ (၅.၁.၄) တွင် မည်သို့သော ထိန်းကျောင်းမှုမျိုးကို တွေ့မြင်နိုင် သနည်း။

## ဆွေးနွေးချက်

၁။ လွှတ်တော်ရုံး (၂) ရပ်ဖြင့် ဖွဲ့စည်းထားသော ဥပဒေပြုရေးရှိသည့် ပါလီမန်တစ်ရပ်၏ ကောင်းကျိုး၊ ဆိုးကျိုး တို့ကို ဖော်ပြပါ။

၂။ လွှတ်တော်ရုံး (၂) ရပ်ဖြင့် ဖွဲ့စည်းထားသော ဥပဒေပြုရေးက လွှတ်တော်ရုံးတစ်ရပ်သာ ပါရှိသည့် ဥပဒေပြုရေးထက် မည်သည့် နည်းလမ်းများအရ ဒီမိုကရက်တစ် ပိုကျသနည်း။ မည်သည့် နည်းများအရ ဒီမိုကရေတ်ဆန်မှု လျော့နည်းသနည်း။ ထိုဝါဒသည် အပေါင်းလက္ခဏာဆောင်သည့် အင်အားတစ်ရပ်အဖြစ် တည်ရှိနေသလော၊ သို့မဟုတ် အနုတ်လက္ခဏာဆောင်သည့် အင်အားတစ်ရပ်အဖြစ် တည်ရှိနေသလော။



## မြန်မာ့ရေးရာ

# ပြည်ထောင်စုလွှတ်တော်၊ မြန်မာနိုင်ငံ၏ ဥပဒေပြုရေး

### ဥပဒေပြုရေး မဏ္ဍိုင်

- ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုလွှတ်တော်ဟု အမည်တွင်သည့် လွှတ်တော်ရုံး (၂) ရပ် ဖြင့် ဖွဲ့စည်းထားသည့် ဥပဒေပြုရေး မဏ္ဍိုင်ကို ဖော်ပြထားသည်။
- ပြည်ထောင်စုလွှတ်တော်တွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ ပါဝင်သည်။
- ဥပဒေများသည် သမ္မတခွင့်ပြုချက်အတွက် မပေးပို့မီ လွှတ်တော် (၂) ရပ်လုံးမှ ထောက်ခံရန် လိုအပ်သည်။
- လွှတ်တော် (၂) ရပ်လုံး၏ အဖွဲ့ဝင်အားလုံးသည် ၅ နှစ်တာကာလ တာဝန်ထမ်းဆောင်ရန် အရွေးချယ်ခံထားကြရခြင်း ဖြစ်သည်။

### ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်)

- ပြည်သူ့လွှတ်တော်တွင် အဖွဲ့ဝင်ပေါင်း ၄၄၀ ဦး အထိ ပါဝင်သည်။
- လွှတ်တော်နေရာ၏ လေးပုံတစ်ပုံ ၂၅% သည် ကာကွယ်ရေးဦးစီးချုပ်မှ တင်သွင်းသည့် တပ်မတော်သားကိုယ်စားလှယ်တို့မှ ထမ်းဆောင်ကြရပြီး၊ ကျန်နေရာများမှာမူ မြို့နယ်ကိုအခြေခံ၍ ရွေးကောက် တင်မြှောက်ထားခြင်း ဖြစ်သည်။

### အမျိုးသားလွှတ်တော် (အထက်လွှတ်တော်)

- အမျိုးသားလွှတ်တော်တွင် အဖွဲ့ဝင်ပေါင်း ၂၂၄ ဦး အထိ ပါဝင်ဖွဲ့စည်းထားသည်။ တိုင်းဒေသကြီးတစ်ခု သို့မဟုတ် ပြည်နယ်တစ်ခုမှ ရွေးကောက်ခံကိုယ်စားလှယ် ၁၂ ဦး အထိ အမျိုးသားလွှတ်တော်သို့ စေလွှတ်နိုင်သည်။
- ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် အမျိုးသားလွှတ်တော်သို့ ဒေသတစ်ခု (သို့) ပြည်နယ်တစ်ခုစီမှ တပ်မတော်သား ကိုယ်စားလှယ် ၄ ဦး ကျစီ ခန့်အပ် အဖွဲ့ဝင်ပေါင်း ၅၆ ဦး အပ်နှင်းထားသည်။

## လေ့ကျင့်ခန်း

၁။ ပြည်ထောင်စုလွှတ်တော်တွင် မည်သို့သော အာဏာခွဲဝေကျင့်သုံးမှုမျိုးကို တွေ့မြင်နိုင်သနည်း။

၂။ ပြည်ထောင်စုလွှတ်တော်တွင် မည်သို့သော ထိန်းကျောင်းမှုမျိုးကို တွေ့မြင်နိုင်သနည်း။

## လုပ်ငန်းများ

### အနာဂတ်၏ ဥပဒေပြုသူများ - အပိုင်း (၁)

၁။ အောက်ပါ ဖြစ်စဉ်ကို ဖတ်ရှုပေးပါ။ အဖွဲ့များ ဖွဲ့ပြီး တစ်ဖက်တွင်ပါရှိသည့် အဆိုပြုထားသည့် ဥပဒေတစ်ရပ်စီအတွက် ဖြစ်နိုင်ချေရှိသည့် သက်ရောက်မှုများကို ဆွေးနွေးပေးပါ။ ထိုဥပဒေများအတွက် အပေါင်းလက္ခဏာဆောင်သည့် သက်ရောက်မှုများရော၊ အနှုတ်လက္ခဏာဆောင်သည့် သက်ရောက်မှုများပါ ထည့်သွင်း စဉ်းစားပြီး ဖော်ပြပါ ဇယားတွင် ဖြည့်စွက်ပေးပါ။

၂။ အတန်းဖော်များထံ အဖွဲ့လိုက် တင်ပြ ဆွေးနွေးပါ။

၃။ အဖွဲ့တိုင်း၏ တင်ပြ ဆွေးနွေးမှုပြီးဆုံးပါက မည်သည့် ဥပဒေ ပြဋ္ဌာန်းမည်ကို ဆုံးဖြတ်ရန် အတွက် မဲခွဲ ဆုံးဖြတ်ပါ။

၄။ ထိုအဆိုပြုထားသည့် ဥပဒေများတွင် မည်သည်က လွတ်လပ်မှုဗဟိုပြု လစ်ဘရယ်ဝါဒကျသည်၊ မည်သည်က ရှေးရိုးစွဲ ကွန်ဆာဗေးတစ် ဆန်သည်၊ မည်သည်တို့က လူမှုဘဝညီမျှမှုဗဟိုပြု ဆိုရှယ်လစ်အယူအဆ ဖြစ်သည်နှင့် မည်သည့် အကြောင်းကြောင့် ဆိုသည်ကိုပါ ဆွေးနွေးပေးပါ။

**ဖြစ်ရပ်**

မိမိတို့သည် အနာဂတ်ကာလ နှစ် (၂၀) အကြာတွင် နေထိုင်လျက်ရှိကြသည်။ လူမှုကိစ္စရပ်အမျိုးမျိုး တို့က အစိုးရအတွက် နိုင်ငံရေးဆိုင်ရာ ပြဿနာများ ဖြစ်ပေါ်စေလျက်ရှိပြီး ၎င်းတို့ကို ဖြေရှင်းရန် အတွက် ဥပဒေအမျိုးမျိုးကို အဆိုတင်သွင်းထားကြသည်။ သင်သည် ပြည်ထောင်စုလွှတ်တော်၏ ဥပဒေပြုအမတ်တစ်ဦးဖြစ်သည့် ယခုလက်ရှိတွင် သင်သည် လွှတ်တော်၌ အဆိုပြုထားသော ဥပဒေမူကြမ်း ၇ ခုကို စဉ်းစားသုံးသပ်နေသည်။




| ဥပဒေ | အပေါင်းလက္ခဏာဆောင်သည့် သက်ရောက်မှု | အနုတ်လက္ခဏာဆောင်သည့် သက်ရောက်မှု |
|---|---|---|
| | | |

<u>အနာဂတ်ကမ္ဘာကြီးအတွက် အဆိုပြုထားသည့် ဥပဒေများ</u>

၁။ ဒေသတွင်းပဋိပက္ခများကြောင့်သော်လည်းကောင်း၊ စီးပွားရေး အခွင့်အလမ်းများကြောင့်သော်လည်းကောင်း နယ်မြေ ဖြတ်ကျော်ကြသူတို့ကြောင့် ဖြစ်ပွားပေါ်ပေါက်လာရသော ပြဿနာရပ်များကို ဖြေရှင်းနိုင်ရန် ပြည်တွင်းသို့ ဖြစ်စေ၊ ပြည်ပသို့ ဖြစ်စေ ရွှေ့ပြောင်း အခြေချမှုတိုင်းကို ၅ နှစ်ခန့် ကန့်သတ် ပိတ်ပင်စေမည့် ဥပဒေတစ်ရပ်ကို အဆိုပြုထားသည်။

၂။ စီးပွားရေးအရ ညီမျှမှုရှိရန်အတွက် ချမ်းသာကြွယ်ဝသူများထံမှ အခွန်အခ တိုးမြှင့် ကောက်ခံစေမည့် ဥပဒေတစ်ရပ်ကို အဆိုပြုထားသည်။

၃။ သက်ကြီးဘိုးဘွားတို့ကို စောင့်ရှောက်ရန်အတွက် အစိုးရထံမှ နိုင်ငံသားတိုင်း ပင်စင်နှင့် စောင့်ရှောက်ရေး အထောက်အပံ့များ ခံစားရရှိစေမည့် ဥပဒေတစ်ရပ်ကို အဆိုပြုထားသည်။

၄။ လူငယ်များအားလုံး အသက် ၁၈ နှစ် အထိ ကျောင်းပညာ သင်ယူစေမည့် ဥပဒေတစ်ရပ်ကို အဆိုပြုထားသည်။

၅။ ကျန်းမာရေးအခြေအနေများ ကောင်းမွန်လာစေရေး ရှေးရှုလျက် အစိုးရမှ နိုင်ငံသားတိုင်းအတွက် အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှု ပေးစွမ်းစေမည့် ဥပဒေတစ်ရပ်ကို အဆိုပြုထားသည်။

၆။ အနိမ့်ခံဘ၀ လွတ်မြောက်ရေး ပံ့ပိုးမှုဆိုင်ရာ ဥပဒေတစ်ရပ်ဖြစ်သည့် အမျိုးသမီးများကို လွှတ်တော်၏ ၅၀ % ခန့်အပ် တာဝန်ယူစေမည့် ဥပဒေကို အဆိုပြုထားသည်။

၇။ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆေးရုံနှင့် စာသင်ကျောင်းသစ်များကို ကျေးလက်ဒေသများတွင် ဆောက်လုပ်စေမည့် ဥပဒေတစ်ရပ်ကို အဆိုပြုထားသည်။

## အကြိုသင်ခန်းစာ

၁။ အုပ်ချုပ်ရေးဆိုသည်မှာ အဘယ်နည်း။

၂။ အုပ်ချုပ်ရေးအနေဖြင့် အစိုးရ တစ်ရပ်တွင် မည်သည့်အခန်းကဏ္ဍမှ ပါဝင်သနည်း။

## ၅.၁.၅ အုပ်ချုပ်ရေး

အုပ်ချုပ်ရေးသည် ဥပဒေပြုရေးမှ ပြဋ္ဌာန်းထားသည့် ဥပဒေများကို အကောင် အထည်ဖော်ပေးရန် တာဝန်ရှိသည်။ အုပ်ချုပ်ရေးအနေဖြင့် ဥပဒေများ (ချမှတ်ပြဋ္ဌာန်းပြီးသော ဥပဒေများ၊ မူဝါဒများ) ကို လက်တွေ့ပုံဖော်လာစေရေးအတွက် အခွင့်အရေး၊ တာဝန်နှင့် အာဏာတို့ကို ပိုင်ဆိုင်ထားကြသည်။ (လက်တွေ့ပုံဖော်ပေးမှုများတွင် အရင်းအမြစ်များ မျှဝေခြင်း၊ အဖွဲ့အစည်းများ တည်ထောင်ခြင်းစသည်တို့ ပါဝင်ကြသည်)။ ဥပမာအားဖြင့် ဆိုရသော် စက်ရုံတိုင်း လေထုညစ်ညမ်းမှု လျှော့ချထုတ်လုပ်ရန်ဟူသည့် ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းထားပါက သင့်တော်သည့် လေ့ကျင့်ပေးမှုများ၊ ကိရိယာများ၊ အရင်းအမြစ်များကို ပံ့ပိုးပေးရန်မှာ အုပ်ချုပ်ရေးမဏ္ဍိုင်၏ တာဝန်ပင်ဖြစ်သည်။

အုပ်ချုပ်ရေးမဏ္ဍိုင်သည် နိုင်ငံတော်အတွင်းသာမက၊ နိုင်ငံတကာတွင်ပါ လုပ်ငန်းကဏ္ဍ အသီးသီး၌ ဆောင်ရွက်ရသည်။ ထိုမဏ္ဍိုင်၏ အရေးပါသော လုပ်ငန်းများအနက်မှ အချို့တို့မှာ –

- သံတမန်ဆက်ဆံရေး (အခြားသော နိုင်ငံများနှင့် ဆက်နွယ်မှု)။
- အစိုးရ ဘတ်ဂျက် (လျာထားငွေ) ကို ရေးဆွဲသတ်မှတ်ခြင်း။
- စစ်တပ်ကို ထိန်းချုပ်မှု။
- အစိုးရဝန်ထမ်းများအား စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှု။
- အရေးပေါ်ကာလအခြေအနေဦးဆောင်မှု (ဥပမာ – သဘာဝဘေးအန္တရာယ် ကျရောက်ချိန်နှင့် အကြမ်းဖက်ပဋိပက္ခများ ဖြစ်ပွားချိန်)။

အုပ်ချုပ်ရေးတိုင်းတွင် အစိတ်အပိုင်း (၂) ရပ် ပါဝင်သည်။ နိုင်ငံတော်၏ အကြီးအကဲ ဦးသျှောင်မှာ တိုင်းပြည်ကိုယ်စားပြု 'ခေါင်းဆောင်' ဖြစ်ပေသည်။ ထိုသူတို့သည် တိုင်းပြည်ကိုယ်စား ပြောဆို ဆွေးနွေးရန်နှင့် နိုင်ငံတော် အခမ်းအနားများတွင် ပါဝင်ရန် တာဝန်ရှိသည်။ ဒုတိယအနေဖြင့် အစိုးရ၏ အကြီးအကဲဖြစ်သည်။ ထိုသူတို့မှာ အစိုးရ လည်ပတ်ရေးအတွက် လုပ်ငန်းတာဝန်များကို စီမံကြရသည်။ ထို့အပြင် 'ကက်ဘိနက်' ခေါ် ဝန်ကြီးများအဖွဲ့၏ ခေါင်းဆောင်အနေဖြင့် ထမ်းဆောင်ရသည်။ ဝန်ကြီးတစ်ဦးစီသည် အစိုးရ စီမံဆောင်ရွက်သော နယ်ပယ်များဖြစ်သည့် ကျန်းမာရေး၊ စိုက်ပျိုးရေး၊ ပညာရေး စသည်တို့အတွက် လုပ်ငန်းတာဝန် အားလုံးကို ကိုင်တွယ်စီမံကြရသည်။

တိုင်းပြည်အချို့တို့တွင် သမ္မတ (သို့) ဘုရင်ဧကရာဇ်သည် နိုင်ငံတော်၏ဦးသျှောင် အကြီးအကဲဖြစ်ပြီး၊ ဝန်ကြီးချုပ်သည် အစိုးရအဖွဲ့၏ အကြီးအကဲဖြစ်သည်။ ထိုပုံစံကို ပါလီမန်စနစ်ဟု ခေါ်တွင်သည်။ အခြားသော တိုင်းပြည်တို့တွင်မူ နိုင်ငံတော်အကြီးအကဲ၏ လုပ်ငန်းကဏ္ဍများနှင့် အစိုးရအဖွဲ့အကြီးအကဲ၏ အခန်းကဏ္ဍတို့မှာ တစ်ဦးတည်းအနေဖြင့် (အများအားဖြင့် သမ္မတရာထူးအနေဖြင့်) တွဲစပ်ထားသည်။ ၎င်းကို သမ္မတစနစ်ဟု ခေါ်ဝေါ်သတ်မှတ်သည်။

အုပ်ချုပ်ရေးမှ ပိုင်ဆိုင်ထားသည့် အာဏာ အနည်းအများသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ခြားနားမှု ရှိကြသည်။ သမ္မတစနစ်အချို့တွင် သမ္မတများသည် ဥပဒေပြုရေးမှ ရေးဆွဲထားသည့် ဥပဒေများကို အကြံပေးခြင်း၊ လက်ခံခြင်း၊ ဗီတိုအာဏာ ကျင့်သုံးခြင်း (ပယ်ချခြင်း) တို့ကို ဆောင်ရွက်ခွင့်ရှိသည်။ တိုင်းပြည်အချို့တို့တွင်မူ သမ္မတတို့၏ အခန်းကဏ္ဍမှာ ဥပဒေပြုရေးက ပြဋ္ဌာန်းထားသည့် ဥပဒေများကို အကောင်အထည်ဖော်ရန်သာ ဖြစ်သည်။ ထိုအခြေအနေမျိုးတွင်မူ ဥပဒေပြုရေး၏ ဆုံးဖြတ်ချက်ချမှုများအပေါ် သမ္မတအာဏာ သက်ရောက်ခွင့် မရှိကြချေ။



▲ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သမ္မတရုံး တရားဝင် ဝက်ဘ်ဆိုက်
http://www.president-office.gov.mm/

## လုပ်ငန်းများ

၁။ သင်ခန်းစာ (၅.၁.၅) တွင် ပါရှိသည့် အုပ်ချုပ်ရေး၏ အရေးပါသော လုပ်ငန်းဆောင်တာ (၅) ရပ် တို့ကို အောက်ပါ အချက် များအားအခြေခံလျက် အဆင့် သတ်မှတ်ပေးပါ။

(က) အရေးပါမှု၊

(ခ) ခက်ခဲမှု၊

(ဂ) စွန့်စားရမှု။

၂။ အထက်ပါ လုပ်ငန်းများတွင် ပြုစုထားသည့် စာရင်း (၃) ရပ် နှင့် စပ်လျဉ်းပြီး မည်သည်တို့ကို သတိမူမိ သနည်း။

## လေ့ကျင့်ခန်း

၁။ သင်ခန်းစာ (၅.၁.၅) တွင် မည်သို့သော ထိန်းကျောင်းမှုမျိုးကို တွေ့မြင်နိုင် သနည်း။

၂။ သင်ခန်းစာ (၅.၁.၅) တွင် မည်သို့သော အာဏာ ပိုင်းခြားမှုဆိုင်ရာ ဥပမာမျိုးကို တွေ့မြင်နိုင် သနည်း။



### မြန်မာ့ရေးရာ

### မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေး



▲ နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ

**အုပ်ချုပ်ရေးစနစ်**

- သမ္မတစနစ်

**အုပ်ချုပ်ရေးကို မည်သူတို့ဖြင့် ပါဝင် ဖွဲ့စည်းထားသနည်း။**

- နိုင်ငံတော်သမ္မတ၊ ဒုတိယ သမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုရှေ့နေချုပ်တို့ဖြင့် အစိုးရ၏ အုပ်ချုပ်ရေးမဏ္ဍိုင်ကို ဖွဲ့စည်းထားသည်။ ပြည်ထောင်စုရှေ့နေချုပ်သည် အုပ်ချုပ်ရေးမဏ္ဍိုင်ကို ဥပဒေရေးရာ ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး အကြံဉာဏ်ပေးရသည်။

**သမ္မတကို မည်သို့ ရွေးကောက် တင်မြှောက်ခံထားရ သနည်း။**

- သမ္မတကို ပြည်သူတို့မှ တိုက်ရိုက် ရွေးကောက် မတင်မြှောက်ချေ။
- ပြည်ထောင်စုလွှတ်တော်၏ အဖွဲ့ဝင်များသည် သမ္မတလောင်း ၃ ဦး၏ အမည်ကို တင်သွင်းရသည်၊ ပြည်သူ့လွှတ်တော်မှ ရွေးချယ်ထားသူတစ်ဦး၊ အမျိုးသားလွှတ်တော်မှ ရွေးချယ်ထားသူတစ်ဦးနှင့် စစ်ဘက်ကိုယ်စားလှယ်များမှ တစ်ဦးတို့ ဖြစ်ကြသည်။
- သမ္မတလောင်းများမှာ လွှတ်တော်ကိုယ်စားလှယ် ဖြစ်နိုင်သလို လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူများလည်း ဖြစ်နိုင်သည်။
- ပြည်ထောင်စုလွှတ်တော်တွင် အများစုက ထောက်ခံမဲပေးသည့်သူသည် သမ္မတဖြစ်လာသည်။ ကျန် ၂ ဦးမှာ ဒုတိယသမ္မတများ ဖြစ်လာကြသည်။

**အစိုးရအဖွဲ့အနေဖြင့် မည်သို့ ရွေးကောက် တင်မြှောက် ခံရသနည်း။**

- သမ္မတအနေဖြင့် အစိုးရအဖွဲ့၏ ဝန်ကြီးအများစုကို ခန့်အပ် ထားရှိရန် တာဝန်ရှိသည်။ (ကာကွယ်ရေး၊ ပြည်ထဲရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးများ မပါဝင်ကြချေ။ ထိုနေရာများအတွက် ကာကွယ်ရေးဦးစီးချုပ်မှ ခန့်အပ် ထားရှိသည်။)

**သမ္မတတွင် မည်သည့်အာဏာများ ပိုင်ဆိုင်ထား သနည်း။**

- သမ္မတသည် စစ်ကြေညာခွင့် (သို့မဟုတ်) စစ်ပြေငြိမ်းခွင့်၊ နိုင်ငံအချင်းချင်းကြား သဘောတူစာချုပ်များကို ပြုလုပ်နိုင်ခွင့် (သို့) ဖျက်သိမ်းနိုင်ခွင့်၊ ဥပဒေများကို လက်မှတ်ရေးထိုး အတည်ပြုခွင့် စသည်တို့ကို ရရှိထားသည်။
- အခြေခံဥပဒေတွင် ပါရှိချက်များအရ ထူးခြားသည့် အခြေအနေများတွင် သမ္မတအနေဖြင့် အရေးပေါ် အခြေအနေတစ်ရပ်အဖြစ် ကြေညာနိုင်သည်။ ထိုအရေးပေါ် အခြေအနေတွင် ကာကွယ်ရေးဦးစီးချုပ်က အာဏာ ပိုမို ရရှိလာသည်။

## လေ့ကျင့်ခန်း

၁။ မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးတွင် မည်သို့သော အာဏာ ပိုင်းခြားမှုမျိုးကို တွေ့ရှိနိုင်သနည်း။

၂။ မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးတွင် မည်သို့သော ထိန်းကျောင်းမှုမျိုးကို တွေ့ရှိနိုင်သနည်း။

၃။ အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးတို့အနက် မည်သည်က ပိုမို အာဏာ ကြီးမားမည်ဟု ထင်မြင် သုံးသပ်မိသနည်း။ အဘယ်ကြောင့်နည်း။

## လုပ်ငန်းများ

### အနာဂတ်၏ ဥပဒေပြုသူများ - အပိုင်း (၂)

၁။ အောက်ပါ ဖြစ်စဉ်ကို ဖတ်ရှုပေးပါ။ အဖွဲ့များဖွဲ့ပြီး အပိုင်း (၁) တွင် လုပ်ဆောင်ခဲ့သော ဥပဒေပြုရေးမှ ပြဌာန်းခဲ့သည့် မူကြမ်းများအတွက် သုံးသပ်ပေးပါ။ အဖွဲ့တစ်ဖွဲ့စီအနေဖြင့် အဆိုပါ မူကြမ်းတစ်ရပ်စီကို တာဝန်ယူပြီး အောက်ဖော်ပြပါ ဇယားတွင် ဖြည့်စွက်ပေးပါ။

၂။ ထိုအဆိုတင်သွင်းခဲ့သည့် ဥပဒေများအတွက် တင်ပြ ဆွေးနွေးပါ။ ထိုသို့တင်ပြ ဆွေးနွေးရာတွင် ထိုဥပဒေများ၏ အခက်အခဲများ၊ ကုန်ကျစရိတ်များသာမက အကျိုးတရားများကိုပါ ထည့်သွင်း ပြုစုပေးပါ။

၃။ တင်ပြ ဆွေးနွေးမှုတစ်ရပ်ပြီးတိုင်း တစ်တန်းလုံးအနေဖြင့် အဆိုပါ ဥပဒေကို လက်ခံမည်၊ သို့မဟုတ် ဥပဒေပြုရေးမဏ္ဍိုင်သို့ ပြန်လည် ပေးပို့မည်ကို ဆုံးဖြတ်ရန် အတွက် မဲပေးခြင်း (သို့မဟုတ် အားလုံး လက်ခံသဘောတူသည်အထိ ဆွေးနွေးခြင်း) တို့ကို ပြုလုပ်ပေးပါ။

**ဖြစ်စဉ်**

မိမိတို့သည် အနာဂတ်ကာလ နှစ် ၂၀ အကြာတွင် နေထိုင်လျက် ရှိကြသည်။ လူမှုကိစ္စရပ်အမျိုးမျိုးတို့က အစိုးရအတွက် နိုင်ငံရေးဆိုင်ရာ ပြဿနာများ ဖြစ်ပေါ်စေလျက်ရှိပြီး ၎င်းတို့ကို ဖြေရှင်းရန်အတွက် ဥပဒေအသွယ်သွယ်တို့ကို အဆိုတင်သွင်းထားကြသည်။ သင်သည် အစိုးရ၏ အုပ်ချုပ်ရေးအဖွဲ့မှဖြစ်သည်။ ဥပဒေပြုရေးမှ မိမိတို့ လက်ခံစဉ်းစားရန်အတွက် ဥပဒေအချို့တို့ကို မကြာသေးမီက တင်ပြထားသည်။ (ထိုအဆိုတင်သွင်းထားသော ဥပဒေများကို ရှေ့စာမျက်နှာ – ၁၀၁ တွင် ပြန်လည် ကြည့်ရှုနိုင်သည်။)



| ဥပဒေ | အတားအဆီးများ | ကုန်ကျစရိတ် |
|---|---|---|
| | | |

## ၅.၁.၆ တရားစီရင်ရေး

တရားစီရင်ရေးသည် ဥပဒေသက်ရောက်စေရန် တာဝန်ရှိပေသည်။ (ဒီမိုကရက်တစ်) တရားစီရင်ရေး၏ ပဓာနကျသည့် တာဝန်မှာ နိုင်ငံတော်အတွင်း တရားဥပဒေစိုးမိုးမှုကို ထောက်ပံ့ပေးရန်ပင် ဖြစ်သည်။ ထိုသို့ ထောက်ပံ့ပေးရန်အတွက် နိုင်ငံသားအချင်းချင်းကြား သို့မဟုတ် နိုင်ငံသားများနှင့် နိုင်ငံတော်တို့အကြား ပဋိပက္ခများကို မျှမျှတတ ဖြေရှင်းပေးရန်၊ အမှုအခင်းများကို ကိုင်တွယ်ပေးရန် တာဝန်ရှိပေသည်။

တရားစီရင်ရေးသည် အစိုးရအတွင်းတွင်လည်း အလွန်အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ဤသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် အစိုးရ မည်သို့ လည်ပတ်ရမည်ကို သတ်မှတ်ပေးသည့် ဥပဒေများ ရေးသားပါရှိခြင်းကြောင့်ဖြစ်သည်။ တရားစီရင်ရေးအနေဖြင့် ထိုဥပဒေများ မရှင်းလင်းသည့်အခါတွင်ဖြစ်စေ၊ ထိပ်တိုက်ပဋိပက္ခ ဖြစ်သည့် အခါမျိုးတွင်ဖြစ်စေ ၎င်းတို့၏ အဓိပ္ပာယ်သတ်မှတ်ချက်တို့ကို ရှင်းလင်းဖွင့်ဆိုပေး ရသည်။ အဓိပ္ပာယ်သတ်မှတ်ချက်များ ရှင်းလင်းပြတ်သားမှုမရှိခြင်း သို့မဟုတ် အမြင် ကွဲလွဲစရာများ ဖြစ်နေခြင်းက အစိုးရတွင်း စိုးရိမ်ဖွယ် ပြဿနာရပ်များ ပေါ်ပေါက်လာစေ နိုင်သည်။ ထိုအငြင်းပွားမှုများကို ဖြေလျှော့ပေးစေရန်မှာ တရားစီရင်ရေးက အလွတ်တရားသူကြီးအဖြစ် ကြားနေဆောင်ရွက်ပေးရပေသည်။

တရားစီရင်ရေးများ၏ အရေးပါသော အချက်တစ်ချက်မှာ ပြည်သူများအနေဖြင့် အောက်ခြေအဆင့်တွင် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များ မှားယွင်းသည်ဟု ခံစားရပါက အဆင့်ပိုမိုမြင့်မားသည့် ခုံရုံးများတွင် အယူခံဝင်နိုင်သည့် အခွင့်အရေးများ ပေးအပ် ထားခြင်းပင်ဖြစ်သည်။ အောက်ခြေတရားရုံးများသည် နိုင်ငံရေးဖိအားနှင့် ခြစားမှုတို့၏ ဒဏ်ကို ခံစားရနိုင်သည်။ သို့ဖြစ်၍ အယူခံတင်ခွင့်ရှိခြင်းသည် တရားဥပဒေစိုးမိုးမှု၏ အရေးပါသော အစိတ်အပိုင်းတစ်ရပ်လည်းဖြစ်သည်။ လွတ်လပ်စွာ တရားစီရင်ပိုင်ခွင့် ရှိရေးသည် ဒီမိုကရက်တစ်တရားစီရင်ရေးတွင် အရေးပါလှ၏။ ထိုသို့ လွတ်လပ်မှုရှိမှလည်း ပြည်သူတို့မှာ အငြင်းပွားမှုများကို ဖြေရှင်းရန်နှင့် တရားမျှတမှုများအတွက် တရားရုံးတို့ကို အသုံးပြုရန် ပိုမိုယုံကြည်လာကြမည်လည်းဖြစ်သည်။

### အကြံပြုသင်ခန်းစာ

၁။ တရားစီရင်ရေးဆိုသည်မှာ အဘယ်နည်း။

၂။ မိမိတို့၏တိုင်းပြည်တွင် မည်သို့သော တရားရုံးများ ရှိသနည်း။

### ဆွေးနွေးချက်

မိမိတို့ တိုင်းပြည်တွင် တရားရုံး၊ ခုံရုံးများသည် တရားဥပဒေစိုးမိုးမှုကို အကာအကွယ် ပြုပေးပါသလား။ ထောက်ပံ့ပေးပါသလား။ မည်သို့ ပံ့ပိုးပေးကြသနည်း။

## အကြိုသင်ခန်းစာ

ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားရုံး၏ အခန်းကဏ္ဍမှာ အဘယ်နည်း။

## လေ့ကျင့်ခန်း

သင်ခန်းစာ (၅.၁.၆) နှင့် (၅.၁.၇)ကို လေ့လာဖတ်ရှုပြီးပါက –

ဤသင်ခန်းစာတို့တွင် မည်သို့သော ထိန်းကျောင်းမှုမျိုးကို တွေ့နိုင်သနည်း။

## ဆွေးနွေးချက်

သင်ခန်းစာ (၅.၁.၇) ကို လေ့လာဖတ်ရှုပြီးပါက –

၁။ တရားစီရင်ရေး မရှိဘဲ အစိုးရ တစ်ရပ်အဖြစ် တည်ရှိနိုင်ပါသလား။

၂။ တရားစီရင်ရေးသည် ဒီမိုကရက်တစ် မကျဟု ဆိုနိုင်ပါသလား။

## ၅.၁.၇ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားရုံးများ

အစိုးရအတွင်း အာဏာ ပိုင်းခြားသတ်မှတ်ခြင်းက မဏ္ဍိုင်အသီးသီးတို့၏ တာဝန်များအကြား ထိပ်တိုက်ပဋိပက္ခ ဖြစ်လာစေနိုင်သည်။ ဥပမာဆိုရသော် အခြေခံဥပဒေအရ ဆုံးဖြတ်ချက်များ ချမှတ်နိုင်ခွင့်ရှိကြောင်း အုပ်ချုပ်ရေးအနေဖြင့်ရော၊ ဥပဒေပြုရေးကပါ တစ်ပြိုင်တည်း နားလည်လက်ခံထားနိုင်သည်။ ထိုသို့သော ပဋိပက္ခမျိုးကို မျှမျှတတ ဖြေရှင်းပေးရန်မှာ ကြားနေအဖွဲ့တစ်ဖွဲ့ လိုအပ်သည်။

ထိုကဲ့သို့သော တရားစီရင်မှုဆိုင်ရာ လုပ်ဆောင်ချက်များအတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားရုံးက အဓိကတာဝန်ယူရသည်။ ထိုတရားရုံးသည် အစိုးရ ပြဋ္ဌာန်းထားသည့် ဥပဒေများက ဖွဲ့စည်းပုံပါ အခြေခံဥပဒေများနှင့် ကိုက်ညီမှုရှိအောင် စစ်ဆေးပေးရပေသည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ အခန်းကဏ္ဍများမှာ –

- ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖွင့်ဆို ရှင်းလင်းပေးရန်။
- တရားစီရင်ရေးဆိုင်ရာ ဆန်းစစ်မှုအာဏာကို ထမ်းရွက်ရန်၊ အုပ်ချုပ်ရေး မဏ္ဍိုင်၊ ဥပဒေပြုရေး မဏ္ဍိုင်တို့၏ ဥပဒေများ၊ လုပ်ဆောင်ချက်များက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ငြိစွန်းပါက တရားမဝင်ကြောင်း ကြေညာနိုင်သည်။
- အစိုးရ၏မဏ္ဍိုင်အချင်းချင်းကြား ပဋိပက္ခများကို ဖြေလျှော့ပေးရန်။
- အာဏာ အလွဲသုံးစားပြုမှုများကို စစ်ဆေးပေးရန်။
- နိုင်ငံသားများက မိမိတို့၏ အခြေခံဥပဒေဆိုင်ရာ အခွင့်အရေးများ ဖောက်ဖျက်ခံရသည်ဟု အရေးဆိုလာသည့် ဖြစ်ရပ်များအတွက် ဆုံးဖြတ်ပေးရန်။

ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားရုံးများသည် အစိုးရမဏ္ဍိုင်များထံမှ သီးခြားရပ်တည်ရန်လည်း အရေးကြီးလှသည်။ တရားစီရင်ရေးအပေါ် အုပ်ချုပ်ရေး၏ ဖိအားပေးမှုများ၊ သို့မဟုတ် တရားသူကြီးများနှင့် နိုင်ငံရေးသမားတို့အကြား နီးကပ်လွန်းသည့် ဆက်နွယ်ပတ်သက်မှုများက တရားစီရင်ရေး၏ လွတ်လပ်မှုကို အားလျော့စေမည်။ ထိုအကြောင်းကြောင့်လည်း တရားသူကြီးများကို ဂရုတစိုက် ရွေးချယ်ကြရပြီး၊ နှစ်ကာလကြာမြင့်စွာ ထမ်းဆောင်ကြရသည်၊ (တစ်ခါတစ်ရံ လက်ကျန်ဘဝ သက်တမ်းတစ်လျှောက် တာဝန်ယူကြရသည်။)

ထိုကဲ့သို့ တာဝန် အပ်နှင်းထားခြင်းသည် အကြောင်းကြောင်းကြောင့် ပြဿနာများကို ပေါ်ပေါက်လာစေနိုင်သည်။ ပထမအချက်အနေဖြင့် တရားသူကြီးများသည် ဒီမိုကရက်တစ်နည်းလမ်းများအရ ရွေးကောက် တင်မြှောက်ခံထားရခြင်း မဟုတ်ကြ။ ထိုသို့ ရွေးချယ်ခံရပြီးပါကလည်း ဖယ်ရှားရန် မဖြစ်နိုင်တော့ချေ။ ဒုတိယအနေဖြင့် တရားသူကြီးများသည် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် နိုင်ငံရေးအရ ဘက်လိုက်မှု မရှိရန် လိုအပ်သည်။ သို့သော် တရားသူကြီးတိုင်းတွင် နိုင်ငံရေးဆိုင်ရာ ကိုယ်ပိုင်အမြင်များ ပိုင်ဆိုင်ထားကြမည်သာဖြစ်ရာ ဘက်လိုက်မှု မရှိရေးမှာ လက်တွေ့တွင် ခက်ခဲလွန်းလှသည်။ ထို့ကြောင့်လည်း တရားသူကြီးတစ်ဦး ရွေးချယ်ခန့်ထားခြင်းသည် နိုင်ငံရေးဆန်သည့် ဆုံးဖြတ်ချက်တစ်ရပ်လည်း ဖြစ်နိုင်ပါသည်။



## မြန်မာ့ရေးရာ

## မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေး



▲ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ နေပြည်တော်

### မြန်မာနိုင်ငံ၏ တရားရုံး အဆင့်ဆင့်တို့ကို ဖော်ပြပါ။

- မြို့နယ်အဆင့် တရားရုံး – ဥပဒေချိုးဖောက်သည်ဟု စွပ်စွဲခံရသူ အများစုအတွက် ဖြစ်သည်။
- အထက်အဆင့် တရားလွှတ်တော်များ – ပြည်နယ် တရားလွှတ်တော်များ၊ ခရိုင်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံးများ ရှိသည်။ ထိုအဆင့်တို့တွင် မဆုံးဖြတ်နိုင်သော အမှုကိစ္စရပ်များကို ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ ပေးပို့သည်။
- ပြည်ထောင်စု တရားရုံးချုပ် – ပြည်ထောင်စု တရားသူကြီးများအနေဖြင့်
  - မြန်မာနိုင်ငံနှင့် အခြားပြည်ပနိုင်ငံများအကြား ချုပ်ဆိုသော စာချုပ်များ၊
  - ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး (သို့) ပြည်နယ်တို့အကြား ဖြစ်ပွားသည့် ဥပဒေကိစ္စရပ်များ၊
  - တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအကြား အစရှိသည်တို့နှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအတွက် စီရင်ပိုင်ခွင့် ရှိသည်။

### တရားလွှတ်တော်ချုပ် အနေဖြင့် မည်သို့ ရွေးကောက် တင်မြှောက်ခံထားရသနည်း။

- သမ္မတအနေဖြင့် တရားသူကြီးချုပ် ခန့်အပ်ရန် အမည် တင်သွင်းရသည်။
- တရားလွှတ်တော်ချုပ် တရားသူကြီးများ၏နေရာအတွက် အမည်စာရင်းကို တရားသူကြီးချုပ်နှင့် သမ္မတတို့က ပြုစုပြီး ပြည်ထောင်စုလွှတ်တော်သို့ အတည်ပြုရန် ပေးပို့ တင်သွင်းရသည်။
- ထိုအမည်စာရင်း တင်သွင်းခံထားရသူများအနေဖြင့် ၎င်းနေရာအတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် သတ်မှတ်ထားသည့် လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိလျှင် ပြည်ထောင်စုလွှတ်တော်က ထိုတရားသူကြီးများ၏ အမည်စာရင်းကို ပယ်ချနိုင်ခြင်း မရှိချေ။

### မြန်မာနိုင်ငံတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားရုံး ရှိပါသလား။

- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို ဆုံးဖြတ်ရန်အတွက် 'နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားရုံး' ရှိသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံး ထားရှိသည်။။

**လေ့ကျင့်ခန်း**

၁။ မြန်မာနိုင်ငံ၏ တရားစီရင်ရေးတွင် မည်သို့သော အာဏာ ပိုင်းခြားမှုမျိုးကို တွေ့ရှိနိုင်သနည်း။

၂။ မြန်မာနိုင်ငံ၏ တရားစီရင်ရေးတွင် မည်သို့သော ထိန်းကျောင်းမှုမျိုးကို တွေ့ရှိနိုင်သနည်း။

## လေ့ကျင့်ခန်း

၁။ ဖြစ်စဉ်ပြဇယားကို ကြည့်ရှုသုံးသပ်ပြီး အစိုးရစနစ်အတွင်း အပြောင်းအလဲများ ဖြစ်ပွားပေါ်ပေါက်စေခဲ့သည့် ဖြစ်ရပ်များကို ဆန်းစစ်ပေးပါ။

၂။ အောက်ဖော်ပြပါဇယားရှိ ခေတ်ကာလအပိုင်းအခြား (၄) ရပ် အနက် မည်သို့သော အာဏာခွဲဝေကျင့်သုံးမှုမျိုး တွေ့မြင်ရသနည်း။

၃။ အောက်ပါ ခေတ်ကာလအပိုင်းအခြား (၄) ရပ် အနက် မည်သို့သော ထိန်းကျောင်းမှုမျိုး တွေ့မြင်နိုင်သနည်း။

၄။ ထိုခေတ်ကာလ (၄) ရပ် တွင် တည်ရှိခဲ့သည့် အစိုးရစနစ်များနှင့် ပတ်သက်၍ မည်သည်တို့ကို လေ့လာ သိရှိရသနည်း။

၅။ သင်ခန်းစာပါ အကြောင်းအရာများကို အခြေခံလျက် ဇယားပါ နောက်ဆုံးအတန်းကို ကြိုးစားဖြည့်စွက်ပေးပါ။

| | ဥပဒေပြုရေး (လွှတ်တော်ရုံး တစ်ရပ်/ လွှတ်တော်ရုံး (၂) ရပ် ဖြင့် ဖွဲ့စည်းထား/ လွှတ်တော်မရှိ) | အုပ်ချုပ်ရေး (နိုင်ငံတော်/ အစိုးရအဖွဲ့၏အကြီးအကဲ) | တရားစီရင်ရေး (ဖွဲ့စည်းပုံ အခြေခံဥပဒေ ဆိုင်ရာ တရားရုံး) |
|---|---|---|---|
| ပြည်ထောင်စု ဗမာနိုင်ငံ ၁၉၄၈ – ၁၉၆၂  | လွှတ်တော်ရုံး (၂) ရပ် ဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုပါလီမန် (လူမျိုးစုလွှတ်တော်/ အောက်လွှတ်တော်၊ ပြည်သူ့လွှတ်တော်/ အထက်လွှတ်တော်) | သမ္မတ (နိုင်ငံတော် အကြီးအကဲ) ဝန်ကြီးချုပ် (အစိုးရအဖွဲ့ အကြီးအကဲ) | ရှိ |
| ၁၉၆၂ – ၁၉၇၄  | မရှိ | သမ္မတ (နိုင်ငံတော်/ အစိုးရအဖွဲ့ အကြီးအကဲ) | မရှိ |
| ပြည်ထောင်စု ဆိုရှယ်လစ် ဗမာနိုင်ငံ ၁၉၇၄ – ၁၉၈၈  | လွှတ်တော်ရုံး တစ်ရပ်ဖြင့် ဖွဲ့စည်းထားသည့် ပြည်သူ့လွှတ်တော် (တစ်ပါတီ ဥပဒေပြုရေးစနစ်) | သမ္မတ (နိုင်ငံတော် အကြီးအကဲ) ဝန်ကြီးချုပ် (အစိုးရအဖွဲ့ အကြီးအကဲ) | မရှိ |
| မြန်မာ ၁၉၈၉ – ၂၀၀၈  | မရှိ | (၁၉၈၈ မှ ၂၀၀၃ အထိ) SLORC/SPDC ဥက္ကဋ္ဌ (နိုင်ငံတော်နှင့် အစိုးရအဖွဲ့၏ အကြီးအကဲ)<br>(၂၀၀၃ မှ ၂၀၀၈ အထိ) – ဝန်ကြီးချုပ် (နိုင်ငံတော်နှင့် အစိုးရအဖွဲ့၏ အကြီးအကဲ) | မရှိ |
| ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ (၂၀၀၈ – လက်ရှိ)  | | | |

လုပ်ငန်းများ

## အနာဂတ်၏ ဥပဒေပြုသူများ - အပိုင်း (၃)

၁။ အောက်ပါ ဖြစ်စဉ်ကို ဖတ်ရှုပါ။ ထို့နောက် စာမျက်နှာ (၁၆၊ ၁၇) ပါ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ အခွင့်အရေးများ စာရင်းကို ကြည့်ရှု သုံးသပ်ပေးပါ။

၂။ အဖွဲ့များ ဖွဲ့ပြီး အပိုင်း (၂) တွင် လုပ်ဆောင်ခဲ့သည့် အုပ်ချုပ်ရေးမှ လက်ခံခဲ့သော ဥပဒေများကို ဆန်းစစ်ပေးပါ။ ထိုဥပဒေများသည် အထက်ပါ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ အခွင့်အရေးများနှင့် ငြိစွန်းမှုရှိ၊ မရှိ စစ်ဆေးပါ။

၃။ အဖွဲ့တစ်ဖွဲ့စီအနေဖြင့် ထိုဥပဒေတို့က ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင်နေပြီး ဖွဲ့စည်းပုံပါ အခွင့်အရေးများကို ဖောက်ဖျက်နိုင်မှုရှိ၊ မရှိကို တင်ပြ ဆွေးနွေးပေးပါ။



**ဖြစ်စဉ်**

မိမိတို့သည် အနာဂတ်ကာလနှစ် ၂၀ အကြာတွင် နေထိုင်လျက် ရှိကြသည်။ လူမှုကိစ္စရပ်အမျိုးမျိုးတို့က အစိုးရအတွက် နိုင်ငံရေးဆိုင်ရာ ပြဿနာများ ဖြစ်ပေါ်စေလျက်ရှိပြီး ၎င်းတို့ကို ဖြေရှင်းရန်အတွက် ဥပဒေအသွယ်သွယ်တို့ကို အဆို တင်သွင်းထားကြသည်။ သင်သည် အစိုးရ၏ တရားစီရင်ရေးမဏ္ဍိုင်မှ ဖြစ်သည်။ မိမိတို့ သုံးသပ်ရန်အတွက် တရားစီရင်ရေးမှ ဥပဒေအချို့တို့ကို မကြာသေးမီက ပြဋ္ဌာန်းထားသည်။ (ထိုအဆိုတင်သွင်းထားသော ဥပဒေများကို ရှေ့စာမျက်နှာ – ၁၀၁ တွင် ပြန်လည် ကြည့်ရှုနိုင်သည်။)

## လေ့ကျင့်ခန်း

ဤသင်ခန်းစာပါ အကြောင်းအရာတို့ကိုအခြေခံပြီး ဖော်ပြပါ နံပါတ်စဉ်များအရ အောက်ပါပုံကို ဖြည့်စွက်ပေးပါ။ ထိုသို့ ဖြည့်စွက်ရာ၌ အဆင့်တစ်ဆင့်ကို တစ်ကြိမ်ထက်ပို၍ အသုံးပြုနိုင်သည်။

### ဥပဒေများ ရေးဆွဲ ချမှတ်ပုံ




၁။ မူကြမ်းကိုဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မကိုက်ညီကြောင်း သတ်မှတ်သည်။
၂။ မေးမြန်းချက်များ/ ဆွေးနွေးငြင်းခုံမှုများ/ မူကြမ်းပြင်ဆင်ရေးဆွဲမှုများ။
၃။ မူကြမ်းကို အုပ်ချုပ်ရေးမှ စိစစ်သည်။
၄။ ဥပဒေပြုရေးမှ မူကြမ်းကို လက်ခံ အတည်ပြုသည်။
၅။ မူကြမ်းကို ဗီတိုအာဏာဖြင့် ပယ်ချသည်။
၆။ မူကြမ်းကို အတည်ပြုပြီး ဥပဒေဖြစ်လာသည်။
၇။ မူကြမ်းကို တရားစီရင်ရေးမှ စိစစ်သည်။
၈။ ဥပဒေပြုရေးမှ မူကြမ်းကို မဲခွဲ ဆုံးဖြတ်သည်။
၉။ မူကြမ်းကိုဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီကြောင်း သတ်မှတ်သည်။
၁၀။ ဥပဒေ သက်ရောက်သည်။
၁၁။ ~~မူကြမ်းကို ဥပဒေပြုရေးတွင် တင်ပြသည်။~~
၁၂။ မူကြမ်း ပယ်ချခံရ။

## ၅.၂ တစ်ပြည်ထောင်အစိုးရနှင့် ပြည်ထောင်စုအစိုးရ (Unitary and Federal Governments)

### ၅.၂.၁ ဗဟိုချုပ်ကိုင်မှုနှင့် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း (Centralisation or Decentralisation)

ခေတ်သစ်နိုင်ငံတော်များသည် အမျိုးသား (ဗဟို) အစိုးရနှင့် ဒေသခံအစိုးရများဟူ၍ ပိုင်းခြားထားသည်။ ထိုအစိုးရအဆင့် (၂) ရပ် တို့အကြား ပူးပေါင်းလုပ်ဆောင်ပုံများသည် တိုင်းပြည်တစ်ပြည်နှင့် တစ်ပြည်အကြား ကွဲပြားနိုင်သည်။ ထိုကွဲပြားမှုများအနက်မှ အချို့တို့မှာ အောက်ပါအတိုင်း ဖြစ်ကြသည်။

- ဗဟိုနှင့် ဒေသန္တရအစိုးရတို့အကြား ဆက်နွယ်မှုဆိုင်ရာ ကွဲပြားချက်များ (ဥပမာ – ထိုအစိုးရ အဆင့် (၂) ရပ်တို့ မည်သို့ ပူးတွဲလုပ်ဆောင်ရမည့် အကြောင်း အခြေခံဥပဒေတွင် သတ်မှတ်ထားသည့် 'စည်းမျဉ်း စည်းကမ်းများ')၊
- အစိုးရအဆင့် (၂) ရပ် တို့တွင်ရှိသည့် မတူညီသည့် တာဝန်ဝတ္တရားများ (ဥပမာ – မည်သူ အခွန်ကောက်ခံမည်၊ စာသင်ကျောင်းများတွင် မည်သည့် အကြောင်းအရာ သင်ကြားမည်ကို မည်သူ ဆုံးဖြတ်နိုင်သည် စသည်ဖြင့်)၊
- ဒေသခံအစိုးရများအပေါ် ဗဟိုအစိုးရမှ ချုပ်ကိုင်နိုင်မှုပမာဏ (ဥပမာ – ဒေသခံအစိုးရများ အနေဖြင့် ကိုယ်ပိုင်ရဲတပ်ဖွဲ့နှင့် တရားရုံးများ ရှိသင့်၊ မရှိသင့်)

ဒေသန္တရအစိုးရများထက် ဗဟိုအစိုးရကို အာဏာ ပိုမို ပေးအပ်ထားခြင်းကို ဗဟိုချုပ်ကိုင်မှုဟု ခေါ်သည်။ ထိုသို့ မဟုတ်ဘဲ ဗဟိုအစိုးရထံမှ အာဏာကို ဒေသန္တရအစိုးရများက ပိုင်ဆိုင်ထားနိုင်ခြင်းကို ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းဟု ခေါ်တွင်ပေသည်။ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း၏ အခြေခံအယူအဆမှာ ဒေသန္တရအစိုးရများသည် ဗဟိုအစိုးရများထက် ဒေသဆိုင်ရာ ပြဿနာရပ်များ၊ ကိစ္စရပ်များကို ပိုမိုဖြေရှင်းဆောင်ရွက်ပေးနိုင်ကြသည်ဟူ၍ ဖြစ်ပေသည်။

**အကြိုသင်ခန်းစာ**

'ဗဟိုချုပ်ကိုင်မှု' နှင့် 'ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း' ဆိုသည်မှာ အဘယ်နည်း။

**ဆွေးနွေးချက်**

သင်ခန်းစာ (၅.၂.၁) ကို လေ့လာဖတ်ရှုပြီးပါက –

မိမိတို့နိုင်ငံရှိ ဗဟိုချုပ်ကိုင်မှုနှင့် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းတို့၏ အန္တရာယ်များကို ဖော်ပြပါ။ မည်သည်က ပိုမိုစိုးရိမ်ဖွယ်ဖြစ်သည်ဟု ထင်သနည်း။

### ၅.၂.၂ ပြည်ထောင်စုစနစ် ကျင့်သုံးသည့် နိုင်ငံများနှင့် တစ်ပြည်ထောင်စနစ် ကျင့်သုံးသည့် နိုင်ငံများ (Federal and Unitary States)

နိုင်ငံတော်အများစုသည် ဖက်ဒရယ်စနစ် ကျင့်သုံးလျှင် ကျင့်သုံး၊ မဟုတ်လျှင် ဗဟိုမှ တစ်ပေါင်းတစ်စည်းတည်း လက်ကိုင်ပြုသည့်စနစ် (တစ်ပြည်ထောင်စနစ်) ကို ကျင့်သုံးကြသည်။ ပြည်ထောင်စုနိုင်ငံများသည် တစ်ပြည်ထောင်စနစ် ကျင့်သုံးသည့်နိုင်ငံများထက် ဗဟိုမှ 'မ' ချုပ်ကိုင်သည့်စနစ် အားကောင်းသည်။ ထိုစနစ်သည် လူမျိုးစုံလင်ပြီး၊ လူနည်းစုများ ပျံ့နှံ့နေထိုင်လျက်ရှိသည့် တိုင်းပြည်ကြီးများ၏ လိုအပ်ချက်နှင့် ကိုက်ညီသည်။ တစ်ပြည်ထောင်စနစ်မှာမူ ဗဟိုချုပ်ကိုင်သည့်စနစ် ပိုမိုပြီး လူမျိုးကွဲပြားမှု နည်းပါးသည့် နိုင်ငံငယ်လေးများနှင့် သင့်တော်သည်။

**အကြိုသင်ခန်းစာ**

၁။ 'ပြည်ထောင်စုစနစ်' ဆိုသည်မှာ အဘယ်နည်း။

၂။ 'တစ်ပြည်ထောင်စနစ်' ဆိုသည်မှာ အဘယ်နည်း။

## ၅.၂.၃ ပြည်ထောင်စုစနစ်များ (Federal Systems)

**အကြံပြုသင်ခန်းစာ**

'ပြည်ထောင်စုစနစ်' သည်ဗဟိုမှ 'မ' ချုပ်ကိုင် ဟု ဆိုထားသည်။ ထိုအဆို၏ ဆိုလိုရင်းကို ဖော်ပြပေးပါ။

ဖက်ဒရယ်ဝါဒသည် ဗဟိုအစိုးရနှင့် ဒေသန္တရဆိုင်ရာ အစိုးရများအကြား အစိုးရပိုင်းဆိုင်ရာ အခွင့်အရေးနှင့် တာဝန်များ ခွဲဝေထားသည့် နိုင်ငံရေးစနစ် ဖြစ်သည်။ ပြည်ထောင်စုစနစ်တွင် အဆင့် (၂) ဆင့် ပါဝင်ကြသည်။ ပထမအဆင့်ဖြစ်သည့် ဗဟိုအစိုးရသည် အစိုးရ၏ အရေးပါသည့် လုပ်ငန်းအချို့ဖြစ်သည့် စီးပွားရေး၊ ကာကွယ်ရေးနှင့် ပြည်ပတိုင်းပြည်များနှင့်ဆက်ဆံရေး စသည်တို့ကို တာဝန်ယူရသည်။ ဒုတိယအဆင့်တွင်မူ ဒေသအစိုးရများသည် မိမိတို့၏ ဒေသဆိုင်ရာ စီမံခန့်ခွဲမှုများကို လုပ်ဆောင်ရသည်။ (ဥပမာ – အိုးအိမ်နေရာ၊ လူမှုဝန်ဆောင်မှုများ၊ ကျောင်းများ)

ထိုအစိုးရအဆင့်များသည် အာဏာကို သီးခြား လွတ်လပ်စွာ အသုံးပြုနိုင်ကြသည်။ အမျိုးသားအဆင့် အစိုးရများသည် နိုင်ငံတော်အကျိုးစီးပွားနှင့် သက်ဆိုင်သည့် ကိစ္စရပ်များအတွက် လွတ်လပ်စွာ တာဝန်ယူရသည်။ ထို့အတူ ဒေသအဆင့် အစိုးရများသည်လည်း ဗဟိုအစိုးရ၏ခွင့်ပြုချက် မလိုအပ်ဘဲ ကိုယ်ပိုင် အာဏာ ကျင့်သုံးနိုင်သည်။ ဒီမိုကရက်တစ်ပြည်ထောင်စုစနစ်တွင် ဒေသအစိုးရများသည် နိုင်ငံအဆင့်အစိုးရများ၏ လွှမ်းမိုးမှုမပါရှိဘဲ ရွေးကောက် တင်မြှောက်ခံထားကြရခြင်း ဖြစ်ပြီး သက်ဆိုင်ရာဒေသတွင်းရှိ ပြည်သူများအတွက် တာဝန်ခံကြရသည်။

ပြည်ထောင်စုစနစ်တွင် အဓိကဦးတည်ချက်ကြီး (၂) ရပ် ရှိသည်။ တိုင်းပြည်၏စည်းလုံးမှုကို စောင့်စည်း ထိန်းသိမ်းရန်နှင့် ဒေသတွင်း မတူကွဲပြားမှုများကို ပံ့ပိုးပေးရန်တို့ ဖြစ်ကြသည်။ ပြည်ထောင်စုဝါဒတွင် နိုင်ငံသားဆိုင်ရာ စရိုက်လက္ခဏာတစ်ရပ်ကို ဒေသအသီးသီးကြား၊ အစုအဖွဲ့များအကြား မျှဝေ ကျင့်သုံးစေခြင်းဖြင့် စည်းလုံးမှုကို ဖော်ဆောင်ပေးသည်။ ထိုသို့ ဖော်ဆောင်ပေးခြင်းဖြင့် ဒေသအသီးသီးမှ ပြည်သူတို့မှာ နိုင်ငံတော်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ခံစားနိုင်ကြသကဲ့သို့ တစ်ဖက်တွင်လည်း မိမိတို့၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်များကို ထိန်းသိမ်းနိုင်ကြမည်။ ထိုစည်းလုံးမှုမျိုးသည် နိုင်ငံတော်မှ ခွဲထွက်လိုခြင်းတို့ကိုလည်း လျော့ကျလာစေသည်။ ထို့အပြင် ဒေသအသီးသီးအနေဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်များ ရရှိနိုင်ကြခြင်းကလည်း မတူကွဲပြားမှုများကို ပံ့ပိုးပေးသည်။ ထိုကဲ့သို့ ဒေသအသီးသီး၏ တန်ဖိုးများ၊ ယဉ်ကျေးမှုများနှင့် ယုံကြည်မှုများအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပေးအပ်ထားခြင်းက နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုမျိုးစုံခြင်းနှင့် လေးစားတန်ဖိုးထားမှုတို့ကိုလည်း ထိန်းသိမ်းရာရောက်သည်။ ထိုပြည်ထောင်စုစနစ်၏ ဦးတည်ချက်များက လူဦးရေများပြားပြီး၊ မတူကွဲပြားမှုများ ပိုင်ဆိုင်ထားသည့် တိုင်းပြည်များကို လူမှုရေးပဋိပက္ခများ ပေါ်ပေါက်ခြင်းတို့မှ ကင်းဝေးစေသည်။

ပြည်ထောင်စုစနစ်များတွင် အစိုးရ အဆင့် (၂) ရပ် အနက် မည်သူ့၊ မည်သည့် နိုင်ငံရေးလုပ်ငန်းဆောင်တာများကို တာဝန်ယူရမည်ကိုလည်း စည်းကမ်းချက်များဖြင့် သဘောတူထားရှိကြသည်။ ထိုနိုင်ငံရေးစနစ်မျိုးကို 'အာဏာမျှဝေခြင်း' ဟုလည်း ခေါ်ဝေါ်သည်။ အာဏာမျှဝေခြင်းသည် ဘုံပဋိပက္ခများကို ဖြေရှင်းရာတွင် ထိရောက်သော နည်းလမ်းတစ်ရပ်လည်းဖြစ်သည်။ ဤသည်မှာလည်း ထို့သို့ မချမှတ်ခင်ကတည်းကပင်လျှင် အားလုံး သဘောတူထောက်ခံမှု ရရှိထားသည့် စည်းမျဉ်း စည်းကမ်းများကို အခြေခံထားခြင်းကြောင့်ဖြစ်သည်။ အာဏာမျှဝေခြင်းက လူမှုအစုအဖွဲ့အသီးသီးတို့၏ လိုအပ်ချက်များ၊ လိုလားချက်များအတွက် ဖြေရှင်းဆောင်ရွက်ရာတွင် ပဋိပက္ခများ မဖြစ်ပွားစေဘဲ နိုင်ငံရေးအရ လုပ်ဆောင်စေမည် ဖြစ်ပေသည်။




▲ပြည်ထောင်စု စနစ်နှင့် တစ်ပြည်ထောင် စနစ်အကြား တည်ဆောက်ပုံ ခြားနားမှုများကို ဖော်ပြပေးထားသည်။

## လုပ်ငန်းများ

၁။ အောက်ပါစက်ဝိုင်းဇယားကို အစိုးရအစိတ်အပိုင်းများအလိုက် မှန်ကန်စွာ တွဲစပ်ပေးပါ။

| | | |
|---|---|---|
| ၁ –နိုင်ငံတော်အဆင့်တာဝန် | ၂ – ဒေသဆိုင်ရာတာဝန် | ၃ – ပူးတွဲတာဝန်ယူမှု |

၂။ အောက်ပါလုပ်ငန်းဆောင်တာများကိုလည်း ဖော်ပြပါစက်ဝိုင်း၏ သင့်လျော်သည့် နေရာတွင် ဖြည့်စွက်ပေးပါ။

| | | |
|---|---|---|
| ၄ – အခွန်ကောက်ခံခြင်း | ၅ – စွန့်ပစ်ပစ္စည်းများ ကောက်သိမ်းခြင်း | ၆ – ငွေစက္ကူ ထုတ်ဝေခြင်း |




◀ကနေဒါနိုင်ငံ ပြည်ထောင်စု စနစ်၏ လုပ်ငန်းဆောင်တာများ ပိုင်းခြားထားရှိပုံ

**အကြိုသင်ခန်းစာ**

တစ်ပြည်ထောင်စနစ်က ပြည်ထောင်စုစနစ်နှင့် မည်သို့ကွဲပြားမှု ရှိသနည်း။

## ၅.၂.၄ တစ်ပြည်ထောင် စနစ်များ (Systems)

ဗဟိုမှ တစ်ပေါင်းတစ်စည်းတည်း လက်ကိုင်ပြုထားသောစနစ် (တစ်ပြည်ထောင်စနစ်) ကျင့်သုံးသည့် နိုင်ငံများသည် ပြည်ထောင်စုစနစ်များထက် ဗဟိုချုပ်ကိုင်မှု ပိုမိုများပြားသည်။ ပြည်ထောင်စုစနစ်တစ်ရပ်တွင် နိုင်ငံတော်အဆင့် အစိုးရအနေဖြင့် အချို့သော နယ်မြေဒေသများ၊ စီးပွားရေးလုပ်ငန်းများကို မချုပ်ကိုင်ကြရ၊ တာဝန်မယူကြရချေ။ တစ်ပြည်ထောင်စနစ် တစ်ရပ်တွင်မူ ဒေသအစိုးရများသည် ဗဟိုအစိုးရထက် အာဏာပိုမိုနည်းပါးကြသည်။ ထိုစနစ်တွင် ဗဟိုအစိုးရများသည် ဒေသန္တရအစိုးရများအပေါ် အမိန့်ပေးခိုင်းစေနိုင်ကြစေမည်ဖြစ်သည်။

တစ်ပြည်ထောင်အစိုးရများကို ထောက်ခံသူတို့၏ အဆိုအရ တစ်ပြည်ထောင်စနစ်သည် စည်းလုံးမှုနှင့် ခိုင်မာသော အမျိုးသားစရိုက်လက္ခဏာတို့ကို ပိုမိုပေးစွမ်းနိုင်သည်ဟု ဆိုထားကြသည်။ ထိုသူတို့၏ အဆိုအရ ခိုင်မာအားကောင်းသော အစိုးရတစ်ရပ်တည်းသာ ရှိခြင်းက အမျိုးသား အကျိုးစီးပွားအတွက် အတူတကွ ပူးပေါင်းလုပ်ဆောင်လာစေသည်။ ထိုကဲ့သို့ ဘုံပြဿနာရပ် များကို ဝိုင်းဝန်း ဖြေရှင်းခြင်းဖြင့် အမျိုးသား စရိုက်လက္ခဏာတို့ကို မျှဝေပိုင်ဆိုင်နိုင်ကြမည်လည်းဖြစ်သည်။

ထို့မျှသာမက တစ်ပြည်ထောင်အစိုးရများသည် ပြည်ထောင်စုအစိုးရများထက် ဖွံ့ဖြိုးမှုများ တန်းတူဖော်ဆောင်ပေးနိုင်မည်ဟုလည်း ထောက်ခံပြောဆိုထားကြသေးသည်။ ဤသည်မှာ တစ်ပြည်ထောင်အစိုးရများသည် ဒေသတိုင်း၏ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အခြေအနေရပ်များအပေါ် ထိန်းချုပ်နိုင်မှု ပိုမိုရရှိထားခြင်းကြောင့်လည်း ဖြစ်သည်။ ထိုသို့ ပိုမိုထိန်းချုပ်နိုင်ခြင်းဖြင့် ဒေသတစ်ခုတည်းအတွက်သာ မဟုတ်ဘဲ ဒေသတိုင်းရှိ နိုင်ငံသား အားလုံးတို့အတွက် မူဝါဒများ ချမှတ်နိုင်စေသည်။ ထို့အပြင် လူ့အဖွဲ့အစည်းအတွင်း ကြွယ်ဝမှုများ၊ ဆင်းရဲမွဲတေမှုများ မညီမမျှ ပျံ့နှံ့မှုတို့မှ တားဆီးပေးနိုင်မည်ဟုလည်း ထောက်ခံပြောဆိုထားကြသည်။

**ဆွေးနွေးချက်**

၁။ တစ်ပြည်ထောင်စနစ်ကို ထောက်ခံကြသူများ၏အဆိုအရ ထိုစနစ်သည် တိုင်းပြည်စည်းလုံးမှုကို ပိုမို ရှင်သန်လာစေသည်ဟု ဆိုထားသည်။ ထိုအဆိုကို လက်ခံ သဘောတူပါသလား။ အဘယ်ကြောင့်နည်း။

၂။ တစ်ပြည်ထောင်စနစ်ကို ထောက်ခံကြသူများ၏အဆိုအရ ထိုစနစ်သည် ညီမျှမှုနှင့် တန်းတူ ဖွံ့ဖြိုးမှုတို့ကို ပိုမိုဖြစ်ထွန်းလာစေသည်ဟု ဆိုထားသည်။ ထိုအဆိုကိုလက်ခံ သဘောတူပါသလား။ အဘယ်ကြောင့်နည်း။



## မြန်မာ့ရေးရာ

## မြန်မာနိုင်ငံတော်



၂၀၀၈ – ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တိုင်းပြည်ရှိ အမျိုးသားဒေသ အစိတ်အပိုင်းများ၏ အာဏာကိုဖော်ပြထားသည်။ ထိုအာဏာကို ဗဟိုအစိုးရမှ ရယူထိန်းချုပ်နိုင်ခြင်း မရှိ၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ပြောင်းလဲမှသာ ရယူနိုင်မည်။ ထိုသို့ အာဏာခွဲဝေခြင်းသည် မြန်မာ့သမိုင်းတစ်လျှောက် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပထမဦးဆုံး ဖော်ပြပါရှိခြင်းလည်းဖြစ်သည်။ သို့ဖြစ်၍ အကန့်အသတ်ရှိသည့် ပြည်ထောင်စုစနစ်တစ်ရပ် မြန်မာနိုင်ငံတွင် ရှိပြီဖြစ်သည်ဟုလည်း ဆိုနိုင်သည်။ သို့ရာတွင်လည်း ထိုစနစ်သည် လက်တွေ့တွင် အကန့်အသတ်များလွန်းသည့်အတွက်ကြောင့် တစ်ပြည်ထောင်စနစ်အဖြစ်သာ တည်ရှိနေသေးသည်။

ထိုအကန့်အသတ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပင် ပါရှိကြသည်။ အခန်း (၁)၊ အပိုဒ် (၁၀) တွင် 'နိုင်ငံတော်တွင် ပါဝင်သည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ပြည်ထောင်စုနယ်မြေများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများစသည့် နိုင်ငံတော်၏ နယ်မြေအပိုင်းအခြားဟူသမျှသည် နိုင်ငံတော်မှ မည်သည့် အခါမျှ ခွဲမထွက်ရ' ဟု ဖော်ပြထားသည်။

မြန်မာနိုင်ငံကို တိုင်းဒေသကြီး (၇) ရပ် (ယခင်က တိုင်း ၇ တိုင်း ဟု သတ်မှတ် ခေါ်ဆိုခဲ့သည်)၊ ပြည်နယ် ၇ ပြည်နယ်နှင့် နေပြည်တော်ပြည်ထောင်စုနယ်မြေ ဟူ၍ ခွဲခြားထားသည်။ ဒေသတစ်ဒေသစီ၊ ပြည်နယ်တစ်ပြည်နယ်စီတွင် ကိုယ်ပိုင် အစိုးရများရှိကြပြီး ဝန်ကြီးချုပ်မှ ဦးဆောင်သည်။ ထိုဝန်ကြီးချုပ်များကို သမ္မတမှ အပ်နှင်းသည်။ အခြေခံဥပဒေအရ တိုင်းဒေသကြီးနှင့် ပြည်နယ် ၇ ပြည်နယ်စီတိုင်းကို အာဏာတူမျှစွာ ပေးအပ်ထားသည်။ ဒေသအစိုးရများသည် အုပ်ချုပ်ရေး အာဏာကို ပိုင်ဆိုင်ထားကြပြီး မိမိတို့၏ဒေသအတွက် ဥပဒေအချို့ကို ရေးဆွဲ ချမှတ်နိုင်သည်။ ထို့ပြင် မြေခွန်၊ လမ်းကြေး၊ ယာဉ်ပစ္စည်းဆိုင်ရာ အခွန်နှင့် ကျွန်းသစ်မှလွဲ၍ သစ်နှင့် သစ်တောထွက်ပစ္စည်းများဆိုင်ရာ အခွန်တို့ကို ကောက်ခံနိုင်ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးတိုင်းတွင် တိုင်း/ ပြည်နယ်အဆင့် ဥပဒေပြုရေး ရှိကြပြီး အမျိုးသားလွှတ်တော်ကဲ့သို့ တူညီသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာရသည်။

| အစိုးရအဆင့် | အစိုးရ၏ လုပ်ငန်းဆောင်တာများ |
| --- | --- |
| ပြည်ထောင်စုအဆင့် (နိုင်ငံတော်) | |
| ဒေသအဆင့် (တိုင်း/ ပြည်နယ်) | |
| ရပ်ရွာအဆင့် (မြို့နယ်) | |
| အသိုင်းအဝိုင်းအဆင့်<br>(ရပ်ကွက်၊ ကျေးရွာ၊ အိမ်နီးနားချင်းများ) | |

## လေ့ကျင့်ခန်း

၁။ အောက်ဖော်ပြပါ အစိုးရ၏လုပ်ငန်းဆောင်တာများကို အစိုးရအဆင့် အသီးသီးအရ ခွဲခြားပေးပြီး ဇယားတစ်ရပ် ပြုလုပ်ပေးပါ။

- နိုင်ငံတကာ ဆက်ဆံရေး၊ ပတ်ဝန်းကျင် သန့်ရှင်းရေး ထိန်းချုပ်မှု၊ ~~စာကြည့် တိုက်များ၊~~ ပညာရေး၊ ပန်းခြံများ၊ ရဲ၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ အိုးအိမ်နေရာ၊ သယ်ယူ ပို့ဆောင်ရေး။

၂။ အခြားသော လုပ်ငန်းဆောင်တာများ ကိုလည်း စဉ်းစားဖော်ထုတ်ပြီး ဇယားတွင် ဖြည့်စွက်ပါ။

၃။ ဤသင်ခန်းစာအရ မည်သည်တို့ လေ့လာ မှတ်သားခဲ့ရသနည်း။

## အကြိုသင်ခန်းစာ

ပြည်ထောင်စုစနစ်နှင့် တစ်ပြည်ထောင်စနစ်တို့တွင် မည်သည့်စနစ်က ပိုမိုကောင်းမွန်ပါသနည်း။

# ၅.၂.၅ ပြည်ထောင်စုစနစ်နှင့် တစ်ပြည်ထောင်စနစ် (Federal vs Unitary Systems)

## လုပ်ငန်းများ

မိမိတို့အနေဖြင့် တိုင်းပြည်သစ်တစ်ပြည် တည်ထောင်သည် ဆိုပါစို့၊ ပြည်ထောင်စုအဆင့်နှင့် ဒေသဆိုင်ရာအစိုးရများကို မည်သည့် တာဝန်များ အပ်နှင်းပေးမည်နည်း။ အောက်ဖော်ပြပါဇယားကို ဖြည့်စွက်ပေးပါ။

| တာဝန်များ | ပြည်ထောင်စု (သို့) ဒေသ အစိုးရ | အကြောင်းရင်း |
|---|---|---|
| စာသင်ကျောင်းများအား ငွေကြေးထောက်ပံ့ပေးခြင်း<br>(ဥပမာ။ ။နယ်ကျောင်းများအတွက် ငွေကြေး မည်မျှ သုံးစွဲပေးမည်နည်း) | | |
| လျှပ်စစ်ဓါတ်အားနှင့် ရေတို့ မျှဝေခြင်း (ဥပမာ။ ။မည်သည့် အသိုင်းအဝိုင်းများကို မျှဝေပေးမည်နည်း) | | |
| ခွဲခြားမှုကို တိုက်ဖျက်ပေးသည့် ဥပဒေများ<br>(ဥပမာ။ ။ခွဲခြားမှုတိုက်ဖျက်သည့် ဥပဒေများ မည်သို့ အကောင်အထည် ဖော်နိုင်မည်နည်း) | | |
| ကျောင်းများနှင့် ဘာသာစကား<br>(ဥပမာ။ ။ကျောင်းများတွင် မည်သည့် ဘာသာစကားဖြင့် ပို့ချစေမည်နည်း) | | |
| ရဲများအပေါ် ဝေဖန်ပြောဆိုမှုများ (ဥပမာ။ ။ထိုဝေဖန်မှုတို့ကို မည်သို့ ကိုင်တွယ်နိုင်မည်နည်း) | | |
| မြေယာပိုင်ဆိုင်မှု (ဥပမာ။ ။မည်သူတို့က မြေယာပိုင်ဆိုင်ခွင့် ရရှိအပ်သနည်း) | | |
| သဘာဝ သယံဇာတအရင်းအမြစ်များ အသုံးပြုခြင်း<br>(ဥပမာ။ ။မည်သည့် အရင်းအမြစ်များကို ထုတ်ယူ သုံးစွဲနိုင်မည်နည်း၊ မည်သူတို့ အတွက် ဖြစ်သနည်း) | | |
| စစ်မှုထမ်းခြင်း (ဥပမာ။ ။စစ်တပ်အင်အား မည်မျှ ထားရှိအပ်သနည်း) | | |
| ပြည်ပနိုင်ငံများနှင့် ချုပ်ဆိုသည့် သဘောတူစာချုပ်များ၊<br>(ဥပမာ။ ။နိုင်ငံတကာအဖွဲ့အစည်းများနှင့် စာချုပ် ချုပ်ဆိုနိုင်သည့်အာဏာ) | | |
| အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေး (ဥပမာ။ ။ခြစားမှုများကို မည်သူ စစ်ဆေးရှာဖွေမည်နည်း) | | |
| လုပ်ငန်းခွင်ဥပဒေများ (ဥပမာ။ ။လုပ်ငန်းခွင်အခြေအနေများကို မည်သူ သတ်မှတ်ပေးမည်နည်း၊ အကောင်အထည် ဖော်ပေးမည်နည်း။) | | |

## ဆွေးနွေးချက်

ဤအခန်း၏အစရှေ့ပိုင်းတွင် လုပ်ဆောင်ခဲ့သော လူဦးရေတိုးပွားမှုဆိုင်ရာ ဥပဒေများကို ပြန်လည်ကြည့်ရှုပေးပါ။ ထိုဥပဒေများကို သက်ရောက်စေရာတွင် ပြည်ထောင်စုနှင့် ဒေသဆိုင်ရာအစိုးရတို့အနက် မည်သူတို့က အကောင်းဆုံး ဖော်ဆောင်ပေးနိုင်မည်ကို အဖွဲ့များ ဖွဲ့ပြီး ဆွေးနွေးပေးပါ။



## မြန်မာ့ရေးရာ

## မြန်မာနိုင်ငံနှင့် ပြည်ထောင်စုစနစ် (၁၉၆၁ ခုနှစ် တောင်ကြီး ညီလာခံမှ)

၁၉၆၁ ခုနှစ်တွင် ကျင်းပခဲ့သည့် တောင်ကြီးညီလာခံတွင် တက်ရောက်ခဲ့ကြသူတို့က ပြည်ထောင်စုအခြေခံဥပဒေကို ပြင်ဆင်ရန် သဘောတူညီခဲ့ကြသည်။ (ထိုအခြေခံဥပဒေသည် ၁၉၄၇ ခုနှစ် မေလတွင် ဖဆပလ မှ ရေးဆွဲထားခဲ့ခြင်း ဖြစ်သည်။)

၁၉၄၇ အခြေခံဥပဒေသည် ပြည်ထောင်စု အယူအဆကို အခြေခံထားသည်။ ရှမ်းနှင့် ကရင်နီ ပြည်နယ်များသည် လွတ်လပ်ရေးရရှိပြီး ဆယ်နှစ်ပြည့်ပါက ခွဲထွက်လိုက ခွဲထွက်နိုင်ကြသည်။ သို့ရာတွင် ကျန်တိုင်းရင်းသားများကိုမူ ထိုအခွင့်အရေးမျိုး မပေးအပ်ထားချေ။ ပြည်နယ်အချို့တို့တွင် ကိုယ်ပိုင် ပြည်နယ်ကောင်စီများ ထားရှိပြီး ဥပဒေများကို ပြဋ္ဌာန်းနိုင်ကြသည်။ သို့သော် ထိုဥပဒေများကို သမ္မတက ပယ်ဖျက်နိုင်သည်။ ပြည်နယ်ခေါင်းဆောင်များကိုလည်း ဝန်ကြီးချုပ်က ရွေးချယ် ခန့်ထားသည်။

၁၉၆၁ ခုနှစ် ပြင်ဆင်ချက်များအရ တိုင်းရင်းသားပြည်နယ်များနှင့် ဖွဲ့စည်းထားသည့် ဖက်ဒရယ်လ်ပြည်ထောင်စုကို တည်ထောင်စေမည် ဖြစ်သည်။ ထိုပြည်နယ်များသည် နိုင်ငံရေးဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်အပြည့်အဝ ရရှိကြမည်။ ၎င်းတွင် မိမိတို့၏ တိုင်းရင်းသားပြည်နယ်များအတွင်း ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် စီမံအုပ်ချုပ်ရေးအာဏာများ၊ ခွဲထွက်ခွင့်အပါအဝင် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်တို့လည်း ပါဝင်ပေသည်။ ဗဟိုအစိုးရအနေဖြင့် အောက်ပါ ကဏ္ဍများကိုသာ ထိန်းချုပ်နိုင်ခွင့် ရရှိမည်ဖြစ်သည်။ –

(က) နိုင်ငံခြားရေး၊
(ခ) ပြည်ထောင်စု ကာကွယ်ရေး၊
(ဂ) ပြည်ထောင်စု ဘဏ္ဍာရေး၊
(ဃ) ငွေအကြွေစေ့ ပြုလုပ်ခြင်းနှင့် ငွေကြေး သတ်မှတ်ခြင်း၊
(င) စာတိုက်နှင့် ကြေးနန်း၊
(စ) ရထားလမ်းများ၊ လေကြောင်းနှင့် ရေကြောင်းပို့ဆောင်ရေးများ၊
(ဆ) ပြည်ထောင်စု တရားစီရင်ရေး၊
(ဇ) ပင်လယ်အကောက်ခွန် (ရေကြောင်းမှတဆင့် သယ်ယူသော ကုန်စည်များအပေါ် အခွန်အခ ကောက်ခံခြင်း)။

ထို့အပြင် ညီလာခံသို့ တက်ရောက်လာသူတို့က အမျိုးသားလွှတ်တော် (အထက်လွှတ်တော်) ၏ ဖွဲ့စည်းပုံကို ပြောင်းလဲနိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်လိုကြသည်။ တိုင်းရင်းသားပြည်နယ်များ အရွယ်အစား မည်မျှရှိပါစေ ထိုပြည်နယ်တို့မှ ပါလီမန်သို့ ကိုယ်စားလှယ် တူညီစွာ ပေးပို့နိုင်စေရန် ဆန္ဒရှိကြသည်။

သို့ရာတွင်လည်း ၁၉၆၂ ခုနှစ်တွင် 'တိုင်းပြည် အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲမည့် အန္တရာယ်မှ ကာကွယ်ရန်' လိုအပ်သည်ဟုဆိုပြီး ဦးနေဝင်းမှ အာဏာသိမ်းခဲ့သည်။ ပါလီမန်ကိုလည်း ဖျက်သိမ်းခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ကိုလည်း ရုတ်သိမ်းခဲ့သည်။ ပြည်ထောင်စုဆိုင်ရာ ကိစ္စရပ်များနှင့် ဖွဲ့စည်းပုံပြင်ဆင်ရေး ဆွေးနွေးမှုများမှာ နိဂုံးချုပ်ခဲ့ရသည်။ ဦးနေဝင်း၏ အဆိုအရ ဖက်ဒရယ်စနစ်သည် တိုင်းပြည်နှင့် မကိုက်၊ ပြည်ထောင်စုကို ပြိုကွဲစေမည်ဟု ဆိုထားသည်။ ထို့ပြင် ၎င်းက ပါလီမန်စနစ်သည် တိုင်းပြည်အတွက် မကောင်းကြောင်း ထုတ်ဖော် ဖြေဆိုခဲ့သည်။

၁၉၇၄ အခြေခံဥပဒေသည် တစ်ပြည်ထောင်စနစ် ပေါ်ပေါက်လာစေသည်။ ပြည်နယ်နှင့် တိုင်းများ ထားရှိသော်လည်း ဗဟိုအစိုးရကသာ အရာရာထိန်းချုပ်ထားသည်။ အုပ်ချုပ်ရေးကို နိုင်ငံတော်ကောင်စီနှင့် ဝန်ကြီးများအဖွဲ့ဖြင့် ဖွဲ့စည်းထားရှိသည်။ ထိုကောင်စီနှစ်ရပ်လုံးသည် သမ္မတ၏ လက်အောက်တွင် ဖြစ်သည်။ ဝန်ကြီးများအဖွဲ့သည် တရားစီရင်ရေးကို ထိန်းချုပ်ထားပြီး နိုင်ငံတော်ကောင်စီက ဥပဒေပြုရေးကို ချုပ်ကိုင်ထားသည်။ အစိုးရသည် လွှတ်တော်တစ်ရပ်တည်းပါရှိသည့် ပါလီမန်စနစ်ဖြစ်ပြီး ဝန်ကြီးချုပ်၏ လက်အောက်တွင်ထားရှိသည်။ အစိုးရနေရာများအတွက်လည်း ရွေးကောက်ပွဲများ မကျင်းပချေ။

### လုပ်ငန်းများ

ပြည်ထောင်စုနှင့် တစ်ပြည်ထောင်နိုင်ငံများ၏ ကောင်းကျိုးများကို စာရင်းပြုစုပြီး ဇယားတစ်ရပ် ဖန်တီးပေးပါ။

### ဆွေးနွေးချက်

၁။ မိမိတို့တိုင်းပြည်အတွက် ပြည်ထောင်စုစနစ်နှင့် တစ်ပြည်ထောင်စနစ်နှစ်ရပ်တို့အနက် မည်သည်က အကောင်းမွန်ဆုံးဖြစ်မည်ဟု ထင်မြင်မိသနည်း။

၂။ သင်ခန်းစာ(၅.၂.၅)ပါ ဇယားကို အသုံးပြုပြီး မိမိတို့၏တိုင်းပြည်အနေဖြင့် ပြည်ထောင်စုနိုင်ငံတော် ဖြစ်မည်၊ သို့မဟုတ် တစ်ပြည်ထောင်နိုင်ငံ ဖြစ်မည်ကို သုံးသပ် ဆွေးနွေး ပေးပါ။

# အခန်း(၆) – ဖွဲ့စည်းပုံ အခြေခံဥပဒေများ (Constitutions)




**အကြိုသင်ခန်းစာ**

၁။ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုသည်မှာ အဘယ်နည်း။

၂။ မိမိတို့နိုင်ငံ၏ဖွဲ့စည်းပုံ အခြေခံဥပဒေကို ဖတ်ဖူးပါသလား။

## ၆.၁ ဖွဲ့စည်းပုံအခြေခံဥပဒေများကို နားလည်သဘောပေါက်ခြင်း

### ၆.၁.၁ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ အဘယ်နည်း

'ဖွဲ့စည်းပုံအခြေခံဥပဒေ' ဆိုသည်မှာ အစိုးရ၏ ဖွဲ့စည်းတည်ဆောက်ပုံနှင့် အာဏာတို့အတွက် စီစဉ် ရေးဆွဲထားကြခြင်းဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် အစိုးရ၏ အဓိကနိုင်ငံရေးအဆောက်အအုံယန္တရား (အင်စတီကျူးရှင်း) တစ်ရပ်စီအတွက် အခွင့်အရေးများ၊ တာဝန်များနှင့် အာဏာများကို ဖော်ပြပါရှိသည်။ ထို့အပြင် အစိုးရမှ ဥပဒေတို့ကို မည်သို့ ရေးဆွဲချမှတ်မည်၊ အကောင်အထည်ဖော်မည်၊ သက်ရောက်စေမည် စသည့် နည်းလမ်းတို့ကိုလည်း သတ်မှတ်ထားရှိသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် နိုင်ငံတစ်နိုင်ငံရှိ အစိုးရ မည်သို့ လည်ပတ်ရမည်၊ နိုင်ငံရေးမှာ မည်သို့ မည်ပုံ ရှိရမည် စသည်တို့အတွက် အခြေခံအကျဆုံးသော ဥပဒေများကို သတ်မှတ်ထားရှိသည်။ ထိုဥပဒေများထဲတွင် ကြာရှည် တည်တံ့မည့် ဥပဒေများလည်း ပါဝင်ကြပြီး ထိုဥပဒေတို့က အစိုးရ၏ (ရေရှည် မတည်တံ့သည့်) ဥပဒေနှင့် မူဝါဒများ ချမှတ်နိုင်မှုအပေါ် သက်ရောက်လျက်ရှိသည်။ ထိုကဲ့သို့သော ကြာရှည်တည်တံ့သည့် ဥပဒေများတွင်နိုင်ငံသားဆိုင်ရာအခွင့်အရေးများနှင့်ဖွဲ့စည်းပုံမည်သို့ပြောင်းလဲနိုင်သည်နှင့် စပ်လျဉ်းသည့် စည်းမျဉ်း စည်းကမ်းများ ပါဝင်ကြသည်။ ထိုအခြေခံဥပဒေများကို နိုင်ငံလည်ပတ်မှုအတွက် လိုအပ်သည့် ဥပဒေများနှင့် မူဝါဒများကို အစိုးရက ရေးဆွဲချမှတ်ရာတွင် ထည့်သွင်းစဉ်းစားကြရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအများစုသည် ရေးဆွဲပြဋ္ဌာန်းထားသော စာရွက်စာတမ်းများဖြစ်ကြ၏။ သို့ရာတွင် အချို့သော ဖွဲ့စည်းပုံအခြေခံဥပဒေများ (ဥပမာ – ယူကေ၊ အစ္စရေးနှင့် နယူးဇီလန်တို့၏ အခြေခံဥပဒေ များ) မှာမူ ထိုသို့မဟုတ်ကြ။ စာရွက်စာတမ်းတစ်ရပ် ဆိုသည်ထက် စာရွက်စာတမ်း အမြောက်အများကို အခြေခံထားကြပြီး၊ နိုင်ငံရေး လည်ပတ်ရန်အတွက် 'နားလည်မှုများ' လည်း ထားရှိကြသည်။




◀ အမေရိကန်ပြည်ထောင်စုတွင် ဖွဲ့စည်းပုံအခြေခံဥပဒေသည် အမြင့်ဆုံးသော ဥပဒေဖြစ်ကြောင်း ဖော်ပြထားသည်။ အခြားသော အစိုးရမဏ္ဍိုင်တို့မှာ သက်ဆိုင်ရာ အာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေမှ ရရှိသည်။

## လုပ်ငန်းများ

ဤအခန်းပါ 'လုပ်ငန်း' များတွင် ခက်ခဲသည့် ဆုံးဖြတ်ချက်အချို့ကို ချမှတ်စေမည်ဖြစ်သည်။ ပထမအဆင့်အနေဖြင့် မိမိတို့အဖွဲ့၏ 'ဆုံးဖြတ်ချက်ချမှတ်မှုပုံစံ' တစ်ရပ်ကို ရွေးချယ်ထားကြရမည်။ ထိုသို့ ရွေးချယ်ကြရာတွင် –

- **အများသဘောတူ မဲခွဲ ဆုံးဖြတ်ခြင်း** – ကိစ္စရပ်တစ်ရပ်အတွက် ဦးစွာ ဆွေးနွေးပြီး မဲခွဲ ဆုံးဖြတ်ခြင်း၊ (ထိုပုံစံတွင် မဲအရေအတွက် အနည်းအများကိုလိုက်ပြီး ဆုံးဖြတ်သည်)။
- **ကိုယ်စားပြုစနစ်** – ဆုံးဖြတ်ချက်များ ချမှတ်နိုင်သည့် ယာယီ ကိုယ်စားလှယ်များ ခန့်အပ်ထားရှိခြင်း။
- **အမြဲတမ်း ဆုံးဖြတ်ချက်ချမှတ်သူများ ထားရှိခြင်း** – အဖွဲ့ဝင်များနှင့် မတိုင်ပင်ဘဲ ဆုံးဖြတ်ချက်များ ချမှတ်နိုင်သည့် ခေါင်းဆောင်တစ်ဦး ခန့်အပ်ထားရှိခြင်း။
- **သဘောတူညီမှုရယူခြင်း** – အဖွဲ့ဝင်အားလုံး၏ ထောက်ခံသဘောတူသော အကြံပြုချက် ရရှိသည်အထိ ဆွေးနွေး ပြောဆိုခြင်း၊ အစရှိသည်တို့အနက်မှ ရွေးချယ်နိုင်ကြမည်။

မည်သည့် နည်းလမ်းကို ရွေးချယ်မည့်အကြောင်း မဆုံးဖြတ်ခင်တွင် အဆိုနည်းလမ်းတစ်ရပ်စီတို့၏ အကျိုး၊ အပြစ်များကို ဆွေးနွေးပေးပါ။




▲ ဆုံးဖြတ်ချက်ချမှတ်မှု ပုံစံတစ်ရပ်မှာ တစ်ဦးလျှင် တစ်မဲစီပေးခွင့်ရမည့် လျှို့ဝှက်မဲပေးခြင်း နည်းလမ်းဖြစ်သည်။

## ၆.၁.၂ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်၏ အစိတ်အပိုင်းများ

ဖွဲ့စည်းပုံအခြေခံဥပဒေများသည် တစ်ခုနှင့်တစ်ခု တစ်ထပ်တည်းကျ တူညီသည်ဟူ၍ မရှိကြ။ ဖွဲ့စည်းပုံအခြေခံဥပဒေအချို့တို့သည် ရှည်လျားကြပြီး အသေးစိတ်နိုင်လှသည်။ (အိန္ဒိယဖွဲ့စည်းပုံအခြေခံဥပဒေတွင် အပိုဒ်ပေါင်း ၃၈၇ ပိုဒ် ပါဝင်သည်) အချို့တို့မှာမူ တိုသည်။ (အမေရိကန် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်မူ ၇ ချက်သာ ပါဝင်သည်)။ မြန်မာနိုင်ငံ၏ ၂၀၀၈ – ဖွဲ့စည်းပုံအခြေခံဥပဒေတွင် (ပုဒ်မခေါ်) အပိုဒ်ပေါင်း ၄၅၇ ပိုဒ် ပါရှိပြီး၊ အခန်း (၁၅) ခန်း ပါဝင်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေများသည် တစ်ခုနှင့်တစ်ခု ကွဲပြားကြသည် မှန်သော်လည်း အများစုတွင် အောက်ပါအဓိကအစိတ်အပိုင်း (၄) ရပ် တို့ပါဝင်ကြသည်။

- **အကြိုနိဒါန်း** (Preamble) – ဖွဲ့စည်းပုံအကြိုနိဒါန်းသည် ယေဘုယျအားဖြင့် တိုင်းပြည်နှင့် သမိုင်းနောက်ခံတို့အကြောင်း ဖော်ပြချက်တစ်ရပ်ပင် ဖြစ်သည်။ ထိုအကြိုနိဒါန်းတွင် တိုင်းပြည်နှင့် ပြည်သူများအတွက် အရေးပါသည့် အမျိုးသားရေးဆိုင်ရာ ဖြစ်ရပ်များနှင့် ရိုးရာဓလေ့များကိုလည်း ဖော်ပြထားရှိကြသည်။ ထို့အတူ နိုင်ငံတော်၏ 'တရားဝင်အသိအမှတ်ပြုမှု' (legitimacy) ကို အခြေခံထားရှိရာ နိုင်ငံရေး အဆောက်အအုံ ယန္တရား (Institutions) များ၊ လက်ခံယုံကြည်ထားချက်များနှင့် တန်ဖိုးများကိုလည်း ဖော်ပြထားတတ်ပေသည်။
- **အခြေခံမူလအခွင့်အရေးများ** (Fundamental Rights/Bills of Rights) – နိုင်ငံသားတို့၏ အခြေခံမူလအခွင့်အရေးများဆိုသည်မှာ နိုင်ငံသားတို့၏ အခြေခံ အခွင့်အရေးများနှင့် အစိုးရအာဏာပိုင်တို့အား ကန့်သတ်သည့် အချက်အလက်များကို ရေးဆွဲဖော်ပြထားသည်။

## အကြံပြုသင်ခန်းစာ

ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အစိတ်အပိုင်း အသီးသီးကို ဖော်ပြပါ။



▲ အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းပုံ အကြိုနိဒါန်း

- **အစိုးရ၏ နိုင်ငံရေးအဆောက်အအုံယန္တရားများနှင့် ရုံးဌာနများ** (Institutions and Offices of Government) – အစိုးရ၏ နိုင်ငံရေးအဆောက်အအုံယန္တရားများနှင့် ရုံးဌာနများ အပိုင်းတွင် ၎င်းအစိုးရ၏ ဖွဲ့စည်းတည်ဆောက်မှုပုံစံကို ဖော်ပြထားသည်။ ထို့အပြင် အစိုးရ အင်စတီကျူးရှင်းများ၏ အာဏာနှင့် တာဝန်များကိုလည်း အကြမ်းဖျင်း ဖော်ပြပေးထားသည်။
- **ပြင်ဆင်ချက်များ** (Amendments) – ဤအပိုင်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြောင်းလဲလိုလျှင် လိုက်နာရမည့် စည်းမျဉ်းသတ်မှတ်ချက်များ ပါရှိသည်။

## ၆.၁.၃ ဖွဲ့စည်းပုံအဖွင့်နိဒါန်း

**အကြိုသင်ခန်းစာ**

ဖွဲ့စည်းပုံ 'အဖွင့်နိဒါန်း' ဆိုသည်မှာ အဘယ်နည်း။

'အဖွင့်နိဒါန်း' (Preamble) သည် စာရွက်စာတမ်းတစ်ရပ်၏ အစတွင် ပါရှိကြပြီး ထိုစာတမ်း၏ အရေးပါပုံကို ဖွင့်ဆိုရှင်းလင်းထားသည့် ဖော်ပြချက်တစ်ရပ်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အဖွင့်နိဒါန်းအနေဖြင့် တိုင်းပြည်နေ ပြည်သူအများ၏ နိုင်ငံရေးဆိုင်ရာ တန်ဖိုးများနှင့် ရည်မှန်းချက်တို့ကို ရှင်းလင်းထားသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေများသည် လူမှုအသိုင်းအဝိုင်း တစ်ရပ်လုံးအတွက် အရေးပါဆုံးဖြစ်သည့် တန်ဖိုးများကို ကိုယ်စားပြုကြသည်။ ထို့အတူ တိုင်းပြည်၏ နိုင်ငံရေးယဉ်ကျေးမှုကိုလည်း ထင်ဟပ်နေသည်။ 'သဘောထားကြီးမှု' နှင့် 'လွတ်လပ်ခွင့်' စသော တန်ဖိုးများသည် လွတ်လပ်မှုဗဟိုပြု လစ်ဘရယ် (liberal) နိုင်ငံရေးယဉ်ကျေးမှုကို ဖော်ညွှန်းရာရောက်သည်။ တစ်ဖက်တွင်လည်း 'ရိုးရာဓလေ့'၊ 'ဥပဒေနှင့် အမိန့်အာဏာ' ဟူသော တန်ဖိုးများက ရှေးရိုးစွဲပိုကျသည့် နိုင်ငံရေးယဉ်ကျေးမှုကို ညွှန်းဆိုနေပေသည်။

**ပြန်လည်သုံးသပ်ချက်**

အဖွဲ့ ၄ ဖွဲ့ ခွဲပေးပါ။

၁။ အောက်ပါတို့ကို အဖွဲ့ ၄ ဖွဲ့အနေဖြင့် လုပ်ဆောင်ပါ။ အောက်ဖော်ပြပါ စာရင်းတွင် ပါရှိသည့် တန်ဖိုးများ အနက်မှ မိမိတို့၏ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ထည့်သွင်းစေမည့် အရေးပါဆုံးသော တန်ဖိုး (၆) ရပ် ကို ရွေးချယ်ပါ။ ထို့နောက် 'တန်ဖိုးပိရမစ်' တစ်ရပ် ပြုလုပ်ပေးပါ။

၂။ မိမိတို့ပြုစုခဲ့သည့် 'တန်ဖိုးပိရမစ်' ကို စာသင်ခန်းနံရံတွင် ထားရှိဖော်ပြပြီး အခြားအဖွဲ့များ ပြုစုထားသည်တို့ကို ကြည့်ရှု သုံးသပ်ပါ။ မိမိတို့အနေဖြင့် အခြားအဖွဲ့သို့ ပြောင်းလဲလိုသည် ဆိုပါကလည်း ပြောင်းလဲနိုင်သည်။

၃။ အဖွဲ့ ၄ ဖွဲ့စလုံး သဘောတူညီသည့် 'တန်ဖိုးပိရမစ်' တစ်ရပ် ဆုံးဖြတ်ပေးရန်အတွက် အတူတကွ လုပ်ဆောင်ပေးပါ။ လိုအပ်ပါက သင်ခန်းစာ (၆.၁.၁) တွင် ဆောင်ရွက်ခဲ့သည့် 'ဆုံးဖြတ်ချက် ချမှတ်မှုပုံစံ' ကို အသုံးပြုနိုင်သည်။



| | | | | | |
|---|---|---|---|---|---|
| လူမှုရေး တရားမျှတမှု | နာခံမှု | လုံခြုံမှု | ငြိမ်းချမ်းရေး | အမိန့်ပေးခြင်း | |
| လူ့ဂုဏ်သိက္ခာ | ညီမျှမှု | လေးစားမှု | ရိုးသားမှု | မိသားစု | စည်းလုံးမှု |
| တာဝန် | တရားမျှတမှု | သဘောထားကြီးမှု | လွတ်လပ်မှု | ယှဉ်ပြိုင်မှု | |
| ညီညွတ်မှု | မျိုးချစ်စိတ် | | | | |

## ဆွေးနွေးချက်

၁။ မိမိတို့စာသင်ခန်းအတွင်း ဆုံးဖြတ်ခဲ့ကြသည့် တန်ဖိုးများကို တိုင်းပြည်ရှိ လူအများစုအနေဖြင့်လည်း မျှဝေ ကျင့်သုံးကြလိမ့်မည်ဟု ထင်ပါသလား။ အဘယ်ကြောင့်နည်း။

၂။ သင်ခန်းစာ (၆.၁.၁) တွင် ရွေးချယ်ခဲ့သည့် 'ဆုံးဖြတ်ချက်ချမှတ်မှုပုံစံ' ကို အသုံးပြုခြင်းက ဆုံးဖြတ်ချက်များကို လွယ်လွယ်ကူကူ လက်ခံလာစေပါသလား။ အဘယ်ကြောင့်နည်း။



### မြန်မာ့ရေးရာ

## မြန်မာ့ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အဖွင့်နိဒါန်း

ကျွန်ုပ်တို့ တိုင်းရင်းသား ပြည်သူအပေါင်းတို့သည် အောက်ပါတို့ကို ဆောင်ရွက်မည်ဟု သန္နိဋ္ဌာန် ချမှတ်ထားသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဦးတည်ချက်များကို အစဉ်တစိုက် မမိုတ်မသုန် စွဲမြဲစွာ ခံယူ စောင့်ထိန်းသွားကြမည်။

- နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားစေလျက် တိုင်းရင်းသားပြည်သူအများ ငြိမ်းချမ်းသာယာဝပြောရေးကို တည်တံ့ခိုင်မြဲအောင် စဉ်ဆက်မပြတ် ဆောင်ရွက် ထိန်းသိမ်းသွားကြမည်။
- နိုင်ငံတော်အတွင်း လူမျိုးရေးတန်းတူမှုဖြင့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ကို ခိုင်မြဲစွာ မွေးမြူလျက် ထာဝစဉ် စည်းလုံးညီညွတ်စွာ အတူတကွ လက်တွဲနေထိုင်ကြမည်။
- ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းသင်း ဆက်ဆံရေးကို ရှေးရှုလျက် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းရန် အစဉ် ကြိုးပမ်းကြမည်။

## လေ့ကျင့်ခန်း

၁။ မြန်မာ့ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အကြိုနိဒါန်းတွင် မည်သည့် တန်ဖိုးများကို တွေ့မြင်ရသနည်း။ ထိုတန်ဖိုးများသည် (၆.၁.၃) တွင် ရွေးချယ်ခဲ့သည်တို့နှင့် တူညီမှုရှိပါသလား။

၂။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မည်သို့သော ဦးတည်ချက်များကို တွေ့မြင်ရသနည်း။

၃။ ထိုတန်ဖိုးနှင့် ဦးတည်ချက်များအတိုင်း လိုက်နာကျင့်သုံးလျက်ရှိကြောင်း မည်သည့် အထောက်အထားများအရ သိရှိနိုင်မည်နည်း။

## လုပ်ငန်းများ

အောက်ဖော်ပြပါ ဖွဲ့စည်းပုံအခြေခံဥပဒေ အဖွင့်နိဒါန်းများကို ဖတ်ရှုပြီး နိဒါန်းတစ်ရပ်စီအတွက် မေးခွန်းတို့ကို ဖြေဆိုပေးပါ။

၁။ ထိုအဖွင့်နိဒါန်းတွင် မည်သည့် တန်ဖိုးများ တွေ့မြင်နိုင်သနည်း။

၂။ ထိုတိုင်းပြည်၏ အတိတ်သမိုင်းကြောင်းနှင့် အနာဂတ်ပန်းတိုင်များကို အဖွင့်နိဒါန်းများအရ မည်သို့ သုံးသပ်မိသနည်း။

၃။ ထိုတိုင်းပြည်၏ အစိုးရစနစ်နှင့် ဝါဒများကို အဖွင့်နိဒါန်းများအရ မည်သို့ သုံးသပ်မိသနည်း။



### ရုရှားပြည်ထောင်စု

... ဤမြေပေါ်တွင် တူညီသော ကံကြမ္မာတို့ဖြင့် စည်းလုံးထားသော ရုရှားပြည်ထောင်စု၏ တိုင်းရင်းသား မျိုးစုံစွာ ပါဝင်သော ကျွန်ုပ်တို့ ပြည်သူများသည် ... ကျွန်ုပ်တို့ ဘိုးဘွား ဘီဘင်ဆိုင်ရာ အထိမ်းအမှတ်များကို လေးစားသောအားဖြင့် နိုင်ငံတော်၏ သမိုင်းအစဉ်အလာအရ ဖြစ်သည့် စည်းလုံးမှုနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်တို့၏ ကိုယ်ပိုင် ဆုံးဖြတ်ချက်ချမှုတို့ကို ထိန်းသိမ်း (သွားမည်) ...



### အင်ဒိုနီးရှား

... အများပြည်သူ ဖူလုံရေးကို တိုးတက်စေပြီး ပြည်သူတို့ကို ပညာမျှဝေသွားကြမည် ဖြစ်သည်။ လွတ်လပ်မှု၊ အစဉ်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးတို့ကို အခြေခံသည့် ကမ္ဘာလုံးဆိုင်ရာ အမိန့်အာဏာ သက်ရောက်မှုတစ်ရပ် တည်ဆောက်ရေးကို ဦးတည်လျက် ပါဝင်ကြရန် ...



### တရုတ်

... တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ဗဟိုမှ တစ်ပေါင်းတစ်စည်းတည်း လက်ကိုင်ပြုထားသော စနစ်ကို ကျင့်သုံးသော၊ တိုင်းရင်းသားမျိုးနွယ် စုံလင်စွာ ပါဝင်သည့် နိုင်ငံတော်တစ်ရပ် ဖြစ်ပြီး တိုင်းပြည်ရှိ ပြည်သူအများတို့ ပူးပေါင်းပါဝင်လျက် တည်ဆောက်ထားသည်။ ညီမျှမှု၊ ညီညွတ်မှုနှင့် အပြန်အလှန် ဖေးမကူညီမှုဟူသော လူမှုရေး ဆက်နွယ်မှုများသည် ပြည်သူများအကြား ရှင်သန် ဖွံ့တည်လျက် ရှိသည် ...



### ဂျပန်

... ကျွန်ုပ်တို့ ဂျပန်ပြည်သူများသည် နိုင်ငံတကာနှင့် ငြိမ်းချမ်းစွာ ပူးပေါင်းပါဝင်မှု၊ လွတ်လပ်မှုတို့အတွက် ကြိုးပမ်းကြလျက်၊ အစိုးရ၏လုပ်ငန်းများ မှတစ်ဆင့် ကြောက်မက်ဖွယ် စစ်ဘေး အန္တရာယ်တို့ ရင်ဆိုင် ကြုံတွေ့ရခြင်း တို့မှလည်း ရှောင်ရှား သွားကြမည် ဖြစ်သည် ...



### ဗီယက်နမ်

... ဆိုရှယ်လစ်စနစ်သို့ ကူးပြောင်းမှု ကာလအတွင်း နိုင်ငံတော်တည်ဆောက်ရေး အစီအမံများ အကောင်အထည် ဖော်နိုင်စေရန်အတွက် မျိုးချစ်စိတ်ဓာတ် အစဉ်အလာကို အပြည့်အဝ စောင့်ထိန်း သွားကြမည်။ သန်းနှင့် ချီရှိသည့် ပြည်သူအပေါင်း တို့မှာ တစ်သွေးတည်း တစ်သားတည်း စည်းလုံးကြလျက် နိုင်ငံတော် တည်ဆောက်ရေးတွင် ပါဝင်နိုင်ရန် အတွက် ကိုယ့်အား ကိုယ်ကိုးမှုနှင့် ကိုယ့်ကိုယ်ကို မြှင့် တင်မှု ဟူသည့် စိတ်ဓာတ်တို့ကို စောင့်စည်းသွားရမည် ...



### နီပေါ

... နိုင်ငံတော်၏ ဖြစ်ပေါ်ပြောင်းလဲ တိုးတက်မှုများကို ဆောင်ကြဉ်းပေးပြီး အဆင့်အတန်း၊ လူမျိုး၊ ဒေသ၊ ကျား / မ တို့နှင့် သက်ဆိုင်လျက်ရှိသည့် တိုင်းပြည်တွင်းရှိ ပြဿနာအပေါင်းတို့ကို ဖြေရှင်း သွားမည်ဟု သန္နိဋ္ဌာန်ပြုပါ၏။ ...



### ထိုင်း

... ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း အသစ်၏ အဓိက ရည်မှန်းချက်များမှာ ပြည်သူတို့၏ အခွင့်အရေးများနှင့် လွတ်လပ်မှုတို့ကို ပိုမို ပေးစွမ်းနိုင်ပြီး အကာအကွယ်ပြုသွားရန်၊ တိုင်းပြည် စီမံခန့်ခွဲမှုတွင် ပြည်သူတို့၏ အခန်းကဏ္ဍနှင့် ပါဝင်မှုတို့ကို ဖြည့်စွမ်း အားပေးရန်၊ နိုင်ငံတော် အာဏာ အသုံးပြုမှုကို စနစ်တကျ စစ်ဆေးရန်နှင့် အပြန်အလှန် စစ်ဆေးသွားရန်တို့ ဖြစ်ကြသည်။ ...



### အရှေ့တီမော

... နိုင်လိုမင်းထက်ပြုမှု၊ ဖိနှိပ်မှု၊ လူမှုရေးဆိုင်ရာ ယဉ်ကျေးမှုဆိုင်ရာနှင့် ဘာသာရေးဆိုင်ရာ လွှမ်းမိုးမှုနှင့် ခွဲခြားမှုပုံစံ အမျိုးမျိုးတို့ကို တိုက်ထုတ်ပစ်ရမည်။ နိုင်ငံတော်၏ အချုပ်အခြာ အာဏာကို အကာအကွယ်ပြုရန်၊ နိုင်ငံသားတို့၏ လူ့အခွင့်အရေးနှင့် အခြေခံကျသည့် အခွင့်အရေးများကို လေးစားရန်နှင့် အာမခံပေးရန် ...

## ၆.၁.၄ အခြေခံမူလ အခွင့်အရေးများ

### (က) 'အခြေခံမူလ အခွင့်အရေးများ' မှာ မည်သည်တို့နည်း

ဖွဲ့စည်းပုံအခြေခံဥပဒေများသည် နိုင်ငံတော်နှင့် လူပုဂ္ဂိုလ်များအကြားရှိ ဆက်နွှယ်ချက်ကို ဖော်ထုတ်ပေးသည်။ လူပုဂ္ဂိုလ်များ၏ နိုင်ငံတော်အပေါ် ထားရှိရမည့် တာဝန်ဝတ္တရားများကို ဖော်ပြပါရှိသကဲ့သို့၊ အစိုးရတို့မှ နိုင်ငံသားများအပေါ် ဝင်ရောက် စွက်ဖက်ပိုင်ခွင့် မရှိသည့် ကိစ္စရပ်များအတွက်လည်း စည်းမျဉ်း စည်းကမ်းများ ရှင်းလင်းထားရှိသည်။ ထို့အပြင် 'အခြေခံအခွင့်အရေးများ' ဖြစ်ကြသည့် လွတ်လပ်စွာ ထုတ်ဖော်ခွင့်၊ လွတ်လပ်စွာ ဘာသာကိုးကွယ်မှု၊ လွတ်လပ်စွာ စည်းရုံးခွင့်နှင့် လွတ်လပ်စွာလှုပ်ရှားမှု အစရှိသည်တို့ကိုလည်း ဖွဲ့စည်းပုံ အခြေခံဥပဒေများက ကာကွယ်ပေးထားတတ်သည်။

### (ခ) တိုင်းပြည်အသီးသီးရှိ 'အခြေခံမူလ အခွင့်အရေးများ'

၁။ တိုင်းပြည်အသီးသီးတွင် 'အခြေခံကျသည့်အခွင့်အရေးများ' ဆိုင်ရာ အခန်းကဏ္ဍတစ်ရပ် ပါဝင်ကြသည်။ သို့ရာတွင် မည်သည့် အခွင့်အရေးများကို အကာအကွယ်ပြုပေးနိုင်သည်၊ မည်သည်တို့ကို မပြုပေးနိုင်ဟူသည်မှာမူ ကွဲပြားကြသည်။ ဥပမာအားဖြင့် လစ်ဘရယ်ဒီမိုကရေစီ (liberal democracy) တိုင်းလိုလိုတွင် လွလ်လပ်စွာ ပြောဆိုခွင့်နှင့် လွတ်လပ်စွာ အသင်းအဖွဲ့ပြုလုပ်ခွင့်တို့ကို ကာကွယ်ပေးစွမ်းထားသည်။ ဆွီဒင်ကဲ့သို့သော ဆိုရှယ်လစ်ပိုကျသည့် တိုင်းပြည်များတွင်မူ လူမှုလုံခြုံရေးနှင့် လုပ်ငန်းခွင် ဥပဒေဆိုင်ရာ အခွင့်အရေးများကို ကာကွယ်ပေးထားသည်။

၂။ ဂျာမနီနိုင်ငံတွင် ဒီမိုကရတ်တစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ 'ဒီမိုကရေစီဆန့်ကျင်' လှုပ်ရှားမှုများသည် တရားမဝင်ချေ။ ဒီမိုကရေစီကို 'ဆန့်ကျင်သည်' ဟု ထင်မြင်ရသည့် နိုင်ငံရေးပါတီများကို နိုင်ငံတော်မှ ပိတ်ပင်နိုင်သည်။ ထို့နည်းတူပင် တောင်အာဖရိက နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် 'အကြမ်းဖက်ခြင်း တို့ကို ဦးတည်စေနိုင်သည့် အမျိုးအနွယ်၊ လူမျိုး၊ ကျား/မ သို့မဟုတ် ဘာသာရေးတို့ကိုအခြေခံသော မုန်းတီးရေး ပြောဆိုလှုံ့ဆော်မှု' တို့ကို ပိတ်ပင်ခြင်းဖြင့် လွတ်လပ်စွာ ထုတ်ဖော်တင်ပြခြင်းကို ကန့်သတ်ထားသည်။

**အကြိုသင်ခန်းစာ**

၁။ 'အခြေခံကျသည့်အခွင့်အရေးများ' ဟူသည် မည်သည့်အဓိပ္ပာယ်ရသည်ဟု ထင်မြင်သုံးသပ်မိသနည်း။

၂။ မည်သည့်အခွင့်အရေးများသည် အခြေခံကျကြသနည်း။

**လုပ်ငန်းများ**

၁။ သင်ခန်းစာ (၆.၁.၄) တွင် ရှေ့တွင် လုပ်ဆောင်ခဲ့သည့် 'တန်ဖိုးပိရမစ်' နှင့် စာမျက်နှာ (၁၆၊ ၁၇) ရှိ ၂၀၀၈ – မြန်မာ့ဖွဲ့စည်းပုံ အခြေခံဥပဒေပါ အခွင့်အရေးများ စာရင်းကို လေ့လာ ကြည့်ရှုပါ။

၂။ ပိရမစ်တွင်ပါရှိသည့် တန်ဖိုးတစ်ခုစီအတွက် သက်ဆိုင်ရာ အခွင့်အရေး နှစ်ရပ်ကို ရွေးချယ်သတ်မှတ်ပေးပါ။

၃။ ထိုအခွင့်အရေးများကို စာရွက်တစ်ရွက်ပေါ်တွင် ချရေးပြီး မိမိတို့၏ 'တန်ဖိုးပိရမစ်' နံဘေးတွင် ချိတ်ဆွဲထားရှိပါ။

၄။ ထိုရွေးချယ် ပြုစုထားသည့် အခွင့်အရေးများနှင့် ပတ်သက်၍ မည်သည်တို့ကို လေ့လာ အကဲခတ်မိသနည်း။

### ဆွေးနွေးချက်

သင်ခန်းစာ (၆.၁.၄–ခ) ကို လေ့လာဖတ်ရှုပြီးပါက –

၁။ 'ဒီမိုကရေစီဆန့်ကျင်' ပါတီများကို ပိတ်ပင်ထားသည့် ဂျာမန်ဖွဲ့စည်းပုံအခြေခံဥပဒေပါ အချက်ကို သဘောတူလက်ခံပါသလား။ အဘယ်ကြောင့်နည်း။

၂။ တောင်အာဖရိက ဖွဲ့စည်းပုံ အခြေခံဥပဒေပါ အပိုင်းတစ်ပိုင်းဖြစ်သည့် 'အကြမ်းဖက်ခြင်းတို့ကို ဦးတည်စေနိုင်သော… မုန်းတီးရေး ပြောဆိုလှုံ့ဆော်မှု' တို့အား ပိတ်ပင်တားမြစ်ထားသည့် အချက်ကို လက်ခံသဘောတူပါသလား။ အဘယ်ကြောင့်နည်း။

### ဆွေးနွေးချက်

သင်ခန်းစာ (၆.၁.၄) ကို လေ့လာဖတ်ရှုပြီးပါက –

၁။ 'နောက်နောင် ဟစ်တလာကဲ့သို့ မပြုစေရေး' (Hitler - proof) ဖွဲ့စည်းပုံအခြေခံဥပဒေက နိုင်ငံတိုင်းနှင့် ကိုက်ညီမည်ဟု ထင်ပါသလား။ အဘယ့်ကြောင့်နည်း။

၂။ 'အရေးပေါ်အာဏာ' တွင် ကောင်းကျိုးထက် ဆိုးကျိုးများသည်ဟု ထင်ပါသလား။ အဘယ့်ကြောင့်နည်း။

## (ဂ) အရေးပေါ် အခြေအနေ ကြေညာခွင့်အာဏာ

နိုင်ငံအကျပ်အတည်း ဖြစ်ပွား ပေါ်ပေါက်သည့် အချိန်အခါမျိုးတွင် အုပ်ချုပ်ရေးက တာဝန်ယူ၍ ဦးဆောင်မှုပေးရသည်။ ထို့ကြောင့်လည်း စစ်ပွဲများ၊ သဘာဝဘေး၊ အကြမ်းဖက်တိုက်ခိုက်မှုနှင့် နိုင်ငံတွင်း မငြိမ်မသက်မှုများကဲ့သို့သော အကျပ်အတည်းများနှင့် ရင်ဆိုင်ကြုံတွေ့ရသည့်အခါတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ 'အရေးပေါ်အာဏာ' ပေးအပ်ရသည်။ အရေးပေါ်အာဏာ ဆိုသည်မှာ ဆုံးဖြတ်ချက်ချမှတ်မှုနှင့် သက်ဆိုင်သည့် အာဏာတိုင်းကို အုပ်ချုပ်ရေးသို့ပေးအပ်ပြီး၊ အခြေခံကျသည့် အခွင့်အရေးများအား ယာယီကန့်သတ်ထားခြင်း၊ ရပ်ဆိုင်းထားခြင်းကို ဆိုလိုသည်။ အရေးပေါ်အာဏာသည် တည်ငြိမ်မှုကို ထိန်းသိမ်းရန်အတွက် အရေးပါလှပြီး နိုင်ငံအကျပ်အတည်း ဖြစ်ပွားနေချိန်များတွင် ဆုံးဖြတ်ချက်များကို မြန်ဆန်စွာ ချမှတ်နိုင်စေမည်ဟုလည်း ထောက်ခံသူတို့က ဆိုထားကြသည်။ သို့ရာတွင်လည်း 'အရေးပေါ်အခြေအနေ' ကြေညာနိုင်သည့် အာဏာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ပြဌာန်းမှုတို့မှာ အာဏာကြီးထွားလိုသည့် အစိုးရများ၏ လက်တစ်လုံးခြား အလွဲသုံးစားပြုခံကြရတတ်သည်။

## (ဃ) အရေးပေါ်အာဏာ အသုံးပြုခြင်းဆိုင်ရာ ဥပမာရပ်များ

၁။ ဂျာမနီ – ၁၉၃၃ခုနှစ်တွင် 'အရေးပေါ်အာဏာ' ကို အလွဲသုံးစားပြုပြီး အစိုးရအာဏာတိုင်းကို အုပ်ချုပ်ရေးထံ ပေးအပ်စေခြင်းဖြင့် အဒေါ့ဖ်ဟစ်တလာ အာဏာရလာခဲ့သည်။ အာဏာရှိသည့် အတောအတွင်း ဟစ်တလာအနေဖြင့် အာဏာရှင်စနစ်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်ခဲ့သည်။ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ (နှင့် အကာအကွယ်ပြုပေးထားသည့် နိုင်ငံသားဆိုင်ရာအခွင့်အရေးများ အားလုံးတို့) ကို ပယ်ဖျက်ခဲ့သည်။

ထိုဖြစ်ရပ်များအပြီး လက်ရှိဂျာမန်ဖွဲ့စည်းပုံအခြေခံဥပဒေသည် 'နောက်နောင် ဟစ်တလာကဲ့သို့ မပြုနိုင်ရန်' (Hitler – proof) ရေးဆွဲစေခဲ့သည်။ ထိုဥပဒေတွင် အစိုးရအုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် ဥပဒေပြုရေးမဏ္ဍိုင်တို့အနက် မည်သည်ကမျှ ပြဌာန်းထားသည့် အခြေခံနိုင်ငံသားဆိုင်ရာ အခွင့်အရေး (၁၉) ရပ်နှင့် လွတ်လပ်မှုတို့ကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းတို့ မပြုလုပ်နိုင်စေရန် အာမခံပေးသည်။ ထို့အပြင် ဖက်ဒရယ်လ်ပြည်ထောင်စု၊ ဒီမိုကရက်တစ်စနစ်နှင့် လူမှုဖူလုံရေးစနစ်စသည့် နိုင်ငံရေးဆိုင်ရာ လက္ခဏာရပ်များကိုလည်း ရရှိစေမည်ဖြစ်ပြီး အာဏာရှင်စနစ် ပြန်လည်ပေါ်ပေါက်လာခြင်းမှ ကင်းဝေးစေပေမည်။

၂။ အိန္ဒိယ – သမ္မတ အင်ဒီယာဂန္ဒီသည် ၁၉၇၅ ခုနှစ်မှ ၁၉၇၇ ခုနှစ်အတွင်း အရေးပေါ်အာဏာကို အသုံးပြုခဲ့သည်။ ၁၉၇၀ ပြည့်လွန် နှစ်များအတွင်း ဂန္ဒီ၏ပါတီမှာ လူကြိုက်များမှု တဖြည်းဖြည်းလျော့ကျလာနေခဲ့သည်။ အိန္ဒိယပြည်တစ်ဝှမ်းတွင် အဓိကရုဏ်းနှင့် သပိတ်မှောက်မှုများ ဖြစ်ပွားပေါ်ပေါက်လျက်ရှိပြီး သမ္မတဂန္ဒီသည် ထောက်ခံမှုလျော့ကျလာခြင်း၊ ခြစားသည်ဟု စွပ်စွဲခံရမှုခြင်း၊ တာဝန်မှရပ်ဆိုင်းရန် တောင်းဆိုလာကြခြင်း အစရှိသည်တို့နှင့် ရင်ဆိုင်ခဲ့ရသည်။ ဂန္ဒီက 'အရေးပေါ်အုပ်ချုပ်ရေး' ဟု ထုတ်ပြန်လိုက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ခေတ္တ ရပ်ဆိုင်းစေခဲ့သည်။ ထို့အပြင် လွတ်လပ်မှု ကန့်သတ်ခြင်း၊ သတင်းများကို ဆင်ဆာပိတ်ပင်ခြင်း၊ အတိုက်အခံပါတီများကို ပိတ်သိမ်းစေခြင်းနှင့် နိုင်ငံရေးအတိုက်အခံ (၁၀၀,၀၀၀) ခန့် ဖမ်းဆီးထောင်ချခြင်း စသည်တို့ကိုလည်း လုပ်ဆောင်ခဲ့သည်။



## မြန်မာ့ရေးရာ

### မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ (၃၅၄)

နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအလို့ငှာ ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့် မဆန့်ကျင်လျှင် အောက်ပါ အခွင့်အရေးများကို လွတ်လပ်စွာ သုံးစွဲ ဆောင်ရွက်ခွင့်ရှိသည်။ –

(က) မိမိ၏ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသား ဖြန့်ဝေခွင့်၊

(ခ) လက်နက်မပါဘဲ ငြိမ်းချမ်းစွာ စုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်၊

(ဂ) အသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်၊

(ဃ) တိုင်းရင်းသားလူမျိုး တစ်မျိုးနှင့်တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုး အချင်းချင်းကိုလည်းကောင်း၊ အခြားဘာသာသာသနာကိုလည်းကောင်း ထိခိုက်နစ်နာမှု မရှိစေဘဲ မိမိချစ်ခင်မြတ်နိုးသည့် စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့် ဘာသာသာသနာနှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်။




## ဆွေးနွေးချက်

၁။ ပုဒ်မ (၃၅၄)၊ ပုဒ်မခွဲ (က) ကို မည်သည့် အခြေအနေမျိုးတို့တွင် ကန့်သတ်ပိတ်ပင် အပ်သနည်း။

၂။ ပုဒ်မ (၃၅၄)၊ ပုဒ်မခွဲ (ခ) နှင့် (ဂ) ကို မည်သည့် အခြေအနေမျိုးတို့တွင် ကန့်သတ်ပိတ်ပင် အပ်သနည်း။

၃။ ပုဒ်မ (၃၅၄)၊ ပုဒ်မခွဲ (ဃ) ကို မည်သည့် အခြေအနေမျိုးတို့တွင် ကန့်သတ်ပိတ်ပင် အပ်သနည်း။

## ၆.၁.၅ နိုင်ငံရေးအဆောက်အအုံယန္တရားများနှင့် အစိုးရရုံးဌာနများ

ဖွဲ့စည်းပုံအခြေခံဥပဒေသည် အစိုးရနှင့် ပြည်သူများအကြား မည်သို့ မည်ပုံ ဆက်နွယ်နေသည်ကို ဖော်ပြသည့် စည်းမျဉ်း စည်းကမ်းများဖြစ်ကြပြီး ထိုစည်းကမ်းချက်များအပေါ်တွင်လည်း နှစ်ဦးနှစ်ဖက် သဘောတူညီထားရှိကြသည်။ ထို့အတူ မည်သည့် နိုင်ငံရေးအဆောက်အအုံယန္တရား (အင်စတီကျူးရှင်း) များက မည်သို့သော ဆုံးဖြတ်ချက်များ ချမှတ်နိုင်သည့် အာဏာပိုင်ဆိုင်ထားကြကြောင်း စည်းစနစ်တကျ ပိုင်းခြားထားရှိစေသည်။ ထိုသို့ ပိုင်းခြားထားခြင်းက အစိုးရ၏ အစိတ်အပိုင်းအသီးသီးကို အခြားသော အစိတ်အပိုင်းတို့၏ အာဏာမှ လွတ်လွတ်ကင်းကင်း တည်ရှိစေမည်ဖြစ်ပြီး ဒီမိုကရေစီစနစ်တစ်ရပ်အတွက်လည်း လွန်စွာမှပင် အရေးပါလှသည်။ ထိုကဲ့သို့ အစိုးရ အင်စတီကျူးရှင်းအမျိုးမျိုးတို့၏ အာဏာနှင့် တာဝန်ဝတ္တရားတို့ကို ခွဲခြားထားခြင်းက ဖွဲ့စည်းပုံအခြေခံဥပဒေများကို အစိုးရတစ်ရပ်၏ ‘ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ လမ်းပြမြေပုံ’ တစ်ရပ်ပမာ တည်ရှိစေမည်ဖြစ်သည်။

### အကြံပြုသင်ခန်းစာ

အစိုးရ၏ ဖွဲ့စည်းတည်ဆောက်ပုံကို ဖွဲ့စည်းပုံ အခြေခံဥပဒေများ မှတစ်ဆင့် မည်သို့ သိရှိနိုင်မည်နည်း။

## လုပ်ငန်းများ

၁။ တရားသူကြီးများ ခန့်ထားခြင်း၊

၂။ တရားသူကြီးများအား အတည်ပြုခြင်း၊

၃။ ဥပဒေများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီဟု ကြေညာခြင်း၊

၄။ သမ္မတ၏လုပ်ငန်းများကိုဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်မကိုက်ညီဟုကြေညာခြင်း၊

၅။ ဥပဒေများအား ဗီတိုအာဏာဖြင့် ပယ်ချခြင်း၊

၆။ သမ္မတကို အာဏာမှ ဖယ်ရှားခြင်း (စွပ်စွဲပြစ်တင်ခြင်း)

၁။ အမေရိကန်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ၏ အပြန်အလှန်ထိန်းကျောင်းမှုစနစ်ကို ဖော်ပြပေးထားသည့် ဇယားကို ကြည့်ရှု သုံးသပ်ပေးပါ။

၂။ မိမိတို့လေ့လာခဲ့သည်တို့ကို အခြေခံပြီး တစ်ဖက်တွင် ပါရှိသည့် အာဏာများ ( ၁–၆ ) နှင့် အစိုးရ အဖွဲ့အစည်းအသီးသီးတို့အကြား အပြန်အလှန် ထိန်းကျောင်းမှုပြမျဉ်းများ ( က – စ ) တို့ကို တွဲစပ်ပေးပါ။




## အကြိုသင်ခန်းစာ

၁။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြောင်းလဲနိုင်ပါသလား။

၂။ မည်သို့သောအကြောင်းရင်းများကြောင့်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူတို့ကပြင်ဆင်လိုကြမည်နည်း။

### ၆.၁.၆ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်း

ဖွဲ့စည်းပုံအခြေခံဥပဒေများသည် နိုင်ငံတစ်နိုင်ငံရှိ အခြေခံအကျဆုံးနှင့် အဆင့်မြင့်ဆုံး ဥပဒေများ ဖြစ်ကြသည်။ နိုင်ငံတွင်းရှိ အခြားသော ဥပဒေများမှာ အခြေခံဥပဒေအတိုင်း ကျင့်သုံးရသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတို့သည် တိုင်းပြည်တွင်းရှိ အခြားသော ဥပဒေအားလုံးတို့၏ အခြေခံအုတ်မြစ်ဖြစ်သည့်အလျောက် ပြောင်းလဲပြင်ဆင်ရန် အလွန်တရာမှပင် ခဲယဉ်းလှသည်။ သို့ရာတွင် နိုင်ငံရေး၊ လူမှုရေးအခြေအနေများသည် ပြောင်းလဲကြရိုး ထုံးစံသာဖြစ်သည့်အတွက်ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း လိုအပ်မှုအခြေအနေအရ ပြောင်းလဲနိုင်စေမည့် တရားဝင်နည်းလမ်းများကို ထားရှိထားရပေမည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေများကို ရေးဆွဲ ပြဋ္ဌာန်းသည့် အခါတွင် အခြေခံဥပဒေ၏ ပြောင်းလွယ် ပြင်လွယ်ဖြစ်မှုနှင့် တိုင်းပြည်၏ တည်ငြိမ်မှုတို့ကို မျှမျှတတ ထည့်သွင်း စဉ်းစားကြရပေသည်။

## (က) ဖွဲ့စည်းပုံအခြေခံဥပဒေကို မည်သို့ ပြင်ဆင်နိုင်မည်နည်း

ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို ပြောင်းလဲစေနိုင်မည့် နည်းလမ်းမှာ 'ပြင်ဆင်ခြင်း' (amending) ဟုခေါ်တွင်သည့် ဖြစ်စဉ်တစ်ရပ်ပင် ဖြစ်သည်။ (ဖွဲ့စည်းပုံ အခြေခံဥပဒေပါ အချက်တစ်ရပ်ရပ်ကို ဖြည့်စွက်/ပယ်ဖျက် ဖြစ်စဉ် ဖြစ်သည်။) ထိုဖွဲ့စည်းပုံ ပြင်ဆင်ခြင်းနှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပင်လျှင် ရေးသားပါရှိကြသည်။ ထိုပြဋ္ဌာန်းချက်များတွင် လူများစု (ဥပမာ – ၇၅%၊ လူဦးရေ ထက်ဝက်ကျော်ရန် လိုအပ်သည်) က ပြောင်းလဲပြင်ဆင်ရန်အတွက် သဘောတူရမည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ပြောင်းလဲမှုများမှာ ဖြစ်တောင့် ဖြစ်ခဲဖြစ်ပြီး နိုင်ငံရေး (သို့) လူမှုရေးဆိုင်ရာ ပြဿနာများ ဖြစ်ပွားပေါ်ပေါက်သည့်အခါမျိုးတို့တွင် ရွေးကောက်ခံကိုယ်စားလှယ်များမှ ပြည်သူတို့ ကိုယ်စား ကိုင်တွယ်ဖြေရှင်းပေးစေလိုသည့် အချိန်အခါတို့၌ တွေ့ရှိရတတ်ပေသည်။

> **ဆွေးနွေးချက်**
>
> မိမိတို့နိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြောင်းလဲစေနိုင်လောက်သည့် မည်သည့် လူမှုရေး၊ နိုင်ငံရေးဆိုင်ရာ ပြဿနာများ ရှိသည်ဟု သုံးသပ်မိ သနည်း။

## (ခ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတစ်ရပ် ဆိုသည်မှာ အဘယ်နည်း

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြောင်းလဲမှုများကို အဆုံးအဖြတ်ပေးရန်အတွက် 'ပြည်လုံးကျွတ် ဆန္ဒခံယူမှု' ဟူသော နည်းလမ်းကို ကျင့်သုံးကြသည်။

ပြည်လုံးကျွတ် ဆန္ဒခံယူမှုဆိုသည်မှာ အရေးကိစ္စရပ်တစ်ခုခုအတွက် တစ်တိုင်းပြည်လုံး ပါဝင်ကြသည့် မဲပေးမှုတစ်ရပ်ဖြစ်သည်။ ထိုဆန္ဒခံယူမှုများမှာ အခြားသော မဲပေးမှုပုံစံများ (ကိုယ်စားလှယ်လောင်း၊ နိုင်ငံရေးပါတီများကို ရွေးကောက်တင်မြှောက်ခြင်းများ) နှင့် ကွဲပြားကြသည်။ ထိုဆန္ဒခံယူမှုများသည် ကိုယ်စားပြု ဒီမိုကရေစီမဟုတ်ကြ၊ တိုက်ရိုက် ဒီမိုကရေစီဆိုင်ရာ လုပ်ဆောင်ချက်ပင်ဖြစ်သည်။ နိုင်ငံသားတိုင်းမှာ ဆွေးနွေးဆုံးဖြတ်မှုများတွင် တိုက်ရိုက်ပါဝင်ခွင့်ရကြမည်။ ဆန္ဒခံယူပွဲ၏ ရလဒ်များသည်လည်း ထိုဆုံးဖြတ်မှုတို့၏ အကောင်းအဆိုးတို့အပေါ် တိုက်ရိုက်သက်ရောက်မှု ရှိနေကြသည်။ ဥပမာ – ဖွဲ့စည်းပုံပြင်ဆင်ရန်အတွက် လူများစုက မဲပေးထောက်ခံကြပါက ထိုပြင်ဆင်မှုကို အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။

ပြည်လုံးကျွတ် ဆန္ဒခံယူမှုများသည် ဒီမိုကရက်တစ်ဆန်သည့် တရားဝင်အသိအမှတ်ပြုမှု (democratic legitimacy) ကို မြှင့်တင်ပေးနိုင်သည်ဟုလည်း ဆိုထားကြသည်။ ထို့အပြင် အဓိကကျသည့် နိုင်ငံရေးဆုံးဖြတ်ချက်ချမှုများတွင် ပြည်သူများကိုယ်တိုင် ပါဝင်နိုင်ခြင်းက ပါဝင်မှု၊ ပွင့်လင်းမြင်သာမှုစသော ဒီမိုကရေစီလက္ခဏာရပ်များကိုလည်း ပေးစွမ်းရာရောက်သည်။ သို့ရာတွင်လည်း ထိုကဲ့သို့သော ဆုံးဖြတ်မှုများအတွင်း မသိနားမလည်သည့် အများပြည်သူတို့ကို ထားရှိခြင်းက အန္တရာယ်ဖိတ်ခေါ်ရာရောက်သည်ဟုလည်း ဝေဖန်ထားကြပြန်သည်။ ပြည်လုံးကျွတ် ဆန္ဒခံယူမှုများသည် လွတ်လပ်မှုလည်း မရှိ၊ မမျှမတသော နည်းလမ်းများဖြင့်လည်း လုပ်ဆောင်ကြမည်ဆိုပါက ထိုဆန္ဒခံယူမှု၏ အဖြေမှာ လွယ်လွယ်ကူကူပင် ခြယ်လှယ်လွှမ်းမိုးခံထားရမည်သာဖြစ်သည်။




▲ အိုင်ယာလန်၊ ဒက်ဘလင်မြို့ရှိ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ဆန္ဒခံယူပွဲ လှုပ်ရှားမှု ပိုစတာများ

> ပြည်လုံးကျွတ်ဆန္ဒခံယူပွဲများအပေါ် မည်သို့ရှုမြင် သုံးသပ်မိသနည်း။ ထိုဆန္ဒခံယူမှုများသည် မိမိတို့နိုင်ငံ၏ အဓိကကျသော နိုင်ငံရေး ဆုံးဖြတ်ချက်များပြုလုပ်ရာတွင် နည်းလမ်းကောင်း ဖြစ်သည်ဟု ထင်ပါသလား။ အဘယ်ကြောင့်နည်း။
>
> **ဆွေးနွေးချက်**



## မြန်မာ့ရေးရာ

### ၂၀၀၈ – ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် မည်မျှအထိ လွယ်ကူမှု ရှိနိုင်သနည်း

၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေသည် ပြင်ဆင်ပြောင်းလဲရန်အတွက် မလွယ်ကူလှ။ ပြင်ဆင်ချက်တစ်ရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်လာစေရန် ပြည်ထောင်စုလွှတ်တော်၏ (၄) ပုံ (၃) ပုံ ၇၅% က သဘောတူ ခွင့်ပြုရမည် ဖြစ်သည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ အရေးပါသော အစိတ်အပိုင်း အချို့တို့ကို ပြင်ဆင်မှုပြုလုပ်ရန်အတွက်မူ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲတစ်ရပ်ကျင်းပရန်ပါ လိုအပ်ပေမည်။ ၎င်းတို့တွင် တပ်မတော်သားကိုယ်စားလှယ်များ ခန့်အပ် ထားရှိခြင်း၊ သမ္မတ ရွေးကောက် တင်မြှောက်ခြင်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ စည်းမျဉ်းများ အစရှိသည်တို့ ပါရှိပေသည်။ ထိုအခြေအနေမျိုးတွင်မူ ပြင်ဆင်ချက်တစ်ရပ်ရပ်ကို လက်ခံခွင့်ပြုရန်အတွက် မဲပေးခွင့်ရှိသူ အားလုံး၏ ထက်ဝက်ခန့် အနည်းဆုံး ထောက်ခံ ဆန္ဒမဲပေးရမည် ဖြစ်သည်။

၂၀၁၃ ခုနှစ်၊ ဇူလိုင်လ အတွင်းတွင် အဖွဲ့ဝင်ပေါင်း (၁၀၉) ဦး ပါဝင်သည့် ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းပုံ အခြေခံဥပဒေ လေ့လာ သုံးသပ်ရေး ပူးပေါင်းကော်မတီကို ဖွဲ့စည်းခဲ့သည်။ ထိုကော်မတီတွင် လွှတ်တော် (၂) ရပ်မှ အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များဖြင့် ပါဝင်ဖွဲ့စည်းထားသည်။ ကော်မတီအနေဖြင့် ပြည်ထောင်စုလွှတ်တော်၏ သဘောတူ အတည်ပြုချက်များနှင့်အညီ အောက်ပါ ဦးတည်ချက် (၃) ရပ် ကို ထားရှိသည်။

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တည်တံ့ ခိုင်မြဲမှု၊ တည်ငြိမ် အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို ခေတ်စနစ်နှင့် လျော်ညီစွာ ပိုမို တည်ဆောက်နိုင်သော ဖွဲ့စည်းပုံ အခြေခံဥပဒေ ဖြစ်လာစေရေး။

၂။ တိုင်းရင်းသား မျိုးနွယ်စုများအကြား ယုံကြည်ခိုင်မာသော အမျိုးသား စည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်ခြင်းဖြင့် ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရေး။

၃။ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ဒီမိုကရေစီစနစ်သို့ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်ကို အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်ရေး။

## ဆွေးနွေးချက်

၁။ တိုင်းပြည်၏ တည်မြဲမှု၊ တည်ငြိမ်မှုနှင့် ဖွံ့ဖြိုးမှုတို့ကို အာမခံပေးရန်အတွက် မည်သို့သော ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ပြင်ဆင်ချက်မျိုးကို အကြံပြုလိုသနည်း။ အဘယ့်ကြောင့်နည်း။

၂။ တိုင်းရင်းသားလူမျိုးစုများအကြား အမျိုးသားစည်းလုံးညီညွတ်မှု တည်ဆောက်ခြင်းဖြင့် ငြိမ်းချမ်းရေး ဖော်ဆောင်နိုင်ရန်အတွက် မည်သို့သော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြင်ဆင်ချက်မျိုးကို အကြံပြုလိုသနည်း။ အဘယ့်ကြောင့်နည်း။

၃။ ဒီမိုကရေစီအသွင်ကူးပြောင်းမှုနှုန်း ထိန်းသိမ်းရန်၊ တည်ဆောက်နိုင်ရန်အတွက် မည်သို့သော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြင်ဆင်ချက်မျိုးကို အကြံပြုလိုသနည်း။ အဘယ့်ကြောင့်နည်း။

၄။ အခြားမည်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြင်ဆင်ချက်မျိုးကို အကြံပြုလိုသေးသနည်း။ အဘယ့်ကြောင့်နည်း။

## ၆.၂ ဖွဲ့စည်းပုံအခြေခံဥပဒေများက အဘယ်အကြောင်းကြောင့် အရေးပါရသနည်း

### ၆.၂.၁ ဖွဲ့စည်းပုံအခြေခံဥပဒေတို့၏ အရေးပါပုံ

#### (က) ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဒီမိုကရက်တစ်ကျသည့် တရားဝင်အသိအမှတ်ပြုမှု (Democratic Legitimacy) ကို မြှင့်တင်ပေးသည်

ဖွဲ့စည်းပုံအခြေခံဥပဒေသည် အပြန်အလှန် ထိန်းကျောင်းခြင်း၊ တာဝန်ခံခြင်းနှင့် တရားဥပဒေစိုးမိုးမှုစသော ဒီမိုကရက်တစ် အခြေခံသဘောတရားများကို ရှင်သန်စေခြင်းဖြင့် တရားဝင်အသိအမှတ်ပြုမှု (legitimacy) ကို ပံ့ပိုးပေးသည်။ အစိုးရအာဏာအပေါ်၌ တင်းကြပ်သည့် စည်းမျဉ်း စည်းကမ်းများနှင့် အကန့်အသတ်များရှိကြောင်း ပြည်သူများ သိရှိထားပါက အစိုးရအပေါ်တွင် ပိုမိုယုံကြည်စိတ်ချလာစေမည်ဖြစ်ပြီး နာခံလာကြမည်လည်းဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်တွင် မည်သူ အာဏာပိုင်ဆိုင်နိုင်သည်၊ ထိုအာဏာတို့ကို မည်သို့ အသုံးပြုနိုင်သည့်အကြောင်း ဥပဒေများ ခိုင်ခိုင်မာမာထားရှိခြင်းက အစိုးရတွင်း ခြစားမှုများကို တိုက်ဖျက်ပေးသည်။ ထို့ပြင်သာမက နိုင်ငံရေးအဆောက်အအုံယန္တရားများ တစ်ခုတည်းက နိုင်ငံရေးအာဏာ အလွန်အမင်း ကြီးထွားလာခြင်း (နိုင်ငံလိုမင်းထက် ပြုကျင့်ခြင်း)တို့မှလည်း ကာကွယ်ပေးမည်ဖြစ်သည်။ ထိုသို့ စွမ်းဆောင်ပေးနိုင်ရေးအတွက် ဒီမိုကရက်တစ်ကျသည့် ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် အောက်ပါလက္ခဏာရပ်များ ပါရှိကြသည်။

- အစိုးရ၏ ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးမဏ္ဍိုင်တို့အကြား အာဏာ ခွဲဝေထားခြင်း။
- ဗဟိုနှင့် ဒေသဆိုင်ရာ အစိုးရများအကြား အာဏာ ခွဲဝေထားခြင်း။
- နိုင်ငံရေးအရ ပါဝင်မှုကို မြှင့်တင်နိုင်မည့် နိုင်ငံရေးအဆောက်အအုံယန္တရားများ ရှိခြင်း၊ (ဥပမာ – ရွေးကောက်ပွဲများ)။
- အစိုးရအတွင်း ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် တရားဥပဒေစိုးမိုးမှုတို့ကို ပေးစွမ်းစေမည့် စည်းမျဉ်းများ၊ ဥပဒေများနှင့် နိုင်ငံရေးအဆောက်အအုံယန္တရားများရှိခြင်း။
- အစိုးရများ တရားဝင်အသိအမှတ်ပြုမှု (legitimacy) ပျက်ပြယ်သည့်အခါတွင် အာဏာမှ ဖယ်ရှားစေနိုင်မည့် နိုင်ငံသားဆိုင်ရာ အခွင့်အရေးများအတွက် စည်းမျဉ်းများ၊ ဥပဒေများနှင့် နိုင်ငံရေးအဆောက်အအုံယန္တရားများ၊ ထို့အတူ တာဝန်ခံမှုကို ပေးစွမ်းစေမည့် စည်းမျဉ်း၊ ဥပဒေနှင့် နိုင်ငံရေးအဆောက်အအုံယန္တရားများ။

#### (ခ) ဖွဲ့စည်းပုံအခြေခံဥပဒေသည် တည်ငြိမ်မှုကို တိုးပွားစေနိုင်သည်

ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ပဋိပက္ခတို့ကို ရှောင်ရှားစေနိုင်၊ ဖြေလျှော့စေနိုင်မည့် စနစ်များပါဝင်ကြပြီး နိုင်ငံအတွင်းတည်ငြိမ်မှုကို ပိုမိုရရှိလာစေနိုင်သည်။ ထိုသို့ အကျပ်အတည်းများ၊ ပဋိပက္ခများ ဖြစ်ပွားသည့်အခါတွင် ၎င်းတို့အစား ယုံကြည်စိတ်ချရပြီး၊ အစမ်းသပ်ခံထားပြီးဖြစ်သော စနစ်များအဖြစ် အစားထိုးစေမည်။ ထိုပဋိပက္ခများသည် နိုင်ငံရေးအဆောက်အအုံယန္တရားများ အချင်းချင်းကြားလည်း ဖြစ်နိုင်သည် (ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးတစ်ရပ်တွင် ဖြေရှင်းနိုင်မည်)။ လူမှုအစုအဖွဲ့များ အကြားလည်း ဖြစ်နိုင်သည်။ (အခြေခံ အခွင့်အရေးများအရ ဖြေရှင်းနိုင်မည်) ထိုအခြေအနေ (၂) ရပ်လုံးတွင် လူအများအားကိုးအားထားပြုနိုင်မည့် အခြေခံဥပဒေများရှိခြင်းက ငြိမ်းချမ်းမှုနှင့် တည်ငြိမ်မှုတို့ကို ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်သည်။

**အကြံပြုသင်ခန်းစာ**

သင်ခန်းစာ (၆.၁) တွင် လေ့လာဖတ်ရှုခဲ့သည်တို့အရ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်က တိုင်းပြည်တစ်ပြည်အတွက် အဘယ်ကြောင့် အရေးပါရသနည်း။



▲ ၂၀၁၄၊ ဇန်နဝါရီလက အီဂျစ်နိုင်ငံ ဖွဲ့စည်းပုံ အခြေခံဥပဒေအသစ်အတွက် ဆန္ဒမဲပေးမှု မြင်ကွင်း။

## လုပ်ငန်းများ




တောင်အာဖရိကနိုင်ငံ၏ ဖွဲ့စည်း ပုံ အခြေခံဥပဒေအဖွင့်နိဒါန်းကို ဖတ်ရှုပြီး၊ မေးခွန်းတို့ကို ဖြေဆိုပါ။ တောင်အာဖရိကနှင့် စပ်လျဉ်းသည့် အချက်အလက်တို့ကို သင်ခန်းစာ (၁.၃) နှင့် (၄.၃) တို့တွင် ကြည့်ရှု လေ့လာနိုင်သည်။

၁။ တောင်အာဖရိကပြည်သူများ၏ အတိတ် ကာလအတွေ့အကြုံများနှင့် စပ်လျဉ်းပြီး မည်သည်တို့ကို လေ့လာ သိရှိရသနည်း။

၂။ တောင်အာဖရိကပြည်သူတို့၏ အနာဂတ်အတွက် မျှော်လင့်ချက်များနှင့် စပ်လျဉ်းပြီး မည်သည်တို့ကို လေ့လာ သိရှိရသနည်း။

### တောင်အာဖရိက သမ္မတနိုင်ငံ

### တောင်အာဖရိကသမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ

**အဖွင့်နိဒါန်း**

ကျွန်ုပ်တို့ တောင်အာဖရိကနိုင်ငံ၏ ပြည်သူများသည် အတိတ်ကာလ၏ မမျှတမှုများကို သတိမူလျက်၊ ဤမြေပေါ်တွင် မျှတမှုနှင့် လွတ်လပ်မှုတို့အတွက် ပေးဆပ်ခဲ့ကြသူများအား ဂါရဝပြုလျက်၊ တိုင်းပြည်တည်ဆောက်ရေးနှင့် တိုးတက်ရေးတို့အတွက် ကြိုးပမ်းခဲ့သူတို့ကို အစဉ်လေးစားလျက်၊ တောင်အာဖရိကနိုင်ငံသည် မတူကွဲပြားမှုများဖြင့် စည်းလုံးထားပြီး တိုင်းပြည်အတွင်း နေထိုင်ရှင်သန်လျက်ရှိကြသူတိုင်းနှင့် သက်ဆိုင်သည်ဟု မမိုတ်မသုန် ယုံကြည် စွဲမြဲထားပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် လွတ်လပ်စွာ ရွေးကောက်တင်မြှောက်ခံထားရသူ ကိုယ်စားလှယ်များ မှတစ်ဆင့် ဤဖွဲ့စည်းပုံ အခြေခံဥပဒေကို သမ္မတနိုင်ငံတော်၏ အမြင့်ဆုံးဥပဒေအဖြစ် သတ်မှတ်သည်။ ထိုသို့ သတ်မှတ်ခြင်းဖြင့် အတိတ်ကာလ၏ ပိုင်းခြားခံမှုများကို ဖြေသိမ့်ရန်နှင့် ဒီမိုကရေတ်တစ်တန်ဖိုးများ၊ တရားရှိလူနေမှုနှင့် အခြေခံလူ့အခွင့်အရေးများ စသည်တို့ကို အခြေတည်သော လူ့ဘောင်တစ်ရပ် တည်ဆောက်သွားရန်၊ ပြည်သူ့ဆန္ဒကို အခြေခံပြီး နိုင်ငံသားတိုင်း ဥပဒေအရ တန်းတူအကာအကွယ်ပြုထားသည့် ဒီမိုကရေစီဆန်ပြီး ပွင့်လင်းသော လူ့အဖွဲ့အစည်းတစ်ရပ်အတွက် အခြေခံကောင်းဖြစ်စေရန်၊ နိုင်ငံသားတစ်ဦးစီအနေဖြင့် ခိုင်မာသေချာသည့် အနာဂတ်များ ပိုင်ဆိုင်ထားကြပြီး နိုင်ငံသားတိုင်း၏ ဘဝအဆင့်အတန်းများ ဖွံ့ဖြိုးလာစေရန်၊ နိုင်ငံတကာ မိသားစုအသိုက်အမြုံအကြား အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် သင့်တော်သောနေရာမှ ရပ်တည်နိုင်သည့် စည်းလုံးပြီး ဒီမိုကရက်တစ်ကျသည့် တောင်အာဖရိကနိုင်ငံ တည်ထောင်ရန်ဖြစ်သည်။

## ၆.၂.၂ အများဆန္ဒဖြင့်အုပ်ချုပ်ခြင်းနှင့် လူနည်းစုတို့၏ အခွင့်အရေးများ (Majority Rule and Minority Rights)

'အများဆန္ဒဖြင့် အုပ်ချုပ်ခြင်းနှင့် လူနည်းစုတို့၏ အခွင့်အရေးများ' သည် ခေတ်သစ် ဖွဲ့စည်းပုံ အခြေခံဥပဒေများအပေါ် အခြေခံရပ်တည်လျက်ရှိသည့် အစိုးရများအတွက် အရေးပါလှသည့် အယူအဆများ ဖြစ်ကြသည်။ ထိုအယူအဆများသည် နိုင်ငံသားဆိုင်ရာ အခြေခံ အခွင့်အရေးများ မချိုးဖောက်ဘဲ အစိုးရများကို ဒီမိုကရေစီစနစ်နှင့်အညီ ကျင့်သုံးစေသည်။

တောင်အာဖရိကဥပမာရပ်သည် ကွဲပြားခြားနားသော လူ့အဖွဲ့အစည်းများအတွင်း ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ အရေးပါပုံကို သိနားလည်စေနိုင်သည့် ဥပမာကောင်းတစ်ရပ်လည်းဖြစ်သည်။ ထိုဖွဲ့စည်းပုံ အခြေခံဥပဒေကို ရေးဆွဲရာ၌ ဒီမိုကရေစီအသစ်တစ်ရပ်ရှိ ဖိနှိပ်သူနှင့် ဖိနှိပ်ခံရသူတို့အား တန်းတူထားလျက် အတူတကွ ရှင်သန်နေထိုင်စေသည်။ ထိုသူတို့မှာ တစ်ဦးအပေါ် တစ်ဦးယုံကြည်ရန် မလွယ်ကူလှ၊ နှစ်ဦးနှစ်ဖက်စလုံးမှာ ကိုယ်ပိုင် အကြောက်တရားများ ပိုင်ဆိုင်ထားကြပြီး မိမိတို့ အကျိုးစီးပွားများ (စီးပွားရေးနှင့် နိုင်ငံရေး ဆိုင်ရာ အခွင့်အရေးများ) ကို လုံခြုံစိတ်ချစွာ ရရှိပိုင်ဆိုင်ထားလိုကြသည်သာဖြစ်သည်။

လူများစုဖြစ်သည့် လူမည်းများအနေဖြင့် 'အများဆန္ဒဖြင့် အုပ်ချုပ်ခြင်း' ဟူသည့် ဒီမိုကရတ်တစ်မူ သက်ရောက်စေရေးကို အလိုရှိတောင့်တကြသည်။ လူနည်းစုဖြစ်သော လူဖြူတို့မှာမူ ၎င်းတို့၏ ပိုင်ဆိုင်မှုများနှင့် လူနည်းစုအခွင့်အရေးများကို ကာကွယ်လိုကြသည်။ ထိုစေ့စပ်ညှိနှိုင်းမှုမှာ လွယ်လွယ်ကူကူ မပေါ်ပေါက်လာခဲ့ကြချေ။ စေ့စပ်မှုများ မပြုလုပ်မီတွင် အောက်ပါမေးခွန်းများကဲ့သို့သော ကြုံတင်ပြင်ဆင်မှုများကို ကြိုတင်သုံးသပ်ကြရပေသည်။

- ထိုစေ့စပ်ညှိနှိုင်းမှုများကို လူအများလက်တွေ့လိုက်နာစေမည့် ဥပဒေအဖြစ်သို့ မည်သို့ ပြုလုပ်နိုင်မည်နည်း။
- အနာဂတ်တွင် ယုံကြည်မှု မပျက်စီးနိုင်ဟု မည်မျှအထိ သေချာမှု ရှိသနည်း။

### အကြံပြုသင်ခန်းစာ

အများဆန္ဒဖြင့် အုပ်ချုပ်ခြင်းနှင့် လူနည်းစု အခွင့်အရေး ဆိုသည်မှာ အဘယ်နည်း။

### လုပ်ငန်းများ

အောက်ဖော်ပြပါ မြန်မာ့ဖွဲ့စည်းပုံ အခြေခံဥပဒေမှ ကောက်နှုတ်ထားသည့် အဆိုတစ်ရပ်ကို ဖတ်ရှုပြီး မေးခွန်းတို့ကိုဖြေဆိုပါ။

" နိုင်ငံရေးကိစ္စအလို့ငှာ ဘာသာသာသနာကို အလွဲသုံးစားမပြုရ။ ထို့ပြင် လူမျိုးရေးကြောင့် သော်လည်းကောင်း၊ ဘာသာရေးကြောင့် သော်လည်းကောင်း၊ တစ်ဖက်နှင့် တစ်ဖက်၊ တစ်ဂိုဏ်းနှင့် တစ်ဂိုဏ်း၊ မုန်းတီးခြင်း၊ ရန်မူခြင်း၊ စိတ်ဝမ်းကွဲခြင်း တစ်မျိုးမျိုး ပေါ်ပေါက်စေရန် ရည်ရွယ်သော သို့မဟုတ် ပေါ်ပေါက်လာရန် အကြောင်းရှိသော အပြုအမူသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ဆန့်ကျင်သည်။"

၁။ ထိုအပိုဒ်က ' အများဆန္ဒဖြင့် အုပ်ချုပ်ခြင်းနှင့် လူနည်းစုအခွင့်အရေးများ' တို့နှင့် မည်သို့ ဆက်နွယ်နေသနည်း။

၂။ ထိုအပိုဒ်ကို အောင်အောင်မြင်မြင် ကျင့်သုံး သက်ရောက်စေလျက်ရှိသည်ဟု ထင်ပါသလား။ အဘယ်ကြောင့်နည်း။




▲ 'မြန်မာ့ဖွဲ့စည်းပုံ အခြေခံဥပဒေ' မိုဘိုင်းသုံး ဆော့ဖ်ဝဲ

### အကြံပြုသင်ခန်းစာ

နိုင်ငံရေးတွင် လူများစုသဘောအရ အုပ်ချုပ်ဆုံးဖြတ်မှုက အဘယ်အကြောင်းကြောင့် အရေးပါရသနည်း။

## ၆.၂.၃ အများဆန္ဒဖြင့် အုပ်ချုပ်ခြင်း

နိုင်ငံတော်ကို ထိရောက်မှုရှိရှိ စီမံခန့်ခွဲရန်အတွက် အစိုးရများသည် ဆုံးဖြတ်ချက်ချမှတ်မှုဆိုင်ရာ လက်တွေ့ကျသော နည်းစနစ်များ လိုအပ်သည်။ ဆုံးဖြတ်ချက်များ ချမှတ်ရန်အတွက် တိုင်းပြည်အတွင်းရှိ နိုင်ငံသားအားလုံး၏ သဘောတူညီမှုကို လိုအပ်မည်သာဆိုပါက မည်သည့် ဆုံးဖြတ်ချက်မှလည်း မချမှတ်နိုင်၊ အစိုးရလည်း လည်ပတ်နိုင်မည် မဟုတ်တော့ချေ။ သို့ဖြစ်၍ လိုအပ်ချက်အချို့ (၁၀၀ – ရာနှုန်းထက် လျော့နည်းသည့် သဘောတူခွင့်ပြုမှု) တို့ကို ဆုံးဖြတ်ချက်ချမှတ်မှု၏ အနည်းဆုံး စံနှုန်းတစ်ရပ်အဖြစ် ရွေးချယ်ရပေလိမ့်မည်။

ကိုယ်စားပြုခြင်းသည် ဆုံးဖြတ်ချက်ချမှတ်ခြင်းဖြစ်စဉ်ကို ပိုမို ထိရောက်စေသည်။ နိုင်ငံသားများအနေဖြင့် လွှတ်တော်ကဲ့သို့သော အများပြည်သူဆိုင်ရာ နိုင်ငံရေးအဆောက်အအုံယန္တရားများတွင် ကိုယ်စားပြုစေမည့်သူများကို ရွေးချယ်ခြင်းဖြင့် ဆုံးဖြတ်ချက်ချမှတ်သူဦးရေကို စနစ်တကျ သတ်မှတ်ထားနိုင်မည်။

သို့ရာတွင် ထိရောက်မှုရှိရှိဖြင့် လုပ်ငန်းလည်ပတ်ရန်မှာ ကိုယ်စားပြု ဒီမိုကရေစီ စနစ်များအနေဖြင့် ဥပဒေတစ်ရပ်ကိုလက်ခံရန် မဲဆန္ဒရာခိုင်နှုန်းမည်မျှ လိုအပ်ကြောင်း စည်းမျဉ်းစည်းကမ်းများလည်း ထားရှိရမည်။ ဒီမိုကရေစီစနစ်တွင် နိုင်ငံသားအားလုံးသည် နိုင်ငံရေးအရ တန်းတူညီမျှကြသည်။ သို့ဖြစ်၍ (၅၀% ထက်ပိုသော) လူများစုအရ ဆုံးဖြတ်ချက် ချမှတ်မှုပုံစံတို့မှာ အစိုးရများအတွက် လက်တွေ့ကျသော နည်းလမ်းများပင် ဖြစ်သည်။ ‘အများဆန္ဒဖြင့် အုပ်ချုပ်ခြင်း’ တွင် လက်ခံအတည်ပြုထားသည့် ဆုံးဖြတ်ချက်တစ်ရပ်အတွက် ဆုံးဖြတ်ချက်ချမှတ်သူဦးရေ၏ ၅၀% ထက်ပိုသော မဲပေး ထောက်ခံမှုများ ပိုင်ဆိုင်ထားပေသည်။

▼ ၁၉၅၀ နှစ်များက ရန်ကုန်မြို့ ပြည်သူ့လွှတ်တော် (ဟောင်း) တွင် မြန်မာ့နိုင်ငံရေးသမားများ မူကြမ်းများအတွက် ဆွေးနွေးကြစဉ်။



### ပြန်လည်သုံးသပ်ချက်

မိမိတို့ ရွေးချယ်ခဲ့ကြသည့် သင်ခန်းစာ (၆.၁.၁) မှ ဆုံးဖြတ် ချက်ချမှတ်မှုပုံစံကို ကြည့်ရှုပေးပါ။

၁။ ထိုဆုံးဖြတ်မှုပုံစံသည် ‘အများဆန္ဒဖြင့် အုပ်ချုပ်ခြင်း’ ကို အခြေခံပါသလား၊ သို့မဟုတ် အခြားသောစနစ်များကို အခြေခံသလော။

၂။ မည်သည့် အကြောင်းကြောင့် ထိုစနစ်တို့ကို ရွေးချယ်ရသနည်း။

## ၆.၂.၄ လူနည်းစုအခွင့်အရေးများ

အများဆန္ဒဖြင့် အုပ်ချုပ်ခြင်း ပြဿနာများရှိသည်။ ဥပမာဆိုရသော် ဆုံးဖြတ်ချက်တစ်ရပ် လက်ခံရန်အတွက် မဲဆန္ဒထက်ဝက်ကျော်ခန့် လိုအပ်မည့် စည်းမျဉ်းတစ်ရပ်အတွက် (၅၁%) ခန့်က ထောက်ခံကြသည့်ဆိုလျှင် ကျန် (၄၉%) (ထက်ဝက်နီးပါးရှိ လူအများ) မှာ ထိုရလဒ်ကို လက်သင့်ခံနိုင်လိမ့်မည် မဟုတ်ချေ။ 'လူနည်းစုအခွင့်အရေးများ'သည် နိုင်ငံတစ်နိုင်ငံရှိ လူများစုက လူနည်းစုတစ်ရပ်၏ အခွင့်အရေးများကို ချိုးဖောက်မှုများ မပြုလုပ်နိုင်ကြစေရန်အတွက် ကာကွယ်ပေးသည်။

ထို့အပြင် လူများစု (၅၁%) က အောက်ပါ ဆုံးဖြတ်ချက်များ မချမှတ်စေရေးအတွက်လည်း 'လူနည်းစုအခွင့်အရေးများ' က ကာကွယ်ပေးထားသည်။

- ပြင်ဆင်ပြောင်းလဲရန် မလွယ်ကူသည့် ဥပဒေများ (အာဏာရှင်စနစ် တည်ဆောက်ခြင်း)၊
- ဆုံးဖြတ်ချက်ချမှတ်မှုများတွင် လူနည်းစုတို့ကို မပါဝင်စေခြင်း၊
- လူနည်းစုတို့အပေါ် ခေါင်းပုံဖြတ်စေ၊ ခွဲခြားဖိနှိပ်လာစေနိုင်သည့် ဆုံးဖြတ်မှုများ။

### အကြံပြုသင်ခန်းစာ

နိုင်ငံရေးတွင် လူနည်းစုအခွင့်အရေးများက မည်သည့် အကြောင်းကြောင့် အရေးပါရသနည်း။

▼ ကောက်သစ်စားပွဲအပြီး ကယားအမျိုးသမီးများ (၁၉၅၆ ခုနှစ်ခန့်) တိုင်းရင်းသားလူမျိုးဆိုင်ရာ လူနည်းစုအခွင့်အရေးများတွင် အဆိုပါ လူမျိုးတို့၏ သမိုင်းကြောင်းအစဉ်အလာ၊ ရိုးရာဓလေ့နှင့် ယဉ်ကျေးမှု အစရှိသည်တို့ကို အလေးပေးထား ရှိသည်။



### ပြန်လည်သုံးသပ်ချက်

'ဆုံးဖြတ်ချက်ချမှတ်မှု ပုံစံ' ကို ပြန်လည်ကြည့်ရှုပေးပါ။ ထိုပုံစံတွင် လူနည်းစုတို့၏ အမြင်များကို ထည့်သွင်းထားစေပါသလား၊ သို့မဟုတ် ဘေးဖယ်ပထုတ်ထားပါသလား။ လူနည်းစုအခွင့်အရေးများကို လေးစားတန်ဖိုးထားစေရေးအတွက် မည်သည်တို့ကို ပြုလုပ် ဆောင်ရွက်ပေးနိုင်မည်နည်း။

## လုပ်ငန်းများ

အောက်ဖော်ပြပါ ဖြစ်ရပ်ကို လေ့လာ ဖတ်ရှုပြီး အောက်ပါ ကိစ္စရပ်များအတွက် ဖြေရှင်းပေးနိုင်မည့် စည်းမျဉ်း စည်းကမ်းများကို ရေးသား ဖော်ပြပေးပါ။

၁။ ကလပ်အသင်းရံပုံငွေကို အုပ်စုများအကြား မည်သို့ မျှဝေ ပေးနိုင်မည်နည်း။

၂။ ရံပုံငွေ မည်သို့ မျှဝေမည်နှင့်စပ်လျဉ်းပြီး မည်သူ ဆုံးဖြတ်သနည်း။

၃။ အုပ်စုများအား ကိုယ်ပိုင် အုပ်ချုပ်ခွင့် (မိမိကိုယ်ပိုင်အစုအဖွဲ့ဖန်တီးနိုင်ခွင့်) များ အပ်နှင်းထားသင့်ပါ၏လော။

၄။ လူများစုနှင့် လူနည်းစုတို့၏ အခွင့်အရေးများ၊ အကျိုးစီးပွားများကို အကာအကွယ်ပြုရန် မည်သည့် စည်းမျဉ်းများ လိုအပ်သနည်း။



### အားကစားကလပ်



စင်ထရယ် အားကစားကလပ်တွင် ၇၅% ခန့် မှာ ဘောလုံးကစားသမားများ ဖြစ်ကြပြီး၊ ၂၅% မှာ ခြင်းလုံးကစားသမားများ ဖြစ်ကြသည်။ ဘောလုံးနှင့် ခြင်းလုံးအသင်းများသည် အားကစားပြိုင်ပွဲများတွင် ပါဝင် ယှဉ်ပြိုင်ကြပြီး နှစ်စဉ်ဆိုသလိုပင် အဖွဲ့ဝင်အသစ်များ ဝင်ရောက်ကြသည်။ အဖွဲ့ဝင်တစ်ဦးစီသည် ကလပ်အသင်းဝင်ခအနေဖြင့် (၂၀,၀၀၀) ကျပ် ပေးဆောင်ရသည်။

အားကစားကလပ်တွင် နှစ်စဉ်နှစ်တိုင်း ငွေကြေးအသုံးပြုမှုများအတွက် အစည်းအဝေးကျင်းပသည်။ အဖွဲ့ဝင်အားလုံးမှာ လူများစု၏ မဲဆန္ဒနှင့်အညီ အသင်းငွေကြေး မည်သို့ သုံးစွဲမည်ကို ဆုံးဖြတ်ကြသည်။

ဘောလုံးအားကစားသမားများသည် အားကစားတူညီဝတ်စုံများနှင့် ပစ္စည်းကိရိယာအသစ်များ ဝယ်ရန်၊ ကလပ်ဘောလုံးကွင်းကို အဆင့်မြှင့်ရန် ဆန္ဒရှိနေကြသည်။ ခြင်းလုံးအားကစားသမားများ အနေဖြင့်လည်း ယူနီဖောင်း၊ ကိရိယာတန်ဆာပလာများနှင့် ကလပ်ခြင်းလုံးကွင်းကို အဆင့်မြှင့်ရန် လိုအပ်နေသည်။

နှစ်စဉ်နှစ်တိုင်းတွင် ခြင်းလုံးအဖွဲ့အနေဖြင့် မဲရှုံးသည်၊ ဘောလုံးသမားများဆီသို့သာ ငွေအားလုံး ရောက်သွားသည်။ ယခုအခါတွင် ခြင်းလုံးအားကစားသမားများအနေဖြင့် ဒေါသထွက်နေရသည်။ ခြင်းလုံးအားကစားသမားတို့၏ ငွေများမှာ ဘောလုံးအသင်းအတွက်သာ သုံးစွဲလိုက်ကြပြီး ၎င်းတို့အနေဖြင့် ဘာဆို ဘာမှ မရရှိချေ။ ခြင်းလုံးသမားများမှာ လူများစုသဘောအရ ဆုံးဖြတ်မှုစနစ်က မမျှတဟု ရှုမြင်လာကြပြီး၊ အချို့မှာမူ သီးခြား ခြင်းလုံးကလပ် ခွဲထွက်ရန်ပင် ပြောဆိုနေကြသည်။

ဘောလုံးသမားအများစုမှာ ထိုကိစ္စရပ်တို့ကို နားမလည်၊ 'အများစုသဘောအရ အုပ်ချုပ်ဆုံးဖြတ်မှု' က ဒီမိုကရက်တစ်ကျသည်ဟုသာ ဆိုကြသည်။ သို့ရာတွင်လည်း ဘောလုံးသမားများအနက်မှ အချို့တို့မှာမူ အထက်ပါ အခြေအနေများက မမျှတဟု သုံးသပ်နေကြသည်။ ခြင်းလုံး အားကစားသမား တို့၏ လိုအပ်ချက် များကို ထည့်သွင်း စဉ်းစားမှုမရှိပါက စစ်မှန်သော ဒီမိုကရေစီ မဖြစ်နိုင်ဟု ထောက်ပြထား ကြသည်။

## ပြန်လည်သုံးသပ်ချက်

၁။ တစ်ဖက်ပါ လုပ်ဆောင်ချက်အတွက် စည်းမျဉ်းများ သတ်မှတ်ရာတွင် မည်သည့် အတားအဆီးများ ရင်ဆိုင်ကြုံတွေ့ခဲ့ရသနည်း။

၂။ ထိုအတားအဆီးတို့ကို မည်သို့ ကျော်လွှားခဲ့ကြသနည်း။

၃။ မိမိတို့ အားလုံးလက်ခံ သဘောတူသည့် စည်းမျဉ်းများသည် မျှတမှုရှိသည်ဟု ထင်မြင်ပါသလား။ အဘယ်ကြောင့်နည်း။

၄။ ထိုလုပ်ဆောင်ချက်က မိမိတို့ တိုင်းပြည်ရှိ နိုင်ငံရေး အခြေအနေများနှင့် မည်သည့် နည်းလမ်းများအရ ဆက်စပ်နေကြသနည်း။

## ၆.၂.၅ ရွေးကောက်ပုံ စနစ်များ

ရွေးကောက်မှုစနစ်များသည် ရွေးကောက်ပွဲများ မည်သို့ ပြုလုပ်ရမည်နှင့် သက်ဆိုင်သည့် စည်းမျဉ်းများ ဖြစ်ကြပြီး၊ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ထည့်သွင်းပါရှိကြသည်။ ရွေးကောက်ပုံစနစ် အမျိုးမျိုးရှိကြသည့်အနက် မည်သည့်စနစ်ကို ရွေးချယ် ကျင့်သုံးမည်က နိုင်ငံရေးအရ အရေးပါလှသည်။ မိမိတို့ ရွေးချယ်ကျင့်သုံးသည့် ရွေးကောက်ပုံစနစ် အမျိုးအစားသည် နိုင်ငံ၏ ပါတီနိုင်ငံရေးအပေါ် သက်ရောက်မှုကြီးမားသည်။

ကိုယ်စားပြုဒီမိုကရေစီများ၊ သို့မဟုတ် ရွေးကောက်ခံကိုယ်စားလှယ်များပါရှိသည့် အစိုးရစနစ်များတွင် တိုင်းပြည်ကို မဲဆန္ဒနယ်များဖြင့် ပိုင်းခြားထားရှိသည်။ မဲဆန္ဒနယ် တစ်နယ်စီအနေဖြင့် ကိုယ်စားပြုမည့်သူတစ်ဦးကို ရွေးချယ်ရသည်။ ရွေးကောက်ပွဲများသည် ကိုယ်စားလှယ်တစ်ဦးကိုယ်စားပြု မဲဆန္ဒနယ်စနစ် (single-member election) လည်း ဖြစ်နိုင်သလို တစ်ဦးထက်ပိုသောကိုယ်စားလှယ်များ ကိုယ်စားပြု (multi-member election) လည်း ဖြစ်နိုင်သည်။ ကိုယ်စားလှယ်တစ်ဦးကိုယ်စားပြု မဲဆန္ဒနယ်စနစ် ရွေးကောက်ပွဲဟူသည်မှာ မဲဆန္ဒနယ် တစ်နယ်စီမှ ကိုယ်စားလှယ်တစ်ဦးသာ ရွေးချယ်ခြင်းဖြစ်သည်။ တစ်ဦးထက်ပိုသော ကိုယ်စားလှယ်များ ကိုယ်စားပြု ရွေးကောက်ပွဲဆိုသည်မှာမူ မဲဆန္ဒနယ်တစ်နယ်စီအတွက် ရွေးကောက်ခံကိုယ်စားလှယ် (၂) ဦး သို့မဟုတ် (၂) ဦးထက်ပို၍ ရွေးချယ်ခြင်းဖြစ်သည်။

ရွေးကောက်ပုံစနစ်ဆိုင်ရာ အရေးကြီးသည့် မေးခွန်း အချို့တို့မှာ –

- မဲပေးသူများသည် ရွေးကောက်ပွဲများတွင် (ကိုယ်စားလှယ်လောင်း) တစ်ဦးတည်း သို့မဟုတ် ပါတီတစ်ခုလုံးကို ဆန္ဒမဲပေးကြသလား။
- တိုင်းပြည်ကို မည်ကဲ့သို့သော မဲဆန္ဒနယ်အမျိုးအစားများဖြင့် ပိုင်းခြားထားရှိသနည်း။
- မဲဆန္ဒနယ်တစ်နယ်စီမှ ကိုယ်စားလှယ်လောင်းမည်မျှ အရွေးချယ်ခံရသနည်း။
- ရွေးကောက်ပွဲတစ်ရပ်တွင် အနိုင်ရရှိရန် ကိုယ်စားလှယ်လောင်းများအနေဖြင့် ထောက်ခံမှု ရာခိုင်နှုန်းမည်မျှ လိုအပ်သနည်း။

ရွေးကောက်ပွဲစနစ်တစ်ရပ် မည်သို့ပြုလုပ်ကျင်းပသည်ကို မူတည်၍ အထက်ပါ မေးခွန်းများအတွက် အဖြေအမျိုးမျိုး ပေးနိုင်ပေလိမ့်မည်။ ရွေးကောက်ပုံစနစ်အမျိုးမျိုး ရှိကြသော်လည်း အဓိကအမျိုးအစား (၂) ရပ်တို့မှာ အချိုးကျကိုယ်စားပြုခြင်း (proportional representation/first past the post - PR) နှင့် ကိုယ်စားလှယ်တစ်ဦး ကိုယ်စားပြု မဲဆန္ဒနယ်မြေများ (single - member districts - SMD) တို့ပင်ဖြစ်သည်။




◄ ၂၀၁၂ခုနှစ် မြန်မာနိုင်ငံ၏ ကြားဖြတ် ရွေးကောက်ပွဲတွင် အမျိုးသမီးတစ်ဦး ဆန္ဒမဲ ပေးနေစဉ်။

**အကြိုသင်ခန်းစာ**

မိမိတို့တိုင်းပြည်ရှိ ရွေးကောက်မှုစနစ်နှင့် စပ်လျဉ်းပြီး မည်သည်တို့ သိရှိထားသနည်း။

### (က) ကိုယ်စားလှယ်တစ်ဦးကိုယ်စားပြု မဲဆန္ဒနယ်စနစ် (Single-member District - SMD)

တစ်မဲသာအနိုင်ရစနစ် (first past the post) ဟုလည်း ခေါ်ဆိုနိုင်သည့် အဖွဲ့ဝင်တစ်ဦး ကိုယ်စားပြု နယ်မြေစနစ်သည် ယူကေနိုင်ငံနှင့် ကိုလိုနီဖြစ်ခဲ့ဖူးသည့် တိုင်းပြည်များ (ဥပမာ အမေရိကန်ပြည်ထောင်စု၊ အိန္ဒိယနှင့် မြန်မာ) တို့တွင် အသုံးပြုသည်။ ထိုစနစ်တွင် မဲဆန္ဒနယ် တစ်နယ်စီမှ ဥပဒေပြုရေး 'နေရာ' တစ်နေရာသာ ရရှိကြပြီး ကိုယ်စားလှယ်လောင်း အားလုံးတို့ အနက်မှ ထောက်ခံမဲအများဆုံး ရရှိထားသူသာလျှင် ဥပဒေပြုရေးတွင် ပါဝင်နိုင်မည်။ ထိုကဲ့သို့ အနိုင်ရရှိရန်အတွက် ကိုယ်စားလှယ်လောင်းများသည် လူများစု၏ မဲပေးထောက်ခံမှု ရရှိရန် မလိုအပ်၊ (ဆိုလိုသည်မှာ ၅၀% ကျော်ရန်မလို)၊ အခြား ကိုယ်စားလှယ်လောင်းများနှင့် ယှဉ်ပါက မဲအများဆုံး ရရန်သာ လိုအပ်ပေမည်။

မဲဆန္ဒနယ်တစ်နယ်အတွက် နေရာတစ်နေရာသာရှိသည့် အတွက်ကြောင့် ရွေးကောက်ပွဲတွင် အနိုင်မရရှိသည့် ကိုယ်စားလှယ်လောင်းများကို ထောက်ခံထားသည့်မဲများမှာ 'အလဟဿ' ဖြစ်ရသည်။ မိမိတို့ထောက်ခံသည့် ကိုယ်စားလှယ်လောင်းတွင် ဆန္ဒမဲ အလုံအလောက် မပိုင်ဆိုင်နိုင်သည်ကို သိရှိထားခြင်းက မဲပေးချင်စိတ်ကိုပင် ပျောက်ဆုံးစေနိုင်သည်။ ထိုအခြေအနေမျိုးတို့က 'အဖွဲ့ဝင်တစ်ဦး ကိုယ်စားပြုနယ်မြေစနစ်' ကို (အင်အားကြီး) ပါတီအနည်းငယ်သာ ကြီးစိုးထားသည့် နိုင်ငံရေးသို့ ဦးတည်စေပေသည်။ ဥပမာအားဖြင့် ကွန်မြူနစ်လိုလားသူတစ်ဦးသည် ကွန်မြူနစ်ပါတီက လူကြိုက်နည်းလျက်ရှိပြီး အနိုင်ရရှိရန် အခွင့်အလမ်း နည်းပါးလွန်းနေပါက ထိုပါတီကို မဲပေးတော့မည် မဟုတ်။ ထိုအစား ကွန်မြူနစ်မဲဆန္ဒရှင်သည် လစ်ဘရယ်ပါတီတစ်ရပ်ကို မဲပေးပေလိမ့်မည်။ ထို့မှလည်း ကွန်ဆာဗေးတစ်ပါတီ အနိုင်ရခြင်းမှ ကာကွယ်နိုင်မည်ဖြစ်သည်။ (ရှေးရိုးစွဲ ကွန်ဆာဗေးတစ်တို့က လွတ်လပ်မှုဗဟိုပြု လစ်ဘရယ်တို့ထက် ပိုဆိုးမည်ဟု ကွန်မြူနစ်တို့က ရှုမြင်ထားကြသည်။)

ရွေးကောက်ပွဲ တစ်ရပ်တွင် 'နေရာ' အများစု အနိုင်ရထားသည့် ပါတီသည် ဥပဒေပြုရေး မဏ္ဍိုင်ကို ချုပ်ကိုင်ပေလိမ့်မည်။ ထိုအခြေအနေတို့က ဝါဒခပ်ဆင်ဆင်ရှိပြီး တိုင်းသိ ပြည်သိ ထောက်ခံမှုများ ရရှိထားသည့် လူထုပါတီကြီး (၂) ရပ်က နိုင်ငံရေးကို လွှမ်းမိုးထားနိုင်သည့် နိုင်ငံရေးစနစ်မျိုး ပေါ်ပေါက်လာစေပေသည်။ (ဥပမာ – အမေရိကန်ပြည်ထောင်စုနှင့် ယူကေနိုင်ငံ)




▲ မဲပေးမှုစနစ်ပုံစံအလိုက် ရွေးကောက်ပွဲရလဒ်များ ခြားနားနိုင်သည်။



### မြန်မာ့ရေးရာ

### မြန်မာ့ ရွေးကောက်ပွဲစနစ်

မြန်မာနိုင်ငံတွင် 'ကိုယ်စားလှယ်တစ်ဦးကိုယ်စားပြု မဲဆန္ဒနယ်စနစ်နယ်မြေ' စနစ်ကို ကျင့်သုံးသည်။ ဤသည်မှာ ဗြိတိသျှ ကိုလိုနီဖြစ်စဉ်ကတည်းက ကျင့်သုံးခဲ့သည့် ဗြိတိသျှစနစ်ကို အခြေခံထားသည်။

သို့ရာတွင် နိုင်ငံရေးပါတီအချို့တို့က အချိုးကျကိုယ်စားပြုခြင်း စနစ်ကို တောင်းဆိုနေကြသည်။ ထိုသူတို့၏အဆိုအရ အဆိုပါစနစ်က တိုင်းရင်းသား ပါတီငယ်လေးများအတွက် ပိုမို မျှတမည့် ကိုယ်စားပြုမှုကို ခွင့်ပြုစေနိုင်မည်ဟု ထောက်ပြထားကြသည်။ ယခုလက်ရှိအချိန်တွင် အာဏာရပါတီ ဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအနေဖြင့် အထက်လွှတ်တော်တွင်ရော၊ အောက်လွှတ်တော်တွင်ပါ နေရာအများစုကို အနိုင်ရရှိထားသည်။ ထိုအနေအထားကို ထိခိုက်နိုင်သည့် အတွက်ကြောင့် ပါတီအနေဖြင့် 'အချိုးကျကိုယ်စားပြုခြင်း' စနစ်သို့ ပြောင်းလဲခြင်းကို ကန့်ကွက်ထားသည်။

အတိုက်အခံအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ကလည်း ရွေးကောက်ပုံစနစ် ပြောင်းလဲခြင်းတို့ကို သဘောတူထားခြင်း မရှိချေ။ အဖွဲ့ချုပ်၏ ပါတီဝင်အချို့တို့က ထိုကဲ့သို့ ပြောင်းလဲရန်မှာ စောလွန်းလှသေးသည်ဟု ဆိုထားသည်။ သို့သော် 'အချိုးကျကိုယ်စားပြု စနစ်' တွင် ထိုပါတီအနေဖြင့် လွှတ်တော်နေရာ အနည်းငယ်သာ ရရှိနိုင်မည့် အနေအထားတွင် မရှိချေ။ ပါတီကြီးများသည် 'ကိုယ်စားလှယ်တစ်ဦးကိုယ်စားပြု မဲဆန္ဒနယ်စနစ်နယ်မြေ' စနစ်တွင် မဲပိုမို ရရှိနိုင်ကြမည်သာ ဖြစ်သည်။

မကြာသေးမီကပင် အတိုက်အခံနိုင်ငံရေးပါတီများ ညွန့်ပေါင်းအဖွဲ့တစ်ရပ်က ရွေးကောက်ပွဲကော်မရှင်ကို စည်းရုံးပြီး၊ သမ္မတမှ ရွေးကောက်ပုံစနစ်ပြောင်းလဲစေရန် ကြိုးပမ်းခဲ့သည်။ ထိုအဖွဲ့အနေဖြင့် PR စနစ်သို့ ပြောင်းလဲရန် အကြံပြုထားသည့် အဆိုတစ်ရပ်ကို လွှတ်တော်သို့ တင်သွင်းထားသည်။

## (ခ) အချိုးကျ ကိုယ်စားပြုခြင်း (Proportional Representation - PR)

အချိုးကျ ကိုယ်စားပြုမှု ရွေးကောက်ပုံစနစ်သည် ခေတ်သစ်ဒီမိုကရေစီများတွင်သာ တွေ့ရှိနိုင်သည်။ ထိုစနစ်တွင် 'အလဟဿ' ဖြစ်သည့် မဲဆန္ဒများ နည်းနိုင်သမျှ နည်းစေရန် ပါတီတို့မှ ရရှိသည့် ထောက်ခံမဲရာခိုင်နှုန်းအပေါ် တိုက်ရိုက်အခြေခံထားသည်။ ဥပမာ ပါတီတစ်ပါတီသည် ရွေးကောက်ပွဲတွင် မဲ ၂၃% ရရှိထားမည်ဆိုပါက ဥပဒေပြုရေးတွင် နေရာ ၂၃% ရရှိ ပိုင်ဆိုင်နိုင်မည်။ ထိုစနစ်က ဥပဒေပြုရေးတွင် ပါတီငယ်လေးများ ပိုမို ပါဝင်လာစေမည်လည်းဖြစ်သည်။ ထို့အပြင် PR ရွေးကောက်ပုံစနစ် ကျင့်သုံးသည့် တိုင်းပြည်များတွင် 'ညှိနှိုင်းမှု' များက အရေးပါလှသည်ကိုလည်း တွေ့မြင်နိုင်ပေသည်။

SMD စနစ်နှင့် မတူညီသည့်အချက်မှာ PR စနစ်သည် တစ်ဦးထက်ပိုသောကိုယ်စားလှယ်များ အခြေပြု မဲဆန္ဒနယ် နယ်မြေစနစ် (multi-members districts - MMDs ) ကို အခြေခံထားသည်။ ထိုစနစ်တွင် မဲဆန္ဒနယ်တစ်ရပ်အတွက် နေရာတစ်နေရာထက် ပိုမို ပေးအပ်ထားသည်။ မဲဆန္ဒရှင်များသည် မဲဆန္ဒနယ်အတွင်းမှ ကိုယ်စားလှယ်လောင်း တစ်ဦးတည်းကို ထောက်ခံမဲ မပေးရ၊ ပါတီတစ်ရပ်ကိုသာ ပေးရ၏။ မဲရေတွက်ပြီး မည်သည့် ပါတီက သက်ဆိုင်ရာ မဲဆန္ဒနယ်အတွက် ရာခိုင်နှုန်း မည်မျှ ပိုင်ဆိုင်သည်ကို သိရှိရပါက ထိုရာနှုန်းအတိုင်း ကိုယ်စားလှယ်တို့ကို ပါတီအကြီးအကဲများက ရွေးချယ်ခန့်ထားရသည်။

PR စနစ်သည် ပါတီငယ်လေးများကို အစိုးရအတွင်း ပိုမိုကိုယ်စားပြု ပါဝင်လာစေနိုင်သည့် အခွင့်အရေးများ အပ်နှင်းထားသည်။ ထို့အပြင် ဥပဒေပြုရေးတွင်လည်း နိုင်ငံရေးအမြင် စုံလင်လာစေမည်လည်းဖြစ်သည်။ ထိုအခါ ပါတီများအနေနှင့် ဥပဒေပြုလို၊ အစိုးရအဖွဲ့ ဖွဲ့လိုပါက ပါတီအချင်းချင်း ညှိနှိုင်းဆောင်ရွက်မှုများ ပြုလုပ်ရန် လိုအပ်လာပေသည်။ အင်အားကြီးမားသည့် ပါတီကိုလည်း အာဏာနည်းပါးသည့် ပါတီများ ညွန့်ပေါင်းဖွဲ့ခြင်းဖြင့် အစားထိုးပြီး အစိုးရတစ်ရပ် ဖွဲ့စည်းနိုင်သည်။ ထိုအကြောင်းရပ်များကြောင့် ညွန့်ပေါင်းအစိုးရများကို PR စနစ်တွင် အတွေ့ရများပေသည်။ သို့ရာတွင်လည်း PR စနစ်များသည် ပါတီငယ်များကို အခွင့်အရေး ပိုမို ပေးအပ်သည့်အတွက်ကြောင့် အစိုးရတွင်း ဝါဒကွဲပြားမှုများ ပိုမို ပေါ်ပေါက်စေပြီး၊ ပဋိပက္ခများ၊ ရှေ့မတိုးနောက်မဆုတ်သာ အခြေအနေများသို့ ပေါ်ပေါက်လာစေသည်။

## လေ့ကျင့်ခန်း

၁။ ထိုစနစ် (၂) ရပ်တွင် မည်သည်က 'အများဆန္ဒဖြင့် အုပ်ချုပ်ခြင်း' ဟူသော အယူအဆကို ပိုမို အခြေခံထားသနည်း။ အဘယ်ကြောင့်နည်း။

၂။ ထိုစနစ် (၂) ရပ်တွင် မည်သည်က 'လူနည်းစု အခွင့်အရေးများ' ဟူသော အယူအဆကို ပိုမို အခြေခံထားသနည်း။

## ဆွေးနွေးချက်

၁။ ထိုစနစ် (၂) ရပ် တို့၏ ကောင်းကျိုး၊ ဆိုးကျိုးတို့ကို ဖော်ပြပေးပါ။

၂။ ထိုစနစ် (၂) ရပ် အနက် မည်သည်က မိမိတို့တိုင်းပြည်အတွက် ပိုမို သင့်လျော်မည်ဟု ထင်သနည်း။

## လုပ်ငန်းများ

### ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အတိုင်ပင်ခံများ

၁။ အောက်ပါ ဖြစ်ရပ်ကို ဖတ်ရှုပြီး မေးခွန်းတို့ကို ဖြေဆိုပါ။

၂။ မိမိတို့ဆုံးဖြတ်ချက်အတွက် အကြောင်းအရင်း အစုံအလင်ဖြင့် အတန်းဖော်များအား တင်ပြ ဆွေးနွေးပေးပါ။




### ဖြစ်ရပ်

မိမိတို့တိုင်းပြည်၏ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် ရေးဆွဲရန် အတိုင်ပင်ခံများအဖြစ် လုပ်ဆောင်ကြရမည်။ အတိုင်ပင်ခံတစ်ဦး အနေဖြင့် အစိုးရအပေါ် ထောက်ခံချက်များနှင့်အတူ ပြန်တမ်း တစ်စောင် ရေးသားပေးရမည်ဖြစ်သည်။ ထိုထောက်ခံချက်များတွင် အောက်ပါမေးခွန်းတို့ကို ဖြေကြားထည့်သွင်းပေးပါ။

၁။ မည်သို့သော အာဏာခွဲခြားမှုမျိုး ရှိအပ်သနည်း။

၂။ အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးတို့အနက် မည်သည်က အာဏာပိုမို ပိုင်ဆိုင်ထားအပ်သနည်း။

၃။ ဖက်ဒရယ်စနစ် ကျင့်သုံးမည်လော သို့မဟုတ် တစ်ပြည်ထောင်စနစ် ဖြစ်မည်လော။

၄။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြေခံအခွင့်အရေးများကို ထည့်သွင်းမည်လော။

၅။ မည်ကဲ့သို့သော 'အများဆန္ဒဖြင့် အုပ်ချုပ်ခြင်း' ပုံစံမျိုး ပါရှိမည်နည်း။

၆။ မည်ကဲ့သို့သော 'လူနည်းစုအခွင့်အရေးပုံစံများ' ပါဝင် ထည့်သွင်းမည်နည်း။

၇။ မည်သို့သော ရွေးကောက်ပုံစနစ်အမျိုးအစား ဖြစ်မည်နည်း။

## ၆.၃ အခန်း(၆) ဖြစ်ရပ်လေ့လာချက်

**သီရိလင်္ကာနိုင်ငံ၏ ၁၉၇၂ – ဖွဲ့စည်းပုံအခြေခံဥပဒေမှ ကောက်နုတ်ချက်**

**အခန်း (၂) ဗုဒ္ဓဘာသာ**

၆။ သီရိလင်္ကာသမ္မတနိုင်ငံသည် ဗုဒ္ဓဘာသာကို အထွဋ်အမြတ်ထား သတ်မှတ်ပြီး၊ ဗုဒ္ဓဘာသာကို ကာကွယ်ပေးရန်၊ ပျံ့နှံ့စေရန်တို့မှာ နိုင်ငံတော်၏ တာဝန်ဖြစ်သည်။ တစ်ဖက်တွင်လည်း ဘာသာကိုးကွယ်မှု အားလုံးအနေဖြင့် ပုဒ်မ (၁၈)၊ ပုဒ်မခွဲ (၁) (ဃ) တွင် ပေးအပ်ထားသည့် အခွင့်အရေးများ ခံစားရရှိစေမည်ဖြစ်သည်။

**အခန်း (၃) ဘာသာစကား**

ရုံးသုံးဘာသာစကား

၇။ သီရိလင်္ကာနိုင်ငံ၏ ရုံးသုံးဘာသာစကားမှာ ဆင်ဟာလာ ဖြစ်သည်။

၈။ (၁) ဥပဒေများအားလုံးသည် ဆင်ဟာလာဘာသာစကားဖြင့်သာ ရေးဆွဲပြဋ္ဌာန်းရမည်။

(၂) ထိုပြဋ္ဌာန်းထားသည့် ဥပဒေအားလုံးအတွက် တမီးလ်ဘာသာစကားဖြင့် ပြန်ဆိုထားရှိရမည်။

၁၀။ (၁) ပြဋ္ဌာန်းထားသည့် ဥပဒေများအားလုံးကို ဆင်ဟာလာဘာသာစကားဖြင့် ထုတ်ဝေရမည်။ ထို့နောက် တမီးလ်ဘာသာစကားဖြင့် ပြန်ဆို၍လည်း ထုတ်ဝေပေးရမည်။

တရားခွင်သုံး ဘာသာစကား

၁၁။(၁) တရားခွင်သုံး ဘာသာစကားသည် သီရိလင်္ကာတစ်နိုင်ငံလုံးတွင် ဆင်ဟာလာဘာသာစကား ဖြစ်ရမည်။ တရားခွင်မှတ်တမ်းများကိုလည်း ဆင်ဟာလာဘာသာစကားဖြင့်သာ ရေးမှတ်ထားရှိရမည်။

ဖြစ်ရပ်လေ့လာချက်



**လေ့ကျင့်ခန်း**

၁။ ထိုကောက်နုတ်ချက်အရ သီရိလင်္ကာနိုင်ငံရှိ လူနည်းစု ဘာသာရေးအခွင့်အရေးများနှင့် စပ်လျဉ်းပြီး မည်သည်တို့ကို သုံးသပ်မိသနည်း။

၂။ ထိုကောက်နုတ်ချက်အရ သီရိလင်္ကာနိုင်ငံရှိ လူနည်းစု ဘာသာစကားအခွင့်အရေးများနှင့် စပ်လျဉ်းပြီး မည်သည်တို့ကို သုံးသပ်မိသနည်း။

## ဖြစ်ရပ်လေ့လာချက်



**တောင်အာဖရိကနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေမှ ကောက်နုတ်ချက်**

**၉။ညီမျှမှု**

၁။ လူတိုင်း ဥပဒေအရ ညီမျှကြပြီး၊ ဥပဒေ၏ တူမျှသော အကာအကွယ်ပေးမှုကို ခံစားပိုင်ခွင့်ရှိသည်။

၂။ အစိုးရအနေဖြင့် ဥပဒေနှင့် အခြားသော လုပ်ဆောင်မှုများမှတစ်ဆင့် ညီမျှမှုကို ပေးစွမ်းသွားမည်။

၃။ နိုင်ငံတော်အနေဖြင့် လူမျိုး၊ ကျား/မ၊ လိင်၊ ကိုယ်ဝန်ရှိမှု၊ လက်ထပ်မှု၊ လူမျိုးရေး သို့မဟုတ် လူမှု ဇစ်မြစ်၊ အသားအရောင်၊ လိင်စိတ်တိမ်းညွတ်မှု၊ အသက် အပိုင်းအခြား၊ မသန်စွမ်းမှု၊ ဘာသာရေး၊ ယုံကြည်မှု၊ ကိုးကွယ်မှု၊ ယဉ်ကျေးမှု၊ ဘာသာစကားနှင့် အဆင့်အတန်း အစရှိသည်တို့အနက်မှ အကြောင်းတရားတစ်ရပ် သို့မဟုတ် အကြောင်းတရားများကို အရင်းတည်၍ ခွဲခြားမှုမျိုးကို ပြုကျင့်လိမ့်မည် မဟုတ်ချေ။

၄။ အပိုင်း (၃) တွင် ဖော်ပြထားသော အကြောင်းတစ်ရပ်ရပ်ကို အခြေခံ ပေါ်ပေါက်လာသည့် ခွဲခြားဖိနှိပ်မှုများသည် ထိုခွဲခြားမှုက မျှတမှုရှိသည်ဟု အတည်အတံ့ မဖြစ်သမျှ မမျှတသည့် လုပ်ရပ်သာဖြစ်သည်။

**၂၅။ ပိုင်ဆိုင်မှု**

၁။ ၁၉၁၃ခုနှစ်၊ ဇွန်လ (၁၉) ရက်နေ့ နောက်ပိုင်း အတိတ်ကာလမှ လူမျိုးရေး ခွဲခြားမှု ဥပဒေ သို့မဟုတ် ကျင့်ထုံးတို့ကြောင့် ပိုင်ဆိုင်မှု ဆုံးရှုံးရသည့် လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အသိုင်းအဝိုင်းတစ်ရပ်သည် ပိုင်ဆိုင်မှု ပြန်လည် ရယူနိုင်ခွင့် (သို့) ပိုင်ဆိုင်မှုနှင့် ထိုက်တန်သည့် အဖိုးအခ ပြန်လည် ရယူနိုင်ခွင့်တို့ရရှိသည်။

## လေ့ကျင့်ခန်း

၁။ ထိုကောက်နုတ်ချက်အရ ပုဂ္ဂလိကပိုင်ဆိုင်မှု အခွင့်အရေးများနှင့် အတိတ်ကာလမှ လူမျိုးရေးခွဲခြားမှု အတွက် ပေးလျော်ရခြင်း (အနိမ့်ခံဘဝမှ လွတ်မြောက်ရေး ပံ့ပိုးမှု) များ အကြားရှိ ပဋိပက္ခတို့နှင့် စပ်လျဉ်းပြီး မည်သည်တို့ကို သုံးသပ်မိသနည်း။

၂။ ထိုကောက်နုတ်ချက်အရ တောင်အာဖရိကရှိ လူနည်းစု အခွင့်အရေးများနှင့် စပ်လျဉ်းပြီး မည်သည်တို့ကို လေ့လာမှတ်သားရသနည်း။

ဖြစ်ရပ်လေ့လာချက်



**မလေးရှားနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေမှ ကောက်နုတ်ချက်**

**ပုဒ်မ (၄၅)**

(၁) လွှတ်တော်တွင် အောက်ပါအတိုင်း ရွေးကောက်ခံနှင့် ခန့်အပ်ထားရှိသော အဖွဲ့ဝင်များပါရှိသည်။

(က) ပြည်နယ်တစ်ပြည်နယ်စီအတွက် အဖွဲ့ဝင် (၂) ဦးစီ ရွေးကောက်တင်မြှောက်ခံရမည်။ (ပြည်နယ်ပေါင်း ၁၃ ပြည်နယ်ရှိပြီး၊ အဖွဲ့ဝင်ပေါင်း ၂၆ဦး ပါဝင်မည်။)

ထို့အပြင် -

(ကက)ကွာလာလမ်ပူ ပြည်ထောင်စုနယ်မြေအတွက် အဖွဲ့ဝင်နှစ်ဦးနှင့် လာဘူအန် ပြည်ထောင်စုနယ်မြေအတွက် အဖွဲ့ဝင်တစ်ဦးတို့ကို ယန် ဒီ ပါတရန် အဂုန် ခေါ် နိုင်ငံတော်အကြီးအကဲ (Yang di-Pertuan Agong) မှ ခန့်အပ်ထားရှိမည်။

ထို့အပြင် -

(ခ) အဖွဲ့ဝင် (၄၀) ဦးကို ယန် ဒီ ပါတရန် အဂုန်မှ ခန့်အပ်ထားရှိမည်။

**ပုဒ်မ (၁၅၃)**

၁။ မလေးလူမျိုး (မလေးရှားနိုင်ငံရှိ အကြီးဆုံးလူမျိုးစု) တို့၏ အထူးအနေအထားကို အကာအကွယ်ပြုပေးရန်မှာ ယန် ဒီ ပါတရန် အဂုန် (နိုင်ငံတော်အကြီးအကဲ) ၏ တာဝန်ဖြစ်သည်။

၂။ မလေးလူမျိုးတို့၏ အထူးအနေအထားကို အကာအကွယ်ပြုပေးရန်၊ မလေးလူမျိုးတို့ကို ပြည်သူ့ဝန်ဆောင်မှုနှင့် ပညာသင်ဆုများ၊ ပြပွဲများနှင့် အခြားသော ပညာရေး၊ လေ့ကျင့်ရေးအခွင့်ထူးများတွင် နေရာပေးရန်တို့အတွက် ယန် ဒီ ပါတရန် အဂုန် (နိုင်ငံတော်အကြီးအကဲ) သည် သူ၏ လုပ်ပိုင်ခွင့်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စုဥပဒေတို့နှင့်အညီ ကျင့်သုံးရမည်။

**လေ့ကျင့်ခန်း**

၁။ မလေးလူမျိုးတို့၏အထူးအနေအထားကို အကာအကွယ်ပြုပေးရမည့် ယန် ဒီ ပါတရန် အဂုန် (နိုင်ငံတော်အကြီးအကဲ) ၏ အခန်းကဏ္ဍနှင့် အထက်လွှတ်တော် အဖွဲ့ဝင်ရွေးချယ်ပေးရမည့် အခန်းကဏ္ဍတို့အကြား မည်သို့သော ပဋိပက္ခများကို တွေ့မြင်သုံးသပ်မိသနည်း။

၂။ ထိုကောက်နုတ်ချက်အရ မလေးရှားနိုင်ငံရှိလူနည်းစုအခွင့်အရေးများနှင့်စပ်လျဉ်းပြီး မည်သည်တို့ကို လေ့လာမှတ်သားရသနည်း။

**ဆွေးနွေးချက်**

ထိုဖြစ်ရပ်များပါ ပြဿနာရပ်များကို မိမိတို့တိုင်းပြည်ရှိ အခြေအနေများနှင့် နှိုင်းယှဉ် သုံးသပ်ပေးပါ။ မည်ကဲ့သို့သော တူညီမှု၊ ကွဲပြားမှုတို့ကို လေ့လာ သုံးသပ်မိသနည်း။

# အပိုင်း (၂) ပြန်လည်သုံးသပ်ခြင်း

**အပိုင်း (၂) စိတ်ကူးပုံဖော်ခြင်း**

ဤအပိုင်းတွင် လေ့လာမှတ်သားခဲ့သည်တို့ကို အခြေခံလျက် ဖြည့်စွက်ပေးပါ။




**နားလည်မှုစစ်ဆေးခြင်း**

၁။ နိုင်ငံတော်တစ်ရပ်၏ အရေးပါသောလက္ခဏာရပ်အချို့တို့ကို ဖော်ပြပါ။

၂။ အမျိုးသားတစ်ရပ်နှင့် လူမျိုးစုတစ်စုတို့အကြား မည်သည့်ကွဲပြားခြားနားချက်များ ရှိသနည်း။

၃။ လူမျိုးစုနှင့် နိုင်ငံသားလက္ခဏာတို့အကြား မည်သည့်ခြားနားချက်များ ရှိသနည်း။

၄။ လူမျိုးစုအခြေပြု အမျိုးသားရေး ဆိုသည်မှာ အဘယ်နည်း။

၅။ နိုင်ငံသားအခြေပြုအမျိုးသားရေး ဆိုသည်မှာ အဘယ်နည်း။

၆။ မူဝါဒနှင့် ဥပဒေတစ်ရပ်တို့အကြား မည်သို့ကွဲပြားခြားနားကြသနည်း။

၇။ ‘အပြန်အလှန်ထိန်းကျောင်းမှု’ ဆိုသည်မှာ အဘယ်နည်း။

၈။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဆိုသည်မှာ အဘယ်နည်း။

၉။ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း ဟူသည် အဘယ်နည်း။

၁၀။ ပြည်ထောင်စုနှင့် တစ်ပြည်ထောင်နိုင်ငံတို့အကြား မည်သို့ခြားနားကြသနည်း။

၁၁။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ အဘယ်နည်း။

၁၂။ အရေးပေါ်အာဏာများမှာ အဘယ်နည်း။

၁၃။ ဒီမိုကရေစီတစ်ရပ်တွင် လူနည်းစုအခွင့်အရေးများ မည်သည့်အကြောင်းကြောင့် အရေးပါရသနည်း။

၁၄။ ကိုယ်စားလှယ်တစ်ဦးကိုယ်စားပြု မဲဆန္ဒနယ်စနစ် နယ်မြေ ရွေးကောက်မှုစနစ် ဆိုသည်မှာ အဘယ်နည်း။

၁၅။ အချိုးကျကိုယ်စားပြု ရွေးကောက်မှုစနစ် ဆိုသည်မှာ အဘယ်နည်း။

မှတ်စု



# အပိုင်း (၃) လုပ်ရှားဆောင်ရွက်သူများ

## (Actors)

### အကြောင်းအရာများ

အပိုင်း (၃) သည် နိုင်ငံရေးတွင် ပါဝင်ပတ်သက်လျက်ရှိသည့် လူပုဂ္ဂိုလ်များနှင့် အစုအဖွဲ့များကို လေ့လာစေမည်ဖြစ်သည်။ မီဒီယာ၊ လူမှုအခြေပြုအဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများကို အလေးပေး လေ့လာပြီး ၎င်းတို့အချင်းချင်းကြား၊ ၎င်းတို့နှင့် နိုင်ငံရေးအဆောက်အအုံယန္တရား (အင်စတီကျူးရှင်း) များတို့အကြား ဆက်နွယ်မှုများကို ဆန်းစစ်စေမည်ဖြစ်သည်။ နိုင်ငံရေးလုပ်ရှားဆောင်ရွက်သူများ၏ လမ်းညွှန်သဖွယ်ဖြစ်သော ပန်းတိုင်များ၊ တန်ဖိုးများနှင့် အယူအဆများကို သုံးသပ်ခြင်းဖြင့် နိုင်ငံရေးခလေ့စရိုက်တို့ကိုပါ လေ့လာအကဲဖြတ်စေမည်ဖြစ်သည်။




## သင်ကြားမှုဆိုင်ရာ ရည်မှန်းချက်များ

### ဗဟုသုတများ

(လေ့ကျင့်ခန်းများ)

**ဤအခန်းအပြီးတွင် အောက်ပါ ဗဟုသုတများ တိုးပွားလာမည် ဖြစ်သည်။**

- ပြည်သူ့အမြင်သဘောထား၊
- စာနယ်ဇင်းလွတ်လပ်ခွင့်နှင့် ဆင်ဆာကိစ္စရပ်။
- နိုင်ငံပိုင်မီဒီယာနှင့် ပုဂ္ဂလိကမီဒီယာများ။
- မီဒီယာ စီမံခန့်ခွဲမှုနှင့် 'လူထုအမြင် လှည့်စားခြင်း'။
- အရပ်ဘက် လူ့အဖွဲ့အစည်း။
- ရပ်ရွာအခြေပြုအဖွဲ့အစည်းများ (WWs)၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ (NGOs) နှင့် လူမှုရေးလှုပ်ရှားမှုများ။
- အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ နည်းဗျူဟာများ။
- နိုင်ငံရေးပါတီများ၊
- ပါတီစနစ်။

### ကျွမ်းကျင်မှုများ

(လုပ်ဆောင်ချက်များ)

**ဤအခန်းအပြီးတွင် အောက်ပါ စွမ်းရည်များ တိုးပွားလာမည် ဖြစ်သည်။**

- ပြည်သူ့ဆန္ဒ ကောက်ယူရန်အတွက် မေးခွန်းလွှာ ရေးသားခြင်း။
- သတင်းစာပါ အကြောင်းအရာ တို့ကို ဆန်းစစ်သုံးသပ်တတ် လာခြင်း။
- အရပ်ဘက် လူ့အဖွဲ့အစည်း၏ လုပ်ငန်းစီမံကိန်းတစ်ခု ဖော်ဆောင်ရေးဆွဲခြင်း။
- ကဏ္ဍများ သတ်မှတ်ခြင်း၊ အစီအစဉ်များ ချမှတ်ပြီး အစည်းအဝေးဖြင့် ဆွေးနွေး ဆုံးဖြတ်ခြင်း။
- ပါတီအစီအစဉ်တစ်ရပ် ရေးဆွဲ ပြဋ္ဌာန်းခြင်း။
- ဝါဒဖြန့်ဝေမှုကို ရေးဆွဲ အသုံးပြုလာနိုင်ခြင်း။
- နိုင်ငံရေးပါတီတစ်ရပ် ထောက်ခံမှုတိုးတက်ရန် နည်းဗျူဟာများ ချမှတ်ခြင်း။

### တန်ဖိုးများ

(ပြန်လည်သုံးသပ်ခြင်းများ)

**ဤအခန်းအပြီးတွင် အောက်ပါ တို့အား ပြန်လည်သုံးသပ်စေမည် ဖြစ်သည်။**

- နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် မီဒီယာတို့အပေါ် အမြင်များ။
- အရပ်ဘက်လူ့အဖွဲ့အစည်းတို့၏ အာဏာ/ လွှမ်းမိုးမှု အရင်းအမြစ်။
- နိုင်ငံရေးပန်းတိုင်များအတွက် သပိတ်မှောက်မှုအပေါ် အမြင်များ။
- အရပ်ဘက်လူ့အဖွဲ့အစည်း အတွက် အရင်းအမြစ်နှင့် နည်းဗျူဟာတို့ အကြားရှိ ဆက်နွယ်မှုများ။
- နိုင်ငံရေးပါတီတစ်ရပ် တည်ထောင် လည်ပတ်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများ။

# အခန်း (၇) သတင်းမီဒီယာ (The Media)

## အကြိုသင်ခန်းစာ

၁။ 'ပြည်သူ့အမြင်သဘောထား' ဆိုသည်မှာ အဘယ်နည်း။

၂။ 'ပြည်သူ့အမြင်သဘောထား' တို့သည် နိုင်ငံရေးသမားတို့အတွက် အဘယ်အကြောင်းကြောင့် အရေးပါသည်ဟု ထင်မြင်မိသနည်း။

## ၇.၁ သတင်းမီဒီယာနှင့် နိုင်ငံရေး

### ၇.၁.၁ ပြည်သူ့အမြင်သဘောထား

နိုင်ငံရေးတွင် ပြည်သူ့အမြင်သဘောထားအကြောင်း ပြောဆိုသည့်အခါ၌ 'အများပြည်သူတို့၏ သဘောထားအမြင်များ' ဆိုသည်ထက် ပိုမို အသေးစိတ်ကျသည့် အဓိပ္ပာယ်ရှိသည်။ ပြည်သူ့အမြင်သဘောထားဟူသည် အများပြည်သူတို့၏ သဘောထားအမြင် ထားရှိပုံတို့က အစိုးရ၏ လုပ်ဆောင်မှု နည်းလမ်းများအပေါ် သက်ရောက်မှုရှိခြင်းကို ဆိုလိုသည်။ ပြည်သူ့အမြင်သဘောထားဆိုသည်မှာ ပြဿနာတစ်ရပ်ရပ်၊ ဖြစ်ရပ်တစ်ခုခုအပေါ်တွင်လည်းကောင်း၊ မူဝါဒတစ်ရပ် သို့မဟုတ် အစိုးရအပေါ်တွင်လည်းကောင်း ထားရှိသည့် ပြည်သူလူထုအများစု၏ ယေဘုယျ ရှုမြင်ခံစားချက်များကို ဆိုလိုသည်။

ပြည်သူ့အမြင်သဘောထားကို တိုင်းတာနိုင်မည့် နည်းလမ်းအသွယ်သွယ် ရှိကြသည်။ ထိုနည်းလမ်းများအနက်မှ အချို့တို့မှာ –

- **စစ်တမ်းကောက်ယူမှုများ** (ဥပမာ။ ။ ပြဿနာကိစ္စရပ်တစ်ခုနှင့် စပ်လျဉ်းပြီး လူအများ မည်သို့ ရှုမြင်သည်ကို မေးခွန်းလွှာများ အသုံးပြု၍ အကဲခတ်နိုင်မည်။)
- **သီးသန့် အုပ်စုငယ်များဖြင့် မေးမြန်းခြင်း** (နိုင်ငံရေးအဖွဲ့အစည်းများက ပြည်သူတို့၏ ကိစ္စရပ်တစ်ရပ်အပေါ် မည်သို့ ရှုမြင်သည်ကို အကဲခတ်ရန်အတွက် အုပ်စုငယ်များ ဖွဲ့ပြီး မေးမြန်း ကောက်ယူတတ်ကြသည်။)
- **ရွေးကောက်ပွဲများ** (ပါတီတစ်ရပ်ရပ် သို့မဟုတ် နိုင်ငံရေးသမားတစ်ဦးဦးကို မဲပေး ထောက်ခံသူ အရေအတွက်က မည်မျှ လူကြိုက်များသည်ကို ဖော်ပြသည်။)
- **ဆန္ဒထုတ်ဖော်မှုများ** (ပြည်သူအများက ကိစ္စရပ်တစ်ခုအပေါ်တွင် ထောက်ခံကြောင်း၊ ကန့်ကွက်ကြောင်း ထုတ်ဖော်ဆန္ဒပြခြင်းက ထိုကိစ္စရပ်အပေါ် မည်မျှအလေးထားကြောင်း ဖော်ပြရာရောက်သည်။)

## လေ့ကျင့်ခန်း

သင်ခန်းစာ (၇.၁.၁) ကို လေ့လာဖတ်ရှုပြီးပါက –

၁။ ပြည်သူ့အမြင်သဘောထားစစ်တမ်း ဆိုသည်မှာ အဘယ်နည်း။

၂။ ထိုစစ်တမ်းတို့က အသုံးဝင်သည်ဟု နိုင်ငံရေးသမားများက အဘယ့်ကြောင့် ရှုမြင်ကြသနည်း။

## လုပ်ငန်းများ

၁။ ဖြစ်စဉ်ပြဇယားကို ကြည့်ရှု သုံးသပ်ပေးပါ။ မည်သည့် ဖြစ်ရပ်များတွင် ပြည်သူ့အမြင်သဘောထားကြောင့် အစိုးရ၏ ဆုံးဖြတ်မှုများ အပြောင်းအလဲ ဖြစ်ခဲ့သနည်း။

၂။ မည်သည့်ဖြစ်ရပ်တို့တွင် အစိုးရ ဆုံးဖြတ်ချက်များကြောင့် ပြည်သူ့အမြင်သဘောထား အပြောင်းအလဲဖြစ်ခဲ့သနည်း။




▲ နယူးယောက်မြို့ရှိ လူအများ ငြိမ်းချမ်းရေးထုတ်ဖော်ဆန္ဒပြမှုတွင် ပါဝင် ဆင်နွှဲနေကြစဉ်။

## သဘောထားစစ်တမ်းကောက်ယူခြင်း

လုပ်ငန်းများ

၁။ အဖွဲ့များဖွဲ့ပြီး စာမျက်နှာ (၇၃) ပါ လုပ်ဆောင်ချက်အတိုင်း မေးခွန်းလွှာတစ်ရပ် ပြုစုပေးပါ။

- ထိုမေးခွန်းလွှာတို့သည် ဤစာအုပ်တွင် ဆွေးနွေးခဲ့သည့် အကြောင်းအရာတစ်ရပ်အပေါ်တွင် အတန်းဖော်များ မည်သို့ ရှုမြင် ခံစားသည်ကို တိုင်းတာ သုံးသပ်နိုင်ရမည် ဖြစ်သည်။
- ထိုမေးခွန်းလွှာ၏ 'ထင်မြင်သည်' ဆိုသည့် အဖြေများကို ရပ်တည်ချက်တစ်ရပ်နှင့် ချိတ်ဆက်ထားပေးပြီး ထိုသို့ 'မထင်မြင်' ဟူသည့် အဖြေများက ဆန့်ကျင်ဘက် ရပ်တည်ချက်နှင့် ချိတ်ဆက်ထားအောင် မေးခွန်းများ ရေးသားရမည် ဖြစ်သည်။ အောက်တွင် ဥပမာများကို ဖော်ပြပေးထားသည်။

က။ လူမှုဘဝညီမျှမှုဖော်ပြု ဆိုရှယ်လစ် ဝါဒကျင့်သုံးခြင်း၊ သို့မဟုတ် လွတ်လပ်မှုဖော်ပြု လစ်ဘရယ်ဝါဒကျင့်သုံးခြင်း (ထင်လျှင် = ဆိုရှယ်လစ်၊ မထင်လျှင် = လစ်ဘရယ်) ဥပမာ –

- – နိုင်ငံတော်က လူတိုင်းအတွက် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ပေးစွမ်းသင့်သည်ဟု ထင်ပါသလား။
- – တရားရှိ လူနေမှုအတွက် အခွန်အခ တိုးမြှင့်ရန် လိုအပ်သည်ဟု ထင်ပါသလား။
- – လွတ်လပ်ခြင်းထက် ညီမျှမှုက ပိုမို အရေးပါသည်ဟု ထင်ပါသလား။

ခ။ အမျိုးသားနိုင်ငံတော်နှင့် နိုင်ငံတော်ဖော်ပြု အမျိုးသားနိုင်ငံတို့အနက် မည်သည်ကို ပိုမို ထောက်ခံသည်။ (ထင်လျှင် = အမျိုးသားနိုင်ငံတော်၊ မထင်လျှင် = နိုင်ငံတော်အသားပေး အမျိုးသားနိုင်ငံတော်) ဥပမာ –

- – မတူကွဲပြားမှုများထက် စည်းလုံးမှုက ပိုမို အရေးပါသည်ဟု ထင်ပါသလား။
- – အမျိုးသားယဉ်ကျေးမှုကို နိုင်ငံခြားသားများက လိုက်လျောညီထွေဖြစ်စွာ ကျင့်သုံး လိုက်နာအပ်သည်ဟု ထင်ပါသလား။
- – မိမိတို့တိုင်းပြည်၏နိုင်ငံသားအဖြစ် မည်သူမဆို ခံယူနိုင်ခွင့်ရှိခြင်းက အန္တရာယ်များသည်ဟုထင်ပါသလား။

ဂ။ ပြည်ထောင်စု (ဗဟိုချုပ်ကိုင်မှု လျှော့ချထား) နိုင်ငံတော်နှင့် တစ်ပြည်ထောင် (ဗဟိုချုပ်ကိုင်ထား) နိုင်ငံတော်တို့အနက် မည်သည်ကို ပိုမို လိုလားသည်။ (ထင်လျှင် = ပြည်ထောင်စု၊ မထင်လျှင် = တစ်ပြည်ထောင်) ဥပမာ–

- – ဒေသကျောင်းများတွင် ဒေသခံဘာသာစကားများဖြင့်သာ သင်ကြားသင့်ပါသလား။
- – ဒေသဆိုင်ရာပြဿနာရပ်များကို အကောင်းဆုံးဖြေရှင်းပေးနိုင်သူမှာ ဒေသအစိုးရသာ ဖြစ်သည်ဟု ထင်မြင်မိပါသလား။
- – ပြည်ထောင်စုဝါဒက ပဋိပက္ခများကို လျှော့ချပေးနိုင်မည်ဟု ထင်ပါသလား။

၂။ မိမိတို့၏ မေးခွန်းများကို အတန်းသားအားလုံးအား မေးမြန်းပါ။ ထင်မြင်ကြောင်းနှင့် မထင်ကြောင်း အဖြေများကို ရေတွက်ပြီး လေ့လာ ဆန်းစစ်ပေးပါ။

၃။ မိမိတို့၏ စစ်တမ်းကောက်ယူမှုရလဒ်ကို အတန်းဖော်များထံ မျှဝေ တင်ပြပေးပါ။

ဆွေးနွေးချက်

၁။ မိမိတို့အတန်းသားများ၏ နိုင်ငံရေးဓလေ့စရိုက်နှင့် စပ်လျဉ်းပြီး မည်သည်တို့ကို လေ့လာ သုံးသပ်မိသနည်း။

၂။ အတန်းသားတို့၏ ယုံကြည်ထင်မြင်ချက်များသည် မည်သည်တို့ကို အခြေခံ ပေါ်ပေါက် လာရသည်ဟု ထင်သနည်း။

၃။ မိမိတို့၏ နိုင်ငံရေးယုံကြည်ချက်များ သို့မဟုတ် သဘောထားများအပေါ် မည်သည်တို့က သက်ရောက်မှု ရှိသနည်း။

### အကြိုသင်ခန်းစာ

၁။ ပြည်သူ့အမြင်သဘောထားအပေါ် အခြေခံသည့် နိုင်ငံရေးဆုံးဖြတ်ချက်များ၏ ကောင်းကျိုး တို့ကို ဖော်ပြပါ။

၂။ ပြည်သူ့အမြင်သဘောထားအပေါ် အခြေခံ သည့် နိုင်ငံရေး ဆုံးဖြတ်ချက်များ၏ ဘေးအန္တရာယ်တို့မှာ မည်သည်တို့ ဖြစ်သနည်း။

## ၇.၁.၂ ပြည်သူ့အမြင်သဘောထားတို့၏ အကျိုးအပြစ်

နိုင်ငံရေးဆိုင်ရာ ကိစ္စရပ်အချို့တို့အပေါ်တွင် ပြည်သူများမှာ သဘောထားအမြင် ကွဲလွဲလေ့ရှိကြပြီး ထိုကွဲလွဲမှုအတွက် အငြင်းပွားစရာ မရှိပေ။ သို့ရာတွင် ထိုသဘောထားအမြင်တို့မှာ အစိုးရလုပ်ဆောင်ချက်များအပေါ် လွှမ်းမိုးမှု ရှိနိုင်လာသည့်အခါသာ ထိုအမြင်ကွဲမှုက အကျယ်တဝင့် အငြင်းပွားစရာ ဖြစ်လာရသည်။

ဒီမိုကရက်တစ်အစိုးရများသည် ပြည်သူ့အမြင်သဘောထားတို့အပေါ် အမှီအခိုပြုခြင်းဖြင့် မိမိတို့၏ မူဝါဒများ လူကြိုက်များမှုရှိပြီး အာဏာဆက်လက် ပိုင်ဆိုင်နိုင်အောင် ဆောင်ရွက်ကြသည်။ ထို့ထက် အစွန်းရောက်သည့် အခြေအနေများတွင် အဆိုပါ ဆောင်ရွက်မှုမျိုးက ပြည်သူတို့၏ အခွင့်အရေးများကို အလွဲသုံးစားပြုသည့် ဥပဒေမူဝါဒများ၊ ပတ်ဝန်းကျင် ပျက်စီးစေမှုများနှင့် လူမှုပြဿနာအချို့တို့ကို ဖန်တီး ပေါ်ပေါက်လာစေနိုင်သည်။

### လုပ်ငန်းများ

နိုင်ငံရေးအပေါ်တွင် ပြည်သူ့အမြင်သဘောထားများ လွှမ်းမိုးမှုရှိခြင်း၏ အကျိုးအပြစ်တို့ကို အောက်တွင် ဖော်ပြပေးထားသည်။ ထိုအချက်များကို အောက်ပါ ဇယား၏ သင့်တော်သော နေရာတွင် ဖြည့်စွက်ပေးပါ။

| ကောင်းကျိုးများ | ဘေးအန္တရာယ်များ |
|---|---|
| | |

၁။☑ ပြည်သူ့သဘောထားတို့ကို တိုင်းတာဆန်းစစ်ခြင်းဖြင့် အစိုးရများမှာ ပြည်သူ့လိုအင်များကို သိရှိလာစေမည် ဖြစ်သည်။ သို့မှလည်း ပြည်သူတို့၏ လိုအင်များနှင့် အညီ မူဝါဒများကို ချမှတ်ရေးဆွဲနိုင်မည်။

၂။☑ ပြည့်သူ့သဘောထားတို့ကို တိုင်းတာ ဆန်းစစ်သည့် နည်းလမ်း အချို့တို့မှာ တိကျမှုမရှိနိုင်၊ ဘက်လိုက်မှုများ ရှိနိုင်သည်။ (ဥပမာ မေးခွန်းလွှာများကို လူများစု အသုံးပြုသည့် ဘာသာစကားနှင့်သာ ရေးထားခြင်းမျိုး ဖြစ်သည်။)

၃။☑ ပြည်သူ့သဘောထားတို့ကို တိုင်းတာခြင်းဖြင့် အစိုးရများမှာ မိမိတို့၏လုပ်ဆောင်ချက်များ မည်မျှ လူကြိုက်များမှုရှိသည်ကို သိရှိစေနိုင်ပြီး အာဏာ ဆက်လက်ချုပ်ကိုင်ထားလိုပါက ထိုလုပ်ဆောင်ချက်များကို ပြောင်းလဲသင့်က ပြောင်းလဲစေနိုင်မည် ဖြစ်သည်။

၄။☑ လူမှုပြဿနာတစ်ရပ်ကို ဖြေရှင်းသောအခါ ကြုံတွေ့ရသည့် အစိုးရ၏ အခက်အခဲအားလုံးကို ပြည်သူများအနေဖြင့် အကြွင်းမဲ့ နားလည်နိုင်ကြမည် မဟုတ်။

၅။☑ ပြည်သူ့သဘောထားတို့ကို တိုင်းတာ ဆန်းစစ်ခြင်းဖြင့် အစိုးရများသည် ရွေးချယ်စရာ မူဝါဒအကြပ်အတည်းတို့အတွက် ခက်ခဲသည့် ဆုံးဖြတ်ချက်ချမှတ် ဆောင်ရွက်မှုများကို လုပ်ဆောင်လာနိုင်မည်။

၆။☑ ပြည်သူများမှာ ကိစ္စရပ်များအပေါ် ဃနဃ သိရှိထားမည် မဟုတ်သော်လည်း ထိုကိစ္စရပ်တို့အပေါ်တွင် ပြင်းထန်သည့် သဘောထားများ ရှိနေနိုင်သည်။

၇။☑ ပြည်သူ့သဘောထားတို့သည် လွယ်လွယ်ကူကူ ပြောင်းလဲသွားနိုင်သည်။ ရေရှည်မူဝါဒဆိုင်ရာ ဆုံးဖြတ်ချက်များအတွက် ပြည်သူ့အမြင်သဘောထားတို့အပေါ် အခြေ မခံသင့်ချေ။

၈။☑ ပြည်သူ့သဘောထားများသည် ဝါဒဖြန့်မှုများနှင့် မီဒီယာစီမံခန့်ခွဲမှုတို့၏ စိုးမိုး သက်ရောက်မှုများ ခံရနိုင်သည်။

၉။☑ ရှုပ်ထွေးသော ကိစ္စပြဿနာရပ်များကို လူတိုင်းက နားလည်သဘောပေါက်နိုင်စွမ်းရှိသည် မဟုတ်ချေ။

ဆွေးနွေးချက်

အစိုးရများ ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပြည်သူ့အမြင်သဘောထားတို့ကို မည်မျှ ထည့်သွင်း
စဉ်းစားအပ်သည်ဟု ထင်မြင်သနည်း။ အဘယ်ကြောင့်နည်း။

## ၇.၁.၃ လူထုမီဒီယာ (The Mass Media)

လူထုမီဒီယာ (သတင်းစာများ၊ ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် အင်တာနက်) တို့သည် နိုင်ငံရေးတွင် အလွန်အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ နိုင်ငံသားတို့မှာ အစိုးရအကြောင်း သတင်းအချက်အလက်အများစုကို လူထုမီဒီယာများမှတစ်ဆင့် ရရှိကြသည်။ လူထုမီဒီယာမှ ထုတ်ပြန် အသိပေးသော အချက်အလက်များကြောင့် မူဝါဒ သို့မဟုတ် ပါတီ တစ်ရပ်ကို ထောက်ခံမှု သို့မဟုတ် ကန့်ကွက်မှုတို့ ဖြစ်လာနိုင်သည်။ ထို့ကြောင့် လူထုမီဒီယာသည် ပြည်သူ့အမြင်သဘောထားအပေါ် လွှမ်းမိုးနိုင်စွမ်း ကြီးမားသည်။

မီဒီယာများသည် ခြစားမှုများ၊ စွမ်းဆောင်ရည် ညံ့ဖျင်းမှုများ စသော အကြောင်းအရာတို့ကို အများပြည်သူတို့ထံ ဖွင့်ထုတ် ဖော်ပြတတ်ကြသည်။ ဤအချက်ကြောင့် မီဒီယာများက ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုတို့ကို မြှင့်တင်နိုင်ခြင်း ဖြစ်သည်။

ဒီမိုကရေစီစနစ်တစ်ရပ်အတွင်းလည်း မီဒီယာတွင် ဖော်ပြသည့် သတင်းအချက်အလက်များက အစိုးရတစ်ရပ်အပေါ် လူကြိုက်နည်းစေပါက ထိုအစိုးရမှာ ရွေးကောက်ပွဲတွင် ရှုံးနိမ့် (အာဏာပိုင်ဆိုင်မှုကို လက်လွှတ်) နိုင်သည်။

ထိုအကြောင်းရင်းတို့ကြောင့် မီဒီယာများကို အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် ဥပဒေပြုရေး မဏ္ဍိုင်တို့ပြီးပါက အစိုးရ၏ 'စတုတ္ထမြောက် မဏ္ဍိုင်' ဟူ၍လည်း ခေါ်ဝေါ်သမုတ်တတ်ကြသည်။ မီဒီယာများအနေဖြင့် အခြားသော မဏ္ဍိုင် (၃) ရပ်တို့နှင့် မတူညီသည့် အချက်မှာ အပြန်အလှန်ထိန်းကျောင်းမှု (check and balance) တို့က လွတ်လပ်သည့် မီဒီယာတစ်ရပ်အပေါ် သက်ရောက်မှု နည်းပါးခြင်းပင် ဖြစ်ပေသည်။




◀ မူလလက်ဟောင်း ပုံနှိပ်မီဒီယာများသည် မြန်မာပြည်သူ အများစုအတွက် သတင်း ဖတ်ရှုရန် အလွယ်ကူဆုံး မီဒီယာများ ဖြစ်နေသေးသည်။ သို့သော် အင်တာနက်၊ လူမှုမီဒီယာတို့သည် သတင်းဖတ်ရှုသူများ အတွက်ရော၊ မီဒီယာကုမ္ပဏီများအတွက်ပါ အလွန် အရေးပါလာလျက် ရှိနေသည်။

အကြိုသင်ခန်းစာ

မည်သည့် မီဒီယာအမျိုးအစားကို ဖတ်ရှု/ ကြည့်ရှုလေ့ ရှိသနည်း။

## ၇.၁.၄ လူထုမီဒီယာ၏ အဓိကအခန်းကဏ္ဍများ




ခ။ သတင်းများ တင်ပြအစီအရင်ခံရန်။




လက်တလော အဖြစ်အပျက်များအကြောင်း ပြည်သူတို့ သိရှိစေရန်။

ဂ။ ပြဿနာရပ်များ ရှာဖွေစိစစ်ရန်။



လက်တလော ဘေးထုတ်ထားသည့် နိုင်ငံရေး၊ လူမှုရေး ကိစ္စရပ်များအား အလေး ဂရုပြုလာကြစေရန်။

ဃ။ သတင်းများအား ဆန်းစစ်သုံးသပ်ရန်။

မကြာသေးမီက ဖြစ်ပွားခဲ့သည့် ဖြစ်ရပ်များ၏ အကြောင်းရင်း၊ အကျိုးဆက်တို့ကို လေ့လာ အကဲခတ်ရန်။

င။ သတင်းတန်ဖိုး၊ သင့်လျော်မှု ပိုင်းဖြတ်ခြင်း။

အကြောင်းအရာတို့ကို သတင်းအနေနှင့်တွင် တင်ပြသင့်သည်၊ မတင်ပြသင့်သည်ကို ပိုင်းဖြတ်ကျင့်သုံးရန်။




### လုပ်ငန်းများ

၁။ အထက်ပါကဏ္ဍတို့ကို မိမိတို့ထင်မြင်ချက်အရ အရေးပါမှုအလိုက် အစီအစဉ် သတ်မှတ်ပေးပါ။

၂။ ထိုကဏ္ဍတို့ကို သာမန် သတင်းစာဖတ်သူတစ်ဦးနေရာမှနေပြီး အရေးပါမှုအလိုက် စီစဉ် သတ်မှတ်ပေးပါ။

၃။ ထိုကဏ္ဍတို့ကို သတင်းစာတစ်စောင်နေရာမှ နေ၍ အရေးပါမှုအလိုက် စီစဉ် သတ်မှတ်ပေးပါ။

### ဆွေးနွေးချက်

ထိုသတ်မှတ်ချက်အမျိုးမျိုးတို့အကြား မည်သို့သော ခြားနားမှုများကို သတိထားမိသနည်း။ အဘယ်အကြောင်းကြောင့် ထိုသို့ ကွဲပြားရသည်ကို ဆွေးနွေးပါ။

## ၇.၁.၅ လွတ်လပ်သော မီဒီယာတစ်ရပ်၏ အရေးပါမှု

လွတ်လပ်သော မီဒီယာများသည် ဒီမိုကရက်တစ်နိုင်ငံရေးတွင် လွန်စွာအရေးပါလှသည်။ ထိုလွတ်လပ်သော မီဒီယာများ၏ အရေးပါဆုံးသော လုပ်ငန်းဆောင်တာများအနက်မှ အချို့တို့မှာ အောက်ပါအတိုင်း ဖြစ်ကြသည်။

၁။ **ပွင့်လင်းမြင်သာမှုကို ပေးစွမ်းရန်** – မီဒီယာတစ်ရပ်၏ အရေးပါသည့် အခန်းကဏ္ဍတစ်ရပ်မှာ နိုင်ငံရေးအဆောက်အအုံယန္တရား (အင်စတီကျူးရှင်း) များကို နီးနီးကပ်ကပ် စောင့်ကြည့်ပေးခြင်းဖြင့် ထိုအင်စတီကျူးရှင်းတို့၏ ကတိကဝတ်များကို စောင့်ထိန်းစေရန်၊ ဥပဒေတို့ မချိုးဖောက်စေရန် ထိန်းသိမ်းခြင်းဖြစ်သည်။

၂။ **ရွေးကောက်ပွဲကာလများအတွင်း ပြည်သူတို့ သတင်းအချက်အလက်များ သိရှိလာကြစေရန်** – ကိုယ်စားလှယ်လောင်းများနှင့် ရွေးကောက်ပွဲဝင် ပါတီများအကြောင်း အများပြည်သူတို့ ပိုမိုနားလည်သိမြင်လာကြစေရန် သတင်းမီဒီယာများက ဖော်ပြပေးသည်။

၃။ **အစိုးရများ သတင်းအချက်အလက်တို့ ရရှိသိမြင်လာစေရန်** – မီဒီယာများသည် ပြည်သူတို့၏ သဘောထားများ၊ လိုအပ်ချက်များနှင့် လိုလားချက်များကို အစိုးရများ သိရှိလာစေရန် ဆောင်ရွက်ကြရသည်။ သို့မှလည်း အစိုးရများမှာ ပြည်သူတို့၏ လိုအပ်ချက်၊ လိုလားချက်တို့နှင့်အညီ ထိထိရောက်ရောက် ဖြေရှင်းပေးနိုင်မည့် မူဝါဒများကို ချမှတ်နိုင်စေမည် ဖြစ်သည်။

ထိုအခန်းကဏ္ဍများကြောင့် မီဒီယာတို့က အလွန် ဩဇာအာဏာကြီးလာကြသည်။ ထိုအာဏာကြောင့် မီဒီယာအဖွဲ့အစည်းများမှာ အစိုးရအာဏာအပေါ် အပြန်အလှန် ထိန်းကျောင်းမှု ပြုလုပ်နိုင်ကြသည်။ သို့ရာတွင်လည်း နိုင်ငံသားများအနေဖြင့် မိမိတို့ လက်ခံရရှိသည့် သတင်းအချက်အလက်များကို ချင့်ချင့်ချိန်ချိန် ယုံကြည်ကြရန် လိုအပ်လှသည်။

**အကြံပြုသင်ခန်းစာ**

စာနယ်ဇင်းလွတ်လပ်ခွင့်သည် မည်သည့်အကြောင်းကြောင့် အရေးပါရသနည်း။

**ဆွေးနွေးချက်**

သင်ခန်းစာ (၇.၁.၅) ကို လေ့လာဖတ်ရှုပြီးပါက –

၁။ မိမိတို့တိုင်းပြည်တွင် သတင်းမီဒီယာများက ပွင့်လင်းမြင်သာမှုကို မည်သို့ပေးစွမ်းစေသနည်း။ ဥပမာများနှင့်တကွ ရှင်းလင်းဖြေဆိုပါ။

၂။ ရွေးကောက်ပွဲကာလများတွင် သတင်းမီဒီယာများသည်ပြည်သူတို့ကို မည်သည့်အရေးပါသော သတင်းအချက်အလက်များ သိရှိစေသနည်း။

၃။ အစိုးရများသည် သတင်းမီဒီယာများမှ ပြည်သူ့အမြင်သဘောထားနှင့် စပ်လျဉ်းပြီး မည်သို့သော အရေးပါသည်တို့ကို သိမြင်လာစေနိုင်သနည်း။




▲ ဝဲမှ ယာ – ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲအပေါ် မြန်မာတိုင်းမ်သတင်းဌာန၏ သတင်းထုတ်ပြန်မှု။ ၂၀၁၃ ခုနှစ်တွင် ဗြိတိသျှနှင့် အမေရိကန်အစိုးရတို့အကြားရှိ ထိပ်တန်းလျှို့ဝှက် အချက်အလက်များအကြောင်း ထုတ်ဝေဖော်ပြထားသည့် ဗြိတိန်သတင်းစာ ဂါးဒီးယန်း၊ ဗြိတိန်အစိုးရမှ ထုတ်ဝေခြင်းမပြုရန် ကြိုးပမ်းခဲ့သော်လည်း ထိုအချက်အလက်တို့ကို ထုတ်ဝေသိရှိစေရန် အရေးကြီးလှကြောင်း ဂါးဒီးယန်းမှ ချေပပြောဆိုထားသည်။ ဗြိတိန်သတင်းစာ The Sun မှ စာနယ်ဇင်းလွတ်လပ်ခွင့် ဗြိတိန်နိုင်ငံတွင် ရှိသည့်အတွက်ကြောင့် မင်းသားဟယ်ရီ၏ ဝတ်လစ်စလစ်ပုံများကို ထုတ်ဝေဖြန့်ဖြူးခြင်းသည် လက်ခံနိုင်ဖွယ် လုပ်ဆောင်ချက်ဖြစ်ကြောင်း ဆိုထားပေသည်။

အကြိုသင်ခန်းစာ

'စာနယ်ဇင်းလွတ်လပ်ခွင့်' အတွက် မည်သည်တို့လိုအပ်သနည်း။

## ၃.၁.၆ စာနယ်ဇင်းလွတ်လပ်ခွင့်

ရှေ့တွင် တင်ပြခဲ့သည့် မီဒီယာတို့၏အခန်းကဏ္ဍများကို လူ့အဖွဲ့အစည်းအတွင်း ကျင့်သုံးနိုင်ရန်အတွက် မီဒီယာများသည် အစိုးရ၏ ချုပ်ကိုင်မှုမှ ကင်းဝေးကြရမည်။ စာနယ်ဇင်းသမားများသည် မိမိတို့ ရေးလို ပြောလိုသည်တို့ကို လွတ်လွတ်လပ်လပ် ရေးသားနိုင်မှု မရှိလျှင် ရေးသား တင်ပြထားသော အကြောင်းအရာတို့က အစိုးရနှင့် ပြည်သူအကြား တစ်ဦးကို တစ်ဦး နားလည်သိမြင်လာကြစေရန် စွမ်းဆောင်ပေးနိုင်လိမ့်မည် မဟုတ်ချေ။ သတင်း 'ဆင်ဆာဖြတ်တောက်' မှုများကို အစိုးရက ကျင့်သုံးပါက သတင်းမီဒီယာတို့မှာ ပွင့်လင်းမြင်သာမှုကို မပေးစွမ်းနိုင်ကြတော့။ လွတ်လပ်သော မီဒီယာတစ်ရပ်အနေဖြင့် အောက်ပါ လိုအပ်ချက်များနှင့် ကိုက်ညီရမည်ဖြစ်သည်။

- **သတင်းမီဒီယာအတွင်း မူမတူယှဉ်တွဲမှု** (Pluralism) – သတင်းမီဒီယာအများစုကို အစိုးရ (သို့မဟုတ် အစိုးရချုပ်ကိုင်ထားသည့် စီးပွားရေးလုပ်ငန်းများ) က ပိုင်ဆိုင်ထိန်းချုပ်ထားခြင်းက မတူကွဲပြားသည့် အမြင်များကို ကန့်သတ်ထားရာ ရောက်သည်။ လူနည်းစုများ၊ အတိုက်အခံများမှာ သတင်းမီဒီယာတို့တွင် မိမိတို့၏သဘောထားအမြင်များကို ဖော်ထုတ် တင်ပြနိုင်ခြင်း မရှိကြတော့ချေ။ ထိုအခြေအနေ တို့သည် အစိုးရနှင့် ပြည်သူလူထုအကြားတွင် ပဋိပက္ခများ၊ နားလည်မှု လွဲမှားခြင်းများ ပေါ်ပေါက်လာစေနိုင်သည်။
- **အစိုးရများအနေဖြင့် မီဒီယာများအပေါ် မချုပ်ကိုင်သင့်၊ မခြိမ်းခြောက်သင့်** – အစိုးရများက စာနယ်ဇင်းသမားများအပေါ် လာဘ်ထိုးမှုများ၊ ခြိမ်းခြောက်မှုများ မပြုလုပ်နိုင်ရန် တင်းကြပ်သည့် ဥပဒေများဖြင့် အကာအကွယ်ပြုပေးရမည် ဖြစ်သည်။ ထိုဥပဒေများ မထားရှိ၊ မလိုက်နာနိုင်ကြပါက အစိုးရအတွင်း ခြစားမှုများ၊ စွမ်းဆောင်ရည် လျော့ရဲမှုများကို သိမြင်ထားကြသည့်တိုင်အောင် စာနယ်ဇင်းသမားများမှာ မျက်ကွယ်ပြု နှုတ်ဆိတ်လျက်နေလိမ့်မည်။
- **နိုင်ငံသားများသည် မီဒီယာများကို အထူးအလေးထားရမည်။** – သတင်းစာ၊ ဝက်ဘ်ဆိုဒ်၊ ရေဒီယို၊ ရုပ်မြင်သံကြားဌာနတို့မှ မည်သည့် အကျိုးစီးပွားအတွက် သတင်းအချက်အလက်များ မျှဝေနေသည်ကိုလည်း ပြည်သူများက သိရှိထားကြရမည်။ ဦးတည်ချက် အမျိုးမျိုးရှိသော မီဒီယာအမျိုးမျိုးနှင့် လက်ပွန်းတတီးရှိမှုလည်း နိုင်ငံရေးကိစ္စရပ်များ အပေါ်တွင် မှန်ကန်မျှတစွာ ဝေဖန်ပိုင်းခြားနိုင်ပြီး ဆုံးဖြတ်ချက်ကောင်းများ ရွေးချယ်ချမှတ်နိုင်မည်။

**လေ့ကျင့်ခန်း**

စာနယ်ဇင်းလွတ်လပ်ခွင့်အပေါ်မည်သည့် အတားအဆီး ခြိမ်းခြောက်မှုများ ရှိသနည်း။

**ဆွေးနွေးချက်**

စာနယ်ဇင်းလွတ်လပ်ခွင့်က ဒီမိုကရေစီကို မည်သည့် နည်းလမ်းများအရ ထောက်ပံ့ပေးသနည်း။

## ၇.၁.၇ ဆင်ဆာဖြတ်တောက်မှု

'ပြည်သူ့အမြင်သဘောထား' (public opinion) တို့ကို လွှမ်းမိုးနိုင်ရေးအတွက် အစိုးရများသည် မီဒီယာနှင့် သတင်းအချက်အလက် ရယူနိုင်မှုတို့ကို ထိန်းချုပ်ကြသည်။ ထိုလုပ်ဆောင်ချက် များမှတစ်ဆင့် အစိုးရတို့၏ ဂုဏ်သတင်း ကျော်ကြားလာစေရန်နှင့် အတိုက်အခံတို့အပေါ် ထောက်ခံမှုများ လျော့ကျလာစေရန် ကြိုးပမ်းကြသည်။ ဆင်ဆာဖြတ်တောက်မှုများသည် စီးပွားရေး အခြေအနေ၊ နိုင်ငံရေး တိုးတက်မှုများနှင့် အခြားအရေးကြီးကိစ္စရပ်များကို ပြည်သူများ မသိမမြင်ရအောင် ပြည်ဖုံးကားချထားသည်။ မီဒီယာကို တင်းကျပ်စွာ ထိန်းချုပ်ထားခြင်းသည် ပြည်သူလူထု၏ လူမှုအသိအမြင်နှင့် ချင့်ချိန်ဆန်းစစ်နိုင်မှု စွမ်းရည်တို့ကို ဖျက်ဆီးပစ်ရာရောက်သည်။

အာဏာရှင်စနစ် အုပ်ချုပ်မှုတွင် လွတ်လပ်စွာ ထုတ်ဖော်တင်ပြခွင့်မှာ အကန့်အသတ်ဘောင် များဖြင့် ထိန်းချုပ်ခြင်းခံရသည်။ ထိုကန့်သတ်မှုတို့ရှိမှလည်း တည်ငြိမ်မှုနှင့် လုံခြုံမှုတို့ကို ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း ထိုအုပ်ချုပ်သူတို့က အကြောင်းပြလေ့ရှိသည်။ ထိုဖြစ်ရပ်ဆိုင်ရာ ဥပမာရပ်များအနက် ၂၀၀၉ နှစ်လယ်တွင် အီရန်နိုင်ငံနှင့် ၂၀၁၀ နှစ်ကုန်ပိုင်းက အီဂျစ်နိုင်ငံတို့တွင် မိုဘိုင်းဖုန်းဆက်သွယ်ရေး ဖြတ်တောက်မှုများ အပါအဝင် ဖြစ်သည်။ ထို့အပြင် အစိုးရများသည် အငြင်းပွားဖွယ် ကိစ္စရပ်များအကြောင်း သတင်းရေးသားခြင်း တို့မှလည်း တားဆီးပိတ်ပင်တတ်ကြသေးသည်။ ဥပမာအားဖြင့် ၂၀၀၉ ခုနှစ်အတွင်း တရုတ်ပြည် အနောက်မြောက်ပိုင်း စင်ကျင်းပြည်နယ်ရှိ လူမျိုးရေး ပဋိပက္ခအကြောင်း သတင်းပေး ဖော်ပြခြင်းမှ တားဆီးရန်အတွက် စာနယ်ဇင်းသမားများကို ထိုဒေသတွင်းမှ နှင်ထုတ်ခဲ့ပေသည်။

### အကြုံသင်ခန်းစာ

တိုင်းပြည်အတွင်းရှိ သတင်းအချက်အလက်များကို အစိုးရများက ထိန်းချုပ်ခွင့်ရသင့် ပါသလား။ အဘယ်ကြောင့်နည်း။

### မြန်မာ့ရေးရာ

### မြန်မာနိုင်ငံတွင်း သတင်းမီဒီယာ ပိတ်ပင် တားမြစ်ခဲ့မှုသမိုင်း



၁၉၆၂ ခုနှစ်နှင့် ၂၀၁၁ ခုနှစ်ကြား ကာလများအတွင်း စာနယ်ဇင်း လွတ်လပ်ခွင့်သည် မြန်မာနိုင်ငံတွင် အကန့်အသတ်ဖြင့်သာ ရှိခဲ့သည်။ ၁၉၆၂ – ပုံနှိပ်ထုတ်ဝေသူများ မှတ်ပုံတင်ခြင်း အက်ဥပဒေအရ စာပေစိစစ်ရေးဘုတ်အဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် ထိုအဖွဲ့သည် စာပေစိစစ်ရေးနှင့် မှတ်ပုံတင်ရေးဌာန ဖြစ်လာခဲ့သည်။ ထိုဌာန အနေဖြင့် သတင်းစာများ၊ ကာတွန်းများ၊ ကြော်ငြာ များနှင့် ရုပ်ပုံများ အပါအဝင် ထုတ်ဝေမှုအားလုံးကို စစ်ဆေးခဲ့သည်။ ထုတ်ဝေသူအသစ်များ အနေဖြင့်လည်း စာပေစိစစ်ရေးဘုတ်အဖွဲ့တွင် မှတ်ပုံတင်ရသည်။ ထိုကဲ့သို့ ရှည်ကြာ ခက်ခဲသည့် လုပ်ထုံးနည်းလမ်း တို့ကြောင့် မြန်မာနိုင်ငံ၏ ပုဂ္ဂလိကသတင်း ထုတ်ဝေသူများမှာ လစဉ် သို့မဟုတ် အပတ်စဉ်သာ ထုတ်ဝေနိုင်ခဲ့သည်။ နေ့စဉ်ထုတ် သတင်းစာများမှာ အစိုးရပိုင်များ ဖြစ်ကြသည်။ ၁၉၈၈ အရေးအခင်း တွင် လူအများသည် အစိုးရအပေါ် စွပ်စွဲအပြစ်တင်ထားသည့် သတင်းအချက်အလက်များအား ထုတ်ဝေခဲ့ကြသည်။ ထိုလုပ်ရပ်ကို တုံ့ပြန်သည့်အနေဖြင့် စစ်တပ်က စည်းမျဉ်း ချိုးဖောက်သည့် သတင်းစာ များအပေါ် ဒဏ်ကြေးငွေ ၂၀၀၀ ကျပ်မှ ၃၀၀၀၀ ကျပ်သို့ တိုးမြှင့်ခဲ့သည်။

မြန်မာနိုင်ငံသည် Freedom House အဖွဲ့၏ စာနယ်ဇင်း လွတ်လပ်ခွင့်ဆိုင်ရာ စာရင်းတွင် 'လွတ်လပ်မှုအနည်းဆုံးနိုင်ငံ' အဖြစ် ကာလကြာမြင့်စွာ သတ်မှတ် ဖော်ပြခံခဲ့ရသည်။ ၂၀၁၁ ခုနှစ်တွင်မူ စာနယ်ဇင်းလွတ်လပ်ခွင့်များ တိုးတက် ကောင်းမွန်လာသည့် အတွက်ကြောင့် စာရင်းမှ ဖယ်ရှားခံခဲ့ရပေသည်။ (Freedom House အဖွဲ့သည် ဒီမိုကရေစီနှင့် နိုင်ငံရေးလွတ်လပ်ခွင့်များအကြောင်း သုတေသနပြုသော NGO အဖွဲ့အစည်းတစ်ဖွဲ့ဖြစ်သည်။)

## လုပ်ငန်းများ

## "ဆင်ဆာဖြတ်တောက်ခြင်း" ၏ အကျိုးအပြစ်များ

အောက်ပါ အဆိုတို့ကို ဖတ်ရှု သုံးသပ်ပြီး မည်သည်က ဆင်ဆာဖြတ်တောက်မှုကို ထောက်ခံသည်၊ မည်သည်က ဆန့်ကျင်သည်ကို ဆုံးဖြတ်ပေးပါ။

၁။ ဆင်ဆာဖြတ်တောက်ခြင်းဖြင့် မသိနားမလည်ခြင်း၊ တွေးခေါ်မှုနှင့် ဖန်တီးမှုများ မထွန်းကားခြင်း အစရှိသော ရေရှည်လူမှုရေး သက်ရောက်မှုများ ဖြစ်ပေါ်လာစေနိုင်သည်။

၂။ ကိုယ်ကျင့်တရား ပျက်ပြားစေသည်တို့ကို ဆင်ဆာဖြတ်တောက်ခြင်းက ကလေးငယ်များ ကျင့်ဝတ် ပျက်ပြားခြင်းကို တားဆီးပေးသည်။

၃။ အမျိုးသားလုံခြုံမှုကို စောင့်ထိန်းရန်အတွက် ဆင်ဆာဖြတ်တောက်ခြင်းကို ရံဖန်ရံခါ လိုအပ်တတ်သည်။

၄။ ဆင်ဆာဖြတ်တောက်ခြင်းက ခြစားမှုများ ဖော်ထုတ်ခြင်းကို ခက်ခဲစေနိုင်သည်။

၅။ ဆင်ဆာဖြတ်တောက်ခြင်းသည် ပဋိပက္ခများ ပေါ်ပေါက်လာစေနိုင်သော မမှန်ကန်သည့် ကောလာဟလသတင်းများ ပျံ့နှံ့ခြင်းတို့မှ ကင်းဝေးစေသည်။

၆။ ဆင်ဆာဖြတ်တောက်ခြင်းသည် အတိုက်အခံ နိုင်ငံရေးအုပ်စုများ၏ အမြင်သဘောထားများ ဖော်ထုတ်ခြင်းကို ကန့်သတ်ထားသည်။

၇။ ဆင်ဆာဖြတ်တောက်ခြင်းဖြင့် ပြည်သူတို့၏ ပုဂ္ဂလိကရေးရာများ လုံခြုံစေမှု အခွင့်အရေးများကို အကာအကွယ်ပြုပေးသည်။

၈။ ဆင်ဆာဖြတ်တောက်ခြင်းသည် အရေးပါသည့် သတင်းအချက်အလက်များ ရယူနိုင်ခြင်းမှ ပိတ်ပင်ထားသည်။ ဥပမာ – လိင်ဆက်ဆံခြင်းမှ ကူးစက်သည့်ရောဂါများနှင့် HIV/AIDS ရောဂါဆိုင်ရာ ဘေးအန္တရာယ်များအကြောင်း မသိရှိနိုင်ကြပါက အသက်ပေါင်းများစွာကို ဆုံးရှုံးရနိုင်သည်။

၉။ ဆင်ဆာဖြတ်တောက်ခြင်းသည် ဒေသခံယဉ်ကျေးမှုများအပေါ် ပြည်ပယဉ်ကျေးမှုတို့၏ အပျက်သဘောကဲသည့် လွှမ်းမိုးမှုများမှ ကာကွယ်ပေးသည်။

၁၀။ မီဒီယာကို အသုံးပြုပြီး အမုန်းတရားများနှင့် သတင်းအမှားဖြန့်ဝေခြင်းတို့ကို ဆင်ဆာဖြတ်တောက်ခြင်းဖြင့် ရပ်တန့်နိုင်သည်။ (ဥပမာ – လူမျိုးရေး မုန်းတီးမှု)

၁၁။ နိုင်ငံတော်အဆင့် အရေးပေါ် အခြေအနေများတွင် ဆင်ဆာဖြတ်တောက်ခြင်းက ကြောက်လန့်မှုများနှင့် ကောလာဟလများကို ထိန်းချုပ်နိုင်သည်။

၁၂။ ဆင်ဆာဖြတ်တောက်ခြင်းသည် တရားဝင် ဝေဖန်ပြောဆိုနိုင်မှုကို တားဆီးသောကြောင့်၊ တာဝန်ခံမှု လျော့နည်းစေနိုင်သည်။

၁၃။ ဆင်ဆာဖြတ်တောက်ခြင်းဖြင့် ဆုံးဖြတ်ချက်များကို မြင်သာမှုရှိရှိ ချမှတ်ခြင်းမှ ပိတ်ပင်ရာရောက်ပြီး စွမ်းဆောင်ရည် ညံ့ဖျင်းသည့် အစိုးရတစ်ရပ် ပေါ်ပေါက်လာစေသည်။

၁၄။ ဆင်ဆာဖြတ်တောက်ခြင်းသည် စီးပွားရေးဖွံ့ဖြိုးမှုကို ဆိုးရွားစွာ သက်ရောက်စေနိုင်သည်။

၁၅။ ဘာသာရေးအသိုင်းအဝိုင်းများအပေါ် စော်ကားသည့်အကြောင်းအရာများကို ဆင်ဆာဖြတ်တောက်ခြင်းသည် ဘာသာရေး ပဋိပက္ခများကို ကင်းဝေးစေသည်။

၁၆။ ဆင်ဆာဖြတ်တောက်မှုကို သုံးပြီး လူ့အခွင့်အရေးအလွဲသုံးစားပြုမှုများကို ဖုံးကွယ်ထားနိုင်သည်။

# ၇.၂ မီဒီယာနှင့် အစိုးရ

## ၇.၂.၁ ပုဂ္ဂလိကပိုင် မီဒီယာနှင့် နိုင်ငံပိုင် မီဒီယာများ

**အကြိုသင်ခန်းစာ**

'မီဒီယာ' ကို မည်သူက ထိန်းချုပ်သင့်သနည်း။

မီဒီယာအဖွဲ့အစည်းများတွင် ပုဂ္ဂလိကပိုင် မီဒီယာနှင့် နိုင်ငံပိုင်မီဒီယာဟူ၍ ၂ မျိုး ၂ စား ရှိသည်။

နိုင်ငံပိုင် မီဒီယာအဖွဲ့အစည်းများသည် နိုင်ငံတော်၏ အစိတ်အပိုင်းတစ်ရပ်ပင် ဖြစ်သည်။ ထိုကဲ့သို့သော နိုင်ငံပိုင် သတင်းစာဌာနများ၊ ရုပ်မြင်သံကြား အစီအစဉ်များနှင့် ရေဒီယို ထုတ်လွှင့်ရုံများ အားလုံးမှာ နိုင်ငံတော်မှ ထောက်ပံ့ ပေးထားပြီး စီမံခန့်အပ်ထားရှိကြသည်။ အာဏာရှင်စနစ် ကျင့်သုံးနိုင်သည့် နိုင်ငံများတွင် နိုင်ငံပိုင် မီဒီယာတို့သာလျှင် တစ်ခုတည်းသော မီဒီယာအဖွဲ့အစည်းများအဖြစ် တည်ရှိကြပြီး၊ နိုင်ငံအချို့တွင်မူ ပုဂ္ဂလိကပိုင် မီဒီယာများနှင့် အပြိုင်အဆိုင် တည်ရှိကြသည်။

ပုဂ္ဂလိကပိုင် မီဒီယာအဖွဲ့အစည်းများသည် နိုင်ငံသားများမှ ပိုင်ဆိုင်ထားကြသည့် စီးပွားရေး လုပ်ငန်းများ ဖြစ်ကြသည်။ ထိုမီဒီယာများသည် အခြားသော စီးပွားရေးလုပ်ငန်းများနည်းတူပင် အခွန်ဆောင်ခြင်း၊ ဥပဒေများအား လိုက်နာခြင်း စသည့် ယေဘုယျ တာဝန်ခံမှုများရှိသည်။ လွတ်လပ်သည့် မီဒီယာတစ်ရပ်တွင် ပုဂ္ဂလိကပိုင် မီဒီယာများမှာ အစိုးရ၏ ထိန်းချုပ်မှုများ၊ လွှမ်းမိုးမှုများမှ ကင်းဝေးကြသည်။



### မြန်မာ့ရေးရာ

### မီဒီယာလွတ်လပ်မှုဖော်ဆောင်ခြင်း

၂၀၁၁ ခုနှစ်မှ စတင်၍ စာနယ်ဇင်းလွတ်လပ်မှုဆိုင်ရာ အပြုသဘောဆောင်သော တိုးတက်မှုများကို တွေ့ရှိလာရသည်။ အဆိုပါ တိုးတက်မှုများတွင် –

- အကျဉ်းကျ ဘလော့ဂ်ဂါ (blogger) များနှင့် စာနယ်ဇင်းသမားများ လွတ်မြောက်လာခြင်း၊
- မထုတ်ဝေခင် ဆင်ဆာတင်ရသည့် စနစ်ကို ဖျက်သိမ်းခြင်း၊
- အကြောင်းအရာအချို့တို့ကို ကန့်သတ် ပိတ်ပင်ထားခြင်းမှ ပယ်ဖျက်ခြင်း၊
- လွတ်လပ်သည့် စာနယ်ဇင်းသမားများ၊ ထုတ်ဝေသူများ အစည်းအရုံးတို့ အသီးသီးတည်ထောင်လာခြင်း၊
- စာနယ်ဇင်းသမားများအပေါ် ထိပါး တိုက်ခိုက်သည့် အဖြစ်များ လျော့နည်းလာခြင်း၊
- အစိုးရ၏ 'အမည်ပျက်စာရင်း' (blacklist) တွင် ဖော်ပြထားသည့် နိုင်ငံခြားသား စာနယ်ဇင်းသမား အမည်စာရင်းများကို ပယ်ဖျက်ပေးခြင်း၊
- ပုဂ္ဂလိက နေ့စဉ်ထုတ် သတင်းစာများ ပြန်လည် ထုတ်ဝေလာကြခြင်း စသည်တို့ ပါဝင်ပေသည်။

ထို့အပြင် ပြည်နှင်ခံရသော မီဒီယာအုပ်စုများအနေဖြင့် တိုင်းပြည်အတွင်းသို့ ပြန်လည် ဝင်ရောက်လာခဲ့ကြသည်။ ထိုမီဒီယာများအနက်မှ အချို့တို့မှာ ပြည်တွင်းတွင် ရုံးခန်းများ ဖွင့်လှစ်လာကြပြီး၊ အဖွဲ့အနည်းငယ်က ထုတ်ဝေခွင့် လိုင်စင်များ ရရှိလာခဲ့ကြသည်။ ၂၀၁၂ ခုနှစ်တွင် ရန်ကုန်မှ စာနယ်ဇင်းသမားတို့က ကချင်ပြည်နယ်တွင် ဖြစ်ပွားလျက်ရှိသည့် အစိုးရစစ်တပ်နှင့် ကေအိုင်အေတို့အကြား တိုက်ပွဲများအကြောင်း ပထမဦးဆုံးအကြိမ် သတင်းဆောင်းပါး ရေးသား ဖော်ပြနိုင်ခဲ့သည်။

ရှေးယခင်က ပိတ်ပင်ထားသည့် ဝက်ဘ်ဆိုက်များကိုလည်း ယခုအခါတွင် ဝင်ရောက် အသုံးပြုလာနိုင်သည်။ ၎င်းတို့တွင် လူ့အခွင့်အရေးများနှင့် နိုင်ငံရေး ပြောင်းလဲမှုဆိုင်ရာ သတင်းအချက်အလက်များပင် ပါဝင်ကြသည်။ လွတ်လပ်သည့် ပြည်ပ သတင်းစာအများအပြားကိုလည်း ယခုအခါတွင် ခွင့်ပြုထားပြီး ဖြစ်သည်။ အင်တာနက်ရရှိ အသုံးပြုနိုင်သူများ၊ အီးမေးလ် (email)၊ ဘလော့ဂ် (blog) နှင့် ဂျီမေးလ် (Gmail)၊ ဖေ့စ်ဘုတ် (Facebook)၊ ယူကျု (YouTube) အစရှိသော လူမှုမီဒီယာများ (သတင်းရယူမှု အရင်းအမြစ်များ) ကို အသုံးပြုနိုင်သူတို့မှာ သတင်းကွန်ရက် ဖြန့်ကျက်လာနိုင်ကြသည်။

သို့ရာတွင်လည်း သတင်းအချက်အလက်အမှားများနှင့် မုန်းတီးရေးလှုံ့ဆော်မှုများ ပျံ့နှံ့ရန်အတွက် အဆိုပါ မီဒီယာအချို့တို့ကို အသုံးချတတ်ကြသည်။ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် လူမျိုးရေးပဋိပက္ခများကို လူမှုမီဒီယာများမှ သွေးထိုးလှုံ့ဆော်ခဲ့ခြင်းကို ဥပမာ တစ်ရပ်အနေဖြင့် မြင်နိုင်ပါသည်။

**အကြိုသင်ခန်းစာ**

၁။ မည်သည့် နိုင်ငံပိုင် မီဒီယာတို့ကို ဖတ်ရှု/ ကြည့်ရှုလေ့ရှိသနည်း။

၂။ အဘယ်အကြောင်းကြောင့် အဆိုပါ မီဒီယာတို့ကို ဖတ်ရှု/ ကြည့်ရှု ရသနည်း။

## ၇.၂.၂ နိုင်ငံပိုင် မီဒီယာများ

### (က) အားသာချက်များ

မီဒီယာများအပေါ်တွင် အစိုးရတို့သာ မထိန်းချုပ်နိုင်ပါက သတင်းမှားများနှင့် အငြင်းပွားဖွယ် သတင်းအချက်အလက်များကိုသာ တွေ့မြင် ကြားသိကြရမည်ဖြစ်ကြောင်း နိုင်ငံပိုင် မီဒီယာကို ထောက်ခံကြသူတို့က ဆိုထားကြသည်။

ထိုသူတို့၏အဆိုအရ အစိုးရတာဝန်ခံမှုရှိသည့် မီဒီယာများရှိခြင်းသည် ဘေးဒုက္ခတို့ကို သယ်ဆောင်လာသော၊ လမ်းမှားရောက်စေနိုင်သည့် သတင်းအချက်အလက်များ ပျံ့ပွားခြင်းတို့မှလည်း တားဆီးနိုင်မည်။ ထို့အတူ အကြမ်းဖက် ပဋိပက္ခများ ဖြစ်စေနိုင်သည့် သတင်းများမှလည်း ကန့်သတ်ထားနိုင်ပေမည်။

'နိုင်ငံပိုင် မီဒီယာ' များသည် အရေးပါသည့် လူမှုရေးရာ ကိစ္စရပ်များနှင့် ပြည်သူ့ရေးရာ ဆွေးနွေးငြင်းခုံမှုများကို ပေးစွမ်းနိုင်ကြသည်။ နိုင်ငံတော်များသည် မီဒီယာတို့ကို အသုံးပြုခြင်းဖြင့် နိုင်ငံသားတို့ အသိအမြင် တိုးပွားလာပြီး ဆုံးဖြတ်ချက်များကို အသိရှိရှိ ပိုမို ချမှတ်လာစေနိုင်မည်လည်းဖြစ်သည်။



► ဗင်နီဇွဲလားနိုင်ငံပိုင် တီဗွီလိုင်းမှ (ဟယ်လို၊ သမ္မတကြီး) ဟူသည့် အစီအစဉ်ကို သမ္မတ ဟူဂိုချားဗက်စ် မကွယ်လွန်မီအထိ ပြသခဲ့သည်။ ချားဗက်စ်က သူ၏မူဝါဒ များကို တင်ပြရန်နှင့် အမာခံ ထောက်ခံသူများဖြစ်သည့် ဆင်းရဲသား ပြည်သူတို့ကို ဆက်သွယ်ပြောဆိုရန် ထိုအစီအစဉ်ကို အသုံးပြုခဲ့သည်။

### (ခ) အားနည်းချက်များ

နိုင်ငံပိုင် မီဒီယာများ၏ အဓိက အားနည်းချက်မှာ ဆင်ဆာ ဖြတ်တောက်မှုများ ရှိလာခြင်းကြောင့် ပွင့်လင်းမြင်သာမှု လျော့ကျခြင်း ဖြစ်သည်။

နိုင်ငံပိုင် မီဒီယာ စနစ်များတွင် စာနယ်ဇင်းသမားများ၊ စာတည်းများကို အစိုးရက ဝန်ထမ်းများ အဖြစ် ထိန်းချုပ်ထားသည်။ ထိုအခါ နိုင်ငံသားများ မြင်ရကြားရ ထင်မြင်ရသည်တို့ကို အစိုးရက ကြီးစွာ ထိန်းချုပ်နိုင်ပေသည်။ ထို့ကြောင့်လည်း ဆင်ဆာ ဖြတ်တောက်ခြင်းများ၊ ဝါဒမှိုင်းတိုက်မှုများကို လွယ်လွယ်ကူကူ လုပ်ဆောင်နိုင်ကြပေသည်။

လွတ်လပ်သော မီဒီယာတစ်ရပ်မှာ နိုင်ငံရေးအရ ပွင့်လင်းမြင်သာမှုကို ပိုမို ပေးစွမ်းနိုင်သော်လည်း နိုင်ငံပိုင် မီဒီယာမှာ ထိုသို့ မစွမ်းနိုင်ပေ။ အစိုးရ၏ လေလွင့်မှုများ၊ ခြစားမှုများ၊ စွမ်းဆောင်ရည်ညံ့ဖျင်းမှုများကို အစိုးရထိန်းချုပ်ထားသော မီဒီယာက ဖော်ပြခြင်းငှာ မဖြစ်နိုင်ပေ။

**လေ့ကျင့်ခန်း**

သင်ခန်းစာ (၇.၂.၂) ကို လေ့လာ ဖတ်ရှုပြီးပါက –

၁။ 'နိုင်ငံပိုင် မီဒီယာများ' ၏ကောင်းကျိုး များကို ဖော်ပြပါ။

၂။ 'နိုင်ငံပိုင် မီဒီယာများ' ၏ ဘေးအန္တရာယ်တို့ကို ဖော်ပြပါ။

## ၇.၂.၃ ပုဂ္ဂလိကပိုင် မီဒီယာများ

### (က) အားသာချက်များ

ပုဂ္ဂလိကပိုင် မီဒီယာများသည် လွတ်လပ်စွာ ထုတ်ဖော်ခွင့်၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုတို့ကို ပေးစွမ်းနိုင်သည်။ ခိုင်မာ အားကောင်းပြီး လွတ်လပ်သော စာနယ်ဇင်းတစ်ရပ်သည် အစိုးရတွင်း ခြစားမှုများနှင့် စွမ်းဆောင်ရည် ညံ့ဖျင်းမှုများကို လျော့နည်းလာစေသည်။ ဤသည်က အားကောင်း ခိုင်မာသည့် ဒီမိုကရေစီစနစ်တစ်ခုရှိသော အရေးပါလှသည့် လက္ခဏာရပ်တစ်ရပ်လည်း ဖြစ်ပေသည်။

လွတ်လပ်သော မီဒီယာဈေးကွက်တွင် မီဒီယာများသည် အစိုးရသဘောထားထက် အများပြည်သူတို့၏ အမြင်သဘောထားများကို ထင်ဟပ်လျက်ရှိကြောင်းလည်း ပုဂ္ဂလိကပိုင် မီဒီယာများကို ထောက်ခံကြသူတို့က ဆိုထားကြသည်။ စောင်ရေအများဆုံး ရောင်းရသည့် သတင်းစာများသည် လူ့အဖွဲ့အစည်းအတွင်းရှိ လူများစု၏ သဘောထားကို ထင်ဟပ်လျက်ရှိသည်။ ထိုအခါ မီဒီယာများတွင် သတင်းအဖြစ် ပါသင့်၊ မပါသင့် တန်ဖိုးနှင့် သင့်လျော်မှု စဉ်းစားပိုင်းဖြတ်သူမှာ အစိုးရမဟုတ်ဘဲ ပြည်သူဖြစ်သွားသည်ဟု ဆိုလိုခြင်းလည်း ဖြစ်သည်။

### (ခ) အားနည်းချက်များ

မီဒီယာများကို ပုဂ္ဂလိကပိုင်ပြုခြင်းက လူ့အဖွဲ့အစည်းအတွက် အရေးပါမှုရှိသည် ဆိုသည့် သတင်းထက် အများကြိုက်သတင်းများကို အလေးပေး ဖော်ပြလာစေနိုင်သည်။ ပုဂ္ဂလိကပိုင် မီဒီယာတို့သည် အကျိုးအမြတ်ရနိုင်မည့် သတင်းများ (အားကစား၊ လူသိများထင်ရှားသူတို့၏ အတင်းအဖျင်းများ စသည်) တို့ကိုသာ အဓိကထားပြီး အရေးကြီးသည့် လူမှုရေး၊ နိုင်ငံရေး ကိစ္စရပ်များကို အလေးမထားကြကြောင်း ဝေဖန်ထားကြသည်။ ထိုမီဒီယာများသည် ဖျော်ဖြေရန်အတွက်သာ ဖြစ်သည်၊ သတင်းအချက်အလက်ပေးရန် မဟုတ်ဟုပင် ဆိုထားကြပြန်သည်။

တိုင်းပြည်အများစုတွင် ပုဂ္ဂလိကပိုင် မီဒီယာအဖွဲ့အစည်းများကို စီးပွားရေးလုပ်ငန်းကြီး အချို့တို့မှ ပိုင်ဆိုင်ထားကြသည်။ ဥပမာအားဖြင့် ၁၉၈၃ ခုနှစ်အတွင်း အမေရိကန်ပြည်ထောင်စုတွင် သတင်းမီဒီယာများကို စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းပေါင်း ၅၀ ခန့်မှ ပိုင်ဆိုင်ခဲ့ကြသည်။ ၂၀၀၃ ခုနှစ် တွင်မူ သတင်းမီဒီယာအများစုကို စီးပွားရေးလုပ်ငန်းကြီး ၆ ဖွဲ့မှသာ ပိုင်ဆိုင်ထားသည်။ ထိုကဲ့သို့သော သတင်းအရင်းအမြစ်များကို ထိန်းချုပ်ထားသည့် စီးပွားရေးလုပ်ငန်းကြီးများသည် အာဏာကြီးမားပြီး၊ အလွန်အမင်း လွှမ်းမိုးထားနိုင်ကြသည်။

ထိုစီးပွားရေးလုပ်ငန်းကြီးများက အဖွဲ့ပိုင် မီဒီယာများတွင် မိမိတို့လိုလားသော ဝါဒအယူအဆတစ်ခုကိုသာ အသားပေး ဖော်ပြမြှင့်တင်ကြသည်။ ပုဂ္ဂလိကပိုင် မီဒီယာ အသီးသီးမှ သတင်းအရင်းအမြစ်အမျိုးမျိုးတို့ ရရှိနိုင်သည် မှန်သော်လည်း မီဒီယာ မူမတူ ယှဉ်တွဲမှု (media pluralism) မှာ အားနည်းမှု ရှိနေဦးမည် ဖြစ်သည်။ ဥပမာ ဆိုရသော် ရူးပတ်မားဒေါ့၏ သတင်းလုပ်ငန်းအဖွဲ့အစည်းသည် ရှေးရိုးစွဲ ကွန်ဆာဗေးတစ်ဝါဒ ဆန်လွန်းသည့် သတင်းစာတိုက်များ ရာနှင့်ချီ၍ ပိုင်ဆိုင်ထားသည်။

### အကြိုသင်ခန်းစာ

၁။ မည်သည့်ပုဂ္ဂလိကပိုင်မီဒီယာတို့ကို ဖတ်ရှု/ ကြည့်ရှုလေ့ရှိသနည်း။

၂။ အဘယ်အကြောင်းကြောင့် အဆိုပါမီဒီယာတို့ကို ဖတ်ရှု/ ကြည့်ရှုသနည်း။

### လေ့ကျင့်ခန်း

သင်ခန်းစာ (၇.၂.၃) ကိုလေ့လာဖတ်ရှုပြီးပါက –

၁။ 'ပုဂ္ဂလိကပိုင်မီဒီယာများ' ၏ကောင်းကျိုးများကိုဖော်ပြပါ။

၂။ 'ပုဂ္ဂလိကပိုင်မီဒီယာများ' ၏ ဘေးအန္တရာယ်တို့ကိုဖော်ပြပါ။




▲ဗင်နီဇွဲလားပုဂ္ဂလိကပိုင် မီဒီယာများသည် သမ္မတဟောင်းချားဗက်စ်နှင့် သူ၏အစိုးရတို့အပေါ် ပြင်းထန်စွာ ပြစ်တင် ဝေဖန်ခဲ့ကြသည်။ ချားဗက်စ်အစိုးရသည် အာဏာအသုံးချပြီး စာနယ်ဇင်း လွတ်လပ်ခွင့်ကို ကန့်သတ်ထားကြောင်း ဝေဖန်ထားသည်။ အစိုးရ၏အဆိုအရ ပုဂ္ဂလိကပိုင် မီဒီယာများကို ချမ်းသာသည့်လူကုံထံများက ထိန်းချုပ်ထားကြောင်း ပြန်လည် ထောက်ပြထားသည်။

(မှတ်ချက်။ ။ ဟူဂိုချားဗက်ဇ်သေနတ်ကိုင်ထားသော ပုံမှာ အစစ်မဟုတ်၊ သတင်းစာမှ ဖန်တီးထားခြင်း ဖြစ်သည်။)

**လုပ်ငန်းများ**

## မည်သည်က "သတင်း" နည်း။ မည်သည်က "သတင်း" မဟုတ်သနည်း။

၁။ သတင်းစာအမျိုးမျိုးကို စုဆောင်းပြီး အောက်ဖော်ပြပါ ဇယားကို ဖြည့်စွက်ပေးပါ။

၂။ အောက်ပါ မေးခွန်းတို့ကို ဖြေဆိုပါ။

(က) သတင်းစာစောင်တစ်စောင်စီတွင် ပါရှိသည့် အကြောင်းအရာ အမျိုးအစားများနှင့် စပ်လျဉ်းပြီး မည်သည်တို့ကို လေ့လာ သုံးသပ်မိသနည်း။

(ခ) အစိုးရနှင့် နီးစပ်သော သတင်းစာတို့နှင့် လွတ်လပ်မှု ပိုရှိသည့် သတင်းစာတို့အကြား မည်သို့သော ကွဲပြားမှုများ တွေ့ရှိရသနည်း။ မည်သည်တို့ကို သတိထားမိသနည်း။

(ဂ) အခြားမည်သည့်အရာတို့ကို သတိမူမိသေးသနည်း။

| သတင်းစာအမည် | သတင်းစာခေါင်းစီး | ခေါင်းစီးပါ အကြောင်းအရာ | အစိုးရနှင့် နီးစပ်သော သတင်းစာဖြစ်သည် (သို့မဟုတ်) လွတ်လပ်မှု ပိုရှိသည့် သတင်းစာ ဖြစ်သည် |
|---|---|---|---|
| | | | |

**ပြန်လည်သုံးသပ်ချက်**

နိုင်ငံပိုင် သတင်းစာနှင့် ပုဂ္ဂလိကပိုင် သတင်းစာတို့အနက် မည်သည်က အနေအထား ပိုမို ကောင်းမွန်သည်ဟု ထင်သနည်း။ အဘယ်ကြောင့်နည်း။

**အကြိုသင်ခန်းစာ**

မီဒီယာသည် နိုင်ငံရေးသမားများအတွက် အဘယ့်ကြောင့် အရေးပါရသနည်း။

## ၇.၂.၄ မီဒီယာ စီမံခန့်ခွဲမှု

မီဒီယာ၏ အာဏာ ကြီးထွားလာခြင်း၏ အကျိုးဆက်အနေဖြင့် 'မီဒီယာစီမံခန့်ခွဲမှု' ဟူသော အယူအဆ ပေါ်ပေါက်လာရသည်။ အစိုးရက မီဒီယာကို အသုံးချ၍ ၎င်း၏ ရည်မှန်းချက် ပေါက်မြောက်အောင်မြင်အောင် လုပ်ဆောင်သည့် နည်းလမ်းမျိုးကို ဆိုလိုခြင်းဖြစ်သည်။ စာနယ်ဇင်း လွတ်လပ်ခွင့် အကန့်အသတ်ရှိသော တိုင်းပြည်များတွင် ဝါဒဖြန့်မှု၊ ဆင်ဆာဖြတ်တောက်မှုတို့ဖြင့် အစိုးရက မီဒီယာကို လွယ်လွယ်ကူကူ စီမံခန့်ခွဲထားနိုင်သည်။ အစိုးရမှ မီဒီယာကို တိုက်ရိုက်မထိန်းချုပ်နိုင်သည့် တိုင်းပြည်များတွင်မူ အစိုးရနှင့် မီဒီယာတို့အကြား ရှုပ်ထွေးသည့် ဆက်နွယ်မှုများ ပေါ်ပေါက်လာရသည်။

အာဏာတည်မြဲရေးသည် နိုင်ငံရေးသမားများ၊ ပါတီများနှင့် အစိုးရများအတွက် လွန်စွာမှပင် အရေးပါလှသည်။ ထိုသို့ အာဏာတည်မြဲနိုင်ရေးအတွက် မီဒီယာပုံရိပ်ကောင်းရန် လိုအပ်သည့်အလျောက် မီဒီယာ၏ အထောက်အပံ့မှာ အင်မတန် အရေးပါလှသည်ကိုလည်း တွေ့မြင်နိုင်သည်။ 'မီဒီယာစီမံခန့်ခွဲမှု' ၏ ရည်ရွယ်ချက်မှာ –

- ပုံရိပ်ကောင်းစေမည့်သတင်းများကို တခမ်းတနားဖော်ပြပြီး ပြည်သူများ ပိုမို သိရှိလာကြစေရန်။
- သာမန်သတင်းများကို သတင်းကောင်းပုံစံပေါက်အောင် တင်ဆက်ပေးရန်။
- သတင်းဆိုးများကို မဆိုစလောက်သာ တင်ပြပြီး၊ သာမန်သတင်းပုံစံဖြင့် တင်ဆက်ရန်။

**လေ့ကျင့်ခန်း**

သင်ခန်းစာ (၇.၂.၄) ကိုလေ့လာဖတ်ရှုပြီးပါက –

မီဒီယာ စီမံခန့်ခွဲမှုသည် နိုင်ငံရေးသမားများ အတွက် အဘယ့်ကြောင့် အရေးပါရသနည်း။

## ၇.၂.၅ လူထုအမြင် လှည့်စားခြင်း (Spin)

သတင်းများအား ကျွမ်းကျွမ်းကျင်ကျင် ချယ်လှယ် ကိုင်တွယ်သည့် လုပ်ရပ်ကို 'လူထုအမြင် လှည့်စားခြင်း' ဟု ခေါ်ဝေါ်သည်။ ထိုလုပ်ရပ်သည် ဒီမိုကရေစီအခြေခိုင်မာ အားကောင်းသော တိုင်းပြည်တို့၏ နိုင်ငံရေးတွင် လွန်စွာ အရေးပါလှသည်။ ထိုအစိုးရများသည် မိမိတို့၏ ပါတီများ မီဒီယာတွင် ပုံရိပ်ကောင်း ထင်ကျန်စေရေးအတွက် သတင်းဇာတ်လမ်းများဖြင့် လူထုအမြင် လှည့်စားနိုင်ရန် ထောင်နှင့်ချီသည့် အလုပ်သမားများ ခန့်အပ်ထားရှိသည်။ 'လူထုအမြင် လှည့်စားရေးအတွက် လုပ်ဆောင်သူများ' (spin doctors) ၏ အရေးပါဆုံးသော နည်းဗျူဟာများအနက်မှ အချို့တို့မှာ အောက်ပါအတိုင်း ဖြစ်ကြပေသည်။

- သတင်းမီဒီယာများထံ မပေးပို့မီ သတင်းအချက်အလက်များအား သေချာစွာ စစ်ဆေးပြီး အစိုးရပုံရိပ်မဆိုးရွားစေရန် ဆောင်ရွက်ပေးရသည်။
- နိုင်ငံရေးသမားတိုင်းက လေသံတစ်သံတည်းထွက်စေပြီး ဖုံးကွယ်လိမ်ညာထားမှုများကို မရိပ်မိစေအောင် ဆောင်ရွက်ရသည်။
- သတင်းပေါက်ကြားခြင်း– သတင်းပေါက်ကြားခြင်းသည် လျှို့ဝှက်သတင်းအချက်အလက်များကို နိုင်ငံရေးလုပ်ရှားသူတို့မှ မီဒီယာတို့ထံ သိရှိစေခြင်းကို ဆိုလိုသည်။ ထိုအချက်အလက်များသည် ၎င်းတို့ အတိုက်အခံများ၏ ပုံရိပ်ကို ထိခိုက်စေတတ်သည်။ သို့ဖြစ်၍ 'သတင်းပေါက်ကြားမှု' များသည် အတိုက်အခံတို့ကို လူကြိုက်များမှု လျော့နည်းစေခြင်းဖြင့် မိမိတို့၏ ကျော်ကြားမှု မြင့်တက်လာစေရန် ရည်ရွယ်တတ်ကြသည်။
- အစိုးရနှင့် ရင်းနှီးသည့် မီဒီယာအဖွဲ့အစည်းများသို့သာ သတင်းအချက်အလက်များ ပေးအပ်ခြင်း။
- အရေးပါသည့် အဖြစ်အပျက်များ ဖြစ်ပွားနေကြသည့်အခါတွင် 'သတင်းဆိုး' တို့ကို လွှင့်စေခြင်း။ ဤသည်က ပြည်သူတို့ကို အရေးပါသည့် အဖြစ်အပျက်များမှ အာရုံ လွှဲလိုက်နိုင်သည်။
- အစိုးရကောင်းကြောင်းရေးသည့် ဂျာနယ်လစ်များအား မြှောက်စားခြင်း (ဥပမာ – သတင်းအချက်အလက်များကို အခြားဂျာနယ်လစ်များမသိသေးမီ ပေးအပ်ခြင်း) နှင့် အစိုးရမကောင်းကြောင်း ရေးသားသူတို့အား ပစ်ပယ်ထားခြင်း (ဥပမာ – သတင်းစာ ရှင်းလင်းပွဲများသို့ မဖိတ်ကြားခြင်း)။

### အကြိုသင်ခန်းစာ

'လူထုအမြင် လှည့်စားခြင်း' ဆိုသည်မှာ အဘယ်နည်း။

### ဆွေးနွေးချက်

သင်ခန်းစာ(၇.၂.၅)ကို လေ့လာဖတ်ရှုပြီးပါက –

'မီဒီယာ စီမံခန့်ခွဲမှု' ၏ ဘေးအန္တရာယ်တို့ကို ဖော်ပြပါ။

**လုပ်ငန်းများ**

## ရှုထောင့်အသွယ်သွယ်

အောက်ဖော်ပြပါ ဆောင်းပါး (၂) စောင်ကို ဖတ်ရှုပြီး မေးခွန်းတို့ကို ဖြေဆိုပေးပါ။

၁။ ထိုဆောင်းပါး (၂) စောင်တွင် မည်သို့သော ကွဲပြားမှုများ ရှိသနည်း။

၂။ ပထမဆောင်းပါးအပေါ် မည်သို့ တုံ့ပြန် သုံးသပ်မိသနည်း။

၃။ ဒုတိယဆောင်းပါးအပေါ် မည်သို့ တုံ့ပြန် သုံးသပ်မိသနည်း။

၄။ စာဖတ်သူတို့ဆီမှ ခံစားတုံ့ပြန်မှုများကို ဆွဲထုတ်နိုင်ရန်အတွက် မည်သည့် နည်းလမ်းများကို အသုံးပြုထားသနည်း။

၅။ ပထမဆောင်းပါးကို ရေးသားသူအနေဖြင့် မည်သည့် ရည်ရွယ်ချက်ဖြင့် ရေးသားခဲ့သည်ဟု ထင်သနည်း။

၆။ ဒုတိယဆောင်းပါးကို ရေးသားသူအနေဖြင့် မည်သည့် ရည်ရွယ်ချက်ဖြင့် ရေးသားခဲ့သည်ဟု ထင်သနည်း။

၇။ ထိုဆောင်းပါး (၂) ရပ်ကို ဖတ်ရှုခြင်းဖြင့် မည်သည်က ပိုမို တိကျမှုရှိသည်ဟု သုံးသပ်မိသနည်း။ မိမိတို့ ဆုံးဖြတ်သတ်မှတ်ရန်အတွက် မည်သည့် သတင်းအချက်အလက်များ ထပ်လောင်း လိုအပ်မည်နည်း။

၈။ ထိုဖြစ်ရပ်အတွက် အခြားဖြစ်နိုင်ချေရှိသည့် ရှုထောင့်များကို ဖော်ပြပါ။

(က)

### ဝါးတားဆိုဒ်မှ တုန်လှုပ်ဖွယ် အဓိကရုဏ်းပွဲ

#### အကြမ်းဖက်လူငယ်များမှ ရဲများကို တိုက်ခိုက်

ဝါးတားဆိုဒ် ဆန်းသတင်းထောက်များမှ ရေးသားသည်။

ယမန်နေ့ညက မြို့၏ အချက်အခြာနေရာတွင် အကြမ်းဖက် အဓိကရုဏ်းများ ဖြစ်ပွားခဲ့သည်။ ထိုမငြိမ်မသက်ဖြစ်မှုကို ထိန်းကွပ်မည့် ရဲများကို လူငယ်များက ခဲဖြင့် ပစ်ခတ်ခဲ့ကြပြီး အော်ဟစ် ဆဲဆိုကြကာ အဆောက်အအုံများနှင့် ယာဉ်များ ကို မီးရှို့မည်ဟုပင် ခြိမ်းခြောက်ခဲ့ကြသည်။

ထိုအခြေအနေများကို ရဲများက ထိန်းသိမ်းခဲ့ရသည်။ ထိုဖြစ်ရပ်များအပြီး နာရီပိုင်းအကြာတွင် ပဋိပက္ခဖြစ်ပွားစေရန် ဖန်တီးခဲ့သည်ဟု ယူဆရသော လူငယ် ၅ ဦးကို ဖမ်းဆီး ထိန်းသိမ်းခဲ့သည်။ ထိုလူငယ်များကို စစ်ဆေး မေးမြန်းရန်အတွက် စခန်း၌ ခဏတာ ထိန်းသိမ်းထားခဲ့သည်။ ထိုအကြမ်းဖက်မှုသည် လွန်ခဲ့သော တစ်ပတ်အတွင်းက ဖြစ်ပွားခဲ့သည့် အဖြစ်အပျက် တစ်ရပ်မှ စတင်ကြောင်း အဓိကရုဏ်း ဦးဆောင်သူများက ဆိုကြသည်။

ထိုဖြစ်ရပ်တွင် လူငယ်လမ်းသရဲတစ်ဦးက လုယက်မှု ဖြစ်ပွားနေသည်ဟု ထင်ရသည့် နေရာဝန်းကျင်မှ ပြေးထွက်သွားစဉ်တွင် ရဲများက ဖမ်းဆီးခဲ့ကြကြောင်း၊ ထိုလမ်းသရဲခေါင်းဆောင်တို့၏ အလိုအရ ဝါးတားဆိုဒ် ရဲချုပ်မှ လူသိထင်ရှား တောင်းပန်စေလိုကြောင်း ပြောဆိုထားသည်။

# (ခ)

## ဝါးတားဆိုဒ်တွင် ရဲများကို ဆန့်ကျင်ကန့်ကွက်မှုများ ဖြစ်ပွား

### ဒေသခံလူငယ်များက ရဲတို့၏ ရက်စက်မှုများအပေါ် ကန့်ကွက်ဆန္ဒပြကြ

ဝါးတားဆိုဒ် ဂါးဒီးယန်းသတင်းထောက် မဲလ်ကွန်းမှ ရေးသားသည်။

မနေ့ညက ဝါးတားဆိုဒ်မြို့လယ်သို့ ထုတ်ဖော်ဆန္ဒပြသူများ ချီတက်ခဲ့ကြသည်။ ၁၃ နှစ်အရွယ် ကလေးငယ်တစ်ဦးအပေါ် အကျည်းချ၊ ရိုက်ပုတ်ဖိနှိပ်မှုကို ဝမ်းနည်းဒေါသဖြစ်ရကြောင်း ထုတ်ဖော်ခဲ့ကြခြင်း ဖြစ်သည်။

ကန့်ကွက်ဆန္ဒပြသူအများစုမှာ ဝါးတားဆိုဒ်ဆင်းရဲသား အသိုင်းအဝိုင်းမှ လူငယ်များ ဖြစ်ကြပြီး အဖမ်းခံထားရသည့် ကလေးငယ်ကို ပြန်လွှတ်ရန်၊ ရဲများ၏ အကြမ်းဖက်မှုများကို အဆုံးသတ်ရန် တောင်းဆိုကြွေးကြော်ခဲ့ကြသည်။ အဓိကရုဏ်းဖြစ်ပွားမှုကို ထိန်းသိမ်းခဲ့သည့် ရဲများက ဆန္ဒပြသူများအား ဗဟိုလမ်းမကြီးမှ ချီတက်လမ်းလျှောက်ခြင်း မပြုစေရန် တားဆီးခဲ့ကြသည်။ ထုတ်ဖော်ဆန္ဒပြသူများထဲမှ တစ်ဦးက ခဲလုံးတစ်လုံး ပစ်လိုက်သောအခါတွင် ရဲများက မျက်ရည်ယိုဗုံးများ ပစ်ခတ်ပြီး နံပါတ်တုတ်များဖြင့် ဆန္ဒပြသူများကို တိုက်ခိုက်လာခဲ့သည်။ ဆန္ဒထုတ်ဖော်သူ ၅ ဦးမှာ ရဲဌာနသို့ ခေါ်ဆောင်ခံခဲ့ရသည်။ ရှေ့နေများ၊ မိသားစုဝင်များနှင့်လည်း တွေ့ခွင့်မပေးခဲ့။ ရပ်ရွာအကြီးအကဲများ၏ အဆိုအရ ဝါးတားဆိုဒ်တွင် ရဲများနှင့် လူငယ်များအကြား တင်းမာမှုများ ရှိခဲ့ဖူးသည့် ရာဇဝင်ရှိကြောင်း၊ ထို့ကြောင့်လည်း ဖမ်းဆီးထိန်းသိမ်းခံထားရသော ကျောင်းသား ၅ ဦး၏ လုံခြုံရေးအတွက် စိုးရိမ်မိကြောင်း ပြောဆိုထားသည်။ ဆန္ဒပြသူများ၏ အဆိုအရ လွန်ခဲ့သည့် တစ်ပတ်က ဖြစ်ပွားခဲ့သည့် ၁၃ နှစ်အရွယ် ကလေးငယ်တစ်ဦးအား မတရားဖမ်းဆီးပြီး ကြမ်းတမ်းစွာ ဆက်ဆံခဲ့မှုကြောင့် ဖြစ်ရကြောင်း၊ ထိုကလေးငယ်မှာ လူကြီးနှစ်ဦး၏ လုယက်မှုမှ ထွက်ပြေးစဉ်တွင် ရဲများက ဖမ်းဆီးခဲ့ကြကြောင်း ဆိုထားသည်။

# အခန်း (၈) အရပ်ဘက်လူ့အဖွဲ့အစည်း (Civil Society)

**အကြိုသင်ခန်းစာ**

'အရပ်ဘက်လူ့အဖွဲ့အစည်း' ဆိုသည်မှာ အဘယ်နည်း။

## ၈.၁ အရပ်ဘက်လူ့အဖွဲ့အစည်းနှင့် လူမှုရေး လှုပ်ရှားမှုများ

### ၈.၁.၁ အရပ်ဘက်လူ့အဖွဲ့အစည်း

#### (က) အရပ်ဘက်လူ့အဖွဲ့အစည်း ဆိုသည်မှာ အဘယ်နည်း

နိုင်ငံရေးဟူသည် အစိုးရအတွင်းသာ ဖြစ်ပွားပေါ်ပေါက်သည် မဟုတ်။ လူမှုရေးနှင့် နိုင်ငံရေးလှုပ်ရှားမှုများတွင် ပါဝင် လုပ်ကိုင်လျက်ရှိသည့် အစိုးရ မဟုတ်သည့် လှုပ်ရှားဆောင်ရွက်သူများလည်း ရှိကြသည်။ ထိုလုပ်ဆောင်သူများ ပါဝင်ပတ်သက်လျက်ရှိသည့် နယ်ပယ်ကို အရပ်ဘက်လူ့အဖွဲ့အစည်း (civil society) ဟု ခေါ်ဝေါ်သတ်မှတ်ကြသည်။

အရပ်ဘက်လူမှုအဖွဲ့အစည်းများ (civil society organisations - CSOs) သည် အကျိုးစီးပွား၊ တန်ဖိုးနှင့် ပန်းတိုင်တူညီကြသူများဖြင့် ဖွဲ့စည်းထားကြသည်။ ထိုအဖွဲ့အစည်းများသည် လူမှုရေးနှင့် နိုင်ငံရေးလုပ်ဆောင်ချက်များ မှတစ်ဆင့် လူမှုရေး ပြဿနာများကို အဖြေရှာပေးရန်၊ မိမိတို့၏အကျိုးကို စောင့်ရှောက်ကာကွယ်ပြီး အများအကျိုးရှေးရှုသည့် ရည်မှန်းချက်ပန်းတိုင်များ ပြည့်မီရေးတို့အတွက်လည်း ဖော်ဆောင်တတ်ကြသည်။ ထိုအဖွဲ့များအနေဖြင့် လူမှုပြောင်းလဲရေးအပေါ်တွင် ယုံကြည်ချက် ပြင်းထန်ကြပြီး အားတက်သရော ကြိုးပမ်း ဖြည့်ဆည်းတတ်ကြသည်။ ထို့ကြောင့်လည်း အရပ်ဘက်လူ့အဖွဲ့အစည်းများမှာ စေတနာ့ဝန်ထမ်းများအဖြစ် ဆောင်ရွက်ကြပြီး၊ နိုင်ငံရေးလှုပ်ရှားဆောင်ရွက်သူအချို့တို့ မလုပ်ကိုင်ဝံ့သည်တို့ကိုပင် စွန့်စား လုပ်ဆောင်တတ်ကြသည်။




▲ 'Yangon Bakehouse' မှ လူငယ်များ အလုပ်ရရှိရေးအတွက် လိုအပ်သော ကျွမ်းကျင်မှုများကို သင်ကြားပေးလျက် ရှိသည်။

လူထုအခြေပြုအဖွဲ့အစည်းများသည် နိုင်ငံတော်နှင့် ဈေးကွက် (စီးပွားရေး လုပ်ငန်းနယ်ပယ်) တို့ အကြားရှိ တတိယမြောက် နယ်ပယ်ဖြစ်သည် ဟုလည်း သတ်မှတ်တတ်ကြသည်။ သို့ရာတွင်လည်း စီးပွားရေး လုပ်ငန်းများကဲ့သို့ မည်သည့် အရပ်ဘက်လူမှု အဖွဲ့အစည်းများကမှ အကျိုးအမြတ် သက်သက်အတွက် ရပ်တည်နေကြခြင်း မဟုတ်။ ထို့အတူပင် ထိုအဖွဲ့အစည်းတို့မှာ နိုင်ငံသားများ ကိုယ်တိုင် လွတ်လွတ်လပ်လပ် တည်ထောင်ထားကြသည့် အလျောက် နိုင်ငံတော်၏ လုပ်ငန်းစဉ်များမှ လွတ်လွတ်ကင်းကင်း တည်ရှိကြသည်။ သို့ရာတွင်လည်း ထိုနယ်ပယ် (၃) ရပ်ရှိ လုပ်ဆောင်သူများသည် တစ်ဦးနှင့် တစ်ဦး အပြန်အလှန် ပတ်သက်ဆက်သွယ်မှု ရှိကြပေသည်။




## (ခ) အရပ်ဘက်လူ့အဖွဲ့အစည်း ဆိုသည်မှာ မည်သူတို့ ဖြစ်သနည်း

အရပ်ဘက်လူ့အဖွဲ့အစည်းသည် နိုင်ငံသားတို့၏အရေးကို ဖြေရှင်းဆောင်ရွက်ရန် နိုင်ငံသားများကိုယ်တိုင် ဖွဲ့စည်းတည်ထောင်ထားကြသော အဖွဲ့များဖြစ်သည်။ အရပ်ဘက်လူ့အဖွဲ့အစည်း ဆိုသည်မှာ ပိုမိုကျယ်ပြန့်သော အယူအဆတစ်ရပ်ဖြစ်သည်။ အရပ်ဘက်လူ့အဖွဲ့အစည်းကြီးတွင် လူမှုအဖွဲ့များသည် အစုအဖွဲ့အမျိုးမျိုး၊ အကျိုးစီးပွား အမျိုးမျိုးတို့ကို ကိုယ်စားပြုနေကြပြီး၊ ထိုအုပ်စုများအကြား ပူးပေါင်းမှုများစွာနှင့် ပဋိပက္ခတို့လည်း ပါဝင်လျက်ရှိကြသည်။

အောက်ပါ လူမှုအဖွဲ့များသည် အရပ်ဘက်လူ့အဖွဲ့အစည်းတွင် ပါဝင်သော ဥပမာများ ဖြစ်သည်။

- အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ (NGOs)
- ရပ်ရွာအခြေပြုအဖွဲ့အစည်းများ (CBOs)
- စီးပွားရေးလုပ်ငန်း၊ စက်မှုလုပ်ငန်းများကို ကိုယ်စားပြုသည့် အဖွဲ့အစည်းများ၊
- အလုပ်သမားသမဂ္ဂနှင့် ပညာရှင် အစည်းအရုံးများ၊
- ကျား/မ၊ ယဉ်ကျေးမှုနှင့် ဘာသာရေးဆိုင်ရာ အဖွဲ့များ၊
- အလှူအတန်း အဖွဲ့အစည်းများ၊
- လူမှုရေးနှင့် အားကစားအသင်းများ၊
- သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အဖွဲ့များ။

### လုပ်ငန်းများ

**သင်ခန်းစာ (၈.၁.၁) ကို လေ့လာဖတ်ရှုပြီးပါက –**

ဖော်ပြပါ လုပ်ငန်း (၇) ခုကို အောက်ပါ စက်ဝိုင်းဇယား၏ သင့်လျော်သော နေရာတွင် ဖြည့်စွက်ပေးပါ။

(က) အရပ်ဘက်လူ့အဖွဲ့အစည်းက အစိုးရကို မူဝါဒပြောင်းလဲရန် ဖိအားပေးခြင်း၊

(ခ) စီးပွားရေးလုပ်ငန်းအဖွဲ့တစ်ဖွဲ့မှ စက်ရုံသစ်တည်ဆောက်ခြင်း၊

(ဂ) အစိုးရမှ ဥပဒေတစ်ရပ် ပြဌာန်းခြင်း၊

(ဃ) စီးပွားရေးလုပ်ငန်းများမှ ဒေသကျောင်းတစ်ကျောင်းကို ရံပုံငွေ ပေးအပ်ခြင်း၊

(င) အစိုးရမှ ပုဂ္ဂလိကပိုင် ကုမ္ပဏီတစ်ခုကို ဆောက်လုပ်ရေး စီမံကိန်းတစ်ရပ် ခွင့်ပြုလုပ်ကိုင်စေခြင်း၊

(စ) ရပ်ရွာအဖွဲ့အစည်းတစ်ရပ်မှ စက်ရုံတစ်ရုံ၏ လုပ်ငန်းခွင် အခြေအနေတို့ကို မကျေနပ်သဖြင့် ကန့်ကွက် ဆန္ဒပြခြင်း၊

(ဆ) အစိုးရကျောင်းတစ်ကျောင်းက ရပ်ရွာစည်းဝေးပွဲတစ်ရပ်ကိုတာဝန်ခံကျင်းပခြင်း။

### ဆွေးနွေးချက်

**သင်ခန်းစာ (၈.၁.၁–ခ) ကို လေ့လာဖတ်ရှုပြီးပါက –**

၁။ မိမိတို့အသိုင်းအဝိုင်းတွင် မည်သို့သော အရပ်ဘက်လူမှုအဖွဲ့များ လုပ်ငန်း ဆောင်ရွက်လုပ်ကိုင် နေကြသနည်း။

၂။ ထိုအဖွဲ့အစည်းများအနေဖြင့် မည်သည့် ပြဿနာရပ်များ၊ ကိစ္စရပ်များကို အဓိကထား ဆောင်ရွက်လျက် ရှိသနည်း။

လုပ်ငန်းများ

## ကျွန်ုပ်တို့၏ အဖွဲ့အစည်း - အပိုင်း (၁)

၁။ အောက်ပါတို့အနက်မှ အရေးပါဆုံးသော လူမှုအကြောင်းအရာ နယ်ပယ်တစ်ရပ်ကို တစ်ဦးချင်း ရွေးချယ်ပေးပါ။ ကျန်းမာရေး၊ ပညာရေး၊ လူ့အခွင့်အရေးများ၊ အသိုင်းအဝိုင်း ဖွံ့ဖြိုးမှု၊ သဘာဝပတ်ဝန်းကျင် ကျား/ မ တန်းတူညီမျှမှု။

၂။ မိမိတို့ ရွေးချယ်ထားသည်တို့ကို အခြေခံပြီး အဖွဲ့များ ဖွဲ့ပေးပါ။ အဖွဲ့တစ်ဖွဲ့စီအနေဖြင့် ရွေးချယ်ထားခဲ့သည့် နယ်ပယ်အတွက် ပြဿနာကိစ္စရပ် တစ်ရပ်ကို ရွေးချယ်ဖော်ထုတ်ပါ။ ထိုပြဿနာရပ်များသည် –

- မိမိတို့ကို ဒေါသပွားစေသောအရာ သို့မဟုတ် စိတ်ထိခိုက်ခံစားစေသောအရာ ဖြစ်ရမည်၊
- မျှတမှု မရှိဟု လက်ခံယူဆထားသည့်အရာ ဖြစ်ရမည်။
- ပြောင်းလဲလိုသည့်အရာ ဖြစ်ရမည်။

၃။ မိမိတို့၏ အဖွဲ့အတွက် အဓိက ပန်းတိုင်တစ်ရပ် သတ်မှတ်ပေးပါ။

၄။ မိမိတို့အဖွဲ့၏ အရွယ်အစားနှင့် ဘတ်ဂျက် (လျာထားငွေ) တို့ကို တွက်ချက်ပေးပါ။ အဖွဲ့ဝင်တစ်ဦးစီသည် အဖွဲ့ဝင်တစ်ရာကိုကိုင်တွယ် အုပ်ချုပ်ပြီး၊ လစဉ် ဘတ်ဂျက် (လျာထားငွေ) ငွေ ၁ သန်းကျပ် ပိုင်ဆိုင်ထားသည်ဟု သတ်မှတ်ပါ။

အကျိုးသင်ခန်းစာ

အရပ်ဘက် လူ့အဖွဲ့အစည်းက အဘယ်အကြောင်းကြောင့် အရေးပါရသနည်း။

## ၈.၁.၂ အရပ်ဘက်လူ့အဖွဲ့အစည်း၏ အရေးပါပုံ

အရပ်ဘက်လူမှုအဖွဲ့အစည်းများ (CSO) သည် လူမှုအုပ်စုအသီးသီးတို့၏ လိုအပ်ချက်များနှင့် အကျိုးဆန္ဒတို့ကို အစိုးရထံ ဖော်ထုတ်တင်ပြရာ နေရာလည်း ဖြစ်သည်။ အရပ်ဘက်လူမှုအဖွဲ့အစည်းများ (CSO) အနေဖြင့် ပြည်သူတို့၏ နိုင်ငံရေး၊ လူမှုရေးအသိတို့ကို မြှင့်တင်ပေးသည့်အတွက်ကြောင့် အစိုးရတို့မှာ ပြည်သူတို့ကို မျက်ကွယ်ပြု မနေနိုင်ကြတော့ချေ။

အရပ်ဘက်လူမှုအဖွဲ့များသည် ဒီမိုကရေစီနိုင်ငံရေး၏ အရေးပါသော အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံတွင် ခိုင်မာအားကောင်းသည့် အရပ်ဘက်လူ့အဖွဲ့အစည်းတစ်ရပ် ရှိနေခြင်းက ထိုနိုင်ငံရှိ နိုင်ငံသားများ နိုင်ငံရေးတွင် တက်ကြွစွာ ပါဝင်သည်ကို ဖော်ပြနေသည့် ပြယုဂ်တစ်ခုလည်းဖြစ်သည်။ အချုပ်အခြယ်ကင်းကင်း ရပ်တည်လျက်ရှိသည့် အရပ်ဘက်အဖွဲ့များသည် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုတို့ကို ပေးစွမ်းကြပြီး အစိုးရအာဏာအပေါ် အပြန်အလှန် ထိန်းကျောင်းမှု ပေးနိုင်ကြပေသည်။

ထိုလူ့အဖွဲ့အစည်းများသည် ပိုင်ဆိုင်ထားသည့် 'အောက်မှ အထက်' စီးဆင်းသည့် အာဏာမျိုးသည် အာဏာရှင်စနစ်ကျင့်သုံးသည့် အစိုးရများကို ခြိမ်းခြောက်နိုင်ကြသည်။ သို့ဖြစ်၍ ထိုအစိုးရများမှာ အရပ်ဘက်လူ့အဖွဲ့အစည်းများကို ကန့်သတ်ထိန်းချုပ်ထားတတ်ကြသည်။ ထို့ကြောင့်လည်း အာဏာရှင်စနစ်ကျင့်သုံးသည့် နိုင်ငံများရှိ လူထုအခြေပြုအဖွဲ့အစည်း များသည် ယိုင်နဲ့အားပျော့လျက်ရှိပြီး လွတ်လပ်မှု မရှိဘဲ ကျပ်တည်းစွာ ရပ်တည်ကြရသည်။ သို့ရာတွင်လည်း အာဏာရှင်စနစ်မှ ဒီမိုကရေစီစနစ်သို့ ကူးပြောင်းသည့်အခါမျိုးတွင် အရပ်ဘက်လူ့အဖွဲ့အစည်းက အရေးပါသော အခန်းကဏ္ဍမှ ပါဝင်တတ်ကြပေသည်။

ဤသင်ခန်းစာတွင် အရေးပါဆုံးသော အရပ်ဘက်လူ့အဖွဲ့အစည်းမှ အရေးပါသော လှုပ်ရှားဆောင်ရွက်သူများဖြစ်သည့် ရပ်ရွာအခြေပြုအဖွဲ့အစည်းများ (CBOs)၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ (NGOs) နှင့် လူမှုလှုပ်ရှားမှုများအကြောင်း ဆွေးနွေးတင်ပြမည်ဖြစ်သည်။

ဆွေးနွေးချက်

သင်ခန်းစာ (၈.၁.၂) ကို လေ့လာဖတ်ရှုပြီးပါက –

၁။ မိမိတို့၏အသိုင်းအဝိုင်းတွင် အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) များ မည်မျှ အရေးပါသနည်း။

၂။ ထိုအဖွဲ့အစည်းတို့ မရှိပါက မည်သို့ဖြစ်နိုင်မည်နည်း။

၃။ ယိုင်နဲ့အားနည်းသည့် လူထုအခြေပြုအဖွဲ့အစည်းတစ်ရပ်၏ ဘေးအန္တရာယ်များမှာ မည်သည်တို့ဖြစ်သနည်း။




◄ ဖွံ့ဖြိုးရေးမဏ္ဍိုင်အဖွဲ့သည် ရန်ကုန်အခြေစိုက် အဖွဲ့အစည်း ဖြစ်ပြီး အခြားသော လူမှုအဖွဲ့အစည်းများအတွက် သတင်းအချက်အလက်များ ဝေမျှပေးခြင်းနှင့် စွမ်းရည်မြှင့် လုပ်ငန်းများဖြင့် ကူညီ ဆောင်ရွက်ပေးလျက် ရှိသည်။ www.lrcmyanmar.org တွင် မြန်မာပြည်အတွင်းရှိ ရပ်ရွာအခြေပြုအဖွဲ့အစည်း (CBOs) များ အကြောင်းနှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်း (NGOs) များ ဆိုင်ရာ သတင်းအချက်အလက်များ ဖော်ပြပါရှိသည်။ ထိုအဖွဲ့အစည်းအကြောင်းကို စာမျက်နှာ (၁၇၈) ရှိ မြန်မာ့ရေးရာတွင် လေ့လာ ဖတ်ရှုနိုင်သည်။

## ၈.၁.၃ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ (Community - Based Organisations - CBO)

ရပ်ရွာအခြေပြုအဖွဲ့အစည်းများ (CBO) သည် အောက်ခြေအဆင့် အရပ်ဘက် လူအဖွဲ့အစည်းများ ဖြစ်ကြပြီး အများအားဖြင့် ကျေးလက်ဒေသများကို အခြေခံထားတတ်ကြသည်။

CBO များသည် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဖူလုံရေး စသော နယ်ပယ်များအတွက် ဝန်ဆောင်မှုများကို အသိုင်းအဝိုင်းများကို စုစည်းပေးစွမ်းတတ်ကြသည်။ အသေးစားချေးငွေ ထုတ်ပေးသည့် အဖွဲ့များ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများနှင့် ရပ်ရွာဆေးခန်းများသည် CBO များတွင် ပါဝင်ကြသည်။ CBO အများစုမှာ ယုံကြည်မှု အခြေပြုအဖွဲ့အစည်းများ ဖြစ်ကြပြီး၊ ရပ်ရွာအသိုင်းအဝိုင်းများမှ အဖွဲ့အစည်း၏ လုပ်ငန်းဆောင်တာများအတွက် ထောက်ပံ့ ပံ့ပိုးထားတတ်ကြသည်။

CBO များ၏ အဓိက အားသာချက်တစ်ရပ်မှာ ထိုအဖွဲ့အစည်းတို့၏ လုပ်ငန်းအစီအစဉ်များ ပြင်ဆင်ရေးဆွဲခြင်း၊ ချမှတ် အကောင်အထည်ဖော်ခြင်းတို့တွင် ရပ်ရွာကိုယ်တိုင် တိုက်ရိုက် ပါဝင်နိုင်ကြသည်။ CBO ဝန်ထမ်းများသည် မိမိတို့ လုပ်ကိုင်လျက်ရှိသည့် ရပ်ရွာ အသိုင်းအဝိုင်းတို့၏ အခြေအနေများကို ပိုမိုနားလည်သိမြင်တတ်ကြသည်။ ထိုသို့ သိမြင်ထားကြခြင်းဖြင့် အသိုင်းအဝိုင်း၏ လိုအပ်ချက်များ၊ လိုလားချက်များနှင့်အညီ CBO တို့မှ ဖော်ဆောင်ပေးနိုင်ကြမည် ဖြစ်ပေသည်။

**အကြိုသင်ခန်းစာ**

'ရပ်ရွာအခြေပြုအဖွဲ့အစည်း' ဆိုသည်မှာ အဘယ်နည်း။

**လေ့ကျင့်ခန်း**

သင်ခန်းစာ(၈.၁.၃)ကို လေ့လာဖတ်ရှုပြီးပါက–

ရပ်ရွာ အခြေပြုအဖွဲ့အစည်း CBO များ၏ အားသာချက်၊ အားနည်းချက် တို့ကို ဖော်ပြပေးပါ။

**ဆွေးနွေးချက်**

၁။ မည်သည့် ရပ်ရွာ အခြေပြုအဖွဲ့အစည်း (CBO) များ မိမိတို့ ရပ်ရွာတွင် လုပ်ကိုင် ဆောင်ရွက်လျက် ရှိကြသနည်း။

၂။ မည်သို့သော ဝန်ဆောင်မှုများကို ရပ်ရွာ အခြေပြုအဖွဲ့အစည်း (CBO) များက ပေးစွမ်းကြသနည်း။

၃။ မည်သို့သော အခက်အခဲများကို ရပ်ရွာ အခြေပြုအဖွဲ့အစည်း (CBO) များ ရင်ဆိုင်ကြရသနည်း။

၄။ ရပ်ရွာ အခြေပြုအဖွဲ့အစည်း (CBO) များအနေဖြင့် အဖွဲ့အစည်းရည်မှန်းချက် ပြည့်မီအောင် မည်မျှအထိ အောင်မြင်မှုရှိရှိ ဆောင်ရွက်နိုင်ကြသနည်း။

**အကြိုသင်ခန်းစာ**

၁။ 'အစိုးရမဟုတ်သည့် အဖွဲ့အစည်း' (NGOs) ဆိုသည်မှာ အဘယ်နည်း။

## ၈.၁.၄ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ (NGOs)

### (က) အစိုးရမဟုတ်သည့် အဖွဲ့အစည်း (NGO) ဆိုသည်မှာ အဘယ်နည်း

အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ (NGOs) သည် အကျိုးအမြတ်မယူသည့် အဖွဲ့အစည်းများ ဖြစ်ကြပြီး အစိုးရများထံမှ လွတ်လွတ်ကင်းကင်း ရပ်တည် လည်ပတ်ကြသည်။ ထိုအဖွဲ့အစည်းများ အနေဖြင့် ဒေသအဆင့်၊ နိုင်ငံတော်အဆင့်၊ နိုင်ငံတကာအဆင့်ဟူ၍ လုပ်ဆောင်တတ်ကြသည်။ NGO များသည် ပြည်သူ့ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင်၊ လူ့အခွင့်အရေး၊ ဖွံ့ဖြိုးရေး အစရှိသည့် အများပြည်သူ အကျိုးစီးပွားနှင့် စပ်လျဉ်းသည့် အရေးအရာတို့အတွက် လုပ်ကိုင် ဆောင်ရွက်ကြသည်။

အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ (NGO) များသည် အစိုးရက လုံလောက်စွာ မဖြည့်စွမ်း ပေးနိုင်သည့် ဝန်ဆောင်မှုများကို ပေးစွမ်းကြသည်။ ဥပမာအားဖြင့် ကျေးလက်ဒေသများအတွက် ကျန်းမာရေး စောင့်ရှောက်မှုများ ပေးအပ်ရန် လုံလောက်သည့် အရင်းအနှီး၊ အရည်အသွေးတို့ အစိုးရထံတွင် မရှိပါက ထိုဝန်ဆောင်မှုတို့ကို NGO တစ်ရပ်က ဖြည့်စွမ်းပေးနိုင်မည်။ NGO များသည် အစိုးရ မစွမ်းဆောင်နိုင်သည့် လုပ်ငန်းနယ်ပယ်များကို အဓိကထား လုပ်ဆောင်ကြသည့်အလျောက် အစိုးရ၏ မူဝါဒများအပေါ်တွင်လည်း ဝေဖန်ပြောဆိုတတ်ကြသည်။ ထို့ကြောင့်လည်း NGO များ၏ လုပ်ဆောင်ချက်များသည် နိုင်ငံရေးဆန်နိုင်သည်။

ရပ်ရွာအခြေပြု NGO များသည် အခြားနိုင်ငံရေး လှုပ်ရှားဆောင်ရွက်သူများထက် လူဦးရေအရရော၊ လုပ်ငန်းနယ်ပယ်အရပါ ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်နိုင်ကြသည်။ ထို NGO များသည် အစိုးရတာဝန်ရှိသူများထက်ပင်လျှင် အသိုင်းအဝိုင်းအကြောင်း ပိုမို သိရှိထားကြပြီး အဆက်အသွယ်ကောင်းများလည်း ပိုင်ဆိုင်ထားကြသည်။ ထို့ကြောင့်လည်း NGO များသည် နိုင်ငံတော်မှ ပံ့ပိုးပေးနိုင်ခြင်း မရှိသည့် ဒေသများအတွက် အရင်းအနှီးနှင့် ဝန်ဆောင်မှုများကို ပေးစွမ်းနိုင်ကြသည်။ ထိုကဲ့သို့သော ဒေသများတွင် အရောက်အပေါက် နည်းပါးပြီး စစ်ဒဏ်ခံထားရသည့် ဒေသများ ပါဝင်ကြပြီး အစိုးရဝန်ထမ်းများပင်လျှင် သွားရောက်ရန် ခက်ခဲသည့် ဒေသများ ဖြစ်ကြသည်။






◀မြန်မာလူရွှင်တော်ဆရာဝန်များ (Myanmar Clown Doctors) အဖွဲ့မှ ဆေးရုံရှိ ကလေးလူနာများထံ ကြည်ရှုစောင့်ရှောက်ပေးနေပုံ ဖြစ်သည်။ ကလေးများ စိတ်သက်သာရာ ရစေရန်အတွက် 'ရယ်မောခြင်း' ဖြင့် ကုသ စောင့်ရှောက်ပေးကြသည်။

**ဆွေးနွေးချက်**

၁။ မည်သည့် NGO များ မိမိတို့ရပ်ရွာတွင် လုပ်ကိုင် ဆောင်ရွက်လျက် ရှိကြသနည်း။

၂။ မည်သို့သော ဝန်ဆောင်မှုများကို NGO များက ပေးစွမ်းကြသနည်း။

၃။ မည်သို့သော အခက်အခဲများကို NGO များက ရင်ဆိုင်ကြရသနည်း။

၄။ NGO များအနေဖြင့် အဖွဲ့အစည်းရည်မှန်းချက် ပြည့်မီအောင် မည်မျှအထိ အောင်မြင်မှုရှိရှိ ဆောင်ရွက်နိုင်ကြသနည်း။

## (ခ) အစိုးရ မဟုတ်သည့် အဖွဲ့အစည်းများ (NGOs) ၏ လုပ်ငန်းဆောင်တာများ

လုပ်ငန်းအသားပေး (သို့) ဝန်ဆောင်မှုပေးအပ်ရေးဆိုင်ရာ NGO များ (operational or service NGOs) သည် မိမိတို့ လုပ်ကိုင်လျက်ရှိသည့် အသိုင်းအဝိုင်းများ၊ အကျိုးခံစားရရှိသူများနှင့် တိုက်ရိုက် ထိတွေ့ လုပ်ကိုင်ကြသည်။ ထို NGO များ အနေဖြင့် အရေးပေါ် ကူညီကယ်ဆယ်ရေး၊ ဖွံ့ဖြိုးရေးအကူအညီ၊ ကျန်းမာရေးနှင့် အစာအာဟာရ ဖြည့်စွမ်းထောက်ပံ့မှုများ စသည်တို့ကို ဝန်ဆောင်ပေးစွမ်းကြသည်။ (ဥပမာ – 'မေတ္တာ' ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းနှင့် မြန်မာ့ကြက်ခြေနီအသင်း)

အရေးဆို လှုံ့ဆော်ပေးသည့် NGO များ (advocacy NGO) သည် လူမှုအပြောင်းအလဲများ ဖော်ဆောင်ရေးအတွက် မီဒီယာများ၊ ပညာမျှဝေရေးအစီအစဉ်များ၊ နိုင်ငံရေးလှုပ်ရှားဆောင်ရွက်သူတို့နှင့် ပူးပေါင်းလုပ်ဆောင်မှုများမှတစ်ဆင့် လှုပ်ရှားဆောင်ရွက်တတ်ကြသည်။ လူ့အခွင့်အရေး၊ တရားရှိလူနေမှု၊ ပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ကိစ္စရပ်များသည် ထို NGO များ၏ အဓိက ဦးစားပေးလုပ်ငန်းများ ဖြစ်ကြသည်။ ရခိုင်ကမ်းခြေ ထိန်းသိမ်းစောင့်ရှောက်ရေးအသင်း (Rakhine Coastal Region Conservation Association)၊ ကရင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးလှုပ်ရှားမှုအဖွဲ့ (Karen Environmental and Social Action Network) နှင့် ကမ္ဘာမြေအခွင့်အရေး – နိုင်ငံတကာအဖွဲ့ (Earth Rights International) စသည်တို့မှာ လှုံ့ဆော်အရေးဆိုပေးသည့် NGO ဥပမာများ ဖြစ်ကြသည်။

တစ်ချို့သော NGO များမှာမူ လုပ်ငန်းအသားပေးမှုနှင့် အရေးဆို လှုပ်ရှားပေးမှုတို့ကို ပေါင်းစပ် လုပ်ဆောင်တတ်ကြသည်။ ဥပမာဆိုရသော် နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်သည့် Oxfam အဖွဲ့အစည်းသည် ဒုက္ခသည်များအတွက် ရေကောင်းရေသန့် ရရှိရေး၊ ကျန်းမာရေးစောင့်ရှောက်မှုများ အစရှိသည့် ဝန်ဆောင်မှုတို့ကို ဖြည့်စွမ်းပေးလျက် ရှိသည်။ တစ်ဖက်တွင်လည်း လူမှုအသိုင်းအဝိုင်းဆိုင်ရာ ပြဿနာရပ်များ ဖြစ်ကြသည့် ဆင်းရဲမွဲတေမှု လျှော့ချရေး၊ အမျိုးသမီးအခွင့်အရေးစသော ကိစ္စရပ်များအတွက်လည်း လှုံ့ဆော်ဆောင်ရွက်ပေးလျက် ရှိသည်။

NGO များ၏ အထောက်အပံ့များသည် တစ်သီးပုဂ္ဂလအလှူရှင်များနှင့် ကိုယ်တိုင် ရံပုံငွေလှုပ်ရှားစုဆောင်းမှုများ (အများစုပေါင်းထည့်ဝင်မှု) တို့မှ ရရှိခြင်းဖြစ်သည်။ ထို့အပြင် NGO အဖွဲ့အစည်းကြီးများအတွက် အစိုးရ အေဂျင်စီများ၊ ဖွံ့ဖြိုးရေးဘဏ်များ (ဥပမာ – ကမ္ဘာ့ဘဏ် သို့မဟုတ် အာရှဖွံ့ဖြိုးရေးဘဏ်) နှင့် ကုလသမဂ္ဂအဖွဲ့အစည်းတို့မှလည်း ထောက်ပံ့ကြသည်။

ထိုကဲ့သို့သော အစိုးရနှင့် နိုင်ငံတကာ ထောက်ပံ့မှုများက NGO များ၏ လွတ်လပ်မှုနှင့် 'အစိုးရနှင့် မသက်ဆိုင်မှု' ဟူသော လက္ခဏာရပ်တို့ကို မေးခွန်းထုတ်စရာ ဖြစ်စေသည်။ နိုင်ငံရေး လုပ်ရှားဆောင်ရွက်သူတို့၏ အကူအညီကို မှီခိုနေရသည့် NGO များမှာ လွတ်လပ်မှု ပိုမို နည်းပါးကြသည်။ ထိုသို့ ကူညီထောက်ပံ့ပေးလျက်ရှိကြသည့် အစိုးရများ၊ နိုင်ငံတကာ အဖွဲ့အစည်းများသည် NGO များအပေါ် လွှမ်းမိုးထားနိုင်ကြပြီး NGO များမှ မည်သူတို့အတွက် လုပ်ဆောင်အပ်သည်၊ မည်သည့် ကိစ္စရပ်များကို အလေးပေးဆောင်ရွက်စေမည်တို့ကိုလည်း သတ်မှတ်ထားရှိနိုင်မည်ဖြစ်သည်။

### လေ့ကျင့်ခန်း

သင်ခန်းစာ (၈.၁.၄–ခ) ကိုလေ့လာဖတ်ရှုပြီးပါက –

၁။ အစိုးရမဟုတ်သည့် အဖွဲ့အစည်း (NGO) များသည် အစိုးရတို့ကို မည်သည့် နည်းလမ်းများဖြင့် ရင်ဆိုင်တတ်ကြသနည်း။

၂။ အစိုးရမဟုတ်သည့် အဖွဲ့အစည်း (NGO) များသည် အစိုးရတို့ကို မည်သည့် နည်းလမ်းများဖြင့် ကူညီထောက်ပံ့တတ်ကြသနည်း။

၃။ ရပ်ရွာ အခြေပြုအဖွဲ့အစည်း (CBO) တို့နှင့် နှိုင်းယှဉ်ပါက အစိုးရမဟုတ်သည့် အဖွဲ့အစည်း (NGO) များ၏ အားသာချက်၊ အားနည်းချက် များကို ဖော်ပြပေးပါ။

# မြန်မာ့ရေးရာ

## မြန်မာပြည်ရှိ NGO များ

### နာရေးကူညီမှုအသင်း

နာရေးကူညီမှုအသင်းသည် အခမဲ့နာရေးဝန်ဆောင်မှုများကို ၂၀၀၁ ခုနှစ်မှ စတင် လုပ်ဆောင်ခဲ့သည်။ လူတန်းစား၊ လူမျိုးနှင့် ဘာသာတို့ကို မခွဲခြားဘဲ ဝန်ဆောင်မှု ပေးလျက် ရှိသည်။ နာရေးကူညီမှုအသင်း၏ လုပ်ငန်းများတွင် အောက်ပါတို့ပါဝင်သည်။

- နွမ်းပါးသူမိသားစုများကို နာရေးကုန်ကျစရိတ်များ ထောက်ပံ့ပေးခြင်း၊
- စျေးသက်သာသည့် စားသောက်ဆိုင်များ ဖွင့်လှစ်ထားရှိခြင်း၊
- ရပ်ရွာဆေးပေးခန်းများ၌ စရိတ်နည်းကျန်းမာရေး စောင့်ရှောက်မှုများ ပံ့ပိုးပေးခြင်း။

### Local Resource Center - LRC (ဖွံ့ဖြိုးရေးမဏ္ဍိုင်အဖွဲ့)

ဆိုင်ကလုန်း နာဂစ်အပြီး ၂၀၀၈ ခုနှစ် မေလအတွင်း စတင် တည်ထောင်ခဲ့သည်။ နိုင်ငံတကာအလှူရှင်များနှင့် NGO များမှ ဒေသခံအဖွဲ့အစည်းများအတွက် အရေးပေါ်ကူညီကယ်ဆယ်မှုများ လုပ်ဆောင်ရာတွင် ပံ့ပိုးပေးနိုင်ရန် ဖြစ်သည်။ ထိုအဖွဲ့အနေဖြင့် အောက်ပါ လုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည်။

- နိုင်ငံတွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများကို ချိတ်ဆက်ပေးခြင်း၊
- သတင်းအချက်အလက်များ မျှဝေပေးခြင်း၊
- စီမံကိန်းများကို စီမံခန့်ခွဲနိုင်ရေးအတွက် လက်တွေ့သင်ကြားပေးခြင်း၊ ပံ့ပိုးပေးခြင်း။

### ၈၈ မျိုးဆက်အဖွဲ့

၈၈ မျိုးဆက်အဖွဲ့သည် ၁၉၈၈ ခုနှစ် ဒီမိုကရေစီအရေးတော်ပုံတွင် တက်ကြွလှုပ်ရှားခဲ့သူများဖြင့် ဖွဲ့စည်းထားသည်။ လက်ရှိအချိန်တွင် ဒီမိုကရေစီနှင့် အမျိုးသားရင်ကြားစေ့ရေးတို့ကို ပေးစွမ်းနိုင်ရေးအတွက် လူထုအခြေပြုအဖွဲ့အစည်းတစ်ရပ်အဖြစ် ရပ်တည်လျက် ရှိသည်။ ထိုအဖွဲ့အစည်း၏ လုပ်ဆောင်လှုပ်ရှားမှုများမှာ –

- နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအတွက် ရပ်တည် ဆော်သြခြင်း၊
- မြန်မာ့တိုင်းရင်းသားဒေသများရှိ ငြိမ်းချမ်းရေး လှုပ်ရှားမှုများတွင် ပါဝင်ခြင်း၊
- မြန်မာ့အရပ်ဘက်လူ့အဖွဲ့အစည်းများကို အားဖြည့်ပေးခြင်း။

### KESAN (Karen Environmental and Social Action Network)

KESAN သည် ကရင်ပြည်နယ်ရှိ ဒေသခံများနှင့် ပူးပေါင်း လုပ်ကိုင်လျက်ရှိသည့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းတစ်ရပ် ဖြစ်သည်။ ရေရှည်တည်တံ့မည့် ဖွံ့ဖြိုးမှုများ ဆောင်ကြဉ်းပေးနိုင်ရန် အသိပညာ ဗဟုသုတများ မျှဝေပေးခြင်း၊ စွမ်းဆောင်မှု မြှင့်တင်ခြင်းနှင့် မူဝါဒ အပြောင်းအလဲများ ဖော်ဆောင်ခြင်းတို့ကို ဆောင်ရွက်လျက် ရှိသည်။ KESAN အဖွဲ့၏ လှုပ်ရှားမှုများတွင် အောက်ပါတို့ ပါဝင်ကြသည်။

- ရပ်ရွာအတွင်းရှိ မိသားစုစီးပွားရေးများအတွက် ပံ့ပိုးပေးခြင်း၊
- ပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုများအကြောင်း အလေးပေး ဂရုပြုလာစေခြင်း၊
- အများပါဝင်ဆောင်ရွက်မှု၊ ပုဂ္ဂလိက ပိုင်ဆိုင်မှု၊ ကျား၊ မ တန်းတူညီမျှမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှုတို့ကို ဆောင်ကြဉ်းပေးစေမည့် မူဝါဒများ ပေါ်ပေါက်ရန် လှုံ့ဆော်အရေးဆိုခြင်း။

## လေ့ကျင့်ခန်း

၁။ အထက်ပါ NGO များအနက် မည်သည်တို့က လှုံ့ဆော် အရေးဆိုပေးသည့် NGO များဖြစ်ကြသနည်း။

၂။ အထက်ပါ NGO များအနက် မည်သည်တို့က ဝန်ဆောင်မှုပေးစွမ်းသည့် NGO များဖြစ်ကြသနည်း။

၃။ မည်သည်တို့က အရေးဆိုလှုပ်ရှားမှုရော ဝန်ဆောင်မှုပါ ပေးစွမ်းကြသနည်း။

ဆွေးနွေးချက်

၁။ လှုံ့ဆော်အရေးဆိုပေးသည့် NGO များနှင့် ဝန်ဆောင်မှုပေးအပ်သည့် NGO များအနက် မည်သည်က ပိုမိုအရေးပါသည်ဟု ထင်သနည်း။ အဘယ်ကြောင့်နည်း။

၂။ မိမိတို့၏အစိုးရသည် NGO များအပေါ် အတားအဆီး/ အန္တရာယ်တစ်ရပ်သဖွယ် ရှုမြင်ကြပါသလား၊ သို့မဟုတ် အထောက်အပံ့တစ်ရပ်အသွင် ရှုမြင်ကြပါသလား။ အဘယ့်ကြောင့်နည်း။

## ၈.၁.၅ လူမှုလှုပ်ရှားမှုများ (Social Movements)

'လူမှုလှုပ်ရှားမှု' များသည် အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) များကဲ့သို့ပင်လျှင် လူမှုရေးပြဿနာရပ်များကို အဖြေရှာဆောင်ရွက်ပေးရန်အတွက် လူအများ စုပေါင်းလာမိကြခြင်းဖြစ်သည်။ သို့ရာတွင်လည်း လူမှုလှုပ်ရှားမှုများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) တို့အကြား ကွဲပြားမှုများရှိသည်။ ပထမဦးဆုံးသော အချက်အနေဖြင့် 'လူမှုလှုပ်ရှားမှုများ' ဟူသော ပေါင်းစည်းမှုသည် ရပ်ရွာအခြေပြုအဖွဲ့အစည်း (CBO) များ၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်း (NGO) များထက် ပိုမိုကျယ်ပြန့်သည်။ 'လူမှုလှုပ်ရှားမှု' များသည် သဘာဝပတ်ဝန်းကျင်ပျက်စီးမှု၊ အမျိုးသမီးအခွင့်အရေး၊ မြေယာအခွင့်အရေးစသော လူမှုကိစ္စရပ်ကြီးများကို အလေးပေးဆောင်ရွက်ကြသည်။ ထိုကဲ့သို့ လူ့အဖွဲ့အစည်းနှင့်ချီ၍ သက်ရောက်မှုရှိသည့် ကိစ္စရပ်များကို ရေးရှုကြိုးပမ်းကြသည့်အတွက်လည်း 'လူမှုလှုပ်ရှားမှု' များတွင် အဖွဲ့အစည်းအမျိုးမျိုးတို့က စိတ်ဝင်တစား ပါဝင်တတ်ကြသည်။

ဒုတိယအချက်အနေဖြင့် 'လူမှုလှုပ်ရှားမှုများ' သည် အခြားသော အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) များထက် တည်ဆောက်ပုံ လျော့ရဲတတ်ကြသည်။ အထူးသဖြင့် အရွယ်အစားနှင့် မတူကွဲပြားမှုများ ကြီးမားခြင်းကြောင့် အဖွဲ့အစည်းဆိုသည်ထက် လက်တွဲလှုပ်ရှားဆောင်ရွက်မှုသဘောပိုဆန်သည်။ ထိုလူမှုလှုပ်ရှားမှုများတွင် ပြတ်သားသောခေါင်းဆောင်မှု၊ ရုံးချုပ်ဌာနများနှင့် အခြားသော အစိုးရမဟုတ်သည့် အဖွဲ့အစည်း (NGO) ဆိုင်ရာ လက္ခဏာရပ်များလည်း မပိုင်ဆိုင်ထားကြချေ။

'လူမှုလှုပ်ရှားမှု' များသည် ဝန်ဆောင်မှုများ ပေးစွမ်းခြင်းထက် အရေးဆို လှုံ့ဆော်မှုတို့ကို အလေးထားလေ့ ရှိကြသည်။ မိမိတို့ ရင်ဆိုင်ဖြေရှင်းလျက်ရှိသည့် ပြဿနာကိစ္စရပ်များကို ဖြေရှင်းပေးနိုင်ရေးအတွက် ဥပဒေများနှင့် မူဝါဒများ ချမှတ်ရန် အစိုးရအပေါ် ဖိအားပေးကြသည်။ လှုံ့ဆော် အရေးဆိုပေးသည့် အစိုးရမဟုတ်သည့် အဖွဲ့အစည်း (NGO) များကဲ့သို့ပင်လျှင် 'လူမှုလှုပ်ရှားမှု' တို့သည် လူမှုရေးတက်ကြွမှု (social activism) ဟူသော အယူအဆနှင့် နီးနွယ်ဆက်စပ်လျက်ရှိသည်။

'လူမှုလှုပ်ရှားမှု' များသည် အစိုးရအပေါ် လွှမ်းမိုးရန်သက်သက် လှုပ်ရှားလုပ်ဆောင်နေကြခြင်းမဟုတ်။ အောက်ခြေအဆင့်မှ အများအပြား ထောက်ခံမှုများနှင့် 'အောက်မှ အထက်' သို့ စီးဆင်းသည့်အာဏာတို့ကို အသုံးချလျက် လူမှုအပြောင်းအလဲများ ဖော်ဆောင်ကြိုးပမ်းကြသည်။ ထို့အပြင် အာဏာဖီဆန်ရေးနှင့် တရားရှိ လူနေမှုဟူသည့် အယူအဆများနှင့်လည်း ဆက်နွယ်နေကြသည်။ 'လူမှုလှုပ်ရှားမှု' များသည် ထိပ်တိုက်ရင်ဆိုင်ဆောင်ရွက်မှုများဖြစ်သည့် ဆန္ဒထုတ်ဖော်ခြင်း၊ သိမ်းယူခြင်း (occupation) တို့ကိုလည်း အသုံးပြုတတ်ကြသည်။

အကြိုသင်ခန်းစာ

၁။ 'လူမှုလှုပ်ရှားမှု' ဆိုသည်မှာ အဘယ်နည်း။

၂။ မည်သည့်လူမှုလှုပ်ရှားမှုများကို သိရှိထားသနည်း။

လေ့ကျင့်ခန်း

သင်ခန်းစာ(၈.၁.၅)ကို လေ့လာဖတ်ရှုပြီးပါက–

လူမှုရေးလှုပ်ရှားမှုများ၏ အားသာချက်၊ အားနည်းချက်တို့ကို ဖော်ပြပါ။




► Occupy ဟူသည် ကမ္ဘာလုံးဆိုင်ရာ လူမှုလှုပ်ရှားမှုတစ်ရပ် ဖြစ်ပြီး၊ သာလွန်ကောင်းမွန်သည့် ဒီမိုကရေစီ၊ ကြွယ်ဝမှု မျှတစွာ ဝေငှခြင်းနှင့် ခြစားသော ဘဏ်စနစ်များ ဖျက်သိမ်းရေးဟူသော အဓိက ရည်မှန်းချက်များ ထားရှိတတ်ကြသည်။

**အကြံသင်ခန်းစာ**

မိမိတို့တိုင်းပြည်ရှိ လူမှုလှုပ်ရှားမှုများတွင် မည်သည့်ကိစ္စရပ်များကို အဓိကထား ဆောင်ရွက်ကြသနည်း။

## ၈.၁.၆ လူမှုလှုပ်ရှားမှု အမျိုးမျိုး

လူမှုလှုပ်ရှားမှုများအနက် အဓိကျသည့် လူမှုလှုပ်ရှားမှုကြီး (၂) ရပ် ရှိသည်။ ကိစ္စရပ် အထူးပြု လူမှုလှုပ်ရှားမှု (issue-specific movements) နှင့် ပြဿနာအလုံးစုံကိုင်တွယ်ရေး လူမှုလှုပ်ရှားမှု (generic movements) တို့ဖြစ်ကြသည်။

### (က) ကိစ္စရပ်အထူးပြု လူမှုလှုပ်ရှားမှု

လူမှုလှုပ်ရှားမှုများသည် ဖြစ်ရပ်တစ်ရပ်၊ ပြဿနာတစ်ရပ်အပေါ် လူအများ၏ တစ်ခဲနက် ထောက်ခံမှုကြောင့်သော်လည်းကောင်း၊ ခါးခါးသီးသီး ငြင်းပယ်အံ့ကြွမှုများကြောင့် သော်လည်းကောင်း ပေါ်ပေါက်လာတတ်သည်။ အိန္ဒိယပြည်ရှိ နာမဒ ဗချို အန်ဒိုလန် (Narmada Bachao Andolan) သည် ထိုလှုပ်ရှားမှုမျိုး၏ အကောင်းဆုံးသော ဥပမာရပ်လည်းဖြစ်သည်။ ထိုလှုပ်ရှားမှုသည် နာမာဒါမြစ်အတွင်း ဆာဒါ ဆရိုဗာ ရေကာတာ (Sardar Sarovar Dam) တည်ဆောက်မှုကို အကြောင်းပြုလျက် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ ထိုရေကာတာ ဆောက်လုပ်မှုက ဒေသခံများအပေါ် အကျိုးထိခိုက်စေနိုင်သည့်အတွက် ဆောက်လုပ်ရေးကို ရပ်တန့်ပစ်ရေး ဦးတည်လှုပ်ရှားကြခြင်းဖြစ်သည်။ လှုပ်ရှားမှုမှာ တဖြည်းဖြည်း ကြီးထွားလာခဲ့ပြီး အခြားသော ရေကာတာစီမံကိန်းကြီးများနှင့် အစိုးရ မူဝါဒများအပေါ်တွင်ပါ ထိခိုက်လာခဲ့သည်။ 'ကိစ္စရပ်အထူးပြု လူမှုလှုပ်ရှားမှုများ' တွင် ရှင်းလင်းပြတ်သားသည့် ခေါင်းဆောင်မှုတစ်ရပ်နှင့် စနစ်ကျလှသည့် ဖွဲ့စည်းပုံတို့ ပိုင်ဆိုင်ထားတတ်ကြသော်လည်း ရေရှည်မတည်တံ့တတ်ကြချေ။




**လေ့ကျင့်ခန်း**

သင်ခန်းစာ (၈.၁.၆-က) ကို လေ့လာဖတ်ရှုပြီးပါက -

မြန်မာနိုင်ငံအတွင်း မည်သည့်ကိစ္စရပ်အထူးပြု လူမှုလှုပ်ရှားမှုတို့ ဖော်ဆောင်ခဲ့ကြသနည်း။



## မြန်မာ့ရေးရာ

### နာဂစ်ဆိုင်ကလုန်းမုန်တိုင်းအပေါ် နိုင်ငံသားတို့ မည်သို့ တုံ့ပြန်ခဲ့ကြသနည်း

၂၀၀၈ ခုနှစ်၊ မေလတွင် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသသို့ အားပြင်းသည့် ဆိုင်ကလုန်းမုန်တိုင်းတစ်ခု ရိုက်ခတ်ခဲ့သည်။ ထိုဆိုင်ကလုန်းမုန်တိုင်းက ပြည်သူသန်းပေါင်း ၂.၄ သန်းအပေါ် သက်ရောက်ခဲ့ပြီး၊ လူပေါင်း ၁၃၀,၀၀၀ ဦးခန့် သေဆုံးခဲ့သည်။ အစိုးရအနေဖြင့် NGO များနှင့် ကုလကယ်ဆယ်ရေးအဖွဲ့များကို အဆိုပါ ဒေသများသို့ သွားရောက်ရန် အစပိုင်းတွင် ခွင့်မပြုခဲ့ချေ။ သို့ဖြစ်၍ အကူအညီ လိုအပ်နေသော ပြည်သူများကို ကူညီနိုင်ရေးမှာ လွန်စွာ ခက်ခဲခဲ့သည်။ သို့ရာတွင်လည်း နိုင်ငံသားများ၊ ဒေသခံ NGO များ၊ ဘာသာရေး အခြေပြု အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများနှင့် အခြားသော ဒေသခံအဖွဲ့များမှ အကူအညီပေးမှုများ စတင် ပြုလုပ်နိုင်ခဲ့ကြသည်။ ထိုအဖွဲ့များအနေဖြင့် အရေးပေါ် ကူညီပေးမှုများ၊ အစားအစာ၊ ဆေးဝါးနှင့် အခြားသော ကယ်ဆယ်ရေး ပစ္စည်းများ ထောက်ပံ့ ပေးအပ်နိုင်ခဲ့ကြသည်။

တစ်တိုင်းပြည်လုံးရှိ စေတနာရှင်များမှ အလှူငွေနှင့် အထောက်အပံ့များ ကောက်ခံကြပြီး၊ ဘေးအန္တရာယ် ခံစားခဲ့ရသော ဒေသများသို့ သွားရောက်ပေးအပ်နိုင်ခဲ့ကြသည်။ ထိုသူတို့မှာ သယ်ယူပို့ဆောင်ရေးအတွက် မိမိဘာသာ စီမံကြပြီး၊ အချိန်၊ ငွေကြေးနှင့် လိုအပ်သော ပစ္စည်းများကို လှူဒါန်း ပေးအပ်နိုင်ခဲ့ကြသည်။ ဤသည်မှာ နိုင်ငံသားတို့ နာဂစ်မုန်တိုင်းအပြီး တုံ့ပြန် ဆောင်ရွက်ခဲ့ကြပုံပင် ဖြစ်သည်။ အစိုးရ၏ခွင့်ပြုချက်ကိုပင် မစောင့်ဆိုင်းတော့ဘဲ နိုင်ငံသား အချင်းချင်း ကူညီပေးရန်အတွက် ကိုယ်ထူကိုယ်ထ လုပ်ဆောင်ခဲ့ကြသည်။





▲ နာဂစ်မုန်တိုင်းအပြီး အကူအညီများ လက်ခံရရှိစဉ်။

## (ခ) ပြဿနာ အလုံးစုံ ကိုင်တွယ်ရေး လူမှုလှုပ်ရှားမှုများ

ပြဿနာ အလုံးစုံကိုင်တွယ်ရေး လှုပ်ရှားမှုများသည် ရေရှည် ရပ်တည်ကြပြီး၊ ကျယ်ပြန့်သည့် ပြဿနာကိစ္စရပ်များကို အလေးထားတတ်ကြသည်။ (ဥပမာ – သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လှုပ်ရှားမှုများနှင့် အမျိုးသမီးအခွင့်အရေး လှုပ်ရှားမှုများတို့ ပါဝင်သည်)။ သဘာဝပတ်ဝန်းကျင် လှုပ်ရှားမှုများသည် ရေရှည် အကျိုးစီးပွားထိပါးစေမည့် မူဝါဒများနှင့် လုပ်ငန်းများကို ဆန့်ကျင် ကန့်ကွက်တတ်ကြသည်။ ထို့အတူပင် အမျိုးသမီးအရေး လှုပ်ရှားမှုများသည်လည်း အစိုးရက အမျိုးသမီးများ ရင်ဆိုင် ခံစားနေရသည့် ပြဿနာရပ်များ ဖြေရှင်းပေးစေမည့် မူဝါဒများ ချမှတ်လာစေရန်၊ ပြောင်းလဲပြင်ဆင်ပေးရန်တို့အတွက် ဖိအားပေးကြသည်။ ပြဿနာအလုံးစုံကိုင်တွယ်ရေး လှုပ်ရှားမှုများကို ဘုံရည်မှန်းချက်များနှင့် ဘုံတန်ဖိုးများရှိသော လှုပ်ရှားဆောင်ရွက်သူအမျိုးမျိုးတို့က ကိုယ်စားပြုနိုင်သည်။ ဥပမာဆိုရသော် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ လှုပ်ရှားမှုဟူ၍ အမည်တပ်ခြင်း၏ အောက်ဝယ် NGO များ၊ ကိစ္စရပ် အထူးပြု လူမှုလှုပ်ရှားမှုများ၊ အရပ်ဘက်လူမှုအဖွဲ့များစွာက ပါဝင်လှုပ်ရှားနိုင်ကြသည်။ ထိုလူမှုလှုပ်ရှားမှုများတွင် ပါဝင်ကြသည့် အဖွဲ့အစည်းအသီးသီး၊ လွတ်လပ်သော ခေါင်းဆောင်မှုအသီးသီး ရှိကြပြီး မိမိတို့ ဖော်ဆောင်ပေးလိုသည့် လူမှုအပြောင်းအလဲကိုလည်း မတူသော သဘောထားအမြင် အမျိုးမျိုးတို့ဖြင့် ကြည့်တတ်ကြသည်။

### လေ့ကျင့်ခန်း

သင်ခန်းစာ (၈.၁.၆–ခ) ကို လေ့လာ ဖတ်ရှုပြီး

ပါက –

မြန်မာနိုင်ငံအတွင်း မည်သည့် ‘ပြဿနာ အလုံးစုံကိုင်တွယ်ရေး လူမှုလှုပ်ရှားမှု’ တို့ ဖော်ဆောင်ခဲ့ကြသနည်း။

## လေ့ကျင့်ခန်း

အောက်ပါ အချက်အလက်တို့သည် ‘မြန်မာ့ အရပ်ဘက်လူ့အဖွဲ့အစည်းများ (CSO)– လမ်းညွှန်’ ပါ စာမျက်နှာ ဖြစ်သည်။ သို့ရာတွင် အချက်အလက်များကို အစီအစဉ်တကျမဟုတ်ဘဲ ဖော်ပြထားသည်။ အဖွဲ့အစည်းအမည်များကို ၎င်းတို့၏ လုပ်ငန်းများဖြင့် တွဲစပ်ပေးပါ။

| အဖွဲ့အစည်း | လုပ်ငန်းများ |
|---|---|
| ၁။ မြန်မာ့ကုန်သွယ်ရေးသမဂ္ဂ | က။ လုပ်ငန်းခွင်အခြေအနေဆိုင်ရာ အခွင့်အရေးများအတွက် ဦးစားပေး လုပ်ဆောင်လျက်ရှိသည်။ အလုပ်ရှင်များနှင့် တွေ့ဆုံပြီး လုပ်ခလစာ၊ ကျန်းမာရေး၊ လုံခြုံမှုစသော လုပ်ငန်းခွင်အခြေအနေများအတွက် ဆွေးနွေး ဆောင်ရွက်ပေးနေသည်။ အလုပ်အကိုင် ခန့်ထားရေး ကဲ့သို့သော ကိစ္စရပ်များအတွက်လည်း ဖော်ဆောင်ပေးလျက်ရှိသည်။ |
| ၂။ မြန်မာ့စီးပွားရေးနှင့် လုပ်ငန်းရှင်များ အစည်းအရုံး | ခ။ မြန်မာပြည်ရှိ အလုပ်လက်မဲ့များကို ကိုယ်စားပြု ဖွဲ့စည်းထားသည်။ အလုပ်လက်မဲ့တို့၏ ဘဝသောကများကို လူအများ ပိုမို သိရှိလာစေရန် ဆန္ဒရှိပေသည်။ လုပ်ငန်းခွင် ပြင်ပသို့ ရောက်ရှိနေကြသူ ပမာဏ လျော့ကျလာစေပြီး၊ အလုပ်လက်မဲ့ ပုဂ္ဂိုလ်တို့၏ အခွင့်အရေးများကို အကာအကွယ်ပြုပေးရန် ကြိုးပမ်းပေးလျက်ရှိသည်။ အလုပ်လက်မဲ့ဆိုင်ရာ ပြဿနာရပ်များအတွက် အစိုးရနှင့် ပူးပေါင်း ဆွေးနွေးလျက်ရှိသည်။ |
| ၃။ ရပ်ရွာပညာရေး ကောင်စီ | ဂ။ စီးပွားရေးလုပ်ငန်းရှင်များနှင့် အလုပ်ရှင်များအတွက် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းတစ်ရပ် ဖြစ်သည်။ မြန်မာ့စီးပွားရေး ဦးမော့လာစေရေးအတွက် အပြုသဘောဆောင်သည့် အမြင်များ မျှဝေဖလှယ်ခြင်းဖြင့် အားတက်သရော ဆောင်ရွက်လျက်ရှိသည်။ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် မူဝါဒကောင်းများ ပေါ်ပေါက်လာနိုင်စေရန်အတွက်လည်း အစိုးရအပေါ် တွန်းအားပေးထား သည်။ စီးပွားရေးလုပ်ငန်းသစ် ထူထောင်လိုသူများအတွက်လည်း အကြံဉာဏ်များ၊ အထောက်အပံ့များကို ပေးစွမ်းလျက်ရှိသည်။ |
| ၄။ မြန်မာ့အမျိုးသမီးရေးရာ အဖွဲ့အစည်း | ဃ။ ကိုယ်ခန္ဓာ မသန်စွမ်းသူများအတွက် ရည်ရွယ် ဖွင့်လှစ်ထားသည့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းတစ်ရပ် ဖြစ်သည်။ ကျွန်ုပ်တို့၏ အဖွဲ့အစည်းကို အဖွဲ့ခွဲများ ခွဲထားပြီး ဒေသအသီးသီးရှိ အဖွဲ့ဝင်များ အကျိုးခံစားနိုင်ရေးတိုက်တွန်း ဆောင်ရွက်သော ဒေသအလိုက် ဖိအားပေးအုပ်စု (pressure groups) များ ဖွဲ့စည်းထားရှိသည်။ ကိုယ်လက် ကြံ့ခိုင်မှု၊ ကုသ စောင့်ရှောက်ပေးမှုနှင့် ပညာရေး သင်တန်းများ စသည်တို့ကိုလည်း ပေးစွမ်းလျက်ရှိသည်။ |
| ၅။ မြန်မာလူငယ်များ အမျိုးသားကောင်စီ | င။ ကျွန်ုပ်တို့သည် လူငယ်များအတွက် လုပ်ကိုင်လျက်ရှိသည့် အဖွဲ့ငယ်ကလေးများကို ပေါင်းစုထားသည့် အဖွဲ့အစည်းကြီးတစ်ရပ် ဖြစ်သည်။ လူငယ်များကို လေ့ကျင့်သင်တန်းပေးရန်နှင့် လူငယ်တို့အရေးကို ဆွေးနွေး ပြောဆိုနိုင်ကြစေရန် ဖွဲ့စည်းထားရှိခြင်း ဖြစ်သည်။ အစိုးရဌာနများနှင့်လည်း တွေ့ဆုံပြီး လူငယ်များအပေါ် သက်ရောက်စေမည့် မူဝါဒများကိုလည်း ဆွေးနွေး ညှိနှိုင်း ပေးလျက်ရှိသည်။ |
| ၆။ မြန်မာ့လယ်သမားသမဂ္ဂ | စ။ ကျွန်ုပ်တို့ အဖွဲ့အစည်းသည် ဒေသအတွင်းရှိ ရပ်ရွာအခြေပြု ပညာရေးစင်တာတစ်ခု ဖြစ်သည်။ အစိုးရကျောင်းများတွင် မသင်ကြားနိုင်သည့် မိသားစုဝင်များအတွက် ပုံနှိပ်စာအုပ်နှင့် ဆရာဖြစ်သင်တန်းများ ပေးအပ်လျက်ရှိသည်။ |
| ၇။ အလုပ်လက်မဲ့ ပပျောက်ရေးအဖွဲ့ | ဆ။ မြန်မာနိုင်ငံတွင်းရှိ ဒေသအသီးသီးမှ အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားရှိသည်။ လယ်ယာမှ ရရှိသည့် ဝင်ငွေ၊ စိုက်ပျိုးရေးဆိုင်ရာ မူဝါဒ စသော အရေးကိစ္စများအတွက် အဖွဲ့ဝင်တို့ အကျိုးခံစားနိုင်ရေးကို အစဉ် ရှေးရှု လုပ်ဆောင်လျက်ရှိသည်။ အစိုးရဌာနဆိုင်ရာတို့နှင့် တွေ့ဆုံ၍လည်း ထိုကိစ္စရပ်များအတွက် ဆွေးနွေး ဖော်ဆောင်နေသည်။ |
| ၈။မြန်မာ့မသန်စွမ်းသူများ အစည်းအရုံး | ဇ။ ကျွန်ုပ်တို့၏ အဖွဲ့အစည်းကို မြန်မာပြည်တစ်ဝန်းမှ အမျိုးသမီးများဖြင့် ဖွဲ့စည်းထားရှိသည်။ စီးပွားရေးလုပ်ငန်းများကို အမျိုးသမီးများ ထူထောင် လုပ်ကိုင်နိုင်ရန်၊ အမျိုးသမီးများအတွက် လိုအပ်သည့် သင်တန်းများနှင့် အကူအညီများ ပေးအပ်နိုင်ရေး တို့အတွက် ကြိုးပမ်းလျက်ရှိသည်။ |

## ၈.၂ အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) တို့၏ လုပ်ငန်းဆောင်တာများ

### ၈.၂.၁ အတွင်းအုပ်စုများ (Insider Groups) နှင့် ပြင်ပအုပ်စုများ (Outsider Groups)

**အကြိုသင်ခန်းစာ**

၁။ 'အတွင်းအုပ်စု' ဆိုသည်မှာ အဘယ်နည်း။

၂။ 'ပြင်ပအုပ်စု' ဆိုသည်မှာ အဘယ်နည်း။

အရပ်ဘက် လူမှုအဖွဲ့အစည်းတို့၏ လုပ်ငန်းဆောင်တာများ အချို့တို့သည် အစိုးရနှင့် နီးကပ်သော ဆက်ဆံရေးများ ရှိတတ်ကြသည်။ ထိုဆက်ဆံမှုများက အရပ်ဘက် လူမှုအဖွဲ့အစည်းတို့၏ လုပ်ငန်းနည်းဗျူဟာ အမျိုးအစား ရွေးချယ်မှုများအပေါ် သက်ရောက်လျက်ရှိသည်။ ထို့ကြောင့်လည်း 'အတွင်းအုပ်စု' နှင့် 'ပြင်ပအုပ်စု' များ ဟူ၍ ပေါ်ပေါက်လာရသည်။

#### (က) အတွင်းအုပ်စုများ (Insider Groups)

အတွင်းအုပ်စုများသည် အစိုးရနှင့် နီးကပ်သည့် ဆက်နွယ် ပတ်သက်မှုများ ပိုင်ဆိုင်ထားကြသည်။ ထိုအုပ်စုများသည် အာဏာကြီးမားကြပြီး နိုင်ငံရေးသမားများနှင့်ပင် ပုံမှန်ဆက်ဆံပြောဆိုနိုင်ကြသည်။ အတွင်းအုပ်စုများသည် စက်ရုံများ၊ စီးပွားရေးလုပ်ငန်းများ၊ အလုပ်သမားအဖွဲ့များ အစရှိသော အရေးပါသည့် စီးပွားရေးကဏ္ဍများကို ကိုယ်စားပြုတတ်ကြသည်။ သို့ရာတွင် အခြားသော လုပ်ငန်းနယ်ပယ်အတွင်းမှ အရပ်ဘက် လူမှုအဖွဲ့အစည်းများသည်လည်း နိုင်ငံရေးသက်ရောက်မှု ကြီးမားသည့် လူမှုပြဿနာများနှင့် သက်ဆိုင်ပါဝင်ရသည့်အခါမျိုး၌ အစိုးရတို့နှင့် နီးကပ်သော ဆက်ဆံမှုများ ရှိတတ်ကြသည်။

**လေ့ကျင့်ခန်း**

သင်ခန်းစာ (၈.၂.၁–က) ကို လေ့လာ ဖတ်ရှုပြီးပါက –

၁။ 'အတွင်းအုပ်စု' များအနေဖြင့် အာဏာကို မည်သည်မှ ရရှိကြသနည်း။

၂။ 'အတွင်းအုပ်စု' များသည် အစိုးရကို လွှမ်းမိုးနိုင်ရန် မည်သို့ကြိုးပမ်းကြသနည်း။

အတွင်းအုပ်စုများနှင့် နိုင်ငံရေးသမားတို့အကြား ဆက်နွယ်မှုများသည် နှစ်ဦးနှစ်ဘက်စလုံး အတွက် အကျိုးရှိနိုင်သည်။ အတွင်းအုပ်စုများသည် မူဝါဒချမှတ်သူများကို တိုက်ရိုက် တွန်းအားပေးထားနိုင်ကြသည်။ အစိုးရနှင့် နီးစပ်မှုမရှိသည့် အဖွဲ့များမှာမူ ထိုအခွင့်အရေးမျိုး မရနိုင်။ ထိုသို့ တွန်းအားပေးနိုင်ခြင်းဖြင့် အတွင်းအုပ်စုများမှာ မိမိတို့၏ ရည်မှန်းချက်များနှင့် အကျိုးစီးပွားများအတွက် လွယ်လွယ်ကူကူပင် ဖော်ဆောင်နိုင်ကြမည်လည်းဖြစ်သည်။

**ဆွေးနွေးချက်**

'အတွင်းအုပ်စု' များသည် ဒီမိုကရေစီတစ်မကျဟု ထင်မြင်ပါသလား။ အဘယ်ကြောင့်နည်း။

အစိုးရများအနေဖြင့်လည်း အတွင်းအုပ်စုတို့၏ ထောက်ခံမှုကို ရရှိထားခြင်းက လွန်စွာ အရေးပါလှသည်။ ဥပမာဆိုရသော် အစိုးရက စီးပွားရေးဖွံ့ဖြိုးမှုအတွက် ဆောင်ရွက်လိုပါက အရေးပါသည့် စက်မှုလုပ်ငန်းများကို ကိုယ်စားပြုထားသော အတွင်းအုပ်စုများထံမှ အကြံဉာဏ်ရယူနိုင်ကြမည်။ နိုင်ငံရေးသမားများအတွက်လည်း ထို့အတူပင်ဖြစ်သည်။ အင်အားကြီးအတွင်းအုပ်စုများ အကျိုးခံစားရစေမည့် မူဝါဒများကို နိုင်ငံရေးသမား တစ်ဦးအနေဖြင့် ထောက်ခံပံ့ပိုးပေးခြင်းက ထိုနိုင်ငံရေးသမားအပေါ် ထောက်ခံမှုများ တိုးပွားလာစေမည်ဖြစ်သည်။ ထိုကဲ့သို့ အတွင်းအုပ်စုတို့၏ အထောက်အပံ့ကို ရရှိထားခြင်းဖြင့် နိုင်ငံရေးသမား တစ်ဦး၏ အာဏာသြဇာတိုးတက်လာခြင်း ဖြစ်နိုင်ပေသည်။






မြန်မာငြိမ်းချမ်းရေးစင်တာ (Myanmar Peace Center) သည် သမ္မတရုံးသို့ အစီရင်ခံစာများ တင်သွင်းရသည့် အစိုးရမဟုတ်သည့် အဖွဲ့အစည်း (NGO) တစ်ခု ဖြစ်သည်။ မြန်မာငြိမ်းချမ်းရေးစင်တာ (Myanmar Peace Center) ကို facebook တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်သည်။

## (ခ) ပြင်ပအုပ်စုများ (Outsider Groups)

ပြင်ပအုပ်စုများသည် နိုင်ငံရေးအာဏာ အနည်းငယ်သာ ပိုင်ဆိုင်ထားသူတို့ကို ကိုယ်စားပြုသည်။ (သို့ရာတွင် ထောက်ခံသူအများအပြားကို ပိုင်ဆိုင်ထားနိုင်သည်) ပြင်ပအုပ်စုများတွင် ငြိမ်းချမ်းရေးလှုပ်ရှားသူများ၊ ပတ်ဝန်းကျင်အရေး တက်ကြွလှုပ်ရှားသူတို့နှင့် တိရစ္ဆာန်အခွင့်အရေး လှုပ်ရှားသူများ ပါဝင်ကြသည်။ ပြင်ပအုပ်စုများသည် အစိုးရတို့နှင့် တိုက်ရိုက်ထိတွေ့ မပြောဆိုနိုင်ကြ။ ထို့ကြောင့်လည်း သွယ်ဝိုက်သည့် နည်းဗျူဟာများကို အသုံးချပြီး အစိုးရအပေါ် တွန်းအားပေးရသည်။

အသိပညာ လှုံ့ဆော်မှုများ၊ ဆန္ဒထုတ်ဖော်မှုများ၊ လူထုက ဝိုင်းဝန်းလက်မှတ်ထိုး ထောက်ခံဆန္ဒပြုခြင်းများ စသည်တို့မှာ ပြင်ပအုပ်စုများ အသုံးပြုလေ့ရှိသည့် နည်းလမ်းများလည်းဖြစ်သည်။ ထိုနည်းလမ်းများဖြင့် ပြင်ပအုပ်စုတို့၏ ရည်မှန်းချက်များ၊ လုပ်ငန်းများအပေါ် လူထုက ထောက်ခံလာကြပြီး စာနာသနားစိတ်များ တဖွားဖွား ပေါ်ပေါက်လာကြစေရန် ကြိုးပမ်းကြသည်။ လူထုမီဒီယာတို့အပေါ် လွှမ်းမိုးခြင်းဖြင့်လည်း မိမိတို့လှုပ်ရှားဆောင်ရွက်နေသည့် ပြဿနာကိစ္စရပ်များအပေါ် အများ၏ အာရုံစိုက်မှု ရရှိလာအောင် လုပ်ဆောင်တတ်ကြသည်။

ပြင်ပအုပ်စုများအနေဖြင့် 'ပြင်ပ' ဟု အမည်တွင်ရခြင်းမှာ အစိုးရနှင့် အဆက်အဆံပြုနိုင်လောက်သည့် အာဏာ အလုံအလောက် မရှိကြခြင်းကြောင့်ဖြစ်သည်။ ထို့အပြင် အယူဝါဒကွဲပြားမှုကဲ့သို့ အကြောင်းရပ်များကြောင့်လည်း 'ပြင်ပ' အဖြစ် ဆုံးဖြတ်ခံယူထားရှိနိုင်သည်။

### လေ့ကျင့်ခန်း

သင်ခန်းစာ (၈.၂.၁–ခ) ကို လေ့လာဖတ်ရှုပြီးပါက –

၁။ 'ပြင်ပအုပ်စု' များအနေဖြင့် အာဏာကို မည်သည့်မှ ရရှိကြသနည်း။

၂။ 'ပြင်ပအုပ်စု' များသည် အစိုးရကို လွှမ်းမိုးနိုင်ရန် မည်သို့ ကြိုးပမ်းကြသနည်း။

### လုပ်ငန်းများ

အောက်ဖော်ပြပါ အဆိုတို့ကို ဇယား၏ သင့်တော်သော နေရာတွင် ဖြည့်စွက်ပေးပါ။

| |
|---|
| မူဝါဒချမှတ်သူများနှင့် ဆက်ဆံ ပြောဆိုနိုင်ကြသည်။    နည်းပါးလေ့ရှိ    ရယ်ဒီကယ်ဆန်သည့် ရည်မှန်းချက်များ    မြင့်မား |
| မော်ဒရိတ်ဆန်သည့် ရည်မှန်းချက်များ    ငွေကြေးတောင့်တင်းသူများ |
| အောက်ခြေ လူမှုအသိုင်းအဝိုင်းများ    မူဝါဒချမှတ်သူများနှင့် ဆက်ဆံပြောဆိုနိုင်ခြင်းမရှိကြ/ အနည်းအကျဉ်းသာ ဆက်ဆံနိုင်ကြသည်။ |

| | အတွင်းအုပ်စုများ | ပြင်ပအုပ်စုများ |
|---|---|---|
| အစိုးရနှင့် နီးစပ်မှု | | |
| မီဒီယာအသုံးပြုမှု | | |
| ရည်မှန်းချက်များ | | |
| အထောက်အပံ့ ရရှိသည့် ရင်းမြစ် | | |

**ဆွေးနွေးချက်**

၁။ အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) များအနေဖြင့် မည်သည့် အကြောင်းရပ်များကြောင့် အာဏာ ကြီးထွားကြရသနည်း။

၂။ မိမိတို့ နိုင်ငံအတွင်းရှိ ရပ်ရွာအခြေပြုအဖွဲ့အစည်း (CBO)၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်း NGO (သို့မဟုတ်) လူမှုရေးလှုပ်ရှားမှုတစ်ရပ်အကြောင်း စဉ်းစား ရွေးချယ်ပြီး ထိုအဖွဲ့အစည်း၏ အာဏာအပေါ်သက်ရောက်လျက်ရှိသည့် အကြောင်းတရား (၃) ရပ်ကို ဖော်ထုတ် ဆွေးနွေးပါ။

**ပြန်လည်သုံးသပ်ချက်**

အောက်ပါတို့ကို ရပ်ရွာအခြေပြုအဖွဲ့အစည်း (CBO) တို့အတွက် မည်မျှ အရေးပါမှုရှိသည်ကို အခြေခံပြီး စီစဉ် သတ်မှတ်ပေးပါ။ ထိုသတ်မှတ်ချက်တွင် မည်သည်တို့ကို သတိမူမိသနည်း။

| | | |
|---|---|---|
| ဘဏ္ဍာရေးအခြေအနေ၊ | အရွယ်အစား၊ | ဖွဲ့စည်းပုံနှင့် ခေါင်းဆောင်မှု၊ |
| ဝါဒ၊ အောက်ခြေလူထုတို့၏ ပံ့ပိုး ထောက်ခံမှု | အစိုးရနှင့် နီးစပ်မှု။ | |

## ၈.၂.၂ အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) တို့၏ နည်းဗျူဟာများ

### (က) စည်းရုံးဆွဲဆောင်ခြင်း (Lobbying)

လူထုအခြေပြုအဖွဲ့အစည်းများတွင် လှုပ်ရှားကြသူတို့သည် ပြည်သူ့ရေးရာ မူဝါဒများအပေါ် လွှမ်းမိုးနိုင်ရန်အတွက် 'စည်းရုံးဆွဲဆောင်ခြင်း' ကို အသုံးပြုကြသည်။ အစိုးရအာဏာပိုင်များကို တွန်းအားပေးနိုင်ရေးအတွက် ဆွေးနွေးပြောဆိုမှုများ၊ ဖုန်းဖြင့် ဆက်သွယ်ခေါ်ဆိုမှုများ၊ စာလွှာ ပို့ဆက်ခြင်းများ စသည်တို့ကို လုပ်ဆောင်တတ်ကြသည်။ ထိုကဲ့သို့သော စည်းရုံးဆွဲဆောင်သူတို့၏ ပြောဆိုချက်များကို နားထောင်ဂရုပြုခြင်းဖြင့် နိုင်ငံရေးသမားတို့မှာ မိမိတို့ ကိုယ်စားပြုလျက်ရှိသည့် ပြည်သူတို့၏ လိုအပ်ချက်များနှင့် လိုလားချက်များကို နားလည်သိမြင်လာကြသည်။ စည်းရုံးဆွဲဆောင်သူများကလည်း မိမိတို့၏ အဖွဲ့အစည်းနှင့် အကျိုးစီးပွားတို့အတွက် အစိုးရမှ မူဝါဒများ ဆုံးဖြတ် ချမှတ်လာစေရန် တွန်းအားပေးတတ်ကြသည်။ ဥပမာဆိုရသော် ဥပဒေပြုအဖွဲ့ဝင်များကို ချဉ်းကပ်ပြီး အဆိုတင်သွင်းထားသည့် ဥပဒေတစ်ရပ်အပေါ် ထောက်ခံရန်/ ကန့်ကွက်ရန် စည်းရုံးတတ်ကြသည်။ ထို့အတူ အုပ်ချုပ်ရေးအဖွဲ့မှ မူဝါဒများ ချမှတ်လာစေရန်၊ ပြောင်းလဲပေးစေရန်တို့အတွက်လည်း ကြိုးပမ်းကြပေသည်။

'စည်းရုံးဆွဲဆောင်ခြင်း' သည် တရားဝင် နိုင်ငံရေးလှုပ်ရှားမှုတစ်ရပ် ဖြစ်သည်ဟုလည်း အများက ရှုမြင်ထားကြသည်။ တစ်ဖက်တွင်လည်း 'စည်းရုံးဆွဲဆောင်ခြင်း' တွင် ဘေးအန္တရာယ်များ ရှိနေသည်။ စည်းရုံးဆွဲဆောင်မှုကို ကျွမ်းကျင်စွာ ဆောင်ရွက်ပေးနိုင်သူများမှာ ကြေးကြီး ကြသည်။ ထိုသူတို့သည် လူမှုအဖွဲ့တစ်ရပ်၏ အစိုးရအပေါ် ပိုမို တွန်းအားပေးနိုင်စွမ်းကို မြှင့်တင်ပေးနိုင်သည်။ သို့ဖြစ်၍ ဥစ္စာအာဏာ ပိုမို ကြွယ်ဝသူတို့မှာ အစိုးရ၏ အထောက်အပံ့တို့ကို 'ဝယ်ယူ' နိုင်သည့် သဘော သက်ရောက်နေသည်။ ထိုအကြောင်းတို့ကြောင့် 'စည်းရုံးဆွဲဆောင်မှုများ' သည် ဝေဖန်မှုဒဏ်ကို ရင်ဆိုင်ရလျက် ရှိသည်။

**အကြိုသင်ခန်းစာ**

အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) များ အနေဖြင့် အစိုးရအပေါ် လွှမ်းမိုးသက်ရောက်ရန် မည်သို့ ကြိုးပမ်းနိုင်မည်နည်း။ အဘယ်ကြောင့်နည်း။

**ဆွေးနွေးချက်**

သင်ခန်းစာ (၈.၂.၂–က) ကို လေ့လာ ဖတ်ရှုပြီးပါက–

'စည်းရုံးဆွဲဆောင်ခြင်း' သည် ဒီမိုကရေတ်တစ်မကျဟု ထင်ပါသလား။ အဘယ်ကြောင့်နည်း။



## မြန်မာ့ရေးရာ

## မြစ်ဆုံရေကာတာစီမံကိန်း

၂၀၀၁ ခုနှစ်တွင် မြစ်ဆုံရေကာတာစီမံကိန်းအကြောင်း ကြေညာချက် ထုတ်ပြန်ခဲ့သည်။ ထိုသို့ထုတ်ပြန်အပြီး မြန်မာအစိုးရက ဆောက်လုပ်ရေးကဏ္ဍမှ ကိုယ်စားလှယ်များဖြင့် တွေ့ဆုံခဲ့ပြီး မည်သူက ဆောက်လုပ်ရေး စီမံကိန်းကို အကောင်အထည်ဖော်မည်ကိုပါ ဆုံးဖြတ်ခဲ့သည်။

၂၀၀၆ ခုနှစ်တွင် တရုတ်စွမ်းအင် ရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်း (China Power Investment Cooperation CPI) က ရေကာတာ ဆောက်လုပ်ရေး စတင်ရန်အတွက် အစိုးရနှင့် သဘောတူညီမှုတစ်ရပ် ချုပ်ဆိုခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် ကချင်ပြည်နယ်မှ ခေါင်းဆောင် ၁၂ ဦးက ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် လျှပ်စစ်ဝန်ကြီးဌာနတို့ထံ ထိုစီမံကိန်းကို ဖျက်သိမ်းပေးရန် တောင်းဆိုခဲ့သည်။

ဗမာ့မြစ်များဆိုင်ရာကွန်ရက် (Burma Rivers Network BRN) သည် တရုတ်အစိုးရထံ စာလွှာပေးပို့ပြီး မြန်မာပြည်ရှိ တရုတ်ကုမ္ပဏီများအနေဖြင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ‘သက်ရောက်မှု ဆန်းစစ်ခြင်း’ (Impact Assessment) ကို ပြုလုပ်ရန် တောင်းဆိုထားသည်။ ကုမ္ပဏီများက အချက်အလက်များကို အများပြည်သူထံ ပြသပေးရန်၊ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ထိခိုက်ခံစားရသူတို့၏ အမြင်များကို ထည့်သွင်းစဉ်းစားရန်တို့ကိုလည်း တောင်းဆိုထားသည်။



▲ မြစ်ဆုံဆည် ဆောက်လုပ်ရေးလုပ်ငန်းခွင်

အစိုးရဝန်ကြီး ဦးဇော်မင်း၏ အဆိုအရ မြစ်ဆုံဆည်သည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ‘သက်ရောက်မှု ဆန်းစစ်ခြင်း’ များ ပြုလုပ်ပြီးမှ စတင်ခဲ့ခြင်းဖြစ်ကြောင်း တုံ့ပြန်ထားသည်။ သို့ရာတွင်လည်း ထိုဆန်းစစ်မှု၏ ရလဒ်ကို အများပြည်သူထံ ဖြန့်ဝေဖော်ထုတ်ခဲ့ခြင်း မရှိချေ။

၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် မြစ်ဆုံစီမံကိန်းကို ယာယီ ဆိုင်းငံ့ထားမည်ဖြစ်ကြောင်း သမ္မတဦးသိန်းစိန်က ကြေညာခဲ့သည်။ ရေကာတာ ဆောက်လုပ်ရေးကို ရပ်တန့်ပစ်လိုက်ပါက ဥပဒေအရ ဆောင်ရွက်မည်ဖြစ်ကြောင်း CPI ဥက္ကဋ္ဌက သတိပေးထားသည်။

**ဆွေးနွေးချက်**

၁။ ‘မြစ်ဆုံစီမံကိန်း’ ဥပမာရပ်တွင် မည်သည့် ‘စည်းရုံးဆွဲဆောင်မှုများ’ ကို တွေ့မြင်ရသနည်း။

၂။ ထိုလုပ်ဆောင်ချက်များသည် မည်မျှထိရောက်မှု ရှိကြသနည်း။

## (ခ) အရေးဆိုမှု (Advocacy)

အရေးဆိုမှုဆိုသည်မှာ ပြဿနာကိစ္စရပ်တစ်ရပ်၊ ဖြစ်ရပ်တစ်ခုအကြောင်း လူအများ သိရှိလာပြီး အစိုးရ လုပ်ဆောင်ချက်များနှင့် မူဝါဒများအပေါ် လွှမ်းမိုးသက်ရောက်မှု ဖြစ်ပေါ်အောင် ဆောင်ရွက်ခြင်းကို ဆိုလိုသည်။ ထိုကိစ္စရပ်များအပေါ်တွင် ပြည်သူ့အမြင် သဘောထားများ တိုးတက်ပြောင်းလဲပါက အစိုးရအပေါ်၌ သွယ်ဝိုက်လွှမ်းမိုးမှုရှိလာမည် ဖြစ်သည်။ မီဒီယာ လှုပ်ရှားမှုများ၊ ဟောပြောမှုများ၊ သုတေသနစာတမ်း ထုတ်ပြန်ခြင်း အစရှိသည်တို့မှာ အရေးဆိုဆောင်ရွက်မှုမျိုးတွင် အကျုံးဝင်သည်။ ထို့အပြင် အဖွဲ့များက မိမိတို့ ဖော်ဆောင်ပေးလိုသည့် မူဝါဒများအတွက် လူထုထောက်ခံမှု တိုးတက်ရရှိလာစေရေး ကိုလည်း ဦးတည်ကြိုးပမ်းကြသည်။ ဤသည်မှာ လူ့အဖွဲ့အစည်းအတွင်းရှိ အပယ်ခံ အသိုင်းအဝိုင်းတို့၏ အခွင့်အရေးများကို အကာအကွယ်ပြုပေးရန် ပြင်ပအုပ်စုများ သုံးလေ့သုံးထရှိသည့် နည်းဗျူဟာတစ်ရပ်လည်း ဖြစ်သည်။

## ဆွေးနွေးချက်

၁။ မိမိတို့နိုင်ငံရှိ အရပ်ဘက်လူမှုအဖွဲ့အစည်း(CSO)များသည် မည်သည့် အပယ်ခံအုပ်စုများအတွက် ကိုယ်စားပြု အရေးဆိုပေးကြသနည်း။

၂။ ထို အရပ်ဘက်လူမှုအဖွဲ့အစည်း(CSO)များသည် ရည်မှန်းချက်များ ဖော်ဆောင်ရာတွင် မည်မျှ အောင်မြင်ကြသနည်း။

၃။ မြစ်ဆုံစီမံကိန်းဆိုင်ရာ ဥပမာရပ်တွင် မည်ကဲ့သို့သော 'လှုံ့ဆော် အရေးဆိုမှု' တို့ကို တွေ့ရှိရသနည်း။ မည်မျှထိရောက်မှု ရှိကြသနည်း။

## (ဂ) ဆန္ဒထုတ်ဖော်မှု (Demonstration)

လှုံ့ဆော် အရေးဆိုမှုများကဲ့သို့ပင်လျှင် ဆန္ဒထုတ်ဖော်မှုများသည် ပြဿနာရပ်အပေါ် လူအများ ဂရုမှုလာကြခြင်းဖြင့် အစိုးရကို တွန်းအားပေးနိုင်ရန် ရည်မှန်းချက်ထား ဆောင်ရွက်ကြသည်။ လှုံ့ဆော်အရေးဆိုမှုများ (Advocacy)တွင် သတင်းအချက်အလက်များ တင်ပြခြင်းကို အခြေခံလျက် လုပ်ဆောင်ကြသော်လည်း ဆန္ဒထုတ်ဖော်မှုများကမူ လူထုနှင့် မီဒီယာတို့ သတိမပြုဘဲမနေနိုင်အောင် ဖြစ်ရပ်အစီအစဉ်ပွဲတစ်ခု ဖန်တီးခြင်းဖြင့် လုပ်ဆောင်ကြသည်။ ထို့ကြောင့် ဆန္ဒထုတ်ဖော်မှုများကို ခံစားမှု၊ ဖော်ပြချက်များ ပြင်းထန်စွာနှင့် မြင်သာစွာ ဖန်တီးကြသည်။ ထိုအခါ ရုပ်သံသတင်းတွင် ပါရှိသည့် ဇာတ်လမ်းတိုလေးတစ်ခုပင်လျှင် လူအများ၏ စိတ်ကို ဖမ်းစားပြီး ပြည်သူတို့၏ အမြင်သဘောထားတို့အပေါ် ချယ်လှယ်လွှမ်းမိုးထားနိုင်သည်။ ဆန္ဒထုတ်ဖော်မှုများနှင့် အခြားထိပ်တိုက်ရင်ဆိုင်ရသော လှုပ်ရှားမှုများတွင် အရင်းအနှီး များများစားစား မလိုအပ်။ (ဥပမာ – ငွေကြေး၊ ကျွမ်းကျင်ပညာရှင်အင်အား စသည်) ထို့ကြောင့်လည်း ထိုနည်းဗျူဟာ တို့မှာ အစိုးရအပေါ် တိုက်ရိုက် လွှမ်းမိုးနိုင်စွမ်း မရှိကြသည့် အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) များအကြား အသုံးများရခြင်းဖြစ်သည်။

## (ဃ) သပိတ်မှောက်မှု (Strike)

သပိတ်မှောက်မှုဆိုသည်မှာ အလုပ်သမားများ၏ တောင်းဆိုချက်များကို အလုပ်ရှင်တို့ လက်ခံလာကြစေရန် ဖိအားပေးသည့်အနေဖြင့် အလုပ်သမားများက လုပ်ငန်း ရပ်တန့်ထား ခြင်းကို ဆိုလိုသည်။ ထိုတောင်းဆိုချက်များသည် လုပ်ငန်းခွင် အခြေအနေ၊ လုပ်ခလစာ တို့နှင့် သက်ဆိုင်နိုင်သည်။ (ဥပမာ စက်ရုံတစ်ရုံရှိ အလုပ်သမားများသည် မိမိတို့၏ လိုလားချက်များကို စီမံခန့်ခွဲရေးဌာနက နားထောင် ဖြည့်ဆည်းပေးခြင်း မပြုသမျှ လုပ်ငန်းဆောင်ရွက်မှုများကို ရပ်တန့်ထားနိုင်မည်။) သို့ရာတွင်လည်း သပိတ်မှောက်မှု များ၏ ဦးတည်ချက်တို့သည် နိုင်ငံရေးလည်း ဆန်နိုင်သည်။ ဥပမာအားဖြင့်ဆိုရသော် အစိုးရ၏ ကျန်းမာရေးစောင့်ရှောက်မှု ဘတ်ဂျက်ငွေ လျှော့ချဖြတ်တောက်မှုကို ဆရာဝန်များက သပိတ်မှောက်ကန့်ကွက်ခြင်းမျိုးဖြစ်သည်။ ဆန္ဒထုတ်ဖော်မှုများကဲ့သို့ပင်လျှင် သပိတ်မှောက်မှုတို့သည် ပြဿနာကိစ္စရပ်ကို မီဒီယာနှင့် လူထုတို့၏ စိတ်ဝင်စားမှု မြင့်တက်လာစေနိုင်သည်။ သို့သော် သပိတ်မှောက်သူများသည် အဖွဲ့၏ စီးပွားရေး အင်အားကို အသုံးပြုပြီး တွန်းအားပေးသည့်အနေဖြင့် အဖွဲ့၏ ဝန်ဆောင်မှုများ၊ ထုတ်ကုန် များကိုလည်း ရပ်တန့်၊ ဖြတ်တောက်ပစ်တတ်ကြသေးသည်။ ထိုသို့ လုပ်ဆောင်ခြင်းဖြင့် ပြည်သူများက အစိုးရကြောင့်ဟု ဒေါသပွားလာစေပြီး အစိုးရမူဝါဒများ ပြောင်းလဲလာစေရန် ပိုမိုဖိအားပေး တောင်းဆိုလိုသော ပြည်သူ့အမြင်သဘောထား ပေါ်လာမည်ဖြစ်သည်။




▲ အမေရိကန်နိုင်ငံ၊ ချီကာဂိုမြို့ရှိ ကျောင်းဆရာများ သပိတ်။

## လေ့ကျင့်ခန်း

၁။ အထက်ဖော်ပြပါ နည်းဗျူဟာတို့အနက် မည်သည်ကို 'အတွင်းအုပ်စု' တို့ အသုံးပြုကြမည်ဟု ထင်သနည်း။

၂။ အထက်ဖော်ပြပါ နည်းဗျူဟာတို့အနက် မည်သည်ကို 'ပြင်ပအုပ်စု' တို့ အသုံးပြုမည်ဟု ထင်သနည်း။



## မြန်မာ့ရေးရာ

### ရှစ်လေးလုံး (၈၈၈၈) လှုပ်ရှားမှု

ရှစ်လေးလုံး (၈၈၈၈) အရေးတော်ပုံသည် ဦးနေဝင်း၏ ဗမာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို ဆန့်ကျင်သည့်အနေဖြင့် ချီတက်ပွဲများ၊ ဆန္ဒထုတ်ဖော်မှုများ၊ ကန့်ကွက်ပွဲများ တစ်ဆက်တည်းဖြစ်ပွားခဲ့သည့်ဖြစ်ရပ်တစ်ခုဖြစ်သည်။ ၁၉၈၇ ခုနှစ်၊ စက်တင်ဘာလ (၅) ရက်နေ့တွင် နေဝင်းအစိုးရက ငွေသားစက္ကူအသစ်များကို ရုတ်သိမ်းကြောင်း ထုတ်ပြန်ခဲ့သည်။ ကျောင်းသားများမှာ ကျောင်းလခအတွက်စုငွေများ ရုတ်ချည်းဆုံးရှုံးရသည့်အတွက် အစိုးရ၏ဆုံးဖြတ်မှုအပေါ် ဒေါသဖြစ်ကုန်သည်။ ကျောင်းသားတို့၏ ဒေါသက ရန်ကုန် လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် ခိုက်ရန်ဖြစ်ပွားမှုတစ်ခုအပြီး ပိုမို မြင့်တက်ခဲ့ရသည်။ ခိုက်ရန်ဖြစ်ပွားမှုတွင် ကျောင်းသားအချို့ ဒဏ်ရာရရှိခဲ့ကြပြီး ပါဝင်သူအချို့မှာ အပြစ်ပေးမခံရဘဲ လွတ်မြောက်သွားကြသည်။ ထိုအဖြစ်အပျက်တို့ကို ကြမ်းတမ်းစွာ တုံ့ပြန်ဖြေရှင်းခဲ့သော ရဲတပ်ဖွဲ့ကြောင့် ရဲနှင့် အစိုးရကို ကျောင်းသားများက ကန့်ကွက် ဆန္ဒပြခြင်းများ ဖြစ်လာရသည်။

ထိုကျောင်းသားများဦးဆောင်သော ကန့်ကွက်ဆန္ဒပြပွဲများတွင် အစိုးရဝန်ထမ်းများ၊ ရဟန်းသံဃာများ၊ လေတပ်၊ ရေတပ်မှ အမှုထမ်းများ၊ ဆရာ၊ ဆရာမများနှင့် ဆေးရုံဝန်ထမ်းများအပါအဝင် အခြားသောနိုင်ငံသားများမှ ပူးပေါင်းပါဝင်ခဲ့ကြသည်။ လက်ကမ်းစာစောင်များနှင့် ပိုစတာများမှာ လမ်းများပေါ်တွင် အလျှိုလျှို ပေါ်ထွက်လာသည်၊ အစိုးရနှင့်သဘောထားကွဲလွဲသည့် သတင်းစာများကိုလည်း လွတ်လပ်စွာ ထုတ်ဝေလာကြသည်၊ အပြောင်းအလဲကို တောင်းဆိုသည့် ချီတက်ပွဲများနှင့် ဟောပြောမှုများမှာလည်း အတွေ့ရများလာခဲ့သည်။

၁၉၈၈ ဩဂုတ်လ ၈ ရက်နေ့တွင် တစ်နိုင်ငံလုံး သပိတ်မှောက်မှု ပေါ်ပေါက်လာခဲ့သည်။ ဗမာပြည်တစ်ဝန်းတွင် လူထုဆန္ဒထုတ်ဖော်မှုများ ကျင်းပခဲ့ကြပြီး တိုင်းရင်းသားလူနည်းစုများ၊ ဗုဒ္ဓဘာသာဝင်၊ မွတ်ဆလင်ဘာသာဝင်၊ ခရစ်ယာန်ဘာသာဝင်များ၊ ကျောင်းသားများ၊ အလုပ်သမားများနှင့် လူကြီးလူငယ်ပါမကျန် အားလုံးတို့က အစိုးရကို ဆန့်ကျင် ဆန္ဒပြခဲ့ကြပေသည်။ မန္တလေးတိုင်းတွင် ရှေ့နေများက သပိတ်မှောက်ရေးကော်မတီတစ်ရပ်ကို စည်းစနစ်တကျ ဦးဆောင်ခဲ့ကြသည်။ ထိုကော်မတီက ပါတီစုံဒီမိုကရေစီနှင့် လူ့အခွင့်အရေးတို့ကို အလေးပေးတောင်းဆိုကြသည်။ အစိုးရ၏ စီးပွားရေးမူဝါဒအပေါ် မကျေမနပ် ဖြစ်နေသည့် လယ်သမားများမှလည်း ရန်ကုန်မြို့ရှိ ကန့်ကွက်ဆန္ဒပြပွဲများတွင် ပူးပေါင်းပါဝင်ခဲ့ကြသည်။ ကျေးရွာတစ်ရွာတွင်မူ ရွာခံ ၅၀၀၀ အနက် ၂၀၀၀ ခန့်က ပါဝင် သပိတ်မှောက်ခဲ့ကြသည်။

ယနေ့အခါတွင် ထိုလှုပ်ရှားမှုကို ကမ္ဘာတွင် အမှတ်ရ ဂုဏ်ပြုလျက်ရှိပေသည်။ နှစ်စဉ် ဩဂုတ်လ ၈ ရက်နေ့တွင် ဆန္ဒထုတ်ဖော်မှုများ၊ အခမ်းအနားများဖြင့် ရှစ်လေးလုံး (၈၈၈၈) လှုပ်ရှားမှုကို အောက်မေ့ သတိရလျက်ရှိကြသည်။

## ဆွေးနွေးချက်

၁။ မည်သို့သော ဆန္ဒထုတ်ဖော်မှုဆိုင်ရာ ဥပမာရပ်များကို ရှစ်လေးလုံး (၈၈၈၈) အရေးတော်ပုံတွင် တွေ့မြင်နိုင်သနည်း။ ဆန္ဒထုတ်ဖော်သူများအနေဖြင့် မည်သည်တို့ကို ဆောင်ကြဉ်းပေးနိုင်ရန် ကြိုးပမ်းခဲ့ကြသနည်း။

၂။ မည်သို့သော သပိတ်မှောက်ခြင်းဆိုင်ရာ ဥပမာရပ်များကို ရှစ်လေးလုံး (၈၈၈၈) လှုပ်ရှားမှုတွင် တွေ့မြင်နိုင်သနည်း။ သပိတ်မှောက်သူများအနေဖြင့် မည်သည်တို့ကို ဆောင်ကြဉ်းပေးရန် ကြိုးပမ်းခဲ့ကြသနည်း။

### ပြန်လည်သုံးသပ်ချက်

လုပ်ငန်းခွင်အခြေအနေများ ပိုမို ကောင်းမွန်ရေးအတွက် ဆရာဝန်များ၊ ရဲဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၏ သပိတ်မှောက်တောင်းဆိုကြခြင်းကို လက်သင့်ခံနိုင်ပါသလား။ အဘယ့်ကြောင့်နည်း။

### လုပ်ငန်းများ

၁။ ဖြစ်စဉ်ပြဇယားကို ကြည့်ရှု သုံးသပ်ပါ။ မည်သည့် ဖြစ်ရပ်တို့တွင် အရပ်ဘက်လူ့အဖွဲ့အစည်းမှ လှုပ်ရှားဆောင်ရွက်သူများ ပါဝင်ခဲ့ကြသနည်း။ ထိုသူတို့အနေဖြင့် အဆိုပါ ဖြစ်ရပ်များတွင် နိုင်ငံရေးအပေါ် မည်သို့ သက်ရောက်မှု ရှိစေခဲ့သနည်း။

၂။ မည်သည့် အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) နည်းဗျူဟာများ (စည်းရုံးဆွဲဆောင်ခြင်း၊ ကိုယ်စားပြု အရေးဆိုခြင်း၊ ဆန္ဒထုတ်ဖော်ခြင်း၊ သပိတ်မှောက်ခြင်း) တို့အနက် မည်သည်တို့ကို ထို ဖြစ်ရပ်များတွင် အသုံးပြုခဲ့ကြသနည်း။

### ဆွေးနွေးချက်

၁။ အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) များသည် မိမိတို့ တိုင်းပြည်ရှိအစိုးရအပေါ် လွှမ်းမိုးရန် မည်သို့ ကြိုးစားလျက်ရှိသနည်း။ မည်မျှအထိ အောင်မြင်မှု ပိုင်ဆိုင်ထားကြသနည်း။

၂။ မည်သည့် နည်းဗျူဟာတို့က အစိုးရအပေါ် ဖိအားအများဆုံးပေးနိုင်သနည်း။ အဘယ်ကြောင့်နည်း။

## ၈.၂.၃ အရပ်ဘက်လူမှုအဖွဲ့အစည်းများ (CSO) နှင့် လူ့အဖွဲ့အစည်း

### (က) အားသာချက်များ

လူထုအခြေပြုအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ကြသည့်အခါ မျိုး၌ လွတ်လပ်စွာ သင်းဖွဲ့ခွင့် (freedom of association) နှင့် လွတ်လပ်စွာ စုရုံးခွင့် (freedom of assembly) ဟူသည့် အခွင့်အရေးများကို လက်ကိုင်ထားကြသည်။ ထိုသို့ ကျင့်ကြံခြင်းက နိုင်ငံသားတို့၏ ပါဝင်မှုကို မြှင့်တင်ပေးပြီး ဒီမိုကရေစီကို ရှင်သန်အားကောင်းလာစေသည်။

အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) များသည် သာမန်နိုင်ငံသားတို့၏ လိုအပ်ချက်များ၊ လိုလားချက်များ စသော ဘဝအခြေအနေအဖုံဖုံကို သိမြင်အလေးထားလာကြစေရေးအတွက် အစိုးရအပေါ် တွန်းအားပေးကြသည်။ ထိုသို့ တွန်းအားပေးခြင်းဖြင့် အစိုးရတို့မှာ တာဝန်ခံမှု ပိုရှိလာပြီး၊ ပွင့်လင်းမြင်သာလာကြသည်။ ထို့အတူ နိုင်ငံရေးအရပါဝင်မှုတို့ကိုလည်း မြှင့်တင်ပေးသည်။

အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) များသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ အကူအညီများကိုလည်း အပယ်ခံ အသိုင်းအဝိုင်းတို့ထံ ထောက်ပံ့နိုင်ကြသည်။ ထိုအသိုင်းအဝိုင်းများတွင် ဝေးလံခေါင်းပါးပြီး၊ စစ်ဘေးဒဏ် ခံစားနေရသည့် နယ်မြေများမှလည်း ပါဝင်ကြသည်။ လူမှုအသိုင်းအဝိုင်းတို့ကို စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းဖြင့် မိမိတို့ ရင်ဆိုင်ခံစားနေရသည့် ပြဿနာကိစ္စရပ်များကို ဖြေရှင်းလာနိုင်စေရန်အတွက်လည်း အင်အားကြီး လူထုအခြေပြုအဖွဲ့အစည်းများက ဖော်ဆောင်ပေးတတ်ကြသည်။

### အကြိုသင်ခန်းစာ

ဩဇာကြီးမားသော အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် လူ့အဖွဲ့အစည်းအတွက် အကောင်းတရားဆောင်ကြဉ်းပေးနိုင်သလော၊ သို့မဟုတ် အဆိုးတရားဖြစ်စေသလော။ အဘယ်ကြောင့်နည်း။

## ဆွေးနွေးချက်

<u>သင်ခန်းစာ (၈.၂.၃) ကို လေ့လာ</u>
<u>ဖတ်ရှုပြီးပါက –</u>

၁။ အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) များအနေဖြင့် ဒီမိုကရေစီကို မည်သို့ အားလျော့စေသနည်း။

၂။ အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) များအနေဖြင့် ဒီမိုကရေစီကို မည်သို့ ပေးစွမ်းကြသနည်း။

## (ခ) ပြဿနာရပ်များနှင့် အခက်အခဲများ

ယနေ့ခေတ်အခါတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများတွင် ပါဝင်လှုပ်ရှားကြသူတို့သည် မည်သူမည်ဝါကမျှ တိုက်ရိုက်ရွေးချယ် ခန့်အပ်ပေးမထားဘဲလျက် နိုင်ငံရေးအာဏာ အများအပြား ပိုင်ဆိုင်ထားကြကြောင်း ဆိုထားကြသည်။

အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) များသည် အဖွဲ့အစည်း တည်ဆောက်ပုံအရ ဒီမိုကရက်တစ် မကျလှဟုလည်း ဝေဖန်ခံထားရသည်။ အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) အချို့တို့သည် အထက် – အောက်သဘော စီမံကိုင်တွယ်သည့် ခေါင်းဆောင်များ၏ လက်အောက်တွင် ကျရောက်နေသည်။ ထိုကဲ့သို့သော အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) များအတွင်းရှိ လူငယ်တို့မှာ မိမိတို့၏ သဘောထားအမြင်များကို ဖော်ထုတ်တင်ပြရန်၊ အထက်မှချမှတ်ထားသည့် ဆုံးဖြတ်ချက်များအတွက် ဆွေးနွေးပါဝင်ရန်တို့ကိုလည်း မလုပ်ဆောင်နိုင်ကြချေ။

အခြားသော ပြဿနာတစ်ရပ်မှာ 'အရပ်ဘက်လူ့အဖွဲ့အစည်းများ' သည် လူမှုအဖွဲ့အစည်း တစ်ခုလုံး၏ ပြဿနာအားလုံးတို့အတွက် အဖြေပင်ဖြစ်သည်ဟု လူအများက တွေးထင်ထားကြခြင်းဖြစ်သည်။ အစိုးရက ဝန်ဆောင်မှုကောင်းကောင်း မပေးနိုင်သည့် တိုင်းပြည်များတွင် အရပ်ဘက်လူ့အဖွဲ့အစည်းများအပေါ် မျှော်လင့်ချက်ထားမှု လွန်ကဲခြင်း၊ ယုံကြည်လွန်ခြင်း အန္တရာယ်များပင် ရှိနိုင်သေးပါသည်။




► ၂၀၁၃ ခုနှစ်တွင် ပထမဦးဆုံးသော မြန်မာအမျိုးသမီးများ ဖိုရမ်ကို အမျိုးသမီး အဖွဲ့အစည်းများ ကွန်ရက်နှင့် မြန်မာအမျိုးသမီးများအဖွဲ့ချုပ် တို့မှ ကြီးမှူးကျင်းပနိုင်ခဲ့သည်။ ထိုအဖွဲ့အစည်း (၂) ရပ်လုံးသည် အမျိုးသမီးစွမ်းဆောင်ရည် မြှင့်တင်ရေးအတွက် လုပ်ကိုင်ဆောင်ရွက်လျက် ရှိသည်။
http://womenofburma.org
http://www.facebook.com/WONMM






## လုပ်ငန်းများ

အောက်ဖော်ပြပါ အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) ဆိုင်ရာ အဆိုတို့ကို ဇယား၏ သင့်တော်သော နေရာတွင် ဖြည့်စွက်ပေးပါ။

| | အကျိုးတရားများ | ဘေးအန္တရာယ်များ |
|---|---|---|
| နိုင်ငံရေးအရ တန်းတူညီမျှမှု | | |
| ဆွေးနွေးမှုနှင့် ငြင်းခုံပြောဆိုမှု | | |
| တာဝန်ခံမှု | | |
| ပါဝင်ဆောင်ရွက်မှု | | |
| ဆုံးဖြတ်ချက်ချမှတ်မှု | | |

က။ အတွင်းအုပ်စုများသည် အာဏာကြီးမားသည့် အဖွဲ့များကို နိုင်ငံရေးတွင် ပိုမို လွှမ်းမိုးထားစေခြင်းဖြင့် လူမှုရေးမညီမျှမှုကို ပိုမို ဆိုးစေနိုင်သည်။

ခ။ နိုင်ငံရေးဆွေးနွေးမှုများအတွက် အယူအဆများ၊ အမြင်များကို မိတ်ဆက်ပေးခြင်းဖြင့် အစိုးရ (နှင့် လူ့အဖွဲ့အစည်း) တို့ အသိအမြင် ပိုမို တိုးပွားလာကြပြီး မူဝါဒကောင်းများ ပေါ်ထွန်းလာစေသည်။

ဂ။ အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) များသည် မိမိတို့ ရင်ဆိုင်ဖြေရှင်းလျက်ရှိသည့် ပြဿနာကိစ္စရပ်အတွက် စိတ်ဆန္ဒ ပြင်းထန်ကြသည်။ ထိုပြဿနာကိစ္စရပ်တို့မှာ အငြင်းပွားဖွယ် သို့မဟုတ် အကဲဆတ်သည့် ပြဿနာကိစ္စရပ်များ ဖြစ်နေပါက ပဋိပက္ခများ ပေါ်ပေါက်လာစေနိုင်သည်။

ဃ။ အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) များ (အထူးသဖြင့် လူမှုလှုပ်ရှားမှုများ) သည် 'ဒီမိုကရေစီ၏ အလွတ်ကျောင်းတော်ကြီးများ' ဖြစ်ကြသည်။ ထိုကျောင်းတော်ကြီးတွင် နိုင်ငံရေးအတွင်း မည်သို့ ပါဝင်လုပ်ဆောင်ရမည်ကို သင်ယူနိုင်ကြမည်။

င။ အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) များသည် အစိုးရအာဏာအပေါ် ကန့်သတ်နိုင်၊ ထိန်းချုပ်နိုင်သည့် အပြန်အလှန် ထိန်းကျောင်းမှုစနစ်တစ်ရပ် ဖြစ်သည်။ အစိုးရတို့ ကတိကဝတ်များအတိုင်း ကျင့်ကြံကြပြီး လူနည်းစုတို့၏ အခွင့်အရေးများကို ကာကွယ်လာစေရန် တွန်းအားပေးခြင်းဖြင့် တာဝန်ခံမှုကို မြင့်တက်စေသည်။

စ။ အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) များသည် အာဏာ ပိုင်ဆိုင်ထားကြသော်လည်း မည်သူ့ကိုမျှ တာဝန်ခံမှုမရှိ။ ဆိုလိုသည်မှာ အစိုးရများ (သို့) ပါတီများလောက် အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) များမှာ တရားဝင်အသိအမှတ်ပြုမှု မပိုင်ဆိုင်ထားကြဟု ဖြစ်သည်။ သို့သော် ၎င်းတို့မှာ နိုင်ငံရေးတွင် ချယ်လှယ် လွှမ်းမိုးထားနိုင်ကြသည်။

ဆ။ အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) များမှ ရရှိသည့် သတင်းအချက်အလက်များ (ထုတ်ပြန်ချက်များ၊ အစီရင်ခံစာများ) သည် အစိုးရများအတွက် မှန်ကန်သော ဆုံးဖြတ်ခြင်းများနှင့် ထိရောက်သော မူဝါဒများ ချမှတ်ရန် အထောက်အကူပြုပေးသည်။

ဇ။ ရွေးကောက်တင်မြှောက်ခြင်း မခံထားရသည့် စည်းရုံးလှုံ့ဆော်သူများ (လော်ဘီများ)၊ အတွင်းအုပ်စုများသည် သာမန်နိုင်ငံသားများထက် နိုင်ငံရေးတွင် ပိုမိုပါဝင်နိုင်သည့် အာဏာ ပိုင်ဆိုင်ထားကြသည့်အလျောက် ရွေးကောက်ပွဲနိုင်ငံရေးအပေါ် ကဖျက်ယဖျက် လုပ်နိုင်ကြသည်။

ဈ။ အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) များသည် နိုင်ငံရေးကို ပိုမို ခက်ခဲစေမည် ဖြစ်သည်။ အကြောင်းမှာ နိုင်ငံရေးသမားတို့အနေဖြင့် အာဏာကြီးမားသည့် အဖွဲ့အသီးသီးတို့၏ မျက်နှာကို ကြည့်ပြီး မူဝါဒများ ချမှတ်ကြရမည် ဖြစ်သောကြောင့် ဖြစ်သည်။

ည။ နိုင်ငံရေးပါတီများ လျစ်လျူရှုထားကြသည့် လူမှုအုပ်စုများ၏ အကျိုးစီးပွားကို အစိုးရနှင့် လူ့အဖွဲ့အစည်းအတွင်း သိရှိလာအောင် အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) များက ကိုယ်စားပြုနိုင်ကြသည်။

## လုပ်ငန်းများ

၁။ အောက်ပါ အစိုးရမဟုတ်သည့် အဖွဲ့အစည်း (NGO) များကို သင့်တော်သည့် အညွှန်းဖော်ပြချက် (က – ဃ) တို့နှင့် တွဲစပ်ပေးပါ။

၂။ ထို အစိုးရမဟုတ်သည့် အဖွဲ့အစည်း (NGO) များနှင့် အညွှန်းဖော်ပြချက်များကို သင့်တော်သည့် ရည်ရွယ်ချက်များ (၁–၁၄) နှင့် တွဲစပ်ပေးပါ။

The Child Labour Program

Gateway To Education
An "Access to Education" Program

Standard of Living
The S.O.L.
Program, Myanmar

Safe Space
Protection From Abuse and Neglect

က။ ကျောင်းသားများ မိမိတို့၏ အမြင်ကို ထုတ်ဖော်ဝံ့လာကြပြီး၊ တရားရှိလူနေမှုဆိုင်ရာ ကိစ္စရပ်များအကြောင်း သိရှိလာကြစေရန် ရည်ရွယ်သည်။ ဤသည်က ဒီမိုကရေတစ်နည်းအရ ပါဝင်မှုကို လူငယ်များ သိမြင် ကျင့်ကြံလာစေမည့် နည်းလမ်းကောင်းတစ်ရပ်လည်း ဖြစ်သည်။ ထိုလုပ်ငန်းများအတွက် စာသင်ကျောင်းများနှင့် ပူးပေါင်း လုပ်ဆောင်သွားမည် ဖြစ်ပြီး ကျောင်းသားတို့၏ သဘောထားအမြင်များကို ထုတ်ဖော် သိရှိလာရအောင် စွမ်းဆောင်သွားမည်။

ခ။ ကျွန်ုပ်တို့၏ တိုင်းပြည်ရှိ ကလေးသူငယ်များသည် ငယ်ရွယ်စဉ် အခါကတည်းက အန္တရာယ်ရှိလှသည့် လုပ်ငန်းများတွင် လုပ်ကိုင်ကြရသည်။ ဤပရောဂျက်တွင် ကလေးသူငယ်များ အလွဲသုံးစားပြုခံရခြင်းမှ အကာအကွယ်ပြုပေးရန်နှင့် ဘက်ပေါင်းစုံ ဖွံ့ဖြိုး ကြီးပြင်းလာစေရန်တို့ကို ဖော်ဆောင်ပေးသွားမည် ဖြစ်သည်။

ဂ။ လူနေမှုအဆင့်အတန်းမြင့်မားခြင်းက ကလေးသူငယ်များ ကျန်းမာဖွံ့ဖြိုး လာကြပြီး၊ လူ့အဖွဲ့အစည်းတည်ဆောက်ပုံဖော်ရာတွင် အားဖြည့် ပါဝင် လာနိုင်စေရေးတို့အတွက် မရှိမဖြစ် လိုအပ်သည်။ ဤပရောဂျက်တွင် တိုင်းပြည်၏ လူနေမှုအဆင့်အတန်းကို မြှင့်တင်ပေးခြင်းအားဖြင့် ကလေးသူငယ်များ ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးနိုင်ကြစေရန် ဖော်ဆောင် ပေးသွားမည်။

ဃ။ အနိုင်ကျင့်ခံရမှုနှင့် လျစ်လျူရှုခံရမှုများသည် လူ့အဖွဲ့အစည်း၏ အောက်ခြေ ဖိနှိပ်ခံဘဝများကို နင်းချေလျက်ရှိသည်။ အကျိုးဆက်အနေဖြင့် အနိုင်ကျင့်ခံ ကလေးသူငယ်များသည် ရုပ်ပိုင်း၊ စိတ်ဓာတ်ပိုင်းနှင့် စိတ်ခံစားမှုအပိုင်းတို့တွင် မသန်မစွမ်းအနေအထားမျိုးဖြင့် ကြီးပြင်းလာရလိမ့်မည်။ ဤပရောဂျက်တွင် ကလေးသူငယ်များနှင့် လူငယ်လေးများ၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ အလွဲသုံးစား ပြုမှုများနှင့် လျစ်လျူရှုမှုများကို အမြစ်ပြတ် တွန်းလှန်ရန် ရည်ရွယ်သည်။

၁။ လူ့အခွင့်အရေးနှင့် တရားရှိလူနေမှုဆိုင်ရာ အကြောင်းအရာများ၊ ကျောင်းသားတို့၏ ကိုယ်ပိုင် ယဉ်ကျေးမှုနှင့် အခြားယဉ်ကျေးမှုများအကြောင်း အသိပညာပေးမှုများ၊ ပဋိပက္ခများကို ငြိမ်းချမ်းစွာ ဖြေရှင်းခြင်းနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပညာရေး အစရှိသည်တို့အတွက် သင်ရိုးများ ထုတ်ဝေရန်၊

၂။ အနိုင်ကျင့်မှုနှင့် လျစ်လျူရှုမှုတို့အကြောင်း မိဘများ သိမြင်နားလည်လာစေရန်နှင့် လူမှုရေး လုပ်သားများ၊ ရဲများနှင့် ကျန်းမာရေးဝန်ထမ်းများကို လေ့ကျင့် သင်ကြားပေးရန်၊

၃။ သန့်ရှင်းသပ်ရပ်သည့် တန်ဖိုးနည်း အိမ်ရာများ တည်ဆောက်ရန်၊

၄။ အခြေခံ အာဟာရ လိုအပ်ချက်များကို မိသားစုတိုင်း ပြည့်မီစွာ ရရှိရေးအတွက် စိုက်ပျိုးရေးအစီအစဉ်များ ချမှတ်အကောင်အထည်ဖော်ရန်၊

၅။ စာသင်ခန်းအတွင်းတွင် ဆရာ၊ ဆရာမများမှ ကျောင်းသားများအပေါ် တန်းတူညီမျှ ဆက်ဆံစေရေးအတွက် ပညာပေးရန်၊

၆။ အခြေခံစားသောက်ကုန်ပစ္စည်းများကို သက်သာချောင်ချိစွာ ဝယ်ယူ ရရှိနိုင်ရေးအတွက် အစားအသောက်လုပ်ငန်းများကို ကြပ်မတ်ရန်၊

၇။ အနိုင်ကျင့်ခံရမှုနှင့် လျစ်လျူရှုခံရမှု၊ မူးယစ်ဆေးသုံးစွဲမှု၊ လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်ခံရမှုနှင့် အသုံးချခံရမှု အစရှိသည့် ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး စာသင်ကျောင်းများနှင့် လူငယ်အဖွဲ့များတွင် ပညာပေးအစီအစဉ်များ ပြုလုပ်ရန်၊

၈။ မတူကွဲပြားသည့် လူ့အဖွဲ့အစည်းတစ်ရပ်အတွင်းတွင် နေထိုင်ခြင်းဖြင့် လူငယ်တို့၏ စိတ်သဘောထား၊ အရည်အချင်းတို့ မည်ကဲ့သို့ တိုးတက်လာနိုင်ကြောင်း မိဘများ သိရှိထားစေရန်၊ ထိုသို့ ဖော်ဆောင် ပေးနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနကို အကြံဉာဏ်များပေးရန်၊

၉။ ငယ်ရွယ်စဉ်တွင် အလုပ်စေခိုင်းခံခဲ့ရသည့် ကလေးသူငယ်များနှင့် လူငယ်များအကြောင်း အစီအရင်ခံမှုများ ဖော်ဆောင်ပေးရန်၊

၁၀။ ကလေးလုပ်သားအဖြစ် အသုံးချခံရနိုင်သည့် တိုင်းရင်းသားကလေးငယ်တို့ကို အထူးအလေးပေး စောင့်ရှောက်ပေးရန်၊

၁၁။ ကလေးငယ်တို့၏ ဝင်ငွေအပေါ် မှီခိုနေရသည့် မိသားစုများအတွက် ထောက်ပံ့ကူညီပေးရန်၊

၁၂။ အနိုင်ကျင့်ခံရမှုနှင့် လျစ်လျူရှုခံရမှုတို့အကြောင်း အကြံဉာဏ်နှင့် ဆွေးနွေးနှစ်သိမ့်မှုများရရှိစေမည့် လူငယ်စင်တာများ ထားရှိရန်၊

၁၃။ အလုပ်လုပ်ကိုင်နိုင်သည့် အသက်သတ်မှတ်ချက်တို့ ထားရှိစေရေးနှင့် လုပ်ငန်းခွင်အခြေအနေများ စောင့်ကြည့်ရေးတို့အတွက် အစိုးရနှင့် လက်တွဲလုပ်ဆောင်ရန်၊

၁၄။ ငတ်မွတ်မှုဒဏ်ခံစားနေရသူများကို အစားအစာ ပေးအပ် ရရှိစေရန်၊

## ဆွေးနွေးချက်

၁။ အကျိုးတူအုပ်စုများ (Interest groups) က လူ့အဖွဲ့အစည်းအတွက် အကျိုးတရားများကို ဆောင်ကြဉ်းပေးသလော၊ သို့မဟုတ် အဆိုးတရားများကို ဆောင်ကြဉ်းပေးသလော။

၂။ မြန်မာအကျိုးတူအုပ်စုအချို့သည် အခြားသောအဖွဲ့များထက် အဘယ့်ကြောင့် ပိုမိုအောင်မြင်ကြရသနည်း။

## လုပ်ငန်းများ

### ကျွန်ုပ်တို့၏ အဖွဲ့အစည်း -အပိုင်း(၂)

အခန်း၏အစပိုင်းတွင် လုပ်ဆောင်ခဲ့သည့် အဆိုများ၊ ဘတ်ဂျက် (လျာထားငွေ) များကို ပြန်လည်ကြည့်ရှုပေးပါ။ ထိုအချက်အလက်များနှင့် သင်ခန်းစာပါ အကြောင်းအရာတို့ကို အခြေခံပြီး အောက်ပါတို့ကို ဖြည့်စွက်ပေးပါ။

<u>အရပ်ဘက်လူမှုအဖွဲ့အစည်းမှတ်တမ်း</u>

၁။ အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) အမည် ____________________

၂။ အလေးပေး ဆောင်ရွက်သည့် ကိစ္စရပ် (များ) ____________________

____________________

၃။ အဖွဲ့အစည်း၏ အဓိကရည်မှန်းချက် (ရည်မှန်းချက်တစ်ခုထက် ပိုမို ဖော်ပြနိုင်သည်။)

- ဝန်ဆောင်မှုပေးရန်၊ __________
- အစိုးရမူဝါဒကို ပြောင်းလဲရန်၊ __________
- လူထုအမူအကျင့် / သဘောထားတို့ကို ပြောင်းလဲရန် __
- (အခြား) ____________________

၄။ ကျင့်သုံးမည့် လှုပ်ရှားမှုအမျိုးအစား များမှာ

- စည်းရုံးဆွဲဆောင်ရန် (နိုင်ငံရေးသမားများကို လွှမ်းမိုးရန်)၊ __________
- လှုပ်ရှားလှုံ့ဆော်ရန် ( အများပြည်သူတို့၏ စိတ်ဝင်စားမှု ရရှိလာစေရေးအတွက် လှုပ်ရှားဆောင်ရွက်ရန်)၊ __________
- အလေးဂရုပြုလာကြစေရန် (အသိပညာပေး အစီအစဉ်များ၊ မီဒီယာအသုံးပြုခြင်း၊ စသည်)
- အကြမ်းမဖက်သည့် ထိပ်တိုက် တွေ့ လှုပ်ရှားမှုများ (ကန့်ကွက်ပွဲ၊ ဗီဆန်မှုများ၊ သပိတ်မှောက်မှု)၊ __________
- လိုအပ်ချက်ရှိသည့် အသိုင်းအဝိုင်းများအတွက် အရင်းအနှီးနှင့် ဝန်ဆောင်မှုများ ပေးစွမ်းခြင်း၊ __________
- (အခြား) ____________________ __________

____________________

## ပြန်လည်သုံးသပ်ချက်

၁။ ထိုနည်းဗျူဟာများကို အဘယ်အကြောင်းကြောင့် ရွေးချယ်ရသနည်း။

၂။ ထိုသို့ဆုံးဖြတ်ချက်ချမှတ်ရာတွင် အဖွဲ့အစည်း၏ အရွယ်အစားနှင့် ဘတ်ဂျက် (လျာထားငွေ) တို့က မည်သို့ သက်ရောက်မှုများ ရှိသနည်း။

၃။ မိမိတို့၏ အဖွဲ့အစည်းအနေဖြင့် အဓိကရည်မှန်းချက်များကို ဖြည့်ဆည်း ဖော်ဆောင်ပေးနိုင်လိမ့်မည်ဟု ထင်ပါသလား။ အဘယ်ကြောင့်နည်း။

# အခန်း (၉) နိုင်ငံရေးပါတီများ (Political Parties)

**အကြိုသင်ခန်းစာ**

၁။ နိုင်ငံရေးပါတီတစ်ရပ်ဆိုသည်မှာ အဘယ်နည်း။

## ၉.၁ နိုင်ငံရေးပါတီများ

### ၉.၁.၁ နိုင်ငံရေးပါတီများ

#### (က) နိုင်ငံရေးပါတီများ၏ လက္ခဏာများ

နိုင်ငံရေးပါတီများသည် နိုင်ငံရေးအပေါ် သဘောထားအမြင် တူညီကြသူများဖြင့် ပေါင်းစုထားခြင်းဖြစ်သည်။ ထိုသူတို့တွင် တူညီသော အကျိုးစီးပွား၊ စရိုက်လက္ခဏာနှင့် ဝါဒတို့ကို ပိုင်ဆိုင်ထားတတ်ကြပြီး မိမိတို့ နိုင်ငံရေးရည်မှန်းချက်များ ပြည့်မီရေးအတွက် အတူတကွ လုပ်ကိုင်ဆောင်ရွက်တတ်ကြသည်။ နိုင်ငံရေးပါတီကို တည်ထောင်ကြသူများ အနေဖြင့် အောက်ပါရည်ရွယ်ချက်တို့ ထားရှိကြသည်။

- လူ့အဖွဲ့အစည်းအတွင်း ခိုင်မာသောရပ်တည်ချက်တစ်ရပ် ကိုယ်စားပြုတည်ရှိစေရန်။
- အစိုးရတို့ မည်သည့်မူဝါဒများ ချမှတ်သင့်ကြောင်း အကြံဉာဏ်များပေးရန်။
- မိမိတို့၏ အယူအဆများ၊ တန်ဖိုးများကို အများပြည်သူတို့ထံ မျှဝေကျင့်သုံးစေရန်။
- ပါတီကိုယ်စားလှယ်လောင်းများ ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရေးအတွက် ထောက်ပံ့ပေးရန်တို့ ဖြစ်ကြသည်။

နိုင်ငံရေးပါတီများသည် မိမိတို့၏ပါတီအဖွဲ့ဝင်များ ဥပဒေပြုရေးတွင်လည်းကောင်း၊ အုပ်ချုပ်ရေးတွင်လည်းကောင်း ကိုယ်စားပြု ရွေးချယ်ခံရသူ အများဆုံး ပိုင်ဆိုင်ထားရခြင်းဖြင့် နိုင်ငံရေးအာဏာရရှိရန် ကြိုးပမ်းကြသည်။ (ပါလီမန်စနစ်များတွင်) ဥပဒေပြုမှုနေရာ အများစု ရရှိပိုင်ဆိုင်နိုင်ရန်၊ (သမ္မတစနစ်များတွင်) အုပ်ချုပ်ရေးရာထူးနေရာအတွက် လူအများစု၏ မဲပေးထောက်ခံမှုတစ်ရပ် ရရှိစေရန် ရည်မှန်းထားတတ်ကြသည်။ ထိုသို့ စွမ်းဆောင်နိုင်လျှင် 'အာဏာရပါတီ' ဖြစ်လာကြပြီး အစိုးရကို ထိန်းချုပ်နိုင်မည်ဖြစ်သည်။ ကျန်ပါတီတို့ကိုမူ အတိုက်အခံပါတီများဟု သတ်မှတ်သည်။




▲ ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲအပြီး ပြည်သူ့လွှတ်တော်နေရာများ။

## ကျွန်ုပ်တို့၏ နိုင်ငံရေးပါတီ - လက္ခဏာရပ်များ

**လုပ်ငန်းများ**

၁။ လူ့အဖွဲ့အစည်းအတွင်း ကျင့်သုံးသင့်သည်ဟု ထင်မြင်သည့် အရေးပါဆုံးသော တန်ဖိုး (၃) ရပ် ကို တစ်ဦးချင်းအနေဖြင့် ရေးသား ဖော်ပြပါ။

၂။ မိမိတို့နှင့် အမြင်တူညီသူအချင်းချင်းပေါင်းစုလျက် အဖွဲ့များ ဖွဲ့ပေးပါ။ မိမိတို့ အဖွဲ့အနေဖြင့် ရပ်ကွက် / ကျေးရွာ အဆင့်၊ ပြည်နယ် / တိုင်းအဆင့်၊ နိုင်ငံတော်အဆင့် ပြဿနာကိစ္စရပ်များအနက် မည်သည်ကို အလေးထား ဆောင်ရွက်မည်ကို ဆွေးနွေး ဆုံးဖြတ်ပါ။

၃။ မိမိတို့အဖွဲ့၏ နိုင်ငံရေးလက္ခဏာရပ်များသတ်မှတ်ရေး အစည်းအဝေးလုပ်ရန် အစည်းအဝေး အစီအစဉ် ဆွဲပါ။ ထိုအစည်းအဝေးတွင် အောက်ပါ မေးခွန်းများကို ဆွေးနွေး ဖြေဆိုပေးပါ။

(က) မိမိတို့၏ ရပ်ကွက် / ကျေးရွာ၊ ပြည်နယ် / တိုင်း / တိုင်းပြည်အနေဖြင့် ရင်ဆိုင်နေရသည့် အကြီးကျယ်ဆုံးသော လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာ ပြဿနာရပ်များကို ဖော်ပြပါ။

(ခ) မိမိတို့အဖွဲ့၏ 'ဝါဒ' မှာ အဘယ်နည်း။ လူမှုဘဝညီမျှမှုဗဟိုပြု ဆိုရှယ်လစ် ပိုဆန်မည်လော၊ လွတ်လပ်မှုဗဟိုပြုသော လစ်ဘရယ် ပိုကျမည်လော၊ ရှေးရိုးစွဲ ကွန်ဆာဗေးတစ် ဆန်မည်လော၊ သို့မဟုတ် အဆိုပါ ဝါဒတို့၏ အလယ်အလတ်တွင် ရှိမည်လော။

(ဂ) မိမိတို့၏ပါတီကို မည်သည့် အမည် ပေးအပ်မည်နည်း။ ထိုအမည်က မိမိတို့အဖွဲ့၏ နိုင်ငံရေး လက္ခဏာကို မည်သို့ ထင်ဟပ်စေမည်နည်း။ မိမိတို့အဖွဲ့၏ နိုင်ငံရေးလက္ခဏာကို ကိုယ်စားပြုမည့် အမှတ်သင်္ကေတတစ်ခုကို စဉ်းစား ပုံဖော်ပေးပါ။



## (ခ) နိုင်ငံရေးပါတီများ၏ ဖွဲ့စည်းတည်ဆောက်ပုံ

နိုင်ငံရေးပါတီတစ်ရပ်တွင် အဆင့် ၃ ဆင့်စီ ရှိကြသည်။

၁။ အစိုးရနေရာအတွက် ရွေးကောက်တင်မြှောက်ခံရရန် ကြိုးပမ်းလျက်ရှိသည့် ပါတီဝင်များ (နိုင်ငံရေးသမားများ)။

၂။ အချိန်ပြည့် သို့မဟုတ် အချိန်ပိုင်း ပါတီလုပ်သားများ။ ထိုလုပ်သားများသည် ပါတီ၏ လစာစားဝန်ထမ်းများ ဖြစ်ကြပြီး ပါတီလည်ပတ်ရေး နေ့စဉ်အလုပ်တာဝန်များကို ထမ်းဆောင်ကြသည်။

၃။ ပါတီအဖွဲ့ဝင်။ အချို့ပါတီအဖွဲ့ဝင်တို့သည် ပါတီအဖွဲ့အစည်းအတွင်းတွင် ပါဝင်လုပ်ဆောင်ကြသည်၊ အချို့တို့မှာမူ ပါတီအတွက် အချိန်ပေးကူညီခြင်း (သို့) ငွေကြေးလှူဒါန်း ထောက်ပံ့ခြင်းတို့ကို လုပ်ဆောင်ကြသည်။

**က။ ဥက္ကဋ္ဌ** – ဥက္ကဋ္ဌတစ်ဦးအနေဖြင့် ပါတီအစည်းအဝေးပွဲများအတွင်း မိမိတို့၏ပါတီအဖွဲ့ဝင်များ (အခန်း ၆ တွင် ပါရှိသည့်အတိုင်း) ဆုံးဖြတ်ချက် ချမှတ်မှုဖြစ်စဉ်တွင် ပါဝင်လာစေရမည်။ ပါတီအဖွဲ့ဝင်တိုင်းသည် မိမိတို့၏အမြင်သဘောထားတို့ကို လွတ်လပ် မျှတစွာ ထုတ်ဖော်ခွင့် ရရှိအောင်လည်း ဆောင်ရွက်ရမည် ဖြစ်သည်။

**ခ။ ပြောရေးဆိုခွင့်ရှိသူ** – မိမိတို့၏ပါတီအကြောင်း အခြားသော အတန်းဖော်များထံ ရှင်းလင်းပြောဆိုပေးရန် တာဝန်ရှိပေသည်။ မည်သည့် ပါတီမှ မဝင်ရသေးသည့် အတန်းသား များကို ကြိုးပမ်း ချဉ်းကပ်ရမည်။ ထို့အတူ အခြားသောပါတီများ၊ အထူးသဖြင့် မိမိတို့၏ဝါဒနှင့် နီးစပ်သည့် ပါတီများမှ ပါတီဝင်များကို အနိုင်ပိုင်းနိုင်ရန် ကြိုးပမ်းရမည် ဖြစ်သည်။။

**ဂ။ စာတမ်းပြုစုသူများ** – ပါတီမှ ထုတ်ပြန်မည့်စာရွက်စာတမ်းများနှင့် မိန့်ခွန်းများကိုရေးသား ပြုစုပေးရမည် ဖြစ်သည်။

**လုပ်ငန်းများ**

### ကျွန်ုပ်တို့၏ နိုင်ငံရေးပါတီ - အခန်းကဏ္ဍများ

အဖွဲ့တစ်ဖွဲ့စီမှ အဖွဲ့ဝင်တိုင်းသည် ပါတီအတွင်း အခန်းကဏ္ဍတစ်နေရာစီပိုင်ဆိုင်ထားကြရမည် ဖြစ်သည်။ ရွေးချယ်ဆောင်ရွက်နိုင်မည့် အခန်းကဏ္ဍ (၃) ရပ်ရှိသည်။ (နေရာအကန့်အသတ်ရှိသည့် အခန်းကဏ္ဍများအတွက် သဘောတူညီမှု ရယူခြင်း သို့မဟုတ် အများ မဲပေးထောက်ခံမှုတို့ဖြင့် ရွေးချယ်နိုင်သည်။)

## အကြိုသင်ခန်းစာ

နိုင်ငံရေးပါတီများအနေဖြင့် မည်သည့် လုပ်ငန်းဆောင်တာများ ဆောင်ရွက်ကြသနည်း။

## ၉.၁.၂ ပါတီ၏ လုပ်ငန်းဆောင်တာများ

နိုင်ငံရေးပါတီတစ်ရပ်၏ အဓိကလုပ်ငန်းဆောင်တာမှာ လူအများ စုစုစည်းစည်း ဖြစ်စေရေးအတွက် ပံ့ပိုးပေးရန်ဖြစ်သည်။ တစ်ဦးချင်း မရနိုင်သည့် အရာများကို အဖွဲ့လိုက်အနေနှင့် ရရှိအောင်မြင်နိုင်အောင် ကူညီရန်ဖြစ်သည်။ ထို့ကြောင့်လည်း ပါတီများသည် မိမိတို့ အဖွဲ့ဝင်များကို ကိုယ်စားပြုသည့် သဘောထားအမြင်တစ်ရပ်ကို အစိုးရနှင့် လူ့အဖွဲ့အစည်းအတွင်း တည်ဆောက်ထားသည်။ နိုင်ငံရေးပါတီတို့၏ အခြားသော လုပ်ငန်းဆောင်တာအချို့တို့မှာ အောက်ပါအတိုင်းဖြစ်သည်။

### (က) အစိုးရမူဝါဒများအတွက် အခြားသော ရွေးချယ်ကျင့်သုံးနိုင်မည့် နည်းလမ်းများ ပေးစွမ်းခြင်း

ပါတီများသည် ပြည်သူ့ရေးရာမူဝါဒများအတွက် အကြံဉာဏ်များ ပေးအပ်ကြသည်။ တိုင်းပြည်အတွက် ပိုမိုကောင်းမွန်စွာ စီမံခန့်ခွဲနိုင်စေမည့် နည်းလမ်းစနစ်များကိုလည်း ရှာဖွေဆွေးနွေးကြပြီး အများပြည်သူတို့ထံသို့ ထိုအယူအဆတို့ကိုလည်း တင်ပြဖော်ထုတ်တတ်ကြသည်။

မူဝါဒကြေညာစာတမ်း (manifesto) တစ်ရပ်ဆိုသည်မှာ ပြည်သူ့ရေးရာ မူဝါဒကောင်းများ ရရှိရေးအတွက် ပါတီ၏အကြံပြုချက်များ ဖော်ပြပါရှိသည့် စာတမ်းတစ်ရပ်ဖြစ်သည်။ ထိုစာတမ်းများတွင် နိုင်ငံရေးရည်မှန်းချက်များပါရှိပြီး၊ အစိုးရအာဏာရရှိပါက အဆိုပါ ရည်မှန်းချက်များကို မည်သို့ ပြည့်မီအောင် ဆောင်ရွက်မည့် အသေးစိတ် အဆင့်များလည်း ပါဝင်ကြသည်။

နိုင်ငံရေးပါတီများသည် မိမိတို့၏ အစီအစဉ်စာတမ်းကို လူအများထံ တင်ပြသည့်အခါ၌ ဖွင့်ဆိုရှင်းလင်းပေးရန် လိုအပ်သည်။ ထိုသို့ လုပ်ဆောင်ရန်အတွက် မိမိတို့၏ အစီအစဉ်စာတမ်းတွင် ဖော်ပြပါရှိသည့် အကြောင်းကိစ္စရပ်များအတွက် နိုင်ငံရေးဆိုင်ရာ အသိပညာပေးရန်၊ အလေးဂရုပြုလာကြစေရန် လိုအပ်မည်ဖြစ်သည်။ ထိုကဲ့သို့ လူမှုရေး၊ နိုင်ငံရေးဆိုင်ရာ ပြဿနာရပ်များနှင့် ထိုပြဿနာရပ်တို့၏ အကြောင်းရင်း၊ အကျိုးဆက် အစရှိသော အချက်အလက်များကို ရရှိစေခြင်းဖြင့် ပြည်သူပြည်သားတို့မှာ လက်ရှိ အခြေအနေများကို ပိုမိုနားလည်သဘောပေါက်လာကြမည်ဖြစ်သည်။

မူဝါဒကြေညာစာတမ်းများတွင် လူမှုရေး၊ နိုင်ငံရေးပြဿနာရပ်များ ပါဝင်ကြသကဲ့သို့ ထိုပြဿနာရပ်များနှင့် စပ်လျဉ်းပြီး မည်သို့ အဖြေရှာပေးနိုင်မည့်အကြောင်း ပါတီ၏ မူဝါဒများနှင့် အကြံပြုချက်များကိုလည်း တွေ့ရှိနိုင်သည်။ လက်ရှိအစိုးရမှ အဆိုပါ ပြဿနာရပ်တို့ကို ဖြေရှင်းဆောင်ရွက်ရန် မည်သို့ မအောင်မြင်ရသည်တို့ကိုလည်း အတိုက်အခံပါတီတို့၏ အစီအစဉ်စာတမ်းများတွင် ဖော်ပြတတ်ကြသည်။ ထိုသို့ လုပ်ဆောင်ခြင်းက မူမတူယှဉ်တွဲမှု (pluralism) နှင့် အများပြည်သူတို့၏ ငြင်းခုံဆွေးနွေးမှုများကို ထောက်ပံ့ရာရောက်ပြီး ဒီမိုကရေစီတစ် နိုင်ငံရေး၏ အရေးပါသော အစိတ်အပိုင်းတစ်ရပ်လည်းဖြစ်သည်။

## ဆွေးနွေးချက်

သင်ခန်းစာ (၉.၁.၂-က) ကို လေ့လာဖတ်ရှုပြီးပါက -

နိုင်ငံရေးဆိုင်ရာ အသိပညာပေးရေးအတွက် မည်သူတို့က အဓိကတာဝန် ရှိကြသနည်း။ ပါတီများလော၊ အစိုးရများလော၊ သို့မဟုတ် အရပ်ဘက်လူ့အဖွဲ့အစည်း၏ တာဝန်လော။ အဘယ့်ကြောင့်နည်း။

## (ခ) ရွေးကောက်ပွဲများတွင် ကိုယ်စားလှယ်များ ရွေးချယ်ခြင်းနှင့် ထောက်ပံ့ခြင်း

အစိုးရအတွင်း နေရာတစ်ရပ်အတွက် ရွေးကောက်ပွဲ ကျင်းပသည့်အခါတွင် ပါတီအဖွဲ့ဝင်များထဲမှ ကိုယ်စားလှယ်လောင်းများကို ရွေးချယ်ပြီး၊ ၎င်းတို့၏ ရွေးကောက်ပွဲ လှုပ်ရှားမှုများအတွက် ထောက်ပံ့ပေးတတ်ကြသည်။ ထိုကဲ့သို့ ကိုယ်စားလှယ်လောင်း ရွေးချယ်ရာတွင် ပါတီများအနေဖြင့် ရွေးချယ်ပုံ အမျိုးမျိုးကို ကျင့်သုံးကြသည်။ အချို့သော တိုင်းပြည်များ (ဥပမာ – အမေရိကန်ပြည်ထောင်စု) တွင် ပါတီကို ထောက်ခံကြသူများမှ ကိုယ်စားလှယ်လောင်းကို ရွေးချယ်သည်။ အိန္ဒိယကဲ့သို့သော တိုင်းပြည်များတွင်မူ ပါတီခေါင်းဆောင်များကိုယ်တိုင် မည်သည့် ပါတီဝင်က ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ပါတီဝင်ကို ရွေးချယ်ကြသည်။ ထိုသို့ ရွေးချယ်ပြီးသည့်အခါတွင် ကိုယ်စားလှယ်လောင်းတို့၏ ရွေးကောက်ပွဲ လှုပ်ရှားမှုဆိုင်ရာ ပြင်ဆင်မှုများအတွက် ပါတီများက ပံ့ပိုးပေးသည်။

ထိုကဲ့သို့ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေး လှုပ်ရှားမှုများအတွင်း ကိုယ်စားလှယ်လောင်းတို့ကို ပံ့ပိုးပေးရာတွင် ပုံစံအမျိုးမျိုး ရှိကြသည်။ ပါတီလုပ်သားများသည် မီဒီယာသို့ သတင်းအချက်အလက်များ ပေးအပ်နိုင်မည်၊ မိန့်ခွန်းများကို ရေးသားပေးနိုင်မည်၊ သို့မဟုတ် လှေ့လာစုဆောင်းမှုများ လုပ်ဆောင်ကောင်း လုပ်ဆောင်နိုင်မည်။ ထိုလုပ်ဆောင်ချက်များကြောင့် ကိုယ်စားလှယ်လောင်းများက မဲဆန္ဒရှင်တို့၏ လိုအပ်ချက်များ၊ ဖြေရှင်းဆောင်ရွက်ပေးစေလိုသည့် ကိစ္စရပ်များကို နားလည်သဘောပေါက်လာကြပြီး၊ ထိရောက်မှုရှိရှိ ဆက်ဆံပြောဆိုနိုင်ကြမည်ဖြစ်သည်။ ကျန်ရှိသည့် ပါတီဝင်များအနေဖြင့်လည်း လက်ကမ်းစာစောင်များ မျှဝေခြင်း၊ ပိုစတာထောင်ခြင်း၊ အခမ်းအနားများ ကြီးမှူးကျင်းပခြင်းတို့ကို လုပ်ဆောင်နိုင်ကြပေမည်။ ထိုလုပ်ငန်းများသည် အောက်ခြေအဆင့်ရှိ အများပြည်သူတို့၏ ထောက်ခံမှု ရရှိစေရေးတွင် အလွန်အရေးပါလှသည်။

**ဆွေးနွေးချက်**

သင်ခန်းစာ (၉.၁.၂ – ခ) ကို လေ့လာဖတ်ရှုပြီးပါက –

ရွေးကောက်ပွဲ လှုပ်ရှားမှုတစ်ရပ်တွင် အထောက်အပံ့ကောင်း ရရှိထားသည့် ပါတီများအနေဖြင့် မည်သည့် နည်းလမ်းများအရ အားသာချက်ရှိကြသနည်း။

## ကျွန်ုပ်တို့၏ နိုင်ငံရေးပါတီ - ရည်မှန်းချက်များ

**လုပ်ငန်းများ**

၁။ မိမိတို့၏အဖွဲ့အတွင်း အောက်ပါတို့ကို ဆွေးနွေးပေးပါ။

(က) မိမိတို့၏ အမြင့်ဆုံးဦးစားပေးမှုက အဘယ်နည်း။

(ခ) အခြားမည်သည့် ရည်မှန်းချက်များ ထားရှိမည်နည်း။

(ဂ) မိမိတို့၏ အသိုင်းအဝိုင်း / ဒေသ / တိုင်းပြည်ရှိလူအများအတွက် အောက်ပါ အခြေအနေရပ်များအတွက် အကောင်းမွန်ဆုံးသော အနေအထားမှာ အဘယ်နည်း။

- နိုင်ငံရေးအခြေအနေ
- လူမှုရေး အခြေအနေ
- စီးပွားရေး အခြေအနေ

၂။ မိမိတို့အဖွဲ့၏အယူအဆများကို အတန်းဖော်များထံ တင်ပြပြောဆိုပေးပါ။



ဆွေးနွေးချက်

သင်ခန်းစာ (၉.၁.၂ –ဂ၊ဃ) တို့ကို လေ့လာ ဖတ်ရှုပြီးပါက –

၁။ မိမိတို့၏တိုင်းပြည်တွင် ပါတီများက အစိုးရနှင့် ပြည်သူတို့အကြား ပေါင်းကူးသဖွယ်ဆောင်ရွက်ကြသလော။ အဘယ်ကြောင့်နည်း။

၂။ မိမိတို့တိုင်းပြည်တွင် ပါတီများက တည်ငြိမ်မှုကို မြှင့်တင်မှုရှိ၊ မရှိ ရှင်းလင်းပါ။

၃။ ပါတီများသည် ပိုမို ကောင်းမွန်သည့် နိုင်ငံရေးခေါင်းဆောင်များ ထွက်ပေါ်စေသည် ဆိုသည့် အဆိုကို ထောက်ခံပါသလား။ အဘယ့်ကြောင့်နည်း။

### (ဂ) အစိုးရနှင့် ပြည်သူအကြား ပေါင်းကူးတစ်ရပ်သဖွယ် ဆောင်ရွက်ခြင်း

အရပ်ဘက် လူမှုအဖွဲ့များ (CSOs) ကဲ့သို့ပင်လျှင် ပြည်သူများ နိုင်ငံရေးတွင် ပါဝင်လာစေရန် ပါတီများက ဖန်တီးပေးသည်။ နိုင်ငံရေးပါတီ တည်ထောင်ခြင်း၊ ထောက်ခံခြင်းတို့ဖြင့် လူမှုအစုအဖွဲ့များသည် မိမိတို့၏ ဆန္ဒများ၊ လိုအပ်ချက်များနှင့် ဖြေရှင်းဆောင်ရွက်သည့် အရေးအရာတို့ကို အစိုးရထံ ဖော်ထုတ်ပြသနိုင်မည်။

ထိုသို့ ဖော်ထုတ်တင်ပြနိုင်မှုက ပြည်သူတို့၏ အစိုးရစွမ်းဆောင်ရည်အပေါ် ဝေဖန်နိုင်မှုကို မြှင့်တင်ပေးသည်။ နိုင်ငံရေးပါတီများသည် ထောက်ခံသူတို့၏ လိုအင်ကိစ္စရပ်များကို နားလည်သိရှိပြီး အစိုးရထံ ရှင်းလင်းပြတ်သားသော သဘောထားရပ်တည်ချက်တစ်ရပ် အဖြစ် ဖော်ထုတ် တင်ပြနိုင်ကြမည်ဖြစ်သည်။ ထိုအချက်က တာဝန်ခံမှုရှိသည့် အစိုးရတစ်ရပ်ပေါ်ထွန်းလာစေရေးတွင် အရေးပါသည့် အစိတ်အပိုင်းတစ်ရပ်လည်း ဖြစ်သည်။ သို့ရာတွင်လည်း အများပြည်သူတို့နှင့် လက်ပွန်းတတီးရှိခြင်းက နိုင်ငံရေးသမားများအတွက် မိမိတို့၏ ထောက်ခံသူများအပေါ် ရိုးသားမှုနှင့် ဝီရိယထားဆောင်ရွက်မှုတို့ လိုအပ်စေမည်ဖြစ်သည်။ သို့မဟုတ်က ထောက်ခံမှုကို ဆုံးရှုံးကြရပြီး နိုင်ငံရေးအာဏာပါ လျော့ပါးလာမည်ဖြစ်သည်။

### (ဃ) နိုင်ငံရေးအရ တည်ငြိမ်မှုကို ပေးစွမ်းခြင်း

ပါတီများသည် နိုင်ငံရေးကို ပိုမို စုစည်းသေသပ်စေသည်ဟု ဆိုထားကြသည်။ ထိုကဲ့သို့ဖြစ်စေရသည့် အကြောင်းရင်းမှာ လူအများတို့၏ သဘောထားအမြင်ကို ကိုယ်စားပြုသော စနစ်တကျ သုတေသနပြုလေ့လာထားသည့် အကြံပြုချက်များကို ဖော်ထုတ်တင်ပြနိုင်ခြင်းကြောင့်ဖြစ်သည်။ မူဝါဒရေးရာ ဆုံးဖြတ်ချက်ချမှတ်မှုတစ်ရပ်အပေါ်တွင် ပါတီဝင်အားလုံးက သဘောထားအမြင် တူမျှစွာ ပိုင်ဆိုင်ထားကြပါက ဥပဒေပြုသူတို့မှာ ဆုံးဖြတ်ချက်များကို လျင်လျင်မြန်မြန် ထိထိရောက်ရောက် ချမှတ်စေမည်လည်းဖြစ်သည်။

ထို့အပြင် ပါတီများသည် နိုင်ငံရေးခေါင်းဆောင်များ မွေးထုတ် လေ့ကျင့်ပေးခြင်းဖြင့် တည်ငြိမ်မှုကို မြှင့်တင်ပေးနိုင်သည်။ မိမိတို့၏ပါတီဝင်များကို နိုင်ငံရေးခေါင်းဆောင်မှုစွမ်းရည်လေ့ကျင့်ပေးမှုများနှင့် အတွေ့အကြုံတို့ကိုလည်း နိုင်ငံရေးပါတီတို့က လေ့ကျင့်ဖြည့်ဆည်းပေးသည်။ အရည်အချင်းပြည့်မီသည့် နိုင်ငံရေးသမားများသည်လည်း ပါတီနိုင်ငံရေးတွင် ပါဝင်လုပ်ကိုင်ကြခြင်းဖြင့် အစိုးရဝန်ကြီးဌာနများတွင် ဦးဆောင်ရန် လိုအပ်သည့် ကျွမ်းကျင်မှုများ၊ အသိပညာများနှင့် အတွေ့အကြုံများကို ရရှိနိုင်ကြမည်ဖြစ်သည်။

လုပ်ငန်းများ




### ကျွန်ုပ်တို့၏ နိုင်ငံရေးပါတီ- မူဝါဒကြေညာစာတမ်း

၁။ အဖွဲ့နှင့်အတူ စာမျက်နှာ (၁၈၇) ရှိ 'ကျွန်ုပ်တို့၏ နိုင်ငံရေးပါတီ – ရည်မှန်းချက်များ' လုပ်ဆောင်ချက်ပါ အခြေအနေများကို ပြန်လည် သုံးသပ်ပေးပါ။ ထိုရည်မှန်းချက်များ ပြည့်မီရေးအတွက် ပံ့ပိုးပေးနိုင်မည့် မိမိတို့ပါတီ၏ မူဝါဒများကို ဆုံးဖြတ်ချမှတ်ပါ။ အောက်ပါ မေးခွန်းတို့ကို ဆွေးနွေး အဖြေရှာပေးပါ။

အကောင်းဆုံးအနေအထားရရှိရေးအတွက် –

(က) ________ တို့ကို ရပ်တန့်ပစ်ရမည်။

(ခ) ________ တို့ကို ဆက်လက် လုပ်ဆောင်ရမည်။

(ဂ) ________ တို့ကို ဖန်တီးရမည်။

၂။ မိမိတို့၏အယူအဆများကို အတန်းဖော်များထံ တင်ပြ ပြောဆိုပေးပါ။

## ၉.၁.၃ ပါတီစနစ်များ

**အကြိုသင်ခန်းစာ**

ပါတီစနစ်တစ်ရပ် ဆိုသည်မှာ အဘယ်နည်း။

ပါတီစနစ်တစ်ရပ်ဆိုသည်မှာ ပါတီများ ဖွဲ့စည်းတည်ရှိနေသည့် ပတ်ဝန်းကျင်နှင့် တည်ဆောက်ပုံတို့ပင်ဖြစ်သည်။ တိုင်းပြည်အသီးသီးရှိ နိုင်ငံရေးပါတီများအကြား ကွဲပြားသည့် ဆက်နွယ်မှုများ ရှိကြသည်။ ထိုကွဲပြားမှုများသည် အဆိုပါ တိုင်းပြည်တို့၏ နိုင်ငံရေးယဉ်ကျေးမှုနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အစိုးရကို မည်သို့ ပုံဖော်ထားသည် အစရှိသည့် အကြောင်းရင်းတို့အပေါ် အခြေခံနေခြင်းဖြစ်သည်။ အဓိကကျသည့် ပါတီစနစ် (၃) ရပ် ရှိသည်။ ၎င်းတို့မှာ –

### (က) တစ်ပါတီလွှမ်းမိုးသည့် စနစ် (Dominant-party Systems)

တစ်ပါတီလွှမ်းမိုးသည့် စနစ်တစ်ရပ်ဆိုသည်မှာ ပါတီတစ်ရပ်က လူကြိုက်များလွန်း (သို့မဟုတ် အာဏာကြီးမားလွန်း) နေပြီး ထိုပါတီတစ်ခုတည်းသာလျှင် ရွေးကောက်ပွဲ အနိုင်ရနိုင်သည့် အခွင့်အရေးကောင်း ပိုင်ဆိုင်ထားနိုင်ခြင်းပင်ဖြစ်သည်။ ထိုစနစ်သည် လွတ်မြောက်ရေးတိုက်ပွဲများ ဆင်နွှဲပြီး ကိုလိုနီအင်အားကြီးနိုင်ငံများထံမှ လွတ်လပ်ရေး ရရှိခဲ့သည့် တိုင်းပြည်များတွင် အတွေ့ရများသည်။ ထိုဖြစ်ရပ်မျိုးတွင် ပဋိပက္ခများကို ဖြေရှင်းအောင်မြင်ခဲ့ကြသည့် နိုင်ငံရေး သို့မဟုတ် စစ်တပ် အဖွဲ့အစည်းများက အဆိုပါ တိုင်းပြည်တို့၏ အာဏာရပါတီ နှစ်ကာလကြာမြင့်စွာ ဖြစ်လာကြသည်။ ထိုသို့ ဖြစ်ရခြင်းမှာ တိုင်းပြည်ကို လွတ်လပ်ရေးရရှိအောင် ဦးဆောင်နိုင်ခြင်းမှ ပေါ်ပေါက်လာရသည့် သို့မဟုတ် ပဋိပက္ခများကို ဖြေရှင်းနိုင်ခြင်းမှ ဖြစ်လာသည့် တရားဝင်အသိအမှတ်ပြုမှု (legitimacy) ကြောင့် ဖြစ်သည်။





◄▲ မြောက်ကိုရီးယားနိုင်ငံသည် ယနေ့ခေတ်ကမ္ဘာတွင် အနည်းငယ်သာ ကျန်ရှိသည့် ကွန်မြူနစ်နိုင်ငံများအနက်မှ တစ်နိုင်ငံ ဖြစ်သည်။ ထို့အပြင် တစ်ပါတီစနစ် ကျင့်သုံးသည့် နိုင်ငံ တစ်ရပ်လည်း ဖြစ်သည်။

ထိုဖြစ်ရပ်ဆိုင်ရာ ဥပမာရပ်များတွင် ဇင်ဘာဗွေနိုင်ငံရှိ ZANU-PF ပါတီနှင့် တောင်အာဖရိကရှိ အာဖရိကန် အမျိုးသားကွန်ဂရက် (ANC) တို့ ပါဝင်ကြသည်။ ZANU - PF ပါတီသည် ၁၉၈၀ ခုနှစ် လွတ်လပ်ရေးရရှိစဉ်ကတည်းက အာဏာရရှိထားခြင်းဖြစ်ပြီး၊ ANC ပါတီသည် ၁၉၉၄ တွင် အက်ပါတိုက်စနစ် ကျဆုံးစဉ်ကတည်းက အာဏာ ပိုင်ဆိုင်ထားသည်။ ထို့ထက် အစွန်းရောက်သည့် အခြေအနေမျိုးမှာ 'တစ်ပါတီစနစ် ကျင့်သုံးသည့် နိုင်ငံများ' (single - party state) ဖြစ်သည်။ ထိုနိုင်ငံတို့တွင် ပါတီတစ်ရပ်တည်းသာလျှင် ရှိကြပြီး အခြားသော ပါတီများ တည်ထောင်ခြင်းက ဥပဒေနှင့် ငြိစွန်းသည်။ ဥပမာအားဖြင့် ဆိုရသော် တရုတ်နိုင်ငံနှင့် မြောက်ကိုရီးယားနိုင်ငံတို့ရှိ အာဏာရှင်စနစ်များသည် တစ်ပါတီလွှမ်းမိုးသည့်စနစ် ကျင့်သုံးကြသည်။

### (ခ) နှစ်ပါတီ စနစ်များ (Two-party Systems)

နှစ်ပါတီစနစ်များတွင် အဓိက နိုင်ငံရေးပါတီကြီး (၂) ရပ်မှ ကြီးစိုးထားကြသည်။ အခြားသော ပါတီငယ်လေးများ ရှိကြသော်ငြားသော်လည်း ထိုအဓိက ပါတီကြီး (၂) ရပ်ကသာလျှင် ရွေးကောက်ပွဲ အနိုင်ရရှိရန် လုံလောက်သော မဲဆန္ဒများ ပိုင်ဆိုင်နိုင်ကြသည်။ ထိုအဓိကပါတီများသည် လူသိများကြပြီး ဥပဒေပြုရေးတွင် အများစု ကိုယ်စားပြုနိုင်မည့် လုံလောက်သော မဲပေးထောက်ခံမှုများ ရရှိနိုင်ကြသည်။ နှစ်ပါတီစနစ်များတွင် ရွေးကောက်ပွဲ ၂ ကြိမ်၊ ၃ ကြိမ် ကျင်းပတိုင်း ပါတီများအကြား အာဏာအပြောင်းအလဲ ရှိကြသည်။ ထိုစနစ်တွင် ပါတီတစ်ရပ်အတွက် အဆိုးက အခြားပါတီအတွက် အကောင်း ဖြစ်နိုင်သည့် အတွက်ကြောင့် ပြိုင်ဆိုင်မှု ပြင်းထန်တတ်ကြသည်။ ဤသည်က အစိုးရ အတွင်း ပူးပေါင်းမှုဆောင်ရွက်ရန် ခက်ခဲစေမည့် အခြေအနေတစ်ရပ်သို့ ဦးတည်သွားနိုင်သည်။ နှစ်ပါတီစနစ်ကို ကိုယ်စားလှယ်တစ်ဦး ကိုယ်စားပြုမဲဆန္ဒနယ် (single member district systems) ဟူသော ရွေးကောက်ပုံစနစ်မျိုးတွင် အတွေ့ရများသည်။ နှစ်ပါတီစနစ်ဆိုင်ရာ ဥပမာများတွင် ယူကေ၊ ပြင်သစ်နှင့် အမေရိကန်ပြည်ထောင်စုတို့ ပါဝင် ကြသည်။

### (ဂ) ပါတီစုံ စနစ်များ (Multiparty Systems)

ပါတီစုံစနစ်တစ်ရပ်ဟူသည် ပါတီ (၂) ရပ် ထက်ပိုပြီး အာဏာရရှိနိုင်သည့် အခွင့်အရေး ကောင်း ရှိခြင်းကို ဆိုလိုသည်။ ထိုပါတီများအနေဖြင့် မိမိဘာသာသော်လည်းကောင်း၊ အခြားသော ပါတီများနှင့် ညွန့်ပေါင်းဖွဲ့ခြင်းဖြင့်လည်းကောင်း အာဏာရရှိနိုင်ကြမည် ဖြစ်သည်။ 'ညွန့်ပေါင်း' တစ်ရပ်ဆိုသည်မှာ ပြိုင်ဘက်နိုင်ငံရေးပါတီ (၂) ရပ် (သို့) (၂) ရပ်ထက်ပိုသော ပါတီများ ရွေးကောက်ပွဲတွင် အနိုင်ရရှိရေးအတွက် အတူတကွ ပေါင်းစုကြခြင်းဖြစ်သည်။ ဤသည်မှာလည်း ဥပဒေပြုရေးတွင် လူများစုအဖြစ် ကိုယ်စားပြု ဖွဲ့စည်းနိုင်ရေးအတွက် လုံလောက်သော မဲပေးထောက်ခံမှုများ ရရှိစေရန် ဖြစ်ပေသည်။




▲ဝဲပုံ – အမေရိကန်ပြည်ထောင်စုတွင် အဓိက ပါတီကြီး (၂) ရပ် ရှိသည်။ ဆင်ပုံ သင်္ကေတအမှတ်အသားရှိ ရိပက်ဘလစ်ကန်ပါတီနှင့် မြည်းပုံ သင်္ကေတရှိ ဒီမိုကရတ်တို့ ဖြစ်ကြသည်။ အမေရိကန်ပြည်ထောင်စုရှိ ရွေးကောက်ပွဲများတွင် အဆိုပါ ပါတီ (၂) ရပ် အကြား အဓိက ယှဉ်ပြိုင်ကြသည်။

ယာပုံ – သမ္မတ ဘားရက်အိုဘားမားသည် ဒီမိုကရတ်တစ်ဦး ဖြစ်ပြီး၊ သမ္မတ ဂျော့ချ် ဒဗျူ ဘုရှ်သည် ရိပက်ဘလစ်ကန်တစ်ဦးဖြစ်သည်။

ညွန့်ပေါင်းဖွဲ့မှုများကို ရွေးကောက်ပွဲတစ်ရပ် မတိုင်မီနှင့် ကျင်းပပြီးသည့် အခြေအနေမျိုးတွင် (ထောက်ခံမဲများ ရေတွက်ပြီး မည်သူက အနိုင်ရရှိသူဖြစ်သည်ဟု အဖြေမထွက်သည့်အခါ) ပြုလုပ်တတ်ကြသည်။ ထိုစနစ်တွင် အစိုးရအဖွဲ့သည် ပါတီအများအပြားတို့ ပေါင်းစုလျက် ညွန့်ပေါင်းအစိုးရအဖွဲ့ ပြုလုပ်ခြင်းဖြင့် ဖြစ်ပေါ်လာတတ်ကြသည်။ ညွန့်ပေါင်းအစိုးရတစ်ရပ်တွင် ပါတီအသီးသီးအနေဖြင့် နိုင်ငံတော် လည်ပတ်ရေးအတွက် တာဝန်အမျိုးမျိုးတို့ကို ထမ်းဆောင်ကြသည်။ ဥပမာအားဖြင့် ပညာရေးဝန်ကြီးဌာနအတွက် ပါတီတစ်ပါတီမှဖြစ်ပြီး၊ ကျန်းမာရေးဝန်ကြီးဌာနအတွက်မူ အခြားသော ပါတီမှဖြစ်မည်ဖြစ်သည်။ ပါတီစုံစနစ်များသည် အချိုးကျကိုယ်စားပြု ရွေးကောက်ပုံစနစ်များတွင် အတွေ့ရများတတ်သည်။ ဥပမာအားဖြင့် ဘရာဇီးလ်၊ ဂျာမနီနှင့် အစ္စရေးတို့သည် ပါတီစုံစနစ်ကို ကျင့်သုံးကြသည်။

## ဆွေးနွေးချက်

၁။ ပါတီစနစ်များတွင် ပဋိပက္ခတို့နှင့် ပူးပေါင်းမှုများက မည်သည့် အခန်းကဏ္ဍမှ ပါဝင်ကြသနည်း။

၂။ ပါတီစနစ်အမျိုးမျိုး၏ အားသာချက်၊ အားနည်းချက်များကို ဖော်ပြပါ။

၃။ ရွေးကောက်ပုံစနစ်တို့က ပါတီစနစ်အပေါ် မည်သို့ သက်ရောက်မှု ရှိသနည်း။

၄။ မိမိတို့တိုင်းပြည်ရှိ ပါတီစနစ်ကို မည်သို့ ဖော်ပြ ဖွင့်ဆိုနိုင်မည်နည်း။ ထိုစနစ်က ပြောင်းလဲနေပါသလား။ မည်သို့သော အပြောင်းအလဲများ တွေ့မြင်ရသနည်း။

## လုပ်ငန်းများ

### ရွေးကောက်ပွဲရလဒ်များ ကြည့်ရှုသုံးသပ်ခြင်း

၁။ တိုင်းပြည်အသီးသီးတို့၏ မကြာသေးမီက ကျင်းပခဲ့သည့် ရွေးကောက်ပွဲရလဒ်များ (အပြာရောင်ဖြင့်ပြထားသည်) ကို ဖတ်ရှု သုံးသပ်ပေးပါ။ ပြီးနောက် မည်သည်က တစ်ပါတီလွှမ်းမိုးသောစနစ် ဖြစ်သည်၊ မည်သည်က (၂) ပါတီစနစ် ဖြစ်သည်၊ မည်သည်က ပါတီစုံစနစ် ဖြစ်သည်ကို ဆုံးဖြတ်ပေးပါ။

၂။ ရှေးယခင်က ရွေးကောက်ပွဲရလဒ်များဖြင့် ဖတ်ရှုနှိုင်းယှဉ်ပြီး အဆိုပါ တိုင်းပြည်ရှိစနစ်တို့ ပြောင်းလဲမှုများ ရှိ/ မရှိကို ဆုံးဖြတ်ပေးပါ။

တောင်အာဖရိကနိုင်ငံ (လွှတ်တော်နေရာ – ၄၀၀)

| နိုင်ငံရေးပါတီ | ၁၉၉၄ | ၁၉၉၉ | ၂၀၀၄ | ၂၀၀၉ |
|---|---|---|---|---|
| **African National Congress** (အာဖရိကန် အမျိုးသား ကွန်ဂရက်) | ၂၅၂ | ၂၆၆ | ၂၇၉ | ၂၆၄ |
| **Democratic Party** (ဒီမိုကရက်တစ်ပါတီ) | ၇ | ၃၈ | ၅၀ | ၆၇ |
| **Inkatha Freedom Party** (အင်ကာသာ လွတ်လပ်ရေး ပါတီ) | ၄၃ | ၃၄ | ၂၈ | ၁၈ |
| **New National Party** (အမျိုးသားပါတီသစ်) | ၈၂ | ၂၈ | ၇ | - |
| **United Democratic Movement** (စည်းလုံးသည့် ဒီမိုကရက်တစ် လှုပ်ရှားမှု) | – | ၁၄ | ၉ | ၄ |

Source: *South Africa Independent Electoral Commission.*

သီရိလင်္ကာနိုင်ငံ (လွှတ်တော်နေရာ – ၂၂၅)

| နိုင်ငံရေးပါတီ | ၂၀၀၀ | ၂၀၀၁ | ၂၀၀၄ | ၂၀၁၀ |
|---|---|---|---|---|
| **People's Alliance** (ပြည်သူ့ညွန့်ပေါင်း) | ၁၀၇ | ၇၇ | – | – |
| **United People's Freedom Alliance** (စည်းလုံးသော ပြည်သူ့လွတ်လပ်ရေး အဖွဲ့) | – | – | ၁၀၅ | ၁၄၄ |
| **United National Party** (စည်းလုံးသော အမျိုးသားပါတီ) | ၈၉ | ၁၀၉ | ၈၂ | – |
| **United National Front** (စည်းလုံးသော အမျိုးသားတပ်ဦး) | – | – | ၈၂ | ၆၀ |
| **Tamil United Liberation Front** (တမီးလ် လွတ်မြောက်ရေး တပ်ဦး) | ၅ | ၁၅ | – | – |

Source: *Department of Elections, Sri Lanka*

မလေးရှား လွှတ်တော်နေရာ ရာခိုင်နှုန်း

| | နိုင်ငံရေးပါတီ | ၁၉၉၉ | ၂၀၀၄ | ၂၀၀၈ | ၂၀၁၃ |
|---|---|---|---|---|---|
| အုပ်ချုပ်ဆဲ ညွန့်ပေါင်း | **United Malays National Organisation** (စည်းလုံးသော မလေးလူမျိုး အမျိုးသားအဖွဲ့အစည်း) | ၃၆.၉၈ | ၄၉.၈ | ၃၅.၆ | ၃၉.၆၄ |
| | **Malaysian Chinese Association** (မလေးရှား တရုတ်လူမျိုးများကွန်ဂရက်) | ၁၅.၁၀ | ၁၄.၂ | ၆.၈ | ၃.၁၅ |
| | **Malaysian Indian Congress** (မလေးရှား အိန္ဒိယလူမျိုးများ ကွန်ဂရက်) | ၃.၆၅ | ၄.၁ | ၁.၄ | ၁.၈၀ |
| အုပ်ချုပ်ဆဲ ပေါင်းစုပမာဏ | | ၇၆.၅၆ | ၉၀.၄ | ၆၃.၁ | ၅၉.၉၁ |
| အတိုက်အခံ ညွန့်ပေါင်း | **Democratic Action Party** (ဒီမိုကရက်တစ် လှုပ်ရှားမှုပါတီ) | ၅.၂၁ | ၅.၅ | ၁၂.၆ | ၁၇.၁၂ |
| | **Islamic Party of Malaysia** (မလေးရှား အစ္စလာမ်ပါတီ) | ၁၄.၀၆ | ၃.၂ | ၁၀.၄ | ၉.၄၆ |
| | **People's Justice Party** (ပြည်သူ့တရားမျှတရေး ပါတီ) | ၂.၆၀ | ၀.၅ | ၁၄.၀ | ၁၃.၅၁ |
| အတိုက်အခံ ပေါင်းစုပမာဏ | | ၂၁.၈၈ | ၉.၂ | ၃၆.၉ | ၄၀.၀၉ |

Source: *Election Commission of Malaysia (http://www.spr.gov.my)*

# ၉.၂ ပါတီအမျိုးအစားများ

## ၉.၂.၁ လူထုအခြေပြုပါတီနှင့် အဖွဲ့ဝင်အခြေပြုပါတီများ (Mass Parties and Membership Parties)

နိုင်ငံရေးပါတီဆိုင်ရာ အရေးပါသော ပါတီအမျိုးအစား (၂) ရပ် ရှိသည်။ 'အဖွဲ့ဝင်အခြေပြု' ပါတီများနှင့် 'လူထုအခြေပြု' ပါတီများဟူ၍ ဖြစ်ကြသည်။

### (က) အဖွဲ့ဝင် ပါတီများ

အဖွဲ့ဝင်အခြေပြုပါတီများသည် ထောက်ခံသူ အရေအတွက် အနည်းငယ်သာ ပိုင်ဆိုင်ထားတတ်ကြသည်။ ဤသည်မှာ ပါတီဝင်များအကြား တူညီစွာ ရှိကြသည့် တင်းကျပ်သည့် နိုင်ငံရေးအယူအဆ ဝါဒတို့ကြောင့်ဖြစ်သည်။ အကျိုးဆက်အနေဖြင့် ထိုပါတီတို့သည် အဖွဲ့ဝင်များအပေါ် မျှော်မှန်းချက် ကြီးမားစွာထားရှိကြပြီး အဖွဲ့ဝင်များနှင့် ပါတီအကြား နီးကပ်သော ဆက်နွယ်မှုများ ပိုင်ဆိုင်ထားတတ်ကြသည်။

ထိုပါတီတို့၏ မူဝါဒများသည် သက်ဆိုင်ရာဝါဒနှင့် တန်ဖိုးများအပေါ် အခြေခံထားကြသည်။ ဤသည်က အဖွဲ့ဝင်များ၏ သဘောတူလက်ခံမှု ပိုမို ရရှိလာစေပြီး ပါတီအဖွဲ့ဝင်များအကြား စည်းလုံးမှုခိုင်ခိုင်မာမာ တည်ဆောက်ပေးမည်ဖြစ်သည်။ တစ်ဖက်တွင်မူ လူ့အဖွဲ့အစည်းအတွင်းရှိသူတို့က ၎င်းတို့၏ သီးသန့်ဆန်သည့် ဝါဒများအပေါ် လူတိုင်းက လက်ခံသည် မဟုတ်သောကြောင့် အဖွဲ့ဝင်မဟုတ်သူတို့၏ ထောက်ခံမှု အနည်းငယ်သာ ပိုင်ဆိုင်တတ်ကြသည်။

အဖွဲ့ဝင်ပါတီဆိုင်ရာ ဥပမာများတွင် အမျိုးသားရေးပါတီအချို့၊ ကွန်မြူနစ်ပါတီများနှင့် လူမျိုးစု (သို့) ဘာသာရေးကို အခြေခံသည့် ပါတီများ ပါဝင်ကြသည်။

### (ခ) လူထုအခြေပြုပါတီများ

လူထုပါတီများသည် ထောက်ခံမှုများများ ရရှိစေရန် ကြိုးပမ်းတတ်ကြသည်။ လူထုပါတီတို့အနေဖြင့် ကျွမ်းကျင်မှု မရှိသော အဖွဲ့ဝင်တို့၏ ပါဝင်ဆောင်ရွက်မှုများများ ရရှိရေးကို မမျှော်လင့်တတ်ကြ၊ မဲဆန္ဒများနိုင်သမျှ များများပိုင်ဆိုင်နိုင်ရန်သာ အဓိက ရည်မှန်းချက်ထားကြသည်။ လူထုပါတီများသည် ထောက်ခံသူ များနိုင်သမျှများများ 'သိမ်းကြုံး' ဆွဲယူစေမည့် မူဝါဒများကို အကြံပြုတတ်ကြပေသည်။ ထို့ကြောင့်လည်း လူထုပါတီတို့ကို 'အလုံးစုံသိမ်းကြုံး' ပါတီများ (catch all parties) ဟုလည်း သုံးနှုန်းတတ်ကြသည်။

ထိုအကြောင်းတို့ကြောင့်လည်း လူထုပါတီများတွင် တင်းကျပ်သည့် ဝါဒများ မပိုင်ဆိုင်ထားတတ်ကြချေ။ လူထုပါတီများသည် လစ်ဘရာယ် မကျလွန်း၊ ဆိုရှယ်လစ်လည်း သိပ်မကျ၊ ကွန်ဆာဗေးတစ် မဆန်လွန်းသည့် အလယ်အလတ်တွင်သာ ရပ်တည်တတ်ကြသည်။ သို့ရာတွင်လည်း ၎င်းတို့အနေဖြင့် အသံအမျိုးမျိုး၊ သဘောထားအမျိုးမျိုးတို့ကို ကိုယ်စားပြုရန် ကြိုးပမ်းကြသည့်အတွက်ကြောင့် ပါတီအဖွဲ့ဝင်များသည် တစ်ဦးနှင့် တစ်ဦး အစဉ် သဘောတူလက်ခံကြခြင်း မရှိတတ်ကြချေ။ သို့ဖြစ်၍ လူထုအခြေပြုပါတီတို့သည် အဖွဲ့ဝင်ပါတီများထက် စည်းလုံးမှု လျော့ရဲကြသည်။




**အကြိုသင်ခန်းစာ**

ပါတီများအနေဖြင့် မည်သည်မှ ထောက်ပံ့မှု ရရှိကြသနည်း။

**လေ့ကျင့်ခန်း**

သင်ခန်းစာ (၉.၂.၁) ကို လေ့လာ ဖတ်ရှုပြီးပါက –

သင်ခန်းစာ (၉.၁.၃) ပါ ပါတီစနစ် (၃) ရပ်တို့ကို ကြည့်ရှု သုံးသပ်ပေးပါ။ ထိုစနစ်များအနက် မည်သည်တို့တွင် အဖွဲ့ဝင်ပါတီများက အောင်မြင်မှုရရှိနိုင်ကြမည်နည်း။ မည်သည်တို့တွင် လူထုပါတီများ ပိုမို အောင်မြင်ကြမည်နည်း။

**ဆွေးနွေးချက်**

မိမိတို့၏တိုင်းပြည်တွင် အဆိုပါ ပါတီအမျိုးအစား (၂) ရပ် တို့အနက် မည်သည်က ပိုမို အောင်မြင်ကြသနည်း။ အဘယ်ကြောင့်နည်း။

**လုပ်ငန်းများ**

'လှုပ်ရှားဆောင်ရွက်သူများစာရင်း' ကို ကြည့်ရှု သုံးသပ်ပြီး နိုင်ငံရေးပါတီ (၆) ရပ်ကို ရွေးချယ်လျက် အောက်ပါ အညွှန်းပြမျဉ်း၏ သင့်တော်သော နေရာတွင် ချထား သတ်မှတ်ပေးပါ။

## လုပ်ငန်းများ




▲ ၁၉၆၀ ပြည့်နှစ်များက ကွန်ဆာဗေးတစ်ပါတီမှ ပြုလုပ်ခဲ့သည့် ဗြိတိသျှ ရွေးကောက်ပွဲပိုစတာ ဖြစ်သည်။ ထိုပိုစတာတွင် လူမျိုးရေး ခွဲခြားသည့် ခံစားချက်များ ထည့်သွင်း အသုံးပြုပြီး လူအများ မဲပေးလာကြစေရန် စည်းရုံးထားသည်။

### ကျွန်ုပ်တို့၏ နိုင်ငံရေးပါတီ- နည်းဗျူဟာများ

၁။ မိမိတို့၏ပါတီအတွက် အကောင်းဆုံးသော နည်းဗျူဟာကို ဆုံးဖြတ် သတ်မှတ်ပါ။ အောက်ပါ မေးခွန်းများအတွက် အဖြေရှာ စဉ်းစားပေးပါ။

(က) ပါတီအတွက် ထောက်ခံမှု မည်သို့ တိုးမြှင့်နိုင်မည်နည်း။

(ခ) မည်သည့် လူမှုရေးအုပ်စုများတွင် မိမိတို့နှင့် တူညီသော နိုင်ငံရေး ရည်မှန်းချက်များ ရှိကြသနည်း။

(ဂ) ထောက်ခံမှု ပိုမို ရရှိစေရေးအတွက် မိမိတို့၏တန်ဖိုးများကို ပြောင်းလဲလိုပါသလား။ အဘယ့်ကြောင့်နည်း။

(ဃ) ထောက်ခံမှု ပိုမို ရရှိစေရေးအတွက် မိမိတို့၏ အစီအစဉ်စာတမ်းကို ပြောင်းလဲလိုပါသလား။ အဘယ့်ကြောင့်နည်း။

၂။ မိမိတို့၏ယူဆချက်များကို အတန်းသို့ ဆွေးနွေး တင်ပြပေးပါ။

## အကြံပြုသင်ခန်းစာ

မည်သည်က လက်ဝဲပါတီများဖြစ်၍ မည်သည်တို့က လက်ယာပါတီများ ဖြစ်ကြသနည်း။

## ၉.၂.၂ လက်ဝဲပါတီနှင့် လက်ယာပါတီများ

လက်ဝဲယိမ်း (left - wing) နှင့် လက်ယာယိမ်း (right - wing) ဟူသော ဝေါဟာရ အသုံးအနှုန်းများကို နိုင်ငံရေးပါတီများ၏ ဝါဒ (အိုင်ဒီယိုလိုဂျီ) ကို ဖော်ပြရန်အတွက် အသုံးပြုတတ်ကြသည်။ (လက်ဝဲနှင့် လက်ယာဟုလည်း သုံးနှုန်းနိုင်သည်။) ထိုသုံးနှုန်းချက်များမှာ ၁၈ ရာစုနှစ်အတွင်း ပြင်သစ်အမျိုးသားလွှတ်တော် (ဥပဒေပြုရေး) မှ ဆင်းသက်လာခြင်းဖြစ်သည်။ ထိုလွှတ်တော်တွင် လွှတ်လပ်မှုဗဟိုပြု လစ်ဘရယ် တော်လှန်ရေးကို ထောက်ခံကြသူများက လက်ဝဲဘက်တွင် ထိုင်ကြပြီး၊ စနစ်ဟောင်း (သက်ဦးဆံပိုင်စနစ်) ကို ထောက်ခံသူတို့က ညာဘက်တွင် ထိုင်ကြသည်။ ထိုအချိန်မှစပြီး 'လက်ဝဲ' နှင့် 'လက်ယာ' ဟူသော ဝေါဟာရများကို ပါတီအသီးသီးတို့၏ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ မူဝါဒများအကြား ခြားနားချက်တို့ကို ဖော်ပြရန်အတွက် အသုံးပြုခဲ့ကြသည်။ ခိုင်မာသော အမြင်တို့ မပိုင်ဆိုင်ထားကြသော ပါတီများ (သို့မဟုတ် သဘောထားအမြင် ရောယှက် လက်ခံသူများ) ကို ကြားနေများ (centrist) ဟု ခေါ်ကြသည်။ လက်ဝဲနှင့် လက်ယာဝါဒများ၏ အဓိက လက္ခဏာရပ်များအနက်မှ အချို့တို့မှာ အောက်ပါအတိုင်း ဖြစ်ကြပေသည်။

### (က) လက်ဝဲယိမ်း

- အရေးပါသည့်တန်ဖိုးများ – စည်းလုံးမှု၊ တရားရှိလူနေမှုနှင့် ညီမျှမှု။
- နိုင်ငံရေးသဘောထား – မော်ဒရိတ် သို့မဟုတ် ရယ်ဒီကယ် (အပြောင်းအလဲ လိုလား)။
- ညီမျှမှုအပေါ်အမြင် – သာတူညီမျှမှု (equality of outcome) ကို ထောက်ခံသည်။
- လွတ်လပ်မှု – စီးပွားရေးလွတ်လပ်မှုထက် စီးပွားရေးညီမျှမှုကို အသားပေး။
- ဘုံမူဝါဒများ – လူမှုရေးအရ ဖူလုံမှု ၊ ကြွယ်ဝသူများကို အခွန်တိုးကောက်ခြင်း၊ အမျိုးသားကျန်းမာရေး ဝန်ဆောင်မှု၊ ခွဲခြားမှုများကို ဆန့်ကျင်သည့် ဥပဒေများ၊ စည်းမျဉ်းသတ်မှတ်ချက်များ။

## (ခ) လက်ယာယိမ်း

- အရေးပါသည့်တန်ဖိုးများ– ပုဂ္ဂလိကဖြစ်ခြင်း၊ စီးပွားရေး လွတ်လပ်မှု။
- နိုင်ငံရေးသဘောထား – (အများအားဖြင့်) ရှေးရိုးစွဲ ကွန်ဆာဗေးတစ်။
- ညီမျှမှုအပေါ်အမြင် – ခွင့်တူညီမျှမှု (equality of opportunity) ကိုသာ ထောက်ခံသည်။
- လွတ်လပ်မှု – စီးပွားရေးအရညီမျှမှုထက် စီးပွားရေး လွတ်လပ်မှုကို အသားပေး။
- ဘုံမူဝါဒများ – ပုဂ္ဂလိကပိုင်ပြုခြင်း၊ စည်းမျဉ်းလျှော့ချခြင်း။

## နိုင်ငံရေးအဆိုအမိန့်များ

**လုပ်ငန်းများ**

အောက်ပါတို့ကို ဖတ်ရှုပြီး မည်သည်က လက်ဝဲ ဖြစ်သည်၊ မည်သည်က လက်ယာ ဖြစ်သည်ကို ဆုံးဖြတ်ပေးပါ။

၁။ ကိုယ့်ခြေထောက်ပေါ်ကိုယ် မရပ်တည်နိုင်တဲ့သူတွေ အတွက် အစိုးရက ထောက်ပံ့ပေးကြရမယ်။

၂။ စီးပွားရေး လွတ်လပ်မှု အပြည့်အဝ ရှိမယ်ဆိုရင် အကောင်းတကာ အကောင်းဆုံးဆိုတဲ့ လူတွေ၊ အဖွဲ့တွေ (စီးပွားရေး လုပ်ငန်းတွေ) ကပဲ အောင်မြင်မှု ရရှိတဲ့အတွက် ပိုမို ကောင်းမွန်တဲ့ လူ့အဖွဲ့အစည်းမှာ နေနိုင်ကြလိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ထားတယ်။

၃။ ကျုပ်တို့ရဲ့လွတ်လပ်မှုကို အခွန်တွေက မချုပ်ခြယ်နိုင်ပါဘူး၊ ဆင်းရဲမှုကသာ လွတ်လပ်မှုကို ကန့်သတ်တာ ဖြစ်တယ်။။

၄။ အမျိုးသမီးများ၊ တိုင်းရင်းသား လူနည်းစုများနှင့် လိင်တူချစ်သူတို့ အပေါ်ခွဲခြားမှုတွေကို အစိုးရက အကာအကွယ်ပြု ပေးရမယ်။

၅။ အကြီးစားစီးပွားရေးလုပ်ငန်းများကို စည်းမျဉ်း သတ်မှတ်ပြီး အများအကျိုး ကြည့်လာကြအောင် လုပ်ရမယ်။ ။

၆။ ကျွန်တော့်မှာ ငွေပိုရှိရင် ကျွန်တော်နှင့် ကျွန်တော့်မိသားစုတွေအတွက် ပညာရေးနှင့် ကျန်းမာရေး ဝန်ဆောင်မှုတွေ သုံးစွဲဖို့ငွေကို စုဆောင်းထားခွင့် ရသင့်ပါတယ်။

၇။ စီးပွားရေးလုပ်ငန်းများကို မကြပ်မတ်ထားခြင်းက ငွေကြေး ပိုမို ရရှိစေပြီး စီးပွားရေးကို တိုးတက် စေတယ်။

၈။ ကိုယ့်ကိုယ်ကိုစောင့်ရှောက် ကြရန်မှာ ကျွန်တော်တို့၏ တာဝန်သာ ဖြစ်သည်။ အစိုးရ၏ တာဝန် မဟုတ်။

၉။ အောင်မြင်သော စီးပွားရေးလုပ်ငန်းကို လွတ်လပ်စွာ ရရှိပိုင်ဆိုင်နိုင်မှုက ညီမျှမှုထက် ပိုမို အရေးကြီးတယ်လို့ ကျွန်တော် ခံယူထားတယ်။

၁၀။ လူမှုဖူလုံရေးစနစ်ကျင့်သုံးသည့် နိုင်ငံ တစ်နိုင်ငံဟာ လူအများကို ဒီထက်ပိုပြီးတော့ ကျန်းမာသန်စွမ်းလာစေပြီး အလုပ်ပို လုပ်လာနိုင်စေမယ်၊ ဒီတော့ စီးပွားရေး ကိုလည်း တိုးတက်စေပြီပေါ့။။

၁၁။ တစ်ခြားသူတွေရဲ့ ပညာရေးနဲ့ ကျန်းမာရေး စောင့်ရှောက်မှုတွေအတွက် ကျုပ်တို့က ပေးဆောင်နေစရာ မလို။

၁၂။ ကြွယ်ဝမှုကို လိုအပ်မှု အရှိဆုံး လူတွေထံ မျှဝေ ပေးဖို့အတွက် အခွန်အခ တိုးကောက်ရမယ်။

## လုပ်ငန်းများ

၁။ အောက်ပါဝါဒများကို အောက်ပါ ရုပ်ပုံ၏ သင့်တော်သော နေရာတွင် ဖြည့်စွက်ပေးပါ။

(က) လွတ်လပ်မှုဇဟိုပြု လစ်ဘရယ်ဝါဒ

(ခ) ရှေးရိုးစွဲ ကွန်ဆာဗေးတစ်ဝါဒ

(ဂ) လူမှုဘဝညီမျှမှုဇဟိုပြု ဆိုရှယ်လစ်ဝါဒ

(ဃ) ကွန်မြူနစ်ဝါဒ

(င) မင်းမဲ့ဝါဒ

(စ) လစ်ဘာတေးရီးယန်းဝါဒ

၂။ မိမိတို့၏ ဖြေဆိုချက်များကို နှစ်ယောက်တစ်တွဲ ဆွေးနွေးပေးပါ။



## လုပ်ငန်းများ

၁။ ဖော်ပြပါ နိုင်ငံရေးပါတီများကို စက်ဝိုင်းဇယားတွင် နေရာ သတ်မှတ် ချထားပေးပါ။

၂။ မိမိတို့၏ ရွေးချယ်မှုများအကြောင်း အတန်းဖော်တစ်ဦးနှင့် ဆွေးနွေး ပြောဆိုပေးပါ။

၃။ လုပ်ရှားဆောင်ရွက်သူများစာရင်းကို ကြည့်ရှုပြီး ထိုဇယားပါ လုပ်ဆောင်သူ ၆ ဦး ကို စက်ဝိုင်းတွင် ထပ်မံ ဖြည့်စွက်ပေးပါ။

၄။ ထိုရုပ်ပုံတွင် မိမိတို့ သိရှိ လေ့လာဖူးသည့် အခြားသော နိုင်ငံရေးပါတီများကိုပါ ဖြည့်စွက်ပေးပါ။

၅။ အဖွဲ့နှင့်အတူ မိမိတို့၏ ရုပ်ပုံများကို နှိုင်းယှဉ်ပြီး ကွဲလွဲချက်များကို ဆွေးနွေးပါ။

**က။ ဖိလစ်ပိုင်နိုင်ငံ၏ လစ်ဘရယ်ပါတီ (The Liberal Party)**

ပါတီ၏ ဝါဒများတွင် ‘ဈေးကွက်စီးပွားရေး၊ နိုင်ငံရေးပွင့်လင်းမှု၊ လူများစု ဖိလစ်ပိုင်လူမျိုးတို့ အကျိုးရှေးရှုသည့် ရိုးသား ထိရောက်သော အစိုးရ အစရှိသည်တို့ကို ဖော်ဆောင်သွားရန်ပါရှိသည်။ ထိုအချက်တို့ကို အခြေခံလျက် ပွင့်လင်းပြီး မတူကွဲပြားမှုကို လက်ခံသော၊ ဒီမိုကရက်တစ်ကျသော လူ့အဖွဲ့အစည်းတစ်ရပ်’ ကို ဖော်ဆောင်သွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

**ခ။ မလေးရှားနိုင်ငံ၏ ဒီမိုကရက်တစ် လှုပ်ရှားမှုပါတီ (Democratic Action Party - DAP)**

ပါတီ၏ဝါဒမှာ မလေးရှားနိုင်ငံသားများအားလုံး ပညာရေးနှင့် စီးပွားရေးဆိုင်ရာ အခွင့်အရေးများ တူမျှစွာ ရရှိနိုင်ရန်ဖြစ်သည်။ ပါတီ၏အဆိုအရ လက်ရှိစနစ်တွင် ညီမျှမှု မတည်ရှိနေချေ။ မလေးရှားနိုင်ငံအနေဖြင့် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဆိုင်ရာ တန်ဖိုးများကို ထောက်ပံ့သွားရမည် ဖြစ်ကြောင်း ပါတီက ပြောဆိုထားသည်။

**ဂ။ ဗီယက်နမ် ကွန်မြူနစ်ပါတီ (The Communist Party of Vietnam)**

CPVသည် ဗီယက်နမ်နိုင်ငံ၏ တစ်ခုတည်းသော တရားဝင် နိုင်ငံရေးပါတီဖြစ်ပြီး၊ ပြည်သူ့ဗျူရိုကရေစီ၊ စစ်တပ်၊ ရဲ၊ တရားရုံးနှင့် နိုင်ငံပိုင်မီဒီယာများအပါအဝင် နိုင်ငံ၏ အင်စတီကျူးရှင်းများကို ထိန်းချုပ်ထားသည်။

**ဃ။ အမျိုးသား အမိန့်အာဏာပါတီ (Partai Amanat Nasional - PAN)**

ပါတီလမ်းစဉ်တွင် ပြည်သူတို့၏ အမိန့်အာဏာကို အလေးဂရုထားရန်၊ ဒီမိုကရေစီ၊ တိုးတက်မှု၊ ဘာသာရေးတန်ဖိုးများအပေါ် အရင်းခံသည့် တရားရှိ လူနေမှုတို့ကို ဖော်ဆောင်ရန်တို့ ပါဝင်သည်။ ပါတီ၏ဝါဒသည် ဘာသာရေး၊ အသိုင်းအဝိုင်းများ၊ စည်းလုံးမှု၊ ကိုယ်စားပြု ဒီမိုကရေစီနှင့် တရားရှိ လူနေမှုဆိုင်ရာ ကျင့်ဝတ်တို့ ဖြစ်ကြသော တန်ဖိုး ၅ ဖြာ ဟူသော အယူအဆအပေါ် အခြေခံထားသည်။

**င။ နီပေါလ် ကွန်ဂရက် ပါတီ (The Nepali Congress Party- NC)**

နီပေါလ်ကွန်ဂရက် ပါတီ၏ ဝါဒမှာ မူမတူယှဉ်တွဲမှုဆိုင်ရာ တန်ဖိုးများကို အခြေခံလျက် ဒီမိုကရတ်တစ်လူ့အဖွဲ့အစည်းဟူသော အယူအဆကို ပံ့ပိုးပေးရန်ဖြစ်သည်။ ပါတီအနေဖြင့် လက်ဝဲဆန်လွန်း၊ လက်ယာဆန်လွန်းသည့် ဝါဒများ၏ ဘေးဆိုးတို့ကို ရှောင်ကြဉ်သည်။ ဝါဒရေးရာအရ နီပေါလ်ကွန်ဂရက်သည် ကြားနေအတွေးအခေါ်ကို ကိုယ်စားပြုပေသည်။ စီးပွားရေးဖွံ့ဖြိုးမှုကို ပေးစွမ်းရေး၊ တရားရှိ လူနေမှုနှင့် ညီမျှမှုတို့ အကာအကွယ်ပြုပေးရေးတို့ကို ယှဉ်တွဲလျက် ဖော်ဆောင်ပေးရန် သန္နိဋ္ဌာန် ချထားသည်။

**လုပ်ငန်းများ**

### ကျွန်ုပ်တို့၏ နိုင်ငံရေးပါတီ - ဝါဒများ

၁။ မိမိတို့၏နိုင်ငံရေးပါတီကို ဝါဒဇယား၏မည်သည့်နေရာတွင် ချထားသတ်မှတ်မည်ကို ဆွေးနွေးပါ။

၂။ မိမိတို့၏ဆုံးဖြတ်ချက်ကို အတန်းဖော်များထံ တင်ပြရှင်းလင်းပေးပါ။

**အကြံပြုသင်ခန်းစာ**

နိုင်ငံရေးပါတီတို့၏ပြဿနာရပ်အချို့တို့ကို ဖော်ပြပါ။

## ၉.၂.၃ နိုင်ငံရေးပါတီဆိုင်ရာ ပြဿနာရပ်များ

### (က) ပါတီများသည် ဒီမိုကရက်တစ် မကျနိုင်

ပါတီအချို့တို့တွင် ခေါင်းဆောင်များမှ အခြားသော ပါတီအဖွဲ့ဝင်များကို ချုပ်ကိုင်ထားသည်။ ပါတီဝင်တို့၏ သဘောထားအမြင် ထုတ်ဖော်ခြင်း၊ ဆုံးဖြတ်ချက် ချမှတ်ခြင်းတို့အတွက်လည်း ထိုခေါင်းဆောင်များက ခွင့်ပြုခြင်း မရှိကြ။ ပါတီဝင်တို့၏ လိုလားချက်များကို သိမြင်နိုင်ရန် အတွက် အစည်းအဝေး ကျင်းပခြင်း သို့မဟုတ် မဲပေးခြင်းတို့ကိုလည်း ဆွေးနွေး ဆုံးဖြတ်သည့် အခါတို့၌ ပါတီခေါင်းဆောင်တို့က မကျင့်သုံးကြချေ။ ပါတီခေါင်းဆောင်များအနေဖြင့် မိမိတို့နှင့်သိကျွမ်းသူများ ပါတီတွင်း အာဏာရရှိစေရန် ကူညီပေးတတ်ကြပေသည်။

### (ခ) ပါတီများကို ကြွယ်ဝသော ထောက်ပံ့သူများက လွှမ်းမိုးသွားနိုင်သည်

ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေး လှုပ်ရှားမှုများသည် စရိတ်စက ကြီးလေးလှသည်။ ထို့ကြောင့်လည်း အနိုင်ရရှိလိုသည့် ပါတီများသည် ချမ်းသာသော ပုဂ္ဂိုလ်များနှင့် ကုမ္ပဏီများ၏ အထောက်အပံ့ကို ရရှိရန် ကြိုးပမ်းတတ်ကြသည်။ ထိုသို့ လုပ်ဆောင်ခြင်းက ကြွယ်ဝချမ်းသာ သူများနှင့် ကုမ္ပဏီများအား ၎င်းတို့ထောက်ပံ့သည့်ပါတီများအပေါ်၌ အလွန်အမင်း လွှမ်းမိုးထားစေပြီး အဆိုပါပုဂ္ဂိုလ်များ၊ ကုမ္ပဏီများကို နိုင်ငံရေးအာဏာ ကြီးမားစွာ ပေးအပ်ရာ ရောက်သည်။ ဤသည်က ပါတီခေါင်းဆောင်များအနေဖြင့် ဝါဒနှင့် ပြည်သူ့လိုအပ်ချက် များထက် ငွေကြေးကို ပိုမိုတန်ဖိုးထားစေနိုင်သည့် အကြောင်းရပ်ဖြစ်သည်။

### (ဂ) ပါတီများမှာ အသွင်တူလာကြသည်

တိုင်းပြည်အချို့တို့တွင် (အထူးသဖြင့် နှစ်ပါတီစနစ်ကျင့်သုံးသည့် တိုင်းပြည်များတွင်) လူထုအခြေပြုပါတီတို့သာလျှင် ရွေးကောက်ပွဲတစ်ရပ် အနိုင်ရရှိနိုင်ချေရှိသည့် နိုင်ငံရေး ပါတီများ ဖြစ်ကြသည်။ ထိုပါတီတို့မှာ မဲဆန္ဒများများ ပိုင်ဆိုင်ရန် လိုအပ်သည့်အလျောက် လူကြိုက်များသည့် မူဝါဒများနှင့် ပျော့ပြောင်းသည့် ဝါဒများကို လက်ကိုင်ပြုရန် ကြိုးပမ်းတတ်ကြသည်။ အကျိုးဆက်အနေဖြင့် ထိုပါတီတို့သည် အသွင်တူသည်ထက် တူလာကြပြီး ဝါဒမတူ လမ်းစဉ်မတူသည့် ပါတီများဟူ၍ မဲဆန္ဒရှင်တို့မှာ ရွေးချယ်စရာ မရှိတော့ချေ။ ထိုအခြေအနေတို့ကြောင့် နိုင်ငံရေးသည် နိုင်ငံရေးသမားတို့၏ ကိုယ်ရေး ကိုယ်တာ ဘဝများ (သို့) အရေးမပါသော ကိစ္စရပ်များ ဖြစ်သည့် ပုဂ္ဂိုလ်ရေး တိုက်ခိုက်မှုများ အထိ ကျဆင်းသွားတတ်သည်။ ထိုအချက်သည် နိုင်ငံအများစုတွင် ဖြစ်ပွားလျက်ရှိသည့် ‘ဒီမိုကရေစီကျင့်သုံးမှု အားနည်းလာခြင်း’ ၏ အဓိက အကြောင်းရင်းကြီးတစ်ရပ်ဖြစ်သည်။ ပြည်သူတို့မှာ နိုင်ငံရေးအပြောင်းအလဲများ ဆောင်ကြဉ်းပေးမည့် ပါတီတစ်ရပ်ရပ်ကို ထောက်ခံနိုင်မည့် အခွင့်အရေး မရှိတော့ကြောင်း ခံစားရလာနိုင်သည်။ ဤသည်က မဲဆန္ဒပေးလိုစိတ် မရှိတော့သည်အထိပင် ဖြစ်ပွား ပေါ်ပေါက်လာစေမည် ဖြစ်သည်။

## ပြန်လည်သုံးသပ်ချက်

၁။ မိမိတို့၏ပါတီများကို ဖွဲ့စည်းတည်ထောင်ရာတွင် ဒီမိုကရက်တစ်ကျကျ ကျင့်သုံးခဲ့ပါသလား။ ထိုသို့ လုပ်ဆောင်ရန် လွယ်ကူမှုရှိပါသလား။ အဘယ့်ကြောင့်နည်း။

၂။ မိမိတို့၏ပါတီအနေဖြင့် အခြားသောပါတီများနှင့် အသွင်တူပါသလား။ မည်သို့ တူညီကြသနည်း။ မည်သည်တို့ ကွဲပြားကြသနည်း။ အဘယ့်ကြောင့်နည်း။

## ဆွေးနွေးချက်

၁။ နိုင်ငံရေးပါတီဆိုင်ရာ ဘေးအန္တရာယ်များကို ဖော်ပြပေးပါ။

၂။ အစိုးရများ အနေဖြင့် နိုင်ငံရေးပါတီများ မတည်ရှိဘဲ လုပ်ကိုင် ဆောင်ရွက်နိုင်ကြပါသလား။

၃။ မည်သည့် နည်းလမ်းများအရ ပါတီများက ဒီမိုကရေစီကို ထောက်ပံ့ပေးသနည်း။

၄။ နိုင်ငံရေးပါတီများ ရင်ဆိုင်လျက်ရှိသည့် ပြဿနာရပ်အချို့တို့ကို ဖြေရှင်းရန်အတွက် မည်သည်တို့ကို လုပ်ဆောင်နိုင်မည်နည်း။

# အပိုင်း (၃) ပြန်လည်သုံးသပ်ခြင်း

**အပိုင်း (၃) စိတ်ကူးပုံဖော်ခြင်း**

ဤအပိုင်းတွင် လေ့လာမှတ်သားခဲ့သည်တို့ကို အခြေခံလျက် ဖြည့်စွက်ပေးပါ။




**နားလည်မှုစစ်ဆေးခြင်း**

၁။ ပြည်သူ့ရေးရာ အမြင်သဘောထားတို့အပေါ်အခြေခံပြီး မူဝါဒများဆုံးဖြတ်ခြင်း၏ အကျိုး အပြစ်တို့ကို ဖော်ပြပေးပါ။

၂။ စာနယ်ဇင်းလွတ်လပ်ခွင့်အတွက် မည်သည်တို့လိုအပ်သနည်း။

၃။ နိုင်ငံပိုင်မီဒီယာတစ်ရပ်၏ အကျိုးအပြစ်တို့ကို ဖော်ပြပါ။

၄။ ပုဂ္ဂလိကပိုင် မီဒီယာတစ်ရပ်၏ အကျိုးအပြစ်တို့ကို ဖော်ပြပါ။

၅။ မီဒီယာစီမံခန့်ခွဲမှု ဆိုသည်မှာ အဘယ်နည်း။

၆။ လူထုအခြေပြု အဖွဲ့အစည်းဆိုသည်မှာ အဘယ်နည်း။

၇။ ဝန်ဆောင်မှုနှင့် အထောက်အပံ့များပေးသော အဖွဲ့နှင့် လှုံ့ဆော် အရေးဆိုပေးသော အဖွဲ့တို့ မည်သို့ ကွာခြားကြသနည်း။

၈။ စည်းရုံးဆွဲဆောင်မှုနှင့် လှုံ့ဆော် အရေးဆိုမှုတို့အကြား မည်သို့ခြားနားကြသနည်း။

၉။ အစိုးရနှင့်နီးကပ်သည့်အတွင်း အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) များနှင့် အစိုးရနှင့်ထိတွေ့မှုဝေးသည့်အပြင်အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) ဆိုင်ရာ နည်းဗျူဟာ တို့အကြား မည်သို့ခြားနားကြသနည်း။

၁၀။ အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) များ၏ အကျိုး၊ အပြစ်တို့ကို ဖော်ပြပါ။

၁၁။ နိုင်ငံရေးပါတီများအနေဖြင့် မည်သည်တို့ကို လုပ်ကိုင်ဆောင်ရွက်ကြသနည်း။

၁၂။ ညွန့်ပေါင်းအစိုးရ ဆိုသည်မှာအဘယ်နည်း။

၁၃။ လူထုအခြေပြုပါတီနှင့် အဖွဲ့ဝင်အခြေပြုပါတီတို့အကြား မည်သို့ခြားနားကြသနည်း။

၁၄။ လက်ဝဲနှင့် လက်ယာပါတီတို့အကြား မည်သို့ခြားနားကြသနည်း။

၁၅။ နိုင်ငံရေးပါတီဆိုင်ရာ ပြဿနာရပ်အချို့တို့ကို ဖော်ပြပါ။

မှတ်စု

# ဖြစ်စဉ်ပြဇယား

**၁၈၈၅ တတိယ အင်္ဂလိပ် – ဗမာစစ်ပွဲ** – ဗမာပြည်တွင်း ပြင်သစ်အကျိုးစီးပွားဆိုင်ရာ ကုန်သွယ်ရေး အငြင်းပွားမှုများကြောင့် ဗြိတိသျှတို့က သီပေါဘုရင်၏ အာဏာအချို့အဝက် လက်လွှတ်ပေးရေး တောင်းဆိုဖိအားပေးခဲ့သည်။ သီပေါဘုရင် ငြင်းဆိုသည့်အခါတွင် ဗြိတိသျှတို့မှ ကျူးကျော်ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး၊ ဘုရင်ကို နန်းချခဲ့သည်။ ဗြိတိသျှတို့သည် ဗမာပြည်မကြီးကို တိုက်ရိုက်ချုပ်ကိုင်လျက် တိုင်းရင်းသားနယ်မြေများကို သွယ်ဝိုက်အုပ်ချုပ်ခဲ့ကြသည်။

**၁၉၂၀ တက္ကသိုလ်သပိတ်** – ကျောင်းသားများက တက္ကသိုလ်အက်ဥပဒေကို ကန့်ကွက်ခဲ့ကြသည်။ အဆိုပါအက်ဥပဒေအရ တက္ကသိုလ်များကို ဗြိတိသျှတို့ချုပ်ကိုင်ထားစေမည်ဖြစ်သည်။ ထို့အပြင် ကျောင်းလခ တိုးမြှင့်စေပြီး အင်္ဂလိပ်စာအဆင့်ကိုလည်း မြင့်မားစွာ သတ်မှတ်ထားသည်။ ဗြိတိသျှတို့အရိပ်မှလွတ်ကင်းသည့် အမျိုးသားကျောင်းများဖွင့်ရေးအတွက် ကျောင်းသားတို့ ဦးစီးဖွင့်လှစ်နိုင်ခဲ့ကြသည်။ အဆိုပါ သပိတ်ကို အမှတ်ရသောအားဖြင့် အမျိုးသားနေ့ (မြန်မာသက္ကရာဇ် တန်ဆောင်မုန်းလဆုတ် ၁၀ ရက်) ကို ဂုဏ်ပြုကျင်းပကြပေသည်။

**၁၉၃၀ တို့ဗမာအစည်းအရုံးတည်ထောင် ဖွဲ့စည်းခြင်း** – အဖွဲ့ဝင်များသည် မိမိကိုယ်ကို 'သခင်' ဟု ကြွေးကြော်သတ်မှတ်ခဲ့ကြသည်။ အဖွဲ့ဝင်အများစုမှာ ကျောင်းသားများနှင့် ဗြိတိသျှအုပ်စိုးမှုကို မနှစ်မြို့သည့် လူငယ်ပညာတတ်များ ဖြစ်ကြပေသည်။

**၁၉၃၀ – ၃၁ ဆရာစံ ပုန်ကန်မှု** – အကြွေးပတ်လည်ဝိုင်းလျက်ရှိသည့် လယ်သမားများသည် ၎င်းတို့၏လယ်များကို ငွေတိုးချေးစားသူများထံ ဆုံးရှုံးကြရသည်။ ဆရာစံမှဦးဆောင်ပြီး လယ်သမားတော်လှန်ရေးတစ်ရပ် ဆင်နွှဲခဲ့သည်။ ဆရာစံကို ဗြိတိသျှတို့က ဖမ်းဆီးခဲ့ကြပြီး ကြိုးမိန့်ပေးခဲ့သည်။

**၁၉၃၆ ဒုတိယမြောက် တက္ကသိုလ်ကျောင်းသားများသပိတ်** – ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂ ခေါင်းဆောင်များဖြစ်သည့် အောင်ဆန်းနှင့် ကိုနုတို့ကို ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် သပိတ်ပွဲများ ပျံ့နှံ့ဖြစ်ပွားစေသည့်အတွက်ကြောင့် ကျောင်းမှ ထုတ်ပယ်ခဲ့သည်။ ဤသည်က ဗမာ့တက္ကသိုလ်ကျောင်းသားများသမဂ္ဂ ဖွဲ့စည်းပေါ်ပေါက်လာစေခဲ့သည်။

**၁၉၃၈ (၁၃၀၀) ပြည့်အရေးတော်ပုံ** – ဗြိတိသျှရေနံလုပ်ငန်းများကို ဆန့်ကျင်သည့် အနေဖြင့် ရေနံမြေလုပ်သားများ သပိတ်မှောက်ခဲ့ကြသည်။ ချောက်မြို့မှ ရန်ကုန်မြို့အထိ ကျောင်းသားများ စည်းရုံးချီတက်ခဲ့ကြပြီး ရန်ကုန်မြို့တွင် အခြားလုပ်သားတို့မှ ပူးပေါင်းလာခဲ့ကြသည်။ ဗြိတိသျှတို့ကြောင့် ကျောင်းသားတစ်ဦး အသက်ဆုံးရှုံးခဲ့ရသည့်အခါတွင်မူ အဆိုပါသပိတ်သည် တစ်ပြည်လုံးသို့ ပျံ့နှံ့သွားခဲ့ပေသည်။

**၁၉၄၂ – ၄၅ ဂျပန်တို့သိမ်းပိုက်ခြင်း** – ရဲဘော်သုံးကျိပ်တို့ ဂျပန်ပြည်တွင် စစ်ပညာလေ့ကျင့်မှုများကို သင်ယူခဲ့ကြပြီး ဗမာ့လွတ်လပ်ရေးတပ်မတော် BIA ကို တည်ထောင်ခဲ့ကြသည်။ BIA နှင့် ဂျပန်တို့ ပူးပေါင်း၍ ဗြိတိသျှတို့ကို တိုက်ထုတ်ခဲ့ကြပြီး ဂျပန်တို့ ဗမာပြည်ကို သိမ်းပိုက်ခဲ့သည်။ အိန္ဒိယလူမျိုး ၅ သိန်းခန့်မှာလည်း ဗြိတိသျှပိုင်နက်မြေများသို့ ဆုတ်ပြေးခဲ့ကြသည်။ ဗမာပြည်တစ်ဝှမ်း တိုက်ခိုက်မှုများက ကျပ်တည်းမှုများ၊ တိုင်းရင်းသားအချင်းချင်းကြားတင်းမာမှုများနှင့် ပဋိပက္ခများကို ဖြစ်ပွားစေခဲ့သည်။ (ဥပမာ– မြောင်းမြရှိ BIA နှင့် ကရင်တို့အကြား တင်းမာမှုများ)။ ဗမာတို့အနေဖြင့် လွတ်လပ်ရေး ရရှိခဲ့သည်ဆိုသော်လည်း ဂျပန်တို့ကသာ ဆက်လက် ထိန်းချုပ်ထားခဲ့ပေသည်။

**၁၉၄၄ – ၄၅ ဖက်ဆစ်ဆန့်ကျင် တော်လှန်ရေး** – ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့အစည်းသည် ဗြိတိသျှတို့၏အကူအညီဖြင့် ဂျပန်တို့ကို တော်လှန်ရေးအတွက် ဦးဆောင်ခဲ့သည်။ တော်လှန်ရေးနေ့ (မတ်လ ၂၇ရက်၊ တပ်မတော်နေ့ဟု နောင်အစိုးရက ပြောင်းလဲသတ်မှတ်ခဲ့) သည် အဆိုပါ တော်လှန်မှုကို ဂုဏ်ပြုအမှတ်ရလျက်ရှိသည်။

**၁၉၄၆ – ၄၇ ဗြိတိသျှတို့နှင့် ဆွေးနွေးခြင်း** – အောင်ဆန်းဦးဆောင်သည့် ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ချုပ် (ဖဆပလ) သည် ဗြိတိသျှတို့ ဗမာပြည်လွတ်လပ်ရေးအတွက် ဆွေးနွေးခဲ့ကြပြီး၊ တိုင်းရင်းသားနယ်မြေများ သဘောတူပါက လွတ်လပ်သော ဗမာပြည်နှင့် ပူးပေါင်းရေးတို့အတွက်ပါ ဆွေးနွေးခဲ့ကြသည်။ အချို့သော တိုင်းရင်းသားများ (ဥပမာ – ကရင်) ကမူ ကိုယ်ပိုင်ပြည်နယ်ရရေးအတွက် ကြိုးပမ်းခဲ့ကြသည်။

**၁၉၄၆ ပြည်တွင်းစစ်** – အလံနီကွန်မြူနစ်ပါတီ၊ မူဂျာဟစ်နှင့် APLF တို့၏ ဗမာပြည်တစ်ဝှမ်း တော်လှန်ပုန်ကန်မှုများဖြင့် စတင်ခဲ့ခြင်းဖြစ်ပြီး ၁၉၄၈ ခုနှစ်တွင် KNDO ၊ MNDO ၊ PNO တို့ကပါ ပုန်ကန်ခဲ့ကြသည်။ ၁၉၅၀နှင့် ၁၉၆၀ ပြည့်နှစ်များတွင် အခြားသော အဖွဲ့များဖြစ်သည့် KNU၊ NMSP၊ KNPP၊ SSA၊ KIO ၊ KNPP တို့က အဆိုပါ လှုပ်ရှားမှုများကို ဆက်ခံခဲ့ကြသည်။

**၁၉၄၆ – ၄၇ ပင်လုံညီလာခံ** – ၁၉၄၆ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဖဆပလအဖွဲ့ချုပ်သည် ကချင်၊ ရှမ်း၊ ချင်း၊ ကရင်ပြည်သူတို့နှင့် တွေ့ဆုံပြီး ဖက်ဒရယ်လ်ပြည်ထောင်စုတစ်ရပ်အဖြစ် ပူးပေါင်းရေး၊ အပြန်အလှန်အနေဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် နုတ်ထွက်ခွင့် (လွတ်လပ်သော နိုင်ငံအဖြစ် တည်ထောင်ခွင့်) တို့ကို နောင်တွင်ပေးအပ်ရေးတို့အတွက် တွေ့ဆုံပြောဆိုခဲ့ကြသည်။ ပြည်ထောင်စုနေ့ (ဖေဖော်ဝါရီလ ၁၂ ရက်နေ့) သည် ပင်လုံစာချုပ်ချုပ်ဆိုခြင်းကို အမှတ်ရ၍ ဂုဏ်ပြုကျင်းပပေသည်။

**၁၉၄၇ ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံရမှု** – ဇူလိုင်လ ၁၉ရက်နေ့တွင် လက်နက်ကိုင်လူတစ်စုက အတွင်းဝန်ရုံးသို့ ဝင်ရောက်ကာ အောင်ဆန်းနှင့် အုပ်ချုပ်ရေးကောင်စီဝင် ၆ ဦး တို့ကို သတ်ဖြတ်ခဲ့သည်။ ဝန်ကြီးချုပ်ဟောင်း ဦးစောသည် လုပ်ကြံမှုကို ကြိုးကိုင်ခဲ့ပြီး သေဒဏ်ချမှတ်ခံခဲ့ရသည်။

**၁၉၄၈ ဗမာပြည် လွတ်လပ်ရေး** – ဇန်နဝါရီလ ၄ ရက်နေ့တွင် ဖဆပလအဖွဲ့ချုပ်သည် ဗြိတိသျှတို့နေရာတွင် အစားထိုးလျက် ဗမာပြည်၏ အာဏာရအစိုးရ ဖြစ်လာခဲ့သည်။ ဦးနုသည် ဝန်ကြီးချုပ်ဖြစ်လာခဲ့ပြီး၊ စဝ်ရွှေသိုက်သည် သမ္မတဖြစ်လာခဲ့သည်။

**၁၉၄၈ တိုင်းရင်းသားလူနည်းစုများ မဟာမိတ်ဖွဲ့ခြင်း** – KNDO အဖွဲ့အနေဖြင့် မွန်အမျိုးသားကာကွယ်ရေးအဖွဲ့အစည်း (MNDO) နှင့် မဟာမိတ်ဖွဲ့ခဲ့ပြီး မော်လမြိုင်မြို့ကို ယာယီသိမ်းပိုက်ခဲ့သည်။ ထို့နောက် ၁၉၄၉ ခုနှစ်တွင် အင်းစိန်ကို သိမ်းပိုက်ခဲ့သည်။ ထိုမှစ၍ လူနည်းစုတိုင်းရင်းသား အမျိုးသားရေးအဖွဲ့တို့အကြား မဟာမိတ်ဖွဲ့မှုများ အစီအရီ ဖြစ်ပေါ်ခဲ့သည်။ ၎င်းတို့တွင် ၁၉၇၅ ခုနှစ်အတွင်း အမျိုးသားဒီမိုကရက်တစ်တပ်ဦး(NDF) နှင့် ၁၉၈၈ ခုနှစ် ဗမာ့ဒီမိုကရက်တစ်ညွန့်ပေါင်းအဖွဲ့ (Democratic Alliance of Burma) တို့ ပါဝင်ကြပေသည်။

**၁၉၅၈၊ ၁၉၆၃ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ** – ဆရာကြီးသခင်ကိုယ်တော်မှိုင်းက လက်နက်ကိုင်လှုပ်ရှားမှုအဖွဲ့များနှင့် ငြိမ်းချမ်းရေး ဆွေးနွေးရန် စီစဉ်ပြုလုပ်ခဲ့သည်။

**၁၉၅၈ – ၆၀ အိမ်စောင့်အစိုးရ** – ဦးနု၏ ဖဆလပအစိုးရက နေဝင်းနှင့် စစ်တပ်အရာရှိများကို တိုင်းပြည် ထိန်းသိမ်းပေးရေးအတွက် ခွင့်ပြုခဲ့သည်။ ဖြစ်ပွားဆဲ ပြည်တွင်းစစ်နှင့် ဖဆပလအတွင်း အကွဲအပြဲဇာတ်လမ်းတို့ကြောင့်လည်း ထိုသို့ ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

**၁၉၆၁ နိုင်ငံတော်ဘာသာရေး အက်ဥပဒေ** – ဦးနုမှ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် မိတ်ဆက်ခဲ့သည်။ ကိုးကွယ်ယုံကြည်မှု အသီးသီးရှိကြသူများ (ဥပမာ – ခရစ်ယာန်များနှင့် မွတ်ဆလင်များ) က အဆိုပါ လုပ်ရပ်အပေါ် မကျေနပ်ခဲ့ကြချေ။

**၁၉၆၂ စစ်တပ်မှ အာဏာသိမ်းခြင်း** – မတ်လ ၂ရက်နေ့တွင် ဗိုလ်ချုပ်နေဝင်းမှ အာဏာသိမ်းခဲ့ပြီး ထိုအစိုးရကို 'တော်လှန်ရေး ကောင်စီ' ဟု ခေါ်သည်။ ဤသည်မှာ ဦးနုက ဖက်ဒရယ်လစ်စနစ် အရေးတောင်းဆိုမှုများကို စဉ်းစားပေးမည်ဖြစ်ကြောင်း ကြေညာခဲ့ပြီးနောက် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဗမာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ (BSPP) ကို ထိုနှစ်အတွင်းတွင်ပင် ဖွဲ့စည်း တည်ထောင်ခဲ့သည်။

**၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေပြန်လည် ရေးဆွဲခြင်း** – ဗမာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီလက်အောက်တွင် တစ်ပါတီဆိုရှယ်လစ် တစ်ပါတီစနစ် ကျင့်သုံးသော နိုင်ငံအဖြစ် အသိအမှတ်ပြုသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်ရေးဆွဲခဲ့သည်။

**၁၉၇၄ ဦးသန့် အရေးအခင်း** – ကုလအထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့် အမေရိကန်ပြည်ထောင်စုတွင် ကွယ်လွန် အနိစ္စရောက်ပြီးသည့်နောက် ရုပ်ကလာပ်ကို ရန်ကုန်မြို့သို့ ပြန်လည် သယ်ဆောင်ခဲ့ပြီး ပြည်သူလူထုထောင်နှင့်ချီ၍ ဈာပနာ အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။ ဗမာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီက ဦးသန့်ကို သာမန်အုတ်ဂူဖြင့်သာ မြှုပ်နှံသင်္ဂြိုလ် လိုသည်။ ကျောင်းသားများက ရုပ်အလောင်းကို သယ်ယူခဲ့ကြပြီး BSPP မူဝါဒကိုဆန့်ကျင်လျက် ယခင်ကျောင်းသားသမဂ္ဂ နေရာတွင် မြှုပ်နှံခဲ့ကြသည်။ စစ်တပ်မှ ကျောင်းသားတို့ကို သတ်ဖြတ်ခဲ့ကြပြီး ဦးသန့်ရုပ်အလောင်းကို ရွှေတိဂုံဘုရား ခြေတော်ရင်းတွင် မြှုပ်နှံလျက် ကန့်ကွက်ပွဲများကို ရပ်တန့်ခဲ့ပေသည်။

**၁၉၈၈ ဆန္ဒပြပွဲများ (၈၈၈၈ အရေးအခင်း)** – ငွေစက္ကူများ တရားမဝင်ကြောင်း အစိုးရက ရုတ်တရက်ကြေညာခဲ့ခြင်းကြောင့် ပြည်သူအများ၏စုဆောင်းငွေများကို ဆုံးရှုံးစေခဲ့သည့် ပြဿနာနောက် ကျောင်းသားသပိတ်များ ဖြစ်ပွားခဲ့သည်။ ထိုဖြစ်ရပ်က နိုင်ငံနှင့် အဝှမ်း လူထုအရေးတော်ပုံများကို ဖြစ်ပွားစေခဲ့သည်။ စစ်သားများ၊ ရဲများက အဆိုပါ ဆန္ဒပြမှုများကို အကြမ်းဖက် ရပ်တန့်စေခဲ့သည်။ ဗိုလ်ချုပ်နေဝင်း ရာထူးမှ နုတ်ထွက်ခဲ့ပြီး၊ ဗမာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို ဖျက်သိမ်းခဲ့သည်။ ABSDF နှင့် DPNS ကဲ့သို့သော ကျောင်းသားပါတီများနှင့် ဒေါ်အောင်ဆန်းစုကြည်တို့သည် နိုင်ငံရေးအင်အားစုများအဖြစ် ပေါ်ပေါက်လာခဲ့သည်။

**၁၉၈၈ SLORC** – ဗိုလ်ချုပ်စောမောင်က ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့ အာဏာသိမ်းပြီးနောက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးကောင်စီ (SLORC) ကို ဖွဲ့စည်းခဲ့သည်။ နိုင်ငံတကာကုန်သွယ်မှုတို့အတွက် စီးပွားရေးလမ်းဖွင့်ပေးခဲ့သည်။

**၁၉၉၀ ရွေးကောက်ပွဲများ** – NLD ပါတီမှ ထောက်ခံမဲအများစုဖြင့် အနိုင်ရရှိခဲ့သည်။ နဝတက ရွေးကောက်ပွဲရလဒ်ကို ပယ်ဖျက်ခဲ့ပြီး၊ လွှတ်တော်အဖွဲ့ဝင်များ ကိုယ်စားပြုတာဝန်ယူပြီး အစိုးရချုပ်ကိုင်ရေးကို ခွင့်ပြုမပေးခဲ့ချေ။ NLD ခေါင်းဆောင်များမှာ အထိန်းသိမ်းခံရသူခံရ၊ အချို့မှလည်း တိုင်းပြည်မှ တိမ်းရှောင်ခဲ့ကြရသည်။

**၁၉၉၄ – ၉၅ 'မနပလော' ၏ အတက်နှင့် အကျ** – တိုင်းရင်းသားလူနည်းစုများနှင့် ဒီမိုကရက်တစ်အဖွဲ့များသည် လက်နက်ကိုင်တို့နှင့် ပူးပေါင်းခဲ့ကြသည်။ KNU ထိန်းချုပ်ထားသည့် မနပလောမြို့သည် ၎င်းတို့၏ အခြေစိုက်စခန်းဖြစ်ခဲ့သည်။ KNLA စစ်အုပ်စုတစ်စုသည် အဆိုပါအဖွဲ့မှ ထွက်ခွာခဲ့ပြီး Democratic Karen Buddhist Army (DKBA) (နောက်ပိုင်းတွင် Democratic Karen Benevolent Army ဟု ပြောင်းလဲခေါ်ဝေါ်) ကို ဖွဲ့စည်းခဲ့သည်။ DKBA အဖွဲ့အနေဖြင့် SLORC နှင့် အပစ်အခတ်ရပ်စဲရေး ဆွေးနွေးခဲ့ပြီး မနပလောကို ချီတက်သိမ်းပိုက်ရန်အတွက် ကူညီပေးခဲ့သည်။

**၁၉၈၉ – ၉၅ အပစ်အခတ် ရပ်စဲမှုများ** – တိုင်းရင်းသားလူနည်းစုတပ်များမှ နဝတနှင့် အပစ်အခတ် ရပ်စဲရန် ညှိနှိုင်းခဲ့ကြသည်။ အပြန်အလှန်အားဖြင့် နယ်မြေအရ ကိုယ်ပိုင်အုပ်ချုပ်မှုများ အကန့်အသတ်ဖြင့် ရရှိကြမည် ဖြစ်သည်။ ထိုညှိနှိုင်းမှုတို့အနက် ၁၉၈၉ ခုနှစ်တွင် UWSA ၊ ၁၉၉၄ ခုနှစ်တွင် KIO နှင့် ၁၉၉၅ ခုနှစ်တွင် NMSP တို့ ပါဝင်ကြသည်။

**၁၉၉၇ အာဆီယံ အဖွဲ့ဝင်ခြင်း** – အာဆီယံအဖွဲ့မှ မြန်မာနိုင်ငံကို အဖွဲ့ဝင်အဖြစ် လက်ခံခဲ့သည်။ အဖွဲ့ဝင်ဖြစ်ပြီးနောက် ဒေသတွင်း စီးပွားရေး အဆက်အသွယ်များ ပိုမိုရရှိလာခဲ့သည်။

**၂၀၀၇ ရွှေဝါရောင်အရေးအခင်း** – အစိုးရ၏ လောင်စာဆီ အထောက်အပံ့များကို ဖြတ်တောက်ခဲ့မှုကြောင့် ကုန်ဈေးနှုန်း မြင့်တက်ပြီး စီးပွားရေးကျပ်တည်းမှုများအတွက် ဗုဒ္ဓဘာသာ ရဟန်းများက ဆန့်ကျင်ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ အရပ်သားများ မှလည်း သံဃာတော်တို့၏ နိုင်ငံရေးအပြောင်းအလဲ တောင်းဆိုမှုများတွင် ပါဝင်ပူးပေါင်းလာခဲ့သည်။ နအဖ မှ အဆိုပါ ကန့်ကွက်ပွဲများကို အကြမ်းဖက် ရပ်တန့်စေခဲ့သည်။

**၂၀၀၈ ဆိုင်ကလုန်း နာဂစ်** – မြန်မာ့သမိုင်းတွင် အဆိုးရွားဆုံးသော သဘာဝဘေးအန္တရာယ်တစ်ရပ် ဖြစ်ပြီး လူပေါင်း ၁၀၀,၀၀၀ မှ ၂၀၀,၀၀၀ ကြား သေဆုံးခဲ့သည်ဟု ခန့်မှန်းရသည်။ လူထုအခြေပြုအဖွဲ့အစည်းဆိုင်ရာ ကွန်ရက်များနှင့် NGO များနှင့် ထောင်ပေါင်းများစွာသော ပြည်သူအများက အကူအညီအထောက်အပံ့များ ကိုယ်ထူကိုယ်ထ ပေးအပ်ခဲ့ကြပေသည်။

**၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် ရေးဆွဲပြီးစီး** – ၁၉၉၃ ခုနှစ်မှ စတင်ခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို (ဖွဲ့စည်းပုံ အခြေခံဥပဒေ) ညီလာခံမှ ရေးဆွဲပြီးစီးခဲ့သည်။ (အဆိုပါ ညီလာခံကို NLD နှင့် အခြားသော ဒီမိုကရေစီဘက်တော်သားများက သပိတ်မှောက် ဆန့်ကျင်ခဲ့ကြသည်။)

**၂၀၁၀ ရွေးကောက်ပွဲ** – ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) က ရွေးကောက်ပွဲနေရာ အများစုကို အနိုင် ရရှိခဲ့သည်၊ ဦးသိန်းစိန်သည် သမ္မတဖြစ်လာခဲ့သည်။ NLD ပါတီမှ အဆိုပါ ရွေးကောက်ပွဲကို သပိတ်မှောက်ခဲ့သည်။ ရွေးကောက်ပွဲကျင်းပမှု မပြီးစီးခင်ထိ ဒေါ်အောင်ဆန်းစုကြည်မှာ နေအိမ်အကျယ်ချုပ် ချခံထားရဆဲဖြစ်သည်။ NDF နှင့် အခြားသော အဖွဲ့များက ရွေးကောက်ပွဲနှင့် စပ်လျဉ်းပြီး ပြဿနာများရှိနေကြောင်း ထုတ်ဖော်ပြောဆိုခဲ့ကြသည်။

**၂၀၁၁ ဦးသိန်းစိန် နိုင်ငံတော်သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆို** – မတ်လ ၃၀ ရက်နေ့တွင် ကျမ်းသစ္စာ ကျိန်ဆိုသည်။ USDP ပါတီမှ လွှတ်တော်နေရာအများစုကို ရရှိထားပြီး၊ စစ်တပ်ကို ၂၅ ရာခိုင်နှုန်း နေရာပေးအပ်ထားသည်။

**၂၀၁၁ – ၁၂ အပစ်အခတ်ရပ်ဆဲမှုများ** – အစိုးရအဖွဲ့အနေဖြင့် SSA - S, KNU နှင့် KNPP အပါအဝင် ကျန်ရှိနေသော အပစ်အခတ် မရပ်စဲရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်များနှင့် အပစ်အခတ်ရပ်စဲရန် သဘောတူခဲ့ကြသည်။

**၂၀၁၁ မြစ်ဆုံဆည်** – မြန်မာအစိုးရအနေဖြင့် အငြင်းပွားဖွယ်ဖြစ်နေသော တရုတ်နိုင်ငံတော်အစိုးရပိုင်ကုမ္ပဏီတစ်ခုမှ ထောက်ပံ့ဦးဆောင်လျက်ရှိသည့် ရေအားလျှပ်စစ် စီမံကိန်းကို ရပ်ဆိုင်းခဲ့သည်။ ဤသည်မှာ အများပြည်သူတို့၏ဖိအားပေးမှုတို့ကြောင့် အစိုးရအနေဖြင့် တုံ့ပြန် ဆောင်ရွက်ခဲ့ရပုံပေါ်သည်။

**၂၀၁၂ လက်ပံတောင်းတောင် အရေးအခင်း** – မြန်မာအစိုးရနှင့် အကျိုးတူလုပ်ကိုင်လျက်ရှိသော တရုတ်သတ္တုတွင်းကုမ္ပဏီတစ်ခုကို လယ်ယာမြေများ ညစ်ညမ်းစေမှုကြောင့် ရွာသားတို့က ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် အစိုးရစုံစမ်းစစ်ဆေးရေးကော်မရှင်အနေဖြင့် လယ်သမားတို့အတွက် ငွေကြေးအရ ပေးလျော်မှုများ ပေးအပ်စေခဲ့သော်လည်း ဆန္ဒထုတ်ဖော်သူများအား ထိခိုက်ဒဏ်ရာရစေခဲ့သည့် ရဲများကိုမူ အပြစ်ဒဏ်မပေးခဲ့ကြချေ။

**၂၀၁၂ ဗုဒ္ဓဘာသာဝင်များနှင့် မွတ်ဆလင်များအကြား အရေးအခင်း** – ရခိုင်ပြည်နယ်မှ စတင်ခဲ့ပြီး တိုင်းပြည်အနှံ့ ပျံ့နှံ့ဖြစ်ပွားခဲ့သည့် ပဋိပက္ခများသည် ဗုဒ္ဓဘာသာဝင်များနှင့် မွတ်ဆလင်များ/ ရိုဟင်ဂျာများအကြား ဖြစ်ပွားခဲ့ပေသည်။

**၂၀၁၂ ကြားဖြတ် ရွေးကောက်ပွဲ** – လွှတ်တော်လစ်လပ်နေရာ ၄၆ နေရာအတွက် ရွေးကောက်ပွဲ ကျင်းပခဲ့သည်။ NLD ပါတီမှ ဝင်ရောက်အရွေးခံသည့် ၄၄ နေရာအနက် ၄၃ နေရာ အနိုင်ရရှိခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်မှာ လွှတ်တော်အဖွဲ့ဝင် ဖြစ်လာခဲ့သည်။

**၂၀၁၃ တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေး ဆွေးနွေးပွဲများ** – အစိုးရ ငြိမ်းချမ်းရေး ဆွေးနွေးသူများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တို့ ပေါင်းစုထားကြသည့် (United Nationalities Federal Council - UNFC) တို့က တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးအတွက် ဆွေးနွေးပွဲများ ကျင်းပခဲ့ကြသည်။ UNFC အနေဖြင့် တိုင်းရင်းသားဒေသများ၏ အနာဂတ်နှင့် စပ်လျဉ်းပြီး နိုင်ငံရေးဆွေးနွေးပွဲများ လက်ငင်းပင် ဖော်ဆောင်လိုကြပြီး၊ အစိုးရဘက်က စီးပွားရေးဖွံ့ဖြိုးမှုတို့ကို အလေးပေးလိုပြီး နိုင်ငံရေးညှိနှိုင်းမှုများကို နောင်မှသာ ဆွေးနွေးပြောဆိုလိုသည့်အတွက် အခက်အခဲအချို့ရှိခဲ့သည်။

# လှုပ်ရှားဆောင်ရွက်သူများစာရင်း

**၈၈ မျိုးဆက် ကျောင်းသားများ အဖွဲ့** – ၈၈အရေးအခင်းတွင် တက်ကြွလှုပ်ရှားခဲ့ကြသော ကျောင်းသားဟောင်းများနှင့် ၂၀၀၅ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။ ၂၀၀၇ ခုနှစ် ရွှေဝါရောင်အရေးအခင်းတွင်လည်း တက်ကြွလှုပ်ရှားခဲ့ကြပြီး ထိုအရေးအခင်းအပြီးတွင် အဆိုပါ အဖွဲ့၏ အဖွဲ့ဝင်အချို့မှာ အထိန်းသိမ်းခံခဲ့ရသည်။ ၎င်းအဖွဲ့အနေဖြင့် အမျိုးသားစည်းလုံးမှု၊ တရားရှိလူနေမှုနှင့် ဒီမိုကရေစီတို့အတွက် ကြိုးပမ်းလှုံ့ဆော်လျက်ရှိသည်။

**All Burma Monks Alliance - ABMA (ဗမာနိုင်ငံလုံးဆိုင်ရာ သံဃာတပ်ပေါင်းစု)** – ၂၀၀၇ ခုနှစ်တွင် ဝါကြီးရဟန်းတော် အချို့မှ မြန်မာနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသည့် စီးပွားရေးနှင့် လူမှုရေးပြဿနာများကို တုံ့ပြန်သည့်အနေဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ထိုအဖွဲ့၏ ခေါင်းဆောင်များသည် ၂၀၀၇ စက်တင်ဘာတွင် ဖြစ်ပွားခဲ့သော ဒီမိုကရေစီလှုပ်ရှားမှုများတွင် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်ခဲ့ကြသည်။ အဆိုပါ အဖွဲ့နေဖြင့် နိုင်ငံ၏ ဘာသာရေးနှင့် ယဉ်ကျေးမှုအခြေခံအုတ်မြစ်တို့ ကာကွယ်စောင့်ရှောက်ပေးရေးအတွက် ကြိုးပမ်းခဲ့ကြသည်။

**All Burma Students Democratic Front - ABSDF (ဗမာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး)** – ၁၉၈၈ ခုနှစ်တွင် ရှစ်လေးလုံး (၈၈၈၈) အရေးအခင်းတွင် ပါဝင်ခဲ့သည့် ကျောင်းသားတို့က တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ၎င်းတို့အနေဖြင့် စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်ခဲ့ကြပြီး ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတို့အတွက် လက်နက်ကိုင်၍ရော နိုင်ငံရေးနည်းလမ်းများအရပါ ပံ့ပိုးကြိုးစားပေးခဲ့ကြသည်။ ABSDF အဖွဲ့သည် ၂၀၁၃ ခုနှစ်တွင် အစိုးရနှင့် အပစ်အခတ်ရပ်စဲခဲ့သည်။ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဖက်ဒရယ်လ်ပြည်ထောင်စုတည်ထောင်ရေးတို့အတွက် လှုပ်ရှားဆောင်ရွက်လျက်ရှိသည်။

**Anti-Fascist People's Freedom League - AFPFL (ဖက်ဆစ်ဆန့်ကျင်ရေးပြည်သူ့လွတ်မြောက်ရေး အဖွဲ့ချုပ် –ဖဆပလ)** ဖက်ဆစ်ဆန့်ကျင်ရေး အဖွဲ့အစည်း (Anti - Fascist Organisation) ဟု ဦးစွာခေါ်တွင်ခဲ့ကြသည့် ဖဆလပအဖွဲ့ချုပ်ကို ၁၉၄၄ ခုနှစ်တွင် အောင်ဆန်းနှင့် အခြားသော ပုဂ္ဂိုလ်တို့မှ ဖွဲ့စည်းတည်ထောင်ခဲ့ကြခြင်းဖြစ်သည်။ ဖဆပလအဖွဲ့ချုပ်သည် နိုင်ငံရေးပါတီအသီးသီးဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး အတူတကွပူးပေါင်းစေရန် အောင်ဆန်းက ဦးစွာစီစဉ်ဆောင်ရွက်ခဲ့သည်။ နောင်တွင် ဦးနုမှ ဦးဆောင်ခဲ့သည်။ ဖဆပလအဖွဲ့ချုပ်သည် ၁၉၆၂ ခုနှစ် စစ်တပ်အာဏာ မသိမ်းမီအချိန်အထိ လွှတ်တော်ကို ကြီးစိုးထားခဲ့သည်။ စစ်တပ်အာဏာ သိမ်းချိန်တွင် စစ်အစိုးရသစ်က ပါတီခေါင်းဆောင်များကို ဖမ်းဆီးထောင်ချခဲ့သည်။ ထိုကာလအတောအတွင်း ဖဆပလသည် စည်းလုံးမှုနှင့် တူယှဉ်တွဲမှုတို့ကို အခြေခံသော အမျိုးသားရေးမူဝါဒ၊ လွှတ်တော်စနစ်ကျင့်သုံးသည့် ဒီမိုကရေစီစနစ်၊ လွတ်လပ်သော ဈေးကွက်စီးပွားရေးနှင့် ဆိုရှယ်လစ်စနစ်တို့ ပေါင်းစပ်ထားသည့် စီးပွားရေးတို့ကို ကျင့်သုံးခဲ့ပေသည်။

**Arakan National Congress - ANC (ရခိုင်အမျိုးသားကွန်ဂရက်)** – ရခိုင်အဖွဲ့အစည်းအများ၏ ကွန်ရက်အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။ ၁၉၄၂ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး ရခိုင်လူမျိုးတို့၏ အခွင့်အရေးများကို ကာကွယ်ရန်အတွက်ဖြစ်သည်။ ၁၉၄၅ ခုနှစ်တွင် ANC ၏ ပါဝင်သူအချို့က ခွဲထွက်ပြီးသည့်နောက်တွင် ရခိုင်ပြည်သူ့လွတ်မြောက်ရေးပါတီ (Arakan People's Liberation Party) ကို တည်ထောင်ခဲ့သည်။ ၎င်းအဖွဲ့၏ လက်နက်ကိုင် လက်ရုံးအင်အားမှာ ရခိုင်ကာကွယ်ရေးတပ်မတော် (Arakan Defence Army - ADA) ဖြစ်သည်။

**Aung San, General (ဗိုလ်ချုပ်အောင်ဆန်း၊ ၁၉၁၅ – ၁၉၄၇)** – ဗမာ့လွတ်လပ်ရေးခေါင်းဆောင်ဖြစ်ပြီး ခေတ်သစ်ဗမာ့စစ်တပ် (တပ်မတော်) ကို တည်ထောင်သူဖြစ်သည်။ ပြည်ထောင်စုဗမာနိုင်ငံတော်၏ ဗိသုကာကြီးဟုလည်း သတ်မှတ်ကြသည်။ ပင်လုံညီလာခံကို ကျင်းပခဲ့ပြီး ဗြိတိသျှတို့ထံမှ ဗမာ့လွတ်လပ်ရေးရရှိရန် တာဝန်ယူခဲ့သည်၊ သို့ရာတွင် လွတ်လပ်ရေးမရရှိမီ ခြောက်လအလို ၁၉၄၇ ခုနှစ်တွင် လုပ်ကြံခံခဲ့ရသည်။

**Aung San Suu Kyi (အောင်ဆန်းစုကြည်၊ ၁၉၄၅ – )** – အောင်ဆန်း၏ သမီးဖြစ်ပြီး ရှစ်လေးလုံး (၈၈၈၈) အရေးတော်ပုံတွင် နိုင်ငံရေးလောကသို့ ဝင်ရောက်ခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (NLD) ၏ တည်ထောင်သူနှင့် ဥက္ကဋ္ဌလည်းဖြစ်သည်။ ၁၉၉၀ ရွေးကောက်ပွဲမကျင်းပမီတွင် နေအိမ်အကျယ်ချုပ်ချခံခဲ့ရသည်၊ ပြီးနောက် နှစ်ပေါင်း ၂၁ နှစ်အတွင်းတွင် ၁၅ နှစ်ခန့်ကို အကျယ်ချုပ်ဘဝဖြင့် နေထိုင်ခဲ့ရသည်။ ၁၉၉၁ ခုနှစ်တွင် နိုဘယ်ငြိမ်းချမ်းရေးဆု ချီးမြှင့်ခံခဲ့ရသည်။ ၂၀၁၀ ခုနှစ်တွင် လွတ်မြောက်လာခဲ့ပြီး ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် အရွေးကောက်တင်မြှောက်ခံခဲ့ရသည်။

**Border Guard Force (နယ်ခြားစောင့်တပ်ဖွဲ့များ)** – တပ်မတော်မှ မြန်မာနိုင်ငံနယ်စပ်ဒေသများတွင် စစ်တပ်အင်အားများ ထားရှိကိုင်တွယ်ထားသည်။ ၎င်းတွင် အပစ်အခတ်ရပ်စဲပြီးဖြစ်သည့် တိုင်းရင်းသားစစ်တပ်များဖြင့် ပါဝင်ဖွဲ့စည်းထားပေသည်။

**Burma Muslim Organisation (ဗမာမွတ်စလင်များ အဖွဲ့အစည်း)** –၁၉၄၅ ခုနှစ်တွင် ဦးရာဇတ်မှ ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ဖဆပလနှင့် ပူးပေါင်းလျက် လွတ်လပ်ရေးရရှိရေး ကြိုးပမ်းရန်အတွက်ဖြစ်သည်။

**Democratic Alliance of Burma (ဗမာ့ဒီမိုကရက်တစ်ညွန့်ပေါင်းအဖွဲ့)** –၁၉၈၈ ခုနှစ်၊ ထိုင်းနိုင်ငံတွင် ဒီမိုကရေစီလိုလား အဖွဲ့အစည်းများနှင့် တိုင်းရင်းသားလက်နက်ကိုင်တို့ ပူးပေါင်းလက်တွဲဖွဲ့စည်းခဲ့သည်။

**Ba Maw (ဦးဘမော်၊ ၁၈၉၃ – ၁၉၇၇)** – နိုင်ငံရေးသမား၊ ရှေ့နေနှင့် လွတ်လပ်ရေးလှုပ်ရှားသူတစ်ဦးဖြစ်သည်။ ဗြိတိသျှအုပ်ချုပ်ရေးအတွင်း ဝန်ကြီးချုပ်အဖြစ် ထမ်းဆောင်ခဲ့ပြီး ဂျပန်သိမ်းပိုက်မှုအတွင်း နိုင်ငံတော်အကြီးအကဲအဖြစ် ထမ်းဆောင်ခဲ့သည်။

**Ba Swe (ဦးဘဆွေ၊ ၁၉၁၅ –၁၉၈၇)** – ၁၉၅၆ ခုနှစ်မှ ၁၉၅၇ ခုနှစ်အတွင်း ဗမာနိုင်ငံ၏ ဝန်ကြီးချုပ်ဖြစ်ခဲ့သည်။ ကျောင်းသားခေါင်းဆောင်ဟောင်းတစ်ဦးဖြစ်သည်၊ ဖဆပလ အဖွဲ့ဝင်ဖြစ်ခဲ့ပြီး ဦးနု၏လက်ထောက်အဖြစ် နှစ်ပေါင်းများစွာတာဝန်ယူခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် ဦးနုနှင့် သဘောထားကွဲလွဲခဲ့ပြီး ဖဆပလပါတီမှာ နှစ်ခြမ်းကွဲခဲ့သည်။

**Ba U Gyi, Saw (စောဘဦးကြီး၊ ၁၉၀၅ – ၁၉၅၀)** – ကရင်နိုင်ငံရေးနှင့် စစ်ရေးခေါင်းဆောင်တစ်ဦးဖြစ်ပြီး KNU တည်ထောင်သူလည်းဖြစ်သည်။ ၁၉၄၈ ခုနှစ် ဗမာပြည် လွတ်လပ်ရေးမရခင် ၁၉၄၆/၄၇ နှစ်များက ကရင်ပြည်လွတ်လပ်ရေးအတွက် ဗြိတိသျှတို့နှင့် ဆွေးနွေးခဲ့သည်။ ၁၉၅၀ ခုနှစ်တွင် တိုက်ပွဲဝင်ရင်း ကျဆုံးခဲ့သည်။

**Bhante Ashin Nyanissara (အရှင်ဉာဏိဿရ၊ ၁၉၃၇– )** – ဗုဒ္ဓဘာသာရဟန်းတော်တစ်ပါး ဖြစ်ပြီး သီတဂူဆရာတော်ဟုလည်း ခေါ်ဝေါ်ကြသည်။ ပရဟိတစိတ်မွေးမြူသည့် ဗုဒ္ဓဘာသာကို လိုလားသူဖြစ်ပြီး၊ ဆေးရုံများ၊ ကျောင်းများ၊ ရေစုပ်စက်များနှင့် အခြားသော လူမှုရေးစီမံကိန်းများ ဖော်ဆောင်ပေးခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် သီတဂူ နိုင်ငံတကာဗုဒ္ဓဘာသာပြန့်ပွားရေး စင်တာကို တည်ထောင်ခဲ့သည်။ ၂၀၀၈ ခုနှစ် ဆိုင်ကလုန်းနာဂစ် ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင်လည်း အားတက်သရော ပါဝင်ခဲ့သည်။

**Burma Socialist Programme Party (ဗမာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ)** –၁၉၆၂ ခုနှစ်တွင် နေဝင်းနှင့် အခြားသော ဗိုလ်ချုပ်များက စစ်တပ်အာဏာသိမ်းပြီးနောက်တွင် တည်ထောင်ခဲ့ခြင်း ဖြစ်သည်။ ဗမာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသည် ၁၉၈၈ မတိုင်မီနှစ်များအထိ တခုတည်းသော တရားဝင်နိုင်ငံရေးပါတီလည်း ဖြစ်သည်။ ကွန်မြူနစ်စနစ်နှင့် ဗုဒ္ဓဘာသာ လွှမ်းမိုးမှုများ ပါဝင်ခဲ့သည့် 'ဗမာ့နည်း ဗမာ့ဟန် ဆိုရှယ်လစ်' ဟူသော အစီအစဉ်ကို ဖော်ဆောင်ခဲ့သည်။ 'ပါလီမန်ဒီမိုကရေစီစနစ်သည် ဗမာပြည်နှင့် မသင့်လျော်' ဟုလည်း အဆိုပါ ပါတီက ပြောဆိုခဲ့သည်။ စီးပွားရေးလုပ်ငန်းများကို နိုင်ငံပိုင် ပြုလုပ်ခြင်းဖြင့် ဆိုရှယ်လစ်စီးပွားရေးကို ဖန်တီးစတင်ခဲ့ပေသည်။ စီးပွားရေးနှင့် နိုင်ငံရေး တံခါးပိတ်ဝါဒကို ကျင့်သုံးခဲ့ပြီး၊ အတိုက်အခံများကိုလည်း ဖိနှိပ်ခဲ့ပေသည်။

**Chin Independence Army (ချင်းလွတ်မြောက်ရေးတပ်မတော်)** – ၁၉၆၁ ခုနှစ်တွင် Son Ka Pao အပါအဝင် ခေါင်းဆောင်များက ချင်းလူမျိုးတို့၏ အခွင့်အရေးများကို စစ်ရေး၊ နိုင်ငံရေးနည်းလမ်းများအရ အကာအကွယ်ပြုပေးရန်အတွက် တည်ထောင်ခဲ့ပေသည်။

**Chin National Front - CNF/ Chin National Army - CNA (ချင်းအမျိုးသားတပ်ဦး / တပ်မတော်)**–၁၉၈၈ ခုနှစ်တွင် ချင်းလူမျိုးတို့၏အခွင့်အရေးများကို ကာကွယ်ရန်နှင့် နိုင်ငံရေး၊ စစ်ရေးနည်းဗျူဟာတို့ဖြင့် တိုင်းရင်းသားကိုယ်ပိုင် အုပ်ချုပ်မှု ဖော်ဆောင်ရေးတို့အတွက် တည်ထောင်ခဲ့သည်။ အဆိုပါအဖွဲ့၏ ရည်ရွယ်ချက်များတွင် ချင်းလူမျိုးတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့် ရှိစေရေး၊ ဒီမိုကရေစီဖော်ဆောင်ရေးနှင့် ဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံ တည်ထောင်ရေးတို့ ပါဝင်ပေသည်။ CNF အနေဖြင့် ၂၀၁၂ ခုနှစ်တွင် အစိုးရနှင့် အပစ်အခတ်ရပ်စဲခဲ့သည်။ အဆိုပါ အဖွဲ့သည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ကန့်ကွက်ခဲ့သည်။

**Communist Party of Burma (ဗမာပြည်ကွန်မြူနစ်ပါတီ)**– ၁၉၃၉ ခုနှစ်တွင် အောင်ဆန်း၊ သခင်စိုးနှင့် အခြားသော ခေါင်းဆောင်များက ဦးစီးတည်ထောင်ခဲ့ခြင်း ဖြစ်သည်။ ဗမာပြည်ကွန်မြူနစ်ပါတီသည် လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ပြီး ဂျပန်သိမ်းပိုက်မှုကိုလည်း တိုက်ထုတ်ခဲ့သည်။ 'အမျိုးသားဒီမိုကရတ်တစ် တော်လှန်ရေး' တစ်ရပ်အတွက် တိုက်ပွဲဝင်ခဲ့ခြင်း ဖြစ်သည်ဟု ၎င်းတို့က ဆိုထားကြပြီး 'ပြည်သူ့ဒီမိုကရေစီ' ဟူသည့် ရည်မှန်းချက် ပြည့်မီရေးအတွက် ဖိနှိပ်မှု၊ သက်ဦးဆံပိုင်စနစ်နှင့် အရင်းရှင်စနစ်တို့ကို ကန့်ကွက်ခဲ့ကြသည်။ အဆိုပါ အဖွဲ့၏ အဖွဲ့ဝင်များသည် ၁၉၈၈ အရေးတော်ပုံအတွက် တက်ကြွထောက်ပံ့ခဲ့၊ စီစဉ်ကြီးမှူးခဲ့ကြပေသည်။

**Democratic Karen Buddhist Army/Democratic Karen Benevolent Army - DKBA (ကရင်ဗုဒ္ဓဘာသာ ဒီမိုကရတ်တစ်တပ်မတော်)**– ၁၉၉၄ ခုနှစ်တွင် ခရစ်ယာန်ကြီးစိုးသည့် KNU ပါတီမှ ခွဲထွက်ခဲ့ပြီး ဦးသုဇနအပါအဝင် ဗုဒ္ဓဘာသာ ကရင်ခေါင်းဆောင်များက ဦးဆောင်ခဲ့ကြသည်။ ၁၉၉၅ ခုနှစ်တွင် အစိုးရနှင့် အပစ်အခတ်ရပ်စဲခဲ့ပြီး တပ်မတော်နှင့် လက်တွဲခဲ့သည်။

**Democratic Party for a New Society - DPNS (လူ့ဘောင်သစ် ဒီမိုကရတ်တစ်ပါတီ)**– ၁၉၈၈ ခုနှစ်တွင် စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်ပြီး ဒီမိုကရေစီထောက်ခံသူတို့နှင့် မိုးသီးဇွန်တို့ တည်ထောင်ထားခဲ့ကြသည့် ဗမာ့နိုင်ငံရေးပါတီတစ်ရပ်ဖြစ်သည်။ အဖွဲ့ဝင်အများစုမှာ ရှစ်ဆယ့်ရှစ် (၈၈) ဆန္ဒပြပွဲများတွင် တက်ကြွလှုပ်ရှားခဲ့ကြသည့် ကျောင်းသားများဖြစ်ကြသည်။ ပါတီအနေဖြင့် တောခိုခဲ့ပြီး ပါတီအဖွဲ့ဝင်အများမှာ အထိန်းသိမ်းခံရ၊ နယ်စပ်ထွက်ပြေးခဲ့ကြရသည်။ အဆိုပါ ပါတီသည် ယခုအခါတွင် မြန်မာပြည်တွင်း၌ လွတ်လပ်စွာ လုပ်ကိုင်လျက်ရှိသည်။ ၎င်းတို့အနေဖြင့် ကိုယ်စားပြုဒီမိုကရေစီအစိုးရ၊ ဗဟိုချုပ်ကိုင်မှု လျှော့ချရေး၊ ဖက်ဒရယ်စနစ်၊ တရားရှိလူနေမှုနှင့် လူတန်းစားတိုင်း စီးပွားရေးအခွင့်အရေးများရရှိရေးတို့အတွက် လှုံ့ဆော်လျက်ရှိပေသည်။

**Democratic Party - Myanmar (ဒီမိုကရတ်တစ်ပါတီ –မြန်မာ)**– ဒီမိုကရတ်တစ်ပါတီ (မြန်မာ) သည် နိုင်ငံရေး၊ စီးပွားရေးနှင့် တရားစီရင်ရေးတို့တွင် လူ့အခွင့်အရေးများနှင့် လွတ်လပ်မှုများ၊ လွတ်လပ်စွာ တွေးခေါ်ခွင့်၊ ပြောဆိုခွင့်၊ စည်းရုံးခွင့်များအတွက် စေ့ဆော်လျက်ရှိပေသည်။ ၎င်းတို့၏အဆိုအရ အစိုးရတို့သည် ပုဂ္ဂလိကအခန်းကဏ္ဍတို့ မပေးစွမ်းနိုင်သည့် အများပြည်သူဝန်ဆောင်မှုကဏ္ဍများတွင် ပါဝင်လုပ်ကိုင်သင့်ကြောင်း ဆိုထားသည်။ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများကိုလည်း နိုင်ငံပိုင် မလုပ်သင့်ကြောင်း ဆိုထားပေသည်။

**Dobama Asiayone (တို့ဗမာအစည်းအရုံး)**– ကိုလိုနီဆန့်ကျင်ရေး ဗမာ့အမျိုးသားအဖွဲ့အစည်းဖြစ်ပြီး ၁၉၃၀ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ အဖွဲ့ဝင်များအနေဖြင့် ဗြိတိသျှတို့ကို သခင်ဟု သုံးနှုန်းခေါ်ဝေါ်ရမည့်အစား မိမိတို့ကိုယ်ကိုပင် သခင်ဟု သတ်မှတ်ခေါ်ဝေါ်ခဲ့ကြပေသည်။ အဖွဲ့အစည်း၏ ဆောင်ပုဒ်မှာ 'ဗမာပြည်သည် တို့ပြည်၊ ဗမာစာသည် တို့စာ၊ ဗမာစကားသည် တို့စကား၊ တို့ပြည်ကို ချစ်ပါ၊ တို့စာကို မြှင့်တင်ပါ၊ တို့ဘာသာစကားကို မြတ်နိုးပါ' ဟူ၍ဖြစ်သည်။

**Generation Wave** – ၂၀၀၇ ခုနှစ် ရွှေဝါရောင်အရေးအခင်းအပြီးတွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ဒီမိုကရေစီလိုလား လူငယ်လှုပ်ရှားမှုတစ်ရပ်ဖြစ်သည်။ အဖွဲ့ဝင်အများအနေဖြင့် လူမှုမီဒီယာ၊ ဟစ်ဟော့သီချင်းများနှင့် ဂရပ်ဖတီများကို အသုံးပြုလျက် မိမိတို့ပြောလိုသည့် အကြောင်းအရာကို တင်ဆက်ကြသည်။

**Kachin Independence Organisation - KIO (ကချင်လွတ်မြောက်ရေးအဖွဲ့အစည်း)** – ၁၉၆၁ ခုနှစ်တွင် ကချင်ပြည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရေးအတွက် တိုက်ပွဲဝင်ခဲ့သည့် ကချင်လွတ်မြောက်ရေးအဖွဲ့အစည်းသည် ၁၉၉၀ ပြည့်လွန်နှစ်များအထိ ကချင်ပြည်နယ်များကို ထိန်းချုပ်ထားခဲ့သည်။ ၎င်းအဖွဲ့၏ စစ်အင်အားလက်ရုံးဖြစ်သော ကချင်လွတ်မြောက်ရေးတပ်မတော် KIA သည် မြန်မာနိုင်ငံတွင် ဒုတိယမြောက်အကြီးမားဆုံးသော တိုင်းရင်းသားလက်နက်ကိုင်တပ်လည်းဖြစ်သည်။ အဆိုပါ အဖွဲ့အစည်း အနေဖြင့် SLORC နှင့် ၁၉၉၄ ခုနှစ်တွင် အပစ်အခတ်ရပ်စဲခဲ့ပြီး ပြဿနာရပ်များစွာတို့ကို အဖြေရှာဆွေးနွေးနိုင်ခဲ့ကြသည်။ ၂၀၁၁ ခုနှစ်တွင် လက်နက်ကိုင်လှုပ်ရှားမှု တစ်ကျော့ပြန်စတင်ခဲ့ပြီး (ဇန်နဝါရီလ၊ ၂၀၁၄ အထိ) အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲများ ပြုလုပ်ဆဲဖြစ်သည်။

**Karen National Union - KNU (ကရင်အမျိုးသား အစည်းအရုံးသမဂ္ဂ)** – စောဘဦးကြီးက ၁၉၄၇ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ KNU အဖွဲ့အနေဖြင့် အစဦးပိုင်းတွင် လွတ်လပ်သော ကရင်နိုင်ငံတော်နှင့် ကရင်လူမျိုးတို့၏ အခွင့်အရေးများအတွက် တိုက်ပွဲဝင်ခဲ့ခြင်း ဖြစ်သည်။ အဆိုပါ အဖွဲ့၏ လက်နက်ကိုင်အင်အားဖြစ်သည့် ကရင်အမျိုးသားကာကွယ်ရေး အဖွဲ့အစည်း (KNDO) ကို ၁၉၄၉ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ နောင်တွင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။ KNU အနေဖြင့် အစိုးရနှင့် ၂၀၁၂ ခုနှစ်တွင် အပစ်အခတ် ရပ်စဲခဲ့သည်။

**Karenni National Progressive Party - KNPP (ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ)** – ၁၉၅၇ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ ပါတီ၏ ပန်းတိုင်မှာ နိုင်ငံရေး၊ စစ်ရေးနည်းဗျူဟာများမှတစ်ဆင့် ကရင်နီပြည်နယ်အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် လူ့အခွင့်အရေးများ ဖော်ဆောင်ပေးရန်ဖြစ်သည်။ အစိုးရနှင့် ၂၀၁၂တွင် အပစ်အခတ်ရပ်စဲခဲ့သည်။

**Karenni National Organisation - KNO (ကရင်နီ အမျိုးသား အစည်းအရုံး)** – ၁၉၄၇ ခုနှစ်တွင် ကရင်နီလူမျိုးတို့၏ အခွင့်အရေးများအတွက် နိုင်ငံရေးနှင့် စစ်ရေးနည်းလမ်းများအရ အကာအကွယ်ပြုပေးရန် တည်ထောင်ခဲ့သည်။

**Khun Sa (ခွန်ဆာ၊ ၁၉၃၄ – ၂၀၀၇)** – Mong Tai Army ၏ ခေါင်းဆောင် ဖြစ်သည်။ အဆိုပါစစ်တပ်သည် ဒေသတွင်း အကြီးဆုံး ဘိန်းထုတ်လုပ်သူများဖြစ်ခဲ့ပြီး အမေရိကန်အစိုးရမှ ၎င်းကိုဖမ်းဆီးရန် အမိန့်ပေးခဲ့သည်။ ဤသည်ကို ရှောင်ရှားရန်အတွက် ၁၉၉၆ ခုနှစ်တွင် ဗမာအစိုးရထံ၌ လက်နက်ချခဲ့သည်။ မကွယ်လွန်မီအချိန်အထိ ရန်ကုန်မြို့တွင် စီးပွားရေးလုပ်ကိုင်ရင်း သက်သာ အေးချမ်းစွာ နေထိုင်ခဲ့သည်။

**Kodaw Hmaing, Thakhin (ကိုယ်တော်မှိုင်း၊ သခင်၊ ၁၈၇၆ – ၁၉၆၄)** – အမျိုးသားရေးဝါဒီ၊ ကဗျာဆရာနှင့် ငြိမ်းချမ်းရေးလှုပ်ရှားသူတစ်ဦးဖြစ်သည်။ ဗမာပြည်လွတ်လပ်ရေးလှုပ်ရှားမှုတွင် ပါဝင်ခဲ့ပြီး ၁၉၅၈ နှင့် ၁၉၆၃ နှစ်များအကြား အစိုးရနှင့် တိုင်းရင်းသားအတိုက်အခံ လက်နက်ကိုင်အဖွဲ့များအတွက် ငြိမ်းချမ်းရေးဆွေးနွေးပွဲတို့ စီစဉ်ဆောင်ရွက်ခဲ့ပေသည်။

**Myanmar Peace Centre (MPC) (မြန်မာ ငြိမ်းချမ်းရေးစင်တာ)** – (MPC) ကို မြန်မာအစိုးရက ပညာရှင်များ၊ မဟာဗျူဟာ အကြံပေးများ ပါဝင်စေလျှက် Peace Support Donor Group ၏ ထောက်ပံ့မှုနှင့် တည်ထောင်ခဲ့သည်။ MPC က မူဝါဒများ အကြံပေးခြင်းနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ထောက်ပံ့ကူညီပေးကြသည်။ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ နိုင်ငံရေး ညှိနှိုင်းမှုများနှင့် ပဋိပက္ခဖြစ်ပွားနေသည့် နေရာများအတွက် ညှိနှိုင်းစီစဉ် ဆောင်ရွက်ပေးခြင်းများ ပြုလုပ်သည်။

**National Coalition Government of Union of Burma - NCGUB (ပြည်ထောင်စုဗမာနိုင်ငံတော် အမျိုးသားညွန့်ပေါင်းအစိုးရ)** – NCGUB ကို NLD ခေါင်းဆောင်များက ၁၉၉၀ ခုနှစ်တွင် ပြည်ပရောက် အစိုးရတစ်ရပ်နေနှင့် ဖွဲ့ခြင်းဖြစ်သည်။ SLORC က ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို ငြင်းပယ်ပြီး အစိုးရနေရာကို မပေးသောကြောင့် ပြည်ပတွင် ညွန့်ပေါင်းအစိုးရတစ်ရပ်ဟု အမည်တပ်ဖွဲ့စည်းခြင်းဖြစ်သည်။ ၂၀၁၀ တွင် ဒေါ်အောင်ဆန်းစုကြည် အကျယ်ချုပ်မှ လွတ်မြောက်ပြီး လွှတ်တော်သို့ ကိုယ်စားလှယ်အဖြစ် ပြန်လည်ဝင်ရောက်ပြီးချိန်တွင် NCGUB မှာ အလိုလို ပျက်ပြယ်သွားခဲ့သည်။

**National Council of the Union of Burma - NCUB (ပြည်ထောင်စုဗမာနိုင်ငံ အမျိုးသားကောင်စီ)** – လက်နက်ကိုင်အဖွဲ့အစည်းများနှင့် NDF၊ DAB၊ NCGUB၊ NLD - LA အပါအဝင် နိုင်ငံရေးအဖွဲ့အစည်းဟောင်းများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသည့်အဖွဲ့ဖြစ်သည်။ အဆိုပါအဖွဲ့ကို ၁၉၉၂ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး မြန်မာနိုင်ငံတွင် ဒီမိုကရက်တစ်ပြည်ထောင်စုစနစ် ရရှိရေးအတွက် ရည်မှန်းချက်ထား ဖွဲ့စည်းခဲ့ကြပေသည်။

**National Democratic Force - NDF (အမျိုးသားဒီမိုကရေစီအင်အားစုပါတီ)** – ၂၀၁၀ ခုနှစ်တွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ခွဲထွက်ပြီးနောက် တည်ထောင်ခဲ့သည်။ NLD ပါတီ သပိတ်မှောက် ဆန့်ကျင်ခဲ့သည့် ၂၀၁၀ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန်အတွက် ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။ အဆိုပါ ပါတီ၏ ပန်းတိုင်မှာ တစ်ဦးချင်းလွတ်လပ်မှုများ ရရှိရန်၊ စီးပွားရေးတွင် အစိုးရက ပုဂ္ဂလိကကဏ္ဍကို အားပေးရန်၊ တစ်ဖက်ကလည်း လွှတ်ထားပေးရန်မဟုတ်ဘဲ ထိန်းကျောင်း ပေးရန်တို့ ဖြစ်ကြပေသည်။ ပါတီအနေဖြင့် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများအတွက် စေ့ဆော်ပေးလျက်ရှိသည်။ ၎င်းတို့ကို ရရှိရန်အတွက် လူမှုအသိုင်းအဝိုင်းဆိုင်ရာ အဖွဲ့အစည်းများ တည်ထောင်ရမည် ဖြစ်ကြောင်းလည်း ဆိုထားသည်။

**National Democratic Front - NDF (အမျိုးသားဒီမိုကရက်တစ်တပ်ဦး)** – မြန်မာပြည်တွင်းရှိ အဓိကတိုင်းရင်းသား လူမျိုးစုအားလုံးကို ကိုယ်စားပြုရန်အတွက် ၁၉၇၆ ခုနှစ်တွင် တည်ထောင်ခဲ့သည့်အဖွဲ့ ဖြစ်သည်။ ဒီမိုကရတ်တစ် ပြည်ထောင်စု နိုင်ငံတော် ဖော်ဆောင်ရေးအတွက် လုပ်ကိုင်လျက်ရှိပြီး CNF၊ KNU၊ NMSP၊ KNPP တို့ပါဝင်သည်။

**National League for Democracy - NLD (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)** –၁၉၈၈ ခုနှစ်တွင် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် ဒီမိုကရေစီလိုလားသည့် ခေါင်းဆောင်များက တည်ထောင်ခဲ့ကြခြင်း ဖြစ်သည်။ NLD ပါတီ အနေဖြင့် ၁၉၉၀ ပြည်လုံးကျွတ် ရွေးကောက်ပွဲတွင် မဲဆန္ဒအများစု ၅၈% ကို အနိုင်ရခဲ့သည်။ သို့ရာတွင် စစ်အစိုးရမှ အဆိုပါ ရလဒ်ကို အသိအမှတ် မပြုခဲ့ချေ။ NLD မှ လွှတ်တော်ကိုယ်စားလှယ်များနှင့် အဖွဲ့ဝင်များမှာ အဖမ်းဆီး အထိန်းသိမ်းခံခဲ့ရ ပေသည်။ အချို့မှာ နယ်စပ်ဒေသများသို့ ဆုတ်ခွာ ထွက်ပြေးခဲ့ကြသည်။ ပါတီအနေဖြင့် လူ့အခွင့်အရေး၊ လွတ်လပ်စွာ ပြောဆိုခွင့်၊ တရားဥပဒေ စိုးမိုးမှုနှင့် အမျိုးသားရင်ကြားစေ့ရေး တို့အတွက် လှုံ့ဆော် တိုက်တွန်းလျက်ရှိသည်။ ထို့အပြင် မီဒီယာ လွတ်လပ်ခွင့်၊ လူမှုရေးအကျိုးခံစားခွင့်များ ပိုမိုရရှိလာစေရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးတို့အတွက်လည်း လုပ်ဆောင်လျက်ရှိသည်။

**The National Unity Party - NUP (တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ)** – စစ်တပ်နှင့် ဗမာ့ဆိုရှယ်လစ် လမ်းစဉ် ပါတီတို့မှ ၁၉၉၀ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ပါတီ၏နိုင်ငံရေးဝါဒမှာ 'ဗမာ့နည်းဗမာ့ဟန်ဖြင့် ပြည်သူအများ အကျိုးခံစားနိုင်ရေး' ဟူ၍ ဖြစ်ပြီး အမျိုးသားစရိုက်လက္ခဏာနှင့် မျိုးချစ်စိတ်ဓာတ်တို့ကို လိုက်နာကျင့်သုံးကြရန်အတွက် ဖြစ်ပေသည်။ ပါတီအနေဖြင့် ပြည်သူအများကောင်းစားရေးအတွက် လုပ်ကိုင်ဆောင်ရွက် သကဲ့သို့ တစ်ဖက်ကလည်း တိုင်းပြည်၏ သမိုင်းအစဉ်အလာ၊ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့တို့ကို ထိန်းသိမ်းမည်ဖြစ်သည်။

**Ne Win, General (ဗိုလ်ချုပ်နေဝင်း၊ ၁၉၁၀ – ၂၀၀၂)** – နိုင်ငံရေးနှင့် စစ်ရေးခေါင်းဆောင်တစ်ဦး ဖြစ်သည်။ ၁၉၄၁ ခုနှစ်တွင် ရဲဘက်သုံးကျိပ်ဝင်တစ်ဦးဖြစ်ပြီး ဗမာ့လွတ်လပ်ရေးတပ်မတော်၏ အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်သည်။ ၁၉၄၉ ခုနှစ်တွင် ဗမာ့လက်နက်ကိုင်တပ်ဖွဲ့ (တပ်မတော်) ၏ ဦးစီးချုပ်ဖြစ်လာခဲ့ပြီး ၁၉၅၈ – ၁၉၆၀ အတွင်း ဦးနုထံမှ အိမ်စောင့်အစိုးရအဖြစ် လွှဲပြောင်း တာဝန်ယူခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် စစ်တပ်အာဏာသိမ်းခဲ့ပြီး ဗမာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို တည်ထောင်ခဲ့သည်။ သူ့အနေဖြင့် ထိုပါတီ၏ ဥက္ကဋ္ဌအဖြစ် ဆက်လက် ဆောင်ရွက်ခဲ့ပြီး ၁၉၈၈၊ ဇူလိုင်လတွင် ဖြစ်ပွားသည့် ဒီမိုကရေစီအရေး လှုပ်ရှားဆန္ဒပြမှုများ အတောအတွင်း တာဝန်မှ နုတ်မထွက်ခင်အချိန်များအထိ နိုင်ငံတော်အကြီးအကဲအဖြစ် အခက်အခဲမရှိ ဆောင်ရွက်ခဲ့သည်။ ၂၀၀၂ခုနှစ်တွင် SPDC မှ နေအိမ်အကျယ်ချုပ်ချမှတ်ခဲ့ပြီး၊ မကြာမီတွင်ပင်လျှင် အနိစ္စရောက်ခဲ့သည်။

**New Mon State Party - NMSP (မွန်ပြည်သစ်ပါတီ)** – နိုင်ရွှေကျင်မှ ၁၉၅၈ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ မွန်ပြည်သစ်ပါတီကို မွန်လူမျိုးတို့၏ အခွင့်အရေးများနှင့် မွန်ပြည်နယ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရေးအတွက် တိုက်ပွဲဝင်ခဲ့ ကြသည်။ မွန်ပြည်သစ်ပါတီအနေဖြင့် KNU တို့နှင့်အတူ တိုက်ပွဲဝင်ခဲ့ကြပြီး တိုင်းရင်းသားပေါင်းစည်းအဖွဲ့များတွင် တက်ကြွ ပါဝင်ခဲ့ပေသည်။ ၁၉၉၅ခုနှစ်တွင် အစိုးရနှင့် အပစ်အခတ်ရပ်စဲခဲ့သည်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ခွဲထွက်ခွင့်တို့ ရရှိစေမည့် လွတ်လပ်သည့် နိုင်ငံသားများ ပါဝင်သော ဖက်ဒရယ်လစ်စနစ်တစ်ရပ်အတွက် စေ့ဆော်လှုပ်ရှားလျက်ရှိသည်။

**Nu, U (ဦးနု၊ ၁၉၀၇ – ၁၉၉၅)** – ပြည်ထောင်စုဗမာနိုင်ငံ၏ ပထမဦးဆုံးသော ဝန်ကြီးချုပ် ဖြစ်ပြီး၊ ၁၉၄၈ – ၅၆၊ ၁၉၅၇ – ၅၈ နှင့် ၁၉၆၀ – ၆၂ နှစ်များတွင် ဖဆပလအစိုးရကို ဦးဆောင်ခဲ့သည်။ ဗုဒ္ဓဘာသာဝင်တစ်ဦးလည်း ဖြစ်ပြီး၊ ၁၉၆၁ ခုနှစ်တွင် ဗုဒ္ဓဘာသာကို တရားဝင်နိုင်ငံတော်ဘာသာအဖြစ် သတ်မှတ်ခဲ့သည့်အတွက် ဗုဒ္ဓဘာသာမဟုတ်သော တိုင်းရင်းသား အုပ်စုများကို ဒေါသဖြစ်စေခဲ့သည်။ ၁၉၆၂ ခုနှစ်၊ ဗိုလ်ချုပ်နေဝင်း၏ အာဏာသိမ်းမှုတွင် နေရာမှ ဖယ်ရှားခံခဲ့ရပြီး ၄ နှစ်ကြာ အထိန်းသိမ်း ခံခဲ့ရသည်။ ထို့နောက် ၁၉၇၀ နှစ်များအတွင်း ထိုင်းနိုင်ငံမှနေ၍ လက်နက်ကိုင်တော်လှန်မှုဖြင့် နေဝင်းအစိုးရကို တော်လှန်ရန် ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ခဲ့။ ၁၉၈၀ ခုနှစ်တွင် ပြည်ဝင်ခွင့် ပြန်လည်ရရှိခဲ့ပြီး ၁၉၈၈ အရေးအခင်းတွင် တက်ကြွစွာ ပါဝင်ခဲ့ပေသည်။

**Pa-O National Organisation (PNO) (ပအိုဝ့် အမျိုးသားအဖွဲ့အစည်း)** – မှာ နိုင်ငံရေးပါတီတစ်ခုဖြစ်ပြီး အမျိုးသား လွှတ်တော်တွင် ဧပြီ ၂၀၁၄ တွင် အမျိုးသားလွှတ်တော်တွင်း အဖွဲ့ဝင် ၃ ဦးနေရာ ရရှိထားသည်။ ထိုအဖွဲ့ပိုင် လက်နက်ကိုင်အဖွဲ့ ဖြစ်သည့် ပအိုဝ့်အမျိုးသားတပ်မတော်မှာ အစိုးရနှင့် ၁၉၉၁ တွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီခဲ့သည်။

**Rakhine National Party (Arakan National Party)** - RNP (ရခိုင်အမျိုးသားပါတီကို ၂၀၁၄ တွင် စတင်ဖွဲ့စည်း သည်။ ရခိုင်အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်တို့ ပူးပေါင်းလိုက်ပြီး ဖွဲ့စည်းခြင်းလည်းဖြစ်သည်။ RNP ၏ ရည်မှန်းချက်မှာ ဒီမိုကရေစီ၊ ဖက်ဒရယ်စနစ်နှင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဖြစ်ကြသည်။

**Razak, U Abdul (ဦးအဗ်ဒူရာဇတ်၊ ၁၈၉၈ – ၁၉၄၇)** – ဗမာလူမျိုး မွတ်ဆလင်ဘာသာဝင် ခေါင်းဆောင်တစ်ဦးဖြစ်ပြီး ဗမာမွတ်ဆလင် အဖွဲ့အစည်း၏ တည်ထောင်သူဖြစ်သည်။ အောင်ဆန်း၏ ဝန်ကြီးအဖွဲ့တွင် ပညာရေးဝန်ကြီးဖြစ်သည်။ ၁၉၄၇ ခုနှစ်တွင် လုပ်ကြံခံခဲ့ရသည်။

**San, Saya (ဆရာစံ၊ ၁၈၇၆ – ၁၉၃၁)** – ဗမာ့သမားတော်တစ်ဦးဖြစ်သည်။ (၁၉၃၀ – ၃၁) တွင် ဗြိတိသျှအုပ်စိုးမှုကို ဆန့်ကျင်တော်လှန်ခဲ့ပြီး ဗြိတိသျှအာဏာပိုင်တို့က ကြိုးမိန့်ချခဲ့သည်။

**Saw Maung, General (ဗိုလ်ချုပ်စောမောင်၊ ၁၉၂၈ – ၁၉၉၇)** – ဗမာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်အတွင်း ဗိုလ်ချုပ်မှူးကြီးနှင့် တပ်မတော်ဦးစီးချုပ်ဖြစ်သည်။ ၁၉၈၈ – ၁၉၉၂ အတွင်း SLORC ၏ တည်ထောင်သူနှင့် ဥက္ကဋ္ဌလည်း ဖြစ်ပေသည်။

**Shan Nationalities Democratic Party (The White Tiger Party) (SNDP)** - ကျားဖြူပါတီဟု သိကြသော ရှမ်းတိုင်းရင်းသား ဒီမိုကရက်တစ်ပါတီကို ၂၀၁၀ ခုနှစ်တွင် တည်ထောင်သည်။ NLD နှင့်လည်း နီးကပ်စွာ ပူးပေါင်းမှုရှိသည့် ရှမ်းအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (SNLD) အပြီးတွင် တည်ထောင်ခြင်းလည်းဖြစ်သည်။ SNLD မှာ အသိအမှတ်အပြုမခံရသည့် ၁၉၉၀ ရွေးကောက်ပွဲတွင် ဒုတိယအများဆုံး မဲရရှိခဲ့သည့်ပါတီလည်းဖြစ်သည်။ SNLD ခေါင်းဆောင် ခွန်ထွန်းဦးမှာ ၂၀၀၅ ခုနှစ်တွင် ဖမ်းဆီးခံရပြီး ၉၃ နှစ် ထောင်ဒဏ်တပ်ခံခဲ့ရသည်။ ၇ နှစ်ကြာ ထောင်ကျပြီး ၂၀၁၂ ခုနှစ်တွင် လွတ်ငြိမ်းချမ်းသာခွင့်ရရှိခဲ့သည်။

**Shan State Army - SSA (ရှမ်းပြည်တပ်မတော်)** – ၁၉၆၄ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ရှမ်းပြည်နယ်တွင် ဗမာစစ်တပ်၏ သိမ်းပိုက်အုပ်စိုးမှုကို ဆန့်ကျင်တိုက်ထုတ်ရန်ဖြစ်သည်။ ၁၉၈၉ မတိုင်ခင်နှစ်များအထိ ဗမာပြည်ကွန်မြူနစ်ပါတီ၏ အထောက်အပံ့ကို ရရှိခဲ့ပြီး၊ ထိုနှစ်တွင်ပင် အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီခဲ့သည်။ အဆိုပါ အဖွဲ့အနေဖြင့် နိုင်ငံရေးအင်အားဖြစ်သည့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSSP) အဖြစ် တိုးချဲ့ခဲ့သည်။ SSA ကို ယခုအခါတွင် ရှမ်းပြည်မြောက်ပိုင်းတပ်မတော် (SSS - N) ဟုလည်း သတ်မှတ်ခေါ်ဝေါ်ကြပေသည်။

**Shwe Thaik, Sao (စဝ်ရွှေသိုက်၊ ၁၉၁၈ – ၁၉၈၆)** – ရှမ်းနိုင်ငံရေးသမားတစ်ဦးဖြစ်ပြီး နောက်ဆုံးမြောက် ညောင်ရွှေစော်ဘွားဖြစ်သည်။ ၁၉၄၈ ခုနှစ်မှ ၁၉၅၂ အထိ ဗမာနိုင်ငံ၏ ပထမဦးဆုံးသော သမ္မတအဖြစ် ထမ်းဆောင်ခဲ့သည်။ ၁၉၆၂ ခုနှစ် အာဏာသိမ်းမှု တွင် အထိန်းသိမ်းခံခဲ့ရပြီး ထောင်တွင်းတွင်ပင် ကွယ်လွန်ခဲ့သည်။

**Shan State Army South - SSAS (ရှမ်းပြည် တောင်ပိုင်းတပ်မတော်)** – SSA ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ခဲ့ပြီး ရှမ်းပြည်တော်လှန်ရေး တပ်မတော် (SURA) အဖြစ်၊ နောင် SSA က အစိုးရနှင့် ၁၉၈၉ ခုနှစ်၌ အပစ်အခတ်ရပ်စဲသည့်အခါတွင် ရှမ်းပြည်တောင်ပိုင်း တပ်မတော်အဖြစ် ဆက်လက်တိုက်ပွဲဝင်ခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် အစိုးရနှင့် အပစ်အခတ် ရပ်စဲရေး ဆောင်ရွက်ခဲ့ပေသည်။ ရှမ်းပြည်ပြန်လည်ထူထောင်ရေး ကောင်စီ (Restroration Council of Shan State) ဟူ၍ နိုင်ငံရေး အဖွဲ့ထားရှိပေသည်။

**Soe, Thakhin (သခင်စိုး၊ ၁၉၀၆ – ၁၉၈၉)** – ဗမာ နိုင်ငံရေးခေါင်းဆောင်တစ်ဦးဖြစ်ပြီး ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ထိုပါတီ၏ အလံနီတပ်စုကို တည်ထောင်သူလည်းဖြစ်သည်။

**State Law and Order Restoration Council - SLORC (နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးနှင့်တရားဥပဒေစိုးမိုးရေးကောင်စီ)** ဒီမိုကရေစီလှုပ်ရှားမှုများ ဖြစ်ပွားခဲ့စဉ် ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့ စစ်တပ်အာဏာသိမ်းမှုတွင် ပါဝင်ခဲ့သည့် စစ်ဗိုလ်ချုပ်များဖြင့် ဖွဲ့စည်းထားသောအဖွဲ့ ဖြစ်ကြသည်။ SLORC ၏ အဆိုအရ အာဏာသိမ်းမှုသည် ပြည်ထောင်စုဗမာ နိုင်ငံအတွင်းရှိ မငြိမ်မသက်မှုများကို ထိန်းသိမ်းရန်အတွက်ဟု ဆိုထားပေသည်။ ၁၉၉၇ ခုနှစ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (SPDC) ဟု အမည်ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။

**State Peace and Development Council - SPDC (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ)** – ၁၉၉၇ ခုနှစ်တွင် သတ်မှတ်ခဲ့သည့် SLORC ၏ အမည်သစ် ဖြစ်သည်။ စစ်ဗိုလ်ချုပ်ဟောင်း ဦးသိန်းစိန်ဦးစီးသည့် အရပ်သား အစိုးရတစ်ရပ် ရွေးကောက်ပွဲအပြီး ၂၀၁၁ ခုနှစ်တွင် တရားဝင်ဖျက်သိမ်းခဲ့သည်။

**Tatmadaw (တပ်မတော်)** – မြန်မာနိုင်ငံ၏ လက်နက်ကိုင်တပ်ဖွဲ့ဖြစ်ပြီး၊ ကြည်းတပ်၊ ရေတပ်နှင့် လေတပ်တို့ ပါဝင်သည်။ ၁၉၄၈ လွတ်လပ်ရေးရရှိပြီးကတည်းက တိုင်းရင်းသားဆိုင်ရာ၊ နိုင်ငံရေးဆိုင်ရာ အတိုက်အခံအုပ်စုများနှင့် ဖြစ်ပွားခဲ့သည့် ပဋိပက္ခများတွင် ပါဝင်ပတ်သက်ခဲ့သည်။ တပ်မတော်အနေဖြင့် နိုင်ငံတော်အကြီးအကဲအဖြစ် ထမ်းဆောင်ခဲ့သည့် ဗိုလ်ချုပ်များ၏ ခေါင်းဆောင်မှုများ (၁၉၆၂ – ၈၈ အတွင်း နေဝင်း၊ ၁၉၈၈ – ၁၉၉၂ အတွင်း စောမောင်နှင့် ၁၉၉၂ – ၂၀၁၁ အတွင်း သန်းရွှေ) တို့ကြောင့် ဗမာ့ (မြန်မာ့) နိုင်ငံရေးတွင် ကြီးစွာလွှမ်းမိုးခဲ့ပေသည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်နေရာ၏ ၂၅% ခန့်အား တပ်မတော်အတွက် သတ်မှတ်ထားရှိထားပေသည်။

**Tay Za, U (ဦးတေဇ၊ ၁၉၆၄ –)** – ချမ်းသာသည့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်တစ်ဦး ဖြစ်သည်။ သူ၏ စီးပွားရေး လုပ်ငန်းများတွင် အဲပုဂံ၊ သစ်လုပ်ငန်း၊ ဆောက်လုပ်ရေး၊ ခရီးသွားလုပ်ငန်းနှင့် မိုဘိုင်းဖုန်းဝန်ဆောင်မှုများ အစရှိသည်တို့ ပါဝင်ပေသည်။ SPDC ၏ ဥက္ကဋ္ဌဟောင်းသန်းရွှေနှင့် ရင်းနှီးကျွမ်းဝင်သူတစ်ဦးလည်းဖြစ်သည်။

**Than Shwe, General (ဗိုလ်ချုပ်မှူးကြီးဟောင်း သန်းရွှေ၊ ၁၉၃၃ – )** – ဗိုလ်ချုပ်မှူးကြီးဖြစ်ပြီး SLORC/ SPDC ၏ ဥက္ကဋ္ဌဟောင်း ဖြစ်သည်။ ၁၉၉၂ မှ ၂၀၁၁ ခုနှစ်အတွင်း နိုင်ငံတော်အကြီးအကဲအဖြစ် တာဝန်ယူခဲ့သည်။

**Thant, U (ဦးသန့်၊ ၁၉၀၉ – ၁၉၇၄)** – ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်အဖြစ် ၁၉၆၁ မှ ၁၉၇၁ အတွင်း ထမ်းဆောင်ခဲ့သည်။ အနိစ္စရောက်ပြီးသည့်အခါတွင် ၎င်းအပေါ် နေဝင်းအစိုးရ၏ အရိုအသေမဲ့လုပ်ရပ်များကြောင့် ကျောင်းသားလှုပ်ရှားမှုများ ရန်ကုန်မြို့တွင် ဖြစ်ပွားခဲ့သည်။

**Thein Sein (ဦးသိန်းစိန်၊ ၁၉၄၅ – )** – SPDC ၏ ဗိုလ်ချုပ်ဖြစ်ခဲ့ပြီး၊ ၂၀၁၁ မတ်လမှစ၍ မြန်မာနိုင်ငံ၏ သမ္မတဖြစ်လာသည်။ ထို့အတူ ၂၀၀၇ မှ ၂၀၁၁ အတွင်း ဝန်ကြီးချုပ်အဖြစ် ထမ်းဆောင်ခဲ့သည်။ သမ္မတအဖြစ် ထမ်းရွက်သည့်ကာလအတွင်း အစိုးရအနေဖြင့် နိုင်ငံရေးအကျဉ်းသားများလွှတ်ခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်များနှင့် အပစ်အခတ်ရပ်စဲရေး ဖော်ဆောင်ရေးအပါအဝင် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ပေသည်။

**Thirty Comrades (ရဲဘော်သုံးကျိပ်)** – ၁၉၄၁ ခုနှစ်တွင် ဂျပန်တို့ လေ့ကျင့်ပေးခဲ့သည့် ဗမာ့လွတ်လပ်ရေး တပ်မတော် တည်ထောင်သူ အဖွဲ့ဝင် ၃၀ ဖြစ်သည်။ အောင်ဆန်းမှ ဦးဆောင်ခဲ့ခြင်းဖြစ်ပြီး၊ နေဝင်းလည်း ပါဝင်ခဲ့သည်။

**Union Solidarity and Development Party - USDP (ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)** – ၂၀၁၀ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် နိုင်ငံရေးပါတီ ဖြစ်သည်။ ၁၉၉၃ ခုနှစ် SLORC တည်ထောင်ခဲ့သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကို အခြေခံဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။ ၂၀၁၀ ရွေးကောက်ပွဲကို အနိုင်ရရှိခဲ့ပြီး လက်ရှိအချိန် ၂၀၁၄ တွင် မြန်မာနိုင်ငံ၏ အာဏာရပါတီဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါရှိသည့်အတိုင်း ပြည်ထောင်စုမှ မည်သည့် အစိတ်အပိုင်းမျှ ခွဲမထွက်ရ ဟူသည့် ဥပဒေကို ယုံကြည်လက်ခံထားပေသည်။ မီဒီယာများအနေဖြင့် အမျိုးသားအကျိုးစီးပွားကို ပံ့ပိုးရမည်ဖြစ်သည်ဟုလည်း ဆိုထားသည်။ ပါတီ၏ ကာကွယ်ရေးမူဝါဒမှာ အရည်အသွေးပြည့်ဝသည့် တပ်မတော်တည်ထောင်ရန် ဖြစ်ပေသည်။

**United Nationalites Federal Council - UNFC (ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်လ်ကောင်စီ)**– တိုင်းရင်းသားလက်နက်ကိုင်များမှ ၂၀၁၁ ခုနှစ်တွင် စုပေါင်းဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။ လက်ရှိအချိန်တွင် အဖွဲ့ပေါင်း ၁၁ ဖွဲ့ ရှိသည်။ KIO၊ KNU၊ KNPP၊ NMSP၊ SSA - N၊ CNF၊ PNLO (ပအိုဝ်အမျိုးသားလွတ်မြောက်ရေးအဖွဲ့အစည်း)၊ PSL (ပလောင်လွတ်မြောက်ရေးတပ်ဦး) ၊ NUPA (ရခိုင်အမျိုးသားညီညွတ်ရေးပါတီ) နှင့် LDU (လားဟူဒီမိုကရက်တစ်ပြည်ထောင်စု) တို့ ပါဝင်ကြပေသည်။ UNFC အနေဖြင့် (ဖေဖော်ဝါရီလ၊ ၂၀၁၄ ခုနှစ်အထိ) တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရရှိရန် အတွက် အစိုးရနှင့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိသည်။

**United Wa State Army - UWSA/United Wa State Party - UWSP (ဝပြည်တပ်မတော်)** – ၁၉၈၉ ခုနှစ်တွင် ဗမာ့ကွန်မြူနစ်ပါတီ ပျက်သုဉ်းပြီးနောက် ရှမ်းပြည်မြောက်ပိုင်း ဝဒေသမှ အင်အားစုများဖြင့် ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။ ၁၉၈၉ ခုနှစ်ကတည်းက အစိုးရနှင့် အပစ်အခတ် ရပ်စဲခဲ့သည်။ ထိုပါတီအနေဖြင့် 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဒေသကြီးကို ချုပ်ကိုင်ထားသည်။ UWSA သည် မြန်မာနိုင်ငံအတွင်း အကြီးမားဆုံးသော တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သည်။

**Women's League of Burma (ဗမာအမျိုးသမီးများ အဖွဲ့ချုပ်)** – တိုင်းရင်းသားအုပ်စုအသီးသီးတို့ရှိ အမျိုးသမီး အဖွဲ့အစည်းတို့၏ လောင်းရိပ်အောက်အဖွဲ့တစ်ရပ်ဖြစ်သည်။ ၁၉၉၉ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ ဖွဲ့စည်းခဲ့သည်။ ထိုအဖွဲ့အနေဖြင့် အမျိုးသမီးများ လူ့အခွင့်အရေး၊ ဒီမိုကရေစီနှင့် ညီမျှမှုဆိုင်ရာ လှုပ်ရှားမှုများတွင် ပါဝင်လာကြစေရေးအတွက် စီစဉ်လုပ်ကိုင်လျက် ရှိသည်။

## ရုပ်ပုံများအတွက် အသိအမှတ်ပြုလွှာ

မုခ်ဦး ပညာရေးသည် Creative Commons ၏ မူပိုင်ကင်းလွတ်ခွင့်ပေးသည့် ရုပ်ပုံများ၊ မုခ်ဦးကိုယ်ပိုင်ဓာတ်ပုံများနှင့် အများပိုင်ဝေမျှထားသည့်အရာများကို ဤစာအုပ်တစ်လျှောက် အသုံးပြုထားပါသည်။

မူပိုင်ခွင့်မှတ်ပုံတင်ထားသည်ကို အသုံးပြုမှုများအတွက် အတတ်နိုင်ဆုံး မှန်ကန်အောင် အသေးစိတ်အချက်အလက်များ ဖော်ပြအသိအမှတ်ပြုထားပါသည်။ သို့သော် အောက်ပါစာရင်း မစုံလင်ခြင်းလည်း ဖြစ်နိုင်ပါသည်။ ဤစာအုပ်ကို ခုနှစ်အတော်ကြာ ရေးသားခဲ့ပြီး များစွာသောရင်းမြစ်များကို အသုံးပြုထားရခြင်းကြောင့်လည်း ဖြစ်ပါသည်။ အကယ်၍ အသုံးပြုမှုတစ်ခုခုအတွက် မှားယွင်းစွာ သို့မဟုတ် မပြည့်မစုံဖော်ပြထားခြင်း၊ မှားယွင်းစွာ အသုံးပြုထားခြင်း စသည်တို့ကို တွေ့ရှိပါက မုခ်ဦးသို့ အကြောင်းကြားအသိပေးနိုင်ပါသည်။ ၎င်းတို့ကို အသစ်ထွက်မည့် ထပ်မံတည်းဖြတ်ပြီးစာအုပ်များတွင် ထည့်သွင်းပြင်ဆင်မည် ဖြစ်ပါသည်။ မူပိုင်ခွင့်အသုံးပြုမှုများတွင်ပါသည့် အမြင်များ၊ အယူအဆများမှာ မုခ်ဦး ပညာရေးအဖွဲ့ကို ကိုယ်စားပြုခြင်း မရှိပါ။

အောက်ပါတို့မှာ ဤစာအုပ်အတွင်း အသုံးပြုခဲ့သည့် ရုပ်ပုံများ ဖြစ်ပါသည်။

| Page | Author(s) | Title/Description | Source | Licence (CC denotes "Creative Commons") |
|---|---|---|---|---|
| Cover | Htoo Tay Zar | Members of Myanmar Parliament attend the Lower House session | http://en.wikipedia.org/wiki/File:Myanmar-Lower-House-Parliament.jpg | CC Attribution-Share Alike 3.0 Unported |
| 6 | Tayzar44 | Burma By-election | http://en.wikipedia.org/wiki/File:Burma_By-Election_2012.JPG | CC Attribution-Share Alike 3.0 Unported |
| 6 | | Occupy London Protest | http://www.freefoto.com/download/31-72-8348/Occupy-London-Protest | (c) FreeFoto.com |
| 6 | DOliphant | A Look at the Life of Prison | http://www.flickr.com/photos/dylaphant07/7447991/in/photolist-Eb2t-Eb2D-Eb31/ | CC Attribution 2.0 Generic |
| 6 | Unknown | Unknown | http://roarmag.org/2011/04/de-revolutie-leeft-voort/ | Unknown |
| 6 | Strebe | The world on the Natural Earth projection. | http://en.wikipedia.org/wiki/File:Natural_Earth_projection_SW.JPG | CC Attribution-Share Alike 3.0 Unported |
| 10 | Unknown | Panglong Agreement | http://www.reurnthai.com/index.php?topic=5528.45 | Unknown |
| 11 | Alex Proimos | Street Art | http://www.flickr.com/photos/proimos/3951233575/in/photostream/ | CC Attribution-Non-Commercial 2.0 Generic |
| 15 | Jacklee | Article 14(1)(a) of the Constitution of the Republic of Singapore. | http://en.wikipedia.org/wiki/File:Article_14%281%29%28a%29_of_the_Constitution_of_the_Republic_of_Singapore_%281999_Reprint%29.jpg | Attribution-Share Alike 3.0 Unported |
| 18 | Ricardo Liberato | All Giza Pyramids in one shot. | http://en.wikipedia.org/wiki/File:All_Gizah_Pyramids.jpg | CC Attribution-Share Alike 2.0 Generic |
| 21 | Unknown | Equallity vs Equity | http://funny2014.com/equality-vs-equity/ | Unknown |
| 22 | Unknown | Unknown | http://uncovering-irans-history.wikispaces.com/Class+Structure+in+Iran+Hannah+Gordon | CC Attribution Share-Alike 3.0 |
| 24 | Randen Pederson | Old Paper Texture | http://www.flickr.com/photos/chefranden/9596098808/ | CC Attribution 2.0 Generic |
| 24 | Dave | old-paper-texture | http://www.flickr.com/photos/digibard/4866087055/ | CC Attribution 2.0 Generic |
| 31 | Unknown | Unknown | http://totallycoolpix.com/ | Unknown |
| 36 | Unknown | Unknown | http://www.scccj.org.uk/wp-content/uploads/2011/11/SHRC_banner.jpg | Unknown |
| 39 | Karatemyintkywe | He is a well-known politician in Burma (Myanmar). | http://en.wikipedia.org/wiki/File:Burmese_Politician_Myoma_U_Than_Kywe_%281924-1983%29.jpg | CC Attribution-Share Alike 3.0 Unported |
| 43 | Scherl | Nürnberg, Reichsparteitag | http://commons.wikimedia.org/wiki/File:Bundesarchiv_Bild_183-H12148,_N%C3%BCrnberg,_Reichsparteitag.jpg | CC Attribution-Share Alike 3.0 Germany |
| 43 | Unknown | Democracy | http://archive.org/details/democracy_1945 | Public Domain |
| 50 | Chuck Coker | 49-Star U.S. Flag | http://www.flickr.com/photos/caveman_92223/3716815377/ | CC Attribution-NoDerivs 2.0 Generic |
| 50 | SKopp | The flag of the Union of Soviet Socialist Republics. | http://commons.wikimedia.org/wiki/File:Flag_of_the_Soviet_Union.png | CCAttribution-Share Alike 3.0 Unported |
| 53 | William Warby | Statue of Liberty | http://commons.wikimedia.org/wiki/File:Statue_of_Liberty,_NY.jpg | CC Attribution 2.0 Generic |
| 55 | Unknown | Unknown | http://izettl.hubpages.com/hub/Political-Stereotyping | Unknown |
| 72-73 | Htoo Tay Zar | Members of Myanmar Parliament attend the Lower House session | http://en.wikipedia.org/wiki/File:Myanmar-Lower-House-Parliament.jpg | CC Attribution-Share Alike 3.0 Unported |
| 74 | Aunghtike | Blank map of Union of Myanmar | http://commons.wikimedia.org/wiki/File:Blank_Myanmar_Map.svg | CCAttribution-Share Alike 3.0 Unported |

| Page | Author(s) | Title/Description | Source | Licence (CC denotes "Creative Commons") |
|---|---|---|---|---|
| 82 | Rockrangoon | Young Mon girls wearing the traditional dress | http://en.wikipedia.org/wiki/File:MonVirgins.jpg | CC Attribution-Share Alike 3.0 Unported |
| 83 | | | http://mediamodepresents.blogspot.com/2013_03_01_archive.html | Unknown |
| 89 | | | http://www.learntoquestion.com/seevak/sites/2012/gorbachev/info.html | Unknown |
| 90 | | | | |
| 90 | Ian Burt | white dove snip | http://www.flickr.com/photos/oddsock/283888330/ | CC Attribution 2.0 Generic |
| 91 | Joe Mabel | Kadampa Buddhist Temple, 6556 24th Ave NW (Ballard neighborhood) Seattle, Washington, USA | http://en.wikipedia.org/wiki/File:Ballard_Kadampa_Buddhist_Temple_01.jpg | CC Attribution-Share Alike 3.0 Unported |
| 92 | warrenski | Women: Non Europeans only | http://www.flickr.com/photos/warrenski/2528357427/ | CC Attribution 2.0 Generic |
| 92 | Guinnog | Sign in Durban that states the beach is for whites only. | http://en.wikipedia.org/wiki/File:DurbanSign1989.jpg | CC Attribution-Share Alike 3.0 Unported |
| 92 | Paul Weinberg | This image was captured during protests against Apartheid in South Africa in the 1980s. | http://commons.wikimedia.org/wiki/File:Anti-Apartheid_Protest_02_F.jpg | CC Attribution-Share Alike 3.0 Unported |
| 93 | Tamilan93 | Eelam vlag | http://commons.wikimedia.org/wiki/File:Eelam_flag.png | CC Attribution-Share Alike 3.0 Unported |
| 93 | Unknown | A LTTE car with soldiers, in Killinochi, april 2004 | http://en.wikipedia.org/wiki/File:LTTE_car_with_soldiers_in_Killinochi_april_2004.jpg | CC Attribution-Share Alike 3.0 Unported |
| 95 | Unknown | Unknown | http://www.poonak.org/ | Unknown |
| 96 | oktaviono | A crowded KRL electric multiple unit train with passengers riding on the outside in Jakarta, Indonesia. | http://www.flickr.com/photos/27827512@N03/7261153830/ | CC Attribution 2.0 Generic |
| 101 | Unknown | Unknown | Unknown | Unknown |
| 109 | Woodly Wonder Works | The Night Lights of Planet Earth | http://www.flickr.com/photos/wwworks/2712985768/in/photostream/ | CC Attribution 2.0 Generic |
| 115 | TUBS | Map of administrative divisions of Myanmar | http://commons.wikimedia.org/wiki/File:Myanmar,_administrative_divisions_-_de_-_colored.svg | CC Attribution-Share Alike 3.0 Unported |
| 118 | Unknown | Unknown | Unknown | Unknown |
| 127 | Blue-Haired Lawyer | Posters for the Irish European Fiscal Compact referendum, 2012 campaign on lower Ormond Quay in Dublin. | http://en.wikipedia.org/wiki/File:Irish_Fiscal_Compact_referendum_posters.jpg | CC Attribution-Share Alike 3.0 Unported |
| 130 | Unknown | Unknown | Unknown | Unknown |
| 146 | David Andersson | March in Support to Occupy Wall Street Oct 5 2011 | https://lh5.googleusercontent.com/-3b6BA21mhUg/To0SEcxigjI/AAAAAAAAGJ0/a-xdO46i4KU/w754-h506-no/DSC_0018.JPG | Unknown |
| 150 | James Vaughan | 1954 ... soviet radio! | http://www.flickr.com/photos/x-ray_delta_one/5092237346/ | CC Attribution-ShareAlike 2.0 Generic |
| 150 | William | Old Philips TV | http://www.flickr.com/photos/potrzebie/6088059547/ | CC Attribution-Non-Commercial-NoDerivs 2.0 Generic |
| 150 | Alvar_Lidell.jpg: Liftarn Derivative work: Mattgirling (talk) | Alvar Lidell, c1945 | http://commons.wikimedia.org/wiki/File:BBCmarconi-atype.png | CC Attribution-Share Alike 3.0 Unported |
| 171 | Nick-D | Occupy Sydney in May 2013 | http://en.wikipedia.org/wiki/File:Occupy_Sydney_in_May_2013.jpg | CC Attribution-Share Alike 3.0 Unported |
| 178 | DannyManhattan | Teacher's Strike in Chicago | http://dannymanhattan.deviantart.com/art/chicago-teachers-union-strike-354699964 | CC Attribution-Noncommercial-No Derivatives 3.0 License. |
| 186 | Unknown | Pyithu Hluttaw Structure 2012 | http://commons.wikimedia.org/wiki/File:2012_Pyithu_Hluttaw_structure.png | CC Attribution-Share Alike 3.0 Unported |
| 187 | Unknown | Gate of Heavenly Peace | http://i.images.cdn.fotopedia.com/ktwenchuan-QtgP0HAksOU-original/Beijing_/The_City_of_Beijing/Districts/Dongcheng_District/Tiananmen_Square/Tiananmen/Tiananmen-Red_flag_politics.jpg | CC Attribution-Non-Commercial-ShareAlike 3.0 Unported |
| 192 | Darwinek | Flag-map of North Korea | http://commons.wikimedia.org/wiki/File:Flag-map_of_North_Korea.png | CC Attribution-Non-Commercial-ShareAlike 3.0 Unported |
| 192 | Nicor | Mangyongdae Children's Palace | http://en.wikipedia.org/wiki/File:Mangyongdae_Children%27s_Palace_09.JPG | CC Attribution-Non-Commercial-ShareAlike 3.0 Unported |
| 193 | Unknown | Unknown | http://theflyingcameldotorg.wordpress.com/2012/05/29/bush-and-obama-together-at-last/ | Unknown |
| 193 | DonkeyHotey | Republican Elephant & Democratic Donkey – Icons | http://www.flickr.com/photos/donkeyhotey/6262122778/ | CC Attribution 2.0 Generic |

**Credit where it's due:**

Mote Oo Education would like to thank everyone involved in this project. Without you all, it would never have been possible. Below is a list of those who have worked on this project (in alphabetical order).

**Text, Student Book:** Rory McLaughlin

**Text, Teacher's Book:** Katie Julian, Rory McLaughlin

**Translation:** Htet Phyo Wai

**Original photographs:** Allyse Pulliam, Daniel Spink

**Design, Layout and Illustration:** Kyaw Hsan Hlaing, Matthew Simpson, May Htut Pan Moe, Nila Win, Zaw Ye` Naing Tun

**Editing and proofreading:** Aung Kyaw Htet, Aung Zaw Myo, Chaw Su Naing, Daniel Spink, Edward Kanan, Ei Mon Kyaw, Jessica Thompson, Ju Jun Min, Kaung Hla Zan, Matthew Simpson, May Htut Pan Moe, Nay Moe Aung, Naw Eh Tha Khu, Ngun Siang Kim, Nila Win, Stanley Jagger, Zaw Ye` Naing Tun, Zay Yah Oo

**Additional Feedback:** Kaung Hla Zan

Extra thanks go to the whole Myanmar translation and layout team. This was a very long and difficult project, and everyone's hard work and dedication have made it a success. Thanks once again to you.